www.burmeseclassic.com

# ရူး



BURMESE CLASSIC .com

www.burmeseclassic.com

မျက်နှာဖုံး ပန်းချီ * စံတိုး

စာမူ ခွင့်ပြုအမှတ် ၅၃၅/၉၁ (၉) အရ
ဒေါ်ဝါဝါမြင့်၊ ရာကျော် ပုံနှိပ်တိုက် (၀၁၄၁၈)
အမှတ် ၁၄၈-၁၅၀၊ ၃၃ လမ်း၊ ရန်ကုန်မြို့ နှင့်

မျက်နှာဖုံး ခွင့်ပြုအမှတ် ၄၉၀/၉၁ (၉) အရ
ဦးကျော်စိန်၊ ကျောက်စိမ်း အော့ဖ်စက် (၀၂၉၀၉)
အမှတ် ၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့ မှ ပုံနှိပ်၍

ဒေါ်ခင်ခင်စိန်၊ ချစ်မင်းလှ စာပေ (၀၁၈၁၉)
အမှတ် ၄၃ (က)၊ မလိခ လမ်း၊ ရှစ်မိုင်၊ ရန်ကုန်မြို့ မှ

အုပ်ရေ [၁၀၀၀] ကို ပထမအကြိမ် အဖြစ်
၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ တွင် ပုံနှိပ် ထုတ်ဝေပါသည်။

တန်ဖိုး * ၄၂ ကျပ်

# ဂျူး

## ကြေမွသွားသော ဂီတိုတိုက်များ အကြောင်း

[ပထမတွဲ]

www.burmeseclassic.com

## ကျေးဇူးတင်လွှာ

ဤ၀တ္ထု တစ်ခုလုံးသည် ကျွန်မ၏ စိတ်ကူး ဖန်တီးချက်များသာ ဖြစ်ပါသည်။ ဤ၀တ္ထုကို ဖန်တီးရာတွင် အဘက်ဘက်မှ ကူညီခဲ့ကြသော အောက်ပါ ပုဂ္ဂိုလ်များအား အထူး ကျေးဇူးတင်ရှိပါသည်။

(၁) ဒေါ်ခင်ဆွေထွန်း [မြို့နယ်တရားသူကြီး၊ မိုးကုတ်မြို့]
(၂) ဦးထွန်းထွန်း [တရားရုံးချုပ်ရှေ့နေ၊ မန္တလေးမြို့]
(၃) ဦးခင်မောင်ဇော် [တရားရုံးချုပ်ရှေ့နေ၊ ပျဉ်းမနားမြို့]
(၄) ဦးမြင့်အောင် [တရားရုံးချုပ်ရှေ့နေ၊ မြိတ်မြို့]
(၅) ဒေါက်တာ ကျော်ကျော် [ပုလောမြို့]

ဤ၀တ္ထုပါ ဥပဒေ အချက် အလက် တစ်စုံတစ်ရာ မှားယွင်းခဲ့သည်ရှိသော် ထိုမှားယွင်းမှုသည် ကျွန်မ၏ ချွတ်ယွင်းချက်သာ ဖြစ်ပါသည်။

ဂျူး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁။

အမျိုးသမီးသည် ၁၉၉၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် ညနေ ၆ နာရီ ၅ မိနစ်တွင် ပထမဆုံးအကြိမ် သတိ ပြန်လည်လာခဲ့သည်။

မျှော်လင့်ချက် သိပ်မရှိသော လူနာတစ်ယောက် သတိပြန်လည်လာတိုင်း ခံစားရလေ့ ရှိသော အားတက်မှုမျိုးဖြင့် အလုပ်သင်ဆရာဝန်ကလေး အားရပါးရ ပြုံးပြလိုက်ပါသည်။

သူ့ လက်ထဲတွင် အမျိုးသမီး၏ လူနာ မှတ်တမ်းရှိသည်။ ဂလပ်စ်ဂေါ မေ့မြောစကေး [Glasgow Coma Scale] တွင် ဒီဇင်ဘာ ၂၀ ရက် ညနေခင်း အတွက် ဇယားကွက်ကို ဖြည့်နေဆဲဖြစ်၏။ 'မျက်လုံးများ ပွင့်သည်' [Eyes Open] ဟူသော ဇယားကွက်ကြီးနှင့် ဆိုင်သော ဇယားကွက်သေးလေးမျိုး အနက် 'နာကျင်မှုကြောင့်' [To Pain] ဟူသော ဇယားကွက်သေးနှင့် အလျားလိုက် တည့်တည့် တစ်တန်းတည်းဖြစ်ပြီး ဒီဇင်ဘာ ၂၀ ရက် ညနေ ၆ နာရီ အကွက်၏



www.burmeseclassic.com

www.burmeseclassic.com



အောက်တည့်တည့် (ဒေါင်လိုက်) လည်း ဖြစ်သော အကွက်သေးကလေး တစ်ခုတွင် အစက်ကလေး တစ်စက် ချပြီးရုံသာ ရှိသေးသည်။ ဤ လူနာ၏ အခြေအနေကို ခန့်မှန်းရခက်သည်။ လွန်ခဲ့သည့် နှစ်ရက်က 'မျက်လုံးများပွင့်သည်' [Eyes Open] အကွက်ကြီး၏ ဒုတိယ ဇယားကွက် အသေး ဖြစ်သော 'စကား ငြင်းခြင်း' [To Speech] အထိ တိုးတက်လာခဲ့ပြီးမှ က 'နာကျင်မှုကြောင့်' အထိ ပြန်ကျသွားခဲ့ခြင်း သာ။

လက်မနှင့် လက်ညှိုးကြားတွင် ဖိညှစ်ခံရသော နာကျင်မှု ကြောင့် ယခင်ကလို ခဏ တစ်ဖြုတ် ရီဝေစွာ မျက်လုံးပွင့် လာခြင်းမျိုး မဟုတ်ဘဲ ကြာမြင့်စွာ စိုက်ကြည့်လျက် ရှိသည့် စိမ်းမှောင်သော မျက်ဝန်းများသည် သူ ထင်ထားသည်ထက် လှပ နေလေသည်။

"သတိရပြီလား"

မေးရိုးမေးစဉ် သူ့ မေးခွန်းကို အမျိုးသမီးက မဖြေပါ။ သူ ရပ်နေရာသို့ ကြောင်တောင်တောင် ငေးစိုက်နေဆဲဖြစ်သည်။ သုံးရက်တိတိ နက်ရှိုင်းစွာ သတိလစ်နေခဲ့ပြီးသည့် အပြင် လေးရက်တိတိ သတိ မရတစ်ချက် ရတစ်ချက် ဖြစ်နေခဲ့သော ဤ လူနာ အမျိုးသမီးသည် သူမ ကိုယ် သူမ ရှာဖွေတွေ့ရှိရန် အချိန်လိုပေလိမ့်မည်။

"မမြနှင်းဆီ"





အမျိုးသမီးသည် မျက်တောင် ဖျတ်ခနဲ ခတ်လျက် စေ့ပိတ်ထားသော နှုတ်ခမ်းကို ဖွင့်ဟာသည်။ သို့သော် အသံမထွက်လာခဲ့ပေ။ ဦးခေါင်း တစ်ခုလုံး မျက်ခုံး အစပ် နဖူးမြင်အထိ အထပ်ထပ် စည်းထားသော ဖြူဖွေးသည့် ပတ်တီးကြောင့် သူမ၏ လှပမှု ပျက်စီးမသွားပါ။ သူသည် လူနာ မှတ်တမ်း တစ်ထပ်ကြီးကို ငုံ့ကြည့်လိုက်၏။

သူ ဘောလ်ပင်ဖြင့် 'မျက်လုံးများပွင့်သည်' ဇယားကွက်ကြီး၏ ပထမဆုံး ဇယားကွက်သေး ဖြစ်သော 'အလိုအလျောက်' [ Spontaneously ] ဟူသော အကွက် တည့်တည့် အတိုင်း မြောင်းရွှေ့ အစက်ချလိုက်သည်။ ထို့နောက် လူနာ၏ ကျောက်ပတ်တီး စည်းထားသော ဘယ်ဘက် လက်ကို လှမ်းကြည့်လိုက် သည်။ မှတ် တမ်းအရ သူမ၏ ဘယ်ဘက် လက်ကောက်ဝတ်ရိုး ကျိုးသွားခဲ့ပေသည်။ ဤ လူနာ ဆေးရုံရောက်ချိန်တွင် လည်းကောင်း၊ ခွဲစိတ်ချိန်တွင် လည်းကောင်း အနီးအနားဌ သူ မရှိပါ။

"ခင်ဗျားမှာ ဒဏ်ရာတွေ တော်တော် များတယ်"

သူ့ စကားကြောင့် အမျိုးသမီး ထိတ်လန့် မသွားပေ။ စိမ်းမှောင်သော မျက်ဝန်းများသည် သူ့ဆီတွင် စိုက်ကြည့်ထို သော်လည်း အမြင်အာရုံ လုံးဝ မရှိသူပမာ ဖြစ်နေသည်။ ဤ အခြေအနေသည် သိပ်မကောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်ဘက်လက် ကျိုးသွားတယ်"

အသေးဆုံး ဒဏ်ရာက စ၍ တဖြည်းဖြည်းချင်း အသိပေးဖို့ စဉ်းစားထားသည်။ သူမ မျက်တောင် တစ်ချက် ခတ်ပြီး ဘယ်ဘက်လက် ရှိရာသို့ မျက်လုံး စောင်းကြည့်၏။ မြင်ရဟန် မတူပါ။ သို့သော် ဤအတိုင်းဆိုလျှင် ပတ်ဝန်းကျင် ဆက်သွယ် ခြင်း အပေါ် လူနာ၏ နားလည်မှု လက်ခံ ဆုံးဖြတ်မှုသည် သာမန် လူတစ်ယောက်ကဲ့သို့ စနစ်တကျ ရှိနေသည်မှာ သေချာ သည်။

"ခင်ဗျား ခြေထောက်နှစ်ဘက်လုံး ကျိုးသွားတယ်"

စက်သီးဖြင့် ဆွဲချိတ် မြှောက် ထား သော ဘယ်ဘက် ခြေထောက်တွင် ကျောက်ပတ်တီး ရှိမနေပါ။ သူမ၏ အိုးသြ ထိတ်လန့်ဟန် မျက်လုံးများ ဘယ်ဘက် ခြေထောက်ဆီသို့ ကြာမြင့်စွာ စိုက်ကြည့် ငေးမောနေကြသည်။ ကျောက်ပတ်တီး ဘာကြောင့် ရှိမနေသည်ကို သူ ရှင်းပြလျှင် ယခု တစ်ခဏတွင် အမျိုးသမီး ပိုမို ထိတ်လန့်ကာ ချက်ချင်း သေဆုံး သွားနိုင် သည်။ အမျိုးသမီး၏ ဒူးဆစ် အရိုးအတွင်းတွင် သံချောင်းတစ်ခု ကန့်လန့် ခပ်စောင်းစောင်း ဖောက်သွင်းလျက် ကျိုးသွားသော အရိုး၏ လှုပ်ရှားမှုကို ထိန်းချုပ်ထားကြောင်း လောလောဆယ် တွင် သူ မပြောလိုပါ။ ညာဘက် ခြေချင်းဝတ်တွင်တော့ ကျောက်ပတ်တီးစည်းထားသည်ကို သူမ မြင်တွေ့နိုင်ပါသည်။





အကယ်၍ လူနာ၏ အမြင်အာရုံများ ပြာဝေ မနေလျှင် ပေါ့လေ။

သူမတွင် ညာဘက်လက် တစ်ခုသာ အကောင်းပကတိ ကျန်နေခဲ့၏။

"ခင်ဗျား ဒီဒဏ်ရာတွေ ဘာ ကြောင့် ရ သ လဲ .... မှတ်မိ သလား"

သူမ၏ မည်းနက်သော မျက်ခုံးများ တွန့်ချိုးလျက် လူနာ သည် မျက်စိမှိတ်လိုက်သည်။ ထို့နောက် ခြောက်သွေ့ကွဲအက် နေသော နှုတ်ခမ်းကို လျှာဖြင့် လျက်နေသည်။ အသယ်ဆင် ဆရာဝန်ကလေးသည် မှတ်တမ်းဖိုင်တွဲတစ်ဘက်၊ ဘောလ်ပင် တစ်ဘက် လက်ကကိုင်လျက် လူနာခုတင် ညာဘက်စွန်းတွင် မတ်တတ်ရပ်ကာ လူနာ၏ စကားသံကို မျှော်လင့်ကြီးစွာ စောင့်နေ၏။ ခဏကြာမှ လူနာ မျက်လုံးပြန်ဖွင့်သည်။

"ကျွန်မ ...."

ခုနစ်ရက်တိတိ စကားမပြောခဲ့သော လူနာသည် ပထမ ဆုံးအကြိမ် စကားပြောရာတွင် နှာခေါင်းပိုက်ကြောင့်လား မသိ၊ ထစ်အ,ကာ ဗလုံးဗထွေး ဖြစ်နေသည်။

"ကျွန်မ ဝရန်တာကနေ တွန်းချခံရတယ်"

"ဘာ ...."



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သင်ဆရာဝန်၏ ကိုယ်ခန္ဓာမှာ သတိအနေအထား ဖြင့် မတ်သွား၏။ ထိုအချိန်တွင် လူနာအမျိုးသမီး၏ နှုတ်ခမ်းများ ဖြူဖျော့ကာ တွန့်ကွေးလျက် ရှိသည်။

"တွန်းချ ခံရတယ် .... ဟုတ်လား"

"ဟုတ်တယ် .... သေအောင် တွန်းချတာ"

သူမ မျက်လုံးများ ပြူးကျယ်လျက် ရှိလေသည်။

"ဘယ်သူက တွန်းတာလဲ"

"မြတ်စု"

လူနာ ပြောသည့် နာမည်သည် သူ့အတွက် ဘာမျှ အဓိပ္ပာယ်မရှိဘဲ သူ့နားထဲသို့ သဲကွဲစွာ ဝင်သွား၏။ သူသည် မှတ်တမ်းဖိုင်တွဲ၏ အပေါ်ဆုံးစာရွက်ကို လှန်ကြည့်လိုက်သည်။

နာမည် .... .... မမြနှင်းဆီ

အသက် .... .... ၂၀ နှစ်

အိမ်ထောင်ရေး အခြေအနေ .... .... အပျို

ဖြစ်နိုင်သော ရောဂါ .... .... သုံးထပ်တိုက် ဝရန်တာမှ ကျခြင်း

မြိတ်မြို့နယ်စု ဆေးရုံမှ လွှဲပြောင်းသည်။





ဆရာဝန်သည် ယခုအခါ ရင်အနည်းငယ် ခုန်လာ၏။ ဒါဖြင့် သည်မိန်းမသာသေရင် ဒါ လူသတ်မှုပေါ့။ သူမ စကားကို ယုံကြည်နိုင်ရန် ဦးနှောက်အခြေအနေကို စစ်ဆေးကြည့်သင့်သည်။

"ခင်ဗျား နာမည်က ဘယ်သူလဲ ဟင်"

အမျိုးသမီးက စိတ်တစ်ချက်သပ် ညည်းညူလျက်က 'မြနှင်းဆီ ....' ဟု တိုးတိုးဖြေ၏။ အင်း .... ဒီလောက်နဲ့ စိတ်မချရသေးဘူး၊ သူ စောစောက မမြနှင်းဆီ ဟု နှုတ်ခွန်းဆက်လိုက်မိသည် မဟုတ်လား။

"ခင်ဗျားအသက် ဘယ်နှစ်နှစ်လဲ"

"နှစ်ဆယ့်ရှစ်"

အင်း .... ဒါဆိုရင် မဆိုးပါဘူး။

"ဘယ်မှာနေလဲ"

"ကမ်းနားလမ်းမှာ"

"ဘာပြောတယ်"

လူနာမှတ်တမ်းတွင်နေရပ်လိပ်စာ မြိတ်မြို့ ဟု ရေးထား၏။ သူ လူနာအမျိုးသမီးကို ခပ်စူးစူးကြည့်နေစဉ် အမျိုးသမီးက နာကျင်မှုကြောင့် နှုတ်ခမ်းမဲ့ ညည်းညူလျက် 'ကမ်းနားလမ်း လေ' ဟု ထပ်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကမ်းနားလမ်း၊ ဘယ်မြို့နယ်လဲ"

လူနာ၏ နှုတ်ခမ်းအစုံက မဲ့ကွေးရာမှ ပွင့်ဟသွား၏။ ထို့နောက် သူမ၏ အကောင်းပကတိ ညာလက်ဖြင့် မွေ့ရာခင်းစကို ဆုပ်ဆွဲကာ မျက်မှောင်တွန့်သွားသည်။

'ဒါ ဘာဆေးရုံလဲ ဟင်' ဟု သူမက ပြန်မေးလေသည်။

"ဘာဆေးရုံလို့ ထင်လဲ"

"ဒါ.... ဘိတ်ဆေးရုံတော့ မဟုတ်ဘူး"

လူနာအသံမှာ အားနည်းဖျော့တော့သော်လည်း ထိုအဖြေကြောင့် သူ စိတ်သက်သာရာရသွား၏။ အမျိုးသမီး၏ စိတ်သည် ပုံမှန်အတိုင်း ရှိနေပါသည်။ ကမ်းနားလမ်းဆိုသည်မှာ မြိတ်မြို့၏ ပင်လယ်ကမ်းစပ် လမ်းတစ်ခုနာမည် ဖြစ်ရမည်။

"ဒါ ရန်ကုန်ဆေးရုံကြီးပေါ့"

သူမ စုတ်တစ်ချက်သပ် ညည်းညူလျက် ညာလက်ချောင်းများဖြင့် ဦးခေါင်းပတ်တီးကို ခပ်ဖွဖွထိ၏။

"အရိုးတွေ ကြေကုန်ပြီ"

သူမ၏ အသံမှာ အထိတ်တလန့် တိမ်ဝင်နေသည်။

"နည်းနည်းပါ၊ သိပ်မဖြစ်လောက်ပါဘူး"

တကယ်တမ်း ဖြစ်ပျက်သွားသည်က မနည်းပါ။ သူမ၏ ဦးခေါင်းသည် မြေကြီးနှင့် ပြင်းထန်စွာ ဆောင့်မိပြီး ခေါင်းခွံ အက်ကွဲသွား၏။





လူနာအမျိုးသမီးသည် စဉ်းစားဆင်ခြင်ဉာဏ် ရှိသူ ဖြစ်ရသည်။ သူမ ခံစားနေရသောဝေဒနာအရ ဤဒဏ်ရာမှာ ဆရာဝန်ပြောသလို မနည်းလှကြောင်း ရိပ်မိသွားဟန် တူ၏။

"ကျွန်မ .... ကျွန်မ .... ခေါင်း .... နာလိုက်တာ .... ကြေမွကုန်ပါပြီ"

လူနာ၏ ပါးပြင်နှင့် လည်မင်းတစ်ဝိုက်တွင် ချွေးများ စို့ရွှဲကာ ညာလက်ဖျားမှာ အေးစက်သွား၏။ သူ စမ်းသပ်ကြည့်ရင်း ခိုးရိမ်ပူပန်သွားသည်။ ဤအမျိုးသမီး နောက်ထပ် သတိလစ်သွားနိုင်၏။ ထို့ပြင် သေဆုံးသွားနိုင်၏။ ဦးခေါင်း ဒဏ်ရာရသူများအပေါ် ကောက်ချက် ချရသည်မှာ ရာနှုန်းပြည့် မမှန်ကန်နိုင်ပါ။

"မမြနှင်းဆီ"

ခပ်လောလောခေါ်သံကို လူနာ ကြားဟန်မတူပါ။ မျက်နှာကြက်ရှိရာသို့ ငေးမော ကြောင်ကြည့်နေသည်။ သူ အနည်းငယ် ထိတ်လန့်ကာ သွေးဖိအားတိုင်း ကိရိယာကို ပြေးယူလျက် တိုင်းကြည့်သည်။ နှလုံးညှစ်စဉ် သွေးဖိအား ၁၇၀၊ ကြွက်သား ပြန်လျော့စဉ် သွေးဖိအား ၁၁၀၊ သိပ်အဆိုးဝါးဆုံး အခြေအနေ မဟုတ်သေးပါ။

"မမြနှင်းဆီ နေကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



မေးပြီးမှ ကိုယ့်ကိုယ်ကိုပြန်ဆဲလိုက်မိ၏။ လူနာတစ်ယောက်နှင့် လိုက်လျောညီထွေ စကားပြောဖို့ တခြား မေးခွန်းတွေ အများကြီး ရှိပါသည်။

အမျိုးသမီးသည် သူကြည့်နေစဉ်မှာပင် အော်ဟစ်ငိုယိုတော့မလို ထင်ရသည်။ မျက်လုံးများ ပြူးကျယ်ဝိုင်းစက်ကာ ပါးစပ်ဟလျက် အသံထွက် ငိုရှိုက်ဖို့ အားယူနေ၏။

"ဒီမယ် .... ခင်ဗျား မငိုနဲ့နော်၊ ခင်ဗျား ငိုလို့ မဖြစ်ဘူး၊ ခင်ဗျား နံ့ရိုးတွေ ...."

သူ ပြောနေရင်းပင် လူနာ တစ်ချက်ရှိုက်လျက် မျည်ရည်များ စီးကျလာသည်။ တစ်ပြိုင်တည်းမှာပင် မျက်နှာ ရှုံ့မဲ့လျက် အော်ဟစ်ညည်းညူလိုက်လေသည်။

"နံ့ရိုးတွေ .... ဘာဖြစ်လဲ၊ ကျိုးကုန်ပြီလား"

သူ မဖြေဘဲ သူနာပြု ဆရာမလေးကို လက်ယပ် ခေါ်လိုက်၏။

"ဆရာမ၊ ဂွမ်းနည်းနည်းယူပြီး ချွေးသုတ်ပေးလိုက်ပါဦး၊ သာသာကလေး လုပ်နော်၊ နောက်ပြီး သူ့ညာလက်ကို သတိထားနေ၊ ယောင်ယမ်းပြီး နှာခေါင်းပိုက်ကို ဆွဲဖြုတ်ပစ်ဦးမယ်"

သူနာပြု ဆရာမက ဂွမ်းစဖြင့် နဖူးစပ်၊ နှာခေါင်းစပ်က ချွေးသီးချွေးပေါက်များကို သုတ်ပေးနေစဉ် သူ ခုတင်အနီးမှ ခွာလိုက်၏။





"ကျွန်မ သေမှာ မဟုတ်လား"

သူ့စိတ်မကောင်းစွာ ငိုင်သွားသည်။ သို့သော် သူ မြုံးမြှ၍ အားပေးလိုက်၏။

"မသေပါဘူး"

ကံကောင်းလျှင် အသက် ရှင်နိုင်မှာပါ။

"သေလို့မဖြစ်ဘူး၊ သူက ကျွန်မကို သေစေချင်တာ၊ ဒါပေမယ့် မသေစေရဘူး၊ ကျွန်မအသက်ရှင်အောင် ကူပေးပါ ဆရာ"

အံကြိတ်၍ ခပ်တိုးတိုးပြောသော အက်ကွဲကွဲ စကားသံသည် ထစ်ငေါ့နေ၏။ သူမ၏ မျက်လုံးများသည် မုန်းတီးနာကြည်းမှုကြောင့် အစိမ်းရောင် လက်နေသည်။

"ကျွန်မသေရင် ...."

လူနာ၏အသံမှာ ဗလုံးဗထွေး တိမ်ဝင်နေသဖြင့် ဆရာဝန်ကလေး ရှေ့တိုးကပ်လျက် နားစိုက်ထောင်ရသည်။

"ကျွန်မသေရင် စမ်းချောင်းကအိမ်ကို ရောင်းပေးပါ"

မြတ်စွာဘုရား၊ လေသံသဲ့သဲ့မျှသာ ဖြစ်သော လူနာ၏ အသံမှာ အားနည်းဖျော့တော့လျက် ယခုချက်ချင်း သတိလစ်တော့မလို ထင်ရ၏။ အတွေ့အကြုံ ဘာမျှမရှိသေးသော အလုပ်သင်ဆရာဝန်ကလေးမှာ လူနာကို ဘယ်လို နှစ်သိမ့်ရမှန်းမသိဘဲ ငေးမောနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရတဲ့ပိုက်ဆံကို ဘိတ်က မီဘမဲ့ မိန်းကလေးဂေဟာကို လှူချင်ပါတယ်၊ အဲဒါ…."

သူ ယောင်မှားစွာ ခေါင်းတစ်ချက် ညိတ်လိုက်၏။ သူ ခေါင်းညိတ်လိုက်သည်ကို လူနာ မြင်ဟန်မတူပါ။

"ကျွန်မ မသေခင် …."

သူမ စကားကြောင့်ပင် သူ တွေဝေနေရာမှ သတိဝင်လာ၏။ သူ့ အထက်က ဆရာတစ်ယောက်ယောက်ကို ပြောပြရမည်။

နာရီကိုငုံ့ ကြည့်လိုက်သောအခါ ၆ နာရီခွဲရန် ၅မိနစ် လိုသေးသည်။ တာဝန်ကျ ဆရာကို အကြောင်းကြားသင့်သည်။ ည ရှစ်နာရီဆိုလျှင်တော့ လက်ထောက်ဆရာဝန် ဒေါက်တာ နေလွင်း ရောက်လာမည်။ သို့သော် ည ရှစ်နာရီအထိ စောင့်နေဖို့ ဖြစ်နိုင်ပါမည်လား။ သည်ကြားထဲတွင် လူနာ တစ်ခုခု ဖြစ်မသွားဘူးဟု အာမခံနိုင်ပါမည်လား။ အကယ်၍ တစ်စုံတစ်ခု ဖြစ်သွားခဲ့သော်….

သူသည် ဆေးခန်းတွင် လူနာများနှင့် အလုပ်ရှုပ်နေမည့် ဆရာ့ကို အနှောင့်အယှက်ပေးဖို့လောက်အောင် ယခု အဖြစ်အပျက်ကို ကြောက်လန့်နေ၏။

ရုံးခန်းထဲရှိ နံရံတွင် ကပ်ထားသည့် စာရွက်ပေါ်မှ တယ်လီဖုန်းနံပါတ်ဖြင့် ဆရာ ဦးနေလွင်းထံ သူ ဖုန်းဆက်လိုက်လေသည်။





"ဆရာ …. ကျွန်တော် မောင်မောင်ကြီးပါဆရာ၊ ပို့(စ်) အော့(ပ်) [Post-operative] အခန်းထဲက ဟက်ဒ်အင်ဂျူရီ [Head Injury] ပေးရှင့် သတိရပြီ ဆရာ"

"အေး၊ ကောင်းတယ်"

"နေဦး ဆရာ၊ သူ့မှာ စွပ်စွဲချက်တစ်ခု ရှိနေတယ်၊ သူ့ကို တွန်းချတာ ခံရတာ တဲ့"

"ဘာကွ"

"နောက်ပြီး သူ မသေခင် သူ့ အိမ်ကိုရောင်းပြီး ဂေဟာကို လှူဖို့ စိတ်ကူးပေါ်နေတယ်"

ဆရာ ခဏငြိမ်သွားခိုက် သူလည်း ဆရာ့စကားကို ငြိမ်ဆိတ်စွာ စောင့်နေသည်။

"သူ ကယောင်ကတမ်း ဖြစ်နေသလား"

"ကျွန်တော် ခန့်မှန်းရသလောက်တော့ သူ …. 'အိုရီယဲန်တေးရှင်း' [Orientation] သိပ် ကောင်းပါတယ် ဆရာ၊ ဒါပေမယ့် အချိန်မရွေး သတိလစ်သွားနိုင်တယ်လို့ ထင်တယ်"

"အင်း၊ သူ ဘာတွေပြောသေးလဲ"

"အဲ …. ဘယ်သူဆိုတာ့ပဲ သူ့ ကိုတွန်းချတာတဲ့၊ သေအောင် သတ်တာတဲ့၊ ဒါပေမယ့် မသေစေရဘူးတဲ့၊ ကျွန်တော် သိပ် နားမလည်ဘူး ဆရာ၊ ဒါ ဘာအဓိပ္ပာယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်က ဆရာဦးနေလွန်း၏ သက်ပြင်းချသံကို စကားပြောခွက်မှကစ်ဆင့် သဲ့သဲ့ကြားလိုက်ရ၏။

"အင်း၊ အဓိပ္ပာယ်ကတော့ ကိုယ့်ဆေးခန်းနဲ့ လူနာတွေကို ပစ်ပြီး ဆေးရုံကို ချက်ချင်းပြေးလာရမယ့် အဓိပ္ပာယ်ပေါ့ကွာ၊ ကိုယ်တို့ ရဲစခန်းကို အကြောင်းကြားရလိမ့်မယ် ထင်တယ်"

တစ်ဘက်က ဖုန်းချသွားချိန်တွင် သူ့လက်ဖျားများ အေးစက်လျက် ရှိသည်။

ည ခုနစ်နာရီတိတိတွင် ရန်ကုန်ဆေးရုံကြီး ခွဲစိတ် ကုသဆောင်၏ အခန်းငယ်တစ်ခု၌ အရေးပေါ် တရားရုံးကလေး တစ်ခု ဖွဲ့လိုက်ကြသည်။

ပခုံးတွင် ငွေရောင် အပွင့် တစ်ပွင့်ကို တပ်ဆင်ထားသော ဒု-ရဲအုပ်သည် ခုတင် ခြေရင်းတွင် မတ်မတ်ရပ်လျက် ခံစားမှု ကင်းမဲ့သော မျက်နှာဖြင့် လူနာကို လှမ်းကြည့်နေ၏။

ညစာ ထမင်းဝိုင်းမှ တစ်ဝက်တစ်ပျက်ဖြင့် ထ လိုက်လာရသော တရားသူကြီးသည် သေတမ်းအစစ်ခံချက် ပေးမည့် သက်သေကို စိတ်မဆိုးရက်ဘဲ ရှိနေသည်။ သူ၏ သမီးအကြီးဆုံးသည် ဤအမျိုးသမီးကလေးနှင့် ရွယ်တူဖြစ်ပြီး ယခုဆိုလျှင် သားသမီး ခင်ပွန်းနှင့် ပျော်ရွှင်စွာ ထမင်းလက်ဆုံစားလျက်





ရှိသည်။ ဤမိန်းကလေးလို ငယ်ရွယ် လှပသူ တစ်ဦးသည် လူ့လောကတွင် ဆက်လက် ပျော်ရွှင်နိုင်ဖို့ အခွင့်အရေး ဤမျှ မနည်းပါးသင့်ပါ။

ဖြူဖွေးသော်လည်း ဘယ်ဘက် ချိုင်းတွင် သွေးစွန်းလျက် ရှိသည့် ဦးခေါင်းပတ်တီးများ၊ ခွဲစိတ်ပြီးစ လူနာ ဝတ်ဆင်သော မာလကျင် အင်္ကျီဖြူ ဖိုးရိုးဖားရား အောက်မှ နံရိုးတစ်ဝိုက် အထပ်ထပ် စည်းနှောင်ထားသည့် ခပ်မာမာ ပလတ်စတာ ပတ်တီးဖြူများ၊ ဘယ်ဘက် လက်ကောက်ဝတ်မှ လက်ဖျံအထိ စည်းထားသော ကျောက်ပတ်တီး၊ ညာဘက် ခြေချင်းဝတ် အထက်မှ စ၍ အောက်ခြေ ခြေဖျား အစွန်းကလေး လွတ်ရုံအထိ စည်းထားသည့် ကျောက်ပတ်တီး၊ ဖြူဖွေးသော ဒူးဆစ်ဆီတွင် အရိုးထဲ ဖောက်သွင်းထားသည့် ကန့်လန့်သံချောင်း၏ တစ်ဘက် တစ်ချက်မှ စက်သီး ရှိရာသို့ ရစ်ဆွဲမ တင်ထားရသော ဘယ်ဘက် ခြေထောက်၊ သူသည် ဤမိန်းကလေး၏ သွင်ပြင် လက္ခဏာကို မြင်လိုက်ရုံဖြင့် မခါမဆံ ခံစားရမည့် သူမ၏ ဝေဒနာကို တွေးလိုက်မိပြီး စိတ် မသက်သာစွာ မြုံးပြု အားပေးလိုက်လေသည်။

"မိန်းကလေး မင်း နေသာရဲ့လား"

လူနာသည် အသံလာရာ သူမ၏ ဘယ်ဘက်ဆီသို့ မျက်လုံး ငဲ့စောင်းကြည့်သည်။ သူမ မျက်လုံးမှာ မျက်ရည်များ ပြည့်လျှံလျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ နေလွင်သည် လူနာ အမျိုးသမီး၏ ညာဘက်တွင်ရပ်ကာ ရင်ဘတ် ပတ်တီးပေါ်မှ နားကြပ်ထောက်လျက် နှလုံးခုန်နှုန်း စမ်းသပ်နေသည်။ ရွှေဘိုးသာ လမ်းရှိ သူ၏ ဆေးခန်းနှင့် လူနာများကို ပစ်ပယ်ထားခဲ့ပြီး အပြေးအလွှား လာခဲ့ရသော ဆရာဝန်သည် ဤ ခွဲစိတ်ပြီး သီးသန့်လူနာခန်းလေးထဲ ဝင်လိုက်လျှင် ဝင်လိုက်ချင်း ဆေးခန်းကို မေ့လျော့သွားခဲ့သည်။

လှပ ငယ်ရွယ်သော လူနာ အမျိုးသမီးသည် သေမင်းကို အန်တုရ၍ ကြိတ်မှိတ်ခံစားရင်း အချိန်မရွေး သေဆုံးသွားနိုင်ပေသည်။

'သေ တမ်း အ စစ် ခံ ချက်' [Dying Declaration] တွင် ပထမ အရေးကြီးဆုံး အချက်မှာ လူနာသည် သေခါနီးဆဲဆဲ ဖြစ်ရမည်။ ထို့ပြင် မိမိ မလွဲမသွေ သေရမည် ဖြစ်ကြောင်း လူနာ ကိုယ်တိုင် သိနေရမည်။ သေတမ်း အစစ်ခံချက် ယူနေစဉ် လူနာ၏ စိတ် အခြေအနေ ပုံမှန် ဖြစ်နေကြောင်း ဆရာဝန်က စမ်းသပ် အတည်ပြုပေးရမည်။ ဤကိစ္စအတွက် ဒေါက်တာ နေလွင်း အနေဖြင့် တာဝန်ယူ လက်မှတ် ထိုးပေးနိုင်ပါသည်။

ဤအမျိုးသမီးသည် သူမကိုယ် သူမ အမှန်တကယ် သေဆုံးမည့်သူ ဟု တထစ်ချ ယုံကြည်မထားသော်လည်း သေလိမ့်မည်ဟု ထင်နေ၏။ အရေးကြီးသည်မှာ သူမ အနေဖြင့် ဆက်လက် အသက်ရှင်ရန် မျှော်လင့်ချက် မရှိတော့ ဟူသော ထင်မြင်ချက် ရှိဖို့ပင် ဖြစ်သည်။





"ဆက်လက် အသက်ရှင်ရန် မျှော်လင့်ချက် လုံးဝ မရှိဘဲ ထွန်မ မြနှင်းဆီ ပြောပြချင်သည်မှာ .... ...."

တရားသူကြီးက သူ၏ စာရွက်ရှည်ပေါ်တွင် သေတမ်း အစစ်ခံချက် ပဏာမ စာကြောင်းကို ဖောင်တိန်ဖြင့် ခပ်သွက်သွက် ရေးချလိုက်သည်။

သေဆုံးရမည့်သူ တစ်ဦးသည် အမှန်တရားကိုသာ ပြောတတ်သည် ဟူသော အချက်ပေါ်တွင် အခြေခံ၍ သေတမ်း အစစ်ခံချက် ဖြစ်ပေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကန့်ဖျား လမ်းမပေါ်မှ ကျယ်ဝန်းသော ခြံကြီး တစ်ခုထဲတွင် အဖြူရောင် တိုက်ပြားပြားကလေး ရှိသည်။ စိမ်းမှောင်သော သစ်ပင်မြင့်များ အကြား၌ တိုက် ပြားပြား ကလေး နစ်မြုပ်လုမတတ် ဖြစ်နေသည်။ တိုက်ရှေ့ ခြံဝန်းထောင့်ဆီတွင် 'ဒါလီ မိတ်ကပ် ဆံပင်အလှပြုပြင်ရေး' ဟု ဆိုင်းဘုတ်ကပ်ထားသော သစ်သား အဆောက်အအုံ သေးသေးကလေးသည် တံခါးအားလုံး ပိတ်လျက် ညအမှောင်တွင် ငြိမ်သက်နေ၏။ တိုက်၏ ဆင်ဝင်အောက်တွင် ရွှေအိုရောင်နှင့် အပြာရောင် ဆေးပါကပ် ဆိုင်ကယ် နှစ်စီးသည် ဖန်ချောင်း မီးရောင်ဖြင့် တောက်ပလျက်ရှိသည်။ ဆင်ဝင်၏ ညာဘက် တိုက်နံရံတွင် ထွင်းသား ဆိုင်းဘုတ်ကလေးတစ်ခု ချိတ်ထား၏။

ဦးဖေအောင် (ဘီအေ၊ ဘီအယ်လ်)

တရားရုံးချုပ်ရှေ့နေ

အင်ကြင်းမြိုင် ၁၁၈ဗ

www.burmeseclassic.com

လည်ကုပ် အထက်ဆီမှာ အုပ်စင်း၍ ကျနေသော ဆံပင်တို မျှားကို ဖွာခနဲ လွင့်သွားအောင် ခေါင်းတစ်ချက် ယမ်းပစ်လိုက်သော အခါ မျက်ဘောင်ဖျားတွင် တွဲလွဲခိုနေသော မျက်ရည်စမျှား လွင့်စဉ်သွားသည်။

ဖြူလေးသည် ပါးလှစ် နီမြန်းသော နှုတ်ခမ်းအစုံကို တင်းနေအောင် စေ့ပိတ်လျက် မျက်တောင် တဖျတ်ဖျတ် ခတ်ပစ်လိုက်လေသည်။ ထို့နောက် ဖျော်လက်စ လက်ဖက်ရည်ပန်းကန်ထဲမှ လစ်ပ်တန် စက္ကူထုပ်ကလေးကို ပြန်ဆယ်ထားလိုက်ပြီး အနည်းငယ် မြည်းကြည့်လိုက်သည်။ အင်း....သည်လောက်ဆိုရင် ဖေဖေ့ အကြိုက်ပဲ။ သူမ၏ ခရမ်းပြာ လက်သည်းဆိုးဆေးဖြင့် လှပသွယ်ချွန်သော လက်ချောင်းကလေးများကို သွက်လက်စွာ လှုပ်ရှားလျက် လင်ပန်းထဲသို့ လက်ဖက်ရည်ပန်းကန် တင်လိုက်သည်။ ဖြူဖွေးနေသော လက်သုတ်ပဝါခေါက်ကို လင်ပန်းပေါ် တင်လျက် မီးဖိုခန်းထဲမှ ထွက်လာခဲ့သည်။

စာကြည့်ခန်းထဲ ရောက်သွားသော အခါ စားပွဲတွင် ထိုင်လျက် စာရွက် စာတမ်းများဖြင့် အလုပ်ရှုပ်နေသော ဖေဖေက မျက်မှန်ပေါ်မှ ကျော်၍ ကြည့်သည်။ ဖေဖေ့ အကြည့်ထဲတွင် ရူးစမ်းဟန် အပြည့်ပါနေသောကြောင့် ဖြူလေး လျှာတစ်လစ်ကလေး လုပ်လျက် ဖေဖေ့ကို ပြုံးပြလိုက်၏။ လက်ဖက်ရည် လင်ပန်းကို ဖေဖေ့ရှေ့ နေရာလွတ်တွင် အသာကလေး ချပေးလိုက်သည်။





"ဖေဖေ လက်ဖက်ရည်သောက်ချင်မှာပဲလို့ ဖြူလေး တွေးမိလို့လေ၊ အဲဒါနဲ့...."

ဖေဖေက ခေါင်းတစ်ချက်ညိတ်၍ မရယ်မပြုံး စိုက်ကြည့်နေသောအခါ ဖြူလေးအပြုံးက လျော့ရဲသွားပြီး ခေါင်းအနည်းငယ် ငုံ့ထားလိုက်တော့သည်။

"အင်း....ဒီနေ့ သမီး နည်းနည်းထူးခြားနေတယ်လို့ ဖေဖေ ထင်နေတာ မှန်သွားပြီ"

ဖြူလေး ကြည့်လိုက်တော့ ဖေဖေက ပြုံးရယ်လျက် လက်ဖက်ရည်ခွက်ကို ကောက်ကိုင်လိုက်သည်။ ဘေးက ကုလားထိုင်ကို လက်ဖြင့်ညွှန်၍ ဖြူလေးကို ထိုင်ခိုင်းတော့ ဖြူလေး ဝမ်းသာအားရ ပြုံးကာ ဝင်ထိုင်လိုက်လေသည်။

"ညနေ...ဖေဖေ့ကို လေဆိပ်မှာလာကြိုကတည်းက ဖေဖေ သိတယ်၊ သမီး ဖေဖေ့ကို စကားပြောစရာ ရှိနေလိမ့်မယ် ဆိုတာလေ"

ဟုတ်ပါရဲ့၊ ဖြူလေးက ညနေအချိန်များတွင် ဘယ်တော့မှ အားလပ်သည်ဟု မရှိ။ ညနေချိန်ဆိုတာက ဆံပင်အလှပြင်ချင်သူ အမျိုးသမီးကြီးငယ် အရွယ်စုံဖြင့် ဆိုင်မှာ အလုပ်ရှုပ်နေတတ်သည် မဟုတ်လား။ ဖေဖေ ရန်ကုန်မှပြန်လာတိုင်း လေဆိပ်မှ အငှားကားဖြင့် ပြန်လာနေကျပါ။ သည်နေ့မှ ထူးထူးခြားခြား ဆိုင်ကို မမအေးနှင့် လွှဲထားပြီး ဖေဖေ့ကို သွားကြိုခဲ့

www.burmeseclassic.com



မိသည်၊ လေယာဉ်သံ မကြားမချင်း စက္ကူပန်းချုံအောက်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိပြီး၊ လေယာဉ်ဆိုက်တော့ အခန်းထဲ အပြေးအလွှား ဝင်ခဲ့၏။ လက်ဆွဲသေတ္တာ၊ ခရီးဆောင်အိတ် တစ်ခုတလေမျှ မပါဘဲ လက်ချည်းသက်သက် လေယာဉ်ပေါ်မှဆင်းလာသော ဖေဖေသည် နားနေခန်း ခုံရှည်ပေါ်တွင် ထိုင်နေသော ဖြူလေးကို မြင်လိုက်တော့ အံ့ဩကာ 'သမီး' ဟု ပြုံးရယ် နှုတ်ဆက်သည်။ အဲသည် အချိန်က တည်းက ဖြူလေး ဖေဖေ့ကို စကားပြောချင်နေတာ၊ သို့သော် ဘာစကားမှ မပြောဖြစ်ပါ။

'သမီး လာကြိုတာ ဖေဖေ သဘောကျရဲ့လား ဟင်' ဟုသာ မေးဖြစ်သည်။ ဖေဖေက ဖြူလေး၏ ကုပ်ဝဲ ဆံပင် ပျော့ပျော့ကလေးကို ချစ်စနိုး လက်ဖြင့်ဖွလျက် ရယ်မောလေသည်။ 'နေဦး၊ အခုမေးလို့ မဖြစ်သေးဘူး၊ ညကျမှ မေးရမယ်' ဟု စိတ်ထဲက တေးထားလိုက်၏။ ဖေဖေ့ကို နောက်ထိုင်ခုံမှာ တင်လျက် ဆိုင်ကယ်ကို ခပ်မှန်မှန်လေး စီးလာခဲ့သည်။

"ဖေဖေ့ အလုပ်ကိစ္စ အဆင်ပြေရဲ့လား ဟင်"

မြိတ် ကျွဲကူးလမ်းနှင့် လေယာဉ်ကွင်းသွားလမ်းဆုံရာ လမ်းဆုံရောက်မှ အမှတ်တမဲ့လိုလို မေးကြည့်ပြီး နောက်ကြည့်မှန်ထဲကနေ ဖေဖေ့ကို အကဲခတ်မိသည်။ ဖေဖေက မရယ်မပြုံး ခေါင်းညိတ်၏။ အင်း .... အဆင်ပြေတယ်ဆိုတော့ သည်အမှုမှာ ဖေဖေ လိုက်ပါဆောင်ရွက်ဖို့ သေချာသွားပြီပေါ့။ ဖြူလေး စိတ်မသက်





သာစွာ ပင့်သက် ရှိုက်လိုက်မိသည်။ ဤအမှုတွင် ဖေဖေ တရားလိုဘက်မှ ပါဝင်မည်ဆိုခြင်းသည် ကိုကို့အတွက် ကံဆိုးခြင်းသာ ဖြစ်သည်။ မြိတ်တစ်မြို့လုံးတွင် ဖြူလေး၏ ဖေဖေ ဦးဖေအောင်သည် ဖြစ်မှုများကို လိုက်ပါ ဆောင်ရွက်ရာ၌ အလွန်တော်သော ရှေ့နေတစ်ဦး ဖြစ်သည်။ ဟိုတုန်းက ၁၀နှစ်ကျော်ကြာအောင် အောင်မြင်ကျော်ကြားသောအစိုးရရှေ့နေ လုပ်ခဲ့ဖူးသည့် ဖေဖေသည် ကိုကို့အတွက် အလွန်ကြီးမားသော အန္တရာယ်ကြီး ဖြစ်နိုင်သည်။

"အခုညကျပြန်တော့ ခါတိုင်း ဖေဖေခိုင်းမှ လက်ဖက်ရည် ဖျော်ပေးဖို့ သတိရတတ်တဲ့ ငါ့သမီးက ဘာမှ မပြောရဘဲ လက်ဖက်ရည်တွေ ဘာတွေ ဖျော်လာတယ်"

ဖြူလေး ပြုံးရယ်လျက် ဖေဖေ့ လက်နှိပ်စက်ကို ငုံ့ကြည့်နေလိုက်သည်။

"ဆိုတော့ ....သမီးမှာ ဖေဖေ့ကို ပြောစရာ စကားတွေ ရှိရမယ်၊ အဲဒီစကားကလဲ အခု ဖေဖေ လက်ခံမယ့်အမှုနဲ့ ဆိုင်လိမ့်မယ် ဟုတ်သလား သမီး"

ဖြူလေးက ဆံပင်ဝဲခဲနဲ့ အိကျသွားအောင် ခပ်သွက်သွက် ခေါင်းညိတ်ပစ်လိုက်၏။

ဖြူဖြူအောင်သည် တရားရုံးချုပ်ရှေ့နေကြီး ဦးဖေအောင်၏ ချစ်လှစွာသော တစ်ဦးတည်း သမီးဖြစ်သည်။ ဖြူလေး ငယ်ငယ်ကတည်းက မယ်မယ် ဆုံးသွားသည့်အခါ ဖေဖေ၏



www.burmeseclassic.com

www.burmeseclassic.com



အချစ်အားလုံး၊စည်းစိမ်ချမ်းသာအားလုံး၊ ဂုဏ်သိက္ခာ အားလုံးသည် ဖြူလေးအတွက်သာ ဖြစ်ခဲ့သည်။ ဖေဖေနှင့်ဖြူလေးသည် အဖေနှင့် သမီးလည်း ဖြစ်၏။ ဒုတိယနှစ် ဥပဒေကျောင်းသူ ဖြစ်လာပြီးအိမ်ပြန်လာချိန်တွင် ဆရာနှင့်တပည့်လည်း ဖြစ်၏။ စီရင်ထုံးရှာဖွေခြင်း၊ အမှုတွဲပြင်ဆင်ခြင်း၊ ဦးတိုက်လျှောက်လွှာ ပြင်ဆင်ခြင်း၊ အာမခံလျှောက်လွှာ တင်သွင်းခြင်းတို့တွင် အလုပ်ရှင်နှင့် အတွင်းရေးမှူးလည်း ဖြစ်၏။ အလုပ် အားလပ်ချိန်တို့တွင်တော့ ကိုယ်ရေးကိုယ်တာ ကိစ္စများကို ဖွင့်ဟ တိုင်ပင်သော သူငယ်ချင်းများလည်း ဖြစ်ကြသည်။

"ဖေဖေ့ကို ဖြူလေး မေးစရာရှိလို့ပါ"

ခရမ်းပြာရောင် လက်သည်းချွန်ကလေးဖြင့် အနက်ရောင်ဖိုင်တွဲအဖုံးကို လိုက်တို့ထိနေရင်း သူမ ပြုံးလိုက်၏။ နဂိုကပါးလှပ်သော နှုတ်ခမ်းမှာ ပြုံးလိုက်တော့ ပို၍ ပါးသွားပြီး ပန်းနုရောင်မျဉ်းကြောင်းကွေးကလေးပမာဖြစ်သွားသည်။မျက်ခုံးမို့မို့ အောက်မှ အလျားရှည်ပြီး မှေးစင်းမလို မျက်လုံးလျှားလျှား နက်နက်ကလေးတွင် ဝန်းရံထားသော မျက်တောင်တိုတိုကလေးတွေမှာ မည်းနေ၏။ သွယ်လျသော မျက်နှာကျပုံကြောင့် နွဲ့နှောင်းနေသည်။ မေးစေ့လုံးလုံးကလေးမှာ ရယ်လိုက်သျှင် အချိုင့်ရာကလေးဖြစ်သွားသည်က သူမ၏ ရုပ်ရည်ကို ချစ်စဖွယ်ကောင်းသွားစေသည်။ ဖြူလေးသည် လှပချောမောသူ မဟုတ်ဘဲ ချစ်ဖို့ကောင်းသူ မိန်းမငယ်ကလေး ဖြစ်သည်။





"ဖေဖေ ရန်ကုန် သွားတော့ ဟို မိန်းမက ဖေဖေ့ကို ဘာတွေများ ကလိမ်စေ့ငြမ်းဆင်ပြီး မြူဆွယ်လိုက်သေးသလဲ....လို့"

ချုပ်တည်းထားလျက်က ဖြူလေး၏ စကားများတွင် ဒေါသအလျောက် ရန့်ရင်း ကြမ်းတမ်းမှု ပါသွားသဖြင့် ဖေဖေက မျက်လုံးပြူး ကြည့်သည်။ ဖြူလေး အားနာစွာ တောင်းပန်လိုက်၏။

"ဆောရီး ဖေဖေ"

"ဘယ်မိန်းမကို ပြောနေလဲ"

"ဟို မကောင်းဆိုးဝါးမ ပေါ့ ဖေဖေရဲ့၊ ဖေဖေ သွားတွေ့တဲ့ မိန်းမလေ၊ သူများ အကျိုး ပျက် စီး အောင် ဖျက်ဆီးတဲ့ မကောင်းဆိုးဝါးမ...."

တစ်သက်တာတွင် အဖေနှင့် သမီး စိတ်သဘော ကွဲလွဲချိန်မှာ ဤ တစ်ကြိမ် ပထမဆုံး ဖြစ်သည်။ ဦးဖေအောင် မျက်မှောင်ကြုတ်၍ ခေါင်းခါယမ်းလိုက်၏။

"ဖေဖေ ရန်ကုန်မှာ ဘယ် မကောင်းဆိုးဝါးမနဲ့မှ မတွေ့ခဲ့ဘူး၊ ဖေဖေ တွေ့ခဲ့တာတော့ ဆေးရုံပေါ်က အလွန် သနားစရာ ကောင်းတဲ့ ဒုက္ခိတ လူနာ မိန်းကလေး တစ်ယောက်ပဲ၊ သူ့ခမျာ ကံကောင်းလို့ မသေရှာတာ"

လက်စသတ်တော့ ဖေဖေ ကိုယ်တိုင် သည် မိန်းမဘက်က ဖြစ်သွားပြီကိုး။ အေးလေ....ဒါကြောင့်လည်း သည်မိန်းမဘက်



www.burmeseclassic.com

www.burmeseclassic.com



ကနေ အမှုကို လက်ခံ ရင်ဆိုင်ဖို့ ဖေဖေ ဆုံးဖြတ် လိုက်တာ ဖြစ်မှာ ပေါ့။ ဖြူလေးကတော့ မယုံနိုင်ပါ။ ဤ မိန်းမ ၏ မကောင်းမှု ဒဏ်ကို ရင်နှင့်အမျှ နာကျင်စွာ ခံလိုက်ရပြီးသော ဖြူလေး အနေနှင့် ဤ မိန်းမ ဘာပြောပြော မယုံနိုင်ပါ။ အထူးသဖြင့် ဖြူလေး ချစ်မြတ်နိုးရသော ကိုကိုက သူ့ကို ဝရန်တာမှ တွန်းချသည်ဆိုတာကို ပို၍ မယုံပါ။ ကိုကိုသည် ဖြူလေး တွေ့ဖူးသမျှ ယောကျ်ား မိတ်ဆွေထဲတွင် စိတ်နှလုံး အနူးညံ့ အသိမ်မွေ့ဆုံး၊ သူတစ်ပါး အပေါ် နည်းနည်းမျှ မထိခိုက် မနာကျင်စေဆုံး ယောကျ်ား တစ်ယောက်သာ ဖြစ်သည်။ ဖြူလေး အပေါ် နာကျင်စေတာကလွဲလို့လေ။

"သမီးတော့ ဘယ်လိုမှ မယုံနိုင်ဘူး ဖေဖေ"

"ဘာကိုလဲ သမီး"

"ကို....ကိုမြတ်စုက အဲဒီမိန်းမကို တွန်းချတယ်ဆိုတာလေ"

ဖေဖေက ဖြူလေးကို ပြုံးကြည့်ကာ လက်နှိပ်စက် ခလုတ်ကလေးများပေါ် လက်တင်လိုက်၏။ ထို့နောက် လက်ကို ပြန်ရုပ်ကာ လက်ထိပ်များကို ငုံ့ကြည့်နေသည်။

"ဒီကိစ္စက သမီး ယုံဖို့မယုံဖို့ အရေးမကြီးပါဘူး သမီးရဲ့၊ တရားသူကြီး ယုံဖို့ အရေးကြီးတာပါ"

"အမှန်တရား မဟုတ်ဘဲနဲ့လား ဖေဖေ"





ဦးဖေအောင် စိတ်ပျက်လက်ပျက် သက်ပြင်းချကာ သူ့သမီးကို မျက်နှာထား တည်တည်ဖြင့် ကြည့်နေလိုက်တော့သည်။ သမီးနှင့် သူ့အကြားမှာ သူငယ်ချင်းလို ပွင့်လင်းစွာ ဆက်ဆံတတ်သောကြောင့် တရားခံ ကောင်လေးနှင့် သမီး ကြားရှိ ရင်းနှီးခင်မင်မှုသည် သူ့ အလုပ်ကိစ္စကို ထိခိုက်လာသည် အထိတော့ သူ သည်းညည်းမခံနိုင်ပါ။

"နေစမ်းပါဦး၊ အမှန်တရားတွေ ဘာတွေ ထည့်ပြောရလောက်အောင် သမီးက ဒီကိစ္စကို ဘယ်လောက် သိထားလို့လဲ၊ သမီးက မျက်မြင်သက်သေလား၊ ဒါမှ မဟုတ် ဟိုကောင်လေးရဲ့ စကားကို မျက်စိမှိတ် ယုံနေတာလား"

ဖြူလေးသည် ဖေဖေ့ကို ရဲရင့်စွာ ရင်ဆိုင်ကြည့်လိုက်၏။

"ဖြူလေးက မျက်မြင်သက်သေလဲ မဟုတ်ဘူး၊ ကိုမြတ်စုကို ဖမ်းသွားပြီး ကတည်းက ဖြူလေးနဲ့ တစ်ခါမှလဲ တွေ့ရတာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဖြူလေး သိနေတယ် ဖေဖေ၊ ဒီကိစ္စကို ဖြူလေး သိကို သိနေပါတယ်၊ ဖေဖေ ဒီအမှုကို လက်မခံပါနဲ့၊ ဒါဟာ လီဆယ်မှု သက်သက်ပါ"

ဦးဖေအောင် မျက်လုံးပြူးသွား၏။ အနည်းငယ် စိတ်ဆိုး ချက်က အသံထွက် ရယ်လိုက်တော့သည်။

"ဩော် ... သမီးဆိုလိုတာက ဒီမိန်းကလေးဟာ ကောင်လေးကို လီဆယ်လုပ်ကြံပြီး တရားစွဲနိုင်ဖို့အတွက် သိုးထပ်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ဝရန်တာပေါ်ကနေ အကျခံလိုက်တယ်ပေါ့ အဲဒီလိုလား၊ ကိုယ့်ကိုယ်ကို အနာခံပြီး ကောင်လေးအပေါ် လီဆယ် တရားစွဲလိုက်တယ်ပေါ့၊ သမီးဟာ ဒီလောက် အစဉ်းစား အဆင်ခြင်ဉာဏ် နည်းလိမ့်မယ်လို့ ဖေဖေ ဘယ်တုန်းကမှ မထင်ခဲ့ဘူး"

ဖြူလေးသည် ဖေဖေ့ကို ချက်ကျလက်ကျ ဘာမှမပြောနိုင်ဘဲ ငေးမောတွေဝေလျက်က နှုတ်ခမ်းကို မျဉ်းဖြောင့် တစ်ကြောင်းလို တင်းစေ့ထားလိုက်မိသည်။

"သမီးရဲ့ စဉ်းစားဉာဏ်တွေကို တစ်ခုခုက ဖုံးလွှမ်းနေပြီလို့ ဖေဖေ ပြောချင်တာပဲ"

တစ်ခုခု...။ ဖေဖေ ပြောချင်သော တစ်ခုခုမှာ ဖြူလေး၏ အချစ်ကို စကားလှအောင် သုံးလိုက်ခြင်း ဖြစ်ဟန် တူပါရဲ့။ မဟုတ်သေးဘူး ဖေဖေ၊ သမီး ကိုကို့ကို ချစ်တာ မှန်ပါတယ်။ သို့သော် ထို အချစ်သည် အမှန်တရားကို ဖုံးကွယ်ထားရလောက်အောင် မမိုက်မဲကြောင်း ဖေဖေ သိစေချင်သည်။

"မဟုတ်ဘူး ဖေဖေ၊ ဖြူလေး ပြောချင်တာက ဒီလိုလေ၊ သူတို့ နှစ်ယောက် ဝရန်တာမှာ ရပ်စကားပြောနေမယ်၊ ရန်ဖြစ်နေမယ်၊ ဟို မိန်းမက ကို...ကိုမြတ်စုကို ကိုယ်ထိလက်ရောက် တစ်ခုခု လုပ်မယ်၊ ကိုမြတ်စုက ရှောင်လိုက်မယ်၊ အဲဒီမှာ သူ့အရှိန်နဲ့ သူ အားလွန်ပြီး အောက်ကိုကျသွားမယ်"

ဖေဖေက ဟက်ဟက်ပက်ပက် ရယ်မောလေသည်။





"နှစ်ပေခွဲလောက် မြင့်တဲ့ ဝရန်တာကနေလေ ဟုတ်လားသမီး၊ အဲဒီ သမီးရဲ့ ဥပမာလေးကို ဘယ်ဝတ္ထု ဇာတ်လမ်းထဲက ရတာလဲ၊ ဘယ် ဗွီဒီယို ဇာတ်လမ်းထဲက ရတာလဲ"

"ဒါ ဥပမာ မဟုတ်ဘူး ဖေဖေ၊ တကယ် အဲဒီအတိုင်း ဖြစ်ခဲ့မယ်၊ အဲဒီအတိုင်း မဟုတ်ဘူးလို့ ငြင်းမယ့်သူ ဖေဖေ့မှာ မရှိပါဘူး"

နောက်ဆုံးစကားမှာ ဖြူလေး မှန်းဆချက် သက်သက်ဖြင့် မှန်း၍ ပစ်လိုက်သော မြားတစ်စင်းသာ ဖြစ်၏။

ဖေဖေက ခေါင်းတညိတ်ညိတ်ဖြင့် သမီးကို သဘောကျဆုံး ရှိတော့သည်။

"ကောင်းပြီ၊ ဒီတော့ ဥပဒေ ဒုတိယနှစ် ကျောင်းသူကြီးက တင်ပြတဲ့ အဲဒီ ဥပမာကို တရားခံရှေ့နေကို သွားပြောလိုက်ဦးပေါ့၊ ဒါမှ ရှေ့နေအတွက် ခုခံမှုလမ်းကြောင်း ရသွားအောင်လေ၊ နေစမ်းပါဦး၊ ဒီအမှုမှာ မျက်မြင်သက်သေ မရှိဘူးလို့ သမီးကို ဘယ်သူက ပြောသလဲ"

ဖေဖေ့စကားကြောင့် ဖြူလေး ထိတ်လန့်တကြား ငြိမ်သက်သွား၏။ ဖေဖေ့ မျက်လုံးထဲ စိုက်ကြည့်ပြီး အမှန်ကို ရှာကြည့်သည်။

သူမ မြို့ထဲမှာ သတင်းကြားမိတာတော့ မျက်မြင်သက်သေ တစ်ယောက်မှ မရှိဘူးတဲ့၊ ကတ္တရာလမ်းပေါ်မှာ ပုံကျသွားတော့ တောင် ကျကျချင်း မြင်သူမရှိဟုသတင်းကြားမိသည်။ ဖေဖေ့ မှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုကို တွန်းချတာကို မြင်လိုက်သော မျက်မြင် သက်သေ ရှိနေလေသလား။ သူမ ဘယ်လိုမျှ ခန့်မှန်းမရပါ။ ဖေဖေနှင့် မျက်လုံးချင်း မဆိုင်၍ မကြည့်ရဲသဖြင့် မျက်နှာ လွှဲပစ် လိုက်သည်။

"ကိုယ်မသိတဲ့ အမှုကိစ္စတစ်ခုကို ဘယ်တော့မှ ဖြိုင်မငြင်းပါနဲ့ သမီး၊ ဒီအမှုမှာ အားလုံး ရှင်းနေတာပဲ၊ သမီးကို ဖေဖေ အမှန်အတိုင်းပြောရရင် မိန်းကလေး သတိမရခင် သေတမ်းစစ်ချက် မပေးခင် ကတည်းက ရဲက တရားခံ ကောင်လေးကို မသိတာဘူး၊ မသင်္ကာစရာအကြောင်း ရှိနေတယ်၊ ကောင်လေးကို ဒီမြို့ပြင် ဘယ်မှ မသွားဖို့ ရဲက သတိပေးထားတယ်၊ ကျွဲကူးတောင် သွားခွင့်မရှိဘူး၊ အခု သေတမ်းစစ်ချက် ပေးလိုက်တော့ အမှုခိုင်ပြီးသား ဖြစ်သွားတာပေါ့"

"ဒီ မိန်းမ သေဖို့ ကောင်းတယ်"

ဖြူလေး နာကြည်းစွာ လွှတ်ခနဲ ရေရွတ်လိုက်တော့ ဖေဖေက ပခုံးတွန့်၏။

"သေသွားရင် အခုထက်ပိုပြီး အမှုကြီးသွားမှာပေါ့ သမီးရဲ့၊ အခုဟာက လူသတ်မှု ကျူးလွန်ရန် အားထုတ်ခြင်းပဲ ရှိတယ်၊ သေသွားရင် လူသတ်မှု ဖြစ်ချင်ဖြစ်မယ်၊ အနည်းဆုံး ရာဇဝတ်ဖြစ်ဒဏ်ထိုက်သော လူသေမှု ဖြစ်သွားမှာပဲ၊ အခုအချိန်ကစပြီး သမီးသူငယ်ချင်းအတွက် လုပ်ပေးနိုင်တာ တစ်ခုပဲရှိတယ်၊ အဲဒါက မိန်းကလေး မသေအောင် ဆုတောင်းပေးဖို့ပဲ"





ဖြူလေး နှုတ်ခမ်းတင်းတင်းစေ့ကာ ငြိမ်သက်နေသည်။

မဟုတ်သေးဘူး ဖေဖေ၊ ဖြူလေး ကိုကို့အတွက် ဒါ့ထက်မကာ တတ်နိုင်မှာပါ၊ အမှန်တရားအတိုင်း ဖြစ်စေဖို့ ဖြူလေး ဆန္ဒ ရှိပါသည်။ တကယ်သာ ကိုကို ဤအမှုကို ကျူးလွန်ခဲ့လျှင် ဤအတွက် ကိုကို အပြစ် ရစေ ရမည်။ သို့သော် ဖြူလေး ချစ်သော ကိုကိုသည် မိန်းမ တစ်ယောက်ကို သတ်ဖို့ မဆိုထားနှင့် ပိုးမွှား တစ်ကောင်ကို သတ်ဖို့ပင် အလွန် ဝန်လေးသူ တစ်ဦး ဖြစ်ကြောင်း ဖြူလေး အသိဆုံးပါ။

"ဒီ မိန်းမ သေဖို့ ကောင်းတယ်ဆိုတာက လုံးဝသတိမရဘဲ သေဖို့ပြောတာပါ ဖေဖေရဲ့"

"သမီး ဒီမိန်းကလေးအပေါ်မှာ ဒီလောက်မုန်းဖို့ မကောင်းဘူး"

ဒါ့ထက်မက မုန်းဖို့ကောင်းတာပါ ဖေဖေရယ်။

"လုံးဝကို သတိမရဘဲ သေသွားရင်လဲ တရားခံ လွတ်နေမယ်လို့ မထင်ပါနဲ့ သမီးရယ်၊ အမှုကတော့ ဖြစ်မှာပါပဲ၊ ဖြစ်မှုတာ ဖြစ်မှုပဲ ဘယ်လိုမှ ရှောင်လွှဲလို့ မရဘူး"

ဖြူလေးသည် ဖေဖေ့ကို တအံ့တဩ ငေးမောနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အစိုးရရှေ့နေတွေ၊ ဥပဒေဝန်ထမ်းတွေ၊ အမှုစစ်ရဲအရာရှိတွေ ပြောနေကျ စကားမျိုးကို ဖေဖေ ပြောနိုင်နေပြီပေါ့။

"ဒါနဲ့ ဖေဖေ၊ တရားခံဘက်က ရှေ့နေ ဘယ်သူလဲ၊ ဖေဖေ သိလား ဟင်"

ဦးဖေအောင်က သမီးကို ခပ်ပြုံးပြုံးကြည့်ကာ ခေါင်းယမ်းသည်။

"ရမန်မှ မထုတ်ရသေးတာ ရှေ့နေ ဘယ်ငှားနိုင်ဦးမှာလဲ၊ နေစမ်းပါဦး၊ ဟိုဘက်က ရှေ့နေ ဘယ်သူဆိုရင် သမီးအတွက် ဘာထူးခြားမှာမို့လဲ"

"ဟင့်အင်း၊ သမီး သိချင်တာ သက်သက်ပါ၊ ဟိုဘက်က ရှေ့နေဟာ ဖေဖေ မဖြစ်လာမှတော့ သမီးအတွက် ဘယ်ရှေ့နေ မဆို မထူးခြားပါဘူး ဖေဖေ"

ဦးဖေအောင်က ဖြူလေး၏ ဆံပင်ပျော့ပျော့စင်းစင်းကလေးများကို ချစ်စနိုးဖွလျက် သက်ပြင်းရှိုက်လေသည်။

"စိတ်မပူပါနဲ့ သမီးရယ်၊ တရားစီရင်တဲ့နေရာမှာ အမှန်တရားဘက်ကသာ အနိုင်ရလေ့ ရှိပါတယ်"

ခြွင်းချက်တွေကို ဖေဖေ ထည့်မပြောတော့ဘူးလား။ဖြူလေးသည် ပြောချမဖြစ်သော စကားကို မျိုသိပ်ထားလိုက်သည်။

"ဒါဖြင့် ဖေဖေက သမီးတို့ဘက်မှာ အမှန်တရားရှိနိုင်တယ် ဆိုတာတော့ လက်ခံထားတယ်ပေါ့"





ကောက်ကာငင်ကာ မေးလိုက်သော ဖြူလေး၏ မေးခွန်းကြောင့် ဦးဖေအောင်သည် စိတ်အားထက်သန်လှသော သမီး၏ မျက်နှာကို တအံ့တသြ ငေးမောမိသွား၏။

"သမီးတို့ .... ဟုတ်လား"

ဖြူလေး၏ ဖြူဖွေး ပါးလျားသော ပါးပြင် နှစ်ဘက်မှာ နီချောင်း မီးရောင်အောက်တွင် မသိမသာ ပန်းရောင်လွှမ်းသွား၏။ သူမ ရှက်ပြုံးဖြင့် ခေါင်းငုံ့လိုက်လေသည်။

သေတော့မှာပဲ။ ဒါဟာဖြစ်လို့ ဖေဖေ့ရှေ့မှာ စကားကို ဆင်မခြင် ပြောမိပါလိမ့်။

"ဒါဖြင့် သမီးက ဖေဖေ စက္ကူရိုတာရီ မလုပ်တော့ဘူးပေါ့၊ တရားခံဘက်မှာရပ်ဖို့ ဆုံးဖြတ်လိုက်ပြီလား သမီး"

"ဖေဖေ စက္ကူရိုတာရီလဲ လုပ်မယ်၊ ကိုမြတ်စု လွတ်ဖို့အတွက် တတ်နိုင်သလောက် ကြိုးစားမယ်လေ"

"မရဘူး သမီး၊ လူတစ်ယောက်မှာ ရွေးစရာ လမ်းက တစ်သမ်းပဲ ရှိတယ်"

ဖြူလေး မျက်နှာ ညှိုးသွားသည်ကို ဦးဖေအောင် စိတ်မကောင်းစွာကြည့်ပြီး မသိချင်ယောင်ဆောင်နေလိုက်၏။

"ကဲ .... ဆယ်နာရီတောင် ထိုးတော့မယ် သမီး အိပ်တော့ ဘာမှ စိတ်မကောင်းဖြစ်မနေနဲ့ သမီး၊ ကိုယ်တတ်နိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



ကို ကူညီ၊ မတတ်နိုင်ရင် လျစ်လျူရှုပြီး စိတ်သက်သာအောင်
နေ ဟုတ်လား"

"ကျေးဇူးတင်ပါတယ် ဖေဖေ"

ဖြူလေး ထိုင်ရာမှ မထပါ။

သမီးတွင် ပြောစရာ စကား မကုန်သေးသည်ကို အကဲခတ်
လိုက်မိသော ဦးဖေအောင်က အလိုက်သိသိ လမ်းဖွင့်ပေး
လိုက်၏။

"သမီး ဘာပြောစရာရှိသေးလဲ၊ ခဏနေရင် ဖေဖေ ကိုယ်
စားလှယ်လွှဲစာ ဖြည့်ရဦးမယ်"

ဖြူလေးသည် ဖေဖေ့ကို ကျေးဇူးတင်စွာ ငေးကြည့်ပြီး
ပြုံးလာသည်။

"ဖြော်...ဟိုဟာလေ၊ ဒီ ဘိတ်တစ်မြို့လုံး တရားခံ အကျိုး
ဆောင် ရှေ့နေတွေထဲမှာ ဖေဖေကလွဲရင် နောက်ထပ် ဘယ်သူ
အတော်ဆုံးလဲ ဟင်"

ထိုအခါ ဦးဖေအောင်က ဟက်ဟက်ပက်ပက် ရယ်မော
လိုက်လေသည်။

"သမီးကလဲ မြှောက်ရင် မသိမသာ မြှောက်မှပေါ့ကွ"

"အို...."





"ဒီမြို့မှာ အတော်ဆုံးက ဖေဖေ မဟုတ်တာ သမီးအသိ
ဖြစ်မှာပါ၊ အတော်ဆုံး ရှေ့နေက ဦးဘအုန်းပေါ့ သမီးရဲ့"

ဖြူလေး သဘောတူစွာ ခေါင်းညိတ်လိုက်ပြီးခါမှ ကမန်း
ကတန်း မော့ကြည့်လိုက်၏။

"ဒါပေမယ့် အဲဒီ ရှေ့နေကြီးက အမှုပြန်မလိုက်နိုင်သေး
ဘူးလေ ဖေဖေရဲ့၊ လေဖြတ်ထားတာဆို"

"အင်း၊ ဒါပေမယ့် သူကိုယ်တိုင် တရားခွင်မှာ လိုက်ပြီး
အမှု မစစ်နိုင်ပေမယ့် သူက နောက်ကွယ်ကနေပြီး အကြံဉာဏ်
ပေးထယ်လို့ သတင်းကြားတယ်၊ ဒါ သမီးကို ဖေဖေ ညာတာ
တဲ့ အနေနဲ့ အသာစီးပေးလိုက်တာနော်"

ဖြူလေး ခစ်ခနဲ ရယ်၍ 'ကျေးဇူးပါ' ဟု ခပ်တိုးတိုးပြော
ကာ လက်သည်းများကို ဖြန့်၍ အဓိပ္ပာယ်မရှိ ကြည့်နေ၏။
ထို့နောက် ဟက်ခနဲ တစ်ချက် ရယ်ပြန်၍....

"ဒါဖြင့် အသာစီးပေးလက်စနဲ့ ထပ်ပြီး ပေးလိုက်ပါဦး
ဖေဖေ၊ ဦးဘအုန်းက နောက်ကွယ်ကနေပြီး အကြံဉာဏ်အမေး
ရတဲ့ ရှေ့နေဟာကော ဘယ်သူလဲဟင်" ဟု မေးပြန်လေသည်။

ဦးဖေအောင်သည် သမီးကို ချစ်ခင်စွာ ပြုံးကြည့်၍ နောက်
တစ်ကြိမ် အလျှော့ပေးလိုက်ပြန်၏။

"ဘယ်သူ ရှိရမလဲ သမီးရဲ့၊ သူ့ တူတော်မောင်ပဲပေါ့
ဦးခင်ဇော်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...."

ဦးခင်ဇော် တဲ့။ ဖေဖေ က လည်း အဲဒီ ကိုခင်ဇော် က ဖေဖေ့ညီ အငယ်ဆုံးထက်တောင် ငယ်လိမ့်ဦးမယ်။ ကိုခင်ဇော်ကို သူမ သိပါသည်။ ဖေဖေ့ဆီတောင် တစ်ခါ လာဖူးသေး၏။ အသားညိုညို၊ မျက်လုံးနက်နက်၊ အရပ် ခပ်ပျပ်ပျပ်၊ မပြုံးမရယ် ခပ်တည်တည် မျက်နှာပေးဖြင့်။ ရှေ့နေလုပ်စားပေလို့ပဲ၊ ဆရာဝန်များ လုပ်စားလျှင် လူနာတွေ မလာဝံ့လို့ ထမင်းငတ်မယ့် မျက်နှာထားမျိုးလေ။

"ဒါထက် ဖေဖေ တကယ်လို့ အရင်တုန်းကလို ဖေဖေသာ ဒီအမှုမှာ တရားခံ အကျိုးဆောင် ရှေ့နေဆိုရင် ခုခံမှု လမ်းကြောင်းကို ဘယ်လို ထားမလဲ ဟင်"

ဖေဖေက ပထမ မျက်မှောင်ကြုတ်သွားပြီးမှ ခဏကြာတော့ ဟက်ဟက်ပက်ပက် ရယ်တော့သည်။

"ကြည့်စမ်း သမီးက ကိုယ့်လူ သူ့ဘက်သား လုပ်ဖို့ အခုကတည်းက ပြင်ဆင်နေပြီပေါ့"

ထို့နောက် မတ်တတ်ရပ်၍ 'ဒီမေးခွန်းကို ကန့်ကွက်ပါတယ် ခင်ဗျား' ဟု တရားရုံးတွင် တစ်ဘက် ရှေ့နေကို ကန့်ကွက်သလို ခပ်တိုးတိုး အော်လေသည်။

"အို.... ဖေဖေကလဲ"

ဖြူလေး ရှက်ရယ်ရယ်၍ ထိုင်ရာမှ ယောင်ယမ်း ထလိုက်သည်။ သမီးကို သဘောကျစွာ ကြည့်၍ ရယ်နေသော ဖေဖေ





အသက် ၅၀ ကျော်ဟု မထင်ရဘဲ အသက် ၄၀ လောက်
ဝ်ရကာ နုပျို လန်းဆန်းနေ၏။

ဖေဖေဟာ သိပ်ကို ချစ်စရာ ကောင်းတာပဲ၊ ဖေဖေသာ
ကို့ဘက်က အကျိုးဆောင် ဖြစ်ရင် လောက တစ်ခုလုံးမှာ
လေး ဘယ်သူ့ကိုမဆို စိန်ခေါ်ရဲပါရဲ့။

"ဒါနဲ့....စောစောက ဖေဖေ ပြစ်မှု ကိုယ်စားလှယ် လွှဲစာ
ည်မလို့ဆို၊ ဖေဖေ စာဖတ်ချင်ရင် ဖတ်လေ၊ ဖြူလေး ဖြည့်ပေး
"

ဖေဖေက ရယ်မောရာမှ တည်သွားပြီး မျက်ခုံး ပင့်ကြည့်
ယ်။

"ဘာလဲ၊ အခု အချိန်က စပြီး ဖေဖေ လုပ်တာ ကိုင်တာ
လုံးကို သူလျှို လုပ်တော့မလို့လား"

ဖေဖေ့ စကားက အတည် ပြောတာဟု ထင်ရသည်။
လေး နှုတ်ခမ်း တင်းတင်းစေ့၍ ပြုံးလိုက်၏။

"အဲဒီလို အထင်ခံရတာ ဝမ်းနည်းပါတယ် ဖေဖေ၊ ဖြူလေး
တကယ် စေတနာနဲ့ ဖြည့်ပေးမှာပါ၊ ဖေဖေ ရန်ကုန်
ရ ပြန်ရတာ ပင်ပန်းနေပြီဆိုတာ သမီး သိတယ် လေ၊
ကိုပြီး ဖေဖေ လက်နှိပ်စက်ရိုက်ရင် ကျဉ်နေတဲ့ လက်ထိပ်
ိနာမှာစိုးလို့ပါ၊ တော်ပြီ အခုအချိန်က စပြီး ဖေဖေ
ကို သမီး လုံးဝ မထိဘူး၊ စိတ်ချ ဖေဖေ"

ခနကို ထိသွားဟန် ရှိသော သမီး ဖြစ်သူကို သဘောကျစွာ
ည့်လျက် ဦးဖေအောင် ရယ်မောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃။

အကျဉ်းထောင်ရှိရာသို့ ခွဲထွက်သွားသော လမ်းသည် မြိတ်မြို့တွင် ဖုန်အထူထပ်ဆုံးသော လမ်းဖြစ်သည်။

အမှတ် (၁) အစိုးရအထက်တန်းကျောင်းလမ်းသို့ ဝင်လိုက်ကတည်းက ဖုန်အငွေ့အသက်ကို ရှုနေပြီဟု သူထင်၏။ အကျဉ်းထောင်လမ်းခွဲသို့ ချိုးကွေ့ပြီးသောအခါ သူ၏ အင်္ကျီအဖြူမှာ နီကြွင်ကြွင်ဖုန်များ ကပ်ငြိလျက်ရှိပြီး သူ၏ မီးခိုးရောင်ဆူပါကပ် ဆိုင်ကယ်သည် နဂိုရောင်ပျောက်ကာ မြေနီရောင်ပေါက်နေတော့သည်။ အကျဉ်းထောင် မရောက်မချင်း ဖုန်များထလိုက်ထည်လိုက် နှာခေါင်းထဲသို့ မဝင်နိုင်စေရန် အသက်ကိုမျှဉ်း၍ ရှူရသည်။ တစ်ခါတစ်ရံ အသက်အောင့်ထားရ၏။ တံကောင်းထောက်မစွာ လမ်းက တိုတိုကလေး ဖြစ်လေသည်။

မြိတ် အကျဉ်းထောင်သည် ထုထည် အတော်အသင့်ကြီးမားသော အနီရောင် အုတ်နီ အဆောက် အအုံကြီး ဖြစ်သည်။ အဆောက် အအုံ၏ တစ်ဘက် တစ်ချက်မှ စ၍ မြင့်မားသော



www.burmeseclassic.com

www.burmeseclassic.com



တံတိုင်းကြီးများ ကာရံထားရာ အတွင်းမှ ထောင်ကျအဆောင်များ၊ အချုပ်ကျ အဆောင်များကို မည်သို့မျှ မမြင်တွေ့နိုင်ချေ။

သူကိုယ်တိုင်ပင်လျှင် ရှေ့နေ ဖြစ်သည့် အားလျော်စွာ အကျဉ်းထောင်သို့ တရားခံနှင့်တွေ့ရန် မကြာခဏ လာရသော်လည်း သံတံခါး အထူကြီး နောက်ကွယ်သို့ တစ်ခေါက်မျှ မရောက်ဘူးပေ။ ထောင်ရုံး အပေါက်ဝ သံဆွဲတံခါး အတွင်း အထိသာ ရောက်ဖူးသည်။ ယခု ဇန်နဝါရီလအတွင်း သူ ဤ တစ်ကြိမ်နှင့်ဆိုလျှင် အကျဉ်းထောင်သို့ သုံးခေါက် ရောက်ရပြီး ယခင် နှစ်ကြိမ်တွင် သူ့ အမှုသည်က တစ်ယောက်၊ ယခုတစ်ကြိမ်တွင် သူ့ အမှုသည်က နောက်အသစ်တစ်ယောက် ဖြစ်သည်။

ဂိတ်ဝသို့ရောက်သည်နှင့် သူ့ ဆိုင်ကယ်ကို ထောင်ဝင်း ညာဘက်သို့ ယူကာ ရပ်ထားလိုက်၏။ ထောင်မှူးကြီးရုံးခန်းသို့ ဝင်သွားကာ ခွင့်ပြုမိန့်တောင်းသည့် လျှောက်လွှာတင်ပြီး ဖြစ်ကြောင်း အသိပေးရသည်။

"ဦးခင်ဇော် ရေ၊ ခင်ဗျားရဲ့ အမှုသည်ကတော့ တော်တော် မတုန်မလှုပ်နိုင်တဲ့ လူဗျာ"

ပခုံးတွင် အကျဉ်း ဦးစီးဌာန တံဆိပ်ပါသော ဝတ်စုံဖြင့် လက်ထောက်လုံခြုံရေးမှူးက သူ့ ကို ပြုံးရွှင်စွာ နှုတ်ဆက်လေသည်။ မြိတ်မြို့တွင် အနေကြာလျက် ဘိတ်သံ မဆိုစလောက်သာ ဝဲပြီး စကားကို မြန်မာလို ပြောတတ်သော ဝန်ထမ်းတစ်ဦး ဖြစ်သည်။





'ဘယ်လို မတုန်မလှုပ်လဲ ဗျာ"

"အေးဗျ၊ စကားမပြောဘူး၊ မေးရင်လဲ ဖြေချင်မှ ဖြေတာ၊ ထမင်းလဲ မစားဘူးလို့ သတင်းရတယ်၊ တခြား အချုပ်ကျတွေနဲ့ ရောတဲ ဘေးထွက်ပြီး ငြိမ်နေတာပဲ၊ ၃၀၇ တရားခံ တစ်ယောက် အနေနဲ့ ဆိုရင်...."

စကားကို တန်းလန်း ဖြတ်ထားလျက် ပခုံးတွန့်လိုက်သည်။

ဆက်မပြောသည့် စကားကို သူ့ ဘာသာသူ ဆက်ပြီး နားလည်ရမည်ဆိုလျှင် ဤတရားခံသည် ပုဒ်မ ၃၀၇ နှင့် ဖမ်းဆီးခံရသော တရားခံအမျိုးအစားနှင့် မတူ ကြောင်း ထင်မြင်ချက်သာ ဖြစ်ရမည်။ သူသည် တစ်ခါမျှ မမြင်ဘူးသော သူ့ အမှုသည် အတွက် အနည်းငယ် အားတက်သွား၏။

အပြင်မှ သော့ပြန်ခတ်ထားသည့် သံဆွဲတံခါး၏ အတွင်း ဘက်တွင် တရားခံနှင့်သူ အေးအေးဆေးဆေး စကားပြောခွင့် ရသည်။

တရားခံသည် သူ ကြိုတင် ခန့်မှန်းထားသည့် အရုပ်အမောင်း ထက် ပို၍ မြင့်နေ၏။ အံ့သြစရာကောင်းသည်မှာ တရားခံသည် သူ ကြိုတင် ခန့်မှန်း ထားသည့် ရုပ်ရည်ထက် ပို၍ ချောမောနေ သည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်စု .... ကိုယ့်နာမည်က ဦးခင်ဇော်၊ မင်းက ကိုယ်နဲ့တွေ့ပြီး စကား ပြောချင်တယ်လို့ မင်း သူငယ်ချင်း အေးမင်းက ပြောတယ်၊ ကိုယ့်မှာ ရှေ့နေ ကိုယ်စားလှယ် လွှဲစာ ပါတယ်၊ မင်း အနေနဲ့ ...."

"ကျွန်တော်က ခင်ဗျားကို တွေ့ချင်တာ မဟုတ်ဘူးဗျ"

သူ့စကားကို ဖြတ်အပြောခံလိုက်ရသဖြင့် သူ အနည်းငယ် အောင့်သက်သက် ဖြစ်သွား၏။ မျက်နှာထား ခပ်တည်တည်ဖြင့် တရားခံကို ကြည့်လိုက်သည်။ တရားခံ၏ တုန့်လှုပ်ချောက်ချားမှုသည် ဒေါသအဖြစ် ပြောင်းလဲနေပုံ ရပါသည်။

"ကဲ .... ဒါဖြင့် မင်းက ဘယ်သူ့ကိုတွေ့ချင်တာလဲ"

"ကျွန်တော် ဘယ်သူ့မှ မတွေ့ချင်ပါဘူး၊ အေးမင်းက ခင်ဗျားနဲ့ တွေ့သင့်တယ်၊ ခင်ဗျားကို ဒီ အမှုအပ်ဖို့ သင့်တော်တယ်လို့ အကြံပေးလို့"

သူ ပင့်သက်တစ်ချက် ရှိုက်လိုက်သည်၊ ဒီကောင်လေး ကြည့်ရတာ ရှေ့နေကို အကုန်ဖွင့်ပြောမယ့် အမှုသည်ပုံစံ မဟုတ်ပါလား။ သို့သော် ရှေ့နေ သက်တမ်း ၁၀ နှစ် ရှိသော ဦးခင်ဇော် အဖို့ ဤကိစ္စမှာ မခက်ခဲလှပါ။

သူသည် ငြိမ်သက်စွာပင် သူ့ အမှုသည် ဖြစ်လာမည့် တရားခံကို စိုက်ကြည့် နေလိုက်သည်။





အကျဉ်းဦးစီးဌာနတွင် လျှောက်လွှာတင်ရန်အချက်အလက် ည့်စဉ်က တရားခံ၏ အသက်မှာ ၂၄ နှစ်ဟု အူ မှတ်မိသည်။ က်ရှိ အခြေအနေတွင် တရားခံသည် အသက် ၂၀ မကျော် းသလို နုနယ်နေ၏။ နဂိုက ခပ်တိုတိုပါးပါး ညှပ်ထားခဲ့ ဆံပင်မှာ ယခု အတော်အတန် ရှည်လာပြီ ဖြစ် ော်လည်း ယခုမှ သာမန်လူ၏ ဆံပင်လောက်သာ ရှိနေ သည်။

အသား ဖြူဖွေးသောကြောင့် ဖြူဖပ် ဖြူရော် ပုံစံ ပေါက် ၏ အကျဉ်းကျနေသူ ဖြစ်ပါလျက် မေးစေ့တစ်ဝိုက်တွင် ဆိတ် အတိုအစ လုံးဝမရှိဘဲ ပြောင်ချောနေသဖြင့် လူပျို ဝင်ခါစ ကောင်လေးတစ်ယောက်သို့ ဖြစ်နေသည်။ သွယ် သော မျက်နှာတွင် အထင်ရှားဆုံးက စင်းလုံးချောင့်တန်း သော နှာတံဖြစ်သည်၊ မျက်ခုံးမှာ မည်းနက်သော်လည်း အများ ပြီး အလျားရှည်စွာ သွယ်ကွေးနေသဖြင့် မိန်းကလေး ခုံးနှင့် တူသည်။ ခပ်လျားလျား မျက်လုံးနက်နက်များမှာ မောလျှင် အလွန်တောက်ပမည့် မျက်လုံးများ ဖြစ်သည်။ က်လုံးများသည် မိန်းမတွေအပေါ် အလွယ်တကူဆွဲဆောင် သိမ့်မည်၊ အပြုံးကျယ်ကျယ် ပါးလှပ်သော နှုတ်ခမ်းမှာ ဘာ မှ ဖွင့်မပြောဖို့ ဆုံးဖြတ်ထားသလို တင်းတင်းစေ့လျက် သည်။

သူ့ကိုယ်သူ စိတ်ရှည်လက်ရှည် ထိန်းချုပ်ကာ တရားခံကို ပြုံးပြလိုက်၏။



www.burmeseclassic.com

"ကောင်းပြီ၊ အေးမင်းက ကိုယ်နဲ့ တွေ့သင့်တယ် ပြောလို့ မင်းက လက်ခံလိုက်တယ် ဆိုတာ ကိုယ် သိရပြီ၊ ဒါပေမယ့် အေးမင်းကို အဲဒီ အကြံဉာဏ် ပေးတာ ဘယ်သူလဲဆိုတာတော့ မင်း သိမှာ မဟုတ်ဘူး"

သူ့စကားကို ကောင်လေး စိတ်ဝင်စားသွား၏။ ဘယ်သူလဲ ဟု ဖွင့်မမေးဘဲ သူ့ကို ပြန်စိုက် ကြည့်နေသည့် တရားခံ၏ မျက်လုံးများမှ သိလိုစိတ်ကို မြင်နေရသည်။ သူ ပြုံးလိုက်သည်။ အေးမင်းက ပြောပြထားဟန် မတူပါ။

"မင်းအနေနဲ့ ကိုယ်နဲ့တွေ့သင့်တယ်လို့ အေးမင်းကို အကြံဉာဏ်ပေးတာက ဖြူဖြူအောင်ပဲ"

သူ့ထင်မြင်ချက် မှန်သွား၏။ ဖြူဖြူအောင့် နာမည်ကို သုံးလိုက်သောအခါ တရားခံ၏ ပါးပြင်နှစ်ဘက်မှာ ပန်းသွေးရောင် လျှမ်းသွားပြီး သူ့ကိုမသက်ာ မျက်လုံးများဖြင့် ဒေါသတကြီး စိုက်ကြည့်ခြင်း ခံလိုက်ရသည်။ တော်တော် စိတ်ဆတ်မယ့် ကောင်လေးပဲ။

"ကျွန်တော်ဖြစ်တဲ့ အမှုနဲ့ ဖြူဖြူအောင်နဲ့ ဘာမှ မဆိုင်ပါဘူး၊ ဘာဖြစ်လို့ ဖြူဖြူအောင်ကို ဒီကိစ္စထဲ ဆွဲထည့်ကြတာလဲ"

ကောင်လေး၏ မျက်ဝန်းများမှာ နားမလည်ခြင်း၊ စိတ်မကောင်းဖြစ်ခြင်းတို့ကို မြင်လိုက်ရသည်။





"ဖြူဖြူအောင်ကို ကိုယ်က ဒီကိစ္စထဲ ဆွဲသွင်းတာ မဟုတ်ဘူး၊ ဖြူဖြူအောင်ကသာ ကိုယ့်ကို ဒီကိစ္စထဲ ဆွဲသွင်းတာ၊ ကိုယ်ဟာ မင်းရဲ့အမှုကိုလိုက်ဖို့ အသင့်တော်ဆုံး ရှေ့နေဆိုတာ ဖြူဖြူအောင်ရဲ့ ဆုံးဖြတ်ချက်ပဲ"

"ဘာဖြစ်လို့ ခင်ဗျားက ကျွန်တော့်အတွက်အသင့်တော်ဆုံး ရှေ့နေ ဖြစ်ရတာလဲ"

သူ ပခုံးတွန့်၍ 'မသိဘူးလေ၊ ဒါတော့ ဖြူဖြူအောင်နဲ့ တွေ့မှ မေးကြည့်ပေါ့' ဟု ဖြေလိုက်သည်။

ကောင်လေး၏ စိတ်လှုပ်ရှားမှုများ အနည်ထိုင်သွားရန် ကြာကြာ မစောင့်လိုက်ရပါ။

"ဒီတော့ ကျွန်တော့် အမှုကို ခင်ဗျား လိုက်မယ်ပေါ့"

ဤ မေးခွန်းကို သူ စောင့်ခဲ့ရသည်မှာ ကြာပြီ။

"ဒီအမှုကို ကိုယ် လက်ခံသင့် လက်မခံသင့် ဆိုတာ ကိုယ် စဉ်းစားရဦးမယ်လေ"

ကောင်လေးက နှုတ်ခမ်းပါးလေး တွန့်ရုံ ပြုံး၏။ ထို အပြုံး နာကြည်းမှု များစွာ ပါဝင်ကြောင်း သူ ရိပ်မိသည်။ တရားခံ၏ မျက်နှာ အမူအရာသည် အမှု တစ်ခုကို အမှုသည် အနိုင်အရှုံး ဆုံးဖြတ်ရာ၌ အဓိက မကျသော်လည်း ရှေ့နေတစ်ယောက် အရေးပါသည့် အချက်ထဲတွင် ထည့်မရေ ဆိုက



www.burmeseclassic.com

www.burmeseclassic.com



ထည့်ခိုင်သည်။ အထူးသဖြင့် ယခု အမှုမှာလို မျက်မြင်သက်သေ မရှိသော အဖြစ်အပျက်မျိုးတွင် အသေးစိတ် အမှုအရာသည် တရားသူကြီး၏ စိတ်ကို ဖိအားပေးနိုင်၏။ လောလောဆယ် တော့ ကောင်လေး အမြဲး အကြောင်းကို သူ မေ့ထားလိုက် မည်။

"တကယ်လို့ အမှုဟာ နိုင်ခြေရှိတယ်ဆိုရင်တော့ ခင်ဗျား လက်ခံမယ်ပေါ့ ဒီလိုလား၊ ကျွန်တော် အဲဒီ မိန်းမကို တကယ် သတ်ဖို့ ကြိုးစားခဲ့တယ်လို့ ခင်ဗျား ထင်နေတယ် မဟုတ်လား"

သူ စိတ်ပျက်လက်ပျက် သက်ပြင်းချလိုက်ပြီး ကောင်လေး ၏ မျက်နှာကို ငေးကြည့်နေလိုက်သည်။ ကောင်လေး၏ စကား ထဲတွင် တရားလိုအပေါ် မုန်းတီး နာကြည်းမှုများ ပါဝင်နေ သည်။ ဤ အချက်မှာ သိပ်မကောင်းလှပါ။

"မြတ်စု .... ကိုယ့် ထင်မြင်ချက်က ဒီအမှုကို နိုင်အောင် ထုချေမယ့် ကိုယ့်ရဲ့ ကြိုးစားမှုကို ဘယ်လိုမှ အနှောင့်အယှက် မပေးနိုင်ဘူး၊ ကိုယ် ဘယ်လိုပဲ ထင်ထင် မင်း လွတ်အောင် ကြိုးစားပေးဖို့က ကိုယ့်တာဝန်ပဲ"

"ဒါပေမယ့် ကျွန်တော်က ခင်ဗျားရဲ့ ထင်မြင်ချက်ကို သိချင် တယ်"

သူ စိတ်ကို အတတ်နိုင်ဆုံး လျှော့၍ ခေါင်းမာလှသော ကောင်လေးကို သူ မြဲးပြုလိုက်၏။





"သိချင်ရင်တော့ ကိုယ် ပြောပြမယ်၊ မင်းဟာ တရားလိုကို သတ်ဖို့ ကြိုးစားခဲ့တယ်ဆိုတဲ့ အကြောင်းကို ကိုယ် မယုံဘူး၊ အပြစ်ရှိတယ်လို့ ကိုယ် မထင်ဘူး"

သူ မုသားပြောခြင်း မဟုတ်ပါ။ တရားဥပဒေအရ တရားခံ တစ်ယောက်ကို ဥပဒေကြောင်းဖြင့် အမှားအမှန် စစ်ဆေးပြီး အပြစ်ရှိကြောင်း စီရင်ချက်မချမချင်း ထို တရားခံသည် အပြစ် မဲ့သော ဖြစ်သည်ဟု ယူဆရပါသည်။

သူ့စကားကြောင့် ကောင်လေး စိတ်သက်သာရာ ရသွား သည်။

'ကျေးဇူးတင်ပါတယ်' ဟု ခပ်တိုးတိုး ပြော၏။ သည်လို ဆို တော့ သူ့ အမူအရာက ယဉ်ကျေး သိမ်မွေ့နေပြန်သည်။ ထိုင်တွင် သတိအနေအထားဖြင့် မတ်မတ်ထိုင်နေရာက ငယ် လျော့ရဲစွာ ထိုင်၍ လက်ချောင်းများ အချင်းချင်း ကာ ဆုပ်ထားသည်။

"စောစောက မင်းပြောတဲ့ စကားကို ကိုယ် မကြိုက်ဘူး၊ ဟာ နိုင်ခြေရှိရင် ကိုယ် လက်ခံမှာလားလို့ မင်း မေးခဲ့တယ် လား၊ အဲဒီစကားဟာ ကိုယ့်ကို စော်ကားတာပဲ၊ ရှေ့နေ ဟာ အမှုတစ်ခုကို နိုင်ခြေရှိမှ လက်ခံကြတာ မဟုတ်ဘူး၊ ဒ်ဒန် တစ်ယောက်ဟာ လူနာ ရွေးချယ်ခွင့် မရှိသလို နေတွေဟာလဲ အမှုသည် ရွေးချယ်ခွင့် မရှိပါဘူး။ ရှုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



သေချာနေတဲ့ အမှုကို ရှုံးမှာစိုးလို့ လက်မခံဘူးဆိုတာ မရှိဘူး၊ တတ်နိုင်သမျှ နိုင်အောင် ကြိုးစားကြတယ်၊ ရှုံးတယ် ဆိုရင် တောင် အရှုံး ကြီးကြီး မဖြစ်ဘဲ အရှုံး သေးသေးကလေး ဖြစ် အောင်၊ အမှုပေါ့အောင်၊ အပြစ်ဒဏ်နည်းအောင်၊ သက်သာ အောင် ကြိုးစားကြပါတယ်၊ အဲဒီ အချိန်မှာ အရေးကြီးတာက ကိုယ့် အမှုသည်ကို ကိုယ် ယုံကြည်ရရဲ့လား ဆိုတာပဲ၊ အမှု သည်က ဖြစ်ခဲ့သမျှ ကိစ္စအဝဝကို အမှန်အတိုင်း ပြောရဲ့လား ဆိုတာပဲ၊ အမှန်အတိုင်း ပြောတယ်လို့ ယုံကြည်ရရင် သူဟာ ကြိုးစားဖို့ အခွင့်အရေး အများကြီးရမယ်”

“ကျွန်တော် နားလည်ပါပြီ”

ကောင်လေး မျက်နှာတွင် စောစောက တွေ့ခဲ့ရသော စိမ်း ကားမှုများ အေးစက်မှုများ ပျောက်ကွယ်သွားကြသည်။

“ကျွန်တော် အမှန်အတိုင်း ပြောပါ့မယ်”

ကောင်လေးက မျက်လွှာချလျက် လက်ချောင်းများကို ဆုပ်ချည် ဖြန့်ချည် ပြုကာ အားယူသလို ခဏ ငြိမ်နေ၏။ ပြီး၊ တိုးတိတ်သော အသံဖြင့် ပြောသည်။

“ကျွန်တော် သူ့ကို သတ်ဖို့ မကြိုးစားခဲ့ပါဘူး၊ ဝရန်တာ ကနေ တွန်းချတယ်ဆိုတာ မဟုတ်ပါဘူး”

သူ ထင်မြင်ချက် လုံးဝမပေးဘဲ ကောင်လေး၏ မျက်နှာကို စောင့်ကြည့်နေသည်။ ကောင်လေး၏ မျက်နှာတွင် အမှန်ပြော





သူ တစ်ယောက်၏ အပြစ်ကင်းစင်မှုမျိုးကို မြင်ရသည်မှာ သော ကြာ၏။

“ဒါပေမယ့် အခု ကျွန်တော့်ရှေ့မှာ သူ ရှိမယ်ဆိုရင် ကျွန်တော် သူ့လည်ပင်းကို ညှစ်ပြီး သတ်မိမှာပဲ”

ကောင်လေး၏ မျက်လုံးများမှာ နာကြည်း မုန်းတီးမှုဖြင့် ပြောင်လက်နေ၏။

“မြတ်စု၊ မင်း အခု ပြောတဲ့ စကားကို တရားရုံးမှာ မပြော အောင် ထိန်းဖို့ ကိုယ့်ကို ကတိပေးစမ်း”

မြတ်စုက သူ့ကို မျက်လွှာ ပင့်ကြည့်ကာ ခေါင်း တစ်ချက် ညိတ်၏။

“မင်း ရဲစခန်းမှာ အစစ်ခံရတုန်းက အဲဒီစကားကို ပြော သေးလား”

“မပြောပါဘူး”

သူ စိတ် သက်သာရာ ရသွား၏။ ဤ လူငယ် ကလေးသည် သတ်ပြီး ထိခိုက်လွယ်သူ ဖြစ်နိုင်သည်။ ဒေါသသည် တရား တွင် သူ့ အတွက် အကျိုးယုတ်စေနိုင်ကြောင်း သတိပေးထား လိုသည်။

“မင်းနဲ့ တရားလို မြနှင်းဆီနဲ့ ရင်းနှီးမှု အတိုင်းအတာကို သိချင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက မဲ့ပြုံးပြုံး၏။ နှုတ်ခမ်းပါးလေးကို မဲ့၍ ပြုံးသော ဟန်မှာ တစ်စုံ တစ်ယောက် အပေါ် အထင်သေးသည့် အမူအရာ ဖြစ်သည်။

"အဲဒါ အရေးကြီးသလား ဟင်"

"သိပ် အရေးကြီးတာပေါ့၊ အခင်းဖြစ်သွားတဲ့ ည ရှစ်နာရီမှာ မင်းဟာ တရားလို့ရဲ့ အိမ်အပေါ်ထပ်မှာ ရှိနေတာကို အနည်းဆုံး သက်သေ တစ်ယောက် ကတော့ သိနေတာပဲ၊ ဒီတော့ အဲဒီလို မိန်းမတစ်ယောက်ရဲ့ အိမ်အပေါ်ထပ်ကို ညအချိန်မှာ ရောက်နေရတဲ့ အကြောင်းပြချက်ဟာ သိပ်အရေးကြီးတာပေါ့၊ အဲဒီ အကြောင်းပြချက်ဟာ မင်းနဲ့ မြနှင်းဆီရဲ့ ရင်းနှီးမှုကို ထင်ရှားစေတဲ့ အကြောင်းပြချက်ပဲ"

ကောင်လေးက မျက်လွှာချပြုံး၍ ခေါင်းညိတ်၏။

"ကျွန်တော်နဲ့ မြနှင်းဆီဟာ သူငယ်ချင်းတွေတော့ မဟုတ်ဘူး၊ နှစ်ဦးသဘောတူ အပြန်အလှန် ချစ်ခင်မြတ်နိုးတာကို သမီးရည်းစားလို့ သတ်မှတ်ရင် ကျွန်တော်တို့ နှစ်ယောက်ဟာ သမီးရည်းစားလဲ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက် အလွန် .... ..... ရင်းနှီး ခဲ့ကြတယ်"

ကောင်လေး မျက်နှာ နီမြန်းလျက် ရှိသည်။ သူ သက်ပြင်းရှိုက်ရိုက်၏။ သည်အတိုင်းဆိုလျှင် ဤမျှ နုဖပ်ချောမောသော ကောင်လေးတစ်ယောက်သည် ပုဒ်မ ၃၀၇ ကို ကျူးလွန်သည်





ကြောင်းမှာလည်း မယုံကြည်နိုင်စရာမရှိတော့ချေ။ အပြစ်ကင်းစင်နေယ်သည်ဟု ထင်ရသော တရားခံကလေးများသည့် အပြစ်အထန် နာကျင်စေမှု၊ မုဒိမ်းမှု၊ လူသတ်မှု အထိ ကျူးလွန်ခဲ့ကြောင်း သက်သေ အထင်အရှား ရှိခဲ့သည့် ဥပမာပေါင်းများစွာ သူ ကြုံဖူးလှပြီ။

"မင်း မြနှင်းဆီကို ချစ်သလား"

ကောင်လေး၏ မျက်နှာမှာ အေးစက်စက် အပြုံးတစ်ခု ပေါက်လာ၏။

"မချစ်ဘူး"

သူ မအံ့သြပါ။ ကောင်လေး ဘယ်သူ့ကိုချစ်သည် ဆိုတာ တစ်ယောက်ယောက်နှင့် လောင်းရလျှင် သူက မြမြအောင် ဘက်က လောင်းနိုင်ပါသည်။

"မချစ်တဲ့အပြင် ကျွန်တော် သူ့ကို မုန်းတယ်"

သူ လန့်ဖျပ်သွား၏။

"မြတ်စု၊ ကိုယ်မေးတဲ့မေးခွန်းတိုပဲ ဖြေပါ၊ မမေးဘဲနဲ့ ဘာမှ တ်မပြောနဲ့၊ နောက်ပြီး အခု စကားမျိုးကို ဟိုဘက်ရှေ့နေ မှာ သွားပြောမိရင် မင်းအတွက် ဒုက္ခရောက်နိုင်တယ် ကြားလား၊ အဲဒီစကားကို သူကောင်းကောင်း အသုံးချလိမ့် မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက မျက်လုံးဝိုင်းကာ သူ့ကို တအံ့တဩကြည့်၏။ တစ်ဘက် ရှေ့နေ ဘယ်သူလဲဆိုတာ ယခု မပြောသေးပါ။

"အစ်ကိုကမေးလို့ ကျွန်တော် ဖြေတာပဲ၊ ဖြစ်သမျှ ကိစ္စကို အပြည့်အစုံ ပြောရမယ်ဆို"

"ဟုတ်ပြီလေ၊ ကိုယ့်ရှေ့မှာ ပြောတာက ကိစ္စမရှိဘူး၊ ဒါပေမယ့် ကိုယ့်ရှေ့မှာပြောသလို တရားခွင်မှာ မပြောဘူး လို့ မင်းကိုယ်မင်း စိတ်ချရပါ့မလား"

ကောင်လေးက မျက်နှာငယ်ငယ်လေးဖြင့် ခေါင်းညိတ်၏။ လွန်ခဲ့သော နှစ်ပေါင်းများစွာက အပြင်းအထန်ဖျားခဲ့၍ သေဆုံးသွားသော သူ့ ညီငယ်ကလေးသာ အသက်ထင်ရှားရှိလျှင် ဤကောင်ကလေးလိုပင် ချစ်စရာကောင်းလိမ့်မည်။ ကောင်လေးက 'အစ်ကို' ဟု ခေါ်လိုက်သောအခါ သူ့ စိတ်များ ပိုမိုနူးညံ့သွား၏။ ဒီ ကောင်လေး မြနှင်းဆီကို တွန်းချမှာ မဟုတ်ပါဘူး ဟု တစ်ဖက်သတ် ငြင်းပစ်ချင် စိတ်ပင် ပေါက်လာသည်။

"မိန်းမတွေဟာ သိပ် ကြောက်စရာ ကောင်းတယ် ဆိုတာ အစ်ကို လက်ခံသလား ဟင်"

မိန်းမတွေ ကြောက်စရာကောင်းသလား မကောင်းဘူးလား စမ်းသပ်ဖို့ သူ့မှာ အခွင့်အရေး မရခဲ့ပါ။ သူသည် မိဘများ ကွယ်လွန်ပြီးချိန်မှ စ၍ ဦးလေးအပေါ်တွင် မှီခိုခဲ့ရသည်။ ဦးလေး၏ ညွှန်ကြားမှု၊ သွန်သင် ဆုံးမမှုဖြင့် သူ ဆယ်တန်း





အောင်ပြီးသောအခါ ဥပဒေပညာကို သင်ယူခဲ့ရသည်။ ရှေ့နေ တစ်ယောက်ဖြစ်ဖို့ အပြင်းအထန် ကြိုးစားခဲ့ရသည်။ သူ့ဘဝ တွင် ပတ်သက်ဖူးသမျှ မိန်းမများနှင့် ကြောက်စရာ ကောင်း ကောင်း သိရလောက်အောင်အထိ နက်ရှိုင်းသော ရင်းနှီးမှု မရှိခဲ့ပါ။ ခဏတစ်ဖြုတ်တွေ့၊ စိတ်ခံစားမှု အနည်းအပါးပေးပြီး လမ်းခွဲသွားကြသော အပေါ်ယံ ခင်မင်မှုလောက်ဖြင့်သာ တွေ့ခဲ့ရသည်။ သူကိုယ်တိုင်ကလည်း ယခုအချိန်အထိ ဘယ် မိန်းမအပေါ်မှ စွဲစွဲလမ်းလမ်း မနှစ်သက်ခဲ့ဘူးပါ။ ထို့ကြောင့် ကောင်လေး၏ မေးခွန်းကို ဖြေရန် သူ့မှာ အဖြေ မရှိပါ။

"အဲဒီ မိန်းမတွေထဲမှာ ဖြူဖြူအောင်ကော အကျုံးဝင် သလား"

သည်တစ်ခါ ဖြူဖြူအောင့် နာမည်ကြောင့် ကောင်လေး ၏ အသံ ကြီးမသွားပါ။ ဒေါသ မကြီးသည့် အပြင် မျက်နှာထား တင်းမာနေရာမှ လျော့သွားပြီး နူးညံ့သိမ်မွေ့မှုပင် အစားထိုး ဝင်ရောက်လာ၏။

"ဖြူလေးကတော့ သိပ်ကို အပြစ်ကင်းတဲ့ မိန်းကလေးပါ၊ ကျွန်တော် တွေ့ဖူးသမျှ မိန်းမတွေထဲမှာ ဖြူလေးက ချစ်စရာ အကောင်းဆုံး"

ဖြူလေး တဲ့။ ဖြူလေး ဟု စကားပြောနေချိန်တွင် မြဲစိုနေသော နှုတ်ခမ်းအစုံက ရိပ်ရိပ်ကလေး ပြုံးရောင်သန်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … တွေ့ဖူးသမျှဆိုတော့ မင်းက ဘယ်နှစ်ယောက် တွေ့ဖူးလို့လဲ"

"နှစ်ယောက်ပဲ လေ"

ထို့နောက် လက်ရှိ အခြေအနေနှင့် အကျဉ်းထောင် တစ်ခုကို မေ့လျော့စွာ နှစ်ယောက်သား ပထမဦးဆုံး အကြိမ် အသံထွက် ရယ်မောမိကြသည်။ ထိုအချိန်တွင် သူတို့ နှစ်ယောက်ကြားမှ ရင်းနှီးနှစ်လိုမှုမှာ လျင်မြန်စွာ တိုးတက်လာပြီ ဖြစ်ကြောင်း သူ သတိထားလိုက်မိသည်။

"ကဲ … အခင်းဖြစ်ပွားတဲ့နေ့ အကြောင်း မပြောခင် မင်းနဲ့ မြနှင်းဆီ အကြောင်း ကိုယ့်ကို ပြောပြဦး၊ ပြောတဲ့နေရာမှာ မြနှင်းဆီက ပြောတဲ့ စကားတွေ၊ မင်းက ပြောမိတဲ့ စကားတွေ၊ ပတ်ဝန်းကျင် အခြေအနေတွေ အားလုံး ပြောပြမှ ဖြစ်မယ်၊ ပြီးတော့ ဒီဇင်ဘာ ၁၁ ရက်နေ့ အကြောင်း ပြောကြတာပေါ့၊ ဒါနဲ့ မင်း ဆေးလိပ်သောက်တတ်သလား"

"ဟင့်အင်း"

"ကောင်းတယ်၊ ကိုယ်လဲ ဆေးလိပ် မသောက်တတ်ဘူး၊ တစ်ခါတစ်ခါတော့ အမှုသည်တွေ လေးစားအောင် ဆေးတံ သောက်ရမလား စိတ်ကူးတယ် ကွ၊ ဒါပေမယ့် ဆေးနံ့ကို ကိုယ် မခံ နိုင်ဘူး"



# အပိုင်း (နှစ်)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁။

အရေးတကြီး လိုအပ်ခြင်းသည် ချစ်မြတ်နိုးခြင်းနှင့် ဘာမျှ ဆိုင်ဟု လက်ခံ နားလည်နိုင်မည် ဆိုလျှင်တော့ မြနှင်းဆီသည် မြတ်စု၏ ဘဝတွင် အရေးကြီးသော မိန်းမ တစ်ယောက်ဟု ဝန်ခံလိုပါသည်။

မြနှင်းဆီနှင့် မတွေ့မီ ကာလများဆီက မြတ်စု၏ ဘဝတွင် ပထမ အရေးအကြီးဆုံးမှာ သူ၏ ကင်နွန် ကင်မရာ၊ ဒုတိယ အရေးကြီးဆုံးမှာ ဓာတ်ပုံရိုက်ရန် သူ့ကို ဆွဲဆောင်မည့် သက်ရှိ သက်မဲ့ ပတ်ဝန်းကျင်၊ တတိယ အရေးအကြီးဆုံးမှာ 'ဒါလီ ကိတ်ကာပ် ဆံပင် အလှ ပြုပြင်ရေး' ဆိုင်ပိုင်ရှင် ဖြူဖြူအောင် ဖြစ် သည်။

မြနှင်းဆီနှင့် တွေ့ပြီးသောအခါ မြတ်စု၏ ဘဝတွင် ရှေ့ နောက် အစီအစဉ် အနေအထားများ ပြောင်းလဲကုန်လေ သည်။

ဘင်ကြင်းမြိုင် ၁၃၄၅

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က အေးမင်းနှင့် သူ ဖြူဖြူအောင်ကို ဓာတ်ပုံရိုက်ဖို့ စီစဉ်ထားသော နေ့ ဖြစ်ပြီး မဂ္ဂဇင်း မျက်နှာဖုံး မိုဒယ်လ် ကောင်မလေး တစ်ယောက်၏ မင်္ဂလာဆွေးခံပွဲနေ့လည်း ဖြစ်သည်။

မင်္ဂလာဆွေးခံပွဲသည် ညနေ ၅ နာရီမှ ည ၈ နာရီ အတွင်း ဖြစ်သော်လည်း သူတို့ လူစု နောက်ကျလိမ့်မည်ဟု အသိပေးထားပြီးဖြစ်သည်။မင်္ဂလာသတို့သမီးသည် မြတ်စုနှင့်အေးမင်းတို့ ခင်မင်ရင်းနှီးသူဖြစ်သည်။ သူမ၏ ဓာတ်ပုံကို မဂ္ဂဇင်းမျက်နှာဖုံး အဖြစ် ရွေးချယ် အသုံးပြုရန် မြတ်စုတို့ သုံးလေးကြိမ် ကြိုးစား အောင်မြင် ခဲ့ကြ၏။ မြတ်စုနှင့် အေးမင်းက ဓာတ်ပုံဆရာများ အခန်းကဏ္ဍမှ ပါဝင်ခဲ့သလို ဖြူဖြူအောင်က မှုယာ့အတွက် မိတ်ကပ်နှင့် ဆံပင်ပုံစံကို အဆင်ပြေအောင် ဖြူပြင်ပေးခဲ့သည်။ မြတ်စုနှင့် ဖြူဖြူအောင်၏ ဖူးစာရေး နတ်မှာ မြား နတ်မောင် ကောင်ကလေး မဟုတ်ဘဲ ထိုသတို့သမီး မှုယာ ဖြစ်ခဲ့သည်။

"ကိုကိုရာ မှုယာ့ကိုပဲ မိုဒယ်လ် လုပ်ပြီး ရိုက်လိုက်ရင် ပြီး ရော၊ ဖြူလေး တစ်ခါမှ အဲလို အမူအရာ မလုပ်ဖူးပါဘူး"

နှုတ်ခမ်းပါးကလေးကို လှုပ်ရှ် မဲ့ကွေးလျက် ညည်းညည်း ညူညူဖြင့် ဖြူလေးက ငြင်းဆန်ခဲ့သော်လည်း သူတို့နှစ်ယောက် လုံး လက်မခံခဲ့ပါ။ ဖြူလေးကို ဓာတ်ပုံရိုက်ခံဖို့ နှစ်ရက်တိတိ ဖျောင်းဖျခဲ့ရ၏။





"မဟုတ်ဘူး ဖြူလေးရဲ့ အခုဟာက မိုဒယ်လ်ပုံ ရိုက်မှာ ဟုတ်ဘူးဆိုတာ ဖြူလေး အသိသားနဲ့၊ ကိုယ်က မာဇဒါ ကားကလေးရယ်၊ ပင်လယ်ပြင်ထဲကို ဝင်ခါနီး နေလုံးကြီးရယ်၊ ကားဘေးမှာ ရပ်နေတဲ့ မိန်းကလေး တစ်ယောက်ရယ် အဲဒါပဲ ရိုက်ချင်တာ၊ အဲဒီ မိန်းကလေးက ဖြူလေးပဲ ဖြစ်ရမယ်၊ အမူ အရာ ဘာမှ မလိုဘူး ဖြူလေးရာ....နော်၊ ကားဘေးမှာ ရပ်ပေး ကလေးပါ၊ ကင်မရာဘက်ကို မလှည့်ချင် မလှည့်နဲ့ ကွာ၊ ပင်လယ်ဘက်ကို ငေးနေလိုက် နော်၊ ဘာ အက်တင်မှ လုပ်စရာ လိုဘူး"

သည်တော့မှ ဖြူလေးက မူတူတူ မျက်နှာမေးဖြင့် ဆံပင်တို ကလေးများ ငြိမ့်ခနဲ အိကျသွားအောင် ခေါင်းကို ညိတ်လေ သည်။

သူက မာဇဒါကား ကုမ္ပဏီ ပြက္ခဒိန်ကို အခန်းမှ ဖြုတ်ယူ လျက် ဖြူလေးကို သွားပြရသည်။

"ဟောဒီမှာ ကြည့်.... ဒီထဲက မိန်းကလေးတွေ ဘယ်မှာ အမူအရာလုပ်လို့လဲ၊ တချို့ဆို မျက်နှာတောင် မပေါ်ဘူး တွေ့ အရေးကြီးတာက ကားရယ် လူရယ် ပတ်ဝန်းကျင် အနေ အထားရယ် တစ်ခုနဲ့ တစ်ခု လိုက်လျောညီထွေ ဖြစ်ပြီး ဆလိုက် ကြည်လင်ပြတ်သားဖို့၊ ပုံက ကြွလာစေဖို့ ပါပဲ ဖြူလေးရ.... "



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်နိုင်ငံ မာဇဒါ ကုမ္ပဏီမှ တစ်နှစ် တစ်ကြိမ် ကျင်းပသော မာဇဒါ ခေတ်ပုံပြိုင်ပွဲတွင် သူ သုံးနှစ်တိတိ ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုမရသေးသော်လည်း မြတ်စု လက်မလျှော့ပါ။

"ပြိုင်ပွဲ ခေါင်းစဉ်က ဘာတဲ့လဲ ကိုကို"

"**Have Some Fun** တဲ့"

"ဟင်....ဒါဆို ဖြူလေးက ပင်လယ်ဘက်ကို ငေးမှိုင်နေလို့ ဘယ်ဖြစ်မလဲ နော်"

ဖြူလေးက ပူပင်ရိပ်ကလေးဖြင့် စိတ်ဝင်တစား မေးတော့ သူ ပြုံးရယ်လျက် ခေါင်းညိတ်လိုက်၏။

"အေးပေါ့၊ နည်းနည်း ရယ်နိုင်ရင်တော့ ပိုကောင်းမှာပေါ့"

"ခစ် .... ဖြူလေး ရယ်ရင် မျက်စိပေါက် မရှိဘူးတဲ့"

သူ့ဟာ သူ သဘောကျသလို နှုတ်ခမ်းကို လက်ဖြင့် အုပ်ကာ ရယ်မောနေသော ဖြူလေးကို ကြည့်ရင်း ညနေခင်းနေရောင်နုနုနဲ့ ဖြူလေး အပြုံးနဲ့ သိပ်လိုက်ဖက်မှာပဲဟု တွေးနေမိသည်။ ဖြူလေးသည် ရယ်မောလျှင် တကယ်ပဲ မျက်စိ မှေးစင်း၍ ပါးကလေးက မို့တက်ကာ ကလေးမကလေး တစ်ယောက်လို ဖြစ်သွားသည်။

"ကိုကိုရော ဖြူလေးနဲ့အတူ ရိုက်မယ်ဆိုရင်တော့ ဖြူလေး ပျော်ပြီး ရယ်နေမှာပဲ"





ကလေးသဖွယ် နားဆွဲတန်းလန်းလေးကို ခါ၍ အရေးဆိုတော့ သူ ပြုံးရယ်ကာ ငေးမောမိသည်။

"ဟင်....ကိုကိုက ပြိုင်ပွဲဝင် ခေတ်ပုံရိုက်မယ့်ဟာ ဘယ်လိုပြီး ခေတ်ပုံထဲ ပါလို့ရမလဲ၊ အင်း တစ်ခုတော့ ရှိတယ်၊ လေးက ကိုကို့ စိတ်ကြိုက် နေပေးရင်တော့ ထရိုင်မေါ့ (ဒ်) ရိုက်မှာဆိုတော့ ဖြစ်နိုင်မလား မသိဘူး"

ဖြူလေးကို စနောက်ချင်စိတ်ဖြင့် ပြုံးရယ်ရင်း ပြောတော့ လေးက ဘာမှန်းညာမှန်း မသိဘဲ....

"အိုကေ နေမယ်၊ ဘယ်လိုလဲ ပြော" တဲ့။

"ဒီ ပုံစံမျိုးလေး"

သူက ၁၉၉၀ ပြည့်နှစ် မာဇဒါ ခေတ်ပုံပြိုင်ပွဲ ပထမဆုရ en Bager ၏ ခေတ်ပုံကို ထောက်ပြလိုက်သည်။

ခေတ်ပုံမှာ မာဇဒါ ကားကလေး အေးတွင် စုံတွဲရမ်လျက် ပုံ ဖြစ်သည်။ မြင်ကွင်း အကျယ်ထဲတွင် ကားက လက်ဝဲ အောက် ထောင့် တစ်နေရာမှာ ခပ်သေးသေး၊ ကား၏ ဘေးနေရာမှစုံတွဲကလည်း ခပ်သေးသေးလေးပေမယ့် သမီး ၏ ဘယ်ဘက် ခြေထောက်ကလေး ဒူးကွေး၍ သို့ မြှောက်ထားသည်ကိုရော၊ အမျိုးသား၏ ညာဘက် အမျိုးသမီး၏ ခေါင်းနောက်မှာ ထိန်းကိုင်ထားသည် ရှင်းလင်းပြတ်သားစွာ မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်....ကိုကိုကလဲ"

ဖြူလေး၏ ဖြူဝင်း ပါးလျှားသော ပါးပြင် နှစ်ဘက်လုံး ရဲခနဲ နီသွား၏။

ဖြူလေး၏ နှုတ်ခမ်းပါးကလေးများ ချိုမြလိမ့်မည် ဖြစ် ကြောင်း သူ စိတ်ကူးဖြင့်သာ တွေးကြည့်ဖူးပါသည်။ ဖြူလေး ကို ညီမကလေး တစ်ယောက်လိုရော၊ ခင်မင် ရင်းနှီးသည့် သူငယ်ချင်းလိုရော၊ ချစ်မြတ်နိုးစရာ ချစ်သူ တစ်ယောက် လိုပါ သူ ချစ်သော်လည်း ပန်းလှလှကလေး တစ်ပွင့်လို အရိပ် တကြည့်ကြည့် ငေးမောရုံဖြင့် သူ ပျော်ရွှင်ခဲ့သည်။ ထို့ကြောင့် လည်း ဖြူလေးနှင့် သူသည် ချစ်သူစုံတွဲ တစ်တွဲထက် မောင်နှမ နှင့် ပိုတူသည် ဟု သူ ငယ်ချင်း အေးမင်းက မကြာ ခဏ ထုတ်ဖော် ပြောလေ့ရှိသည်။ တကယ်လည်း မျက်နှာသွယ်လျှပ် အသား ဖြူဝင်းပုံ၊ မျက် လုံး လျှား လျှား မည်းနက်ပုံ တို့မှာ မျက်နှာချင်း ဆင်သယောင်ယောင် ရှိလေသည်။

တကယ်တမ်း ရိုက်ဖြစ်သည့် အခါမှာတော့ ဖြူလေးသည် အဆင်ပြေပြေကလေး ဖြစ်အောင် နေတတ်သူ တစ်ယောက်ဟု သူ လက်ခံသွားသည်။

ဖြူလေးသည် ပွရောင်းရောင်း ဝတ်စုံ အဖြူရောင်ကလေး ဝတ်ထားသည်။ အဖြူရောင်ဆိုပေမယ့် ခပ်ဝေးဝေးက ကြည့်





လျှင်သာ အဖြူရောင် ဖြစ်ပြီး အနီးကပ်ကြည့်လျှင် အဖြူပေါ် မှာ အနက်ပြောက်ကလေးများ ပါသော ပိတ်ပါးစ ဖြစ်သည်။ အင်္ကျီကို ခြေသလုံးတစ်ဝက်ပေါ်အောင် ဝတ်နေကျ ဖြူလေး အား သာမန်ထက် အနည်းငယ် ပိုရှည်အောင် ဝတ်ခိုင်းရ၏။ အင်္ကျီက ခါးစည်းကြိုး အနက်ဖြင့် အပြားကြီးကြီး တပ်ဆင် ချုပ်ထားသည်။ ထို ဝတ်စုံကို ဖြူလေး ယူလာသော ဝတ်စုံ လေးမျိုးထဲမှ သူ ရွေးပေးခြင်း ဖြစ်သည်။

ပြည်တော်သာတံတား မုခ်ဦး၏ ရှေ့ကျကျ ကမ်းနားလမ်း မှာ တစ်ကွက်ရိုက်သည်။ အနောက်ဘက် ပင်လယ်ပြင်ထဲသို့ ဝင်ခါနီး နေလုံး၏ ရောင်ခြည်သည် တံတားမုခ်ဦး၏ တိုင် အောက်ခြေမှ ဖြာလျက် ရပ်ထားသော မာဇဒါကား အနီရဲ လေးပေါ်သို့ ကျနေသည်။ ကား၏ရှေ့ တံခါးနားတွင် မတ်တတ် ရပ်နေသော ဖြူလေးကို နည်းနည်းကလေး ကန့်ကလျှဖြစ်စေ ရန် ကားကို မှီခိုင်းရ၏။

"ဖြူလေး စိတ်မပူနဲ့နော်၊ ကားလေးကလဲ သေးသေးလေး ပါမှာပါ၊ လူလေးကလဲ သေးသေးလေးပါမှာ၊ ပင်လယ်ပြင် ကြီးနဲ့ ပထော်တောင်ကြီးရဲ့ တစ်စွန်းတစ်စပဲ ပါမှာ သိလား"

ကမ်းနားလမ်း ပလက်ဖောင်းဘက်တွင် ရှိသော ကားကို လမ်း၏ တခြားဘက်မှ သုံးချောင်းထောက် စင်ပေါ်မှာ ကင်မရာ တင်လျက် စိတ်ရှည်လက်ရှည် စောင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူလေး ကင်မရာဘက်ကို မကြည့်နဲ့၊ ဟိုရေတမာပင်ကြီးတွေဆီ လှမ်းကြည့်နေ၊ အေးမင်း ဟိုရှေ့ သွားရပ်"

ပင်လယ်ဆီမှ တိုက်ခတ်လာသော လေခပ်ပြင်းပြင်းကို သူ ၅ မိနစ်လောက် ကြာအောင် စောင့်ရ၏။ လေတိုက်ခတ်ချိန်တွင် ဖြူလေး၏ ဆံပင်များ သည်ဘက်သို့ ဝေ့ခနဲ ဖွာလာသည်။ ထဘီ အနားက အနည်းငယ်လွင့်လျက် အင်္ကျီပွပွက လှုပ်ခတ်နေသည့် ထိုအချိန်မှာ ဖြူလေးကို ရယ်အောင် တမာပင်ဆီမှာ ရပ်နေသော အေးမင်းက လှမ်းစ လိုက်သည်။ ထိုအကွက်ကို သူ အမိအရ ရိုက်နိုင်လိုက်၏။

နောက်တစ်ကွက်ကို ကမ်းနားလမ်းအဆုံး အုတ်လက်ရန်းများ မရှိသည့် ကွက်သစ်ဘက်တွင် ရိုက်ဖြစ်သည်။ ကား အနီကလေးသည် သေးသေးကလေးဖြစ်ပြီး ပင်လယ်ပြင်အပြာကြီးသည် ကျွန်း တစ်ခုတလေမျှ မရှိဘဲ ကျယ်ပြန့်လျက်ရှိသည်။ နေရောင်သည် ပင်လယ်လှိုင်းများပေါ်ကို အရောင်တင်ပေးလျက်ရှိသည်။

"နောက်နေ့ကျမှ နီလာနဲ့ သားလေးနဲ့ ဂေါက်ကွင်းဘက် သွားရိုက်မယ်"

နီလာသည် အေးမင်း၏ဇနီးဖြစ်သည်။ အေးမင်း၏ အပေါင်းအသင်းများ အပေါ် အေးမင်းလိုပင် ရင်ထဲက လိုက်လျှော့မှုဖြင့် ရင်းနှီးချစ်ခင်သူ ဖြစ်၏။





"ဟေ့ ကောင် .... သားနဲ့ နီလာနဲ့ ရိုက်လို့ ဆုရရင် ငါ့ကို အခမရိကန်ဒေါ်လာ ထောင့်ငါးရာ ခွဲပေးရမှာနော်"

ထိုနေ့က ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ဖြစ်နေအောင် လေသာသာကလေး တိုက်ခတ်လျက်ရှိသော်လည်း မြတ်စု၏ ဘဝတွင် ပထမဆုံးသော မုန်တိုင်း အစပျိုးသောနေ့ ဖြစ်သည်။

မင်္ဂလာညစာခံပွဲကို ဈေးတန်းရပ်ရှိ သတို့သမီး၏ နေအိမ်တွင် ကျင်းပသည်။

ည ခုနစ်နာရီခွဲတွင် မြတ်စုတို့ထိုင်နေရာ အိမ်ရှေ့ မြက်ခင်းပြင်သို့ သတို့သမီးဆင်းလာရာ သတို့သမီးနှင့်အတူ အမျိုးသမီး တစ်ယောက် ပါလာသည်။

အမျိုးသမီးသည် အသက် ၂၅ နှစ်နှင့် ၃၀ အကြားဟု ခန့်မှန်းရ၏။ ဆံထုံး အမြင့်ကို နောက်စေ့၏ အထက် ထိပ်နားရောက်အောင် ခွေဝိုက်လျက် ထုံးနှောင်ထား၏။ လှပ ချောမောသော မျက်နှာမှာ သူမြင်ဖူးသမျှ မိန်းမများထဲတွင် ကျက်သရေအရှိဆုံးအလှဟု သူထင်သည်။ [သို့သော် နောက်ပိုင်း ထိုအထင်ကို သူ ပြန်ရုပ်သိမ်းလိုက်ရ၏။] နဖူး အစပ်က ဆံနွယ်နုနု ချွန်ချွန်ကလေးပေါ်အောင် နောက်သို့ဖြီးလှန်၍ သိမ်းထားသော ဆံပင်မှာ ခပ်ပွပွ မောက်မောက်ကလေး ဖြစ်သည်။ မျက်နှာမှာ



www.burmeseclassic.com

www.burmeseclassic.com



မိတ်ကပ်ပါးပါးကလေးသာ ရှိပြီး ဖောင်းကြွသော နှုတ်ခမ်းကို တော့ ပန်းနုပုလဲရောင် နှုတ်ခမ်းဆိုးဆေး တောက်ပစွာ ဆိုး ထား၏။ ပန်းရောင် နှင်းဆီ ငုံခါစ အဖူးကလေးလို စူလက်နေသော နှုတ်ခမ်းဖောင်းဖောင်းကလေးကို သူ ရုတ်တရက် ငေးမောပြီးမှ မျက်နှာလွှဲလိုက်၏။

"ကင်မရာမင်းတွေနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူက မှူယာ့ အကျီဝတ်စုံတွေ ဒီဇိုင်းထုတ်ပေးတဲ့ မမလေ၊ ရန်ကုန်က ပြောင်း လာတာ၊ မမြနှင်းဆီ တဲ့၊ မမ သူက မှူယာ့ကို မိတ်ကပ်ပြင်ပေး တဲ့ ဖြူဖြူအောင်၊ သူက ဓာတ်ပုံဆရာ ကိုမြတ်စု၊ သူက ဓာတ်ပုံ ဆရာ ကိုအေးမင်း တဲ့"

မြနှင်းဆီ၏ မျက်လုံးများသည် ဖြူလေးကိုတစ်လှည့်၊ မြတ်စု ကိုတစ်လှည့် အကဲခတ်ကြည့်ပြီးနောက်၊ မြတ်စုထံမှာ ခဏကြာ အောင် ငေးစိုက်ကြည့်ပြီးမှ နှုတ်ခမ်းလေး ကော့ပျံသွားအောင် ပြုံးလိုက်လေသည်။

"တွေ့ရတာ သိပ်ကို ဝမ်းသာတာပဲ၊ မြလေ .... ဘိတ်ကို ရောက်ကာမှ တစ်ခါမှ ဓာတ်ပုံ မရိုက်ရသေးဘူး၊ မြ ဓာတ်ပုံ ရိုက်ဖို့ ကြုံလာရင် အကူအညီ တောင်းပါရစေနော်"

ရန်ကုန်သူ ပီသစွာ စကားကို တိုးတိုးကလေး ချိုမြ နူးညံ့ အောင် ပြောတတ်လေသည်။





"ဟုတ်ကဲ့ ရပါတယ် မမြနှင်းဆီ၊ မြတ်စုနဲ့ ကျွန်တော်က သိမ်တော်ကြီး ဘုရားပေါ်မှာ ဓာတ်ပုံဆိုင် ဖွင့်ထားပါတယ်၊ အချိန်မရွေး ပြောပါ"

စကားသံ တိတ်ဆိတ်သွားသောမြတ်စုကိုယ်စား အေးမင်းက ခပ်သွက်သွက်ဝင်ပြောသည်။ မြနှင်းဆီ၏မျက်လုံးများသည်မြတ်စု ကို နောက်တစ်ကြိမ် စူးစိုက်စွာကြည့်ပြန်၏။ စိမ်းမှောင်နေသော မျက်ဝန်းများမှာ ဖန်မီးရောင်တွင်အရောင်က တဖျတ်ဖျတ်လက် နေသလို အားကောင်းလှသဖြင့် မြတ်စု ကြာရှည် မျက်လုံးချင်း မဆုံရဲဘဲ ဖုတ်ခနဲ မျက်လွှာချပစ်လိုက်ရလေသည်။ ထိုအခါ မြနှင်းဆီက ရဲဝံ့သော အပြုံးဖြင့် ခေါင်းညိတ် နှုတ်ဆက်သည်။

"ခွင့်ပြုပါဦး နော်"

မြနှင်းဆီ၏ ကျစ်လျစ်ပြေပြစ်သော ကိုယ်လုံးသည် ခပ်ပွပွ အကျီအောက်မှာ သိသာစွာ ပေါ်လွင်နေ၏။ မင်္ဂလာဧည့်ခံပွဲ ဖြစ်၍ အများတကာက ဇင်းမယ်လုံချည်များ ရောင်စုံဝတ်လာ ချိန်တွင် မြနှင်းဆီသည် ဂျပန်ကီမိုနို ပန်းနုဖျော့ဖျော့၊ ခပ်စိပ်စိပ် အဆင် ထဘီကို ဝတ်ထားသည်။ အကျီမှာ ပျော့အိသော ပိတ်စ လက်ရှည်လက်စည်း၊ လုံခြုံသော လည်ပင်းပုံစံ ဖြစ်သည်။

သူ့ မြင်ကွင်းတွင် ဧည့်ခံပွဲလူများနှင့်ကွယ်၍ မြနှင်းဆီပျောက် သွားတော့မှ သူ အသက်အောင့်ထားမိကြောင်း သူ့ဖာသာသူ သတိထားလိုက်မိကာ အားရပါးရ အသက် ရှူလိုက်၏။ သုံး ယောက်သား ရယ်မောပျော်ရွှင် ဆူညံနေခဲ့သည့် စကားဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



သည် ခဏအတွင်း တိတ်ဆိတ်သွား၏။ ဖြူလေးသည် ရေခဲမုန့်ဖန်ခွက်ကလေးကို စိုက်ကြည့်နေသည်။

"မြတ်စု ရေ၊ ငါ ကားသွားပြန်အပ်လိုက်ဦးမယ်၊ မင်းတို့ နေခဲ့ဦးမှာ မဟုတ်လား"

"ဟုတ်ကဲ့အင်း" မြတ်စု ကမန်းကတန်း ဘာကြောင့် ငြင်းလိုက်မိမှန်း မသိပေ။

"ကိုကိုးပြန်ချင်ပြန်ခွင့်လေ၊ ဖြူလေးကို သူတို့ လိုက်ပို့လိမ့်မယ်၊ မိတ်ကပ် ဆရာမဆိုတာ သတို့သမီး အနားမှာ ညှော်ခံပွဲမပြီးမချင်း နေရမှာ ကိုကိုရ"

ဖြူလေးက ပြန်နှင့်စေချင်သော်လည်း တစ်ခဏ အတွင်း မြတ်စု စိတ်ပြောင်းသွား၏။ ဖြူလေးနှင့်တွေ့ရသည့် အခွင့်အရေးမှာ နည်းပါးလွန်းသဖြင့် မင်္ဂလာညှော်ခံပွဲ ပရိသတ်၏ရှေ့တွင် တစ်စားပွဲတည်း ထိုင်ကာ ဖြူလေးနှင့် တမေ့တမော စကား ပြောချင်စိတ်ဖြင့် ဆက်ထိုင်နေလိုက်သည်။

"ဖြူလေးမပြန်သေးရင် နေလိုက်ဦးမယ်ကွာ၊ ဖြူလေး ကိုကို နေခဲ့မယ်နော်"

ဖြူလေးက နှုတ်ခမ်းလေး မဲ့ကွေးလျက် မျက်စောင်းထိုး၏။

"ကိုယ် ဖြူလေးနဲ့ စကားအကြာကြီးပြောချင်တာ၊ မျက်နှာချင်းဆိုင်ပြီး တမေ့တမော ပြောချင်တာ"





"ဖြူလေးက မှုယာ့ အနားသွားပြီး လိုတာလုပ်ပေးရဦးမှာ ... ကို ရ....၊ ပြန်ပါ ကွာ၊ တော်ကြာ...."

"ဘာဖြစ်လဲ တော်ကြာ"

ဖြူလေးက ပခုံးလေးတွန့်ကာ မှန်မှန်ကလေး ပြုံးနေသည်။ ... လေး၏ တော်ကြာ ဟူသော စိုးရိမ်စကားသည် ဘာကိုဆိုလို ... သူ နောက်ကျမှ သဘောပေါက်ခဲ့ရ၏။

ဖြူလေး သတို့သမီး အနားသွား၍ မိတ်ကပ်နှင့် ပတ်သက် ... အနည်းအကျဉ်း ဖြည့်စွက် ပြင်ဆင်ပေးခိုက် စားပွဲမှာ သူ ... ယောက်တည်း ငုငုကြီး ထိုင်မနေချင်သဖြင့် လမ်းထွက် ... လျှောက်မိသည်။ ပထမတော့ ကမ်းနားလမ်း တစ်လျှောက် ... ဖို့ စိတ်ကူးသည်။ သို့သော် ဖြူလေး သူ့ကို လိုက်ရှာနေရ ... ခိုး၍ ဝေးဝေး မသွားချင်။ ရေတမာပင် တစ်ပင်၏ အရိပ် ... ခဏရှင်ဖို့ စိတ်ကူးဖြင့် ခြေလှမ်း ခပ်စိပ်စိပ် လှမ်းမိသည်။ ... ငါး လှမ်းပဲ လျှောက်ရ သေးသည်။ ညက်ညောသော ... ဆိုင်ကယ်စက်သံ တစ်ခု သူ့နောက်သို့ ရောက်လာသည်ကို ... ကြားလိုက်မိ၏။ ဖြူလေးမှာ ဆိုင်ကယ် မပါမှန်း သူ ... သော်လည်း ဖြူလေးများ လိုက်လာသလားဟု ရုတ်တရက် ... ကြည့်တော့ သူ ဒိတ်ခနဲ ရင်ခုန် လှုပ်ရှားသွား၏။

ည အမှောင် လမ်းမီးရောင် မှိန်ဝါးဝါး အောက်တွင် ... ဆိုင်ကယ်ကို ခြေတစ်ဘက် ထောက်ရပ်လျက် ပြုံးကြည့်နေသော ... ဆီ၏ မျက်လုံးများမှာ အရောင်လက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်စု မဟုတ်သား၊ ပြန်တော့ မလို့လား"

ချိုရှ နွဲ့သော အသံမှာ သူမထံမှ ထုံသင်းသော ရနံ့ ယဉ်ယဉ်ကလေးနှင့် အတူ သူ့ကို ဖူးမျှား ညွတ်ခွေသွားအောင် ဖမ်းစားလိုက်လေသည်။

"ဩော် .... မ .... မပြန်သေးဘူး၊ လူတွေ များတာနဲ့" သူ့ စကားက အထစ်ထစ် အငေါ့ငေါ့။

"ကိုယ် လိုက်ပို့ရမ--ား ဟင်၊ အား မနာနဲ့ နော်"

အမျိုးသမီး၏ ပြုံးယောင်ယောင် နှုတ်ခမ်းငုံကလေးကို သူ မျက်နှာလွှဲလိုက်ပြီး ခေါင်းယမ်းလိုက်၏။ လက်ဖျားတွေ ရှတ် တရက် အေးစက်ကာ အခုနေ ဖြူလေး ရောက်လာရင် ကောင်း မှာပဲဟု အားကိုးရှာမိသည်။ သူ ဤ အမျိုးသမီးကို လန့်ဖျပ်နေ သည်မှာ သဘာဝကျသော ဖြစ်ရပ် မဟုတ်မှန်းလည်း သူ ကိုယ်သူ သိသည်။

"ဟင် .... ပြန်ရင် လိုက်ပို့မယ် လို့၊ ဘယ်လိုလဲ"

အမျိုးသမီးက အိမ်မွေး တိရစ္ဆာန် ကောင်ကလေး တစ်ကောင်ကို ချစ်စနိုးကြည့်သော အကြည့်ဖြင့် မြတ်စုကိုကြည့် နေသည်မှာ စတော့ နောက်တော့မလို ထင်ရသည်။ ထို့နောက် ဆိုင်ကယ် စက်ကို ရပ်ကာ မြေပြင်ပေါ် ဆင်းရပ် လိုက် လေ သည်။ မြတ်စု၏ ပါးပြင်များ ပူနွေးသွားအောင် ရှက်စိတ်ဖြင့် ခေါင်း ထပ်ယမ်းလိုက်ပြန်၏။





"ဘင့်အင်း မပြန်သေးပါဘူး၊ မင်္ဂလာဆောင်မှာ ဖြူလေး [illegible]န်နေသေးတယ်"

ဖြူလေး နာမည်ကို ဘာကြောင့် ထည့်ပြောမိမှန်း မသိ။ အမျိုးသမီးက နှုးညံ့စွာ ခပ်ဖွဖွ ရယ်မောဖော်၏။

"ဖြူလေးဆိုတာ အဖြူရောင်ဝတ်စုံနဲ့ ကောင်မလေးကို [illegible]ဘာလား"

သူ ပြန်မဖြေဘဲ ဘယ်လို နှုတ်ဆက်ပြီး ထွက်ရပါ့မလဲ ဟု [illegible]တုတ်နေမိသည်။

"ကိုယ် ထွက် လာ တော့ မြတ်စု ရဲ့ သူ ငယ် ချင်း မ လေး [illegible]သမီးနဲ့ အတူ ဓာတ်ပုံ တွဲရိုက်နေတယ် လေ"

[illegible]နှင်းဆီက ဆိုင်ကယ်လက်ကိုင်ကို ထိန်း၍ မတ်တတ်ရပ် [illegible]သောအခါ သူ့ အရပ်နီးပါးရှိကြောင်း တအံ့တဩ သတိ [illegible]ားမိသည်။ ကိုယ်သင်းနံ့ ချိုချိုကလေးက ယခင်ကထက် ပို၍ [illegible]ကာင်လာသည်။ မြနှင်းဆီ၏ မျက်လုံးများမှာ သူမ တစ်ကိုယ် [illegible]တွင် အားအကောင်းဆုံး ဖြစ်လိမ့်မည်။ ထို မျက်လုံးများကို [illegible] ကြည့်မိတိုင်း ရင်ထဲက တစ်စုံတစ်ခု ဆွဲထုတ်ယူခံရသလို [illegible]ခနဲ ဟာဟာသွား၏။

"အဲဒါ သူငယ်ချင်း မဟုတ်ဘူး ခင်ဗျ၊ ကျွန်တော့် ရှစ်သူ [illegible]"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမျှ ဘယ်သူ့ကိုမျှ ဖြူလေးနှင့် သူ သမီးရည်းစား ဖြစ်ကြောင်း သူ့ဘက်က စတင် ထုတ်ဖော်ပြောလေ့မရှိ... သော မြတ်စုသည် ယခု တစ်ကြိမ်မှာ ဘာကြောင့် ပေါ်တ... ကြီး ပြောလိုက်မိမှန်း မသိ။

သူ့စကားကြောင့် မြနှင်းဆီက ရယ်မောပြန်သည်။ သူမ... မျက်နှာထားမှာ ပြုံးချိုနေပြီး ကလေး တစ်ယောက်ကို အ... လိုက်တော့မည့် မိခင်တစ်ယောက်၏ ပုံစံ ဖြစ်သွားပြန်၏။

"ဩော်.... ဩော်၊ ကောင်းပါပြီ၊ အဲဒီ ချစ်စရာ ညီ... ကလေးဟာ မြတ်စုရဲ့ ချစ်သူပေါ့၊ မောင်နှမကလေးလိုပဲ လို... ဖက်လိုက်တာ၊ ဒါနဲ့ မြတ်စုက ဘိတ်သား မဟုတ်ဘူး ထင်တ... နေ့ဘ်"

"ကျွန်တော်က မန္တလေးသားပါ"

"ဩော်....ကဲ....ကဲ မပြန်သေးဘူးဆိုသဲ နေ့ခဲ့၊ ကိုယ် ပြန်မှ... မယ် ဟုတ်ပြီလား၊ ဂွတ် (ဒ်) နိုက် (တ်)"

သူသည် ရင်ထဲမှာ ပေါ့ပါး သွားလျက် ခပ် ရှိုင်းရှိုင်းပ... ပြန်မနှုတ်ဆက်ဘဲ နေမိသည်။

ဆီးချောင် ဆူပါကပ်ကလေး ငြိမ့်ခနဲ ပြန်ကွေ့ထွက်သွား... တော့မှ သူ့ လက်နှစ်ဘက်မှာ ချွေးစေးပြန်နေကြောင်း သိလိုက်... ရသည်။ တော်ပါသေးရဲ့ ဖြူလေး ကယ်ပေလို့ ပဲ။ သို့သော်... ယခုမှ သူ့ဟာ သူ သဘောကျကာ အသံထွက် ရယ်လိုက်မိ...





...မီးသမီး ကြည့်ရတာ ပြုံးပုံ စကားပြောပုံကတော့ ဣန္ဒြေရရ ...သင်သာသာပဲ။ ငါ့အပေါ် ဆက်ဆံတာလည်း ကလေး ...ယောက်ကို စနေသလိုပဲ။ သွေးရိုးသားရိုး ရင်းနှီးချင်တာ ...င် အားနာစရာပဲ။ သူ့ မျက်လုံးကိုက စူးရှလွန်းလို့နဲ့ တူပါရဲ့။

သူ၏ ဖြေသိမ့်တွေးသော စိတ်သက်သာရာရမှုသည် မှား...င်းကြောင်း နောက်တစ်နေ့ နံနက်မှာပင် သိရသည်။

*

နောက် တစ်နေ့ နံနက် ၆ နာရီခွဲတွင် မြတ်စု အိမ်ရှေ့... ...တံခါးကို အပြင်မှ တဒုန်းဒုန်း ထုသံကြောင့် အိပ်ရာမှ ...သာရ၏။ ပထမတော့ အေးမင်းနှင့် နီလာများလား ဟု တွေး ...မိသည်။ ယနေ့ ဂေါက်ကွင်းတွင် မာဇဒါ ကားနှင့် ခေါက်ပို... ...ရန် နီလာတို့ သားအမိကို ချိန်းထားသည်။ သို့သော် ချိန်း ...သည့် အချိန်က နံနက် ရှစ်နာရီ။ ယခု နာရီကို ကြည့်လိုက် ... ၆ နာရီခွဲ၊ အင်းလေ သူတို့ အိမ်က စောစောထွက်ချင် ...ဖြင်မှာပေါ့၊ အခု သွားရင်းနဲ့ ကားကို တစ်ခါတည်း ငှားမှာ ...ပါရဲ့။

...ညက ဖလင်တွေ ဆေးနေ၍ အိပ်ရေးပျက်ကာ ကျိန်းစပ် ...သော မျက်လုံးများကို ပွတ်သပ်လျက် အိပ်ရာ ဘေးတွင် ...နေသော ပုဆိုးကို ဘောင်းဘီတိုပေါ်မှာ ကောက်စွပ်လိုက် ...၏။



www.burmeseclassic.com

www.burmeseclassic.com



"လာမယ်ကွ သိပ်မထုနဲ့၊ ဘေးခန်းတွေ နိုးကုန်မယ် ခပ်ကျယ်ကျယ် အော်ဟစ်ကာ ပုဆိုး တရွတ်တိုက်ဖြင့် တံခါး သွားဖွင့်ပေးလိုက်သည်။

သူ နှလုံးခုန် ရပ်လုနီးပါး တစ်ကိုယ်လုံး အေးစက်သွား မှ ဖြူနီးခနဲ ပါးပြင်များ နွေးပူသွား၏။

"အိပ်လှချည်လား ခေတ်ပုံ ဆရာလေးရဲ့"

ဘုရား....ဘုရား။

သူ့ ရှေ့တည့်တည့်တွင် ရပ်ထားသော ဆီးရောင် ဆူပါ ဆိုင်ကယ်လေး၏ လက်ကိုင်ပေါ် တံတောင် တစ်ဘက် ကလျ ထောက်ကာ ရပ်နေသော အမျိုးသမီး၏ နှုတ်ခမ်းမှ ပြုံးလျက် ရှိလေသည်၊ ကျောလယ်လောက် ရှိမည့် ဆံပင်များ ကို သည့်အတိုင်း ဖြန့်ချထား၏။ နံနက်ခင်း အလင်းရော ဖျော့ဖျော့အောက်မှာ သူမ၏ ပြာလွင်သော ဝတ်စုံသည် လန်းဆန်း တောက်ပလျက်ရှိ၏။ အင်္ကျီက လည်ပင်း လို သော ကော်လာနှင့် ဘလောက်စ် အင်္ကျီ ပွပွကြီး ဖြစ်သည်။

"ဘာကိစ္စလဲ ဟင်...."

လူမှုရေး မသိတတ်သူ တစ်ယောက်ပမာ တုံးတိတိ မေးတော မြနှင်းဆီက အသံထွက်၍ ရယ်မောသည်။ သူမ ရယ်သံကြော သူ မလုံမလဲဖြစ်ကာ ချော့ရဲရဲ ပုဆိုးကို ပြင်ဝတ်ဖို့ စိတ်ကူ လိုက်သေး၏၊ ပြီးမှ စူးရှ တောက်ပလွန်းသော အမျိုးသမီး၏





မျက်လုံးများ အောက်တွင် ပုဆိုး ဖြန့်မဝတ်ရဲဘဲ အိမ်အတွင်း ခြေတစ်လှမ်း ဆုတ်လိုက်မိသည်။

"ကိုယ် မနက်စောစော ခေတ်ပုံရိုက်ချင်စိတ် ပေါက်လာလို့ ဗျာ"

ဒုက္ခပါလား။

"အေးမင်းတို့ အိမ်ကို သွားလိုက်ပါလား၊ အေးမင်းက ကျွန်တော့်ထက် ခေတ်ပုံရိုက် စိတ်ရှည်တယ်၊ ကျွန်တော်က သင်ဆေး၊ ခေတ်ပုံကူး အလုပ်ပဲ စိတ်ရှည်တာ"

မြနှင်းဆီက ရိပ်ရိပ်ကလေး ပြုံးလျက် ခေါင်းယမ်းသည်။

"ခေတ်ပုံ ရိုက်မယ့် ကာယကံရှင် တစ်ယောက်ဟာ သူ့ စိတ်ကြိုက် ခေတ်ပုံဆရာကို ရွေးချယ်ခွင့် မရှိဘူးဆိုတဲ့ သဘော လား ဟင်"

သေတော့မှာပဲ။ ခင်ဗျားက ကျုပ် ခေတ်ပုံတွေ ဘယ်နှစ်ပုံ ကြည့်ဖူးလို့တုံး။

စိတ်ရှိလက်ရှိ မပြောမိအောင် အားနာတတ်သော အကျင့် က ထိန်းချုပ်ထား၏။

"မဟုတ်ဘူး ခင်ဗျ၊ ကျွန်တော်က စီးပွားဖြစ် ခေတ်ပုံ သိပ် ရိုက်တတ်ဘူး၊ လူပုံ ရိုက်တာလဲ အေးမင်းလောက် မကျွမ်း ကျင်ဘူး၊ ကျွန်တော့် ခေတ်ပုံတွေကို လူပြိန်း ဖောက်သည်တွေ သဘောကျ မခံကြဘူး"



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဆီက တံခါးဝသို့ တိုးကပ်လာသဖြင့် သူ နောက်သို့ တစ်လှမ်း ထပ်ဆုတ်လိုက်၏။ သူမထံမှ သင်းမွှေးသော ရနံ့က သူ့ကို ယစ်မူးအောင် ပြုစားနေသလို ထင်ရသည်။ တော်တော် ဒုက္ခပေးမယ့် အလှ။

"စီးပွားဖြစ် ခေတ်ပုံ....ဟုတ်လား၊ အင်း....ကိုယ့်ကို လူပြိန်း တစ်ယောက်လို မင်း ပြောလိုက်တာပဲ၊ ကိုယ် မနာပါဘူး။ ဒါပေမယ့် ကိုယ့်အကြိုက်နဲ့ မြတ်စု အကြိုက် တစ်ထပ်တည်း ဖြစ်မယ်လို့ ကိုယ် လောင်းရဲတယ်"

"ကျွန်တော် ရေချိုးဦးမယ်၊ ပြီးမှ ခေတ်ပုံ ရိုက်သင့် မရိုက်သင့် ကိစ္စ ဆွေးနွေးကြတာပေါ့"

သူ ယောကျာ်းကြီး တစ်ယောက် ၏ အသုံးအနှုန်းဖြင့် ခပ်တည်တည် ပြောတော့ မြနှင်းဆီက မျက်နှာမော့လျက် ရယ် သည်။

"ကောင်းပါပြီ ရှင် .... သိပ်တော့ မကြာစေနဲ့ပေါ့၊ ကိုယ် ဒီ အခန်းထဲ ကြာကြာနေရင် ပတ်ဝန်းကျင်က မင်းနဲ့ ကိုယ့် အပေါ် တစ်ခုခု ကောက်ချက်ချပစ်လိုက်လိမ့်မယ်"

လဲ သေလိုက်ပါလား။

သူ စိတ်ဆိုးမာန်ဆိုး လှည့်ထွက်တော့ မြနှင်းဆီ၏ ကြည် လင်သော ရယ်သံက ရေချိုးခန်းထဲအထိ ပျံ့လွင့် ပါလာသည်။ ရယ်သံကိုက အပေါ်စီး ရယ်သံမျိုး။





သွားတိုက်တာ ရေချိုးတာ ၁၀ မိနစ်သာကြာ၏။ သူ ထွက် လာတော့ မြနှင်းဆီက သူ့ကို စူးစူးရဲရဲ လှမ်းကြည့်နေသည်။ သူသည် နွေ နံနက်ခင်း ဖြစ်လျက် ကိုယ်ထဲက စိမ့်ခနဲနေအောင် အေးစက်သွားသည်။

ဆံပင်ကို ရေစင်အောင်မသုတ်နိုင်ဘဲ ရှပ်လက်ရှည်တစ်ထည် ကို ကောက်ဝတ်၊ ယောပုဆိုး ရှားညိုရောင်ကို ဆွဲထုတ်လျက် ဝတ်လိုက်သည်။ ထိုမိန်းမကို အထပ်ထပ်ကျိန်ဆဲလျက် ခေါင်းကို ဘီးဖြင့် ခပ်ကြမ်းကြမ်း ဖွသပ်ကာ ရေတွေ ခါထုတ်ပစ်လိုက် သည်။ ဘီးရှာနေရန် အချိန်မရှိပါ။ သူသည် ဤမိန်းမ ရှိနေ သမျှ ရင်အေးရမည် မဟုတ်ပါ။

သူ ထွက်လာတော့ မြနှင်းဆီသည် ခေါင်းရင်းနံရံဖွင့် ကပ် ရင်းလျက် လက်ပိုက်ကာ ပြုံးနေသည်။

"မြန်လှချည်လား"

မြနှင်းဆီ၏ ထင်မြင်ချက်ကို သူ ဘာမျှ အသိအမှတ်မပြုဘဲ အိမ်ရှေ့ တံခါးတွင် မတ်တတ်ရပ်လျက် တစ်ဝက်ပိတ်နေသော တံခါးကို တွန်းဖွင့်လိုက်သည်။

"ကျွန်တော့်ကင်မရာထဲမှာ ရှိနေတဲ့ ဖလင်လိပ်က နက်ဂတစ် ရောင်လိပ် မဟုတ်ဘူး၊ ဆလိုက်ဖလင်လိပ် ဖြစ်နေတယ်၊ ဒီတော့ ခင်ဗျား ရိုက်ချင်တဲ့ ခေတ်ပုံ ရိုက်လို့မရဘူး၊ နောက်ပြီး ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



မနက် အေးမင်းရဲ့မိန်းမ နီလာကို သူ့သားလေးနဲ့ ကာလာ ဆလိုက်ရိုက်ဖို့ ချိန်းပြီးသားလဲ ဖြစ်နေတယ်''

မြနှင်းဆီက တခါးရှိရာသို့ လျှောက်လာပြီး ပြုံးပြုံးကလေး ခေါင်းညိတ်သည်။

''ရေချိုးရင်း စိတ်ကူးတဲ ပေါ်လာတဲ့ အကြောင်းပြချက် မဟုတ်ဘူးဆိုတာ ကိုယ်သိပါတယ်၊ မနေ့က ဖြူလေးကို ဓာတ်ပုံ ရိုက်နေတာ ပြိုင်ပွဲဝင်ဖို့ဆိုတာ မူယာက တစ်ဆင့် သိပြီးသား၊ ကိုယ်က မြတ်စုမှာ ကင်မရာနှစ်လုံး ရှိတယ်လို့ ယူဆထားလို့ပါ''

သူ့မျက်နှာနည်းနည်းပူလျက် ခေါင်းယမ်းလိုက်သည်။ ယာရှိကာ ကင်မရာတစ်လုံး ရှိသေးကြောင်း မြနှင်းဆီ မသိနိုင်ဟု သူ ဖြေသိမ့် တွေးလိုက်၏။ အို.... သိတော့ရော ဘာဖြစ်သေးလဲ။

''ဘယ်မှာရိုက်မယ် စိတ်ကူးထားလဲ''

''ဂေါက်ကွင်း''

အင်း.... လိုက်များ လာဦးမှာလား။

''ကောင်းတယ်၊ ဂေါက်ကွင်း မြက်ခင်း အစိမ်းကလေးနဲ့ ကားအနီကလေးနဲ့.... ကောင်းကင် အပြာရောင် နဲ့''

ကြည့်စမ်း၊ ဒီ မိန်းမ ကားအနီနဲ့ ရိုက်မှာလည်း သိနေပြန်ပြီ၊ တော်တော်လျှင်ပါလား။

''မင်း အံ့သြအောင် ပြောတာ မဟုတ်ဘူး နော်၊ ကိုယ် အိတ်တီဆဲဗင်း တုန်းက မာဇဒါကား ဓာတ်ပုံပြိုင်ပွဲ တစ်ခါ





ခဲ့ဖူးတယ်၊ ခေါင်းစဉ်က မာဇဒါကားများ၊ ထရပ်ကားများနှင့် ...ာဒ်ရှင်မှုယူခြင်း .... လေ''

သူက တအံ့တသြ လှမ်းကြည့်လိုက်တော့ မြနှင်းဆီက သူ့ကို ကြည့်ဘဲ ဖြက္ခဒိန်မှ ဂျပန်မလေးကို ငေးနေသည်။ ၁၉၇၇ ...တော့ သူ ပထမဆုံး ပြိုင်ပွဲဝင်သည့် နှစ်ပေါ့။

''မင်္ဂလာဒုံ အဝင်လမ်းမှာ သွားရိုက်တာ၊ ကိုယ် သိပ်ညံ့ ...ားမှန်း သိလိုက်တယ်၊ စိန်ပန်းပွင့်တွေ ကြွေနေတဲ့ လမ်းပေါ် ...ာ ကားအနီရောင်နဲ့ သွားရိုက်မိတယ်၊ ထွက်လာတဲ့ ဆလိုက် ...က မျက်စိရှုပ်စရာကြီး ဖြစ်သွားတယ်လေ၊ နောက်ပြီး ရိုက်တဲ့ ...ချိန်က မနက်ခင်း နေထွက်စ အချိန်၊ အပြင်မှာ သိပ်ကိုလှနေ ...ယ်၊ ကိုယ် မောနင်းဖီလ်တာ မတပ်မိဘဲ ရိုက်ပစ်လိုက်တာ၊ ...ာ.... ဘာပြောကောင်းမလဲ ဆလိုက် တစ်ခုလုံး နီရဲနေတာပဲ၊ ...ါပေမယ့် အတွေ့အကြုံရအောင် ကိုယ် ပို့လိုက်တယ်၊ အညံ့ ...ဓာတ်ပုံ ရွေးရင် ကိုယ်ရမှာပဲ''

မြနှင်းဆီနဲ့ ပတ်သက်သမျှ အထူးအဆန်းချည်းပါလား။

''မင်း ဆာ မဆာတော့ မသိဘူး၊ ကိုယ်တော့ ဝမ်းဟာနေ ...''

သူမက ဘိတ်လို ပြောပြီး ရယ်မော၏။

ဆာရင် ပြန်ပေါ့။ သို့သော် သူ ယဉ်ကျေးစွာ ပြုံးနေလိုက်ပါ ...သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ ကတ်ကြေးကိုက် သွားစားကြရအောင်"

"ဟာ .... မဖြစ်ဘူး"

သူ ကမန်းကတန်း ငြင်းတော့ မြနှင်းဆီက မျက်ခုံးပင့်၍ မေးဆတ်သည်။

"ဘာလို့လဲ"

"နီလာနဲ့ ချိန်းထားတာလေ .... အဲဒါ"

"မာတ်ပြီလေ .... အခု သွားရင်းနဲ့ နီလာ့ကို ဝင်ပြောတာ ပေါ့၊ ဂေါက်ကွင်းကိုသွားဖို့ဥစ္စာ 'ကြောင်ငယ်'ထဲကနေ စောင့် မှာလား၊ အစီပွာယ် မရှိတာ၊ နီလာတို့က သိမ်တော်ကြီးကုန်း ခြေမှာဆို အဲဒီကို ဝင်ပြောမယ်လေ"

အင်း .... နီလာတို့ အိမ်ကိုလည်း သူ သိနေရပြန်ပြီ။ သူ တော်တော် စိတ်ဓာတ် ကျသွား၏။

"နောက်ပြီး ကျွန်တော် ကတ်ကြေးကိုက် မကြိုက်ဘူး"

"အိုး...ဘိတ်သူနဲ့ယှဉ်မယ့်သူက ကတ်ကြေးကိုက် မကြိုက်လို့ ဘယ်ဖြစ်မလဲ မြတ်စုရဲ့၊ ထားပါတော့ မင်း မကြိုက်ပေမယ့် ကိုယ်ကြိုက်တယ်လေ၊ လာ သွားစို့၊ ကိုယ်တစ်ယောက်တည်း စားရမှာ ပျင်းလို့ပါကွယ်"

သေလိုက်ပါလား ဗျာ။





မထိတရီ ပြုံးနေသော ဆေးရောင် မခြယ်သည့် နှုတ်ခမ်းနု ကလေးများမှာ မြတ်စုနှင့် အလွန်နီးကပ်နေ၏။ သူ အာခေါင် တွေ ခြောက်သွေ့ကာ ရေငတ်သွားသည်။

"ဟင်....ဘယ်လိုလဲ ကိုယ့်ကို ဘာလို့ ဒီလောက် ကြောက်နေ တာလဲ ကလေးရဲ့"

ကလေးရဲ့ ဟူသော လှောင်ပြောင်သံအောက်တွင် သူ့ မခံ ချင်စိတ်များ ဖြုန်းခနဲ ပေါ်လာ၏။

"ကျွန်တော် ခင်ဗျားကို ဘာလို့ ကြောက်ရမှာလဲ"

ခပ်ဆတ်ဆတ် သူ့ စကားကြောင့် မြနှင်းဆီ အသံထွက် ရယ်မောပြန်၏။ သည်လိုနှင့်ပင် မြနှင်းဆီ၏ ဆိုင်ကယ်နောက်မှာ သူ ထိုင်ဖို့ အကြောင်း ပေါ်လာ၏။

"မင်း ရှေ့က မောင်းမလား ဟင်" သူမက နွဲ့နွဲ့ကလေး မေးသည်။

"ဟာ .... ကျွန်တော် မစီးတတ်ဘူး"

သသာ ရှေ့ကနေစီးမိလျှင် လက်နှစ်ဘက်လုံးအားနေသော အမျိုးသမီးက သူ့ ခါးကို မဖက်ဘူးလို့ ဘယ်လိုလုပ်ပြီး ယုံကြည် စိတ်ချနိုင်မည် နည်း။ မိန်းကလေးစီးသောဆိုင်ကယ်၏ နောက်က



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လိုက်ရသည်ထက် ခေါင်းကို ဖက်ခံရခြင်းကို သူ ပိုရှက်မှာ သောချာသည်။

"ဘယ်ကို သွားစားမှာလဲ ဗျ"

"ကန်ဖျားပေါ့ကွယ်"

"ဟာ....မဖြစ်ဘူး"

မြနှင်းဆီက ဆိုင်ဘယ်ကို လှစ်ခနဲ မောင်းထွက်ရင်း အသံ ထွက် ရယ်မောသည်။

"ဘာလို့လဲ ကွယ်၊ ကန်ဖျားလမ်းပေါ်က ကတ်ကြေးကိုက် ဆိုင်က အကောင်းဆုံးလေ"

သူ့အိမ်နှင့် အေးမင်းအိမ် ဘယ်မှာရှိကြောင်း တစ်သုတည်း နှင့် သူမ သိပြီးပြီဆိုလျှင် ကတ်ကြေးကိုက်ဆိုင်နှင့် မျက်စောင်း ထိုးလောက်တွင် ဖြူလေးတို့အိမ် ရှိကြောင်းကိုလည်း မြနှင်းဆီ သိနိုင်မည်ဟု သူ ထင်နေ၏။ ဒါ တိုက်ဆိုင်မှု မဖြစ်နိုင်ပါ။

"ဘိတ်ကိုပဲ သွားပါ မမြနှင်းဆီ၊ အဲဒီဘက် ကျွန်တော် မလိုက်ချင်ဘူး" သူ လေသံခပ်မာမာနှင့် ပြောတော့မှ....

"အိုကော....အိုကေ။မြတ်စု သဘောပေါ့"ဟု တိုးတိုးကလေး သဘောတူသည်။





မြနှင်းဆီ၏ မွှေးပျံ့သော ဆံပင်ပျော့များသည် မြတ်စု မျက်နှာပေါ် လွင့်ခနဲ လွင့်ခနဲ ဝဲလာလျက်၊ မြနှင်းဆီ၏ ထုံသင်း သော မွှေးရနံ့သည် မြတ်စု၏ အသက်ရှူနှုန်းကို မမှန်ဘန် အောင် အနှောင့်အယှက် ပေးလျက် ရှိသည်။

ထိုညက အိပ်ရာဝင်သောအခါ မှိတ်ထားသော မျက်စိထဲ တွင် မြနှင်းဆီ၏ အားပြင်းသော ညို့မျက်ဝန်းများနှင့် ပန်းနု ရောင်ချော့ နှင်းဆီပွင့်လို နှုတ်ခမ်းကလေးကို မြင်ယောင်လျက် အသက်တွေ မကြာခဏချက်ကာ အိပ်မပျော်နိုင်ဘဲ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂။

မိန်းမ တစ်ယောက်၏ လှပ ချောမောမှုကို ကြောက်စရာ ကောင်းသော အလှနှင့် ချစ်စရာကောင်းသော အလှဟု ခွဲခြားနိုင်ရှိမည် ဆိုလျှင် မြနှင်းဆီ၏ အလှသည် ကြောက်စရာ ကောင်းသော အလှ ဖြစ်သည်။

သူမ၏ မျက်နှာတွင် အပြစ်ကင်းစင် သိမ်မွေ့ခြင်းကို သူ ရှာမတွေ့ပေ။ သူ တွေ့ရသည်က စူးရဲတောက်ပသော မျက်လုံးများ၊ မထီတရီ ပြုံးတတ်သော အပြုံးများ၊ လှောင်ပြောင်သော အပြုံးများ၊ စိန်ခေါ်သော အပြုံးများသာ ဖြစ်သည်။ မြတ်စုကို ကြည့်လျှင် အမြဲတမ်း အပေါ်စီးက အပြုံးဖြင့် ကြည့်တတ်သောကြောင့် ဖြူလေး ရှေ့တွင် အားကိုးဖွယ်ရာ ယောကျ်ား ရှယ် တစ်ယောက် ဖြစ်သော မြတ်စုသည် မြနှင်းဆီ၏ ရှေ့တွင် ခုံစနိုး သတ္တဝါလေး တစ်ကောင် ဖြစ်ဖြစ် သွား၏။

ဆင်ကြွင်းမြိုင် ၈၇၈၀

www.burmeseclassic.com

www.burmeseclassic.com



သူ့ထံမှ သူမ ဘာအလိုရှိပါလိမ့် ဟု တွေးတော စိတ်မောရလောက်အောင် မြနှင်းဆီ၏ ချဉ်းကပ်မှု အပေါ် သူ နားမလည် ဖြစ်ရသည်။ အမြဲတမ်း ဘိုင်ကျနေသော မြတ်စုထံမှ ငွေကြေးလိုချင်၍ မြနှင်းဆီ ချဉ်းကပ်ခြင်း မဟုတ်နိုင်ပါ။ ဒါဖြင့် သူမ ဘာကို လိုချင်ပါလိမ့်။ ခင်မင်သိကျွမ်းရသည့် ရက်သတ္တ နှစ်ပတ်လောက် အတိ မြတ်စုနှင့် အသားချင်း ထိဖို့ပင် စိတ်မကူးသော မြနှင်းဆီသည် မြတ်စုနှင့် နေ့တိုင်း တွေ့ရလောက်အောင် ဘာ အကြောင်း ရှိပါလိမ့်။ တစ်ခါ တစ်ခါတော့ စိတ် မောပန်းကာ ထို အတွေးများကို ခေါင်းထဲက ဖယ်ထုတ်ပစ်လိုက်ရ၏။

ဖြူလေးနှင့် သူ၏ ရည်းစားသက်တမ်း ခုနစ်လ အတွင်း သူ့ အိမ်သို့ ဖြူလေး တစ်ခါမျှ မလာဘူးသော်လည်း ဘာမျှ မပတ်သက်သော မြနှင်းဆီက နှစ်ပတ်အတွင်း ဆယ်ကြိမ်ထက် မနည်း ရောက်ပြီးပြီ။

"မြတ်စု…မင်းက အသက် အငယ်လေးနဲ့ လူကြီးပုံစံ ဖမ်း မနေစမ်းပါနဲ့၊ ရှပ် လက်ရှည်တွေ သိပ်မဝတ်နဲ့၊ ရော့ ဒီအင်္ကျီ မျိုးတွေ ဝတ်"

တစ်ခါ တစ်ခါ တီရှပ်များ၊ စပို့ရှပ်များ ယူလာ၍ ပေးသော အခါ သူ မျက်နှာ နီရဲလျက် အော်ငေါက် ပစ်မိသော်လည်း သူမက ခပ်ပြုံးပြုံးပင် ဖြစ်သည်။

"အလကား ပေးတာလို့ မထင်နဲ့၊ ကိုယ့် ခေတ်ပုံဖိုး တွေနဲ့ နှိမ်လိုက်ပေါ့"





"ခင်ဗျားက ဖလင်တစ်လိပ်တည်း ရိုက်ပြီး ဖလင်ဆယ်လိပ် ဖိုးလောက် ပစ္စည်းတွေကို ဘယ်လိုလုပ် နှိမ်မလဲ"

မြနှင်းဆီက ပခုံးတွန့်လျက် ရယ်သည်။

"ဩော် ကွယ် …. နောက်တော့ ဆယ်လိပ်စာဖိုး ရိုက်မှာ ပေါ့"

"ဟင့်အင်း" သူ့ မျက်နှာထား ခပ်တည်တည်ဖြင့် ငြင်းပစ်လိုက်သည်။

လက်ဖက်ရည်ဆိုင် အတူ ထိုင်မိလျှင် မျက်နှာချင်းဆိုင်မှ သူ့ကို အရိပ် တကြည့်ကြည့် ပြုံးနေတတ်သော မမြနှင်းဆီ၏ အမြင်တွင် မြတ်စု မနေတတ်သလို ခံစားရသည်။ နှစ်ယောက် အတူ မုန့်တစ်ခုခုစားလျှင် သူမက အစအဆုံး ပြင်ဆင်ပေးတတ်၏။ ပေါင်းဆန်စားလျှင် ငှက်ပျောဖက်ကို သူမကိုယ်တိုင် ခွာ၍ ပန်းကန်ပြားထဲတွင် ထည့်ပေးရုံမျှမက ဇွန်းဖြင့် တစ်ခါစား အတိုး ငယ်ငယ် ကလေးများ ဖြစ်အောင် ဖဲ့ပေးလေ့ ရှိ၏။ ထမင်းကြော်ကိုက် စားလျှင်လည်း ပန်းကန်ပြား အသေးထဲသို့ သူမ ကိုယ်တိုင် ခွဲထည့်ပေးလျက် အသားဖတ်များကို တစ်ခုပြီး တစ်ခု ထည့်ပေး၍ မပြီးတော့ချေ။

"ကင်းမွန် ကြိုက်တယ် မဟုတ်လား ဟင်"

"ရော့ ဒီ ပုစွန်ဖတ်လေးတွေ ကုန်အောင်စားလိုက် နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဝက်အူချောင်းလေး နည်းနည်း ယူလိုက်နော်၊ ကိုယ် သိပ် မစားနိုင်ဘူး"

ကြာတော့ မြတ်စု မျက်နှာ မထားတတ်တော့ဘဲ ကလေး သဖွယ် ပြုံးရယ်မိတော့သည်။

ရေခွေးကြမ်း သောက်ရန် အကြမ်း ပန်းကန်ကို သူမက ဆေးပေးသည်၊ ရေနွေးကြမ်း ငှဲ့ပေးသည်။ ပူနေလျှင် မြန်မြန် အေးအောင် သူမက မှုတ်ပေးသည်။

"တော်စမ်းပါဗျာ၊ ကျွန်တော် ကလေး မဟုတ်ပါဘူး" ဟု ငြင်းမိလျှင် မြနှင်းဆီက စူးစူးရဲရဲ ပြုံး၏။

"ကိုယ်ကတော့ ကလေးလို့ ထင်တာပဲ၊ မဟုတ်ဘူးဆိုရင်လဲ တောင်းပန်ပါတယ်" တဲ့။

စားသောက် ဆိုင်များတွင် ထမင်း အတူ စားလျှင်လည်း မြတ်စုကို အရှိုးထွင်ပေးနေသည်နှင့် သူမမှာ ထမင်း ကောင်း ကောင်း မစားနိုင်တော့ပေ။ အရှက်အကြောက် ကြီးတတ်သော စကားနည်းသော၊ ဘာသိဘာသာ နေတတ်သော ဖြူလေးနှင့် ယှဉ်လိုက်တော့ မြနှင်းဆီ၏ ယုယမှု၊ ဂရုစိုက်မှုများကို တဖြည်း ဖြည်း အသိအမှတ်ပြုလာရတော့သည်။ ငြင်းပယ်ရမှာ အားနာ စွာဖြင့် သာယာ လာရတော့သည်။

ထမင်းစားရင်း၊ စကားပြောရင်း ဖြူလေးနှင့် ပတ်သက် သည့် အကြောင်း၊ ဖြူလေးကို သူ သိပ်ချစ်ရသည့် အကြောင်း





များ တမင်သက်သက် ထည့် မြောမီသည့် အခါ မြနှင်းဆီက ထူးခြားသလို ပြုံးရယ်လျက် နားထောင်တတ်၏။

'မြတ်စုရဲ့ ဖြူလေးက သိပ် အပြစ်ကင်းတယ်နော်၊ ဖြူလေးနဲ့ ရည်းစားဖြစ်တာ မြတ်စု ကံကောင်းတယ်' ဟု အတည်လိုလို နောက်တာလိုလို ထောက်ခံနေချိန်တွင်တော့ မြနှင်းဆီ ၏ အပြုံးမှာ ဘာ မ ဆို အ လို လိုက် တော့ မည့် အစ်မကြီး တစ်ယောက်၏ အပြုံးမျိုး ဖြစ်နေပြန်၏။

တစ်ခါတော့ ညနေခင်း သိမ်တော်ကြီး ဘုရားပေါ် သို့ ပါတိုင်းလို မြနှင်းဆီ ရောက်လာကာ မြတ်စုတို့ ခေတ်ပုံရိုက်ရင်း အလုပ်ရှုပ်နေတာကို စောင့်ကြည့် စကားပြောရင်း မှုး သတဲ့။ သူမ၏ အိမ်သို့ လိုက်ပို့ပေးပါ ဟု မြတ်စုကို အရေးဆိုသည်။ မှာရှိထဲက ခုံတန်းပေါ်မှာ ခဏလေး နောက်မှပြီး လှဲ့နေ လိုက်ပါလား ဟု သူ ပြောကြည့်တော့ လက်မခံပါ။

"ကိုယ် အိပ်ရာပေါ်မှာ ပြန်လှဲနေမှ ဖြစ်မှာ....မြတ်စု လိုက်ပို့ ပါကွယ်၊ သိပ် ကြာမှာ မဟုတ်ပါဘူးနော်"

အမြဲတမ်း အထက်စီးက အပြုံးဖြင့် မြင်ရသော မြနှင်းဆီ၏ မျက်နှာ ညှိုးနေတော့ သူ မငြင်းရက်တော့ပေ။ မြတ်စု ဆိုင်ကယ်



www.burmeseclassic.com

www.burmeseclassic.com



စီး ကျွမ်းကျင်မှန်းလည်း သိပြီးသွားပြီ။ သူက ရှေ့မှ စီးပြီး မြနှင်းဆီကို နောက် ထိုင်ခုံမှာ တင်ကာ အိမ် လိုက်ပို့ပေးရ၏။ သူ ရင် တဒိတ်ဒိတ်ခုန်ကာ ဘယ်တော့များ သူ့ ခါးကို ဖက်လာမလဲဟု တွေးတော ပူပန်နေသော်လည်း အံ့ဩစရာပင် မြနှင်းဆီက သူ့ ခါးကို မဖက်ချေ။

'ဖြည်းဖြည်းလေးပဲ စီးပါနော်' ဟု ကန့်ကွက်လျှ တောင်းပန်တော့ 'ဟုတ်ကဲ့' ဟု ယဉ်ယဉ်ကျေးကျေး သဘောတူဖြစ်၏။

မြနှင်းဆီ၏ အိမ်မှာ ကန်ကြီးရပ်ကွက် အဆုံးပိုင်း၊ ကမ်းနားလမ်းထောင့်မှာ ရှိသည့် သုံးဘပ်တိုက် အဝါရောင်ကြီး ဖြစ်သည်။ မြတ်စု တစ်ခါမျှ မရောက်ဘူးသေးသော်လည်း ဖြူလေးကတော့ တစ်ခေါက် ရောက်ဖူးသည်....တဲ့။ မြနှင်းဆီသည် အင်္ဂလိပ်ပုံစံ အဆန်းများ တီထွင်ပြီး ချုပ်လုပ်ရာ၌ ရန်ကုန်သူပီပီ စနစ်တကျ လှပ ဆန်းကြယ်သည်....တဲ့။

'တော်တော့ တော်ပါရဲ့ ကိုကိုရာ၊ ဒါပေမယ့် ဖြူလေးဖြင့် သူ့ကို ကြည့်မရပါဘူး၊ သူ ယောကျ်ားတွေကို ကြည့်တဲ့ အကြည့်က ကြောက်စရာကြီး၊ ယောကျ်ားတွေဆီက တစ်ခုခုကို ဆွဲထုတ်ယူပစ်တော့မယ့် အတိုင်းပဲ' ဟု ဖြူလေးက ထင်မြင်ချက် ပေးသည်။ ဖြူလေး၏ အထင်နှင့် သူ့ အထင် တစ်ထပ်တည်း ကျနေတော့ သူ စိတ်ကျဉ်းကျပ်သွားကာ မြနှင်းဆီကို အားနာ ပါးနာ လိုက်ပို့ခဲ့မိတာ မှားလေပြီ ဟု





...တဲ့ရခဲ့သေး၏။ အင်းလေ.... ရှောင်လို့မှ မရတာ၊ ဒါထက် ...ရင်လည်း မန္တလေး ပြန်ပြေးဖို့ပဲ။ ကိုယ့်ကိုယ်ကို ခွင့်လွှတ်...ဖြင့် ဖြေသိမ့်နေရသည်။

'ကိုကို လဲ သတိထားနော်၊ ဖြူလေး သတိပေးရတာ ခဏ... ဒီ မိန်းမ ကိုကို့ကို တွယ်ကပ်နေတာ ဘိတ် တစ်မြို့လုံး ...ကုန်ပြီ'

ဖြူလေးက လက်သည်းကလေးထောင်လျက် စွပ်စွဲတော့ သူ ...ဆောင်၍မင် မငြင်းနိုင်ခဲ့ဘဲ မျက်နှာ ပျက်ပျက်ဖြင့် စိတ်...ကျ်နေခဲ့၏။

'သိပ် အားမနာနဲ့ ကိုကိုရ၊ ကိုယ် အားနာတာကို သူက ...ခွင့်ကောင်းယူပြီး တစ်ချိန်ချိန်ကျတော့မှ မရှုနိုင် မကယ်နိုင် ...နေမယ်' ဟု မြတ်စု အားနာတတ်မှန်းလည်း ဖြူလေးက ...သည်စွာ သတိထားမိပြန်သေး၏။

'ကိုကို... ရှောင်နော်၊ တတ်နိုင်သမျှ ရှောင်နော်၊ ဒီ မိန်းမက ...ကုန်က သူဌေး တစ်ယောက်ရဲ့ ကိုပင် တဲ့ ကိုကိုရဲ့၊ သူတို့လို ...မျိုးဟာ အရှက်အကြောက်ရှိတာ မဟုတ်ဘူး သိလား'

ပူပင်သောကဖြင့် အသိပေးတတ်ပြန်၏။

'ကိုကို နော်.... သူ့မှာ တရားဝင် လင်ကြီး ငုတ်တုတ် ရှိနေ...အား မသိ ဘာ မသိနဲ့ သူ့ အကြောင်း ဘယ်သူမှ ခေါ်သေ



www.burmeseclassic.com

www.burmeseclassic.com



ချာချာ သိတာ မဟုတ်ဘူး၊ တော်ကြာ ပုဒ်မ ၄၉၇ နဲ့ ကွ ခ်ခံနေ... မိသွားမယ်'

ဥပဒေကျောင်းသူ ဖြူလေးက ပုဒ်မ နံပါတ် ရွတ်ပြလျက် ခြိမ်းခြောက်သေး၏။

'ဘာလဲ ဖြူလေးရ၊ ပုဒ်မ ၄၉၇ ဆိုတာ'

သူ နားမလည်၍ ပြန်မေးတော့ ဖြူလေးက မျက်ခွံ မို့မို့ အောက်မှ မျက်လုံး လျှားလျှားလေးကို အစွမ်းကုန် ပြူးပြလျက် 'မယားခိုးမှုလေ တိုက်ကိုရဲ့' ဟု တိုးတိုးကလေး အော်၏။ သူ မျက်နှာမှုန်ခွေးကာ ရှက်ရယ် ရယ်လိုက်ရလေသည်။

မြနှင်းဆီ၏ နေရာမှာ သုံးထပ်တိုက်၏ အထက်ဆုံး အထပ် ဖြစ်သည်။

"အောက်ဆုံးထပ်က ကိုယ့် စက်ချုပ်ဆိုင်လေ၊ အလယ်ထပ်က အိမ်ရှင်တွေ၊ အထက်ဆုံးက ကိုယ် နေတာ"

တိုက် ရှေ့ပေါက်မှ သူတို့ ဝင်သွားချိန်တွင် စက်ချုပ် လက်ထောက် ဖြစ်ဟန်တူသော အမျိုးသမီး နှစ်ယောက်က မြနှင်းဆီကို ပြုံး နှုတ်ဆက်ရုံမှ တစ်ပါး အထူးအဆန်း မဟုတ်... သလို လုပ်လက်စ အလုပ်ကို ဆက်လုပ်နေ၏။ ထိုအခါ ကျွ... အိမ်သို့ ရောက်လာသော သူစိမ်း ယောကျာ်းမှာ သူ ပထမ ဦးဆုံး မဟုတ်နိုင် ဟု သံသယဖြစ်ကာ ရှက်သွေးဖြင့် မျက်နှာ နွေးသွားသည်။ တခြား ယောကျာ်းတွေရော အပေါ်ထပ် တက်





...သသလား ဟု တွေးမိပြီး မြနှင်းဆီကို အပေါ်ထပ် လိုက် ...ရန် သူ ဆုံးဖြတ်လိုက်၏။

'ကျွန်တော် သွားတော့မယ်' ဟု တိုးတိုး နှုတ်ဆက်သည်ကို ...င်းဆီ အံ့သြဟန် မတူပါ။

"အေး အေး .... ဆိုင်ကယ်ယူသွားနော်" တဲ့။

"ဟင့်အင်း....ကျွန်တော် မယူချင်ဘူး"

နောက် ဘယ်တော့မှ မြနှင်းဆီ၏ အိမ်သို့ မလာရန် သူ ...ဖြတ်ချက် ချမိပြန်၏။

*

တစ်ခါက သူ လေယာဉ်ကွင်းသို့ ရန်ကုန် လူကြုံ ထိမ့် ...ပြီး သွားအယူ သူ့လိုပင် လေယာဉ်ကွင်းသို့ ရောက်နေ ...သော မြနှင်းဆီနှင့် ကြုံပြန်သည်။ မြနှင်းဆီက အသက် ၄၀ ...ယ် ခပ်ဖိုင့်ဖိုင့် လူတစ်ယောက်နှင့် စကား ရပ်ပြောနေသည်။ ...နှင်းဆီကို မမြင်ဟန်ပြု၍ စက်တီးကို သော့ခတ်ကာ ...ဆိပ် နားနေခန်းထဲသို့ ဝင်လိုက်၏။

"ဟေး....မြတ်စု"

...ကွဲ၊ သူ မကြားဟန်ဆောင်၍ အထဲစွတ်ဝင်တော့ သူ့ဆီ ...ကွက်သွက်လိုက်လာသော ခွာမြင့် ဖိနပ်သံကို ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လေယာဉ်ကို မြင်နိုင်မည့် ပြတင်းပေါက်မှာ သွားရပ်ကာ လေယာဉ်ကွင်းဘက်သို့ ကြည့်စဉ်မှာပင် ရင်းနှီးပြီးသော မွေးရနံ့တစ်ခု သူ့အနီးသို့ လျှင်မြန်စွာ ရောက်လာ၏။

"အရေးကြီးလှချည်လား မောင်လေးရဲ့၊ အခုမှ လေယာဉ်ဆင်းတာ ဥစ္စာ"

"ဩော် .... မမြနှင်းဆီ"

သူ မသိဟန်ဆောင်၍ မရတော့ပါ။ ခုံရှည်များ ပေါ်တွင် ထိုင်စောင့်ကြသည့် လူတချို့ သူတို့နှစ်ယောက်ကို လှမ်းကြည့်နေတော့ သူ့မျက်နှာ ပူနွေးသွား၏။

မြနှင်းဆီ ဆံပင်များကို အနီရောင် ပဝါပါး တစ်ထည်ဖြင့် စည်းထား၏။ အနက်ရောင်ပေါ်မှာ ရင်ဘတ်စာတန်း အနီရောင် စာလုံးများပါသော တီရှပ် အပွရှည်ကြီး ဝတ်ထားသဖြင့် မြင်နေကျပုံစံထက် ပို၍ ရဲရင့်စူးရှနေသည်။ လုံချည်အနက်ကို မဝတ်ဘဲ ဖူး ဖြူလေးတို့လို ခြေသလုံးတစ်ဝက်ပေါ် အောင် တိုတိုဝတ်ထားပြီး သွယ်လျသော ခြေထောက်မှာ ဝါဝင်းနေ၏။ ခွာမြင့်ဖိနပ်က အနီရောင်ကြိုးသိုင်း ပဲင်ဆယ်လ်ဟီးလ် ကလေး ဖြစ်၏။ မြနှင်းဆီကို ကြည့်ရင်း သူ့နှုတ်ခမ်းများ ခြောက်သွေ့သွားသည်။ ခွာမြင့်ဖိနပ် စီးထားသော မြနှင်းဆီ၏ ဝယ်ထိပ် အစွန်းမှာ အရပ် ၅ပေ ၈လက်မ ရှိသော သူ၏ နှာခေါင်းအထက်မှာ ရောက်နေလေသည်။





လေယာဉ်ပေါ်မှ ဆင်းလာကြသော ခရီးသည်များ ဝင် ...ကဲ်မှ တန်းစီ၍ ဝင်လာချိန်တွင် မှတ်ပုံတင် ပြနေသော ...ဆုံးကလူကို မြနှင်းဆီက လက်လှမ်းပြသည်။ ထိုလူက သူတို့ ...နီးသို့ လျှောက်လာ၏။ အရပ်ခပ်ပုပု ဝဖိုင့်သော ကိုယ်လုံးနှင့် ...ယက် ၅၀ အရွယ် မေးစေ့နှစ်ထပ် ဖြစ်နေသော ထိုလူသည် ...ဆံချမ်းသာပုံရလျက် အထက်တန်းပညာ သင်ကြားခြင်းကို ...အားမကျမည့် ရုပ်မျိုးဖြစ်သည်။

"ဦးလှဝေနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါက မောင်မြတ်စုတဲ့ ...မနဲ့ ခင်မင်ရင်းနှီးတဲ့ ခေတ်ပုံဆရာလေးပေါ့၊ စိတ်သဘော ...ဖြူစင်တဲ့ လူငယ်ကလေးပဲ၊ မြတ်စုရေ...ဒီ ဦးလှဝေက ...ယ်နဲ့ စပ်တူ စက်လှေထောင်ထားတဲ့ မိတ်ဆွေလေ....နေတော့ ...သောင်းမှာ နေတယ်"

သူ ယဉ်ကျေးမှု အရ ပြုံးလိုက်ရသော်လည်း စိတ်မပါစွာ ...သည်လည်းကြီး ဖြစ်နေ၏။ သူ့ ရန်ကုန် လူကြုံက အခန်း ...သို့ ဝင်လာပြီး၊ သူ လက်မြှောက်ပြလျက် ထွက်ခွာတော့မည့် ...ဆဲတွင် ထိုလူ့ထံမှ စကားသံ ထွက်လာခြင်း ဖြစ်သည်။

"မြနှင်းဆီရဲ့ အချစ်တော်ကလေးက ရုပ်တော်တော် ဖြောင့် ...သပဲ"

...အားဝယ်သံပါသော စကားကို သူ ကောင်းကောင်းနားလည် ...သဖြင့် မျက်နှာ ဖြန်းခနဲ ပူနွေးသွား၏။ သူ ဘာပြန်ပြော

www.burmeseclassic.com

ရမှန်း မသိဘဲ ထိုလူ၏ မျက်ခွက်ကိုဆွဲထိုးပစ်ရမလားဟု စဉ်းစား
မိသေးသည်။ သို့သော် ခရီးသည်များ၊ လာကြိုသူများ၊ လူဝင်
ကြီးကြပ်ရေး ဝန်ထမ်းများ အားလုံးရှေ့တွင် ရုပ်ပျက်ဆင်းပျက်
မဖြစ်ချင်သဖြင့် တက် တစ်ချက် ပြင်းပြင်းခေါက်ကာ ဖြုန်းဆ
လှည့်ထွက်လာခဲ့၏။ မိတ်ဆွေနှင့် တွေ့ဆုံ စကားပြောချိန်အထ
'မြနှင်းဆီရဲ့ အချစ်တော်' ဟူသော စကားလုံးက သူ့ကိုဓားနှ
ထိုးသလို နာကျင် ပူလောင်နေဆဲ ဖြစ်သည်။

တော်ပြီ၊ ဒီမိန်းမနဲ့ ဘယ်မှာတွေ့တွေ့ နှုတ်မဆက်ဘဲ နေ
တော့မယ်၊ ထိုမိန်းမလာလျှင် အိမ်တံခါး ဘယ်တော့မှ ဖွင့်မပေး
ဖို့ ဆုံးဖြတ်ချက် ချလိုက်မိပြန်၏။

နောက်နှစ်ရက်လောက် ကြာတော့ အေးမင်းတို့ လင်မယား
နှင့် မြတ်စု ဘုရားပေါ်က ခေတ်ပုံဆိုင်မှာ ခေတ်ပုံတွေ တစ်အုပ်
စုချင်း ခွဲထုတ် စုစည်း နေစဉ် အံ့သြစရာကောင်းစွာ ဖြူလေး
ရောက်လာ၏။ ဘုရားပေါ်မှာ ဝတ်ရွတ်ပွဲရှိမှ သို့မဟုတ် အပတ်
စဉ် သန့်ရှင်းရေး အလှည့်ကျမှ ဘုရားပေါ် ရောက်လာတတ်
သော ဖြူလေးသည် ထိုနေ့က ဘာမျှ အကြောင်းပြချက် မရှိဘဲ
ရောက်လာသည်။ အများအကာ သမီးရည်းစားတွေလို နေ့စဉ်
တွေ့ရန် မဆိုထားနှင့် တစ်ပတ် တစ်ခါပင် မတွေ့
နိုင်အောင် ဖြူလေးက စည်းကမ်း တင်းကျပ်ထားသောကြောင့်





ဖြူလေး ယခုလို ရောက်လာချိန်တွင် သူ အရမ်းပျော်သွားလေ
သည်။

"ဟာ....ဖြူလေး ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

ဖြူလေးက ရောက်ရောက်ချင်း မြတ်စု အနီးသို့ မလာဘဲ
ဒီလာ့ထံ သွားကာ သားကလေးကို မွှေ့ချီ မြှောက်ကစားလျက်
ရယ်မောနေရာမှ မြတ်စုဘက် လှည့်ကြည့်သည်။

"ဖေဖေ ကို လာကြိုတာ ဖေဖေ ဆိုင်ကယ် ပါမသွားလို့၊
ဖေဖေက ကြာဦးမှာတဲ့၊ နောက်ပြီး ဒီနေ့ လျှောက်လဲချက်ပေး
ရာတဲ့၊ ဖြူလေး အကြာကြီး စောင့်ရမှာမို့ ဆိုင်ကယ်ကို အထက်
နှီးရှေ့မှာ အပ်ထားခဲ့ပြီး ဒီ တက်လာတာ"

ရေညှိရောင်ဖျော့ဖျော့ပေါ်တွင် ခရေညှိစိမ်းရင့်ရင့် စက်ဝိုင်း
ငုံးကလေးများပါသော ရုပ်လက်တို့ အင်္ကျီအပွကြီးအောက်
တွင် နဂိုက သေးကွေးသွယ်လျသော ဖြူလေး၏ ကိုယ်လုံး
ကလေး မြုပ်နေ၏။ လုံချည်က ရေညှိစိမ်း အရောင်ရင့်ရင့်
ဘီတဲလ်အကွက် ခပ်တိုတို။ ရယ်မောလိုက်သော ဖြူလေး၏
နှုတ်ခမ်းများမှာ အညိုရင့်ရောင် နှုတ်ခမ်းဆိုးဆေးဖြင့် ပိုမို
ထောက်ပလျက် ရှိသည်။ ဤ နှုတ်ခမ်းဆိုးဆေးအရောင်ကို သူ
အလွန်မုန်းကြောင်း တစ်နေ့နေ့မှ ဖြူလေးကို ပြောပြရဦးမည်။

ခဏကြာတော့ ခေတ်ပုံလာရိုက်သော မိန်းကလေးအုပ်စုထဲမှ
အသားညိုညို ဝဝကစ်ကစ် ကောင်မလေး တစ်ယောက်ကို
ခိုသာက ညွှန်ပြ၍ 'အဲဒါ မြနှင်းဆီရဲ့အိမ်က ကောင်မလေး
မြတ်စု ရဲ့' ဟု ဖြူလေး မကြားအောင် တီးတိုးပြောသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေး သူတို့ဘက် လှည့်ကြည့် ပြုံးပြသော်လည်း မြတ်
က မမြင်ချင်ယောင် ဆောင်လိုက်၏။ ဖြူလေး ထိုင်နေသေ
ခုံတန်းရှည်ပေါ် သွားထိုင်ကာ ဖြူလေးကို ခေါတ်ပုံအယ်လ်ဘ
များ ပြနေလိုက်လေသည်။ သူတို့အုပ်စု ပြန်ဆင်းသွားပြီး သိ
မကြာမီမှာပင် ထိုကောင်မလေး နောက်တစ်ခေါက်ရောက်လ
သောအခါ လက်ထဲတွင် လေးဆင့် စတီးချိုင့်ကြီး ပါလာ၏။

'ကိုအေးမင်းတို့အတွက် မမမြက ပို့ခိုင်းလိုက်တာ' ဟု ပြေ
ပြီး မြတ်စုကို ပြုံးပြသည်။ ဟိုတစ်ခါ မြနှင်းဆီကို သူမ အ
ပြန်လိုက်ပို့တော့ လှေကားမှ လာတွဲသော ကောင်မလေးမှ
မှတ်မိ လိုက်သော်လည်း မြတ်စု ပြန် မပြုံးပြဘဲ တစ်ဘက်
လှည့်လိုက်သည်။

"ချိုင့်ကို ညနေကျမှ ကျွန်မ လာယူမယ်" ဟု ပြောပြီး လှ
ခနဲ ပြန်ဆင်းသွားသည်။

စတီးချိုင့်ကိုင်းနှင့် ချိုင့်အကြားတွင် စာရွက်ခေါက်ကလေ
တစ်ခု ပါလာတာကို ဖြူလေးက အလျင်မြင်၏။ စာရွက်ခေါ
ပေါ်မှာ လက်ရေးသော့သော့ဖြင့် 'မြတ်စုသို့' ဟု ရည်ညွှန်းချ
ပါတော့ ဖြူလေးက ဖျတ်ခနဲ ဆွဲယူသည်။

'ကိုကို့အတွက် စာပဲ၊ ဖြူလေး ဖတ်ခွင့်ရှိတယ် မဟုတ်လား'
ဟု စူတူတူ ပြုံးလျက်မေးတော့ ဘုရားစာ လျက်က ခေါင်းညိတ်
ပြလိုက် ရသည်၊ ဒီ မိန်းမ ဘာတွေများ ရေးထား ဦးမှာလဲ
လေ့ဆိပ်က အပြန်ကတည်းက တစ်ခါမျှ မတွေ့ရသေးတာမို
အချစ်တော်နဲ့ ပတ်သက်ပြီး ဖြေရှင်းထားတာ ဖြစ်မှာပဲဟု ရ





ဘာသိတ်ထိတ်နှင့် စာကို ဖြူလေးထံမှ ဆွဲလည်းယူချင် ယူလည်း
မယူရဲဘဲ ခေါတ်ပုံတွေသာ ငုံ့စိုက်ကြည့်နေသည်။ မြတ်စု ကံဆိုး
သွား၏။

စာဖတ်ရင်း ဖြူနှင်းဆို မျက်နှာနီမြန်းလျက် စာကို လုံးခြေ
ပြီး ခပ်လှမ်းလှမ်းသို့ ပစ်ပေါက်ကာ ထထွက်သွားသော ဖြူလေး
ထို ရိပ်ခနဲမြင်လိုက်ရသဖြင့် 'ဖြူလေး' ဟု အော်ခေါ်လိုက်သည်။

"ဟော ကောင်....လိုက်....လိုက်"

အေးမင်းက မျက်လုံးပြူးကာ တိုက်တွန်းခိုက် သူ စုန်းခနဲ
ထ ရပ်လိုက်သည်။

"ဟာ....နေဦးလေ....မြတ်စု၊ စာကို ဖတ်ကြည့်ဦး ဘာတွေ
ရေးလဲ သိရအောင် နေဦး"

နီလာက သားကိုပွေ့ချီလျက်က ရင်ပြင်တော်ပေါ်မှာ ကျ
နေသော စာအလုံးကလေးကို သွားကောက်၍ မြတ်စုကို
ပေးသည်။ ကြေမွလုံးထွေးနေသော စာကို ဖြေရင်းလွှားရှင်းက
ကာမန်းကတန်း ဖြန့်ဖတ်ရသည်။စာက တိုတိုလေးပါ။သို့သော်....

မောင်....

မြတို့ အိမ်မှာ ဒီနေ့ အုန်းနို့ခေါက်ဆွဲ ချက်တယ်၊
မောင် ကြိုက်တတ်မှန်းသိလို့ ထည့်ပေးလိုက်တာ၊ ချိုင့်ကို
သက်သက် ညနေမှ လာယူလိမ့်မယ်....။

မောင့်ရဲ့မြ....ဟု



www.burmeseclassic.com

www.burmeseclassic.com



သေနာမ....။ သူ စာကို လွှင့်ပစ်ကာ အုတ်လှေကားများ အတိုင်း အပြေးအလွှား ဆင်းလာခဲ့သည်။

ဖြူလေး ဆိုင်ကယ်ဆီသွားမှာပဲဟု သိသဖြင့် အောက်ရောက်တော့ ညာဘက်သို့ ကွေ့ကာ ပြေးလိုက်သွား၏။ မေလ၏ နေ့လယ် တစ်နာရီ နေကြောင့် သိမ်တော်ကြီးကုန်း ကျောက်စရစ်လမ်းပေါ်မှာ ပူချစ်လျက် ရှိသည်။ ဖြူလေးမှာ ဖိနပ်လည်း ပါမသွားဘူးဟု ဖြူလေး အတွက်သာ ပူပန်ဖြစ်၏။ သူ ခြေလှမ်း ငါးလှမ်းသာ လှမ်းရသေးချိန်မှာ ဖြူလေးက ဆိုင်ကယ်ကို စက်နှိုးနေပြီ။

"ဖြူလေး .... ခဏ နေပါဦး ဖြူလေးရဲ့" သူ မရှက်နိုင်ဘဲ အော်ဟစ် ဟန့်တားမိ၏။

ဖြူလေးက လုံးဝ လှည့် မကြည့်ပေ။ ဖိနပ် မပါသော ခြေထောက်ကလေးတစ်ဘက်ဖြင့်မြေပြင်ကိုထောက်ကာရပ်ရင်း စက်နှိုး၍ ရ သွားသည်။ သူ့ရင်ထဲမှာ တစ်ခါမှ သည်လောက် မပူပင်ဘူးပါ။ ဖြူလေး စိတ်ကြီးမှန်းလည်း သူသိသည်။ ဘယ်လိုမှ ခွင့်မလွှတ်နိုင်သော အဖြစ်မှန်းလည်း သူ သိသည်။

"ဖြူလေး...."

သူ အားကုန်ပြေး၍ ဆိုင်ကယ်ရှေ့မှာ တည့်တည့် ဝင်ရပ်လိုက်၏။ မြတ်စုသည် ဆိုင်ကယ်ရှေ့ဘီးနှင့် သူ့ကိုယ်ခန္ဓာကို ထိ





နေအောင် ကပ်ထားမိသည်။ ဖြူလေး၏ နှုတ်ခမ်းပါးကလေးမှာ ...သို့ရောင် မျဉ်းဖြောင့်တစ်ကြောင်းအဖြစ် တင်းစေ့ထားသည်။

"ရှေ့ကဖယ်နော်...မတိုက်ရက်ဘူး မထင်နဲ့"

မာကျောသော စကားသံမှာ ဒေါသကြောင့် တုန်ရီနေ၏။

"ဖြူလေးရယ်၊ ကိုကို့ကို အထင်မလွဲပါနဲ့၊ အဲဒီကောင်မက ...င်သက်သက်သက်...."

"မကြားချင်ဘူး"

ဖြူလေးက အသံကုန်စွတ်အော်လိုက်သဖြင့် ရုံးထဲကလူတွေ ... လက်ဖက်ရည်ဆိုင်ထဲက လူတွေရော လှမ်းကြည့်ကြသည်။ ...လေး မျက်နှာမှာ နီရာကနေ ဖြူဖျော့သွားပြန်၏။

"ကျေးဇူးပြုပြီး ဖယ်ပေးပါ၊ ဒီရုံးတစ်ဝိုက်ဟာ ဖေဖေ နယ်...ပါ၊ ဖေဖေ အရှက်ရမယ့် ကိစ္စမျိုးကို ဖြူလေး မလုပ်ပါရ...။"

...ဖြူလေး အသံက ပျော့ပျောင်းစွာ တိုးတိတ်သွားသဖြင့် ...ရှေ့မှ ဖယ်ပေးလျက် ငူငူကြီးရပ်နေမိသည်။ မြနှင်း ဆီအပေါ် ...သ နာကြည်း စိတ်ဖြင့် အတင်းတင်း ကြိတ် မိစဉ်မှာပင် ...သား၏ အထင်လွဲခံရမှုကို ဝမ်းနည်းစိတ်ဖြင့် မျက်ရည်များ ...ချင်း ဝိုင်းလာသည်။

ဆိုင်ကယ်ကလေး ကြမ်းတမ်းစွာ ဆောင့်ထွက်သွားတော့ ...သော ကျောက်စရစ်လမ်းတစ်လျှောက် သူ ငေးငိုက်



www.burmeseclassic.com

www.burmeseclassic.com



စိုက်ချကာ ပြန်လျှောက်လာခဲ့၏။ သူ ဘယ်လိုလုပ်ပြီး တော
ပန်ရမှာလဲ၊ သူနှင့်မြနှင်းဆီ ဘာမျှ မပတ်သက်ကြောင်း ဖြူလေ
ကို ဘယ်လို ရှင်းပြရတော့မှာလဲ၊ ထိုမိန်းမ တစ်ယောက်သ
ရှင်းပြ ပေးနိုင်လိမ့်မည်။

သူသည် စိတ်ထဲမှ မြနှင်းဆီကို စိတ်ရှိလက်ရှိ တိုင်နှင့်ခေါ
နှင့် ဆောင့်ပစ်လျက်ရှိသည်။ လက်သီးဖြင့် စိတ်ရှိလက်ရှိ ထ
နှက်လျက်ရှိသည်။ ဆံပင်တွေဆောင့်ဆွဲပြီး မျက်နှာနှင့်ကြမ်းပြ
ဆောင့်တိုက်ကာ သူ့ အမှားကို ဝန်ခံခိုင်းရမည်။

ဤကိစ္စမှာ သွေးရိုး သားရိုး မဖြစ်နိုင်ကြောင်း သူ သိ
ဖြူလေး ရှိမှန်းသိလို့ တမင်သက်သက် ဖြူလေးအထင်လွဲအော
ကြံစည် ဆောင်ရွက်ခြင်း ဖြစ်ရမည်။

ထိုနေ့ ညနေချိန်တွင် ရေ ကမန်းကတန်း ချိုးပြီး အဝ
အစား ဂရုတစိုက် ဝတ်ဆင်ရသည်။ အေးမင်း စက်ဘီးကိုယ
ကယ်ရီယာပေါ် ဖြူလေး၏ ယိုးဒယား ခုံထူ ခြေညှပ်ဖိန
အနက်ကလေးကို ညှပ်တင်ကာ ဖြူလေး၏ အလှပြင်ဆိုင
သွားပေးရလေသည်။ ဖြူလေး အလုပ်အားချိန်ကို စောင့်
အတော်ကြာအောင် ဖျောင်းဖျ ရှင်းပြနေမိသည်။

"ဖြူလေးရယ်....ကိုကို မညာတတ်ဘူးဆိုတာ ဖြူလေးသိ
တယ်၊ ဒါ သက်သက်မဲ့ ကိုကို့ အကျိုးယုတ်အောင် သူ့ အကွ





င် ယုတ်မာတာပါ၊ ဖြူလေး အထင်လွဲပြီး ကိုယ်နဲ့ ဖြူလေးနဲ့
ကွဲသွားရင် သူက အပျော်ရွှင်ဆုံးမိန်းမ ဖြစ်သွားမှာပါ ဖြူလေး
ဖြူလေး မယုံရင် အဲဒီ မိန်းမကို ဖြူလေးရှေ့မှာ လည်ပင်း
ညှစ်ပြီး ဝန်ခံခိုင်းပြမယ်နော်"

ဖြူလေးက မျက်ရည်ဝေ့လည်လျက် တိတ်ဆိတ်ငေးမောနေ
ခဲ့သည်။ စိတ်ထိခိုက်ကြေကွဲဟန်ဖြင့် နှုတ်ခမ်းပါးကလေး မဲ့
ကွေးနေတာ မြင်ရတော့ သူ အခုချက်ချင်း ထိုမိန်းမကို ထိုးကြိတ်
ပစ်ချင်လာ၏။

"ဖြူလေးရယ်....ဖြူလေး မကျေနပ်ရင် ကိုယ့်ကို ရိုက်နှက်
ပစ်ပါ၊ နောက် ဒီ မိန်းမကို ကိုယ် စကားမပြောဖို့ ကတိပေးပါ
တယ်"

ဖြူလေးက စကားတစ်ခွန်းမှ မပြောဘဲ အလျှုမိနီယမ်
ခေါက် ကုလားထိုင်၏ ဆိုဖာ/အနီရဲရဲ ကလေးကို လက်ညှိုးဖြင့်
ထိုးကစားကာ မျက်ရည်ကျလေသည်။ ဖြူလေး၏ မျက်ရည်
ကို မြင်ရတော့ သူ အရမ်း စိတ်ထိခိုက်သွား၏။

"မငိုနဲ့လေ....ဖြူလေး၊ ကိုကို လာတာ မကြိုက်လို့လား
ဟင်၊ ကိုကို ပြန်ရတော့မလား"

ဖြူလေးက ခေါင်းမညိတ် ခေါင်းမခါ။ ဖြူလေး၏ ပက်
ထောက်အဖြစ် ခန့်ထားသော်လည်း တကယ်တမ်း ဖြူလေး



www.burmeseclassic.com

www.burmeseclassic.com



ထက် လုပ်သက်ရင့်သော အစ်မကြီးက အနားမှာ ထိုင်ရသည်ကို အနေခက်ဟန်ဖြင့် ထသွားဖို့ပြင်သည်။

"မမအေး....မသွားပါနဲ့၊ ဒီနားမှာပဲ နေပါ၊ တော်ကြာ ဖေဖေ မတော်တဆ ဝင်လာရင် မကောင်းဘူး"

ဖြူလေးက ရှိုက်သံ တစ်ဝက်ဖြင့် ပြောတော့ ညကြီးမိုးချုပ် ဖြူလေးထံ လာရသည်ကို အားနာသွား၏။

"ကိုကို သွားမယ်နော်၊ ညကျ စာရေးထားမယ်၊ မနက်ကျတော့ နီလာနဲ့ ပေးခိုင်းလိုက်မယ်၊ ကိုကို့ကို ယုံတယ် မဟုတ်လား ဟင်....ဖြူလေး"

သူ မတ်တတ်ရပ်လျက် မေးတော့လည်း ဖြူလေးက ခေါင်းမညိတ် ခေါင်းမခါ။ သူ အနည်းငယ် စိတ်ထိခိုက် ဝမ်းနည်းလျက်က လက်သီး တင်းတင်း ဆုပ်ထားလိုက်၏။ ဖြူလေးဟာ ငါ့ကို မယုံတော့ဘူးလား။ ဖြူလေးက လွဲလို့ ဘယ်မိန်းမ ကိုမှ မချစ်ခဲ့တာ ဖြူလေး မရိပ်မိဘူးလား။

"ကောင်းပြီ၊ ကိုကို အခု အဲဒီ မိန်းမ သွားရှာပြီး ဖြူလေးဆီ ခေါ်လာခဲ့မယ်၊ ဖြူလေးကို သူ ဒူးထောက်ပြီး တောင်းပန်စေရမယ်"

သူ ချာခနဲ လှည့်ထွက်လာတော့ 'ကိုကို' ဟု ဖြူလေးက တိုးတိုးခေါ်၏။ သူ မဝံ့မရဲ လှည့်ကြည့်တော့ ဖြူလေးက ထိုင်ရာမှ မော့ကြည့်ကာ 'ဒီ မကောင်းဆိုးဝါးမကို ဘယ်တော့မှ



ဆက်ဆံတော့ဘူး မဟုတ်လား ဟင်....' ဟု မေးသည်။ မြတ်စုသည် လှိုက်ခနဲ ရင် နာကျင်စွာ ခပ်သွက်သွက် ခေါင်းညိတ်ပြလိုက်၏။

"ကိုယ် ကတိပေးပါတယ် ဖြူလေးရယ်...ဘယ် တော့မှ ဆက်ဆံတော့ပါဘူး"

ညရောက်တော့ သူ၏ ကတိ အားလုံး၊ ဆုံးဖြတ်ချက် အားလုံး ဇောက်ထိုးမိုးမျှော် ပြောင်းပြန် ဖြစ်ကုန်တော့၏။

ည သူ အိမ်ပြန်ရောက် တော့ ကိုးနာရီ ထိုးနေပြီ။ သူ တံခါးဖွင့်ပြီး အထဲဝင်ကာ ကင်မရာအိတ်ကို ခုတင်ပေါ် ချရိုက်တာ ရှိသေးသည် အိမ်ရှေ့ဆီမှ ဆိုင်ကယ်စက်သံနှင့် အတူ စက်ရပ်ပြီး ဒေါက်ထောက်သံ ကြားလိုက်၏။ ဖြူလေး မဟုတ်တာ သေချာသည်။ စိတ်ကောက် မပြေသေးသောကြောင့် တစ်ကြောင်း၊ ဘယ်တုန်းကမျှ သူ့ဆီ မလာဘူးသောကြောင့် တစ်ကြောင်း၊ ညဉ့်နက်နေပြီ ဖြစ်သောကြောင့် တစ်ကြောင်း ဖြူလေး လုံးဝ မဖြစ်နိုင်။

ဒါဆိုရင်....

သူ ကမန်းကတန်း လှည့်ကြည့်တော့ ဖန်ချောင်း မီးရောင်၏ အောက်မှာ အပေါက်ဝတွင် ရပ်နေသော မြနှင်းဆီ....။ ဘယ်နေရာများ မိမိ အပြန်ကို စောင့်ကြည့်နေခဲ့ပါလိမ့်။

အင်ကြင်းမြိုင် ၈၃၉၀

www.burmeseclassic.com

www.burmeseclassic.com



သူ တစ်နေကုန် မျိုသိပ်ထားခဲ့ရသော ဒေါသများ ချက်ချင်း စုပြုံ ပေါက်ကွဲကာ တစ်ကိုယ်လုံး ပူလောင်လျက် အော်ဟစ်မိသည်။

"ခင်ဗျား တော်တော် ယုတ်ကန်းတဲ့ မိန်းမ၊ အခု ချက်ချင်း ထွက်သွား"

မြနှင်းဆီက အခန်းထဲသို့ တစ်လှမ်းတိုး၍ ဝင်လာ၏။ သူမ၏ အံမြင်များသည် အစည်းအနှောင်မဲ့ကာ ဆိုင်ကယ် လေအရှိန်ကြောင့် ဖွာရာကြဲလျက် ရှိသည်။ ရီဝေသော မျက်လုံးအစုံမှာ ခါတိုင်းလို စူးရှ တောက်ပမှု မရှိဘဲ ဖျော့တော့ မှေးမှိန်နေ၏။

"ထွက်သွား....ဆို" သူ နောက်တစ်ကြိမ် အော်ဟစ် လိုက်ပြန်၏။

သူ့ အသံကို မကြားသလိုပင် တစ်လှမ်းချင်း ဝင်လာသော အမျိုးသမီးကို သူ ပထမဆုံးအကြိမ် လန့်ဖျပ်သွား၏။ မြနှင်းဆီ၏ အသားပျော့ပျော့ လိမ္မော်သွေးရောင် ဝတ်စုံမှာ ခန္ဓာကိုယ်နှင့် အကိုက် ပုံစံကျ ပြေပြစ်လျက်ရှိသည်။ သူမသည် စက္ကူအိတ်ခပ်ကြီးကြီး တစ်ခုကို ရင်ခွင်မှာ အပ်လျက် ကိုင်ထား၏။

မြတ်စုသည် လုပ်မိ လုပ်ရာ အနားမှာ ရှိသော ကြိုးတန်းပေါ်က ဖလင်လိပ် ညှပ်၍ ဆွဲဆန့်သော သံညှပ် ခပ်ကြီးကြီးကို ဖြုတ်ယူကာ အားကုန်လွှဲ၍ ပေါက်ပစ်လိုက်၏။ မြနှင်းဆီက





သ မရှောင်သောကြောင့် နဖူး တည့်တည့်တွင် ထိမှန်ကာ ...ချိုင်သွား၏။ သူမ မျက်လုံးများ ခဏ မှိတ်လျက် ညည်း...လိုက်လေသည်။

...ဘူပါပဲ။ သူမ နဖူးဆီမှ သွေးစီးကြောင်း သေးသေး...သေးသည် နှာခေါင်းတည့်တည့်သို့ ဖြည်းညင်းစွာ စီးကျလာ...ကို သူ ခံစားမှုကင်းမဲ့စွာ စောင့်ကြည့်နိုင်ဖို့ ကြိုးစားသော်...း မအောင်မြင်ပါ။

"ခင်ဗျား....ခင်ဗျား ဘာဖြစ်လို့ ဒီလောက် ယုတ်မာတတ်...ာလဲ ဟင်" သူ့ အသံမှာ စောစောကလောက် မကျယ်...င်တော့ဘဲ တင်းမာမှု နည်းနည်း လျော့သွား၏။ မြနှင်းဆီ...သမဆုံး အကြိမ် ပြုံးလိုက်လေသည်။

"ကိုယ် မှားသွားတယ်၊ အခု အဲဒီအတွက် ကိုယ် တောင်းပန်...သာတာလေ"

...သော် သူမ၏ မျက်နှာတွင် မှားယွင်းမိသည့် အတွက် ...တ သော်လည်းကောင်း၊ ဝန်ခံ တောင်းပန်လိုရိပ် သော်...ကောင်း၊ လုံးဝ မရှိသည်ကို သူ သတိထားမိသည်။ ဘာပဲ ...သူက မြနှင်းဆီ၏ စကားကြောင့် အားတက်သွား၏။

"ဒါဖြင့် ခင်ဗျား မနက်ဖြန် ဖြူလေးကို သွားတောင်းပန်...သား"



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဆီက ရှေ့သို့ တစ်လှမ်းတိုးလာရာ မြတ်စုနှင့် မျက်နှာချင်းဆိုင် နေရာသို့ နီးကပ်စွာ ရောက်လာ၏။

"တောင်းပန်ပေးမှာပေါ့၊ တကယ်လို့ တောင်းပန်မှ မြတ်စု စိတ်ချမ်းသာမယ် ဆိုရင်လေ"

အနှောင့်အသွား မလွတ်သော စကား အသုံးအနှုန်းကို သူ မသိချင်ယောင်ဆောင်လိုက်သည်။ မြနှင်းဆီ၏ နှုတ်ခမ်းမှာ ပေါက်ပြဲသွားသော ဒဏ်ရာမှ သွေး ယိုစီးနေသည်ကို မကြည့်ချင်ဘဲ မြင်နေရသည်။ သို့သော် ဤ မိန်းမသည် သနားညှာတာသင့်သည့် မိန်းမ မဟုတ်ပါ။

"ခင်ဗျား ပြန်ရင်လဲ ကျွန်တော် စိတ်ချမ်းသာမိမှာပဲ"

တော်ရုံ မိန်းမ မာန ထိခိုက်မည့် စကား ဖြစ်သော်လည်း မြနှင်းဆီ အပြုံးမပျက်ပါ။

"ပြန်မှာပါကွယ်၊ မြတ်စု အတွက် ကင်မရာ ထည့်ဖို့ သားရေအိတ်ကလေး လက်ဆောင်ယူလာတယ်"

"မလိုချင်ဘူး" သူ့ အသံမှာ ပြန်၍ မာကျောလာသည်။

"ယူပါကွယ်၊ မြတ်စု မယူရင် ကိုယ် စိတ်ကောင်းမှာ မဟုတ်ဘူး"

လဲသေလိုက်ပေါ့။

မြနှင်းဆီက စက္ကူအိတ်ကို ခုတင်ဘေးက စားပွဲပေါ် သွားချသည်။ မြတ်စု ခပ်သွက်သွက် လျှောက်သွားပြီး စက္ကူအိတ်





ယူလျက် အခန်းပြင် တိုက်ရိုက်ရောက်အောင် ဝရံတာ ပြတင်းပေါက် လွှင့်ပစ်လိုက်သည်။

"အဲဒီ သားရေအိတ်က သားရေ အစစ်လေ မြတ်စုရဲ့ နိုင်ငံခြားက မှာထားတာ"

မြနှင်းဆီ၏ လေသံမှာ ဒေါသ အလျှင်း မပါဘဲ နားမလည်သည့် ကလေးကို ချော့မော့ ဖျောင်းဖျနေသံမျိုး။

နိုင်ငံခြား မကလို့ ဘာကြီးပဲ ဖြစ်ဖြစ်။

"မောင်လေးက တော်တော် စိတ်ကြီးတာပဲနော်၊ ကိုယ့်နောက်ကို အဲလို မမှားစေရပါဘူး ကွယ်"

သူမသည် စုတ်တစ်ချက်သပ်လျက် လက်ချောင်းများဖြင့် နှုတ်ခမ်းမှ ဒဏ်ရာကို ပွတ်သပ်လိုက်သောအခါ လက်မှာ သွေးပေကျံသွား၏။ သူမက လက်မှ သွေးများကို မတုန်မလှုပ် ငေးကြည့်လျက် ပြုံးပြသည်။ ခါတိုင်းလို မထီတရီ အပြုံးမျိုး မဟုတ်ဘဲ သနားချင်စရာ ကလေးလို လျော့ရဲရဲ အပြုံးကလေး ဖြစ်သည်။

"ကိုယ် ဒီဒဏ်ရာကို နည်းနည်းဆေးရမလား ဟင်.... နောက် မျက်နှာလဲ သစ်ပါရစေ နော်"

အထက်တန်း ကျကျ တောင်းပန် စကားကို ပထမတော့ ပြောလိုက်ဖို့ စိတ်ကူးသည်။ သို့သော် နှုတ်ခမ်းမှ တစ်ဆင့် နှာခေါင်း၊ မျက်ခမ်း၊ မေးစေ့ အထိ သွေးစည်းကြောင်းကို သတိပြုမိသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မငြိုင်းရက်တော့ပေ။ ကြောင်ငယ် ရပ်ကွက်က နေပြီး ကန်ကြီးရပ်ကွက်ထိ ပြန်ရမည့် မြနှင်းဆီအတွက် ဒဏ်ရာပေါ် နည်းနည်း ညှာတာစိတ်ကလေး ဝင်သွားမိ၏။ ထို့ကြောင့် သူ ခေါင်းညိတ်၍ ခွင့်ပြုလိုက်သည်။ မြနှင်းဆီက ရေချိုးခန်းရှိရာ သို့ လျှောက်သွားပြီး တံခါး ဆွဲဖွင့်သည်။ သူ မီးခလုတ် ဖွင့် ပေးလိုက်၏။

"မြတ်စုရေ ဆပ်ပြာခွက်နဲ့ ရေခွက်ရော ဟင်"

"ရှာကြည့်ပေါ့ဗျ"

သူမ ရှိရာ ရေချိုးခန်း ဆီသို့ သူ လုံးဝမလိုက်ရဲပါ။ သူမ အခန်းထဲဝင်ပြီး အတွင်းမှ ချက်ထိုးလိုက်တော့မှ သူ အသက် ရဲရဲ ရှူဝံ့တော့သည်။ သူသည် ဂျင်းဘောင်းဘီအိတ်ထဲမှ ဖလင် လိပ်နှစ်လိပ်နှင့် ကင်မရာထည့်သည့် အိတ်ထဲမှ ဖလင်လေးလိပ် ကို ထုတ်ပြီး အမှောင်ခန်းသော့ကို ဖွင့်ဝင်လိုက်သည်။ သူ ယနေ့ ည ဖလင် ခြောက်လိပ် ဆေးရမည်။ မင်္ဂလာဆောင် ဓာတ်ပုံ ဖလင် နှစ်လိပ်စာ ကူးရမည်။ သူ့မှာ အချိန် သိပ် မရှိပါ။

သူ ရေချိုးခန်းတံခါးကို အသာ ခေါက်လိုက်၏။

"ဒီမှာ....ကျွန်တော့် ဓာတ်ပုံကူးစရာတွေ ရှိနေတယ်၊ ခင်ဗျား ဘာသာ ပြန်ရင် အပြင်ကနေ တံခါးစေ့ ပစ်ခဲ့တော့၊ ကျွန်တော် **Dark Room** ထဲမှာ အကြာကြီး နေရမှာ"





ပြောပြီး သူမ တံခါးမဖွင့်မီ ပြန်လှည့်လာလျက် အမှောင် ခန်း ကျဉ်းကျဉ်းကလေးထဲသို့ ဝင်လိုက်သည်။ ဤအခန်းလေး သည် သူနှင့် မြနှင်းဆီကို အလုံခြုံဆုံး ခွဲခြားပေးမည့် တစ်ခု တည်းသော အားကိုးရာ အခန်းကလေး ဖြစ်သည်။ တံခါးကို အတွင်းမှ မင်းတုပ် ထိုးပြီးသောအခါ သူ စိတ်ချ လက်ချ အသက်ရှူလျက် လုပ်စရာရှိသည်များကို ခပ်သွက်သွက် စတင် ဆောင်ရွက်သည်။

သူသည် ပထမဦးဆုံးသော ဖလင်လိပ်ကို ရစ်ဘီးထဲသို့ ထည့် လိုက်သည့် အချိန်မှ စ၍ အမှောင်ထဲမှာ မြနှင်းဆီကို မေ့လျော့ သွားသည်။ သူ၏ ဖလင် ဆေးစိမ်ဘူး [**Film Tank**] အရှည် သည် တစ်ခါ ထည့်လျှင် ဖလင် သုံးလိပ် ထည့်နိုင်သဖြင့် ဖလင် နှစ်လိပ်၏ ဆေးစိမ်ရန် ကြာချိန် စုစုပေါင်းမှာ တစ်လိပ်ချင်း ဆေးသည်ထက် ရှစ်ဆ ပို၍ မြန်ပါသည်။ ဖလင် ဆေးစိမ်ဘူး အရှည်ကို အသာအယာ လှုပ်ပေးနေခိုက်မှာ ဆိုင်ကယ် စက်သံ ကြားရသလိုလို ရှိပြီး တစ်ခန်းလုံး တိတ်ဆိတ်လျက် ရှိသည်။ ဖလင် ရှစ် လိပ် လုံး ဆေး ပြီး ပြန် ချိတ်ဆွဲပြီး ချိန်တွင် သူ့ မျက်ခွံတောင်များ မှေးစင်း ကျလျက် မကြာခဏ သမ်းဝေနေ တော့သည်။ သူ့မှာ ဖလင် အခြောက် ခံသည့် ဗီရို [**Drying Cabinet**] မရှိပါ။ အမှောင်ခန်း၏ နံရံတွင် ကြိုး တန်းဖြင့် ချိတ်ဆွဲ လှမ်းရသည်။ ဖလင် ဆေးခြင်း အလုပ်စ ပြီး ချိန်တွင် ည ၁၂ နာရီ ထိုးပြီးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင် ခေတ်ပုံ ဖလင် နှစ်လိပ်ကို မနက် အစော ကြီး ထ၍ ကူးတော့မည်ဟု ဆုံးဖြတ်လျက် သူ အပြင်ထွက်လာခဲ့ သည်။ မချွတ်ဘဲ ထားမိသည့် သားရေ ရှူးဖိနပ်နှင့် ခြေအိတ် အတွင်းမှ သူ့ ခြေဖဝါးများ အလွန် ပူနွေးလာလျက် ရှိသည်။

သူ ခုတင်ဆီ အိပ်ချင်မူးတူး ရောက်သွားသော အခါ စင်း ကျနေသော မျက်လုံးများ ပြူးကျယ်သွား၏။

ဘုရားရေ ....

သူ အမျိုးသမီး၏ ဆိုင်ကယ်ကို သတိရကာ ကမန်းကတန်း အပြင် ပြေးထွက်ကြည့်မိသည်။ မြနှင်းဆီ ဆိုင်ကယ်မှာ အခန်း ရှေ့တွင် ရပ်လျက်၊ သားရေအိတ် ထည့်ထားသည့် စက္ကူ အိတ်မှာ ဆိုင်ကယ် နောက်ဘီး၏ သည်ဘက်မှာ ကပ်လျက် ကျ နေဆဲ။ သူ ရုတ်တရက် ဦးနှောက်ခြောက်သွားကာ ဤဆိုင်ကယ် ဖြင့် အေးမင်းတို့အိမ်သွားအိပ်ရမည်လားဟု စဉ်းစားလိုက်သေး ၏။ မိုးလင်းလျှင် ဤဆိုင်ကယ်ကို အိမ်ရှင်နှင့် အိမ်နီးချင်းတွေ မမြင်မှ ဖြစ်မည်။ သို့သော် ည ၁၂ နာရီကျော် အချိန်တွင် သူ အပြင် မထွက်ရဲပြန်ပါ။

ထို့နောက် အခန်းကျဉ်းကလေး ထဲသို့ ဆိုင်ကယ်ကို ခဲခဲ ယဉ်းယဉ်း သွင်းလိုက်ရ၏။ သားရေအိတ်ထည့်သည့် စက္ကူအိတ် ကိုလည်း နောက် ကယ်ရီယာခုံပေါ် တင်ထား လိုက်သည်။ တံခါးကို ဖြည်းဖြည်းလေး ပိတ်သည်။ မတော်တဆ မယ်မင်း





ကြီးမ နိုးသွားလျှင် ဒုက္ခ။ အိပ်ပျော်နေတာကိုပဲ ကျေးဇူးတင်ရ ဦးမည်။ သည်နေ့ည သူ ဘယ်မှာ အိပ်ရပါ့။ သမံတလင်းပေါ် မှာပဲ ပုဆိုးခင်းပြီး အိပ်ရတော့မည်။

"မြတ်စု"

မြနှင်းဆီ၏ အသံက သူ့နောက်မှ တိုးတိုးတိတ်စွာ ထွက်လာ၍ သူ လန့်ဖျပ်သွားသည်။

"ခင်ဗျား .... ခင်ဗျား တော်တော်"

"တော်တော် ဘာဖြစ်လဲ ဟင်"

ယခုတော့ မြနှင်းဆီ မြုံးရယ်လျက် ရှိလေသည်။ သူမက ခေါင်း ပေါ်မှ ဆင်းလာသည်။ သူ နောက်သို့ တဖြည်းဖြည်း ဆုတ်သွား၏။ အမှောင်ခန်း နံရံနှင့် ကျော ကပ်မိချိန်တွင် မြနှင်းဆီက သတိဖြင့် ရှေ့တိုးလာသည်။ သေချင်းဆိုးမ၊ သူမ၏ မျက်နှာကို စိတ်ရှိ လက်ရှိ ရိုက်နှက် ပစ်လိုက်ရလျှင် ဘယ့်နှယ် နေမလဲ ဟု သူ စိတ်ကူး နေသည်။ သို့သော် သူ့ ရင်ထဲဒိတ်ဒိတ် ခုန်နေသည်ကို မငြင်းနိုင်ပါ။

မြနှင်းဆီက ခြေတစ်လှမ်း အကွာမှာ ရပ်တန့်သွား၏။

တွန်းဖယ်ပစ်လိုက်။ အခုနေ တွန်းဖယ်ပစ်လိုက်ရင် ဒီမိန်းမ ရှုံးနိုင်မှာပဲ။

သို့သော် သူ မြနှင်းဆီကို ပျော့ညံ့စွာ ဒူးထောက် အရှုံးပေး လိုက်မိအောင် မြနှင်းဆီက သူ့အပေါ် လွှမ်းမိုးသွားခဲ့တော့ သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃။

မြနှင်းဆီသည် မြတ်စု၏ ဘဝတွင် အရေးတကြီး အလိုအပ်ဆုံး ဖြစ်လာခဲ့၏။ မြနှင်းဆီ မပါလျှင် ဘယ်မှ မသွားတတ်၊ မြနှင်းဆီ မရှိလျှင် ဘာမျှ မလုပ်တတ်လောက်အောင် မြနှင်းဆီကို သူ နေရာတကာတွင် လိုအပ်ခဲ့သည်။ သူနှင့် မြနှင်းဆီ အကြောင်း အေးမင်းကို ဖွင့်ဟ ဝန်ခံချိန်တွင် အေးမင်း၏ မျက်နှာ၌ စိတ်မကောင်းသော အရိပ်အယောင်သာ တွေ့လျက် သူသော အရိပ်အယောင် မတွေ့ရချေ။ သူ မျှော်လင့်ထား ဖြစ်ပါလိမ့်မည်။

သူငယ်ချင်း အတွက် ကရုဏာသက်စွာ အစိုးရိမ်လွန်သော အေးမင်းက မြနှင်းဆီ၏ အိမ်ထောင်ရေး၊ လူမှုရေး အခြေအနေ တို့ကို အရေးတကြီး စုံစမ်းပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်စုရေ.... ကြားရတဲ့ သတင်းတွေကတော့ မကောင်းဘူး ကွ၊ ပြောရရင် မမြနှင်းဆီက ယောကျ်ားတွေ ဆီက ငွေ ချူစားနေတဲ့ မိန်းမ တစ်ယောက်ပဲ.... နောက်ပြီး.... ...."

သူ ကြက်သီးထလျက် မှိုင်တွေ သွားတော့ အေးမင်းက နှစ်သိမ့်၏။

"စိတ်တော့ မပူပါနဲ့၊ သူ့ဘဝမှာ တစ်ခါမှ အိမ်ထောင်ပြုထားတာ မရှိပါဘူး၊ စမ်းချောင်းထဲမှာ အိမ် တစ်အိမ် ဝယ်ထားတာ ရှိတယ်တဲ့၊ အခုတော့ အဲဒီ လူတွေနဲ့ ကင်းအောင် သူ ဘိတ်ကို ပြေးတာ လို့ သတင်းကြားတာပဲ၊ ဘာပဲဖြစ်ဖြစ် မင်းကို မယားခိုး အဖြစ် ဘယ်သူမှ တရားစွဲလို့ မရဘူး"

သူ မျက်နှာ ဖြန်းခနဲ ပူလျက် အေးမင်းကို မျက်နှာချင်း မဆိုင်ရဲဘဲ မျက်နှာ လွှဲနေရလေသည်။

မြနှင်းဆီကို ထိုအကြောင်းများ ပြန်ပြောတော့ မြနှင်းဆီက မထူးခြားသလို ခပ်ပေါ့ပေါ့ ဝန်ခံ၏။

"ဟိုတုန်းက အဖြစ်တွေပါ မောင်ရယ်၊ အခု အဲဒါတွေက ကျန်နေခဲ့ပါပြီ၊ မြမှာ ကိုယ်ပိုင်လုပ်ငန်းတွေ ရှိပြီ၊ ကိုယ်ပိုင်ဝင်ငွေ တွေရှိပြီ၊ ဘယ်သူ့ကိုမှ မှီခိုစရာ မလိုတော့ဘူးလေ"





"ခင်ဗျား မှားခဲ့တယ်လို့ရော ထင်ရဲ့လား"

မြနှင်းဆီက မြတ်စုကို ခပ်တွေတွေ ကြည့်ကာ ခေါင်းညိတ်၏။

"ပြောရရင် အဲဒါက မြ အသက် နှစ်ဆယ် အရွယ်မှာ ဖြစ်ခဲ့တာလေ၊ အခု မြဟာ အဲဒီ အမှားတွေနဲ့ ဘာမှ မပတ်သက်တော့တဲ့ မိန်းမ တစ်ယောက် ဖြစ်နေပါပြီကွယ်"

"မပတ်သက်လို့ ဘယ်ရမလဲဗျ၊ တစ်ခါ မှားပြီးသား အမှားဟာလဲ အမှားပါပဲ၊ ကိုယ့်ဘဝ သမိုင်းထဲကနေ ဘယ်တော့မှ ခွဲထုတ်ပစ်လို့ မရဘူး သိလား"

မြနှင်းဆီကို သူ စက်ဆုပ်ရွံရှာစွာ နာကြည်းမိဖို့ ကြိုးစား၍ မရပါ။ သူသည် မြနှင်းဆီ၏ နွေးထွေးသော လိုက်လျောမှု၊ ယုယကြင်နာမှု၊ ကျွမ်းကျင်လိမ္မာမှု တို့ကို ဘယ်လိုမျှ မစွန့်ခွာနိုင်ပါ။

သူ့ အဖြစ်ကို သိသွားသော နေ့က ဖြူလေးသည် မလာစဖူး အိမ်သို့ နီလာနှင့် အတူ လာလျက် ရှိုက်ကြီးတငင် ငိုကြွေး၍ နေတွေ့သည်။ သူ ဘာမျှ ပြန်မချေပဘဲ စိတ်ညစ်ညူး နာကျင်လျက် ခေါင်းငိုက်စိုက်ချကာ သူပါ ရော၍ ငိုကြွေးမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ရဲ့၊ ဒီ မကောင်းဆိုးဝါးမနဲ့ အတူနေဖို့ အတွက် ဖြူလေးကို စွန့်လွှတ်ရဲတယ်ပေါ့၊ ရှင်းရှင်း ပြတ်ပြတ် ပြောပါ ကိုကို၊ ဖြူလေးရဲ့ မိန်းမ သိက္ခာကို နည်းနည်း ငဲ့တဲ့ အနေနဲ့ ပြတ်ပြတ်သားသား ရွေးပါ" ဟု အရေးဆိုတော့ သူ ဆွံ့အကာ ကြောင်ငေးလျက် ခေါင်းယမ်းမိသည်။

"ဒီ မိန်းမနဲ့ နောက် မတွေ့ဖို့ ကိုကို ကြိုးစားနေပါတယ် ဖြူလေးရယ်"

"ဟင့်အင်း....အခု အချိန်ဟာ ကြိုးစားတဲ့ အချိန် မဟုတ်တော့ဘူး ကိုကို၊ အဲဒီကနေ့ အများကြီး လွန်ခဲ့ပြီ၊ အခု အချိန်ဟာ ကတိပေးရမယ့် အချိန်ပဲ၊ ကိုကို ကတိပေးလား မပေးဘူးလား"

မျက်ရည် စွန်းထင်းလျက် တင်းမာမှု တစ်ဝက် ကြေကွဲမှု တစ်ဝက် ရောနေသော ဖြူလေး၏ မျက်နှာကို သူ ရင်ဆိုင် မကြည့်ဝံ့ဘဲ ခေါင်းညိတ်လိုက်၏။

"ကိုကို ကတိပေးတယ်၊ ဘယ်တော့မှ မတွေ့တော့ဘူး"

ထို ကတိကို သူ အလွယ်တကူ ပေးလိုက်ခြင်း မဟုတ်ပါ။ သူ၏ စွဲလမ်းမှု လိုအပ်မှု အားလုံးကို နာကျင်စွာ ဖြတ်တောက်





အံတင်းတင်းကြိတ် ဆုံးဖြတ်ပြီးမှ ပေး လိုက် ခြင်း ဖြစ်ပါ သည်။

တကယ်ပင် ထိုနေ့ ညဦးပိုင်းမှာ အခါတိုင်းလို မြနှင်းဆီ၏ မ်သို့ မသွားတော့။ သူ့ ထံ လာမှာလည်း စိုးသဖြင့် အခန်းကို ာ့ခတ်ပိတ်ကာ အေးမင်းတို့ အိမ် သွားအိပ်ရသည်။

နံနက်မိုးလင်းတော့ ဘုရားပေါ်သို့ မြနှင်းဆီ ရောက်လာ၏။

"ကျွန်တော်တို့ ထပ်ပြီး မတွေ့ကြရင် ကောင်းမယ် လို့ န်တော် ဆုံး ဖြတ် လိုက် တယ်" ဟု ရောက် ရောက် ချင်း တိတိ ပြောသောအခါ မြနှင်းဆီက ခပ်ဖွဖွ ရယ်မောလေ သည်။

"မောင် နေနိုင်မှာလား ကွယ်" တဲ့။

သူ ဖြန်းခနဲ မျက်နှာပူနွေးကာ ဒေါသရော ရှက်တာရော င်းပြီး သူမထံမှ မျက်နှာ လွှဲပစ်လိုက်၏။

"သိပ် နေနိုင်တာပေါ့"

"ကောင်းပြီလေ၊ ဒါဖြင့်လဲ ကိုယ် ပြန်ပါ့မယ်"

ခရမ်းရင့်ရောင် ပိုးသား ဝတ်စုံဖြင့် ကိုယ်လုံး၏ ကျစ်လျစ် ှု ပေါ်လွင်အောင် ဣန္ဒြေရရ ပြန် လျှောက် သွားသော



www.burmeseclassic.com

မြနှင်းဆီ၏ နောက်ပိုင်းကို ငေးမောလျက် သူ သက်ပြင်းတွေ
သာ ခဏ ခဏ ချမိသည်။

ညကျတော့ သူ၏ အိပ်ရာပေါ်မှာ လူးကာ လိမ့်ကာဖြင့်
တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ ရှိသည်။

မြနှင်းဆီ၏ ခပ်ဖွဖွ ရယ်မောသံ၊ စ နောက် လှောင်ပြော
သံ၊ ပင့်သက်ရှိုက်သံ၊ လမ်းလျှောက်သည့် ခြေသံ တို့ကို ကြာ
ယောင်လျက် နူးညံ့ သွယ်လျှသော လက်ချောင်းကလေး များကို
သတိရလျက် နာကျင် ကြေကွဲစွာ အိပ်ပျော်ဖို့ သူ ကြိုးစား
သည်။

"ဟောဒီ ရေမွှေးဟာ သူတို့ဆီမှာတော့ ယောကျ်ား တွေ
အသုံးများတယ် မောင်ရဲ့၊ ဒီ ရေမွှေးနံ့ဟာ အမျိုးသမီး တွေ
စိတ်ကို ဆွဲဆောင် နိုင်သတဲ့ လေ၊ မောင်လဲ မြကို ဒီ ရေမွှေးန
ဆွဲဆောင်ဖို့ ကြိုးစား နော်" ဟု သူ နာမည် အသံထွက် မှ
အောင် မရွတ်တတ်သော ရေမွှေးပုလင်းကို လက်ဆောင်ပေး
လျက် ကိုယ်တိုင် အင်္ကျီပခုံးစွန်းမှာ ရင်ညွန့်မှာ ဆွတ်ပေးတတ်
သည့် မြနှင်းဆီ ....

"မောင့် အင်္ကျီတွေ လုံချည်တွေကို အညစ်တွေနဲ့ ရောထား
လို့ ဘယ်ဖြစ်မလဲ မောင်ရဲ့၊ မောင်ဟာလေ....သိပ်ညစ်ပတ်တာ





ပဲ" ဟု အင်္ကျီ လုံချည် မှန်သမျှ လျှော်ပေးကာ မီးပူ အကျအန
တိုက်ပြီးမှ ပြန်ပေးတတ်သော မြနှင်းဆီ ....

"ကိုယ့် အင်္ကျီ လုံချည်တွေကို သက်သက်ပဲ လျှော်ပေးတာ
လေး၊ မောင့် အင်္ကျီ လုံချည်တွေတော့ သူ မလျှော်စေရဘူး၊
မြ ကိုယ်တိုင် လျှော်တာ ဒီမှာ ကြည့်ပါဦး၊ မြ လက်သည်း
လေး တစ်ချောင်း ကျိုးသွားပြီ" ဟု မူနွဲ့သော အသံဖြင့်
ငြီးရယ်ကာ ယုယတတ်သည့် မြနှင်းဆီ ....

"ဂျင်းဘောင်းဘီဆိုတာ လူတကာဝတ်တာ၊ အနောက်နိုင်ငံ
ာတော့ ကလေကချေတွေ အလုပ်သမားတွေဝတ်တာ မောင်
ရဲ့၊ ဒီမှာ ဒီ သက္ကလတ်စလေး ဟာ ပျော့ပျော့ နူးနူး ညှို့ညို့
ကလေး၊ မောင့်အတွက် ၁ါမျိုး အစတွေနဲ့ မြ ကိုယ်တိုင်
ဘောင်းဘီပွပွလေး ချုပ်ပေးမယ်၊ နောက် ဒီ ဂျင်းစတွေ မဝတ်
နဲ့ နော်၊ အထက်တန်းကျကျလေး ဝတ်တော့ သိလား"

သူ့ အတွက် ဝတ်စုံများစွာ ကိုယ်တိုင် ချုပ် ပေး လျက်
"ဒါမှ မောင်နဲ့ လိုက် ဖက် တာ ကွ၊ ဒီ ဝတ်စုံမျိုးတွေ ဘိတ်
တစ်မြို့လုံးမှာ ဆင်တူ မရှိဘူး၊ မောင့် တစ်ဦးတည်းပိုင် လေ
နော် ကွယ်" ဟု ကလေးတစ်ယောက်ကို လက်ဆောင်ပေးသလို
ကျေနပ်နှစ်သိမ့်စွာ သူ၏ မေးစေ့ ချွန်ချွန်လေးကို မချင့်မရဲ
ဆွဲဖှစ် ကျီစယ်တတ်သော မြနှင်းဆီ ....

www.burmeseclassic.com



နာကြည်းမှု များနှင့် စွဲလမ်း မက်မောမှု များကို တစ်ပြို
တည်း ပေးစွမ်းတတ်သော မြနှင်းဆီ ....

ကြမ်းတမ်း ခက်ထန်မှု များနှင့် နူးညံ့ သိမ်မွေ့မှု များ
တစ်ပြိုင်တည်း ဖော်ပြနိုင်စွမ်းသော မြနှင်းဆီ ....

စက်ဆုပ်မှု များနှင့် တမ်းမက် တွယ်ငြိမှု များကို တစ်ပြို
တည်း ခံစားရစေနိုင်စွမ်းသော မြနှင်းဆီ ....

ထို မြနှင်းဆီ များသည် မြတ်စု အပေါ်တွင် လိပ်ပြာ
ကလေးပေါင်း များစွာလို ရောက်ရှိလာပြီး ဖမ်းစား ညို့ယူလျ
ရှိသော အခါ မြတ်စုမှာ ကတိနှင့် ခံစား စွဲလမ်းမှု အကြ
ဆောက်တည်ရာမရ တုန်လှုပ် ချောက်ချားလျက် ခေါင်းအ
နှင့် မျက်နှာ အပ်ကာ တိတ်တခိုး ရှိုက်ငင် တမ်းတမိတော
သည်။

"မောင် နေနိုင်မှာလား ကွယ်...." တဲ့၊

အထက်စီး လေသံဖြင့် ပြုံးပြုံးကလေး မေး လိုက် သော
မေးခွန်း၏ အဖြေကို သူမ သိပြီးသား ဖြစ်မှာပါ။

နှစ်ရက် အကြာ ညနေခင်း တစ်ခုတွင် မြနှင်းဆီ၏ အိမ်သို
သူ ရောက်သွားတော့ မြနှင်းဆီ လုံးဝ အံ့သြဟန် မပြပါ။ သ





လိမ့်မည် ဖြစ်ကြောင်း ကိုတင် မျှော်လင့်ပြီးသား ဖြစ်မှာ
ပါလေ။ နှစ်ဦး အကြားမှာ ဘာ ပြဿနာမှ မရှိသလို ကြိုဆို
ခဲ့၏။

"အတော်ပဲ၊ ကိုယ်ကတ်ကြေးကိုက် စားချင်နေတာ၊ မောင်
ကိုက်ပို့မှာ မဟုတ်လား"

မြနှင်းဆီသည် ရက်စက်စွာပင် ဖြူလေးတို့ အိမ်နား က
ကတ်ကြေးကိုက်ကိုမှ စားချင်သည် တဲ့။

သူ ခါးခါးသီးသီး ငြင်းဆန်ဖို့ ဟန်ပြင်တော့ မြနှင်းဆီက
သူ့ မေးစေ့ကို ဖျစ်ညှစ်လိမ်ဆွဲကာ "သွားစို့ နော် မောင်" တဲ့။
သူ စူးရဲသော မျက်လုံး နက်နက်နှင့် နှင်းဆီဖူးလို ငုံ့ငုံ့ကလေး
ဖြစ်နေသော နှုတ်ခမ်းများ အောက်တွင် သူ၏ ငြင်းဆန်လိုမှု
များ ထွက်ပြေး ပျောက်ကွယ် သွားတော့သည်။

မြနှင်းဆီကို မဟွန်းလှန်နိုင်သော မြတ်စု သည် ဖြူလေး
အပေါ် ရက်စက်ရာကျမည့် အပြုအမူ အသွားအလာများကို
ပြုမိတော့သည်။ အမှား တစ်ခု မှားပြီးတိုင်း နောင်တ ကြေကွဲ
မှုဖြင့် စိတ်သောက ရောက်ရသော်လည်း နောက်ထပ် အမှား
တစ်ခု ကျူးလွန်ရန် သူ အဆင်သင့် ဖြစ်နေတတ်၏။

"မောင် ခေတ်ပုံ ကူးရတာ သိပ်ပင်ပန်းတာပဲ၊ Durst
ကုမ္ပဏီက လုပ်တဲ့ Developer တစ်ခုလောက် ရှယ်ပါလား



www.burmeseclassic.com

www.burmeseclassic.com



ကွယ်၊ နောက်ပြီး မောင်တို့ အင်လာဂျာက မြန်မာပြည်မှာ တင် လုပ်တဲ့ ဟာကြီး၊ အင်လာဂျာ တစ်ခု ဝယ်လိုက်၊ အေးမင်း အားတဲ့ အချိန်မှာ အေးမင်း ဝင်ကူး၊ ဒါဆို လုပ်ငန်း တွင်ကျယ် တာပေါ့” တဲ့။

“မြရယ်၊ အဲဒါတွေ ကျွန်တော်တို့ မဝယ်နိုင်သေးလို့ ပေါ့” ဟု ခပ်ပြုံးပြုံး ဝန်ခံတော့ မြနှင်းဆီက မျက်လုံးကို ချစ်စဖွယ် လှပအောင် ပြူးပြ၏။

“အိုး… ဖြစ်မှ ဖြစ်ရလေ၊ ကိုယ် ဝယ်ပေးမှာပေါ့ မောင်ရဲ့”

“ဟာ…မဟုတ်တာ” သူ ရှက်ရှက်ဖြင့် ခါးသီးစွာ ငြင်း တော့ သူမ က ခပ်ပြုံးပြုံးပဲ။

နောက်တစ်ပတ် ကြာတော့ မြစ်ကြီးနားသင်္ဘော ဆိုက်ချိန် တွင် မြနှင်းဆီ က မြတ်စုကို သင်္ဘောဆိပ် လိုက်ပို့ ခိုင်း၏။ ပစ္စည်း သွားရွေးမလို့ ဟုသာ ပြောသည်။ ဆိပ်ငယ် တံတားဘေးတွင် မြတ်စု စောင့်နေပြီး သိပ် မကြာမီ မြနှင်းဆီ ၏ နောက်မှ အထမ်းသမား တစ်ယောက်က ကတ်ဘူးကြီး နှစ်ခုကို ထမ်းလျက် ပါလာသည်။ ထို ပစ္စည်းများသည် မြတ်စု အတွက် ဖြစ်ကြောင်း မြနှင်းဆီ၏ အိမ်ကျမှ သိရသည်။

သူ ကြက်သီးထတော့မတတ် မြနှင်းဆီကို လန့်သွား၏။





“ကျွန်တော်….ကျွန်တော် ဒါတွေ အတွက် ဘာ ပြန်ပေးရ မလဲ ဟင်” ဟု နာကြည်းစွာ မေးမိတော့ မြနှင်းဆီ က ခပ်ဖွဖွ ရယ်မော၏။ သူ စိုးရိမ်တကြီး မျှော်လင့်ထားသော စကားမျိုး မြနှင်းဆီ မပြောပေ။

သူ ခါးခါးသီးသီး ငြင်းဆန်တော့ မြနှင်းဆီက စူးရှစွာ စိုက် ကြည့်လျက် ခေါင်း ယမ်းသည်။

“မောင်က မြထက် အငယ်ပဲ၊ မောင်က ကလေး သာသာ ရှိသေးတယ်ပဲ၊ ကိုယ်တို့နှစ်ယောက် ကြားမှာ မာနတွေ မထားပါနဲ့ ကွယ်၊ မြမှာ ဝင်ငွေ မရှိတဲ့ အချိန်ကျ မောင့်ဆီက ယူမှာပေါ့”

“ဟင့်အင်း….ကျွန်တော် ဘာမှ မလိုချင်ဘူး”

ထို့နောက် စိတ်ညစ် သွားသော မြတ်စုကို မြနှင်းဆီက ချော့မော့ ဖျောင်းဖျ လေသည်။

မြတ်စုသည် မြနှင်းဆီ၏ တွယ်ငြိမှု နှောင်အိမ်မှ ဘယ်လို လွတ်မြောက်ရပါ့မလဲ ဟု စဉ်းစားရင်း၊ ကြိုးစားရင်း တွယ်ငြိရင်း ပြည့်လျှပ်သာ မလွန့်သာ ဘဝသို့ ရောက်ရလေသည်။

မြနှင်းဆီကို စွန့်ခွာချင်လျက်နှင့် တခဲလည်လည် မရုန်းထွက် နိုင်သော မြတ်စု အဖြစ်ကို အေးမင်းနှင့် နီလာမှ တစ်ဆင့် မောင်မောင်းဆီ သတင်းရောက်သွားတော့ ဖြူလေး ငိုပြန်သည် တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ ကို ပြောလိုက်ပါ ဖြူလေးဆီ လာဖို့ စိတ်မကူးပါနဲ့ လို့၊ ဖြူလေး သူ့ ကို မမြင်ချင်ဘူး" ဟု နာကြည်းထိခိုက်စွာ မှာ လိုက်သည် တဲ့။

မြတ်စု ဘဝတွင် တစ်ဦးတည်းသော ချစ်သူ ဖြူလေးအား စိတ်ချမ်းသာစေလိုချင်၊ မြတ်စု ကိုယ်တိုင်ကလည်း သည်အနှောင် အဖွဲ့မှ ရုန်းမထွက်နိုင်ဘဲ စိတ်သောက များစွာ တိုးပွားလာ ခဲ့၏။

မြတ်စု ထံမှ မြနှင်းဆီ ဘာလိုချင်သည် ဆိုတာ လများစွာ မကြာခင်မှာပင် သိရသည်။

"မောင် .... မြတို့ လက်ထပ်ကြရအောင် ကွယ်"

မြနှင်းဆီ ထံမှ ထိုစကားကို ကြားရတော့ မြတ်စု ခေါင်း ကြီးသွားကာ မြနှင်းဆီကို ကြောင်တောင်တောင် ငေးမောနေ တော့သည်။

"ဟင် .... ဘာ ငေးနေတာလဲ မြတို့ လက်ထပ်ကြစို့ မောင့်အတွက် သားကလေး တစ်ယောက်၊ သမီးကလေး တစ်ယောက် မြ မွေးပေးချင်လှပြီ"





ဘုရား....ဘုရား။ သူ မျက်နှာထူအန်းလျက် "ဟင့်အင်း" ဟု ဘိုးတိတိ ငြင်းပယ် ပစ်လိုက်သည်။ မြနှင်းဆီ သည် မြတ်စုကို ခပ်တွေတွေ ငေးကြည့်လျက် "နေဝ် .... မောင်" ဟု ထပ်ပြော သည်။

"ကျွန်တော် .... ကျွန်တော် လက်မထပ်ချင်ဘူး"

သူ မေ့ထားခဲ့သော ပြဿနာသည် အလွန် ကြီးမားလေးလံ ကြောင်း ယခုတော့ သူ သိပေပြီ။

"အို .... ဘာဖြစ်လို့လဲ မောင်"

"ကျွန်တော် ဖြူလေးက လွဲပြီး ဘယ်မိန်းမမှ လက်မထပ် ဘူး"

မြနှင်းဆီသည် ပထမ ဦးဆုံး အကြိမ် အဖြစ် မျက်နှာပျက် သွား၏။ ခုတင်ပေါ်မှ တစ်ဝက် ထထိုင်ကာ မြတ်စုကို စိုးရိမ် တောင်း ငုံ့ကြည့်သည်။

"မောင် မြကို မချစ်ဘူးလား ဟင်"

"မချစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဆိပ် အားမစိုက်ရဘဲ လွှယ်ကူစွာပင် ဖြေလိုက်နို
သည်ကို သူ ကိုယ်သူ အံ့သြနေလေသည်။ လျင်မြန်သော မြတ်
အဖြေကြောင့် မြနှင်းဆီက အံတင်းတင်း ကြိတ်၍ ခဏ ငိုင်ေ
နေသည်။ ပြီးမှ သူမ၏ မျက်နှာထားကို အနူးညွတ်ဆုံး ပြင်ဆ
လျက် မြတ်စု၏ မျက်နှာပေါ် ငုံ့ချကာ မြူးပြုလိုက်၏။

"မောင်မြတ်ကို မသနားဘူးလားကွယ်၊ ကိုယ် မင်းကို အရမ်း
ချစ်နေတာကို မသနားဘူးလား"

မြတ်စုသည် မမျှော်လင့်သော စကားကြောင့် အံ့သြစွာ
ငြိမ်သက်သွား၏။

သနားရမည်....။ မြနှင်းဆီကို သူ ဘယ်လိုသနားရမည်နည်း။

"ကျွန်တော် ဖြူလေးကိုပဲ သနားတယ်"

မလိမ်ညာတတ်၊ ဟန်မဆောင်တတ်သော မြတ်စုက အမှန်
အတိုင်း ပြောတော့ မြနှင်းဆီက အလန့်တကြား မတ်မတ် ထ
ထိုင်သည်။ နှုတ်ခမ်း တင်းဘင်း စေ့၍ မြတ်စုကို ကြည့်သော
မျက်လုံးများတွင် မုန်းတီးမှုများ လျှံထွက်နေသလို ထင်ရသည်။

"မောင် ပြန်တော့"





တစ်ခွန်းတည်းသော စကား အဆုံးတွင် သူ ဝုန်းခနဲ ထပြန်
ထခဲ့သည်။

မြတ်စု ခရီးထွက်၍ စိတ်ကို ပြောင်းလဲ ကုသပစ်ရလေသည်။

ဒါတောင် မြတ်စု လေယာဉ်ကွင်း ရောက်တော့ ဘယ်လို
ပြီး သူတင်းရနေမှန်း မသိသော မြနှင်းဆီက ရပ်ထားသည့်
ကယ်ဘေးတွင် မတ်တတ်ရပ်လျက် ကြိုဆိုနှင့်သေး၏။

မြနှင်းဆီသည် မြတ်စုက "ဒီ ဝတ်စုံနဲ့ မြနဲ့ သိပ်လိုက်တာပဲ"
မကြာခဏ ပြောမိသော ဆွစ်ဇာလန် ဇာ အပြာနုရောင်
ကျ်ရှည် ရင်ဖုံး အင်္ကျီ၊ အပြာရောင် ပန်းရောင် အနက်ရောင်
ရွှေရောင်များ ရောယှက် မြန်ကျဲထားသော မျဉ်းကြွေးများ
ပွင့်ကျဲကျဲများ ဒီဇိုင်းနှင့် ကီမိုနို ထဘီကို ဣန္ဒြေရရ ဝတ်ထား
သည်။

"အခုတော့ ကိုယ့်မောင်ကလေးက တကယ်ပဲ ထွက်ပြေး
မှာပေါ့နော်"

သူ ဆီ တစ်လှမ်းချင်း လျှောက်လာပြီး မရယ်မပြုံး နှုတ်ဆက်
မြနှင်းဆီ၏ မျက်လုံးများမှာ မျက်ရည်ဝိုင်းလျက် ရှိသည်။
သည် မြနှင်းဆီ ဝယ်ပေးထားသော ကင်မရာလည်ဆွဲသည့်



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကို သော့လည်းကောင်း၊ ခရီးဆောင် သားရေ လက်ဆွဲ သေတ္တာကို သော့လည်းကောင်း လုံးဝ မယူခဲ့ပေ။ သူ မန္တလေး အိမ်မှ ထွက်လာစဉ်က ပါသော Camel အဝတ်အိတ် အနက် ကိုသာ လွယ်ထားသည်။

သူ တစ်ခွန်းမှပြန်မပြောတော့ မြနှင်းဆီက "ဖြူလေး ဘာလို့ လိုက်မပို့သလဲ" ဟု သိသိကြီးနှင့် တမင် မေး၏။ ဖြူလေး၏ ထိခိုက်နာကျင်မှုကြောင့် ဖြူလေးနှင့်သူ ဘယ်လိုမျှ ပြန်လည် ပေါင်းစည်း၍ မဖြစ်နိုင်သေးမှန်း သူမ ရိပ်မိပါလိမ့်မည်။ ထို မေးခွန်းကိုလည်း သူ မဖြေသောအခါ မြနှင်းဆီက ပခုံးတွန့်၍ နောက်ကို ဆုတ်၏။

"အင်းလေ...မြလဲ မောင်မရှိဘဲ ဘိတ်မှာ မနေချင်လို့ ခရီး ထွက်မလို့"

သူ တစ်ကိုယ်လုံး တုပ္ပကာ မြနှင်းဆီကို ထိတ်လန့်တကြား လှည့်ကြည့်မိ၏။ ဘုရားရေ...သူ ငါ့နောက်ကိုများ လိုက်လာဦး မှာလား....။ သူ့ အတွေးကို ရိပ်မိပုံဖြင့် မြနှင်းဆီက ပြုံးလေ သည်။

"မစိုးရိမ်ပါနဲ့ မောင်ရဲ၊ မောင့်ခရီးကို မြ မနှောင့်ယှက်ပါ ဘူး၊ မိန်းမ တစ်ယောက်ကို လက်ထပ်ဖို့ မောင်ဟာ တစ်လ





တာ အချိန်ယူ စဉ်းစား သင့်တာပေါ့၊ မြ နားလည်ပါတယ်၊ မောင့် အပြန်ကို မြ ချစ်မြတ်နိုးစွာ စောင့်နေမှာပါ"

"ခင်ဗျား ကျုပ်ကို အခုမှ မရရင် ပြန်လာတဲ့ အချိန်မှာ ပိုပြီး တော့တောင် မရစေရဘူး"

"မြ သွားမှာက မန္တလေးကိုပါ"

သူ တအံ့ တသြ ကြည့်မိတော့ မြနှင်းဆီက ပခုံး တွန့်၍ ရယ်၏။

"မန္တလေးက မီးယပ် သားဖွား အထူးကု ဒေါက်တာ ဒေါ်တင်တင်ဆီ ကိုလေ"

"ခင်ဗျား...ခင်ဗျား ဘာ အဓိပ္ပာယ်နဲ့ မာမီ့ နာမည်ကို ထည့်ပြောတာလဲ"

သူ ခြေဖျား လက်ဖျားတွေ အေးစက်သွား၏။ သူ့ နိုင်ငံ သား ကတ်တွင် အဖေ နာမည်သာ ပါပြီး အမေ နာမည် မပါ ပါဘဲနှင့် မြနှင်းဆီက ဘာကြောင့် မာမီ့ကို သိနေသလဲ။ မြနှင်းဆီထံ ခြေနှစ်လှမ်းဖြင့် ရောက်သွားပြီး ပခုံး နှစ်ဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင် လှုပ်ယမ်းပစ်လိုက်သည်။ သူ တက်တစ်ချက် ခေါက် လိုက်၏။

"ပြော၊ ခင်ဗျား ဘာကိစ္စ မာမီ့နာမည်ကို သုံးရတာလဲ"

မြနှင်းဆီက သူ့ကို မကြောက်သည့်အပြင် သဘောကျစွာ ရယ်မောလိုက်သေးသည်။

"ဪ....အဲဒါ မောင့် အမေလား၊ မြ မသိပါဘူး"

"ခင်ဗျား မာမီ့ဆီ သွားရင် ခင်ဗျားကို ကျုပ် သတ်ပစ်မယ်၊ ကြားလား"

သူ မြနှင်းဆီကို ဆောင့်တွန်းလိုက်တော့ စကြို အုတ်ခုံပေါ် မှာ ရပ်နေသည့် အဘွားကြီးများ ထံမှ အာမေဋိတ်သံတွေ ထွက် လာ၏။ သူ ဂရုမစိုက်ပါ။ မြေပြင်ပေါ် လွင့်ခနဲ လဲကျသွား သော မြနှင်းဆီကို လှည့်ကြည့်မိမှာ စိုးရိမ်၍ ဖြုန်းဆို လှည့်ထွက် လာခဲ့သည်။ ကြည့်စမ်း၊ ဒီမိန်းမ ဒါကို ဘယ်လိုလုပ် သိတာလဲ၊ ဒါ့အပြင် ဘာတွေကို သိပြီးပြီလဲ။

"မောင့် အားနည်းချက်ကို မြ သိတယ်နော်" ဟု သတိ ပေး လေ မလား။





"မောင့်လို လူမျိုးက မြလို မိန်းမမျိုးနဲ့ ယူရမှာ နာတယ် ထင်သေးလား ကွယ်" ဟု ခနဲ့ လိုက်လျှင် သူ ဘယ်လိုမျှ ခံနိုင် စွမ်း ရှိမည် မဟုတ်ပါ။

သူသည် ခရီး တစ်လျှောက်လုံး ပူပင်သောကဖြင့် စိတ် ညှိုးကျုံ့လျက် ရှိသည်။

၁၉၉၀ ခုနှစ်ဘာ တစ်လလုံးလုံး ရှမ်းပြည် မြောက်ပိုင်း မှာ အချိန် ဖြုန်းပစ်သည်။ သူ့လိုပင် သချာ် အစီကနှင့် ဘွဲ့ရ သော သူငယ်ချင်းက လားရှိုးမြို့ပေါ်တွင် လက်ဖက်ခြောက် ခြံ ပိုင်ရှင် ဖြစ်နေပြီ။ ထို သူငယ်ချင်းက မြတ်စု မြိတ်သို့ ရှင်းစဉ် ရောက်နေမှန်း မသိပေ။ မန္တလေးမှာပဲ မာမီနှင့် အတူ နေသည် ဟု ထင်နေ၏။ သူ ဘာမှ မပြောဘဲ ထားလိုက်သည်။

ဖလင်လိပ် များစွာဖြင့် ပိုက်ဆံများ အချိန်များကို ဖြုန်း တီးပစ်လိုက်လေသည်။

မြနှင်းဆီကို ပုံမှန်အတိုင်း သူစိမ်းပြင်ပြင် ကြည့်နိုင်ပြီဟု ထင်ရသောအခါ ဖြူလေးနှင့် တွေ့ရန် မြိတ်သို့ ပြန်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မြိတ်မြို့တွင် မြတ်စုသည် ပြဿနာ အသစ် တစ်ခုနှင့် ချက်ချင်း ရင်ဆိုင်ရတော့သည်။

နီလာမှ တစ်ဆင့် တောင်းပန်မှုကြောင့် ဖြူလေးက တစ်လကြာ ခွဲနေရသော မြနှင်းဆီ ထံမှလည်း ရုန်းထွက်နိုင်ပြီ ဖြစ်သော ချစ်သူကို လိုက်လျောသည့် အနေဖြင့် သိမ်တော်ကြီးဘုရားပေါ်သို့ ရောက်လာခဲ့သည်။

"ကိုကို အသား နည်းနည်း ညိုသွားတယ်" ဖြူလေးက ခပ်လှမ်းလှမ်းမှာ ထိုင်လျက် အရိပ်တကြည့်ကြည့် ပြောသည်။

"ဘယ်နေ့က ရောက်လဲ ဟင်"

"မနေ့က"

ဖြူလေးသည် မတွေ့ရသော ကာလများ အတွင်း ယခင်ကထက် အဆပေါင်းများစွာ ရင့်ကျက်သွားသည်။ ကုပ်ဝဲ ဆံပင်တိုတိုကို ဖဲကြိုးကလေးဖြင့် ရသမျှ စုစည်းထားပြီး မျက်နှာမှာ ဘာ မိတ်ကပ်မှ မလိမ်းဘဲ ပြောင် ထင်း ဝင်း မွတ် နေ၏။





ရင်းရှပ် အညိုနုရောင် အကွက်ကျဲ ပွပွကြီးက ဒူး အထက်ဆီ အထိ ရှည်လျားကာ အညိုရောင် လုံချည်က ခြေသလုံး ဝက်ထိ တိုတို ဝတ်ထားသော ဖြူလေး၏ မျက်နှာထားမှာ ငြိမ် ကျွန်တော်ရလှသည်။

ဖြူလေးနှင့် အတူ မျက်လုံးစိမ်း [Green Eyes] လက်ဖက်ရည်ဆိုင်သို့ အတူ သွားထိုင်၍ အကြာကြီး စကား ပြော ဖြစ်သည်။

"ဖြူလေး .... ကိုကိုတို့ လက်ထပ်ကြရအောင်"

ဖြူလေးက လက်ဖက်ရည် ပန်းကန်ကို အောက်သို့ ပြန်ချ ဘာ အံ့ဩတကြီး ကြည့်၏။

"ကိုကိုရယ်၊ အဆင့်တွေ ကျော်လှချည်လား၊ ဟို မိန်းမနဲ့ အရင် စာရင်းရှင်းပါဦး" ဟု ချိုသာစွာ သတိပေးသည်။

"အဲဒီ မိန်းမနဲ့ ကိုကိုနဲ့ ဘာမှ မပတ်သက်တော့ပါဘူး"

"ဘာတုံး၊ ဒါလဲ များပြားလှတဲ့ ကိုကို့ ကတိတွေ ထဲက တစ်ခုလား"



www.burmeseclassic.com

www.burmeseclassic.com



နာကြည်းစွာ ပြောလိုက်သော ဖြူလေး၏ စကား သည် မြတ်စု အတွက် ဒဏ်ရာ အနာပေါ် ကျသွားသည့် တုတ်ချက် တစ်ခုပမာ စူးစူးဝါးဝါး နာကျင်သွား၏။ ဘာမှ မဖြေရှင်း နိုင်ဘဲ လက်ဖက်ရည် ပန်းကန်ကို ငုံ့စိုက် ဝမ်းနည်း သွားသော မြတ်စုကို ကြည့်လျက် ဖြူလေး ပင့်သက် ရှိုက်လိုက်လေသည်။

"ကိုယ့်ကိုယ်ကို အမှန်အတိုင်း သိဖို့ သေချာဖို့ အရင် ကြိုးစားပါဦး ကိုကို၊ ဖြူလေး စောင့်ကြည့်ချင်သေးတယ်"

ဖြူလေး စကားကို သူ ဝမ်းနည်းသော်လည်း မနာကြည်း နိုင်ပါ။ သူ ခိုင်မာစွာ ပြုံးလိုက်၏။

"ကိုယ်က ဖြူလေးက လွဲလို့ ဘယ် မိန်းမမှ လက်မထပ်ဘူး၊ ဘယ် မိန်းမမှလဲ မချစ်ဘူး"

ဖြူလေး မသိမသာ ပြုံးလာ၏။

"ဒါ ကတိလား ဟင်"

"ကတိ"

ထို အချိန်မှာပင် ဆိုင်ရှေ့မှာ ဆိုင်ကယ် စက်ရပ်သံ ကြား လိုက်ရပြီး မျက်နှာချင်းဆိုင်က ဖြူလေး၏ ပန်း သွေး ရောင်



ပါးမို့ကလေးများ ဖြူဖျော့ကာ မျက်နှာ ပျက်သွား၏။ ဖြောင့် သန်းသော မျက်ခုံး ပါးပါးကလေး ကုပ်ကျသွားပြီး တိုးတိုး ကလေး ရေရွတ်လိုက်သည်။ မြတ်စုသည် တင်ကြို သိစိတ်ဖြင့် နောက် လှည့်ကြည့်လိုက်တော့ အဖြူရောင် ဝတ်စုံ ဖွပ်ဖွပ်ဖြင့် မြနှင်းဆီ ....

"ဖြူလေး ပြန်တော့မယ် ကိုကို" တုန်ယင်သော ဖြူလေး အသံက တိုးတိုးတိမ်တိမ် ကလေး။

"မပြန်နဲ့ ဖြူလေး၊ ဒီ ပြဿနာကို ကိုကို ဖြေလည်အောင် ...နိုင်ပါတယ်"

"ဖြူလေး....ရှက်တယ်"

"ရှက်ရမှာ ဖြူလေး မဟုတ်ပါဘူး၊ သူ ရှက်ရမှာပါ ...လေးရဲ့....ထိုင်နေပါကွာ နော်"

မြနှင်းဆီသည် သူတို့ စားပွဲဆီသို့ ကြော့မော့စွာ လျှောက် ...၏။

"ကြည့်စမ်း၊ မောင်က ဒီရောက်နေတယ်၊ ကိုယ် တစ်မနက် ...လိုက်ရှာရတာ နှံ့နေပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်မှာ မိတ်ဆက်ပေးပြီး ကတည်းက တစ်ခါမှ ယခုလို မျက်နှာချင်းဆိုင် အတူ မတွေ့ရဘူးသော ဖြူလေး တော့ မြနှင်းဆီက အသိအမှတ်ပြုဟန် မတူဘဲ မြတ်စု ဘေး ကုလားထိုင်လွတ်တွင် ဝင်ထိုင်လေသည်။ ဘယ်လောက် မျက်နှာ ပြောင်လိုက်ပါလိမ့်။

"မောင့်နဲ့ နှစ်ယောက်တည်း စကား ပြောချင်တယ်၊ အရေးကြီးတာ တစ်ခု ...."

"ကျွန်တော်နဲ့ မမြနှင်းဆီရဲ့ ကြားမှာ နှစ်ယောက်တည်း ပြောစရာ စကား မရှိတော့ပါဘူး၊ ပြောချင်ရင် ဖြူလေး ရှေ့ မှာပဲ ပြောပါ"

သူ စကားဖြတ်လျက် ပြောတော့ မြနှင်းဆီက ဖြူလေးကို ခေါင်းညိတ် အသိအမှတ် ပြုပြီး ပြုံးပြ၏။

"မဟုတ်ဘူး လေ၊ ဒီ မိန်းကလေး ကြားဖို့ မကောင်းဘူး မောင်ရဲ့၊ သူ့ အနေနဲ့က ...."

"ပြောမှာသာ ပြောပါ မမြနှင်းဆီ၊ သူနဲ့ ကျွန်တော်က မကြာခင် လက်ထပ်ကြတော့မှာပါ၊ ဇနီးလောင်း တစ်ယောက် အနေနဲ့ ကျွန်တော့်နေရာဟာ သူ့နေရာပဲ"





"ဩော် .... ကောင်းပြီလေ"

မြနှင်းဆီက စူးစူးရဲရဲ ပြုံးလိုက်၏။ သူမ မျက်လုံးများတွင် တောက်ကျစ်မှုများကို တွေ့လိုက်ရသည်။

"အင်း .... ဒီ အတိုင်းဆိုရင် မောင့်ရဲ့ ရင်သွေး ကလေးဟာ သနားစရာပဲ"

သူ့ တစ်ကိုယ်လုံး အေးစက် တောင့်တင်းသွား၏။ ဖြူလေး ဆီမှ ရေနွေးကြမ်းပန်းကန် အသံမြည်အောင် ချလိုက်သံ ကြား ရသည်။

"ခင်ဗျား....ခင်ဗျား ဘာပြောလိုက်တာလဲ ဟင်"

မြနှင်းဆီက မြတ်စုဘက် တည့်တည့် လှည့်၍ မရယ်မပြုံး ခပ်တည်တည် လှည့်ကြည့်လေသည်။

"မြမှာ ကိုယ်ဝန် ရှိနေပြီလို့ ပြောလိုက်တာလေ"

"ဟင့်အင်း"

သူ အံ့ဩ တုန်လှုပ်လွန်း၍ ကြားရသော စကားကို လက်မခံ နိုင်ဘဲ ရှိနေသည်။ ဖြူလေး၏ ရှေ့မှာ ကြားလိုက်ရသဖြင့် ရှက် သွေးဖြင့် မျက်နှာ ပူနွေးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး"

သူ့စကားကြောင့် မြနှင်းဆီ ပြုံးခနဲ ရယ်ချလိုက်သည်။

"အြော်...ဖြစ်မှ ဖြစ်ရလေ၊ မိန်းမနဲ့ ယောကျ်ား ချစ်ခင် စုံမက်စွာ ရင်းနှီးပြီးလို့ ကိုယ်ဝန်ရပါတယ် ဆိုတာ မဖြစ်နိုင်ဘူး လား မောင်ရယ်၊ ဒါဖြင့် မဖြစ်နိုင်တဲ့ အကြောင်း ပြချက် ကလေးများ တစ်ခုလောက်...."

ဖြူလေးသည် မသဲမကွဲ တစ်ချက်ရှိုက်လျက် ထိုင်ရာမှ ဝုန်း ခနဲ ထ ထွက်ပြေးသွားလေသည်။

"ဖြူလေး"

သူ ထိုင်ရာမှ ထမည်ပြုတော့ မြနှင်းဆီက သူ့လက်ကို ဖမ်း ဆွဲထား၏။ နေ့လယ်ခင်း လူရှင်းချိန် ဖြစ်သော်လည်း စားပွဲ သုံးလုံး လူပြည့်လျက် ထိုလူများ မြတ်စု တို့ဆီ လှမ်းကြည့်နေ ကြတာကို သိသည်။

"သွားပါစေ မောင်၊ မလိုက်ပါနဲ့၊ ကလေးမလေး ရှက် သွားမှာပေါ့"

"ခင်ဗျား ဖြူလေးကို ဘယ်နှစ်ခါ အရှက်ခွဲနေဦးမှာလဲ"





မြနှင်းဆီက ပခုံးတွန့်၍ ပြုံးသည်။

"ဒါ အရှက်ခွဲတာ မဟုတ်ပါဘူး မောင်ရဲ့၊ နို့ .... မောင်ပဲ ဖြူလေး ရှေ့မှာ ပြောပါဆို"

သူသည် လက်ဖက်ရည်ဆိုင်ထဲမှာသာ မဟုတ်လျှင် ထိုမိန်းမ၏ မျက်နှာကို ဖြတ်ရိုက်ပစ်မိတော့မည်။

"မြရဲ့ ကိုယ်ဝန်ကို မောင် ဘယ်လို ရှင်းမလဲ ဆိုတာ မြ သိ ချင်တယ်"

သူ ကြက်သီးမွေးညှင်း ထမတတ် တုန်လှုပ်ကာ ခေါင်းတခါ ခါ ယမ်းနေမိတော့သည်။ သူ အတန်ကြာအောင် ငြိမ်နေသော အခါ မြနှင်းဆီက မြတ်စု နား နား ကပ်၍ တိုးတိုးကလေး ပြော၏။

"လူတစ်ယောက်ဟာ သူ ကျူးလွန်တဲ့ အမှုကိစ္စ အတွက် တာဝန်ယူသင့်တယ်လို့ မောင် မထင်ဘူးလား"

သူ ဒေါသ ထောင်းခနဲ ထသွား၏။

"ကျွန်တော် ဒီအမှုကို ကျူးလွန်တယ် ဆိုရင် အဲဒါ ဆယ် နှုန်းပဲ၊ ခင်ဗျား ကျူးလွန်တာက ကိုးဆယ် ရာခိုင်နှုန်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဆီက သူ့ဒေါသနှင့် ဆန့်ကျင်စွာ ဟက်ဟက်ပက်ပက် ရယ်လေသည်။

"ရာခိုင်နှုန်းတွေနဲ့ ပြောရအောင် ဒီ ကိစ္စက ကော်ပတ်ခြ စပ်တူ လုပ်ငန်းမှ မဟုတ်ဘဲကွယ်"

သူ မြို့နှ်းခနဲ မျက်နှာ ပူနွေးသွားသည်။

"တကယ်လို့ ကျွန်တော် မမြနှင်းဆီကို မယူဘူး ဆိုရင် ကော"

မြနှင်းဆီက မြတ်စု သောက်လက်စ ရေနွေးကြမ်း ပန်းကန် ကို ယူသောက်ပြီး ခေါင်းညိတ်၏။

"ဒီကလေးကို မြ မွေးမှာပဲ မောင်၊ အဖေ မပေါ်ဘဲ မွေးရ လို့ မြ ရှက်လိမ့်မယ် မထင်ပါနဲ့၊ ဘိတ် တစ်မြို့လုံး ကလေးအဖေ ဘယ်သူလဲဆိုတာ သိကြမှာပဲ၊ တစ်ခုပဲ ပူပင်တယ်၊ သား ကလေး ကြီးလာတဲ့အခါ သူ့ ဖအေကို နာကြည်း မုန်းတီးမှာကို လေ၊ ဒီအဖြစ်မျိုးကို မောင် ဖြစ်စေချင်မှာ မဟုတ်ပါဘူး၊ အထူ သဖြင့် ...."

သူမက စကားကို လိုအပ်သော နေရာတွင် ကွက်တိ ဖြတ် ထား၏။ မြနှင်းဆီ၏ လေသံမှာ ခြိမ်းခြောက်သံမျိုး ဖြစ်နေ သည်။ သူ့ တစ်ကိုယ်လုံး နုံးခွေ မောပန်းသွားသေသည်။





နောက်တစ်နေ့ညနေတွင် မြတ်စုသည် တစ်စုံတစ်ခုက ဆွဲငင် ညို့ယူ ခံရသူပမာ မြနှင်းဆီ၏ အိမ်သို့ ရောက်သွား၏။ အောက် ထပ်မှာ အမျိုးသမီးများ အကြားတွင် အင်္ကျီစများ ဖြတ်ကိုက် ပေးနေသော မြနှင်းဆီသည် မြတ်စု ဝင်လာသည်ကို မြင်တော့ မျှော်လင့်ထားပြီး သူလို ပြုံး၍ နှုတ်ဆက်သည်။ မြတ်စု သူမ ရှေ့ မှောက်သို့ မလွဲမသွေ ရောက်ရမည်ဟု ယုံကြည်ထားဟန် တူ ပါသည်။ အပေါ်ဆုံးထပ်သို့ မြတ်စုကို ခေါ်လာ၏။

"မောင် တစ်ခုခုကို ဆုံးဖြတ်ပြီးပြီလို့ ကိုယ်ထင်တယ်"

ကော်လာ အပြားကြီးကြီး တပ်ထားသည့် ခါးရှည် အပွ ထဘီအင်္ကျီ အောက်မှာ မြနှင်းဆီ၏ လှပသော ကိုယ်လုံးကို မကြည့်မိအောင် မျက်နှာ လွှဲလျက် ညှော်ခန်းမှာ သူ ဝင်ထိုင် သည်။

"မောင် ဘာ သောက်မလဲ ဟင်.... ကော်ဖီ ဖျော်လိုက်ရ မလား"

အိမ်ရှင်မ တစ်ယောက်၏ အသံမျိုးပေါ့လေ.... နာကျင်စွာ သူ ပြုံးလိုက်၏။

"ဒါနဲ့ ခင်ဗျားမှာ ကိုယ်ဝန်ရှိတာကို ဘယ်လိုလုပ် သိတာလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဆီက သူ့ ဆိုဖာ ရှေ့မှာ ဒူးထောက်၍ ထိုင်ကာ မြတ်စု၏ ပေါင်ပေါ် လက်ထောက်၍ ပြုံးသည်။

"အိမ်ထောင်သည် မိန်းမတွေ ရာသီသွေး မပေါ်ဘဲ နှစ်လ လောက် ပြတ်နေရင် ပထမဦးဆုံး သူတို့ တွေးတာဟာ ကိုယ်ဝန် ပဲ မောင်ရဲ့၊ မြ စိတ်ထင်လို့ ဆရာဝန် ပြကြည့်တယ်လေ"

ဂျူကိစ္စနှင့် ပတ်သက်၍ နံနက်က နီလာနှင့် သူ အကြာကြီး ဆွေးနွေးခဲ့ပြီးပြီ။

"ဒီတော့ ဆရာဝန်က ကိုယ်ဝန်ရှိတယ်လို့ ပြောလိုက်ရော လား"

သူ့ မျက်လုံးထဲမှ မယုံသင်္ကာရိပ်ကို မြနှင်းဆီ မတွေ့အောင် ခေါင်းရင်း ဘုရားစင်မှ သစ်ခွပန်းများကို လှမ်းကြည့်နေလိုက် လေသည်။

"အို .... နှစ်လလောက်နဲ့ အဲလို ဘယ် လွယ်လွယ် သိနိုင်ပါ့ မလဲ မောင်ရဲ့၊ စမ်းကြည့်လို့မှ မရတာ"

အင်း .... သည်တစ်ချက်တော့ နီလာ ပြောတာနဲ့ ကိုက်သွား ပြီ။





"အဲဒီတော့ ...."

"အဲဒီတော့ ဆီးသွားစစ်ခိုင်းတယ်လေ၊ အဲဒီကျမှ ဟုတ်နေ တော့တာပေါ့"

သူ စိတ်ပျက်လက်ပျက် သက်ပြင်းချလိုက်သည်။ မြနှင်းဆီ ၏ မျက်လုံးများကို စူးစိုက်စွာ ကြည့်တော့ တောက်ပရဲဝံ့သော မျက်လုံးများ လွှဲဖယ် မသွားချေ။

"ကျွန်တော် ဖြူလေးကို လက်ထပ်ဖို့ မနေ့ကပဲ ကတိပေး လိုက်တယ်"

မြနှင်းဆီ ခေါင်းညိတ်၏။ ထိုစကားကြောင့် သိပ် တုန်လှုပ် ဟန် မပြပါ။ မြတ်စု အပေါ် သူမ၏ ခန့်မှန်းချက်များ အားလုံး မှန်ရမည်ဟု ယုံကြည် စိတ်ချထားပုံရသည်။

"ခင်ဗျားနဲ့ ပတ်သက်ပြီးမှ ဖြူလေးကို ကျွန်တော် ပေးတဲ့ ကတိတွေလဲ ပျက်စီးလှပြီ"

"မြ .... အဲဒီ အတွက် စိတ်မကောင်းပါဘူး"

သူမ၏ မျက်နှာကတော့ စိတ်မကောင်းဟန် မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် .... မမြနှင်းဆီကို လက်ထပ်ပါ့မယ်"

"အို ...."

မြနှင်းဆီက ချက်ချင်း ပြုံးရယ် ရွှင်ပျလျက် မြတ်စု ပေါင်ပေါ်သို့ မျက်နှာ မှောက်ချလိုက်၏။

"မြ ဝမ်းသာလိုက်တာ ကွယ်၊ မောင် ဒီလို ဆုံးဖြတ်လိမ့်မယ် ဆိုတာ ကိုယ် သိပါတယ်"

ထို့နောက် အုံ့ဆိုင်းဖွဲ့ ကောင်းစွာ မြနှင်းဆီက ရှိုက်၍ ငိုတော့၏။

မြတ်စု ကတော့ ဖြူလေး၏ ဝမ်းနည်းစွာ မဲ့ကွေးနေသော နှုတ်ခမ်းလေးကို မြင်ယောင်လျက် ရင်နာကျင်စွာ မျက်ရည်စွေလည် မိလေသည်။



## အခန်း ၄။

ဖြူလေးကို လုံးဝ သွားမတွေ့ရက်တော့သော မြတ်စုသည် နေ့ရော ညပါ အခန်းထဲက အခန်းပြင် မထွက်ဘဲ ဗလင်ဆေးခြင်း၊ ခေတ်ပုံကူးခြင်း လုပ်ငန်းများကို အဆက်မပြတ် လုပ်ကိုင်ရှိလတော့သည်။

မြနှင်းဆီ ဝယ်ပေးသော Durst ကုမ္ပဏီဖြစ် အင်လာဂျာနှင့် ပုံကူးစက်ကို အသုံးပြုတိုင်း ရင်ထဲမှာ ခါးသက်စွာ နာအတူ အောက်ကျ နိမ့်ကျရသော အဖြစ်ကို သတိရမိပြီး ဆွေးညှိုးတွေဝေလှသော ကိုယ့်ကိုယ်ကိုသာ ဒေါသထွက်မိလေသည်။

"ဖေဖော်ဝါရီလ လောက်မှ လက်ထပ်ကြတာပေါ့ နော်မောင်၊ ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်း အရ နတ်တော်နဲ့ ပြာသိုမှာ မင်္ဂလာ မဆောင်ကောင်းဘူးတဲ့ မောင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာဆောင်မှာ ဇာတွေ မဝတ်ချင်ဘူး မောင်ရာ၊ မန္တလေးက မိတ်ဆွေတွေဆီ လွန်းတစ်ရာ ချိတ် မှာလိုက်မယ်နော် မောင်"

"အင်း.... မြန်မာဝတ်စုံနဲ့ မင်္ဂလာဆောင်ရင် ကိုယ့်မောင်ကလေး မောင့်ကျက်သရေ ခေါင်းပေါင်းကြီးနဲ့ ရယ်စရာကြီး ဖြစ်နေတော့မှာပဲ၊ မောင်က ဥရောပဝတ်စုံပဲ ဝတ်ပါသားကွယ်၊ မြ အပျံစား ချုပ်တတ်တယ်လေ"

မင်္ဂလာဆောင်ရန် သူမ စိတ်လှုပ်ရှားစွာ ပြင်ဆင်နေသမျှကို မြတ်စု တစ်ခုမျှ ထင်မြင်ချက်မပေးဘဲ ဘေးထွက်နေမိလေသည်။

"မောင့် မာမီကို အသိပေး ဖိတ်ကြားဖို့ လိုမယ် မောင်ရေ" ဟု ပြောလျှင်တော့ မြတ်စု ဘေးထွက် မနေနိုင်တော့ပေ။

"ဘာလဲ မြက ကျွန်တော့်အမေ မပါရင် မင်္ဂလာမဆောင်ချင်ဘူးလို့ အပျို ဖြန်းကလေးလို အကျပ်ကိုင်ချင်သေးလို့ လား၊ ကျွန်တော် မာမီ့ကို ဒုက္ခမပေးချင်ဘူး၊ ကျွန်တော့်ကို ၂၄ နှစ် လုံးလုံး ပြုစု ပျိုးထောင် ခဲ့ရပြီးပြီ၊ ကျွန်တော် အားနာလှပြီ မြ"

"မောင့် သဘောပါကွယ်"





သို့သော် အဖြစ်အပျက်တို့သည် တစ်ပတ်အတွင်း လျှင်မြန်စွာ ပြောင်းလဲသွား၏။

"ဒီတစ်ခါ ဘိတ်က ထွက်ပြေးရမယ့် သူက ဖြူလေး ဖြစ် ပြီ နီလာရယ်" ဟု ရှိုက်ကြီးတငင် ငိုကြွေး၍ အေးမင်း ပြောသည့် နေ့သည် ပြောင်းလဲမှု၏ ပထမနေ့ ဖြစ်သည်။

"ငါ ဖြူလေးကို သနားလဲ သနားတယ်၊ မျက်နှာချင်း ဆိုင် ...လဲ မလုံဘူး၊ တွေ့လဲ မတွေ့ရက်တော့ပါဘူးကွာ၊ မြန္နင်းဆီ ...ငါဘယ်လိုမှ မယူချင်ဘူးဆိုတာ ဖြူလေး သိပါတယ်၊ ဒါပေ ...ငါ့မှာ ယောက်ျား တစ်ယောက် ထိန်းသိမ်းရမယ့် ကျင့် ...ကြီး ရှိသေးတယ်"

အေးမင်းက စိတ်မကောင်းသော မျက်နှာဖြင့် ငေးမော ...င်းယမ်းသည်။ ထို့နောက် မြတ်စု ဘက်သို့ ရုတ်တရက် လှည့် ...ည်၏။

"နေစမ်းပါဦး၊ မမြန္နင်းဆီ မှာ ကိုယ်ဝန် ရှိနေတာရော ...ယ် ဟုတ်ရဲ့လား"

...ဤအချက်သည် သူ အမြဲ သံသယ ဖြစ်ခဲ့သော အချက် ဖြစ် ...သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်ဆရာဝန်နဲ့ ပြတာတဲ့လဲ"

မြတ်စု မသိပါ။ မေးကြည့်စဉ်ကလည်း မြနှင်းဆီက ခေါင်းလည်ကြောင်ပတ် လုပ်ပစ်၏။

"အစိကာ က ဆီးစစ်တဲ့ အဖြေပဲလို့ ပြောတယ် အေးမင်းရဲ အဲဒီအဖြေကြောင့် သေချာတာတဲ့"

"ကောင်းပြီ၊ တို့ သက်နိုင်ဆီ သွားရအောင်"

အေးမင်းကပင် ဖျတ်လတ်စွာ ဦးဆောင်၍ ဆေးရုံကြီးမှ ခေတ်ခွဲကျွမ်းကျင်သူ သူငယ်ချင်း တစ်ယောက်ထံ ခေါ်သွားလေသည်။

ကိုသက်နိုင်ကလည်း "ဘယ်ဆရာဝန်နဲ့ ပြတာလဲ" ဟုသာ မေး၏။

"ကျွန်တော် မသိဘူး၊ ဆီးစစ်တယ် ပြောတာပဲ"

"ဒါ ဆိုရင် အိပ်ချ်၊ စီ၊ ဂျီ စစ်တာ ဖြစ်မှာပေါ့၊ ကိုယ်ဝန် ပထမ လေးလမှာ ဆီးထဲမှာ အဲဒီ ဟိုမုန်း အများကြီး ပါတယ် လေ၊ လူနာ နာမည်က ဘယ်သူလဲ"





"မြနှင်းဆီ"

ကိုသက်နိုင်က သူ၏ မှတ်ပုံတင် စာအုပ်ထဲမှာ ရှာကြည့်သည်။

"ကျွန်တော်တို့က ခေတ်ခွဲခန်း အဖြေတွေကို လက်ခံမိတ္တူနဲ့ သိမ်းထားပါတယ်၊ နောက်ပြီး လူနာ မှတ်ပုံတင် စာအုပ်ထဲမှာ လူနာ နာမည်နဲ့ ဆရာဝန် နာမည် အမြဲ ဖြည့်လေ့ ရှိတယ်"

ရက် အတိအကျလည်း မသိ၊ လလည်း မသိ သော်လည်း ယခင်ဘာ တစ်လလုံးနှင့် အောက်တိုဘာ တစ်လလုံး စာရင်းတွင် ရှာကြည့်ရာ မြနှင်းဆီ နာမည် မတွေ့ချေ။ မြတ်စု နှုတ်ခမ်းများတွေ ခြောက်သွေ့လာသည်။

"သူ တခြား ခေတ်ခွဲခန်း တွေများ သွားစစ်သေးလား သိဘူး"

"မဖြစ်နိုင်ဘူး၊ တခြားခေတ်ခွဲခန်း တစ်ခုပဲ ရှိတယ်၊ အဲဒီ တစ်ခုက ကျွန်တော့်လို အိပ်ချ်၊ စီ၊ ဂျီ စစ် မပေးနိုင်ဘူး"

အလိမ်ခံလိုက်ရသော မြတ်စုသည် ရှက်စိတ် ဒေါသစိတ်ဖြင့် တစ်ကိုယ်လုံး တောင့်တင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ ညနေတွင် မြနှင်းဆီ အိမ်သို့ မြတ်စု ရောက်ရပြန်၏။

"ဒေါ်မြနှင်းဆီ၊ ကျွန်တော် ခင်ဗျားကို လက်မထပ်နိုင်ဘူး ဆိုတာ လာပြောတာပါ"

မြနှင်းဆီသည် မြတ်စု ထိုင်နေရာ ဆိုဖာအနီးသို့ ခြေနှစ်လှမ်းဖြင့် ရောက်လာ၏။

"ဘာပြောတယ် မောင်"

သူ ထပ်မပြောပါ။ မြနှင်းဆီ၏ မျက်လုံးများကိုသာ စူးစိုက်ကြည့်လျက် သူ့ ဒေါသများကို မျိုချပစ်နေရ၏။

"မောင် ဘာဖြစ်လာလဲ ဟင်"

သူမက မြတ်စု၏ ရှေ့တွင် ထုံးစံအတိုင်း ဒူးထောက် ထိုင်ပြန်သည်။ မြတ်စုကို မော့ကြည့်နေသော မျက်ဝန်းများမှာ နူးညံ့စွာ စိုလက်နေကြသည်။

"ကျွန်တော် နေ့လယ်က ခါတ်ခွဲခန်း ရောက်တယ်၊ မမြနှင်းဆီ ဘယ်တုန်းကမှ အိပ်ချိ၊ စီ၊ ဂျီ လာမစစ်ဘူးဆိုတာ သိခဲ့ရတယ်၊ ဒါနဲ့ ပတ်သက်ပြီး ခင်ဗျား ဘာဆင်ခြေ ပေးဦးမလဲ"





"မောင်ရယ် ...."

"ခင်ဗျား ကျွန်တော့်ကို ကျေးဇူးပြုပြီး မထိပါနဲ့"

မြနှင်းဆီက မျက်ရည်ကျလျက် စတင် ငိုကြွေးတော့သည်။

"မြ.... မြ အားလုံး စီစဉ်ပြီးပြီ မောင်၊ လက်ထပ်ဖို့ရက်ရော ...ဖို့ အိမ်ရော"

"ဒီပြင် လူတစ်ယောက်နဲ့ အစားထိုးလိုက်ပေါ့"

ပြောပြီး သူ ဖြုန်းခနဲ မတ်တတ်ရပ်လိုက်သည်။

"ခဏ .... ခဏ နေပါဦး မောင်ရယ်"

သူ့ ခြေထောက်ကို မြနှင်းဆီက ဆွဲဖက်ကာ ရှိုက်သံတစ်ဝက် ...တားမြစ်တော့ သူ ငုံ့မကြည့်မိအောင် ဇွတ် အားတင်းကာ ...းထွက်လိုက်သည်။

အနီးတွင် ခုံရှည်ကလေးပေါ်၌မီးပူတိုက်နေသော သက်သ... ...မီးပူကို ဘေးသို့ ထောင်ချပြီး သူတို့နှစ်ယောက် ရှုန်...င်း ...ခတ်ဖြစ်ရာသို့ အပြေး ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မမမြ"

မြနှင်းဆီက ထိုင်ရာမှ လူးလဲထကာ သက်သက်ကို မှီလျက် မတ်မတ်ရပ်လိုက်လေသည်။ သူမ၏ ကပိုကရိုဆံပင်များ အကြား တွင် မျက်ရည် စိုစွတ်သော မျက်ဝန်းများမှာ ထူးခြားစွာ ဖျော့ မှိန်နေ၏။ ထိုမျက်ဝန်းများတွင် ရှုံးနိမ့်သော အရိပ်အယောင်က သူ ပထမဆုံး မြင်တွေ့လိုက်ရသည်။ သူမသည် ဝဲကျနေသော ဆံပင်ရှည်တို့ကို မျက်နှာပေါ်မှ သပ်ဖယ်ကာ နွမ်းလျစွာ ပြုံး လေသည်။

"ဒါဖြင့် .... ဒါဖြင့် မြ ဗိုက်ထဲက သားကလေးကို မြ ဘာ လုပ်ရမလဲ မောင်"

ယခု အချိန်အထိ ကိုယ်ဝန် အကြောင်း ပြောနေသေ မြနှင်းဆီကို သူ အံ့ဩတကြီး ကြည့်ကာ ပခုံးတွန့်လိုက်၏။

"ဖျက်ချပစ်လိုက်ပေါ့"

သူ လှည့်ထွက်ရန် ပြင်လိုက်၏၊ မြနှင်းဆီက ရှေ့တစ်လှမ်း တိုး၍ သူ့ ရှေ့မှာ လမ်းပိတ်ပြီး တည့်တည့် ကြည့်သည်။

"မောင် ဟာလေ ရုပ်ကလေး ချောသလောက် အင်မတ ရက်စက်ပါလား"





"တကယ်လို့ ခင်ဗျားမှာ ကိုယ်ဝန် ရှိတယ် ဆိုရင်လေ"

သူ မြနှင်းဆီ၏ ရှေ့မှ ကွေ့ရှောင်ကာ အခန်းတံခါးဝဆီ သို့ ထွက်လာခဲ့သည်။

"မောင် .... မောင် မြကို လက်မထပ်လို့ မဖြစ်ဘူးနော်"

မြနှင်းဆီ၏ အသံက တောင်းပန်တိုးလျှိုးသံ မဟုတ်ဘဲ ခြိမ်းခြောက်သံ ဖြစ်လာသောကြောင့် သူ ရုတ်တရက် အံ့ဩ စွာ ခြေလှမ်းကို ရပ်ပစ်လိုက်၏။ တံခါးကို လှည့်ဖွင့်တော့မည့် သူ့ လက်များကို လက်ကိုင်ပေါ် တင်ထားရင်းက နောက် လှည့်ကြည့်လိုက်သည်။ မြနှင်းဆီသည် အခန်း အလယ်တွင် ခိုင့်စွာ မတ်မတ်ရပ်လျက် ရှိသည်။

"ဘာလဲ ကိုယ်ဝန် အကြောင်းက မလျှော့သေးဘူးလား မြနှင်းဆီ"

သူမ က ပြုံးလျက် ဆံပင်များ ဝေ့ဖွာသွားအောင် ခေါင်း ယမ်း လိုက်လေသည်။

"ဟင့်အင်း၊ တခြားအကြောင်းနဲ့ပေါ့...မြမှာ မသုံးရသေး တဲ့ ဖဲတစ်ချပ် ရှိသေးတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ မြနှင်းဆီ၏ တောင်းပန်တိုးလျှိုးရိပ်များ၊ မျက်ရည်စများ ပျောက်ကွယ်ကုန်လေပြီ။ မြနှင်းဆီက ဖောင်းအိ ကြွ သော နှုတ်ခမ်းကို လှုပ်ရှုံ မဲ့ကွေးလျက် ပြုံးလိုက်သည်။ ထို အပြုံးသည် မြနှင်းဆီ ပြုံးနေကျ အပေါ်စီး အပြုံးမျိုး ဖြ သည်။ ထို အပြုံး အောက်မှာ မြတ်စု လက်ဖျား ခြေဖျားတွေ အေးစက်ကာ တစ်ကိုယ်လုံး တောင့်တင်းသွား၏။

"ဘာအဓိပ္ပာယ်လဲ ဟင်၊ ခင်ဗျား ဘာ ဆိုလိုတာလဲ"

မြတ်စု အသံမှာ အားနည်း ဖျော့တော့ကာ တိုးတိမ်နေ သလောက် မြနှင်းဆီ၏ အသံက ပြတ်သား၏။

"မောင့်ရဲ့ မွေးစား အမေ ဒေါက်တာ ဒေါ်တင်တင်ဟာ မောင့်ကို ဘယ်လို ကောက်ယူ မွေးစားလိုက်တယ်ဆိုတာ မြ သိတယ်လေ၊ မောင့် အမေရင်းဟာ အင်မတန် လှပပြီး နာမည် ကြီးတဲ့ မိန်းမပျက် တစ်ယောက် ဆိုတာလဲ မြ သိတယ်လေ အဖေ ဘယ်သူမှန်း မသိလို့ ဆေးရုံ တက်တော့ ယောကျ်ား နာမည်ကို ဘယ်လို ပေးရမှန်း မသိလို့ ကွက်လပ် ......"

"တော်တော့"

အသံကုန်ဟစ်၍ အော်ပစ်လိုက်သော်လည်း ဒူးနှစ်ဘက်မှာ အလိုလို ညွတ်ကွေးလာသည်။ မြနှင်းဆီက တုန်လှုပ် ချောက်





သွားသော မြတ်စုကို အရသာခံ၍ ကြည့်ရင်း အသံထွက် မောလိုက်လေသည်။

"မောင့်ကို စဉ်းစားချိန် တစ်ပတ် ပေးမယ်၊ တကယ်လို့ င် မြကို လက်မထပ်ဘူး ဆိုရင် ...."

သူမက စကားကို ဖြတ်ချလျက် ပခုံးတွန့်၍ ပြုံးနေတော့ ည်။

သူ့ ရှက်ရွံ့မှု ဒေါသတွေသည် နာကြည်း မုန်းတီးမှုများ ဖြစ်သို့ ဗြုန်းခနဲ ပြောင်းလဲသွား၏။ သူ အံတင်းတင်း ကြိတ် မြနှင်းဆီထံ ခြေလှမ်းကျဲ များဖြင့် ရောက်သွားသည်။ င်းဆီ၏ ပခုံးနှစ်ဘက်ကို ဆုပ်ကိုင်ကာ စိတ်ရှိလက်ရှိ ဆောင့် ပစ်လိုက်သည်။

"ခင်ဗျား....ခင်ဗျား ဒီအကြောင်းတွေ ဖြူလေးကို သွား ယ်ပေါ့လေ ဟုတ်လား၊ အယုတ်တမာမကြီး၊ ခင်ဗျား ဲ့ ပြောကြည့်"

"အိုး...."

နှင်းဆီသည် နာကျင်ဟန် လုံးဝ မပြဘဲ အံတင်းတင်း ်သားရင်း မြတ်စုကို စူးစူးရှရှ ကြည့်နေဆဲ....။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူလေးကို ပြောတာထက် ဖြူလေး အဖေကို ပြောတာ က ပိုထိရောက်မှာပေါ့ မောင်ရဲ့၊ ဦးဖေအောင်လို မျိုးရိုး ဂုဏ်သိက္ခာ၊ မိသားစု ဂုဏ်သိက္ခာကို အင်မတန် တန်ဖိုးထားတဲ့ ဂုဏ်သရေရှိ လူကြီးမင်းကသာ မောင့် ဘဝ အမှန်ကို သိသွား ရင် မောင့်ကို သူ့ သမီးနဲ့ ပေးစားပါဦးမလား၊ မြတို့ ကြည့်ကြ သေးတာပေါ့"

မြတ်စု၏ ဒေါသများသည် စုပြုံ ပေါက်ကွဲလျက် မြနှင်းဆီ ကို ဘအား ဆောင့်တွန်း ပစ်လိုက်သည်။ အခန်း နံရံနား အထိ အရှိန်ပြင်းစွာ လွင့်ခန် လဲကျသွားသော မြနှင်းဆီသည် အာမေဋိတ်သံ တိုးတိုးကလေးဖြင့် ညည်းညူလိုက်၏။ သို့သော် မြနှင်းဆီက လုံးဝ အလျှော့မပေးပါ။

"မောင့်ကို မြမှ မရရင် အဲဒီ ကောင်မလဲ မရစေရဘူး"

ထို စကားမှာ မြနှင်းဆီ၏ မနောလို ဝန်တိုမှုမှ ပွင့်ထွက်လာ သော စကား ဖြစ်၏။

"ခင်ဗျား အဲဒါကို သွားပြောရဲရင် ပြောကြည့်၊ ပြောပြီး တာနဲ့ တစ်ပြိုင်တည်းခင်ဗျား သေစေရမယ်၊ ကျွန်တော် သစ္စာ ဆိုလိုက်တယ် ကြားလား"

သူ ခုန်းခန် လှည့်ထွက်လာခဲ့ချိန်တွင် မြနှင်းဆီ၏ ရှိုက်သံ ကို ကြားလိုက်ရသည်။





မြတ်စုသည် ထိုည တစ်ညလုံး အိပ်မရဘဲ မိုးလင်းသွားခဲ့ ည်။

မြနှင်းဆီသည် သူမ ပြောသည့်အတိုင်း ဖြူလေး အဖေကို ားပြောမှာ သံသယဖြစ်စရာ မလိုပေ။ ထို့မှ ရရှိလာမည့် ာက်ဆက်တွဲ ဆုံးရှုံးမှုများ အလွန် ကြေကွဲစရာ ကောင်းလိမ့် ည်ဆိုတာလည်း သံသယ ဖြစ်စရာ မလိုပေ။ မြတ်စု အတွက် းစားရန်မှာ ထို ဆုံးရှုံးမှုများကို ခံစားရဲ၍လား ဆိုတာသာ သည်။ မခံစားရဲ၍လည်း မဖြစ်ပေ။ တစ်ယောက်ကလည်း ခြောက်နေပြီ။ တကယ်လည်း မြတ်စု ဘဝသည် လူသိမခံဝံ့ သာ ဘဝသာ ဖြစ်သည်။ သူ ဘာလုပ်ရမည်နည်း။

သူငယ်ချင်း ဖြစ်သူ အေးမင်းကို ဖွင့်ဟ တိုင်ပင်ပြီး ထို နာကို နှစ်ယောက် ဆွေးနွေးကြသည်။

တစ်ညနှင့် တစ်နေ့လုံး စိတ်ထိခိုက်စွာ စဉ်းစားပြီးနောက် ဆုံးဖြတ်ချက်ချပြီး ဖြစ်သွားသည်။

ထို ဆုံးဖြတ်ချက်ဖြင့် နောက် တစ်နေ့ ည ရှစ်နာရီတွင် င်းဆီ၏ အိမ်သို့ နောက်ဆုံး အကြိမ် ရောက်ခဲ့သည်။

ထိုနေ့သည် ဒီဇင်ဘာ ၁၁ ရက်နေ့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်စု ဝင်သွားတော့ ဖန်ချောင်း အလင်း ရောင်ဖြ
လင်းထိန်လျက် ရှိသော အောက်ဆယ် တစ်ခုလုံးတွင် အမျိုးသမ
တစ်ယောက်သာ ပစ္စည်းများ အဝတ်ထည် အဝတ်စများ သိမ်
ဆည်းလျက်ရှိသည်။

"မမြနှင်းဆီ ရှိပါသလား"

"မသိဘူး၊ ရှိပါလိမ့်မယ်၊ နေမကောင်းဘူးလို့ ပြောတယ်
တစ်နေ့လုံး အောက်ကို မဆင်းဘူး"

နေမကောင်းဘူးတဲ့လား။ သူ မသနားပါ။ ဘောင်းဘီအိတ်
နှစ်ဘက်ထဲ လက်ထည့်ပြီး အထက်ဆုံးထပ်သို့ တက်လာခဲ့
သည်။ ခါတိုင်းလို မြနှင်းဆီနှင့် တန်းမတွေ့ပါ။ ကောင်
ကလေးနှင့်သာ တွေ့သည်။ မြနှင်းဆီ၏ အိပ်ခန်း တံခါးမှာ
တစ်ဝက်ပွင့်လျက်ရှိသည်။ ထို အခန်းထဲမှ ကက်ဆက်သံ သဲ့သဲ့
ကြားရ၏။ မြနှင်းဆီ အလွန် ကြိုက်သော ရော့စတီးဝပ်
ရွက်လွှင့်ခြင်း [Sailing] ဖြစ်သည်။

သူ ဆိုဖာရှည်ပေါ်တွင် ဝင်ထိုင်လိုက်၏။

မြနှင်းဆီသည် သက်သက်၏ နောက်က ကပိုကရို ပုံစံဖြ
လမ်းလျှောက်လာနေ၏။ မြတ်စုကို မြင်တော့ အံ့အားသ
သွားဟန်က မပျောက်ကွယ်သေးချေ။





"မောင် လာလိမ့်မယ်လို့ မထင်ဘူး"

မြနှင်းဆီ၏ အသံမှာ သတိထားနေသလို ခပ်တွန့်တွန့် ဖြစ်
နေ၏။ ပန်းနုရောင် ဖျော့လွန်း၍ အဖြူရောင်လို ဖြစ်နေသော
တစ်ပုံ ပွပွကို ခါးစည်းကြိုး စည်း၍ ဝတ်ထားသဖြင့် ညဝတ်
အင်္ကျီလို ဒီဇိုင်းမျိုး ဖြစ်နေသည်။

"ဘာထူးခြားလို့လဲ"

မြနှင်းဆီက ခါတိုင်းလို သူ့ ဆိုဖာရှေ့တွင် ဒူးသောက်မထိုင်
ဘဲ တစ်ယောက်ထိုင် ကုလားထိုင် တစ်လုံးမှာ ဝင်ထိုင်၏။
သူ မြနှင်းဆီကို ခပ်စိုက်စိုက် ကြည့်၍ ပြောရမည့် စကားကို
စဉ်းစားယူလိုက်သည်။

"မနေ့က ပြောတဲ့ ကိစ္စ အတွက်ပါ"

သူ့ စကားသံက တွန့်ဆုတ်နေ၏။

"ဒါနဲ့ .... မောင် ဘာသောက်မလဲ ဟင်.... ကော်ဖီလား"

"အရက်"

"အို ...."



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဆီ၏ မျက်နှာတွင် ယခင်က အပြုံးမျိုး ပြန်ပေ
လာ၏။ အိမ်မွေး တိရစ္ဆာန်ကလေး တစ်ကောင်ကို ချစ်စ
ကြည့်သော အပြုံးမျိုး။

"မြ ဆီမှာ အရက် ဘယ်ရှိပါ့မလဲ မောင်ရဲ့"

"ဒါဖြင့်နေ .... ဘာမှ မသောက်ဘူး"

ထို့နောက် သူ တစ်နေ့လုံး စဉ်းစားပြီးသော စကားကို ပြေ
ချလိုက်၏။

"ကျွန်တော် စဉ်းစားပြီးပြီ မမြနှင်းဆီ၊ ခင်ဗျား ဦးဖေအော
ကိုပြောမယ်ဆိုရင် ကျွန်တော် မဘားတော့ပါဘူး၊ ဘာဖြစ်
လဲ ဆိုတော့ ကျွန်တော် မိန်းကလေး တစ်ယောက်ကို ညာ
လက်မထပ်ချင်လို့"

"သြော် ...."

မြနှင်းဆီသည် မချော်လင့်သော စကားကြောင့် အံ့
ဩသွား၍ ငေးကြည့်နေသည်။

"ကျွန်တော့် ဘာ အခုန်ကြောင့် ကျွန်တော်နဲ့ မြုလေး
မပေါင်းရရင်လဲ ရှိပါစေဘူး၊ တစ်ချိန်ချိန်မှာ မြုလေး သိလာ





မှာပဲ၊ အဲဒီလို ရင် တထိတ်ထိတ်နဲ့ ဘဝကို မကုန်ဆုံးချင်ဘူး၊
မြုလေး [illegible] သဘောမတူဘူး ဆိုရင်လဲ အဲဒီ ဒဏ်ကို
ကျွန်တော် ခံရမှာပေါ့၊ ဒီတော့ ကျွန်တော် ကိုယ်တိုင် ဖွင့်ပြောဖို့
ဆုံးဖြတ်လိုက်တယ်၊ ဒီကြွေးထဲ ခင်ဗျား ပြောချင်ရင် ပြောထား
ပါ"

မြနှင်းဆီသည် မျက်လွှာချလျက် လက်ပိုက်လျက် ငြိမ်သက်
နေ၏။

"ချက်ချင်း ပြောဖို့တော့ ကျွန်တော် သတ္တိမရှိနိုင်ဘူး၊ လေး
ငါးရက်တော့ အချိန် ယူရမယ်၊ တစ်ဆင့်ချင်း ပြောမယ်၊
ကျွန်တော် ဖွင့်ပြောမှ ဖြစ်တော့မယ်ဆိုတာ ကျွန်တော် သဘော
ပေါက်သွားတယ်"

ထို့နောက် သူတို့ နှစ်ယောက် တိတ်ဆိတ်လျက် ရှိကြသည်။
ကမ်းစပ်သို့ ရေပုတ်တေသံများမှာ ဆဲ့သဲ့သာ ဖြစ်၏။ အဝေးဆီမှ
ပဲ ခိုတ်စက်သံများ ကြားနေရသည်။ သူသည် စိတ်ကျဉ်းကျပ်
နှမ်းနောက်လျက် ထိုင်ရာမှ ဖြည်းညင်းစွာထကာ ဖွင့်ထားသော
တံခါးမှ တစ်ဆင့် ဝရန်တာ ဘက်သို့ ထွက်လာခဲ့သည်။ ည
အမှောင်ကြောင့် ပင်လယ်ပြင်ကြီးမှာ နက် မှောင် လျက် ....
ကောင်းကင်ကြီးကလည်း ပြာမှောင်လျက် ရှိသည်။ အဝေးမှာ
မီးပြတိုက်၏ အလင်းပျပျကို တစ်ချက် တစ်ခုက် မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အနာဂတ်ကို ကြိုတင် တွေးတော ဝမ်းနည်းလျက် မျက်ရည်များ ရစ်ဝဲလာ၏။

သည်တစ်ခါ မြိတ်မြို့မှ ပြေးရလျှင်တော့ အပြီးအပိုင် ပြေး ရခြင်းသာ ဖြစ်ပါလိမ့်မည်။

ခဏ အကြာတွင် ခြေသံဖွဖွဖြင့် မွှေးရနံ့နှင့်အတူ မြနှင်းဆီ ရောက်လာ၏။

"မောင် ဘာတွေ စဉ်းစားနေလဲ ဟင်"

သူ့ ပခုံးကို ညင်သာစွာ ထိကိုင်လိုက်သော မြနှင်းဆီ၏ လက် များသည် နွေးထွေးလျက် ရှိသည်။ ထိုလက်ချောင်းများကြောင့် သူ ရင်မခုန်တော့ပါ။

"ခြော် .... အရက်သောက်ရရင် ကောင်းမလားလို့"

"ကောင်းတာပေါ့ မောင်၊ တကယ် သောက်မှာလား၊ မြ ဆီမှာ အရက်တော့ မရှိဘူး၊ ဘီယာ သံဘူးတွေ ရှိတယ်၊ လေး ငါးခြောက်လုံး ရှိသေးတယ်၊ ရေခဲသေတ္တာထဲမှာ၊ မြတို့အဘူ သောက်ရအောင်လေ....၊ မြနဲ့ မောင်ရဲ့ နောက်ဆုံးည အဖြစ်"

ထိုစကားကိုပြောရင်း မြနှင်းဆီက မြတ်စုကို နွဲ့မှီ၍ တစ်ချက် ရှိုက်ငင်လိုက်လေသည်။ သူ လုံးဝ ပြန်မဖက်မိအောင် လက်သီး တင်းတင်း ဆုပ်ထားလိုက်၏။





"နောက်ဆုံးည .... ဟုတ်လား"

"အင်းလေ၊ မြရဲ့ ဇာက်ဖဲ ကလေး ဘာမှ အသုံးမကျတဲ့နောက် ...တော့ မြတို့ နှစ်ယောက် ကွဲကြပြီပေါ့ကွယ်"

သူတို့ နှစ်ယောက် တိတ်ဆိတ် သွားကြပြန်သည်။ သူ့ ပ်မိုး ...က်မြိတ်မှ မြင့်မားစွာ ချိတ်ဆွဲထားသော သစ်ခွ အိုးကလေး ...ားကို မော့ကြည့်၍ မြနှင်းဆီ ငြိမ်သက် နေလေသည်။ ထို့ ...ောက် သူ့ အနီးမှ ခွာ၍ ဝရန်တာ လက်ရန်းကို အားပြုလျက် ...င်သယ်ဆီ ငေးကြည့်သည်။

"မောင်ရေ.... ခိုင်းတယ်လို့တော့ မအောက်မေ့ပါနဲ့ ကွယ်၊ ...ဝရန်တာ ဘက်ကို စားပွဲဝိုင်း ကလေးနဲ့ ခေါက်ကုလားထိုင် ...လေးတွေ ယူလာခဲ့နော်၊ ပင်လယ်လေကလေးနဲ့ မြတို့ မူးကြ ...အောင်... နောက်ပြီး သက်သက်ကို အာလူးကြော် လေးငါး ...ပြနဲ့ လိုင်ချီးစ် တစ်ဘူးလောက် ဝယ်ခိုင်းလိုက်"

မြတ်စုသည် ထူးဆန်းစွာပင် ဒေါသများ နာကြည်းမှုများ ...ောက်ကွယ်၍ သူ ခိုင်းသည့် အတိုင်း တိတ်ဆိတ်စွာ စားပွဲ ...ုလားထိုင်များ သယ်လာသည်။ သက်သက်ကပါ ကူသယ် ...ပေး၏။

"မမမြ .... ကိုမြတ်စုက အာလူးကြော်နဲ့ လိုင်ချီးစ် ဝယ်ခိုင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"အေး .... အေး ဟုတ်တယ်၊ ဆိုင်ကယ် ယူသွား၊ သိ
မကြာစေနဲ့ နော်"

"ဟုတ်ကဲ့"

ဆိုင်ကယ်သံ ကြားရပြီးနောက် ညသည် ပြန်လည် တိ
ဆိတ်သွား၏။

"ထိုင်လေ .... မမြနှင်းဆီ"

သို့သော် သူလည်း မထိုင်ပါ။ မြနှင်းဆီလည်း မထိုင်ပ
မြနှင်းဆီ အနီးတွင် သူ ရပ်မိတော့ သူမ၏ မျက်ဝန်းတွင် ပြ
လျှံနေသော မျက်ရည်များအမှောင်ထဲတွင် လက်နေ၏။ မြနှင်း
သည် အနောက်ဘက် ပင်လယ်ပြင်ဆီ ငေးမောနေသော်လည်း
သူမ၏ စိတ်အာရုံသည် ပင်လယ်ဆီတွင် ရှိဟန် မတူပါ။

"ဒါဖြင့် မောင်တာ ဖြူလေးနဲ့ လက်ထပ်ဖို့ အစွမ်းကု
စွန့်စားမှုတွေနဲ့ ကြိုးစားတော့မယ်ပေါ့ နော်"

သူ မဖြေပါ။

မြနှင်းဆီက လှည့်ကြည့်သည်။ ထိုအချိန်မှာပင် မြနှင်းဆီ
မျက်ရည်စက်များ လိမ့်ဆင်းကျနေသည်ကို ဝရန်တာ မှောင်
မှာပင် မသဲမကွဲ မြင်ရသည်။





"မောင် ကံကောင်းပါစေလို့ ဆုတောင်းပေးလိမ့်မယ် လို့
ဆော့ မမျှော်လင့်နဲ့ နော်"

သူ တကယ် မမျှော်လင့်ပါ။

"မောင့်ကို မြ အသက်မကေ ချစ်တယ် ဆိုတာရော မောင် ယုံ
ရဲ့လား ဟင် ...."

သူ ယုံဖို့ မယုံဖို့ဘာမျှ အကြောင်း မရှိပါ။ ထို့ကြောင့် သူ
လုံးဝ မဖြေဘဲ တိတ်ဆိတ်နေသည်။ မြနှင်းဆီက အသံထွက်
ရှယ်မောလေသည်။

"မောင် မြကိုနမ်းဦးမလား ဟင်"

"ဟင့်အင်း ...."

ချက်ချင်း ငြင်းပယ်ပြီးမှ ဘာကြောင့်မှန်း မသိ သူ အားနာ
သွား၏။ မြနှင်းဆီ၏ ခါးသီးသော ရယ်သံအောက်မှာ သူ မနေ
ချင်တော့ဘဲ အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်။ သူ ဤအိမ်တွင်
အရက် မသောက်သင့်ကြောင်း သူ့ဟာသူ ပြန်တွေးမိသွား၏။
အရက် မူးမိလျှင် ဖြစ်လာမည့် ပြဿနာများမှာ ဘယ်လောက်
ရှုပ်ထွေးမည်ဟု သူ မခန့်မှန်းနိုင်ပါ။ သူ ပြန်မှ ဖြစ်မည်။ လှေ
ကားဆီသို့ ခပ်ဖြည်းဖြည်း လျှောက်လာပြီး တံခါး လက်ကိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



ထိုပြီးမှ သူ ပြန်လှည့် လိုက်ပြန်၏။ မြနှင်းဆီကို သူ နှုတ်ဆက် ရဦးမည်။

သူ ဝရန်တာဘက်သို့ ပြန်ရောက်သွားသောအခါ ဝရန်တာ တွင် မြနှင်းဆီကို မတွေ့ရပေ။

သူ နားမလည် နိုင်အောင် ဖြစ်ကာ အိမ်ထဲဆီသို့ ပြန်လှည့် ကြည့်လိုက်၏။ အိမ်ထဲသို့ ပြန်ဝင် သွားတာလည်း သူ မတွေ့ လိုက်ရပါ။

"မမြနှင်းဆီ ကျွန်တော် ပြန်တော့မလို...."

သူ ခပ်ကျယ်ကျယ် အော်၍ နှုတ်ဆက် လိုက်သည်။

"မောင်ရေ .... မြ ဒီမှာ ...."

အသံသည် ဝရန်တာ၏ အပြင်ဘက်မှ ဖြစ်၏။ သူ ဝရန် တာ လက်ရန်း အထိ တိုးကပ်သွားလိုက်သည်။ သူ ဘုရား တ,မိ သွား၏။ မြနှင်းဆီသည် ဝရန်တာ၏ လက်ဝဲဘက်က တိုက် နံရံ၏ အုတ်ပြား အစွန်းကလေးပေါ်တွင် မတ်တတ် ရပ်လျက် ရှိသည်။

ဘုရား....ဘုရား၊ အုတ် အစွန်းကလေး၏ အကျယ်မှာ တစ် ထွာသာ ရှိနိုင်သည်။ မြနှင်းဆီသည် အုတ်နံရံကို မှီ၍ ရပ်နေ





ည် ဖြစ်ရာ အိမ်ရှေ့က သစ်ပင်၏ အရိပ်ဖြင့် မှောင်မည်းနေ သော တိုက်နံရံတွင် အဖြူရောင်ဝတ်စုံကလေး လေမှာ လွင့်နေ ည်မှာ အသည်းယားစရာ ကောင်းလှသည်။

"ခင်ဗျား ခင်ဗျား ဘာလုပ်နေတာလဲ၊ လိမ့်ကျမယ်နော်၊ အောက်ကို ငုံ့မကြည့်နဲ့"

မြနှင်းဆီက အသံထွက် ရယ်မောပြန်၏။

"လူတွေမှာ နောက်ဆုံးလက်နက်တော့ ရှိကြတာပဲ မောင် ရ"

"ခင်ဗျားလိမ့်ကျမှာ မကြောက်ဘူးလား၊ ပြန်ဆင်းခဲ့လေ"

"တမင် ခုန်မချဘဲတော့ မကျပါဘူး မောင်ရယ်၊ မြ ပေါ်မှာ ခဏခဏ ရပ်ဖူးပါတယ်၊ သစ်ခွတွေကို ခူးတဲ့ အခါ မျိုးပေါ့၊ အုတ်အစွန်းက အကျယ်ကြီးပါကွယ်"

"ဒါပေမယ့် ...."

သူ အာခေါင်များ ခြောက်သွေ့ကာ တံတွေး မျိုချလိုက်၏။

"မောင် မြကို တကယ်ပဲ လက်မထပ်ဘူးလို့ ဆုံးဖြတ်သွား သလား ဟင် ...."



www.burmeseclassic.com

www.burmeseclassic.com



သူ လက်ဖျား ခြေဖျားတွေ အေးစက်သွား၏။ တစ်စုံတစ်ခု ကို ကြိုတင် တွေးမိပြီး သူ ထိတ်လန့်သွား၏။

"မ ... မမြနှင်းဆီ"

"မြ နောက်ဆုံးအကြိမ် မေးမယ်နော် မောင်၊ မောင် မြကို လက်ထပ်မလား လက်မထပ်ဘူးလား၊ အခု ချက်ချင်း ဖြေ...."

မြနှင်းဆီ၏ အသံမှာ တိုးတိတ်စွာ မာကျောလျက် ရှိ၏။

"ခင်ဗျား .... ခင်ဗျား ရူးနေပြီ"

"မြ ရူးတာ မရူးတာ မောင့်အလုပ် မဟုတ်ပါဘူး၊ မောင့် အလုပ်က ဖြေဖို့ပဲ၊ ဖြေလေ ....သက်သက် ဖြန့်မလာခင်"

သူ အကြီးအကျယ် တုန်လှုပ်ချောက်ချားလျက် ရှိသည်။ သူ လက်မထပ်ဘူးဟု ဖြေလျှင် မြနှင်းဆီ တကယ် ခုန်ချလေမလား။ သူမ တကယ်ပဲ ရူးသွပ် သွားလေပြီလား။ မဖြစ်နိုင်ပါ၊ သူမ သည် အရာရာကို အကွက်ချ စီစဉ်၍ အမြဲ ထုတ်ဘော် သူသာ ဖြစ်သည်။

"ပြောလေ .... ပြောလေ ကိုယ့်ကို လက်ထပ်မှာလား"

"ဟင့်အင်း ...."





မြနှင်းဆီ ထံမှ နာနာကြည်းကြည်း ရယ်မောသံကို ကြား လိုက်ရချိန်မှာတော့ လောကတွင် မဖြစ်နိုင်ဘူး ထင်ထားသော အရာများ ဖြစ်ကုန်တတ်ကြောင်း သူ သတိရလိုက်ပါသည်။

"မြ ........"

သို့သော် အရာရာသည် နောက်ကျသွားခဲ့ပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အပိုင်း ၊ သုံး ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁။

အကျဉ်းထောင်မှ ပြန်လာကတည်းက သူ့ကို ဒုက္ခပေးနေသည့် စကားလုံးများကို တအိုးခွေးခွေး တွေးပူနေသောကြောင့် ခင်ဇော်သည် မှတ်စုစာအုပ်ကို ဖွင့်လျက် အချိန် တော်တော် [illegible]သွား၏။

သူ့ ရုံးခန်းသည် သူ့ ဦးလေး ဦးဘာအုန်း၏ ရုံးခန်းလည်း ဖြစ်သည်။ လူပျိုကြီး ဦးလေးနှင့် သူ နှစ်ယောက်တည်း နေသော အိမ် အကျယ်ကြီး၏ ရှေ့ဆုံး အခန်းကလေးသည် သူတို့ အခန်း ဖြစ်၏။

**ဦးဘာအုန်း** (တရားရုံးချုပ် ရှေ့နေ)

ဘီအေ ဘီအယ်လ်

**ဦးခင်ဇော်** (တရားရုံးချုပ် ရှေ့နေ)

အယ်လ် အယ်လ် ဘီ

www.burmeseclassic.com

www.burmeseclassic.com



ဟူသော ဆိုင်းဘုတ် နှစ်ခုမှာ အထက်အောက် ကပ်လျက် ဖြစ်သည်။

အိမ်ရှေ့သို့ ရွှေအိုရောင် ဆူပါကပ် ဆိုင်ကယ်ကလေး ရပ်လိုက်ချိန်တွင် သူသည် မှတ်စုစာအုပ်ထဲတွင် စာကြောင်းများ ချရေးနေဆဲ ဖြစ်သည်။

၁။ ခင်ဗျား ပြောရဲရင် ပြောကြည့် ပြောပြီး တာ တစ်ပြိုင်တည်း ခင်ဗျား သေစေရမယ်၊ ကျွန်တော် သစ္စာဆိုလိုက်တယ်။

၂။ မြ ကိုယ်ဝန်ကို ဘာလုပ်ရမလဲ၊ မြနှင်းဆီ အမေး ဖျက်ချပစ်လိုက်ပေါ့၊ မြတ်စု အဖြေ

၃။ ကိုမြတ်စုက အာလူးကြော်နဲ့ လိုင်ချီးစ် ဝယ်ခိုင်းလို့၊ အိမ်ဖော်မလေး၏ စကား

၄။ ဝရန်တာ၏ ဘေး အုတ်နံရံမှ ထုတ်ထားသော အုတ် အမိုးပြား ကလေးပေါ်တွင် ခြေဖွဲ့ရာ ထင် မထင်





နောက်ဘက် အုတ်နံရံ ပေါ်တွင် လက်ဖွဲ့ရာ ထင် မထင်

"ဆရာ...."

ချိုနွဲ့သော အသံ တိုးတိုးကလေး၏ ပိုင်ရှင်မှာ ဖြူဖြူအောင် ဟု သူ ချက်ချင်း သိလိုက်၏။ သူ မော့ကြည့်လိုက်သော အခါ အပြစ်ကင်းစင်သော မိန်းကလေး တစ်ယောက်၏ ငယ်နုပျိုမျစ်သော အပြုံးနှင့် ရင်ဆိုင်လိုက်ရ၏။

"ဪ.... ဖြူဖြူအောင် လာ ထိုင်"

ဖြူဖြူ အောင် သည် ကော်လာ သေးသေး ကလေးကို ထည်ပင်း ကြယ်သီးအထိ စေ့ပိတ် တွယ်ထားသော အဖြူခံတွင် အစိမ်းနုနှင့် ပန်းနုရောင် အကွက်ကျဲ ရှပ်အင်္ကျီ အပွကြီးကို ဝတ်ထားသည်။ အင်္ကျီလက်ကို တံတောင်ဆစ် အထက် အထိ အပြားကြီးကြီး ခေါက်တင်ထား၏။ လုံချည်ကတော့ ခေတ် မိန်းကလေး တို့၏ ထုံးစံအတိုင်း ခြေသလုံး တစ်ဝက်ထိ ရှိသော အသည်းကွဲရောင် ဟု ခေါ်ကြသည့် ပန်း ခရမ်းရင့်ရောင် လုံချည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ ဒီ အမှုကို လက်ခံလိုက်ပြီလား.... ဖြူလေး သိချင် လို့ပါ"

ဖြူဖြူအောင်က သူ့ ရုံး စားပွဲရှေ့တွင် ကျိုးနွံစွာ ဝင်ထိုင် ၏။

"အင်း .... လက်ခံလိုက်ပါတယ်"

"အို.... ဖြူလေး ဝမ်းသာလိုက်တာ၊ ဒါနဲ့ ဟို.... ဆရာ့ အတွက် အမှု အဲ....ညာဏ်ပူဇော်ခရော ကိုမြတ်စုနဲ့ ပြောပြီး လား ဟင်"

"မပြောရသေးဘူး"

သူသည် အမှုလိုက်ခကို ပြောဖို့ တကယ်ပင် မေ့နေခဲ့၏။

"ဟိုလေ.... အဲဒီ ငွေကို ဖြူလေးနဲ့ ကိုအေးမင်း တစ်ဝက် ကျခံဖို့ ဖြူလေးတို့ တိုင်ပင်ထားပါတယ် ဆရာ၊ ကိုမြတ်စုမှာ ငွေ မရှိဘူး၊ သူက မန္တလေးကလေ၊ သူ့ အိမ်နဲ့ သူ သိပ် အဆင် မပြေဘူး ဆရာ"

သူသည် မိန်းကလေးကို ခင်မင်စွာ ကြည့်၍ ခေါင်းညိတ် လိုက်၏။





ထို့နောက် သူတို့ နှစ်ယောက် အမှု အကြောင်းကို စတင် ပြောသည်။

"ပထမတော့ ပုဒ်မ ၃၀၈ နဲ့ စွဲရမယ့် အမှုကို ဘာဖြစ်လို့ ၃၀၇ နဲ့ စွဲထားပါလိမ့်လို့ ကျွန်တော် နားမလည်ဘူး၊ ရန်ဖြစ် ရင်း ဒေါသမထိန်းနိုင်ဘဲ ဝရန်တာကနေ တွန်းချတယ် ဆိုတဲ့ အမှုသွား အမှုလာ အကြောင်းခြင်းရာလို့ပဲ ထင်နေခဲ့တာ၊ ဒါပေမယ့် မြတ်စုနဲ့ တွေ့ပြီး သူ့စကား နားထောင်ပြီး တဲ့ အခါကျတော့ နားလည်သွားပြီ၊ တရားလိုဘက်က ကြိုတင် ကြံစည်ပြီး လူသတ်ရန် ကြိုးစားခြင်း အထိ ရောက်အောင် ဆွဲယူ ဖို့ ဆုံးဖြတ်ထားတာနဲ့ တူတယ်၊ အဲဒီလို ဆွဲယူလို့ ရအောင်လဲ ကျွန်တော်တို့ တရားခံက လုပ်ထားတာတွေရှိတယ်"

ဖြူဖြူအောင်က မျက်လုံးကလေး ပြူးလျက် "ဘာလုပ် ထားမိလို့လဲ ဆရာ" ဟု မေးသည်။

"အခင်း မဖြစ်ပွားခင် တစ်ရက်က မြတ်စုက မြနှင်းဆီကို ပြောတဲ့ စကားရှိတယ်၊ 'ခင်ဗျား ပြောရဲရင် ပြောကြည့်၊ ပြော ပြီးတာနဲ့ တစ်ပြိုင်နက် ခင်ဗျား သေစေရမယ်' ဆိုတဲ့ စကား ပေါ့၊ အဲဒါကို လေးနက်အောင် 'ကျွန်တော် သစ္စာဆိုလိုက် တယ်' လို့ ထပ်ဖြည့်ပြောထားတယ်၊ အဲဒါ မကောင်းဘူး အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော့် အထင်တော့ မြနှင်းဆီရဲ့ အိမ်ဖော်မလေး ကြား သွားပုံ ရတယ်"

"နောက်ပြီး အခင်း ဖြစ်ပွားတဲ့ နေ့မှာ မျက်မြင် သက်သေ တစ်ယောက်မှ မရှိဘူး၊ အဲလို မရှိတာဟာ အိမ်ဖော်မလေးကို တစ်ခုခု သွားဝယ်ခိုင်းလိုက်လို့ပဲ၊ ကံဆိုးချင်တော့ သွားဝယ်ဖို့ ပြောတဲ့ လူက မြတ်စု ဖြစ်နေတယ်၊ ဒါကိုမှ ကြိုတင်ကြံစည်မှုလို့ မယူရင် သူတို့ ဘယ်ဟာကို ကြိုတင် ကြံစည်မှုလို့ ယူမလဲ၊ ကျွန်တော် မပြောတတ်ဘူး၊ ကျွန်တော့် အထင်တော့ အဲဒီ ကောင်မလေးဟာ အရေးကြီးတဲ့ သက်သေ ဖြစ်လာလိမ့်မယ်"

"ဆရာ .... ကိုမြတ်စုက အဲဒီ မိန်းမကို တကယ် တွန်း မချခဲ့ ဘူး မဟုတ်လား ဟင်"

ဖြူဖြူအောင်၏ စိုးရိမ်သောက မျက်ဝန်းများကို ကြည့်ရ ခြင်း အားဖြင့် ဤအချက်ကို သူမ စိုးရိမ်နေသည်မှာ တရားရုံး တွင် အမှုနိုင်အောင် ထုချေဖို့ သက်သက် မဖြစ်နိုင်ကြောင်း သူ ခန့်မှန်းမိပါသည်။

"အဲဒါကို ကျွန်တော် ဘယ်လိုလုပ် သိနိုင်မလဲ ဖြူဖြူအောင်၊ သူပြောတာကိုပဲ ကျွန်တော် ပြန်ပြောရရင်တော့ မြနှင်းဆီကို သူ တွန်းချတာ မဟုတ်ဘူး၊ မြနှင်းဆီက သူ့မှာသူ ခုန်ချသွား တာ တဲ့"





ဖြူဖြူအောင်၏ ပါးပြင်နှစ်ဘက်မှာ သွေးရောင် လျှမ်းသွား ပြီး ချက်ချင်း ပြန်၍ ဖြူဖျော့သွား၏။

"သူ့ဘာသာသူ ခုန်ချတာ ဟုတ်လား ဆရာ"

"ဟုတ်တယ်၊ မြတ်စု ပြောတာတော့ အဲဒီ အတိုင်းပဲ"

"ခုန်ချတယ် အဲဒီ မိန်းမက .... ကိုကို့ကို သေမတတ် လိုချင် နေတဲ့ မိန်းမကလေ ...."

ဖြူဖြူအောင် ယုံကြည်ဟန် မတူပါ။ ကိုကိုဟု လွှတ်ခနဲ ထည့်ပြောရလောက်အောင် သူမ၏ စိတ် တုန်လှုပ် ချောက်ချား သွားဟန် တူပါသည်။

"အဲဒါ ဖြစ်နိုင်ပါ့မလား ဆရာ၊ ဖြူလေး .... ဖြူလေး ထင် ထားတာက ...."

"ဟုတ်တယ်လေ ကျွန်တော် ထင်ထားတာကလဲ ဝရန်တာ မှာ စကားပြောရင်း ရန်ဖြစ်ရင်း ဒေါသ အလျှောက် တွန်းမိ တာ ဖြစ်မယ်၊ အဲလိုမှ မဖြစ်ရင် မြနှင်းဆီက သူ့ကို ကိုယ်လ ...ကြောက် တွန်းထိုးရိုက်ပုတ်လို့ သူက ရှောင်ရင်း တိမ်းရင်း ...အားလွန်ကျသွားတာ ဖြစ်မယ်၊ ကျွန်တော် စဉ်းစားတာကတော့



www.burmeseclassic.com

www.burmeseclassic.com

အဲဒီ နှစ်ချက်ပဲ၊ အခုဟာကတော့ ကျွန်တော် ထင်မထားတဲ့ အကွက်ပဲ"

ဖြူဖြူအောင် ငြိမ်သက်နေခိုက် သူက စားပွဲ တဒေါက် ဒေါက် ခေါက်နေမိသည်။

"ပိုပြီး စိုးရိမ်စရာ တစ်ခုက ရဲရှေ့မှာ အစစ်ခံတုန်းက မြတ် ဖြေတာက တစ်မျိုး၊ အခု ကျွန်တော့်ကို ပြောတာက တစ်မျိုး ဖြစ်နေတယ်"

ဖြူဖြူအောင်၏ ပါးလျားသော ပါးပြင်ထက်မှ သွေး ကြောမျှင်ကလေးများ ချက်ချင်း ရဲတက်လာ၏။

"ဆရာ ဆိုလိုတာက ကို.... ကိုမြတ်စုက လိမ်နေတယ် လို့"

"သူ လိမ်ခဲ့တာတော့ အမှန်ပဲ၊ ဒါပေမယ့် ကျွန်တော့်ကို လိမ်တာလား၊ ရဲကို လိမ်တာလား နှစ်မျိုး ဖြစ်နိုင်တယ်၊ ဒါပေ မယ့် ကျွန်တော့်ကို သူ မလိမ်မှာတော့ သေချာသလောက်ပဲ၊ ရဲကို လိမ်တာပဲ ဖြစ်ရမယ်၊ ရဲက သူ့ကို နှစ်ကြိမ် စစ်တယ်၊ ပထမ ဒီဇင်ဘာ ၁၁ ရက်နေ့ ည ၉ နာရီခွဲ လောက်တဲ့၊ မြနှင်း ဆီကို ဆေးရုံရောက်အောင် သူတို့ ပို့ပြီး ဆေးရုံမှာ အခြေအနေ စောင့်နေတုန်း ရဲက သူ့ကို စစ်တာ၊ အဲဒီ အချိန်မှာ လိမ့်ကျတဲ့





[illegible]ရဲ့ ဘေးမှာ သူပဲ ရှိတာကိုး၊ ဘယ်လို ကျသလဲ မေးတော့ သူ မမြင်ဘူး သူ ဝရန်တာဘက် ရောက်လာတော့ မြနှင်းဆီ ကျ သွားပြီလို့ ဖြေတယ်"

"ဆိုးတာပဲ"

"ဟုတ်တယ်၊ တကယ်ဆို အဲဒီ ကတည်းက မြနှင်းဆီဟာ သူ့ ဟာသူ ခုန်ချတာပါ သူ မြင်ပါတယ် ဆိုရင် ပြီးနေပြီပဲ"

ဖြူဖြူအောင်သည် ရှုံးခန်း နံရံမှ ပြက္ခဒိန်ကို ငေးမောနေ လေသည်။ ထို့နောက် သူ့ဘက် လှည့်ကြည့်လိုက်၏။

"သူ အဲဒီကတည်းက ဘာကြောင့် ဖွင့်မပြောလိုက်သတဲ့လဲ ဆရာ"

"မြနှင်းဆီကို ရဲက အမှုဖွင့်မှာ ကြောက်လို့တဲ့၊ မြနှင်းဆီ အတွက် လိမ်ပေးလိုက်တာ ....တဲ့"

"မခိုင်လုံဘူး နော် ဆရာ၊ မြနှင်းဆီဟာ သေလောက်တယ် ဆိုတာကိုပဲ သူ အရင် တွေးရမှာပေါ့၊ မြနှင်းဆီကို ရဲက အမှုဖွင့် ဖို့ဆိုတာ မသေမှ ဖြစ်မှာ မဟုတ်လား၊ ဖြစ်နိုင်ခြေ သိပ်နည်း နေတာ ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူအောင် စိတ်ပျက်သွားပုံ ရပါသည်။

"နောက် အကြောင်းပြချက် တစ်ခု ပေးသေးတယ် ဖြူဖြူအောင်၊ အဲဒါကတော့ သူ့ အနီးအနားမှာ ရှိလျက်နဲ့ ဆွဲမထားနိုင်ဘူးလား၊ မတားနိုင်ဘူးလား ဆိုတဲ့ ပြစ်ချက်တွေ သူ့အပေါ် ကျလာမှာစိုးလို့ ပြီးပြီးရော ဖြေလိုက်တာ.... တဲ့"

ဖြူဖြူအောင်၏ မျက်နှာ အနည်းငယ် ကြည်လင်လာသည်။

"အင်း.... ဒီအဖြေနဲ့ ဆိုရင်တော့ သိပ်အခြေအနေ မဆိုးဘူး ထင်ပါရဲ့နော် .... ဆရာ"

သူခေါင်းညိတ်လိုက်သည်။

"နောက်တစ်ခါ ရဲက သူ့ကိုမြန်မာဆီရဲ့ သေတမ်းစစ်ချက်အရ ဒီဇင်ဘာ ၂၀ ရက် နေ့မှာ ဖမ်းတော့လဲ အဲဒီ ခုနစ်ချတယ် ဆိုတာကို သူမပြောခဲ့ဘူး၊ သူအချုပ်ခန်းထဲရောက်တဲ့ အထိ သူ ပြစ်မှု မကျူးလွန်ကြောင်း ငြင်းရုံပဲ ငြင်းတယ်၊ ခုန်ချတာ မပြောဘူး၊ သူ့ အပြောအရတော့ သူအရမ်း တုန်လှုပ်သွားတယ်တဲ့၊ ဘာစကားမှ မပြောချင်ဘူး ပြောလဲ မပြောခဲ့ဘူးတဲ့၊ ရှက်လဲ သိပ်ရှက်သွားတယ် .... တဲ့၊ မျက်ရည်မကျအောင် ထိန်းနေရတယ်လို့ ပြောတယ်"





"ဆရာ .... တရားခံ တစ်ယောက်ဟာ ရဲစခန်းမှာ တစ်မျိုး၊ တရားရုံးမှာ တစ်မျိုး ပြောခွင့် ရှိရဲ့လား ဟင်"

"ရဲစခန်းမှာ တရားခံဖြေတဲ့အဖြေကို တရားရုံးမှာ သက်သေခံပြခွင့် မရှိတာ အမှန်ပဲ၊ ဒါပေမယ့် အဲဒီအဖြေဟာ ရဲစက္ကူမှာ ပါနေတာမို့ တရားလို ရှေ့နေကတော့ ဒီလို ဖြေထားတယ် ဆိုတာ သိနေမှာပေါ့၊ ဒီတော့ ဒီလို ကွဲလွဲ ထွက်ဆိုမှုကို တစ်ဘက် ရှေ့နေက နင်းပြီး ပြန်လှန် မေးမှာ စွပ်စွဲသွားမှာ သေချာတယ်"

ဖြူဖြူအောင်က ပင့်သက်ကလေး ချလျက် ပြုံးသည်။

"ဖေဖေ့ကို တစ်ဘက်ရှေ့နေ အဖြစ် ဖြူလေး အခုအချိန်ထိ အသောထားလို့ မရသေးဘူး ဆရာ၊ ထားပါတော့လေ၊ ဒါ.... ဖြည်းဖြည်းနဲ့ အကျင့်ရသွားမှာပါ၊ ဒါဖြင့် ဖြူလေးတို့ ခုခံမှု လမ်းကြောင်းကို သူ့ဟာသူ ခုန်ချတာလို့ ထားကြရမှာလား ဆရာ"

"ဟုတ်တယ်၊ သူ့အတွက် အဲဒီ လမ်းကြောင်းက အသင့်တော်ဆုံးပဲ၊ သူ့စကားတွေ အရလေ၊ အဲဒီမှာ အရေးကြီးဆုံး တစ်ချက် ကတော့ ဝရန်တာရဲ့ လက်ဝဲဘက်က အတွင်နံရံမှာ အစွန်းထွက်နေတဲ့ အုတ်ပြားကလေးပဲ၊ သူက အဲဒီပေါ်က ခုန်



www.burmeseclassic.com

www.burmeseclassic.com



ချတာလို့ ထုချေသွားတာကိုး၊ ဖြူလေး မြနှင်းဆီအိမ် ရောက်ဖူးလား”

မြောရင်းက သတိလက်လွတ် ဖြူလေးဟု ခေါ်လိုက်မိသဖြင့် သူ အနည်းငယ် မနေတတ် မထိုင်တတ် ဖြစ်သွားသော်လည်း ဖြူလေးက သတိထားမိဟန် မတူပါ။

“ရောက်ဖူးပါတယ် ဆရာ၊ ဒါပေမယ့် မူယာနဲ့ အဖော်လိုက်တုန်းက တစ်ခါပဲလေ၊ နောက်ပြီး အောက်ဆပ်ပဲ ရောက်တာ အခု ဖြစ်တာက အပေါ်ဆုံးထပ် မဟုတ်လား”

“ဟုတ်တယ်၊ အပြင်ကနေ ဖြတ်သွားရင်းနဲ့ သတိထားမိမလားလို့ မေးကြည့်တာပါ၊ ကိစ္စမရှိပါဘူး၊ အခု အဲဒီဘက်ကို သွားလိုက်မှာပေါ့၊ ဘုရား သိကြား မ,လို့ အဲဒီ အုတ်အစွန်းကလေး တကယ် ရှိနေပါစေလို့ ဆုတောင်းရမှာပဲ”

ဖြူဖြူအောင်က သူ့ကို ငေးမောကာ “ရှိရင် ....” ဟု မေး၏။

“ရှိရင် အဲဒီမှာ ခြေဖွေရာ ရှာခိုင်းရတော့မှာပေါ့၊ နောက်ပြီး တိုက်နံရံကို လက်နဲ့ ကပ်ပြီး ရပ်တာဆိုရင် နံရံမှာ လက်ဖွေရာ ကျန်ရမှာပဲ၊ ရဲကို အကြောင်းကြားပြီး ရှာခိုင်းရမှာပေါ့”



“အို .... ဖြူလေးတို့ဘက်ကို သက်သေခံ အထောက်အထား ရမယ့် အလုပ်ကို တရားလို ဘက်က လုပ်ပေးပါ့မလား ဆရာ”

သူ ပထမဦးဆုံးအကြိမ် ဖြူဖြူအောင်ကို ပြုံးပြလိုက်၏။

“ရဲက တရားလို မဟုတ်ဘူးလေ၊ တရားလိုသာ ဖြစ်ဦးတော့ အမှန် ပေါ်ဖို့ သူတို့ လုပ်ရမှာပဲ၊ ကျွန်တော်တို့ ဘာသာ ရှာတွေ့ယူဖို့ ဖြစ်မှ မဖြစ်နိုင်တာ၊ ဖြူလေး ယူတတ်လို့လား”

သူ ဖြူလေးကို စ,နောက်လိုစိတ် ပေါ်လာ၏။

“အိုး .... ဖြူလေးတို့ ကြိုးစားရမှာပေါ့၊ ဖေဖေ့ဆီမှာ ရဲ ဘက်ရဲ့ စာအုပ် အထူကြီးတွေ ရှိတယ်၊ အဲဒီထဲမှာ လက်ဖွေရာ နည်းတွေ ပါတာပေါ့ ဆရာရဲ့”

ဖြူဖြူအောင်၏ အားတက်သရော စကားသံကို သူ ပြုံး၍ရယ်သည်။

“အင်း .... အင်း၊ သုံးထပ်တိုက် အပေါ်ဆုံး နံရံနေရာကို ရောင်ဒါ ဖြူးရမှာ ဆိုတော့ ကျွန်တော်တို့ဟာ မီးသတ်လှေကား ဆောင်ပြီး တက်ရမှာပဲ၊ တရားလိုရဲ့ အိမ်နံရံက လက်ဖွေရာကို တရားခံရှေ့နေတွေက နေ့ခင်းကြောင်တောင်ကြီး တက်ယူဖို့

www.burmeseclassic.com



စိတ်ကူးကတော့ တော်တော်ကောင်းပါဗျာ၊ တရားလိုသက်သေ တွေက ကျွန်တော် လိမ့်မကျအောင် လှေကား ထိန်းကိုင်ပေးဖို့ ရော မျှော်လင့်ထားသေးလား ဟင်”

“ဟင်.... ဆရာ ကလဲ....”

ဖြူဖြူအောင် စိတ်လွတ် လက်လွတ် ဟက်ဟက်ပက်ပက် ရယ်မောတော့သည်။

ထို့နောက် ရုတ်တရက် မျက်နှာ ညှိုးသွားပြန်ကာ....

“တကယ်ဆို.... ကိုကိုသာ စောစောစီးစီး အဲဒီ အုတ် အစွန်းလေးအကြောင်း ရဲကို ဖွင့်ပြောလိုက်ရင် အခုလောက်ဆို ဝရန်တာက လက်ဗွေရာတွေနဲ့အတူ အဲဒီ ခြေဗွေရာ လက်ဗွေရာ တွေ အင်းစိန် မှုခင်းရုံးမှာ စစ်ဆေးနေပြီပေါ့”

“အခုလဲ နောက် မကျသေး ပါဘူး ဖြူလေးရဲ့၊ .အခုပဲ ကျွန်တော် သွားကြည့်လိုက်ပါ့မယ်၊ တကယ်လို့ အဲဒီ အုတ် အစွန်းကလေး တကယ်ပဲ ရှိတယ်ဆိုရင် နောက်ပြီး ဝရန်တာ ကနေ အလွယ်တကူ ကျော်ဆင်းလို့ ရအောင်လဲ နီးကပ်တယ် ဆိုရင် ကျွန်တော်တို့ အမှု နိုင်ပြီ”

သူ ထိုင်ရာမှ ထတော့ ဖြူလေးကပါ ထ၍ရပ်သည်။





“ဖြူလေးလဲ လိုက်မယ် ဆရာ၊ ဆရာနဲ့ ဖြူလေး ကမ်းနား ...မှာ လေညင်းခံချင်ယောင် ဆောင်ပြီး အဲဒီ ဝရန်တာကို ...ကြည့်လို့ ရတယ်”

သူတို့ မြနှင်းဆီ နေထိုင်ရာ တိုက်၏ ရှေ့သို့ ရောက်ချိန်မှာ ...နေ ၅ နာရီခန့်သာ ရှိသေးသည်။ နေရောင်သည် ကမ်းနား ...မ်း အုတ်လက်ရန်း တစ်လျှောက် ရေတွင်မကပင် အောက်က ...င်ခုံကလေးများပေါ် အထိ စူးရှစွာ ကျရောက်ဆဲ ဖြစ်သည်။ ...ကယ်နှစ်စီးကို ရှေ့ဆင့်နောက်ဆင့်ရပ်လျက် အုတ်လက်ရန်း ...လေးပေါ် လက်ထောက်ရပ်ကာ သူတို့ နှစ်ယောက် ပင်လယ် ...ကို အရင်ဆုံး ငုံ့ကြည့်ကြသည်။ ရေများသည် လှိုင်းထန် ...တ် နောက်ကျိနေ၏။

“ဆရာ....နောက်ကို ဖြည်းဖြည်း လှည့်ပြီး ကြည့်နော်၊ ...ာဟို သုံးထပ်တိုက်ပဲ”

သူ လှည့်ကြည့်တော့ သူတို့၏ နောက်ဘက် ခပ်လှမ်းလှမ်းမှ ...များသော အစိမ်းပုတ်ရောင် တိုက်ကြီးကို မြင်ရသည်။ ...ိုက် ...းပြားအောက်မှာ တန်းစီ၍ တွဲလောင်း ချိတ်ဆွဲထားသော



www.burmeseclassic.com

www.burmeseclassic.com



သစ်ခွပန်းအိုးများတွင် ပန်းတချို့ ပွင့်နေသည်။ သူသည် အထက် အောက် ဝရန်တာ နှစ်ခုအနက် အထက်က ဝရန်တာ စူးစမ်းစွာ ကြည့်ရင်း ဝရန်တာ၏ သည်ဘက် ခြေတစ်လှမ်း အကွာ မရှိတရှိ အုတ်နံရံမှ ရှေ့သို့ အစွန်း ထုတ်ထားသော မိုးကာ အုတ်ပြား ထူထူကလေးကိုပါ မြင်လိုက်ရသည်။

သူ စိတ်သက်သာရာရမှုဖြင့် လှိုက်ခနဲ ရင်ခုန် လှုပ်ရှား သွား၏။

မြတ်စုသည် အမှန်အတိုင်း ပြောခဲ့ခြင်း ဖြစ်လေသည်။

"ဆရာ တွေ့လား ဟင်၊ အုတ်အပြားကလေး တွေ့တယ် မဟုတ်လား ဟင်"

ဖြူဖြူအောင်က စိတ်လှုပ်ရှား တုန်ယင်စွာ ပြုံးလျက် ရှိသည်။

"တွေ့ပါတယ် ဖြူလေးရယ်"

"အဲဒီ အုတ်ပြားကလေးဟာ ဝရန်တာ ကြမ်းပြင်နဲ့ တစ်ည တည်းလောက်ပဲ ဆရာ နော်၊ သိပ်လဲ မဝေးဘူး၊ ဖြူလေး တောင် အဲဒီ ဝရန်တာကို ကျော်ပြီး ရပ်နိုင်မှာပဲ"





ဖြူဖြူအောင်သည် အစိမ်းပုတ်ရောင် တိုက်ကြီးကို မေးမော့ ကြည့်နေသည်မှာ ယခု ချက်ချင်း တိုက်ကြီးက သူမ ဘက်သို့ ပြောင်းလဲ ပါဝင် ရင်ဆိုင်ပေးတော့မည့်ပမာ ဖြစ်၏။

"ကဲ....ဒါဖြင့် ကျွန်တော်တို့ လုပ်စရာ အလုပ်က တစ်ခုပဲ ရှိတော့တယ်၊ ရဲစခန်းကို သွားပြီး အဲဒီ အုတ်အစွန်းအကြောင်း ရှင်းပြောဖို့ပဲ"

"ကိုကိုဟာ ဘယ်တုန်းကမှ မလိမ်တတ်ခဲ့ဘူး ဆရာရဲ့"

ယခုတော့ ဖြူဖြူအောင်သည် မြတ်စု ဘက်မှ ရဲဝံ့စွာ အာမခံချက် ပေးနိုင်လေပြီ။

သူတို့ နှစ်ယောက် ဆိုင်ကယ်ဆီသို့ အသီးသီး သွား၍ စက် နှိုးကြသည်။

"ကဲ....ဖြူလေး အိမ်ပြန်တော့၊ ရဲစခန်းကိုတော့ ကျွန်တော် ပဲ သွားလိုက်မယ်"

သူ့ စကားကို ထောက်ခံသံ မကြားရ၍ ဖြူလေးကို လှည့် ကြည့်လိုက်သည်။ ဖြူလေးသည် ဆိုင်ကယ် စက်နှိုးနေပြီးဖြစ် လျက် ခြေတစ်ဘက်ထောက် နင်းထားဆဲ ဖြစ်ပြီး နောက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်နေခဲ့ ဖြစ်သည်၊ သူမ ကြည့်ရာသို့ သူ လိုက်ကြည့်တော့ မြနှင်းဆီ၏ တိုက်ကြီးကို မြင်ရသည်။

"ဆရာ...."

ဖြူလေး၏ မျက်နှာတွင် စောစောက အပြုံး ပျောက်ကွယ်လျက် တစ်စုံတစ်ခုကို အလိုမကျသည့် အသွင်မျိုး တွေ့ရသည်။

"တိုက် အရောင်က .... ဒီ အရောင် မဟုတ်ဘူး ဆရာ" ဖြူလေး အသံက တုန်လှုပ်လျက် ရှိသည်။

"ဘာပြောတယ် ဖြူလေး"

"တိုက်ရဲ့ အရောင်လေ .... အရင်က ဒီလို အစိမ်းရောင်မှ မဟုတ်ဘဲ ဆရာရဲ့"

သူ အံ့သြသွား၏။

"ဘာရောင်လဲ" မေးပြီး သူ ချက်ချင်း သတိရလိုက်သည်။ မြတ်စု ပြောတာတော့ အဝါရောင်ပဲ။

"အဝါရောင် ဆရာ"





"ဟုတ်တယ်"

သူ ပခုံးတွန့်လိုက်၏။

"ကိစ္စမရှိပါဘူး၊ အစိမ်းရောင် ဆိုတော့ အရောင်ရင့်တာပဲ၊ ပေါင်ဒါ အဖြူ [Grey Powder] နဲ့ ဖြူးပြီး ယူရမှာပေါ့၊ အဝါရောင်နဲ့ အစိမ်းရောင် ကွာခြားချက်မှာ ပေါင်ဒါအဖြူနဲ့ ခဲအမှုန့်နဲ့ ဒါပဲ ကွာတာပါ ဖြူလေးရဲ့"

ဖြူလေးက သူ့ဘက်သို့ စိတ်လိုက်မာန်ပါ လှည့်ကြည့်၏။

"ခြေဗွေရာက အစိမ်းရင့်ရောင်ပေါ် ထင်ကျန် ခဲ့တာမှ မဟုတ်ဘဲ ဆရာရဲ့"

ဖြူလေး စကားကို သူ နားမလည်ပေ။

"အစိမ်းရောင် ဆေးပေါ်မှာ ခြေဗွေရာ မထင်နိုင်ဘူးလို့ ပြောချင်တာလား"

"ကျွတ်...." ဖြူလေးက စုတ်တစ်ချက်သပ်ကာ ခါးသင်များကို ဝဲခနဲ ဖွာသွားအောင် ခေါင်းယမ်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ဆရာ၊ မမြနှင်းဆီ လိမ့်ကျပြီး နောက်တစ်နေ့ ဖြူလေးနဲ့ နီလာနဲ့ ဒီရွေ့က ဖြတ်ပြီး လာကြည့်တုန်းက အထိ တိုက် အရောင်ဟာ အဝါ....ဆရာရဲ့"

သူ အံ့သြရာမှ တဖြည်းဖြည်း အမိပ္ပာယ် ပေါက်လာကာ စိတ်ညစ်ညူးသွား၏။

"ဘယ့်နှယ်လုပ်ကြမလဲ ဆရာ၊ ဆေးအသစ် သုတ်ထားတဲ့ နံရံပေါ်မှာ နဂို လက်ဗွေရာတွေ ဘယ့်နှယ် လုပ်ပြီး ကျန်ရစ် တော့မှာလဲ"

ဖြူလေးသည် ယခု ချက်ချင်း ငိုချလိုက်တော့မလို နှုတ်ခမ်း လေး မဲ့ကွေးသွား၏။

"ကျွန်တော်တို့ ကံဆိုးတာပဲ"

"ကျွန်တော်တို့ဘက်မှာ ရှိတဲ့ တစ်ခုတည်းသော သက်သေ အထောက်အထားက ဒီတစ်ခုပဲရှိတာ ဦးရာ၊ ဒီတစ်ခုပဲ ပျက်စီး သွားတော့ ကျွန်တော် စိတ်ညစ်သွားတာပေါ့"





ဦးဘအုန်းက ညာလက်ကို ဘယ်လက်နှင့် မ,ယူမြှောက် ...ည့်ပြီး ပက်လက်အနေအထားမှ သူ့တူ ထိုင်နေရာ လက်ဝဲ ...က်သို့ အနည်းငယ် စောင်းလိုက်သည်။

"စိတ်ညစ်နေလို့ ဘယ်ဖြစ်မလဲ၊ အဆိုးထဲကနေ အကောင်း ...အောင် ယူရမှာပေါ့။ တိုက်ရဲ့ပိုင်ရှင်ဟာ နှစ်ပေါင်းများစွာ ...ဝါရောင်အတိုင်း ထားခဲ့ပြီး အမှုဖြစ်ပြီးခါမှ ဖြုန်းစားကြီး ...ဖြစ်လို့ အစိမ်းရောင် ပြောင်းသုတ်သလဲ၊ နောက်တစ်ချက် ... ဒီလိုဆေးသုတ်ဖို့အတွက် အကြံဉာဏ် ဘယ်သူကပေးတာ ... အဘွားကြီး ညီအစ်မရဲ့ ကိုယ်ပိုင် အကြံဉာဏ်လား၊ ဒါမှ ...တ် တရားလိုရဲ့ အကြံဉာဏ်လား၊ ဘယ်တုန်းက ဆေးသုတ် ...က်တာလဲ၊ မြနှင်းဆီ ဆေးရုံပေါ်မှာ သတိမရခင်ကလား၊ ...တိရပြီးမှလား၊ ဆေးသုတ်တဲ့ နေ့စွဲ အတိအကျနဲ့ တိုက်ကြည့် ...် သွေးရိုး သားရိုး အဖြစ်လား၊ ဆင်ကွက်လား သိနိုင်မှာ ...ါ့၊ ငါ့အထင်တော့ ဒါဟာ သွေးရိုး သားရိုး တိုက်ဆိုင်မှု ...ဖြစ်နိုင်ဘူး၊ သက်သေခံ ဥပဒေပုဒ်မ ရှစ်နဲ့ သွားငြိလိမ့်မယ် ...င်တယ် ကွ"

သူ သက်သေခံ ဥပဒေပုဒ်မ ၈ ကို ဉာဏ်ရှိသလောက် ...်စဉ်းစားကြည့်သည်။

"သက်သေခံ ဥပဒေပုဒ်မ ရှစ်ကို မင်း အလွတ်ရလိမ့်မယ်လို့ ...တော့ ငါမထင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ ရယ်မောလိုက်သည်။

"သေချာတာပေါ့ ဦးရာ၊ ဒါပေမယ့် ကျွန်တော် ရိပ်ဖမ်းသိဖမ်း မှတ်မိသလောက်တော့ ဒါဟာ သက်သေခံ အထောက်အထား ဖျက်ဆီး ဖျောက်ဖျက်ခြင်းဆိုတဲ့ အကြောင်းနဲ့ ဆိုင်လိမ့်မယ် ထင်တယ်၊ ဘယ့်နှယ်လဲ ဦး"

"အင်း .... သိပ်မဆိုးပါဘူး၊ တကယ်လို့ ဒါဟာ တကယ်ပဲ သက်သေခံ အထောက်အထား ဖျက်ဆီးမှု ဆိုရင်တော့ ငါ့ တစ်သက်မှာ ပထမဦးဆုံး အတွေ့အကြုံအဖြစ် တရားလိုဘက်က ဖျက်ဆီးတာကို ကြုံရခြင်းပဲ ငါတို့ စာအုပ်ပြန်ဖတ်ကြည့်ရအောင်"

သူ အလိုက်တသိဖြင့် သက်သေခံ ဥပဒေ စာအုပ်ကို သွားယူလျက် ဖွင့်ဖတ်လိုက်သည်။

"တော်ပါသေးရဲ့ ဦးရေ .... တရားခံဘက်ရော၊ တရားလိုဘက်ရော အကျုံးဝင်တဲ့ ပုဒ်မဖြစ်ပေလို့ပဲ၊ ကျွန်တော် ဖတ်ပြမယ် နော်၊ သူ ရှင်းထားတယ်....

"တစ်ဘက်ဘက် အမှုသည်၏ အမူအရာ သို့မဟုတ် ထိုအမှုသည်၏ ကိုယ်စားလှယ် အမူအရာ၊ ဖြစ်မှုကြောင်းအရ စွဲဆိုခံရ





၏ အမူအရာများသည် အငြင်းထွက် အကြောင်းခြင်းရာ ဟုတ် သက်ဆိုင်သည့် အကြောင်းခြင်းရာကို သော်လည်းကောင်း၊ ယင်း အကြောင်းခြင်းရာက သော်လည်းကောင်း ထိခိုက်စေလျှင် အဆိုပါ အမူအရာသည် ရှေ့ပိုင်းကျသည် ဖြစ်စေ၊ နောက်ပိုင်းကျသည် ဖြစ်စေ သက်ဆိုင်သော အကြောင်းခြင်းရာ ဖြစ်သည် .... တဲ့။

"ရဲ အရေးပိုင်သည့် အမှု၌ တိုင်တန်း သူသည် အမှုသည်ဟု ဆိုနိုင်သော်လည်း စွဲဆိုသည့်မှုခင်းနှင့် တိုက်ရိုက် ပတ်သက်သူ ထိုသူ၏ အမူအရာနှင့်လည်း အကျုံးဝင်သည်ဟု ယူဆရသည် တဲ့"

ယခုဆိုလျှင် အရေးကြီးသော အချက်အဖြစ် အဝါရောင်မှ မီးရောင် ပြောင်းရခြင်းကို စုံစမ်းရပေတော့မည်။

"ဒီတော့ ခင်ဇော်ရေ .... အရောင်ပြောင်းတဲ့ ကိစ္စကို ...စ် မေးတော့မှ မီးစင်ကြည့်ကရမှာနဲ့ စာရင် စောစော ...း အဖြေသိထားဖို့ လိုလိမ့်မယ်"

"ဟုတ်ကဲ့ ကျွန်တော် စုံစမ်းလိုက်ပါမယ်"

"ငါ သိချင်တာ တစ်ခုရှိတယ်၊ တိုက်အရောင် ပြောင်းတဲ့ ...ာ ဦးဖေအောင်ရဲ့ သဘောထား ဘယ်လိုရှိမလဲ ကွ"



www.burmeseclassic.com

www.burmeseclassic.com



သူ အဖြေ မပေးနိုင်သဖြင့် ထိုင်ရာမှ ထလိုက်သည်။

"ဦးဖေအောင်ရဲ့ သဘောထားကို သိသိချင်း ကျွန်တော် ပြောပြပါ့မယ်"

"နောက်ပြီး မင်းနဲ့ ငါ တစ်ခုလောက်လောင်းကြရအောင် တရားရုံးမှာ တရားလိုဘက်က စစ်မေးလျှောက်လဲမှာ အောင်ကျော်ဦး လား၊ ဦးဖေအောင် လား ဆိုတာလေ၊ ငါက ဦးဖေအောင်ဘက်က ကွ"

ဦးအောင်ကျော်ဦးသည် ဦးဖေအောင်ကို အလွန် လေးစား ရိုကျိုးသော ဥပဒေ အရာရှိဖြစ်မှန်း သိထား၍ ဦးလေးကို သူ ပြိုင်မလောင်းရဲပါ။



အခန်း ၂။

"ကိုယ့်ကိုယ်ကို သတ်သေခြင်းသည် ဆိုက်ကိုးဆစ်စ် ရောဂါ ည်များတွင် ထင်ရှားသော အန္တရာယ်ဖြစ်သည်။ ကိုယ့်ကိုယ်ကို တ်သေမှု၏ ဖြစ်တန်ရာမှုသည် လူမှုရေး အခြေအနေများ းပညာနှင့် သူနာပြုစု စောင့်ရှောက်ခြင်း၏ အကျိုးများ ပေါ်တွင် မူတည်၍ ပြောင်းလဲသည်။ သာမန် ပြည်သူ လူထု ထက် 'Effective Psychosis' ရောဂါသည်များတွင် ဖြစ်သည်။ ၎င်းသည် တွေဝေ မှိုင်းမောနေချိန်မှာ ထက် ာ အခြေအနေ တိုးတက် ကောင်းမွန်နေချိန်မှာ ပို၍ ဖြစ် ါသည်။ ပြည့်စုံသော သတ်သေမှုများတွင် မသေသပ်သော ့ရဲ့ ကြိုးစား အားထုတ်ခြင်း၊ မိမိ၏ ကိုယ်လက်အင်္ဂါကို ယ်ဘာသာ ထိခိုက်စေခြင်းတို့ ရှိခဲ့နိုင်သည်။ ရှားပါးသော ည်း လုံးလုံး မေ့ထား၍ မရသောအမှုများတွင် .... ....



www.burmeseclassic.com

www.burmeseclassic.com



"ကိုခင်ဇော်"

ရုံးခန်းထဲသို့ ခပ်သွက်သွက် ဝင်ရောက်လာသော အေးမင်း၏ အသံကြောင့် ဖတ်လက်စ စာအုပ်မှ မျက်နှာလွှဲလိုက်ရသည်။

"လာ လာ ထိုင်ကြ၊ ကိုယ် မင်းတို့ကို မျှော်နေတာ"

ယခုမှ ဇန်နဝါရီလ ကုန်ခါနီးရက်ဖြစ်သော်လည်း မြိတ်မြို့၏ နေ့လယ်ခင်းသည် ပူလောင်လျက်ရှိသည်။ အေးမင်းသည် ချွေးစိုနေသော မျက်နှာကို လက်ကိုင်ပဝါဖြင့် ပွတ်သုတ်လျက် စားပွဲရှေ့တွင် ဝင်ထိုင်၏။ ဖြူလေးက အေးမင်း၏ အေးဘက် ကုလားထိုင်မှာ ထိုင်သည်။

"မနက်က အမှု မစစ်ဖြစ်ဘူး မဟုတ်လား ဆရာ"

"ဟုတ်တယ်၊ ကျွန်တော်တို့ ထင်ထားတဲ့ အတိုင်းပဲလေ ရက်ချိန်းတောင်းလိုက်တယ်၊ တရားလို မလာနိုင်ဘူး"

"ကိုမြတ်စုတော့ ပါရမှာပေါ့နော် ဆရာ"

"ပါရတာပေါ့.... တရားခံပဲ ဥစ္စာ"





မြတ်စုသည် မနက်က ရုံးထဲဝင်တော့ ရှက်သွေးဖြင့် မျက်နှာ နီရဲနေခဲ့၏။ နှုတ်ခမ်းတင်းတင်းစေ့၍ လူကြီးတစ်ယောက်လို ခပ်တည်တည် မျက်နှာပေးလုပ်နေသော်လည်း မအောင်မြင်ပါ။ မျက်နှာထားသည် လူပျိုဖော်ဝင်ခါစ ကောင်လေးတစ်ယောက် လူကြီးဟန်ဆောင်နေသလို ရှိသည်။ ထိုမျက်နှာလေး၏ အပြစ်ကင်းစင်မှုကို တရားသူကြီး သတိထားမိပါ ဟု ဆုတောင်းမိ၏။

"အေးမင်း သွားတဲ့ကိစ္စ အဆင်ပြေရဲ့လား"

"မဆိုးပါဘူး"

အေးမင်း မျက်နှာမှာ အားတက်သရော အမူအရာ တွေ့ရသည်။

မြန်မာနိုင်ငံသား ကတ်ပြားမှ မှတ်ပုံတင် နံပါတ်မှာ ဘုတ်ပြင်း မှတ်ပုံတင်နံပါတ်ဖြစ်ပြီး၊ အတအမည် ဦးရွှေဓါ ဟု ဖြင့် ဆက်လက်စုံစမ်းဖို့ အေးမင်းကို တာဝန်ပေးခဲ့သည်။ အေးမင်းသည် ဘုတ်ပြင်းသို့ ဓာတ်ပုံကိစ္စဖြင့် မကြာခဏ သွားသူဖြစ်၍ ဘုတ်ပြင်းကို ကျွမ်းကျင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမြနှင်းဆီက တကယ့် မိန်းမပဲဗျာ၊ ဦးရွှေဇံ ဆိုတာ [illegible] အဖေအရင်း မဟုတ်ဘူးတဲ့၊ အဖေရင်းက ဘယ်သူမှန်းလဲ မ[illegible] ကြဘူးတဲ့၊ မမြနှင်းဆီရဲ့ အမေက သူ့ကို မွေးရင်း ဆေးရုံ[illegible] ဆုံးသွားတယ်။ ဒါကြောင့် ဆေးရုံနားမှာနေတဲ့ ဦးရွှေဇံ တို့[illegible] မွေးစားထားလိုက်တာတဲ့၊ ကလေးက လှလဲ လှ လည်လဲလ[illegible] တော့ ကျောင်းတွေ ဘာတွေ ထားပေးသတဲ့၊ မမြနှင်းဆီ အ[illegible] က ပသျှူး နည်းနည်းစပ်တယ်ဆိုလားပဲ"

"အင် .... ဟုတ်မှာ ဟုတ်မှာ"

ငြိမ်၍ နားထောင်နေသော ဖြူလေးက ဝင်ထောက်ခံ[illegible] သူ သဘောကျစွာ ပြုံးလိုက်မိ၏။ ဖြူလေး ဘာဆိုလိုသ[illegible] ဆိုတာ သူ သိတာပေါ့။

ရှေးတုန်းကတော့ ပသျှူး လူမျိုးများမှာ ရဲရင့်စွာ ရက်စ[illegible] ကြမ်းကြုတ်ကြသည်တဲ့၊ သူတို့ ငယ်ငယ်က ပသျှူး ခေါင်းဖြ[illegible] တွေနှင့် ခြောက်လှန့် အလွန်ကြောက်ခဲ့ကြသည်။ နောက်[illegible] ပသျှူး မိန်းမများက ကဝေအတတ်ဆိုလား၊ စုန်းအတတ်[illegible] လား တတ်ကြသည် တဲ့။

ခေတ်ပညာတတ်ဖြစ်သော ဖြူလေး၏ သတိလက်လွတ်မှ[illegible] သူ ရယ်ချင်သွား၏။





"နာမည်က မြနှင်းဆီ မဟုတ်ဘူး၊ မြနှင်း .... တဲ့၊ နောက်က [illegible]လုံးက သူ့ဟာသူ ထည့်တာဖြစ်မယ် တဲ့"

"မြနှင်းဆီ ငယ်ငယ်က ကိုယ့်ကိုယ်ကို သေကြောင်းကြံဖို့ [illegible]ကြိုးစားတာများ ရှိသတဲ့လား"

"ကျွန်တော် သေချာ မေးပါတယ်၊ မရှိဘူးတဲ့၊ မရှိတာလဲ [illegible]ပြောနဲ့လေ မမြနှင်းဆီ ဆယ်နှစ်သမီးလောက် ကျတော့ [illegible]ရွှေဇံ ဆုံးသွားပြီး၊ အဲဒီ အဒေါ်ကြီးက မမြနှင်းဆီကို [illegible]တမဲ့ မိန်းကလေးဂေဟာ ပို့လိုက်သတဲ့"

"ဟာ .... ဘိတ်က မိဘမဲ့ မိန်းကလေးဂေဟာ လား"

"ဟုတ်တယ်"

"ဘာလို့ ပို့ရတာတုံး၊ သူ မကျွေးချင်တော့လို့လား"

"သူ ဆုံးမလို့ မနိုင်ဘူး တဲ့၊ အကျင့် သိပ်မကောင်းဘူး တဲ့၊ [illegible]ချင်တဲ့ ကစားစရာ တစ်ခုခု ဝယ်ခိုင်းလို့ ဝယ် မပေးရင် သူ့ [illegible]အောင်ခိုးတာပဲ တဲ့၊ အလှ အပလဲ တော်တော် စိတ်ဝင်စား [illegible]တဲ့၊ တစ်နေ့ တစ်နေ့ အလုပ်မလုပ်ဘဲ မှန်ရှေ့မှာချည်း [illegible]နေတာ တဲ့၊ ဆယ်နှစ် အရွယ်ကတည်းက ယောကျ်ားလေး [illegible]ငယ်ချင်းတွေနဲ့ ကစားတဲ့အခါ မျက်နှာထားက [illegible]တီတဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိသောအခါ ဖြူလေး
က တအံ့တဩ ကြည့်၏။

"အင်း .... သူ များ သက်သေခံခွင့် ပေးလိုက်လိုကတော့
ကိုယ်တို့ အတွက် သိပ်တန်ဖိုးရှိမယ့် သက်သေပေါ့ကွာ၊
အဘွားကြီးနဲ့ မြနှင်းဆီ အကြားမှာ ရန်ငြိုး တစ်ခုခုရှိ
ရတယ်"

"ရှိတယ် ဗျ၊ နေဦး .... အဲဒါက ပြီးမှလာမှာ အသက်
ဆယ်နှစ်မှာ မိန်းကလေးဂေဟာကို ပို့တယ်၊ ဂေဟာမှာ
ငါးနှစ်ကြာတယ်။ သူ အသက် ဆယ့်ငါးနှစ်လောက် ကျတော့
ဘုတ်ပြင်းကို တစ်ခါပြန်လာသတဲ့၊ ဂေဟာကနေ ပြန်ပြေးလာ
တာတဲ့၊ အဲဒီ အချိန်ကျတော့ အဘွားကြီးက နောက်
ယောကျ်ား ရနေပြီ၊ အဲ ....၊ အဲဒီညမှာ ဖြစ်ခဲ့တဲ့ အကြောင်း
တွေကတော့ ဖြူလေး ရှေ့မှာ ပြောဖို့ သိပ်မကောင်းဘူးပေါ့
ဒီလိုလေ .... ...."

ဖြူဖြူအောင်၏ ပါးလျားသော ပါးပြင်နှစ်ဘက်မှာ နီ
သွား၏။

" .... .... .... .... .... .... "





သူ ရှုံခြွေဆည်၍ ပြုံးလိုက်ရသော်လည်း အဖြစ်အပျက်ကို
သောကျသွားသည်။

" .... .... .... .... .... "

"ဟိုက်"

သူ အသံထွက် ရယ်လိုက်မိ၏။

"ဆယ့်ငါးနှစ် သမီးကလေး .... ကျလဲ ကျတဲ့ မိန်းမ"

သူ မြနှင်းဆီကို မအံ့သြဘဲ မနေနိုင်တော့ပါ။

"သူ မြူဆွယ်တယ်ဆိုတာ ဖြစ်နိုင်တာပဲ ဆရာ"

သူ ဖြူလေးကို တအံ့တဩ လှည့်ကြည့်မိသည်။

"ဆယ့်ငါးနှစ် သမီးလေးကလေ .... ဟုတ်လား၊ ဖြူလေး
မိန်းမသား ပီပီ မိန်းမတွေဘက်က ရပ်တည်စမ်းပါ"

"အိုး....တခြား မိန်းမဆို ရပ်ချင် ရပ်မယ်၊ ဒီ မကောင်းဆိုး
မ ဘက်ကတော့ မရပ်နိုင်ဘူး ဆရာ"

ဖြူလေး၏ မျက်လုံးမှာ မုန်းတီးမှု အရိပ်များ ကျနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ နောက်ကော...."

"အဲဒီနောက် မြနှင်းဆီ သူ့အိမ်က ထွက်သွားတာ အခုထိ ပြန်မလာတော့ဘူး တဲ့"

မြနှင်းဆီ၏ နောက်ကြောင်း ရာဇဝင်မှာ ၁၅ နှစ် အရွယ်တွင် တန့်နေသည်။ မဖြစ်သေးပါ။ နောက်ထပ် ၁၃ နှစ်ကို သူမ ဘယ်လို ဖြတ်ကျော်သလဲ ဆိုတာ သိရန် လိုသည်။ သို့သော် လက်ရှိ အခြေအနေအရတော့ မြနှင်းဆီကို ကိုယ်တိုင် မေးမှ ရတော့မည်။

"ကိုယ်တို့ မနက်ဖြန်ကျတော့ မိန်းကလေး ဂေဟာကို သွားပြီး စုံစမ်းသေးတာပေါ့ကွာ၊ လွန်ခဲ့တဲ့ ဆယ့်ငါး နှစ်လောက်က အဖြစ်အပျက်တွေကို မီတဲ့ ဂေဟာမှူးတော့ ဟုတ်မှာ မဟုတ်ဘူး၊ ဒါ အသစ် ဖြစ်မယ်၊ ဒါနဲ့ ဖြူလေး စုံစမ်းတဲ့ ကိစ္စရော အဆင်ပြေတယ် မဟုတ်လား"

"သိပ် ပြေတာပေါ့ ဆရာ"

ဖြူလေး၏ မျက်လုံးများ တောက်ပြောင် ရွှန်းလက်၍ နှုတ်ခမ်းပါးလေး ကွေးညွတ်သွားအောင် ပြုံးလိုက်လေသည်။

"အိမ်ရှင် အဘွားကြီး ညီအစ်မက အပျိုကြီးတွေ ဆိုတော့ ဆက်ဆံရ နည်းနည်းခက်တယ် ဆရာ၊ ဒါပေမယ့် ဖြူလေးလဲ





တီပါလာ ဖွင့်ပြီးမှ လူမှုဆက်ဆံရေး တော်တော် နားလည်သွားပြီလေ၊ ဖြူလေး အခုနေတဲ့ တိုက်ကို ဆေး အသစ် ထပ်သုတ်ချင်လို့ ဒီလို တတ်ကျွမ်းတဲ့ ပညာရှင် တစ်ယောက်ကို ခေါ် ချင်တယ် ဘယ်လို ဆက်သွယ်ရမလဲလို့ အရင် စမေးတာပေါ့၊ ဒီကနေ တဖြည်းဖြည်းချင်း ဆွဲမေးသွားတော့ ပေါ်ရော၊ တိုက်ကို ဆေးသုတ်ဖို့ အကြံဉာဏ်နဲ့ အကူအညီ ပေးတာက နှင်းဆီတဲ့၊ မြနှင်းဆီက ငွေ စိုက်တာတဲ့၊ အဝါကနေ အစိမ်းပြောင်းတာလဲ မြနှင်းဆီရဲ့ ဆုံးဖြတ်ချက်တဲ့၊ ပေဒင်က အစိမ်းရောင် ကျောက် ဆောင်ရမယ်၊ တိုက်ကိုလဲ အစိမ်းရောင် သုတ်ရမယ်လို့ ယတြာ ပေးလို့ တဲ့"

"ဆေးသုတ်ခိုင်းတာ ဘယ်တုန်းကတဲ့ လဲ"

"အင်း... မြနှင်းဆီ သတိရလာပြီး နောက် တစ်ရက်တဲ့၊ သူတို့ ညီအစ်မထဲက အကြီး အဘွားကြီး ရန်ကုန်ကို မြနှင်းဆီ ဆီမှာ သွားမေးတော့ မြနှင်းဆီက ပြောလိုက်တာတဲ့ ဆရာ၊ ဆေးသုတ်တာကတော့ ဘိတ်ကို ပြန်လာပြီး နောက်တစ်ရက်ပဲ တဲ့"

သူ စားပွဲစွန်းကို လက်ချောင်းများဖြင့် တဒေါက်ဒေါက် ခေါက်၍ စဉ်းစားနေသည်။ ဤ အကြောင်းကို တရားခံအား မိလျှင် စစ်မေးချိန်တွင် ထည့်မေးရမည်လား။ အကယ်၍



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဆီသည် လိမ္မာပါးနပ်သူ ဖြစ်လျှင် သူ၏ မေးခွန်းများ
ဗေဒင်ဆရာဖြင့် လွှဲ၍ ရှောင်တိမ်းသွားနိုင်၏။ ဘယ်တုန်း
ဟောထားမှန်း မသိသော ဗေဒင် ယတြာ ဆိုသည်မှာ သ
သေခံပစ္စည်း ဖျောက်ဖျက်ဖို့ အကွက်ဆင်ခြင်း ဖြစ်ကြော
တရားသူကြီး ရိပ်မိအောင် မေးရလိမ့်မည်။ သူသည် အရာ
တွင် စနစ်တကျ အကွက်ချဘတ်သော တရားလို တစ်ယော
နှင့် ရာဇဝတ်မှု ပြင်ဆင်ရာတွင် အလွန်တော်သော တရား
ရှေ့နေ တစ်ယောက်ကို ရင်ဆိုင်တွေ့ရမည် ဖြစ်သည်။

အိမ်ရှင် အဘွားကြီး တစ်ယောက်သည် တရားလို သက်သေ
ထဲတွင် ပါဝင်နေ၏။ ထို သက်သေကို သူ ပြန်လှန် စစ်မေးခြ
ဖြင့် တိုက် ဆေးသုတ်သည့် ကိစ္စကို ပေါ်လွင်အောင် မေးခွ
နိုင်ပေမည်။ မနက်က ရုံးမှာ ကိုယ်စားလှယ် လွှဲစာ တင်ရ
အမှုတွဲ ခဏ ကြည့်လိုက်တော့ ရဲ စွဲချက် ပုံစံ ၁ တွင် တရား
သက်သေ ဦးရေမှာ မြနှင်းဆီ အပါအဝင် ကိုးယောက်
ရှိကြောင်း သိခဲ့ရသည်။ သူ၏ အမှုသည်ကို ထောင်ဒ
တစ်သက်တစ်ကျွန်းထိ ကျအောင် ဝိုင်းဝန်း တွက်ဆို ပေးမည်
သူ များသလောက် ကယ်ဘင်နိုင်မည့် သက်သေ တစ်ယော
မျှ မမြင်သေးပေ။

မိဘမဲ့ မိန်းကလေး ဂေဟာ၏ ဂေဟာမှူး တစ်ဦးဦး ထံ
လိုအပ်သော အချက် အလက်များ မရလျှင် အေးမင်း





ကုန်သို့ လွှတ်၍ မြနှင်းဆီ ကျင်လည်ခဲ့ရာ အသိုက်အဝန်းဆီ
င်းစေရတော့မည်။ ဤ အမှုအတွက် သူတို့ဘက်မှ ငွေကုန်
ကြေးကျ ပိုမိုလာမည်။ ငွေကုန်သလောက် အကျိုး ဖြစ်ထွန်းမှု
ည် မရှိမည်ကိုတော့ သေချာပေါက် မပြောနိုင်ချေ။

ဦးဖေအောင်သည် ဘီ၊ ဘီ၊ မစ်ထရာ၏ ပြစ်မှု ဆိုင်ရာ
ကျင့်ထုံး ဥပဒေ အဖွင့်ကျမ်း [The Code of Criminal Procedure By B. B. Mitra] ကို ပြန်လည် ဖတ်ရှု
နေသော အခန်း အပြင်မှ ဖေဖေ....ဟု ခေါ်သံ ကြားလိုက်ရ၏။

"ဖေဖေ....သမီး လက်ဖက်ရည် လာပို့မလို့ ဝင်ခဲ့မယ်"

ဦးဖေအောင်က သမီး၏ စကားကို သဘောကျ ရယ်ချင်
ပြုံးလိုက်ရင်း 'အေး အေး ဝင်ခဲ့' ဟု ခေါ်လိုက်သည်။

မြနှင်းဆီ အမှုကို သူ လက်ခံလိုက်သည့် အချိန်မှ စ၍
ကလေးသည် စာကြည့်ခန်းထဲ ဝင်ခါနီးတိုင်း သူ့ ထံမှ ခွင့်
တောင်းလေ့ ရှိသည်။ စားပွဲပေါ်မှ ဖိုင်တွဲများ စာရွက်စာတမ်း
များကိုလည်း လုံးဝ ထိကိုင်ခြင်း မရှိတော့ပေ။ တစ်ခါ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



သမီးက သူ့ စာအုပ်စင်မှ ဥပဒေနှင့် ဆိုင်သော စာအုပ်များ
ဖတ်လိုလျှင်လည်း သူ့ထံ ခွင့်တောင်းလေ့ ရှိသည်။

လက်ဖက်ရည် ပန်းကန်ကို စားပွဲပေါ် ချလျက် ပြန်ထွ
မည့်ဟန် ပြင်သော သမီးကို သူ တားလိုက်၏။

"ထိုင်ပါဦး သမီးရဲ့"

ဖြူလေး ကုလားထိုင်မှာ ဝင်ထိုင်၍ ဖေဖေ့ကို ပြုံးပြလို
သည်။

"မောင်မြတ်စုနဲ့ တွေ့သေးလား"

"ဟင့်အင်း....မတွေ့ဘူး ဖေဖေ၊ သမီး ထောင်ကို လိုက်
မလိုက်တာ၊ ဘာဖြစ်လို့လဲ ဟင်"

"ခြော်....ဘာမှ မဖြစ်ပါဘူး၊ နေကောင်းရဲ့လား လို့"

ထို စကားသည် တရားလို အကျိုးဆောင် ရှေ့နေ၏ စကာ
မဟုတ်ဘဲ ဖြူလေး ဖေဖေ၏ စကားသာ ဖြစ်ကြောင်း ဖြူလေ
ရိပ်မိသည်။ ဖေဖေ့ကို ကျေးဇူးတင်စွာ မော့ကြည့် ပြုံးလို
သည်။





"နေကောင်းပါသတဲ့ ဖေဖေ၊ နည်းနည်း ပိုပိန်သွားသလိုပဲ
လို့ ကိုအေးမင်းက ပြောပါတယ်"

"ဟုတ်တယ်၊ မနက်က ရုံးမှာ ဖေဖေ ဖျတ်ခနဲ တွေ့လိုက်
တာတော့ ပိန်သွားတယ်၊ ဒါကြောင့် နေမှကောင်းရဲ့လားလို့"

"ကျန်းမာရေး အခြေအနေ ကောင်းပါတယ် တဲ့၊ ဒါနဲ့ ....
မြန်နှင်းဆီရော နေကောင်းရဲ့လား ဖေဖေ"

ဖြူလေး၏ မေးခွန်းတွင် ဆန့်ကျင်ဘက် အရိပ်အယောင်
ပါမှန်းလည်း ဦးဖေအောင် ရိပ်မိသွား၏။ သူ ပြုံးရယ်လျက်
ခေါင်းညိတ်လိုက်သည်။

"ကောင်းပါရဲ့ဗျာ၊ ငါ့သမီး ပို့သတဲ့ မေတ္တာကြောင့် အခု
ရန်ကုန်ဆေးရုံကနေ ပြန်လာပြီး ဘိတ် ဆေးရုံတောင် ရောက်
နေပါပြီ ဗျား"

ဖြူလေး မျက်စိပေါက် ပိတ်မတတ် ရယ်၍ "ဖေဖေက
တော့ ပြောတော့မယ်" ဟု မူနွဲ့စွာ နှုတ်ခမ်းစူလိုက်လေသည်။

"ဖြူလေးက တကယ် နေကောင်းစေချင်လို့ မေးတာပါ
ဖေဖေရဲ့၊ သူ သေလို့ မဖြစ်ဘူး၊ သူ့ကို ပြန်လှန် မေးခွန်းရှိမှ
ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေအောင် ခေါင်းတညိတ်ညိတ်ဖြင့် သမီးကို ချစ်ခင်စွာ ကြည့်နေလေသည်။

"ဖေဖေ နောက်နေ့ အမှုအတွက် စာကြည့်နေတာ ဆိုရင် ဖြူလေးကြောင့် အနှောင့်အယှက် ဖြစ်နေဦးမယ်"

ဖြူလေး အလိုက်သိစွာ ထမာန် ပြင်သည်။

"ခဏနေလို့ ရပါသေးတယ် သမီးရဲ့၊ သမီးကို ဖေဖေ မေးစရာ ရှိသေးလို့"

ထို့နောက် သမီး၏ မျက်နှာလေးကို ချစ်စနိုး ကြည့်လျက်....

"သမီး ဆက်သေအဖြစ် အစစ်ခံမလို့လား" ဟု မေးသည်။ ဖြူလေး ကြောင်အစွာ ဖေဖေ့ကို ငေးနေမိတော့ ဖေဖေက ကမန်းကတန်း လက်ကာပြကာ ပြုံးလေသည်။

"တရားလို ရှေ့နေအနေနဲ့ မေးတာ မဟုတ်ပါဘူး သမီးရဲ့၊ ဖြူဖြူအောင်ရဲ့ ဖခင်တစ်ယောက်အနေနဲ့ မေးတာပါ။ သမီး မဖြေချင်ရင် မဖြေဘဲ နေလို့ရတယ် နော်"

"အို: ...."

ဖြူလေး တစ်ချက်ရယ်လိုက်၏။





"ဖြေမှာပေါ့ ဖေဖေရဲ့၊ သမီး သက်သေအဖြစ် အစစ်မခံပါ ကိုမြတ်စုက ဖြူလေး သက်သေ မလိုက်ရဘူးလို့ ကိုခင်ဇော် ...ထားတယ် ဖေဖေ၊ ဖြူလေး သက်သေအဖြစ် အစစ်ခံမှ သူ ...မှုနိုင်မယ်ဆိုရင်တောင် သူ အရှုံးခံမယ်တဲ့၊ ဖြူလေး တရား ...မှာ အစစ်မခံရဘူးတဲ့ အဲလို ပြောသတဲ့ ဖေဖေ"

"ဆရာ ညွှေ့သည်ရောက်နေတယ်"

အခန်းအပြင်မှ အိမ်သန့်ရှင်းရေး အဒေါ်ကြီး အသံကြောင့် ...လေး စကားပြတ်သွား၏။ ဖေဖေက နာရီကို ငုံ့ကြ...တ်ပြီး ဖြူလေးကို ပြုံးပြသည်။

"ဖေဖေ ဦးအောင်ကျော်ဦးနဲ့ တွေ့ဖို့ ချိန်းထားတယ်၊ ...း"

...ဤ ဥပဒေ အရာရှိက ဖေဖေ အစိုးရ ရှေ့နေ လုပ်ခဲ့စဉ်က ...ဖေ တပည့်လို ဖြစ်ခဲ့ဖူးသည် တဲ့၊ ဦးအောင်ကျော်ဦးသည် ...အမှုတွင် တရားလိုဘက်က လိုက်မည့် အစိုးရ ရှေ့နေ ...သည်၊ ဖြူလေးနှင့် နှစ်ခါလောက် စကားပြောဖူးသည်။ ...င် နည်းနည်းမြင့်ဟန် ရှိသော်လည်း ဖေဖေ့ကိုတော့ အလွ...ားရိုကျိုးသည်။ သူက ကိုခင်ဇော်နှင့် ပြောင်းပြန် အမြဲ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေသော မျက်နှာ အသား ဖြူဖြူ သွယ်သွယ် နွဲ့နွဲ့နှင့် ဖူ
လတ် သွက်လက်သည်။

"သမီး အပြင်ထွက်ပြီး ညွှဲသည်ကို အထဲလွှတ်လိုက်ဖေ
နောက်ပြီး ညွှဲသည်ဖို့ လက်ဖက်ရည် ထပ်ဖျော်ခဲ့ပါဦး"

"ဟုတ်ကဲ့ ဖေဖေ"



အခန်း ၃။

မြို့နယ်စု စီရင်ပိုင်ခွင့်ရှိသော မြိတ်မြို့တွင် တရားရုံးနှစ်ခု ရှိသည့် အနက် အထက်ရုံးဟု ခေါ်သော [မြို့နယ် ငြိမ်ဝပ် ပြားမှု တည်ဆောက်ရေး အဖွဲ့ရုံးနှင့် တွဲလျက်] တရားရုံးသည် သေဒဏ် စီရင်ပိုင်ခွင့်ရှိသည့် ရုံးဖြစ်သည်။ အောက်ရုံးဟု ခေါ်ကြသော သိမ်တော်ကြီးဘုရားကုန်းမြေ၏ အောက်ကရုံးဟောင်း တစ်သက်တစ်ကျွန်းနှင့် ၎င်း၏ အောက်ဖြစ်သော ပြစ်ဒဏ်များ စီရင်ပိုင်ခွင့်ရှိသည့် ရုံးဖြစ်သည်။

အောက်ရုံး အဆောက်အအုံသည် မကျယ်ဝန်းလှသော ကြောင့် တရားခွင်တစ်ခုတွင် ပြည်သူလူထု ဝင်ရောက်ကြည့်ရှုနိုင်ရန် ခုံတန်းလျား တစ်ခုစီသာ ရှိလေသည်။ ထို ခုံတန်းများတွင် ဝင်ရောက်နားထောင် ကြည့်ရှုသော ပရိသတ်မှာ တန်းလျားအပြည့် ဖြစ်သည်။ ရုံးအပြင်မှာလည်း မတ်တတ်ရပ်သူများ ဆိုင်သူများဖြင့် စုဝေးစည်ကားလျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"တရားခံ မောင်မြတ်စု"

တရားခွင် စာရေးက အမှုတွဲနံပါတ်နှင့် နာမည်ကို အော်ဖ
ကြေညာလိုက်သောအခါ ဖြူလေး၏ မျက်နှာလေး ချက်ချင်း
ညှိုးနွမ်းသွား၏။ ကိုခင်ဇော်သည် ဖြူလေးကို လက်မ ထော
ပြုံးပြလိုက်၍ ရုံးခန်းကို အရှိအသေပေးကာ ဝင်သွားရလေ
သည်။

သူတို့ ရုံး၏ လက်ရှိ တရားသူကြီးမှာ အသက် ၄၀ ခန့်
ရုပ်ရည်သိက္ခာရှိသည့် အထူးရာဇဝတ် အာဏာရ မြို့နယ်တရား
သူကြီး ဦးထွန်းရှိန် ဖြစ်သည်။

ကိုခင်ဇော်သည် စားပွဲတစ်ဘက် တရားခံဘက်ခြမ်းတွင်
မတ်တတ်ရပ်ရင်း မြတ်စုရှိမည့် နေရာသို့ လှမ်းကြည့်မိသည်။
ကောင်လေးမှာ မျက်နှာအောက်ငုံ့ချ၍ နှုတ်ခမ်းတင်းတင်းစေ့
ထားသည်။ သူ ဖိုင်တွဲကို ဖွင့်ရင်း တရားလို အကျိုးဆောင်
ဥပဒေ အရာရှိ၏ ပြောကြားချက်ကို စောင့်နေ စဥ်မှာပင်
ဦးဖေအောင်က တရားသူကြီးရှိရာသို့ တစ်လှမ်းတိုးသွားသည်။

"တရားသူကြီးမင်း ခင်ဗျား .... ဒီနေ့ တရားလိုကို စတင်
စစ်ဆေးရန်ဖြစ်သော်လည်း ၎င်းရဲ့ ကျန်းမာရေး အခြေအနေ
ကြောင့် ရုံးသို့ အစစ်ခံရန်လာရောက်ခြင်း မပြုနိုင်သေးပါဘူး။





းရဲ့ တက် ရောက် ကုသနေဆဲ ဖြစ်ကြောင်း ဆေးစာများကို
တင်ပြပါတယ်။ ဒါကြောင့် ကျန်တဲ့ တရားလိုပြ သက်သေ
ကို စတင် စစ်ဆေးခွင့်ပြုပါရန် လျှောက်ထားအပ်ပါတယ်
ဗျား"

ရဲ့ အရေးပိုင်သည့် အမှုတွင် ကာယကံရှင် တရားလိုက
ပြင် ရှေ့နေကို ငှားသော်လည်း ထို ရှေ့နေသည် ဖြစ်မှု
ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၉၃ အရ ဥပဒေအရာရှိ၏
ကဲမှုအောက်တွင် အမှုလိုက်ရမြဲ ဖြစ်၏။ ယခု အမှုတွင်
ာ ဦးဆောင်စစ်ဆေး လျှောက်လဲခွင့်ကို ဥပဒေအရာရှိထံမှ
ဖအောင် - လွှဲပြောင်း တောင်းယူထားဟန် တူပါသည်။
လေး ဦးဘအုန်းနှင့် လောင်းလျှင် သူရှုံးပြီပေါ့။ ဘာပဲ ဖြစ်
ယခုလက်ရှိ အခြေအနေကို သူ သဘောကျပါသည်။
ရားလို၏ ကျန်းမာရေး အခြေအနေ ကောင်းမွန်လာအောင်
င့်ဆိုင်းရင်း တစ်ပြိုင်တည်းမှာ တရားလိုပြ သက်သေများ
အလျှင် စစ်ဆေးလိုက်လျှင် မြတ်စုအဖို့ ထောင်တွင်းနေ
သည့် အချုပ်ရက်များ လိုအပ်သည်ထက် ပို၍ မကြာနိုင်
ပေ။

"ဦးကြင်စိန်"

တရားခွင် စာရေး၏ အော်ခေါ်သံ အဆုံးတွင် ရုံးခန်းထဲသို့
င်လာသူမှာ အရပ်ရှည်ရှည် အသားဖြူဖြူ တရုတ်ကပြားလို



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတစ်ယောက် ဖြစ်သည်။ ထိုလူကို သူ ကောင်းကောင်း မသိပါ။ ကျမ်းသစ္စာ ကျိန်ဆိုနေစဉ် ထိုလူသည် ယခင်က မကြာ ခဏ သက်သေလိုက်ဖူးသူလိုပင် အမူအရာ တည်ငြိမ်လှသည်။ တရားသူကြီး တရားရုံးနှင့် ရှေ့နေတို့၏ အရှိန်အဝါကို ကြောက်ရွံ့ဟန် မတူပါ။

ဥပဒေအရာရှိက ထိုင်ရာမှ မထဘဲ ဦးဖေအောင်ကသာ မတ်တတ်ရပ်လျက် သက်သေကို ပဏာမ မေးခွန်းများ မေး၏

"ခင်ဗျား နာမည်"

"ဦးကြင်စိန် ပါ"

"အသက်"

"၄၅ နှစ် ပါ"

မှတ်ပုံတင်နံပါတ်မှာ ထားဝယ် မှတ်ပုံတင်နံပါတ် ဖြစ် သည်။ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာမှာ မြန်မာ၊ ဗုဒ္ဓဘာသာ ဖြစ်သည်။

"နေရပ်"





"ကျွန်တော် ကန်ကြီးကွက်သစ်မှာ နေပါတယ်"

"အလုပ်အကိုင်"

"ငါးပိ ကုန်သည်ပါ"

"ခင်ဗျားရဲ့ အဘနာမည် ပြောပါ"

"ဦးဟုတ်ကြင်ပါ"

သက်သေသည် ထိုင်ခုံတွင် နေသားကျစွာ ထိုင်လျက်ရှိလေ သည်။

"ခင်ဗျား တရားလို တရားခံတို့ကို သိပါသလား"

"ကျွန်တော် သိပါတယ်"

"အခင်းဖြစ်တဲ့ ညက ခင်ဗျား ဘယ်ကနေ ဘယ်ကိုသွား သလဲ ဆိုတာ ပြောပြပါ"

"အဲဒီ ညက ကျွန်တော် ဆိပ်ငယ်တံတားကနေ အလုပ် ပြီးလို့ ကျွန်တော့် အိမ်ကို ခြေကျင် ပြန်လာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန်လောက်လဲ"

"ည ရှစ်နာရီလောက်ပါ"

"ဘယ်လမ်းက ပြန်လာသလဲ"

"ကမ်းနားလမ်း တစ်လျှောက် ပြန်လာတာပါ"

"ခင်ဗျား ဘယ်ဘက် ပလက်ဖောင်းကနေ လျှောက်လာခဲ့သလဲ"

"ကမ်းစပ်ဘက် ပလက်ဖောင်းဘက်က လျှောက်လာပါတယ်"

"အဲလို ပြန်လာတော့ ဘာဖြစ်သလဲ"

"အခင်းဖြစ်ပွားတဲ့ အိမ်နဲ့ ဟည့်တည့်လောက် ရောက်တော့ အသံတစ်သံ ကြားရပါတယ်"

သက်သေသည် အစစ်ခံရာတွင် ကျွမ်းကျင်သူ တစ်ဦးဖြစ်၏။

"ဘယ်လို အသံမျိုးလဲ"





"အရာဝတ္ထု တစ်ခုခု မြေပြင်နဲ့ ပြင်းပြင်းထန်ထန် ထိမိတဲ့ အသံမျိုးပါ"

ဖြေပုံက စနစ်ကျလွန်းသဖြင့် ထိုစကား အသုံးအနှုန်းများကို တစ်ဘက် ရှေ့နေက သင်ထားသလား ဟု အောက်မေ့ရသည်။

"အဲဒီတော့ ခင်ဗျား ဘာလုပ်သလဲ"

"အဲဒီ အသံ ကြားတော့ အံ့သြပြီး အသံ လာတဲ့ဘက်ကို လှမ်းကြည့်လိုက်ပါတယ်၊ အဲဒီတော့ အိမ်ရှေ့ မြက်ခင်းပေါ်မှာ လဲနေတဲ့ အမျိုးသမီးကို တွေ့ပါတယ်"

"အမျိုးသမီး ဝတ်စုံ အရောင်ကို သတိထားမိသလား"

"အရောင်ကတော့ ခပ်ဖြူဖြူပါပဲ"

"ခင်ဗျား ဘာဆက်လုပ်သလဲ"

"ကျွန်တော် လမ်းတစ်ဘက်ကို ပြေးသွားပါတယ်၊ သူ့ဗိုက်ပေါ်က လိမ့်ကျတာ ဖြစ်မလားလို့ တွေးမိတာနဲ့ အပေါ်ထပ်ကို အမှတ်တမဲ့ ကြည့်မိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တမဲ့ဟူသော စကား အသုံးအနှုန်းသည် သက်သေ၏ စကား ဖြစ်လျှင်တော့ ထို သက်သေ ကျွမ်းကျင်ပေသည်။

"ကြည့်တော့ ဘာတွေ့သလဲ"

"ဝရန်တာကနေ လူတစ်ယောက် အောက် ငုံ့ကြည့်နေတာ တွေ့ပါတယ်၊ အင်္ကျီ စိမ်းပြာရောင်နဲ့ပါ"

"အဲဒီ လူဟာ ဘယ်သူလဲလို့ ခင်ဗျား သိသလား"

ဦးကြင်စိန်က တရားခံ ထိုင်ခုံပေါ်တွင် ထိုင်နေသည့် မြတ်စု ကို လှမ်းကြည့်လိုက်သည်။

"အဲဒီတုန်းကတော့ သေသေချာချာ မမြင်ရပါဘူး၊ ဝရန် တာက မီးထွန်းမထားတော့ နည်းနည်း မှောင်နေပါတယ်၊ တိုက်ကလဲ မြင့်ပါတယ်၊ သူ အောက်ကိုဆင်းလာပြီး အမျိုး သမီး အနား ရောက်လာတဲ့ အခါမှာတော့ သူ့ကို သဲသဲကွဲကွဲ မြင်ရပါတယ်"

"သူဟာ ဘယ်သူလဲ၊ ဒီ ရုံးထဲမှာ ရှိနေသလား"

"ဟုတ်ကဲ့၊ ဟောဟိုက ကောင်လေးပါ"





မြတ်စုကို လက်ညှိုးညွှန်၍ ဖြေသည်။

"သူ့ကို မြင်ဖူးပါတယ်၊ လေး ကျွန်း ဆီမီး ဘုရားပေါ် သွားတဲ့ အခါ ခုတ်ပုံဆိုင်မှာ သုံးလေးခါ မြင်ဖူးပါတယ်"

"အဲဒီ အမျိုးသမီးဆီ ဘယ်သူက အလျင် ရောက်သလဲ"

"ကျွန်တော် အလျင် ရောက်ပါတယ်"

"ဘာဆက်လုပ်သလဲ"

"ကျွန်တော် ဒူးထောက်ထိုင်လိုက်ပါတယ်၊ ငုံ့ကြည့်လိုက် တဲ့ အခါ အမျိုးသမီးရဲ့ မျက်နှာ တစ်ခြမ်းမှာ သွေးတွေ ရဲနေ တယ်၊ ဘယ်ဘက် လက် တစ်ခုလုံးက သူ့ကိုယ်ရဲ့ အောက်မှာ ဆောက်နေတယ်၊ ကျွန်တော်က အမျိုးသမီး သေပြီထင်လို့ မထိရဲ ပါဘူး၊ အဲဒီ အချိန်မှာ တိုက်တံခါး ပွင့်လာပြီး ကောင်လေး ပြေးထွက်လာပါတယ်၊ သူက ကျွန်တော့်လိုပဲ ဒူးထောက်ထိုင် ပြီး ပျာပျာသလဲ ပွေ့ယူလိုက်ပါတယ်"

ပျာပျာသလဲ ဟူသော ကြိယာဝိသေသနကို သက်သေက ထည့်ပြောသွားသဖြင့် ကိုခင်ဇော် ထို သက်သေကို ကျေးဇူး တင်ရပါသည်။ တရားသူကြီးက တရားခွင် စာရေးအား ထွက်



www.burmeseclassic.com

www.burmeseclassic.com



ချက်ကြောင်း ပေးရာတွင်လည်း ယင်း အသုံးအနှုန်းကို ထည်
ပြောသွားပါသည်။

"ကျွန်တော်က ဟော့.... မထိနဲ့လေ လို့ တားလိုက်ပါသေး
တယ်၊ ဒါပေမယ့် သူ ပွေ့လိုက်တယ်"

"ခင်ဗျားတို့ စကားပြောဖြစ်ကြသေးလား"

"ဘာဖြစ်တာလဲ လို့ ကောင်လေးကို ကျွန်တော် မေးပါ
တယ်၊ သူက ပြန်မဖြေဘဲ အမျိုးသမီး နာမည် ခေါ်ပါတယ်"

"အမျိုးသမီးက ပြန်ထူးသလား"

"ဘယ်ထူးနိုင်မလဲ ခင်ဗျာ၊ သွေးသံရဲရဲ နဲ့ သ တိ လစ် နေ
တာပဲ"

"နောက် ဘာဖြစ်သေးလဲ"

"သူ သေသွားပြီလား မသိဘူးလို့ ကောင်လေးက ပြော
တာနဲ့ ကျွန်တော် လက်ကောက်ဝတ်ကို သွေးတိုးစမ်းကြည့်ပါ
တယ်၊ သွေးခုန်နေတာ တွေ့တာနဲ့ ကျွန်တော် ဝမ်းသာပြီး ငါတို့
ဆေးရုံပို့ရအောင်လို့ ပြောလိုက်ပါတယ်"





"အဲဒီ အချိန် အနားမှာ ဘယ်သူတွေ ရှိသလဲ"

"အဲဒီအချိန်ကျတော့ လူ လေးငါးယောက်လောက် အနား
ဝိုင်းလာပါပြီ၊ အဲဒီ နောက် တိုက်ထဲကနေ အဒေါ်ကြီး
တစ်ယောက် ထွက်လာပါတယ်၊ တိုက်ပိုင်ရှင် အဒေါ်ကြီး
ခေါ်သုန်ပါ၊ ဒေါ်သုန်က ကောင်လေးကို ဘာဖြစ်ကြသလဲလို့
မေးတော့ ကောင်လေးက ဝရန်တာကနေ ကျသွားတယ်လို့
ပြောပါတယ်"

"နောက် ခင်ဗျားတို့ ဘာဆက်လုပ်ကြသလဲ"

"ကျွန်တော်တို့ နီးရာ ကားတစ်စီးကို အကူအညီ တောင်း
ပြီး အမျိုးသမီးကို နှစ်ယောက် ပွေ့ပါတယ်၊ အဲဒီ အချိန်မှာ
ကင်း ပတ္တရောင် လှည့်လာတဲ့ ရဲသား တစ်ယောက် ရောက်လာ
ပြီး သူပါ ဆေးရုံကို လိုက်ပါတယ်"

ဤ သက်သေသည် အခင်း ဖြစ်ပွားချိန်တွင် မျက်မြင်
သက်သေ မဟုတ်ကြောင်း ယခု ထွက်ဆိုချက်များဖြင့် သိသာ
နေ၏။ အခင်း ဖြစ်ပွားပြီးမှ ထိုနေရာသို့ သူ ရောက်သွားခြင်း
ဖြစ်သည် ဟု ယူဆရန် ဖြစ်သည်။ မိနစ် နည်းနည်းကလေးသာ
သောလျှင် ဤ သက်သေသည် မျက်မြင်သက်သေ ဖြစ်နိုင်လိမ့်မလား။
သုံးထပ် ဝရန်တာ အမှောင်ဆီသို့ ဘယ်လိုမှ သူ မမြင်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံ သက်သေ အဖြစ် ပြောင်းလျှင်တော့ လွယ်လွယ် ကလေးသာ ဖြစ်သည်။ မှန်ကန်မှုကို လိုလားသော တရားလို အကျိုးဆောင်များကို သူ ကျေးဇူးတင်ရတော့မည် ထင်သည်။

တရားခံ အပြစ်ရအောင် ထွက်ဆိုခြင်း မရှိသော ကျွ သက်သေကို ပြန်လှန်မေးခြင်းဖြင့် စိတ် အနှောင့်အယှက် မဖြစ် စေချင်ပါ။ သို့သော် ပို၍ ထင်ရှားရန် မေးခွန်းများ မေးရဦးမည် ဖြစ်သည်။

သူ မတ်တတ်ရပ်လိုက်၏။

"ဦးကြင်စိန် ခင်ဗျား၊ အမျိုးသမီး တိုက်ပေါ်ကနေ ဘယ် အနေအထားနဲ့ ကျနေပါသလဲ"

"ကျွန်တော် သူ ကျနေတာကို မမြင်ရပါဘူး ခင်ဗျာ၊ အသံ ကြားလို့ လှမ်းကြည့်လိုက်တော့ မြေပေါ် ရောက်နေပါပြီ"

သူ ခေါင်းညိတ်လိုက်သည်။

"တိုက်ပေါ်က ကျသံ မကြားခင် တစ်ယောက်ယောက် အော်သံများ ကြားမိပါသလား"





ဆို မေးခွန်းကို သူ စွန့်စား၍ မေးလိုက်ခြင်း ဖြစ်ပါသည်။ ...ဝတ်အိုးကို တုတ်နှင့် ထိုးမိခြင်းလည်း ဖြစ်နိုင်ပါသည်။

"ကျွန်တော် အော်သံတွေ ဘာတွေတော့ မကြားမိပါဘူး"

တော်ပါသေးရဲ့။

"စကားပြောနေသံရော"

"မကြားမိပါဘူး"

"ခင်ဗျား ဒီလမ်းကနေ နေ့တိုင်း လျှောက်ဖြစ်သလား"

"နေ့တိုင်းတော့ မဟုတ်ပါဘူး၊ နှစ်ရက် တစ်ခါ သုံးရက် တစ်ခါတော့ လျှောက်ဖြစ်ပါတယ်"

"ဒါဖြင့် ခင်ဗျား လျှောက်တဲ့ အချိန်မှာ တရားခံဟာ အဲဒီ ...မ်ကို အဝင်အထွက်ရှိတာ မြင်တွေ့ဖူးပါသလား"

"တစ်ခါ နှစ်ခါတော့ တွေ့မိပါတယ်"

"တရားလိုနဲ့ တရားခံဟာ သမီးရည်းစား ဆိုတာ ခင်ဗျား ...ပါသလား"

"ကျွန်တော် သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးကြင်စိန် ခင်ဗျား၊ စောစောက ထွက်ဆိုသွားတဲ့ အထဲမှာ...."

သူ လိုက်မှတ်ထားသော စာရွက်ကို ငုံ့ကြည့်လိုက်သည်။

"ဘာဖြစ်တာလဲလို့ တရားခံကို ခင်ဗျား မေးတော့ မေးတာ မဖြေဘဲနဲ့ တရားခံက အမျိုးသမီးကို ခေါ်လိုက်တယ် လို့ ထွက်ဆိုသွားပါတယ်၊ မှတ်မိတယ် နော်"

"မှတ်မိပါတယ်"

မြတ်စုက အလန့်တကြား မြ ဟု အော်လိုက်သံသည် မြန္မင်းဆီ အောက်ကျသွားသံနှင့် ရောထွေးသွားဟန် တူပါသည်။ ကျကျချင်း မြ ဟု စိုးရိမ်တကြီး အော်မိလျှင် ပွေ့စဉ်မှာလည်း မြ ဟု သာ ခေါ်ဖြစ်ပါလိမ့်မည်။ မြတ်စုသည် သူ့ကို လိမ်ညာရန် အကြောင်း မရှိပါ။

"အမျိုးသမီးရဲ့ နာမည်ကို ခေါ်တာလား။ ဘယ်လို ခေါ်လိုက်ပါသလဲ"

"မြရေ.... လို့ ခေါ်ပါတယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"





သူ ဘာလိုချင်မှန်း ရိပ်မိပုံရသည့် ဦးဖေအောင်က မသိ မဲ့ပြုံး ပြုံးလိုက်လေသည်။

ုံးခန်း အပြင်သို့ ထွက်တော့ ဖြူလေးနှင့် အေးမင်း ရပ်စောင့်သည်။

"အဆင်ပြေရဲ့လား ဆရာ"

"အင်း .... ပြေပါတယ်"

ထိုအချိန်မှာပင် ရဲသားနှစ်ယောက်ကြားမှ မြတ်စု လိုက်ပါ တရားရုံး အချုပ်ခန်းဘက်သွားရန် ထွက်လာကြသည်။ စုကို မြင်လိုက်တော့ ပြုံးလက်စ ဖြူလေးမျက်နှာမှာ ချက် နှမ်းဖျော့သွား၏။ သူတို့အနီးမှ ဖြတ်လျှောက်သွားချိန်တွင် သူ၏ မျက်နှာမှာ နီမြန်းကာ မျက်လွှာချရုံမျှမက ခေါင်းငုံ့ လျှက်ရှိသည်။

မြတ်စု မျက်နှာမှာ အရှက်ကြီး ရှက်လျက် စိတ်ပျက် အား နေဟန် ရှိသည်။

"ဒီထောင်ထဲမှာနေရတာ အားလုံးဆုံးရှုံးရတာပဲ အစ်ကို ကျွန်တော်ဖြင့် ကိုယ့်ကိုယ်ကို လူတစ်ယောက် ဖြစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတောင် မေ့နေတယ်၊ ကိုယ်လုပ်တဲ့ ပြစ်မှုကြောင့် ကိုယ် ရတာဆိုရင် ထားပါတော့ အခုတော့ ....”

နာကြည်းသော မျက်နှာဖြင့် သူ့ကို ပြောပြခဲ့သော စကား ကို သူ မဖြေပါ။

“ကျွန်တော် ရှက်တယ် အစ်ကိုရာ ရုံးထုတ်ရင် ဘယ်လို မျက်နှာနဲ့ ဖြူလေး ဖေဖေကိုကြည့်ရမလဲ ဟင်၊ အဲဒီ မိန်းမက တော်တော်အကွက်စေ့တာပဲ ဗျာ။ ဦးဖေအောင်ကို တော်လွန်း လို့ ရွေးလိုက်တာလို့ မထင်နဲ့ အစ်ကိုရ၊ တကယ်လို့ ဦးဖေ အောင်ဟာ အမှုစစ် သိပ်ညံ့တယ်ဆိုရင်တောင် သူ ဦးဖေအောင် ကိုပဲ ရွေးမှာ၊ အဲဒီ မိန်းမက သိပ်ကောက်ကျစ်တာ၊ သူ ဆေးရုံ မှာ သတိလစ်နေတုန်းကဖြင့် ကျွန်တော် သူ့အတွက် စိတ်ပူ လိုက်ရတာ၊ ကျွန်တော့် ပယောဂ မကင်းဘူး ဆိုတော့ ကျွန် တော် တကယ်သနားခဲ့တာပါ အစ်ကိုရာ၊ သူ ရနေကောင်းရင် သူ့ကို လက်ထပ်လိုက်ဖို့တောင် စဉ်းစားထားတာပါ”

ယူကျုံးမရစွာ ရင်ဖွင့်တော့ မြတ်စုကို ခပ်ငေးငေးကြည့်၍ ခေါင်းယမ်းနေခဲ့မိ၏။

“အခုကော”





ခိုင်ဇော့် အမေးကို မြတ်စုက နာကျည်းစွာ ပြုံးလျက် ခေါင်းယမ်း၏။

“အခုတော့ သူ့ကို တွေ့လိုက်ရင် လည်ပင်းညှစ် မသတ်မိ အောင် တော်တော် ထိန်းယူရမှာ အစ်ကိုရ”

“နေဦးကွ၊ သူက ခေါင်းထိသွားတာဆိုတော့ အာရုံကြော ပတ်သက်တာ တစ်ခုခု ထိသွားတာရော မဖြစ်နိုင်ဘူးလား၊ စိတ်ထဲက တကယ်ကို မင်းတွန်းချတယ်လို့ ထင်နေတာ ရင်ကော၊ တချို့ ရောဂါတွေရှိတယ်လေ လွဲမှားစွာ မှတ်မိ တင်းဆိုတဲ့ စိတ်ရောဂါမျိုး”

ထိုအခါ မြတ်စုက နာနာ ကြည်းကြည်း ရယ်မောပြီး နောက် မဲ့ပြုံးဖြင့် ငြိမ်သက်နေခဲ့သည်။

သူသည် ငေးသွားသော မြတ်စုကို မသက်မသာ လှမ်း ကြည့်ပြီးတော့ ဖြူလေးဘက် လှည့်ကြည့်လိုက်သည်။ ဖြူလေးက မျက်တောင် တဖျတ်ဖျတ် ခတ်လျက် သူ့ကို ပြုံးပြသည်။

“ဆရာ ဆာပြီ မဟုတ်လား၊ သွားကြစို့ ဆရာ”



www.burmeseclassic.com

www.burmeseclassic.com



ဖောရိန်းရှပ်အင်္ကျီအပွ အရှည်ကြီးအောက်မှ ဖြူလေး၏ သေးသွယ်သော ကိုယ်ခန္ဓာ မါးပါး လှပ်လှပ်ကလေးမှာ ချစ်စရာ ကရုဏာသက်စရာလေး ဖြစ်နေသည်။

"ကျွန်တော် မနေ့က ဆေးရုံရောက်သေးတယ် ဗျ"

လမ်းဘက် နီးသော တိုင်ခုံ တစ်ခု ရွေးထိုင်ရင်း သူ့ကို အေးမင်းက ပြုံးစေ့စေ့ ပြော၏။

"ဟုတ်လား၊ ဘယ်သူ့ဆီလဲ"

"သွားတုန်းကတော့ သက်နိုင်ဆီသွားတာပါ။ ဒါပေမယ့် သက်နိုင်ကို လိုက်ရှာရင်းနဲ့ အပေါ်ထပ်ရောက်တာနဲ့ မမြ နှင်းဆီကို လှမ်းမေး ဝင်မေးခဲ့တယ်"

"ဟာ .... တယ်သွက်ပါလား၊ ပြောစမ်းပါဦး မင်းကို သူ ကောင်းကောင်း စကားပြောရဲ့လား"

"ကောင်းကောင်း မွန်မွန်ပါပဲ၊ မြတ်စု အကြောင်းတော့ တစ်ခွန်းမှ မပြောဘူး ဗျ၊ ခုတ်ပုံလုပ်ငန်း အဆင်ပြေရဲ့လား သားလေးနဲ့ နီလာရော နေကောင်းရဲ့လား.... ဘာညာပေါ့ ကိုခင်ဇော်ရာ"

"အမှုနဲ့ ပတ်သက်တာများ ပြောခဲ့သေးလား"





"ဟာ .... အေးမင်းပဲ ဒီလောက်မအပါဘူး ဗျာ၊ ဘာမှ မပြောဘူးပေါ့။ သူ့ အပေါ် ဘယ်တုန်းကမှ စိတ်မကွက်ခဲ့ဘူး ဆိုတဲ့ လိုတာရှိရင်ပြောပါ၊ ဘာညာပေါ့၊ အံ့မယ် ထူးဆန်း တာတစ်ခု ပြောဖို့မေ့နေတာ မမြနှင်းဆီက ဘယ်လက်မှာ ကျောက်ပတ်တီးစည်းပြီး လက်သိုင်းထားပေမယ့် ညာလက်နဲ့ စာအုပ်ကိုင်ပြီး စာဖတ်နေပုံရတယ် ဗျ၊ သူ့ ခုတင်ပေါ်မှာ စာအုပ်တွေ တွေ့ခဲ့တယ်"

ဖြူလေးက ဟင်းပန်းကန်ကို ကိုခင်ဇော်ရှေ့ ချပေးရင်း အေးမင်းကို မျက်စောင်းဖြင့်ကြည့်၏။

"ကိုအေးမင်းကလဲ ဆေးရုံပေါ်က လူနာ စာအုပ်ဖတ်တာ ဆန်းသလား"

"ဩော် .... ဖြူလေး ကလဲ သူဖတ်နေတဲ့ စာအုပ်ကတော့ ဆန်းတယ်ကွ၊ အပေါ်ဆုံး စာအုပ်ကတော့ သက်သေခံဥပဒေ၏ အကောင်းစံရာများတဲ့၊ ကဲ ...."

"ဩော် ... ဦးသက်ဖေရဲ့ စာအုပ်လား"

"အဲဒါတော့ ငါမသိဘူး"

သူနှင့် ဖြူလေး တစ်ယောက်ကို တစ်ယောက် အဓိပ္ပာယ် ပါပါ စိုက်ကြည့်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခင်တစ်ပတ်က မြတ်စုဆီ ရောက်စဉ် သူ ပြောပြခဲ့သော
"မြန္မာင်းဆီက သူ့ ဦးနှောက်တွေ အာရုံကြောတွေ ထိ
အဖြစ်အပျက်ကို လွဲမှား မှတ်မိနေတာများလား" ဟူသော
စကားကို စိတ်ထဲမှ ပြန်ရုပ်သိမ်းလိုက်မိတော့သည်။



အခန်း ၄။

"မသက်သက်"

ခန်းအတွင်းသို့ ဝင်လာသူ မိန်းကလေးမှာ ခပ်ဝဝတုတ်
အသားညိုညို ဆံပင်ကုပ်ဝဲကလေးနှင့် အသက် ၁၇ နှစ်၊
နှစ်လောက်ဟု ခန့်မှန်းရသည်။ ထိုသက်သေသည် တစ်ခါ
သို့ မရောက်ဘူးကြောင်း သူ အကဲခတ်မိ၏။ ကောင်
မှာ ကြီးကြည့်ကြောင်ကြည့်ဖြင့် မနေတတ် မရပ်တတ်
သည်။

"ကလေးမ ... လာ၊ ရုံးတော်ရှေ့မှာ ကျမ်းကျိန်ရအောင်"

ဟု အနည်းငယ် တုန်နေသော်လည်း ကောင်မလေးသည်
ပေးသမျှ တိကျစွာ လိုက်ဆို သွား၏။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



သက်သေထိုင်ခုံတွင် ရုံးတော်နှင့် မျက်နှာချင်းဆိုင် ဝင်ထိုင် ဦးဖေအောင်က ညွှန်ကြားသည်။

ကိုယ်ရေးရာဇဝင် ပဏာမ ထွက်ချက်များကို လိုက်ရေး သည် အထိ စောင့်နေပြီးမှ ဦးဖေအောင်က သက်သေကို မြ သည်။

"ကဲ .... စိတ် အေးအေးထားပြီး ဖြေနော်၊ အခင်း ဖြ နေ့ အဲ .... အခင်းဖြစ်တဲ့နေ့ ဆိုတာက မမြနှင်းဆီ လိမ့်က နေ့နော် ဟုတ်ပြီလား၊ အဲဒီနေ့က အကြောင်းကို ပြောရအော

"ဖြစ်တုန်းက ကျွန်မ မရှိပါဘူး၊ အာလူးကြော်နဲ့ ...."

"နေဦး၊ မင်း အဲဒီအိမ်မှာ ရှိနေတုန်း ဘာဖြစ်သလဲ ဆို သာ ပြောပါ"

"အဲဒီ ညက အဲ .... ကျွန်မ ပန်းကန်တွေ ဆေးပြီး အ ထဲ ပြန်ဝင်လာတော့ ကိုမြတ်စု ရောက်လာပါတယ်"

"အဲဒါ ဘယ်အချိန်လောက်လဲ"

"ည ရှစ်နာရီ ထိုးပြီး စပါ"





"ဟုတ်ပြီ .... ဆက်ပြောပါ၊ ရောက်လာပြီး သူ ဘာပြော"

"သူက ဘာမှ မပြောဘဲ ကုလားထိုင်မှာ ဝင်ထိုင်ပါတယ်၊ ခဏ လာနေကျပါ၊ ဒါနဲ့ ကျွန်မ မမြ အခန်းထဲကို သူရောက်နေတဲ့ အကြောင်းပြောတော့ မမြက ဟဲ .... ရှိလား လို့ မေးပါတယ်"

"ခါတိုင်းရော သူ ရောက်ကြောင်း ပြောရင် .... အဲလို မေး"

"မမေးပါဘူး၊ အဲဒီနေ့ကမှ မေးတာ၊ မနေ့ညနေက သူတို့ သွားတော့ ဒီနေ့ လာမှာ မဟုတ်ဘူးလို့ မမြက ထင် ယ်နဲ့ တူပါတယ်"

မကန့်ကွက်ရသေးမီ ဦးဖေအောင်က ခေါင်းယမ်းရင်း

"သက်သက် ... မမြရဲ့ ထင်မြင်တာတွေ၊ မင်းထင်တာတွေ ပြောနဲ့၊ ဦးလေး မေးတာပဲ ဖြေနော်၊ မမြကို ပြောပြီး ဘာဖြစ်ကြသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမမြ အခန်းထဲက ထွက်လာပြီး ကိုမြတ်စုနဲ့ စကားပြော
နေပါတယ်"

"သူတို့ပြောတဲ့ စကားတွေကို ကြားသလား"

"သိပ် အသံမကျယ်လို့ မကြားပါဘူး၊ ကျွန်မက အဲဒီအချိန်
မှာ မီးဖိုထဲမှာ ရေနွေး သွားထည့်နေတာကိုး"

"ဟုတ်ပြီ၊ မီးဖိုထဲကနေ ပြန်လာတော့ မင်း ဘယ်မှာ ဘာ
တွေ လုပ်သေးသလဲ"

"မမမြရဲ့ အဝတ်အစားတွေ မီးပူတိုက်ဖို့ ပြင်ပါတယ်"

"အဲဒီ အချိန်မှာ သူတို့ ဘာလုပ်နေသလဲ"

"တစ်ယောက် တစ်နေရာစီ ထိုင်ပြီး အကြာကြီး ငြိမ်နေကြ
တယ်၊ စကားလဲ မပြောကြဘူး၊ နောက်တော့ ကိုမြတ်စုက
ဝရန်တာဘက်ကို ထွက်သွားတယ်"

"ကိုမြတ်စုက အရင် စပြီး ဝရန်တာဘက် ထွက်သွားတာ
သေချာရဲ့လား"





"သေချာပါတယ်"

ကိုခင်ဇော်မြတ်စုကို လှမ်းကြည့်လိုက်၏။ မြတ်စုက ခေါင်း
ငုံ့ မျက်လွှာချလျက် ရှိသည်။

"ပြီးတော့ ဘာဖြစ်လဲ"

"ပြီးတော့ မမမြက လိုက်သွားပါတယ်"

"ကိုမြတ်စုက လာဖို့ ခေါ်သလား"

"မခေါ်ပါဘူး၊ သူ့ဟာသူ လိုက်သွားတာပါ"

ယခုအချိန်အထိတော့ တရားလိုအကျိုးဆောင်နှင့် တရားလို
သက်သေ တိုင်ပင်ထားဟန် မရှိပါ။

"သူတို့ကို သက်သက် မြင်နေရသလား"

"မြင်နေရပါတယ်"

"သူတို့ မတ်တတ်ရပ်နေသလား၊ ထိုင်နေသလား"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ မတ်တတ်ရပ်ပြီး ပင်လယ်ဘက်ကို ကြည့်နေကြပ[illegible] တယ်"

"သူတို့နှစ်ယောက် နီးသလား၊ ဝေးသလား"

"ကပ်ကပ်ကလေးပါ၊ မမမြကကိုမြတ်စုကို မှီတောင် မှီ[illegible] လိုက်ပါသေးတယ်"

"ပြီးတော့ ဘာဖြစ်သလဲ"

ကောင်မလေးက ပြန်စဉ်းစားသလို ခဏငြိမ်နေပြီးမှ ဆက်[illegible] ဖြေသည်။

"ပြီးတော့ မမမြက ကိုမြတ်စု အနားကနေ ထွက်သွားပြီး ဝရန်တာကို လက်ထောက် ရပ်လိုက်ပါတယ်"

"ကိုမြတ်စုက လိုက်သွားသလား"

"ချက်ချင်း လိုက်မသွားပါဘူး၊ သူက အိမ်ထဲ ပြန်ဝင်လာ[illegible] ပြီး ကျွန်မကို အာလူးကြော်နဲ့ လိုင်ချီးစ်ဘူး သွားဝယ်ပေးပါလို့[illegible] ပြောပြီး ကိုးဆယ်တန်တစ်ရွက် ထုတ်ပေးပါတယ်"





"[illegible]သြော် .... အဲဒါကို မြတ်စုက သွားဝယ် ခိုင်းတာလား၊ [illegible]ရင်တုန်းက ခဏ ခဏ လာတုန်းက အဲလိုပဲ မြတ်စုက မုန့် [illegible]ယ်ခိုင်းတတ်သလား"

"တစ်ခါမှ မခိုင်းဖူးပါဘူး"

ဦးဖေအောင်က တရားသူကြီးထံ လှမ်းကြည့် လိုက်ပြီးမှ [illegible]ဘက်သက်ကို ပြန်ငုံ့ကြည့်၏။

"ကောင်းပြီ၊ အရင်တုန်းက မဝယ်ခိုင်းဘဲ အခု ဝယ်ခိုင်း [illegible]တယ်၊ မင်း ချက်ချင်းသွားဝယ်သလား"

"မဝယ်သေးပါဘူး၊ ကိုမြတ်စုက ကုလားထိုင်တွေ ဝရန် [illegible]တာဘက် ဆွဲရွှေ့နေတာ မြင်တာနဲ့ ကျွန်မ သယ်ကူ ပေးရင်း မမမြကို ကိုမြတ်စု ခိုင်းတဲ့အကြောင်း သွားပြောပါသေးတယ်"

"အဲဒီတော့ ...."

"အဲဒီတော့ မမမြက အေး .... အေး .... လို့ ပြောပါတယ်၊ [illegible]ဆိုင်ကယ် ယူသွားတဲ့၊ ကြာကြာမနေနဲ့နော် လို့ ကျွန်မကို မှာ[illegible] [illegible]ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .... ဟုတ်ပြီ၊ ကြာကြာ မနေနဲ့လို့ မှာပြီးတော့ သွားဝယ်ရော ဟုတ်လား၊ အိမ်က မထွက်ခင် သူတို့ကို ကြည့် မိသေးသလား"

"မကြည့်ခဲ့မိပါဘူး"

"ဆိုင်ကယ်ယူပြီး အိမ်ရှေ့က ထွက်လာတော့ ဝရန်တာ မော့ကြည့်မိသေးလား"

"မကြည့်ပါဘူး"

"အာလူးကြော်ကို ဘယ်ဆိုင် သွားဝယ်သလဲ"

"ခါတိုင်းဝယ်နေကျ မြိတ် စားတော်ဆက်ကို သွားဝယ်ပါ တယ်"

"အသွားအပြန် ဘယ်လောက် ကြာမယ် ထင်သလဲ"

"ဆယ့်ငါးမိနစ်လောက်ပဲ ကြာမှာပါ"

"ပြန်ရောက်တော့ ဘာတွေ့သလဲ"





ကောင်မလေး ခပ်ငိုင်ငိုင် ဖြစ်သွား၏။

"ပြန်ရောက်တော့ .... ပြန်ရောက်တော့ အမေကြီးဒေါ်သုန် ညည်း မမမြ တိုက်ပေါ်က လိမ့်ကျလို့ သက်သက်ရှေ .... သေမလား ရှင်မလား မသိဘူးလို့ ဆီးပြောပါတယ်"

"အဲဒီတော့"

"အဲဒီတော့ ကျွန်မ အရမ်း ထိတ်လန့်သွားတာပေါ့၊ ယုံလဲ ယုံနိုင်ဘူးလေ၊ မဖြစ်နိုင်ဘူး၊ ဘာလို့ ကျရမှာလဲ လို့ ကျွန်မ ပြောရင်း ငိုမိပါတယ်၊ အဲဒီတော့ အမေကြီးက မမမြ ကျတဲ့ နေရာကို ပြဖို့ တွေ့လား အဲဒီ မြက်ခင်းပေါ်ကို ကျတာ၊ သွေးစတောင် ရှိသေးတယ် တဲ့၊ ဒါနဲ့ ကျွန်မ ဝရန်တာကို မော့ကြည့်ပြီး ရင်ထဲက မူးနောက်ပြီး အန်ချင်လာပါတယ်၊ နောက် ဒေါ်သလဲ ထွက်သွားတာနဲ့ ဒါ....လိမ့်ကျတာ မဖြစ် နိုင်ဘူး တွန်းချတာပဲ ဖြစ်ရမယ်လို့ အမေကြီးကို ပြောမိပါ တယ်"

"နေဦး....တွန်းချတာ ဖြစ်ရမယ်လို့ သက်သက်က ဘာ ကြောင့် ပြောနိုင်သလဲ၊ လူတစ်ယောက်ကို သေသေချာချာ သိတဲ့ စွပ်စွဲတဲ့ သဘောမျိုး ဘာကြောင့် ပြောရတာလဲ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အမှတ်တမဲ့ ဆိုလျှင် ဦးဖေအောင်၏ မေးခွန်းသည် တရား... ဘက်ကို ညှာကာ အလေးပေးသည် ဟု ထင် ရသော်လည်း... နောက်ကွယ်က အကြောင်းပြချက်ကို သာသာကလေး... ကြောင်းပေးလိုက်ခြင်း ဖြစ်ပါသည်။

"ဘာကြောင့်လဲ ဆိုတော့ မနေ့တုန်းက .... အဲ .... အဲဒီနေ့... အရင်နေ့တုန်းက ကိုမြတ်စုက မမမြကို သတ်ဖို့ ကြိမ်းမောင်းနေ... တာ ကျွန်မ ကြားလို့ပါ"

တရားသူကြီး မျက်မှောင် ကြုတ်သွားသည်။ ကိုခင်ဇော်... လည်း ရင်ပူသွားမိ၏။

"ဟုတ်လား....ဘယ်လို ကြိမ်းမောင်းတာလဲ"

"ခင်ဗျား ပြောရဲရင် ပြောကြည့်၊ ပြောပြီးတာနဲ့ တစ်ပြိုင်... တည်း ခင်ဗျား သေစေရမယ် တဲ့"

"ဒီစကား အကုန်ပဲလား"

"နောက်ထပ် ဆက်ပြောတာက ကျွန်တော် သစ္စာဆိုလိုက်... တယ် တဲ့"





သူ့ တစ်စားပွဲတည်း လူများ မကြားအောင် သက်ပြင်း... ချလိုက်၏။

"အဲဒီ ရန်ဖြစ်တဲ့နေ့ အကြောင်း ပြောပါဦး၊ အဲဒီ ကြိမ်း... မောင်းတယ် ဆိုတဲ့ နေ့က ဘယ်နေ့လဲ"

"အဲဒါ လိမ့်မကျခင် တစ်ရက်ပါ"

"ဒီဇင်ဘာ ၁၀ ရက်နေ့ပေါ့ နော်၊ အဲဒီ တစ်ရက် က... ဘယ်လို ရန်ဖြစ်ကြသလဲ ဆိုတာ သက်သက် သိသမျှ ပြောပြပါ... အား"

"ကျွန်မ အဲဒီတုန်းက မီးပူတိုက်နေပါတယ်၊ ကိုမြတ်စုက... အပေါ်ထပ်ကို ဒေါန့်မောနဲ့ တက်လာပါတယ်၊ အဲဒီ အချိန်... မှာ မမမြက ကိုမြတ်စု အတွက် ဥရောပဝတ်စုံ ချုပ်မယ်ဆိုပြီး... ပေကြိုးနဲ့ အစနဲ့ တိုင်းပြီး ဖြတ်နေပါတယ်"

"ဩော်....ကိုမြတ်စု အတွက် ဝတ်စုံ ဟုတ်လား"

"ဟုတ်ကဲ့၊ မင်္ဂလာဆောင်မှာ ဝတ်ဖို့ ဝတ်စုံပါ"

"ဘယ် မင်္ဂလာဆောင်လဲ" ဦးဖေအောင်က မသိချင်ယောင်... ဆောင်၍ မေး၏။



www.burmeseclassic.com

www.burmeseclassic.com

"မမမြနဲ့ ကိုမြတ်စုနဲ့ မင်္ဂလာဆောင်ရင် ဝတ်ဖို့ တဲ့"

ရုံးခန်းထဲရှိ လူများ အနည်းငယ် လှုပ်လှုပ်ရွရွ ဖြစ်သွား၏ တရားသူကြီးဆီ လှမ်းကြည့် လိုက်တော့ တရားသူကြီး၏ ခပ်တည်တည် မျက်နှာမှာ သက်သက်ကို စူးစိုက်ကြည့်နေတာ တွေ့ရသည်။

"ကောင်းပြီ၊ မင်္ဂလာဆောင်ရင် မြတ်စု ဝတ်ဖို့ မြနှင်းဆီက ဝတ်စုံ ချုပ်နေတဲ့ အချိန်မှာ ကိုမြတ်စု ရောက်လာတယ် ဟုတ်ပြီ...ရောက်လာပြီး ဘာဖြစ်ကြသလဲ"

"ရောက်လာပြီးတော့ ဒေါ်မြနှင်းဆီ ခင်ဗျားကို ကျွန်တော် လက်မထပ်နိုင်ဘူးလို့ ကိုမြတ်စုက ပြောပါတယ်"

"အိုး .... မင်္ဂလာဆောင် ဝတ်စုံ ချုပ်နေတဲ့ အချိန်ကျမှ လက်မထပ်နိုင်ဘူးတဲ့လား၊ ဘာကြောင့် လက်မထပ်ချင်တာလဲ လို့ရော ပြောသေးလား"

"ပြောပါတယ်၊ ကိုယ်ဝန် မရှိဘဲနဲ့ ရှိတယ်လို့ ညာတာ သူ သိသွားပြီ တဲ့"

"ဟုတ်ပြီ...အဲဒီတော့ မြနှင်းဆီက ဘာပြောလဲ"





"မမမြက ကိုမြတ်စု ထိုင်နေတဲ့ ဆိုဖာ ရှေ့မှာ ဒူးထောက် ...ပြီး ကိုမြတ်စုကို တောင်းပန်ပါတယ်"

ခုံတန်းလျားပေါ်မှ အမျိုးသမီး အချို့ ထံမှ စုတ်သပ် ...သံမဲ့ဒိုတ်သံများ သဲ့သဲ့ ကြားလိုက်ရ၏။ သူ မြတ်စုကို စိတ် ...က်သာစွာ လှမ်းကြည့်တော့ မြတ်စုမှာ စောစောက ပုံစံ ...တိုင်း ခေါင်းငိုက်စိုက်ချလျက် မျက်လွှာချထားဆဲ။

"ဘယ်လို တောင်းပန်သလဲ၊ သဲသဲကွဲကွဲ ကြားရလား"

"ကြားရပါတယ်၊ မမမြက အားလုံး စီစဉ်ပြီးနေပြီ တဲ့၊ ...က်လဲ ရွေးပြီးပြီ၊ နေဖို့ အိမ်လဲ စီစဉ်ပြီးပြီ တဲ့၊ အဲလို ပြောပြီး ...ပါတယ်"

"အဲဒီတော့ မြတ်စုက ဘာပြောလဲ"

"သူက ဒီပြင် လူ တစ်ယောက်နဲ့ အစားထိုးလိုက်ပါ တဲ့၊ ပြောပြီး ထွက်သွားပါတယ်"

ဦးဖေအောင်က ဆက်မမေးသေးဘဲ ထိုနေရာမှာတင် ရပ်၍ ...မ်သက်နေ၏။ တရားသူကြီး၏ ဦးနှောက်ထဲသို့ မြတ်စု၏ ရက် ...က်မှု စိမ့်ဝင်သွားစေရန် အချိန်ယူလိုက်ခြင်း ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြောပါဦး၊ မြတ်စု ထွက်သွားတော့ မြနှင်းဆီ ဘာလုပ်သလဲ"

"မမမြကကိုမြတ်စု ခြေထောက်ကို ဖက်ပြီး ခဏနေပါ လို့ တောင်းပန်ပါတယ်၊ ဒါပေမယ့် ကိုမြတ်စုက ရုန်းထွ သွားပါတယ်၊ ဒါနဲ့ပဲ ကျွန်မ မီးခလုတ်ပိတ်ပြီး မမမြကို ဆွဲ လိုက်ရပါတယ်၊ မမမြက ကိုယ်ဝန်ကို ဘာလုပ်ရမဲလဲလို့ မေ တော့ ကိုမြတ်စုက ဖျက်ချပစ်လိုက်လို့ ပြောပြီး တံခါးဆီ ထွ သွားပါတယ်"

ဦးဖေအောင်က ထိုနေရာတွင် ခဏ ရပ်ထားပြန်၏။

"ဟုတ်ပြီ....ဆက်ပြောပါဦး၊ ဘာဆက်ဖြစ်သေးလဲ"

"မမမြက ကိုမြတ်စုကို လှမ်းပြီး မောင်ဟာ ရုပ်ကလေး လှပသလောက် အင်မတန် ရက်စက်တယ် လို့ ပြောပါတယ်"

"အဲဒီ နောက်ရော...."

"အဲဒီ နောက်တော့ မမမြက မောင် မြကို လက်မထပ်လို့ မဖြစ်ဘူး လို့ ပြောပါတယ်၊ ကိုမြတ်စုက လှည့်ကြည့်ပြီး ဘာ





ဘာ ယ်လဲလို့ မေးတော့ မမမြက ကိုမြတ်စုရဲ့ မကောင်းတဲ့ ကျက် ချက် တစ်ခုကို သူ သိတဲ့အကြောင်း ပြောတယ်၊ မြတ်စုက ဆုံးအောင် အပြော မခံပါဘူး"

"အဲဒီ မကောင်းတဲ့ လျှို့ဝှက်ချက် ဆိုတာက ဘာလဲ၊ သေ ချာချာ ကြားလိုက်သလား"

"ကြားလိုက်ပါတယ်၊ ဒါပေမယ့်...."

သက်သက်က ပထမဦးဆုံး အကြိမ် မြတ်စု ရှိရာသို့ လှမ်း ကြည့်၏။ မြတ်စုကတော့ ခေါင်းငုံ့နေဆဲ ဖြစ်သည်။

"ဒါပေမယ့်....ကျွန်မ...."

"ဟုတ်ပြီ....မပြောချင်ရင် မပြောပါနဲ့၊ တရားသူကြီးမင်း များ၊ မကောင်းတဲ့ လျှို့ဝှက်ချက် ဆိုတာကို သက်သေက ဖွင့် ပြောချင်ပါဘူး၊ ဒီအကြောင်းကို ချန်ထားပြီး ရှေ့ဆက် မေး ပုံနိုင်မလား ခင်ဗျား"

တရားလို သက်သေနှင့် တရားလို အကျိုးဆောင်သည် တရား သိခိုက်နစ်နာမည့် စကားကို မပြောဘဲ ကရုဏာဖြင့် သင့် ရာ ဖုံးဖိပေးသည်ဟု တရားသူကြီးရော ပရိသတ်ပါ ထင်မြင် သိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"မကောင်းတဲ့ လျှို့ဝှက်ချက် ဆိုတာကို ရုံးတော်က မသိ... အမှု ဆက်စစ်လို့ ဖြစ်တယ်ဆိုရင်၊ နောက်ပြီး အငြင်းထွ... အကြောင်းခြင်းရာနဲ့လဲ မဆိုင်ဘူး ဆိုရင် ဆက်မေးပါ"

"ဟုတ်ကဲ့ ခင်ဗျား၊ ကဲ....သက်သက် အဲဒီဟာကို ဖွင့်ပြော... တော့ မြတ်စုက ဘာလုပ်သလဲ"

"ကိုမြတ်စုက မမမြဆီ ဝုန်းဆို ရောက်သွားပြီး ဆောင့်တွ... ပစ်ပါတယ်၊ ခင်ဗျား အဲဒါကို ဖြူလေးကို သွားပြောမှာလ... လို့ မေးတော့ မမမြက ဖြူလေးကို မပြောဘူး၊ ဖြူလေး အဖေ... ကို....အဲ...."

သက်သက်က ဖြူလေး အဖေဆိုသည်မှာ ဦးဖေအောင်... သိထားပုံဖြင့် အိုးတိုး အမ်းတမ်း ဖြစ်သွား၏။ ဦးဖေအောင်... အားပေးသလို ပြုံးပြလိုက်မှ ဆက်ပြော၏။

"ဖြူလေး အဖေကို သွားပြောမှာ တဲ့၊ ဖအေက သူ့ သ... နဲ့ ပေးစားဦးမလား စောင့်ကြည့်သေးတာပေါ့လို့ ပြော... တယ်။ အဲဒီတော့ ကိုမြတ်စုက ခင်ဗျား ပြောရဲရင် ပြောကြည့်... ပြောပြီးရင် ခင်ဗျား သေစေရမယ်လို့ ပြောပြီး လှည့်ထွက် သွား... ပါတယ်"





ဦးဖေအောင် ခေါင်း တ ညိတ် ညိတ် ဖြင့် သက် သက် ကို ...ကြည့်သည်။

"တရားလိုဘက်မှ မေးစရာမရှိတော့ပါဘူး"

ကိုခင်ဇော် ထိုင်ရာမှ ထတော့ သက်သက်က တရားခံ... ...နေအဖြစ် ကြိုတင်သိထားပုံဖြင့် မော့ကြည့်သည်။

"ကလေးမ စောစောက ပြောတဲ့ မကောင်းတဲ့ လျှို့ဝှက် ...ချက်ဆိုတာ ဘာအကြောင်းလဲ သေသေ ချာချာ ကြားတယ် ...လား"

"ဟုတ်ကဲ့"

"အဲဒီ လျှို့ဝှက်ချက်ဟာ ဘာလဲ၊ မြတ်စုက ဟိုအချင်တုန်းက ...သတ်ဖူးတဲ့ အကြောင်းလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် မြတ်စုက မိန်းမတစ်ယောက်ကို ကိုယ်ဝန်နဲ့ ပစ် ...ထားခဲ့ဖူး တဲ့ အကြောင်းလား၊ ကိုယ်ဝန် ဖျက်ချခိုင်းဖူး တဲ့ ...အကြောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး"

"မြတ်စုက မုဒိမ်းမှု ကျူးလွန်ခဲ့ဖူးတဲ့ အကြောင်းလား"

"မဟုတ်ပါဘူး"

"မြတ်စု အရင်တုန်းက ခါးပြတိုက်ဖူးတာ၊ ခိုးဖူးတာ၊ ထောင်ကျဖူးတာ အဲဒီ အကြောင်းတွေများလား"

"အဲဒါတွေ တစ်ခုမှ မဟုတ်ပါဘူး"

"ဒါဖြင့် ပြောပြပါ၊ တရားသူကြီးနဲ့ ရုံးတော် သိအောင် မင်း ပြောပြခွင့်ရှိပါတယ်"

သူ မြတ်စုကို လှမ်းကြည့်တော့ မြတ်စုက ခေါင်းကို ယခင်ကထက် ပို၍ ငုံ့ပစ်လိုက်လေသည်။

ကိုယ့်ကို အထင်မလွဲနဲ့ မြတ်စုရေ ....၊ မင်းကို ဂုဏ်သရေ ညိုးနွမ်းအောင် ကိုယ်ကြိုးစားနေတာ မဟုတ်ပါဘူး၊ တရားလိုဘက်က စွပ်စွဲချက်မှာ မင်းရဲ့ အကျင့် စာရိတ္တကို ယုန်ထင် ကြောင်ထင် ဖြစ်ကုန်မှာစိုးလို့ပါ။

"ဟို .... ဟိုဒင်း ကိုမြတ်စုရဲ့ အခုလက်ရှိ အမေက အမေ ရင်း မဟုတ်ဘဲ မွေးစား အမေဖြစ်တဲ့ အကြောင်း ...."





"ပြီးတော့ရော ...."

"ပြီးတော့ အမေရင်းက နာမည်ကြီး ပြည့်တန်ဆာမတစ်ဦးတဲ့ အဲဒါ ...."

ရုံးခန်းထဲတွင် တီးတိုးစကားသံများ သဲ့သဲ့ကြားလိုက်ရပြီး တရားသူကြီးက လှမ်းကြည့်တော့ ငြိမ်သွားကြ၏။

"အဲဒါ ကိုမြတ်စုကိုမွေးဖို့ ဆေးရုံတက်တော့ အဖေနာမည် ဘယ်သူမှန်း မသိလို့ ကွက်လပ်ချန်ထားရတာတဲ့"

အားလုံး ငြိမ်သက်စွာ စူးစိုက်နေကြ၏။

"ပြီးတော့ရော ...."

"အခု လက်ရှိအမေက ကောက်ယူမွေးစားတယ်ဆိုလားပဲ"

"လက်ရှိ အမေဟာ မီးယပ်နဲ့ သားဖွား အထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်တင်တင်ဆိုတာ မင်းသိသလား"

"မသိပါဘူး၊ ဒေါက်တာ ဒေါ်တင်တင်ဆိုတာတော့ မမြစကားထဲက ကြားလိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ဒေါက်တာ ဒေါ်တင်တင်ဟာ မြတ်စု မိခင်ကို မြတ်စု မွေးဖွားလာအောင် ဗိုက်ခွဲပြီး ဖွားပေးတယ်ဆိုတာ သိသလား"

"မသိပါဘူး"

"မြတ်စုရဲ့ မိခင်ဟာ မြတ်စုကို ဆေးရုံမှာ ထားခဲ့ပြီး တိတ်တိတ်ကလေး ဆေးရုံကနေ ဆင်းသွားတယ်ဆိုတာ သိသလား"

"မသိပါဘူး"

"မြတ်စုဟာ ဒေါက်တာဒေါ်တင်တင်ရဲ့ အမွေစား အမွေခံ စာချုပ်နဲ့ မွေးစားထားတဲ့ သား ဆိုတာရော သိသလား"

"မသိပါဘူး"

"မြတ်စုဟာ အဲဒီ မွေးစား အမေရဲ့ ပြုစုစောင့်ရှောက်မှုမှာ ၂၄ နှစ်တိတိ လိမ္မာကြီးစားခဲ့ပြီး သချာၤအဓိကနဲ့ ဘွဲ့ရထားတယ်ဆိုတာ သိသလား"

"မသိပါဘူး"





"မကောင်းတဲ့ လျှို့ဝှက်ချက်ဆိုတဲ့ စကားဟာ မင်း ဘာသာ တီထွင်ပြီး ပြောတာလား၊ ဒါမှမဟုတ် တစ်ယောက်ယောက်က အဲလိုပြောမှ ကောင်းမယ်လို့ အကြံ ဉာဏ်ပေးလိုက်သလား"

"တစ်ယောက်ယောက်က အကြံဉာဏ်ပေးတာပါ"

သည်လောက်ဆို တော်ပြီ၊ သူ မေးခွန်း လမ်းကြောင်း ပြောင်းလိုက်၏။

"မိန်းကလေး မမြနှင်းဆီ အိမ်မှာနေတာ ကြာပြီလား"

"ကျွန်မ ဆယ့်သုံးနှစ်သမီး အရွယ်ကတည်းက ပါပဲ၊ ငါးနှစ်ရှိပြီ"

"သူက မိန်းကလေးအပေါ် ကောင်းကောင်းမွန်မွန် ဆက်ဆံသလား"

"မမြက အရမ်း သဘောကောင်းပါတယ်"

"ဘိတ်ကို ပြောင်းလာတာ ဘယ်လောက် ကြာပြီလဲ"

"ခြောက်လ ရှိပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဖိုး အရင်က ဘယ်မှာ နေသလဲ"

"ရန်ကုန်မှာ နေပါတယ်"

"ရန်ကုန် ဘယ်အပိုင်းမှာလဲ"

"စမ်းချောင်းမှာပါ"

"အိမ်ငှားနေသလား"

"မဟုတ်ပါဘူး၊ မမြရဲ့ အိမ်ပါ"

"ဘိုးဘွားပိုင်လား၊ ဝယ်လိုက်တဲ့ အိမ်လား"

"ဝယ်လိုက်တဲ့ အိမ်ပါ"

"ဘယ်တုန်းက ဝယ်တာလဲ သိသလား"

"လွန်ခဲ့တဲ့ နှစ်နှစ်က ဝယ်တာပါ"

"ပိုက်ဆံ ဘယ်သူက ထုတ်ပေးသလဲ"

"ကန့်ကွက်ပါတယ် ခင်ဗျား"





ဦးဖေအောင် ကမန်းကတန်း ထ၍ ကန့်ကွက်၏။

"အငြင်းထွက် အကြောင်းခြင်းရာနဲ့ မဆိုင်ဘဲ၊ တိုက်ရိုက် ဆိုင်သူလဲ မဟုတ်ဘဲ မေးနေခြင်း ဖြစ်ပါတယ်၊ တရားခံ ချီးဆောင်အနေနဲ့ တရားလိုရဲ့ အိမ်အကြောင်း ပြည့်ပြည့် သိချင်ရင်တောင် တရားလိုကိုသာမေးသင့်ပါတယ် ခင်ဗျား"

"ကန့်ကွက်ချက်ကို လက်ခံတယ်၊ ဦးခင်ဇော် သက်ဆိုင်တဲ့ ကြောင်းခြင်းရာကိုပဲ မေးပါ"

တရားသူကြီးက တည်ငြိမ်သော အသံဖြင့် ဆုံးဖြတ်ပေး၏။

သူ ခေါင်းညိတ်လိုက်ပြီး "ဝမ်းနည်းပါတယ် ခင်ဗျား" ဟု ရားသူကြီးကို တောင်းပန်လိုက်လေသည်။

သူ ရေးမှတ်ထားသော စာရွက်ကို ငုံ့ကြည့်လိုက်၏။ ယခု မည့် မေးခွန်းသည် အမှုသည်၏ စကားကို လုံးဝ ယုံကြည် က်သော ရှေ့နေတစ်ယောက်၏ မေးခွန်း ဖြစ်သည်။

"အခင်း ဖြစ်ပွားတဲ့ နေ့တုန်းက မင်း အိမ်ပြန်လာတော့ မ်ရှင်အဘွားကြီး ဒေါ်သုန်က မြနှင်းဆီ ကျတဲ့ နေရာကိုပြ ယ်လို့ စောစောက ထွက်ဆိုသွားတယ်နော် .... မှတ်မိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



သက်သက်က သူ့ကို ဇဝေဇဝါ မော့ကြည့်ကာ ခေါ်
ညိတ်၏။

"ကျွန်မ မှတ်မိပါတယ်"

"အဲဒီ ကျတဲ့ နေရာဟာ ဘယ်နေရာလဲ၊ တိုက်ရှေ့ ဝရန်တ
ရဲ့ ရှေ့တည့်တည့်လား၊ ဒါမှမဟုတ် တိုက်ရဲ့ လက်ဝဲဘက်စွန်
လား လက်ယာဘက်စွန်းလား"

သက်သက်သည် မေးခွန်းကို ခဏ စဉ်းစားနေပြီးမှ ဖြေသည်

"တိုက်ရဲ့ လက်ဝဲဘက်စွန်းလောက်မှာပါ"

နောက် မေးခွန်းတစ်ခုကို မေးသင့် မမေးသင့် ချိန်ဆ
မိ၏။ ထိုမေးခွန်းကို မေးလိုက်လျှင် သက်သက်က ဘယ်လို
မလဲ ဆိုတာထက် ဦးဖေအောင် ဘယ်လို သဘောထားမလဲ
တာက ပို၍ အသိရခက်သည်။ မည်သည့် တရားလိုရှေ့နေက
သူ့ သမီးနှင့် တရားခံ၏ ဆက်သွယ်မှုကို လူသိရှင်ကြား ဖြစ်
ချင်မည် မဟုတ်ပါ။ သို့သော် ....

"စောစောက မင်းရဲ့ ထွက်ချက်မှာ ဖြူလေးနဲ့ ဖြူလေးအ
ဆိုတာ ပါတယ်၊ ဖြူလေး ဆိုတာ ဘယ်သူလဲ၊ တရားခံနဲ့ ဒ
မဟုတ် တရားလိုနဲ့ ဘယ်လို ပတ်သက်နေသလဲ"





ဤမေးခွန်းကို ဦးဖေအောင် မကန့်ကွက်ပါ၊ သက်သက်က
သာ ဖြေဖို့ ဝန်လေးနေသလို ခပ်ဆဆ မျက်နှာထားဖြင့် ငြိမ်
သက်နေသည်။

"မင်း မသိဘူးလား"

"သိပါတယ်"

"သိရင် ပြောပါ"

"ဖြူလေး ဆိုတာ ဖြူဖြူအောင်ပါ၊ အဲဒီ ဖြူဖြူအောင်က
ကိုမြတ်စုရဲ့ ရည်းစားပါ"

သူ အံ့ဩဟန် မျက်နှာထားဖြင့် "ဪ .... ဟုတ်လား" ဟု
ရေရွတ်လိုက်သည်။ သူ့ အမှုအရာ သိပ်မကောင်းနိုင်မှန်း သူ့
ဘာသူ သိပါသည်။

"မြနှင်းဆီနဲ့ မြတ်စု ဆက်သွယ်မိတာဟာ ဖြူဖြူအောင်နဲ့
မြတ်စု ရည်းစား မဖြစ်ခင်ကလား၊ ဖြစ်ပြီးမှလား"

သက်သက်က နှုတ်ခမ်းကို ဖိကိုက်ပြီး ခဏ ငြိမ်နေပြီးမှ ....



www.burmeseclassic.com

www.burmeseclassic.com



"ရည်းစားဖြစ်ပြီးမှပါ" ဟု ခပ်တိုးတိုး ဖြေသည်။

"ဩော် .... ဟုတ်လား၊ ဒါဖြင့် တရားလိုဟာ တရားခံကို မိန်းကလေးတစ်ယောက် လက်ထဲကနေ လုယူခဲ့တာပေါ့"

"ဒီမေးခွန်းကို ကန့်ကွက်ပါတယ် ခင်ဗျား"

ဦးဖေအောင် မြန်းခနဲ ထ၍ ကန့်ကွက်လိုက်တော့ သူ ဦးဖေအောင်ကို ပြုံးပြလိုက်သည်။ ကန့်ကွက်မည် ဟု သိလျက်နှင့် တမင်မေးသော မေးခွန်း ဖြစ်ကြောင်း ဦးဖေအောင် သိပါလိမ့်မည်။

"ကန့်ကွက်ချက်ကို လက်ခံတယ်"

"ဝမ်းနည်းပါတယ်ခင်ဗျာ" သူ တရားသူကြီးကို ဦးညွတ်၍ တောင်းပန်လိုက်ပါသည်။

"မိန်းကလေး၊ မြွတ်စု မင်းတို့ အိမ်ကို မကြာခဏ လာတတ်သလား"

"ဟုတ်ကဲ့၊ လာတတ်ပါတယ်"

"ဘယ်အချိန်တွေမှာ လာတတ်သလဲ"





"ညနေခင်း ဒါမှမဟုတ် ညတွေမှာ လာတတ်ပါတယ်"

"သာရင် ဘယ်လောက်ကြာကြာ နေတတ်သလဲ"

"တစ်ခါတစ်ခါတော့ ချက်ချင်း ပြန်ထွက်ပါတယ်၊ တစ်ခါ ခါတော့ အကြာကြီးပဲ"

"အဲဒီ အကြာကြီးက ဘယ်နှစ်နာရီလဲ၊ တစ်နာရီလား နာရီလား"

"ည ဆယ်နာရီခွဲမှ ပြန်တာ များပါတယ်"

"ပြန်တဲ့ အဲဒီမှာ အိပ်တဲ့ ညတွေ ရှိသလား"

"ကန့်ကွက်ပါတယ် ခင်ဗျား"

"ကန့်ကွက်ချက်ကို လက်မခံပါ" တရားသူကြီးက ချက် ပယ်လိုက်တော့ သူ ကျိတ် ပြုံးလိုက်မိသည်။

"ဖြေပါဦး"

"ဟုတ်ကဲ့ ရှိပါတယ်၊ တစ်ခါတစ်ခါ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ မေးခွန်းလမ်းကြောင်း မသိမသာ ပြောင်းဖို့ အား
လိုက်၏။

"မင်းတို့ အိမ် လာတဲ့ အခါ မြတ်စု အရက်သောက်လာ
သလား"

"ကျွန်မ မသိပါဘူး"

"အရက်မူးတဲ့ လူတွေကို မင်း မမြင်ဖူးဘူးလား"

"မြင်ဖူးပါတယ်"

"အေး၊ အဲဒီလို ပုံစံမျိုးနဲ့ မြတ်စု လာဖူးသလား"

"မလာဖူးပါဘူး"

"မင်းတို့ အိမ်မှာရော မြတ်စု အရက်သောက်ဖူးသလား"

"မသောက်ဖူးပါဘူး"

"မင်းတို့ အိမ် ရေခဲသေတ္တာထဲမှာ ဘီယာဘူးတွေ ဘာတွေ
များ ရှိတတ်သလား"





"ရှိတတ်ပါတယ်"

"မင်း သောက်သလား"

"အို...ကြုံကြုံဖန်ဖန်" တရားသူကြီး ပြုံးတာ သူ မြင်လိုက်၏။

"ဒါဖြင့် အဲဒီ ဘီယာကို ဘယ်သူ သောက်ဖို့ ရေခဲသေတ္တာထဲမှာ ထားတာလဲ"

"မမမြ သောက်ဖို့ပါ"

"မြနှင်းဆီက အရက် အမြဲ သောက်သလား"

"အို...မသောက်ပါဘူး၊ တစ်ခါ တစ်ခါ သောက်တာ၊ နောက်ပြီး ဧည့်သည်လာရင် ဧည့်ခံတာ"

"ကောင်းပြီ၊ မြတ်စုက အရက်မသောက်ဘူး ဆိုတော့ မြတ်စုကို ဧည့်ခံဖို့တော့ မဟုတ်ဘူးပေါ့၊ အဲလို ပြောမလား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး အသံ တိမ်ဝင်သွား၏။

"ဒါဖြင့် တခြား ညှော်ခံစရာ ယောကျ်ားတွေ လာတယ်ပေါ့"

"ဟုတ်ကဲ့၊ တစ်ခါ တစ်ခါတော့ လာပါတယ်၊ ဒါပေမယ့် ခဏခဏတော့ မဟုတ်ဘူး"

ကိစ္စ မရှိပါ။ တစ်ခါပဲ လာလာ၊ ဤကိစ္စကို သူ ထားပစ်ခဲ့တော့မည်။

"မြနှ ဆီ ဘီယာသောက်တဲ့ အခါ အမြည်းပါသလား"

"ဟုတ်ကဲ့"

"ဘာနဲ့ မြည်းတတ်သလဲ"

"အာလူးကြော်နဲ့ လိုင်ချီးစ်နဲ့ပါ"

ထို အဖြေသို့ ရောက်အောင် သူ ကြိုးစားပမ်းစား ဆွဲခေါ်ခဲ့ရသည်။





"အဲဒီ အမြည်းကို မင်း အမြဲ ဝယ်ပေးရသလား"

"အမြဲတော့ မဟုတ်ပါဘူး၊ တစ်ခါတလေ မမမြ အပြင်က ပြန်လာရင်း ဝယ်လာတာလဲ ရှိပါတယ်"

"အဲဒီနေ့က မင်းကို အာလူးကြော် ဝယ်ခိုင်းတာဟာ မြနှင်းဆီက အဲလို ဝယ်ခိုင်းဖို့ မြတ်စုကို ပြောလို့ မြတ်စုက တစ်ဆင့် ဝယ်ခိုင်းပေးတယ် ဆိုတာ မင်း သိရဲ့လား"

"မသိပါဘူး"

ထို အဖြေကို တရားခွင် စာရေး လိုက်ရေးပြီးချိန်တွင် သူ ခဏ နားပြီးမှ ဆက်မေးသည်။

"မင်း ကုလားထိုင်တွေ ကူရွှေ့ရင်း မြနှင်းဆီကို အာလူးကြော် ဝယ်ခိုင်းလို့ သွားဝယ်မယ် ပြောတော့ မြနှင်းဆီ ပြန်ပြောတဲ့ စကားကို တိတိကျကျ မှတ်မိလား"

ကောင်မလေး တွေဝေသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"တိတိကျကျတော့ မမှတ်မိဘူး"

"ဒါဖြင့် မှတ်မိအောင် အစ ဖော်ပေးပါမယ်၊ မမမြ မြစ်စုက အာလူးကြော်နဲ့ လိုင်ချီးစ် ဝယ်ခိုင်းလို့ လို့ မင်းပြေ တော့ မြနှင်းဆီက ဟေ....ဟုတ်လား၊ ဒါဖြင့် သွားဝယ်ပေး လိုက်ပေါ့ လို့ ပြောသလား၊ ဒါမှ မဟုတ် အေးအေး ဟုတ် တယ်၊ သွားဝယ်ပေးလိုက်လို့ ပြောသလား၊ သေသေချာချာ စဉ်းစားပြီးမှ ဖြေပါ"

သက်သက်၏ မျက်လုံးထဲသို့ စူးစိုက်၍ ကြည့်ရင်း စွန့်စာ စွာ မေးလိုက်ခြင်း ဖြစ်ပါသည်။

သက်သက်က ခဏ ငြိမ်သွားပြီးမှ "အေး....အေး ဟုတ်တယ် လို့ ပြောတာပါ" ဟု ဖြေသည်။

ကျေးဇူးကြီးမားလှပါ၏ သက်သက်ရယ်။ သူ သက်ပြင်း ခိုးရှိုက်လိုက်ပြန်၏။

"နောက်ပြီး သိပ် မကြာစေနဲ့ နော် လို့ မှာသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်"





"အဲဒီလို မှာတာဟာ အဲဒီ နေ့ကမှ မှာတာလား၊ အရင် ကရော မမှာဖူးဘူးလား"

"မမြက ကျွန်မ အပြင်ထွက်တိုင်း မှာပါတယ်၊ အထူး ညတွေမှာ အပြင်ထွက်ရင် မှာပါတယ်"

သူ စိတ်သက်သာရာ ရသွား၏။

"ကောင်းပြီ၊ အခင်း မဖြစ်ပွားမီ အရင် တစ်နေ့ အကြောင်း ကြရအောင်၊ ဒီဇင်ဘာ ၁၀ ရက်နေ့ပေါ့။ အဲဒီ နေ့က ဒေါ်နဲ့ မောနဲ့ ရောက်လာတယ်လို့ မင်း ထွက်ဆိုသွား နော်၊ သူ မြနှင်းဆီကို တစ်ခုခု အနာတရ ဖြစ်အောင် လုပ် လား"

"အဲလိုတော့ မလုပ်ဘူး၊ တွန်းပစ်တာပါ"

"တွန်းပစ်တာက လျှို့ဝှက်ချက် အကြောင်း ပြောပြီးမှ ဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"ကိုယ်ဝန်ကို ဖျက်ချ ပစ်လိုက်ပေါ့ လို့ ပြောတာက လဲ ကိုယ်ဝန် မရှိကြောင်း သူ သိပြီးပြီလို့ ပြောပြီးမှ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ဖူးက်ချပစ်လိုက်ပေါ့ ဆိုတဲ့ စကားရဲ့ နောက်
ခင်ဗျားမှာ ကိုယ်ဝန်ရှိတယ်ဆိုရင်ပေါ့ ဆိုတဲ့ စကား မြ
ဆက်ပြောတာကို ကြားမိရဲ့လား"

သက်သေက မဖြေပါ။

"ဖြေလေ အဲဒီစကားကို မင်းကြားမိရင် ကြားမိ
မကြားမိရင် မကြားမိဘူးပေါ့"

"မကြားမိပါဘူး"

ကိစ္စ မရှိပါ။

"နောက်တော့ ခင်ဗျားပြောရဲရင် ပြောကြည့် ပြောပြီ
နဲ့ ခင်ဗျားသေစေရမယ်လို့ ခြိမ်းခြောက်တယ်နော်"

"ဟုတ်ပါတယ်"

"အဲဒီနေ့ကစပြီး နောက်တစ်နေ့ အခင်းဖြစ်ပွားချိန်အ
မြနှင်းဆီ အပြင်ဘယ်နှစ်ခါ ထွက်သလဲ"





သက်သက် ခဏငြိမ်နေပြီးမှ "မထွက်ပါဘူး" ဟု ဖြေသည်။

"ဒါဖြင့် မြနှင်းဆီဟာ အဲဒီ မကောင်းတဲ့ လျှို့ဝှက်ချက်ကို
ယောက်ယောက်ကို၊ ဖြူလေး အဖေကို မပြောရသေးဘူး
ရင် ရမလား"

"ဟုတ်ကဲ့ မပြောရသေးပါဘူး"

"အခင်းဖြစ်ပွားတဲ့နေ့ ည မြတ်စုလာတဲ့ အချိန်မှာ သူတို့
ားတွေကို မကြားရဘူးလို့ မင်း စောစောက ထွက်ဆိုသွား
ယ်၊ သူတို့က မင်းမကြားအောင် တိုးတိုးကလေး ပြောလို့
ား"

"မဟုတ်ပါဘူး"

"လုံးဝကို မကြားရတာလား"

"မဟုတ်ပါဘူး"

"နည်းနည်းတော့ ကြားတယ်ပေါ့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီထဲမှာ ခင်ဗျား ပြောချင် သွားပြောပါတော့ ကျွန်တော် မတားတော့ပါဘူးဆိုတဲ့ စကား မပါဘူးလား"

"ကျွန်မ မသိဘူး"

သူ သက်သက် မျက်လုံးကို စူးစိုက်ကြည့်ပြီး မေးခွန်းကို တိုးတိတ်စွာ မာကျောစွာ မေးလိုက်၏။

"ကျွန်တော် မိန်းကလေးတစ်ယောက်ကိုညာပြီး လက်မထပ်ချင်ဘူး ဆိုတာရော ကြားမိရဲ့လား"

"ဟုတ်ကဲ့ အဲဒါတော့ ကြားလိုက်မိသလိုလို ...."

"သလိုလို .... လို့ မပြောပါနဲ့ ကြားရင် ကြားတယ်၊ မကြားရင် မကြားဘူး တစ်ခုခုပေါ့ ကြားမိသလား"

သက်သက်က သူ့ကို မော့ကြည့်ပြီး ခေါင်းညိတ်လိုက်၏။

"ခေါင်းညိတ်တာကို တရားရုံးက မှတ်တမ်းတင်လို့ မရပါဘူး၊ ပါးစပ်က ဖြေပါ"

"ကြားမိပါတယ်"





သူ စာရွက်များ ခဏလှန်လှော၍ အားယူလိုက်ပြန်သည်။ ...ခု မေးရမည့် မေးခွန်းသည် ခုခံမှုလမ်းကြောင်း [Line of ...efence] ကို ချပြရမည့် မေးခွန်းဖြစ်၏။ သူ၏ ခုခံမှု လမ်း...ကြောင်းကို ယခုကတည်းက ချပြထားလျှင် အမှုအတွက် ...ောင်းသည်ဟုလည်း ပြော၍ရသည်၊ မကောင်းဘူးဟုလည်း ...၍ရသည်။ ကောင်းသည့်အချက်မှာ တရားသူကြီး အနေ... သူ၏ ခုခံမှုလမ်းကြောင်းသည် နောက်မှရသော အကြံ ...fter Thought] မဟုတ်ကြောင်း ဆုံးဖြတ်ထားနိုင်သည်။ ...ောင်းသည့်အချက်မှာ တရားလိုဘက်က ခုခံမှုလမ်းကြောင်း ... သိသွားလျှင် တရားခံ၏ ထွက်ပေါက်အားလုံးကို (တတ်နိုင်...) လိုက်ပိတ်တော့မည်။ ဤအချက်မှာ တရားခံအတွက် ...ောင်းပါ။ သို့သော် သူ့မှာ ရွေးစရာလမ်း မရှိပါ။

"သက်သက်"

သူ မျက်နှာကို အနူးညံ့ဆုံးဖြစ်အောင် ပြင်ဆင်၍ ညင်သာ...ာ ခေါ်လိုက်၏။ သက်သက်က သူ့ကို မော့ကြည့်လိုက်သည်။

"မင်းတို့ အခုနေတဲ့ တိုက်ရဲ့ ဝရန်တာဟာ တိုက်ရဲ့ ...ျက်နှာပြင် အပြည့် မဟုတ်ဘူး နော်၊ ဒီခေါင်းပုံဟာ မင်းတို့ ...ခုနေတဲ့ တိုက်ရဲ့ ခေါင်းပုံ ဟုတ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



သူ ရှောင်စုံခါတ်ပုံကို သက်သက်ရှေ့ ထိုးပြလိုက်၏။ အ...
ရှောင် သုံးထပ်တိုက်ကြီးကို ခပ်စောင်းစောင်း ရိုက်ထားသ...
ဓါတ်ပုံဖြစ်သည်။

"ဟုတ်ပါတယ်"

သူ ဤဓါတ်ပုံကို တရားလိုဘက်က အကျိုးဆောင်များ...
တရားသူကြီးကို ပြလိုက်သည်။

"အဲဒီတော့ ဝရန်တာဟာ တိုက်ရဲ့ အလယ် မျက်နှာပြ...
လောက်မှာပဲ ရှိပြီး ဘေးနှစ်ဘက်အခန်းတွေမှာ ဝရန်တာမ...
ဘူး နော်"

"ဟုတ်ပါတယ်"

"ဝရန်တာရဲ့ ဟိုဘက် ဒီဘက် နေရာလွတ် မျက်နှာပြင်...
နေ ရှေ့ထုတ်ထားတဲ့ အုတ်အပြားကလေးတွေ ရှိတယ်နော်...
ဒီ ဓါတ်ပုံမှာပါတဲ့အတိုင်း အောက်ကပြတင်းပေါက်ကို မိုး...
မဝင်အောင်ကာထားတဲ့ အမိုးပြားကလေးတွေလေ"

တရားသူကြီး စိတ်ဝင်စားဟန်ပြ၏။





"ဟုတ်ကဲ့ ရှိပါတယ်"

"အဲဒီ အပြားကလေးဟာ ဝရန်တာ ကြမ်းပြင်နဲ့ဆိုရင်
...ယ်လောက်ဝေးသလဲ"

သက်သက် မျက်စိမှိတ်၍ စဉ်းစားလိုက်သေးသည်။

"တစ်ပေလောက် ရှိမလား မသိဘူး"

"နီးတယ်ပေါ့"

"နီးပါတယ်"

"အဲဒီအပေါ်ကို ဝရန်တာကနေ ကျော်ပြီး တက်ရပ်လို့
ရအောင် နီးသလား"

"ဟုတ်ကဲ့ တစ်ခါတစ်ခါ ကျွန်မတောင် အဲဒီ ပေါ်ကနေ
...စ်ခွပင် ရေလောင်းဖူးပါတယ်"

တော်ပါသေးရဲ့။

"ခြေတစ်ဖဝါးစာ ရှေ့ကို ကျယ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ပေလောက် ကျယ်ပါတယ်"

သူ သက်ပြင်း တိတ်တိတ် ရှိုက်ပြီး နောက်ဆုံး မေးခွန်း
စွန့်စား မေးလိုက်သည်။

"မြနှင်းဆီရော အဲဒီ အုတ်ပြားကလေးပေါ် ခဏ
တက်ရပ်ဖူးတယ် မဟုတ်လား"

"အဲ ...."

သက်သက်သည် ထိုအချိန်တွင် တစ်ဘက်ရှေ့နေ လို
သော အကွက်ကို ရိပ်မိသွားဟန် တူ၏။ အနည်းငယ် အို
အမ်းတမ်း ဖြစ်နေပြီးမှ မလွှဲမရှောင်သာစွာ ဖြေလေသည်။

"ဟုတ်ကဲ့ တစ်ခါ တစ်ခါ မမြ အဲဒီပေါ်ကနေ သ
ပန်းခူးဖူးပါတယ်"

သူ အသက်ရှူအောင့်ထားရာမှ အားရပါးရ အသက်ရှူ
သွား၏။ သူမ သိပ်မအ ပါ။ မေးခွန်း၏ အရိပ်အမြွက်ဖြင့် မြနှ
ဆီ၏ ဖြစ်နိုင်ခြေကို ရိပ်မိသွားဟန် တူပါသည်။ ဖြေပြီးပြီးချ
စဉ်းစားနေသလို သူမ ငိုင်သွားသည်။

သူသည် ထိုနေရာတွင်ပင် ပြန်လှန် မေးခွန်းကို ရပ်ထ
လိုက်၏။





"တရားခံဘက်က မေးစရာ မရှိတော့ပါဘူး ခင်ဗျာ"

သူ ပင်ပန်းနွမ်းနယ်စွာ ထိုင်ချလိုက်လေသည်။ ဦးဖေအောင်
ချက်ချင်း မထသေးဘဲ တစ်စုံတစ်ခုကို ချင့်ချိန် စဉ်းစားနေဟန်
ရှိသည်။ မြနှင်းဆီသည် သူမ၏ ရှေ့နေကို အခင်းဖြစ်ပွားဖို့
အကုန်ပြောပြမှာ မဟုတ်ဟု သူ သေချာသွား၏။ အကယ်၍
ပြောပြလျှင်လည်း ဦးဖေအောင်သည် ငွေတစ်သောင်းကို အမှန်
တရားနှင့် လဲလှယ်ရလောက်အောင် ငွေမက်သူ မဖြစ်နိုင်ပါ။ ဤ
အမှုသည် လီဆယ်မှုဟု ထင်လျှင်ထင်ချင်း အမှုသည်၏ ရှေ့နေ
အဖြစ်မှ နှုတ်ထွက်မည့်သူသာ ဖြစ်ပါလိမ့်မည်။

နောက်ဆုံးတော့ ဦးဖေအောင် မတ်တတ်ရပ်လိုက်၏။

"ကလေးမ .... ဝရန်တာရဲ့ လက်ဝဲ လက်ယာမှာ ရှိတဲ့ အုတ်
အမိုးပြားလေးတွေပေါ် မင်း တက်ရင်ပြီး သစ်ခွပင် ရေလောင်း
ဖူးတာဟာ မနက်ခင်းမှာလား၊ ညမှောင်မှောင်မှာလား"

သက်သက်သည် ထွက်ပေါက်ရသွားသူပမာ ဦးဖေအောင်
ကို အားကိုးတကြီး မော့ကြည့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မနက်အစောတွေမှာပါ၊ ညအမှောင်မှာ တစ်ခါမှ မရပ်ဖူးပါဘူး"

"မြနှင်းဆီ အဲဒီ အုတ်ပြွားကလေးပေါ် တက်ရပ်ပြီး သစ်ခွပန်း ခူးတာဟာရော မနက်ခင်းမှာလား ညမှောင်ထဲမှာလား"

"မမမြလဲ မနက်ခင်းတွေမှာပဲ အဲဒီအပေါ် တက်ပါတယ်"

"ညတွေမှာ မင်းတို့ တစ်ခါမှ မတက်ရပ်ဖူးဘူးလား"

"တစ်ခါမှ တက်မရပ်ဖူးပါဘူး ရှင့်"

"ညအမှောင်မှာ အဲဒီပေါ် တက်ရပ်စရာ အကြောင်းများ ရှိသေးသလား"

"မရှိပါဘူး ရှင့်"

ဒုတိယတွဲ [ဇာတ်သိမ်း] ဆက် ဖတ် ပါ ရန် .... ....

ချူး

## [illegible]မွ သွားသော တိမ်တိုက်များ အကြောင်း

ဒု တိ ယ တွဲ [ ဇာတ် သိမ်း ]

ဆ က် တို က် ထွ က် လ ာ မ ည်

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံး ပန်းချီ * စံတိုး

စာမူ ခွင့်ပြုအမှတ် ၁၃၇/၉၁ (၉) အရ
ဒေါ်ဝါဝါမြင့်၊ ရာကျော် ပုံနှိပ်တိုက် (၀၁၄၁၈)
အမှတ် ၁၄၈ - ၁၅၀၊ ၃၃ လမ်း၊ ရန်ကုန်မြို့ ၌

မျက်နှာဖုံး ခွင့်ပြုအမှတ် ၅၆၀/၉၁ (၁၀) အရ
ဦးကျော်စိန်၊ ကျောက်စိမ်းအော့ဖ်ဆက် (၀၂၉၀၉)
အမှတ် ၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့ မှ ပုံနှိပ်၍

ဒေါ်ခင်ခင်စိန်၊ ချစ်မင်းလှ စာပေ (၀၁၈၁၉)
အမှတ် ၄၃ (က)၊ မလိခ လမ်း၊ ရွှေမိုး၊ ရန်ကုန်မြို့ မှ

အုပ်ရေ [၁၀၀၀] ကို ပထမ အကြိမ် အဖြစ်
၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ တွင် ပုံနှိပ် ထုတ်ဝေပါသည်။

တန်ဖိုး * ၄၂ ကျပ်

# ဂျူး

## ခကြွမွှယွားသော ကိမ်မိတ်ကိုဟ်များ အကြောင်း

ဒုတိယ တွဲ [ဇာတ်သိမ်း]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၅။

ယနေ့ တရားခံ ရှေ့နေတစ်ဦး အနေဖြင့် ယခု အမှုမှ တရားလိုကို ပထမဦးဆုံး အကြိမ် မြင်တွေ့ရသည်။ သူ တွေ့ဖူးသမျှ တရားလိုထဲတွင် အလှဆုံး ဖြစ်၏။

မြနှင်းဆီသည် ဘီးတပ်ကုလားထိုင်ပေါ်တွင် အရုပ်ကလေး တစ်ရုပ်လို ငြိမ်သက်စွာ ထိုင်နေသည်။ သူမတွင် လှပသော ဆံပင်များ မရှိပါ။ သူမ၏ ဆံပင်များ အားလုံး ရိတ်ထားပြီး ဦးခေါင်းတွင် မတ်တီးတစ်ဝက်ပြည့် ပတ်ထားသည်။ ဆံပင်၏ အလှ မပါတဲ့နှင့်ပင် မြနှင်းဆီ၏ မျက်နှာအလှမှာ ထင်ရှားလွန်းလှသည်။ ကုလားထိုင်ပေါ်တွင် နောက်မှီလျက် လေးရှိစွာ ထိုင်နေသော မြနှင်းဆီသည် မြတ်စု ပြောခဲ့ဖူးသော လှောင်ပြောင်



www.burmeseclassic.com

သရော်ရိပ်များ၊ မာန်မာနများမှ ကင်းကွာလျက် ရှက်ကြော်တတ်သော မိန်းမငယ် တစ်ဦးလို မျက်လွှာချလျက် ရှိသည်။ သူမ၏ ဝတ်စုံမှာ အစိမ်းနုရောင်ဖျော့ဖျော့၊ ပျော့ပျောင်းသော ဝတ်စုံ ဖြစ်၏။ ပွရောင်းသော ဝတ်စုံအောက်မှ ကိုယ်ခန္ဓာ၏ လှပမှုကို လူတိုင်း ခန့်မှန်းနိုင်ပါသည်။

မြတ်စုသည် နောက်နား ခပ်ကျကျတွင် တရားခံထိုင်ခုံ၌ ထိုင်နေပြီး နှုတ်ခမ်းများတင်းနေအောင် စေ့ပိတ်ထား၏။ သူ့ မျက်လုံးများ ခါတိုင်းလို ဖျော့မှိန်ခြင်း မရှိဘဲ နက်မှောင် ရွှန်းလက်နေပြီး နာကြည်းရိပ်ဖြင့် တောက်ပနေသည်။ ထူးခြားသည်မှာ တရားလိုနှင့် တရားခံ တစ်ယောက်ကိုတစ်ယောက် မကြည့်ကြခြင်းပင် ဖြစ်သည်။ တရားလိုသည် လက်နှစ်ဘက်ကို ပေါင်ပေါ်မှာ သက်သက်သာသာ တင်ထားသော်လည်း တရားခံသည် သူ့လက်များဖြင့် ထိုင်ခုံဘေးစွန်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလျက် ရှိသည်။

"မမြနှင်းဆီ"

ညင်သာစွာ ခေါ်လိုက်သော ဦးဖေအောင်၏ မျက်နှာမှ ဂရုဏာသက်မှု၊ စာနာမှုများကို တရားသူကြီး အကဲခတ်မိပါလိမ့်မည်။





"ခင်ဗျားကို ဆရာဝန်တွေ ညွှန်ကြားထားတာက ကိုယ်ဝန်ရဲ့ အလေးချိန်ကို ခြေထောက်တွေက မခံသင့်သေးဘူးလို့ ပြောတယ်နော်၊ ဒါပေမယ့် ရုံးတော်ရှေ့မှာ ကျမ်းကျိန်တဲ့အခါ ကျတော့ ... မတ်တတ်ရပ်ရတယ်၊ ဒီတော့ ...."

ဦးဖေအောင်က နောက်ခုံတန်းဆီသို့လှမ်းကြည့်လိုက်တော့မှ ... စောက သူ သတိမထားမိခဲ့သူများကို မြင်ရသည်။သက်သက်နှင့် အခြား မိန်းကလေးတစ်ယောက် ဖြစ်လေသည်။ သူတို့ နှစ်ယောက် မြနှင်းဆီ ဆီသို့ လျှောက်လာပြီး မြနှင်းဆီကို တစ်ဘက်တစ်ချက်မှ တွဲ၍ မတ်တတ်ရပ်ပေးသည်။ ရှေ့မှ ကြောင်းပေးသော ကျမ်းသစ္စာ စကားများကို မြနှင်းဆီက ဖြည်းလေးစွာ၊ ... တိမ်စွာ လိုက်ဆို၏။ ကျမ်းသစ္စာ ကျိန်ဆိုခြင်း ပြီးသွားချိန်တွင်တော့ မြနှင်းဆီက ဘီးတပ် ကုလားထိုင် ပေါ်မှာ နဂို ပုံစံအတိုင်း ခပ်လျော့လျော့လေး ထိုင်လေသည်။

နာမည်၊ အသက်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာများကို ထုံးစံ အတိုင်း မေးမြန်းနေချိန်တွင် မြနှင်းဆီကို အနီးကပ် လေ့လာရသမျှတော့ အလွန် အပြစ်ကင်းသော သနားဖွယ်ရာ မိန်းကလေးတစ်ဦးသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အခင်းဖြစ်ပွားသည့်နေ့ အကြောင်း မေး...
ဝရန်တာတွင် နှစ်ယောက် မတ်တတ်ရပ်မိချိန်အထိ ဖွ...
ချက်များမှာ မြတ်စု ပြောပြထားသည့် အတိုင်း တစ်ထပ်...
ကျနေသည်။

"ခါတိုင်းရော သူ လာရင် အရက်သောက်ချင်တယ် ...
သလား"

"တစ်ခါမှ မပြောဖူးပါဘူး"

"ဆက်ပြောပါဦး"

"ဒါနဲ့ ကျွန်မကလဲ ရေခဲသေတ္တာထဲမှာ သံဘူး ဘီယာ...
ရှိတဲ့ အကြောင်း ပြောပြီး ဘီယာပဲ သောက်ကြဖို့ သဘော...
လိုက်ပါတယ်၊ ဒီတော့ သူက သက်သက်ကို အမြည်း ဝယ်...
လိုက်မယ်လို့ ပြောပါတယ်"

ဤနေရာတွင် တရားလိုနှင့် တရားခံ စတင် ကွဲလွဲတော့သည်...
ကိုခင်ဇော်သည် တရားလိုကို စူးစိုက်စွာ အကဲခတ် ကြည့်သ...
လီမ်ညာသည့် အရိပ်အယောင် မတွေ့ရပါ၊ အမြည်း ကိစ္စ...
မည်သူများ၍ မည်သူ မှန်သနည်း။





"သြော် .... သက်သက်ကို အမြည်း ဝယ်ခိုင်းဖို့ သူက စဖြီး
...ပေးတာပေါ့"

...အထက်က ထွက်ဆိုပြီးသား အချက်ကို လေးနက်အောင်
...သော လမ်းကြောင်း မေးခွန်းဖြစ်၍ သူ မကန့်ကွက်နိုင်ပါ။

"ဟုတ်ပါတယ်"

"အဲဒီနောက် ဘာဖြစ်သလဲ"

"သက်သက်ကို ဆိုင်ကယ်နဲ့ လွှတ်လိုက်ပါတယ်"

"ဆက်ပြောပါဦး"

"ကျွန်မတို့ နှစ်တောက်တည်း ကျန်ရစ်ပါတယ်"

"ဘာပြောဖြစ်ကြသလဲ"

"စကားမပြောဘဲ နှစ်ယောက်လုံး ပင်လယ်ပြင်ကို ငေးနေ
...ဘာပါပဲ၊ ဝရန်တာက မထွက်ခင်ကတော့ သူ့ လျှို...
...နဲ့ ပတ်သက်ပြီး နည်းနည်းပြောဖြစ်ခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ပြောသလဲ"

"သူကပဲ ပြောတာပါ၊ ဖြူလေး ၊အဖေကို သွားပြော ပြောပါတော့၊ ကျွန်တော် မတားတော့ပါဘူး တဲ့၊ မိန်းက တစ်ယောက်ကို ညာပြီး လက်မထပ်ချင်ပါဘူး တဲ့၊ ကျွန် ကိုယ်တိုင် ဖွင့်ပြောဖို့ ဆုံးဖြတ် ပြီးပါပြီ တဲ့"

"အဲဒီတော့...."

မြနှင်းဆီက ဦးဖေအောင်ကို မော့ကြည့်၏။ နက် စိမ်းမြသော မျက်ဝန်းများတွင် အပြစ်ကင်းစင် နားမလည် အရိပ်မျိုး တွေ့နေရဆဲ ဖြစ်သည်။

"အဲဒီတော့ ကျွန်မကလဲ ယုံလိုက်မိပါတယ် ရှင်"

မြနှင်းဆီ၏ အသံတွင် ယူကျုံးမရ နောင်တ ရဟန် စွန်းထင်နေသည်ကို တရားသူကြီး သတိ မပြုမိဘဲ မနေ ကိုခင်ဇော်သည် လှပသော နှုတ်ခမ်းကလေးကို ပထမဦး အကြိမ် စူးစိုက် ကြည့်မိသည်။ ဤ နှုတ်ခမ်းငုံကလေးသ လူတစ်ယောက် တစ်သက်တစ်ကျွန်းကျအောင် လှပစွာ လိမ်





ထွက်ဆိုပေတော့မည်။ သို့သော် သူ မြနှင်းဆီ အပေါ် ယုံကြည် ရမလို ဖြစ်လာပြန်၏။ ဟုတ်မှ ဟုတ်ပါ့မလား။ ဤ ကိစ္စတွင် မြနှင်းဆီက အမှန် ဖြစ်၍ မြတ်စုက လိမ်ညာတာရော မဖြစ်နိုင် ဘူးလား။

သူ မြတ်စုကို လှမ်းကြည့်လိုက်တော့ မြတ်စုသည် ခုံတန်း အစွန်းကို တင်းကျပ်စွာ ဆုပ်ထားဆဲ။ မြတ်စု၏ မျက်နှာတွင် လည်း ကလေး သူငယ် တစ်ယောက်၏ အပြစ်ကင်းစင်စွာ ဒေါသဖြစ်မှုကို တွေ့နေရပြန်၏။

ဤ နှစ်ယောက်တွင် တစ်ယောက်က အပြစ်ကင်းသူ ဖြစ် လျက် တစ်ယောက်က သရုပ်ဆောင် မိုင်နိုင်သူ ဖြစ်ပေမည်။

"မမြနှင်းဆီ .... ဖြစ်ပျက်ပုံကို ပြောပါဦး"

မြနှင်းဆီသည် စားပွဲပေါ်မှာ အခင်း ဖြစ်ပွားမှု ရုပ်ရှင် မြင်ကွင်း ရှိနေသလို စားပွဲကို စိုက်ကြည့်လျက် တစ်လုံးချင်း ပြောလေသည်။

"ကျွန်မတို့ နှစ်ယောက် ပင်လယ်ကို ငေးကြည့် နေကြပါ တယ်၊ ကျွန်မ အတွက်တော့ ဒီကနေ့ သူနဲ့ တွေ့ရတာ နောက်



www.burmeseclassic.com

ဆုံးနေပါပဲ၊ သူ ကျွန်မကို လက်မထပ်ဘူးဆိုတာ သေချာသွားလို့ပါ၊ သူ ဘာတွေ တွေးနေတယ်ဆိုတာတော့ ဘုရားမှ သိမှာပဲ၊ ကျွန်မ တွေးနေတာကတော့ သူနဲ့ ဖြူလေး လက်ထပ်ကြရင် အဲဒီ မင်္ဂလာပွဲကို ကျွန်မ ဘယ်လို ရင်ဆိုင်ခံစားရမယ်လဲ ဆိုတာပါပဲ၊ မင်္ဂလာပွဲ အကြောင်း ပြောတဲ့ စကားတွေကို ကျွန်မ ဘယ်လို နားနဲ့ နားထောင်ရမှာလဲ၊ ယောကျ်ား တစ်ယောက်နဲ့ ချစ်ခင် စုံမက် ရင်းနှီးပြီးတဲ့ နောက် သူက လက်မထပ်နိုင်ဘူး ဆိုတာဟာ မိန်းမတစ်ယောက် အတွက် ငရဲတစ်ခုပါပဲ"

သူမ၏ စကားများသည် တစ်စုံ တစ်ယောက်ကို အပြစ်တင် လုံးဝ မပါဘဲ သူ့ ခံစားချက်ကို ဖွင့်ထုတ်ပြနေသလိုပင် ဖြစ်သည်။

"ကျွန်မရဲ့ ဝမ်းနည်းမှုကို ပိုပြီး ကြေကွဲစေတာက သူဟာ ရမစိုက်သလို ပုံစံနဲ့ ကျွန်မ မေးသမျှ မေးခွန်းတွေကို တစ်ခုမှ မဖြေဘူး ဆရာ"

"ခင်ဗျားက သူ့ကို ဘာတွေ မေးသလဲ"





"ကျွန်မ မေးတာ၊ မောင်က ဖြူလေးကို လက်ထပ်ဖို့ အစွမ်းစွန်စားမှုတွေနဲ့ ကြိုးစားတော့မှာလား လို့ မေးတယ်၊ သူ မဖြေပါဘူး၊ မောင့်ကို မြ အသက်မကချစ်မြတ်နိုးတယ်ဆိုတာ မောင် ယုံရဲ့လားလို့ မေးတယ်၊ သူ မဖြေပါဘူး၊ ဒါတွေ ကျွန်မ လုံးဝ သည်းမခံနိုင်တဲ့ အဆုံးမှာ ကျွန်မ မျက်ရည် ကျပါတယ်"

ဦးဖေအောင်က လုံးဝ ဝင်မထောက်ပါ။

"သူ့ အနားကနေ လှည့်ထွက်ပြီး အိမ်ထဲ ပြန်ဝင်မယ် လုပ်တော့လဲ သူက အသွားမခံပါဘူး၊ ကျွန်မကို ပခုံးကနေ ဆွဲပြီး ထားပါတယ်၊ ကျွန်မ မျက်ရည်ကို သူ အထူးအဆန်းလို ကြည့်ပြီး သူ ကျွန်မကို စိုက်ကြည့်နေတာ အကြာကြီးပဲ၊ ကျွန်မ ဘယ်လိုမှ ရပ်မနေနိုင်အောင် ဒူးတွေ ညွှတ်လာတာနဲ့ ဝရန်တာ လက်ရန်းကို မှီပြီး ရပ်လိုက်ရပါတယ်"

"ဝရန်တာ လက်ရန်းကို မှီလိုက်တဲ့ အချိန်မှာ သူ ဘယ်မှာ နေသလဲ"

"သူက ကျွန်မ ရှေ့မှာ ကပ်ကပ်ကလေး ရပ်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝရန်တာက ဘယ်လောက် မြင့်သလဲ"

"နှစ်ဖေခွဲ မြင့်ပါတယ်၊ ကျွန်မ တင်ပါးနဲ့ တစ်ညီတ
ပါပဲ"

"ခင်ဗျားက ဝရန်တာကို ကျောပေးထားသလား၊ မျ
တိုက်လား"

"ဝရန်တာကို တည့်တည့် ကျောပေးထားပါတယ်"

"ဝရန်တာရဲ့ ဘယ်နေရာလောက်လဲ"

"လက်ဝဲ အစွန် ထောင့်ချိုးကလေးမှာပါ"

ယခင် တစ်ပတ်တုန်းက လက်ဗွေ ပါရဂူ၏ ထင်မြင်ချ
စာရွက်ကို ရဲအုပ် ဦးစန်းမောင် ဖတ်ပြသွားပြီးမှ ယခု တစ်
မြနှင်းဆီ သက်သေ အဖြစ် အစစ်ခံခြင်းကို သူ ပထမ
အကြိမ် သံသယ ဝင်လာသည်။ လက်ဗွေ ပါရဂူ၏ ထင်
ချက် တရားလို သက်သေခံ (ဂ) တွင်လည်း ဝရန်တာ
လက်ဝဲ ထောင့်ချိုးနားတွင် လက်ဗွေရာများ နီးကပ်စွာ ရှိနေ





ကြောင်း ဖော်ပြထားသည်။ ထို သက်သေခံချက်ကို ဆေးရုံပေါ်
မှ မြနှင်းဆီ သိပြီးသား ဟု တစ်ယောက်ယောက်နှင့် လောင်း
ရဲသည်။

"ကောင်းပြီ၊ အဲဒီ ထောင့်ချိုးကလေးမှာ ဘာဖြစ်ကြသလဲ"

"ကျွန်မ မတ်မတ် ရပ်မနေနိုင်လို့ ဝရန်တာကို မှီရပ်နေ
တော့ သူက ကျွန်မ ဝရန်တာပေါ်မှာ ထိုင်မိလောက်တဲ့ အထိ
ပခုံးကနေ ဆုပ်ပြီး နှိမ့်ချလိုက်ပါတယ်၊ နောက်ပြီး သူက ကျွန်မ
ရဲ့ မျက်ရည်တွေကို သုတ်ပေးပါတယ်၊ နောက်....ကျွန်မ မေးစေ့
ကို လက်နဲ့ မ,ပြီး ကျွန်မကို ငုံ့ကြည့်နေတော့ သူ့ မျက်နှာက
တကယ်ကို ကျွန်မကို သနားညှာတာတော့မယ့် မျက်နှာထား
ပါရှင်"

ဤနေရာသည် အရေးအကြီးဆုံး အပိုင်းဖြစ်သည်။ မြနှင်းဆီ
၏ ထွက်ချက်အရ တရားခံသည် ပြစ်မှု ကျူးလွန်ကြောင်း
သေချာဖို့ ဤအပိုင်းကအဓိကကျသည်။

"အဲဒီအချိန်မှာပဲ သူက သူ့ လက်ကို ပြန်ရုပ်ပြီး နောက်ကို
ဆုတ်လိုက်ပါတယ်၊ ပြီးတော့ ကျွန်မ ပခုံးပေါ်ကနေ ကျော်ပြီး
ကြည့်လိုက်သလို ထင်မိတယ်၊ သူက ဟောဟို လှေပေါ်

www.burmeseclassic.com



မှာ တစ်ခုခုဖြစ်နေတာတော့ သေချာတယ်၊ အဲဒါ ခင်ဗျားရဲ့ စက်လှေ မဟုတ်လား တဲ့၊ ကျွန်မရဲ့ စက်လှေ ကမ်းကပ်ထားတာမှ မဟုတ်ဘဲ၊ ကျွန်မ နည်းနည်း တွေးခဲ့မိဖို့ကောင်းတာပေါ့။ ဒါပေမယ့် အမှတ်တမဲ့ ကျွန်မ ပင်လယ်ကမ်းနားကို နောက်ပြန် လှည့်ကြည့်လိုက်မိပါတယ်။ အံ့ဩစရာပဲ သိမ်ကို ရက်စက်တာပဲ၊ သူ ဒီလိုလုပ်လိမ့်မယ်လို့ ကျွန်မ ဘယ့်နှယ်လုပ်ပြီး ထင်ရက်ခဲ့မှာလဲ၊ သူ ကျွန်မကို သေအောင်သတ်တာ၊ ကျွန်မကတော့ သူ့ကို ချစ်ခဲ့ပါတယ်၊ ဘုရားသခင်ကို တိုင်တည်ပြီး ပြောရဲပါတယ်။ ကျွန်မ သူ့ကို ယုံလဲ ယုံခဲ့မိတယ်။ ကျွန်မရဲ့ ကျေးဇူးတွေကိုမှ မထောက်ဘဲ သိပ်ယုတ်မာ ရက်စက်တဲ့ လူ"

"သူ ဘာလုပ်သလဲ"

"သူ .... သူက ကျွန်မ ရင်ဘတ်ကို ပြုန်းဆို ဆောင့်တွန်းပစ်လိုက်တယ်၊ ကျွန်မကို တွန်းချလိုက်တယ်လေ၊ သူ ...."

"တစ်ခုခုကို ဖမ်းဆွဲ မထားဘူးလား"

"ကျွန်မ ဖမ်းဆွဲလိုက်မိတာက လေတွေပဲ ဖြစ်နေပါတယ်ရှင်"





သူ မြတ်ရှိရာသို့ လှမ်းကြည့်လိုက်၏။ မြတ်စုက မြနှင်းဆီကို စိုက်ကြည့်နေသည်။ ထို အကြည့်တွင် မုန်းတီးမှု များစွာ ပါဝင်သည်။

"ဟာခနဲ .... အသည်းအေးပြီး လေထဲမှာ လွင့်သွားတာက ခဏကလေးရယ်၊ အဆမတန် အသည်းခိုက်အောင် နာကျင် သွားတာ တစ်ကိုယ်လုံးပဲ၊ တစ်ကိုယ်လုံး ကျိုးပဲ့ ကွဲကြေပြီး အစိတ်စိတ် အမွှာမွှာ ဖြစ်သွားတဲ့ နောက် ကျွန်မ နောက်ဆုံး သိလိုက်တာက ကျွန်မ သေသွားပြီး ဆိုတာပဲ"

ရုံးခန်းထဲတွင် ပင့်သက်ရှိုက်သံ တီးတိုးသံများ သဲ့သဲ့ထွက် သာ၏။ မြနှင်းဆီ၏ ထစ်အအ တုန်ယင်သောအသံ တိုးတိုးကလေး သည် နားထောင်သူများ အဖို့ ကရုဏာသက်စဖွယ်ပင် ဖြစ် သည်။

"ဒါဖြင့် အခု ဖြစ်ပျက်သွားတာဟာ ဒေါ်သ အချက် ရှိန်ဖြစ် တွန်းထိုးလို့ မဟုတ်ဘဲ တမင်သက်သက် တွန်းချလိုက် တာပေါ့ ဟုတ်လား"



www.burmeseclassic.com

သူ မကာန့်ကွက်ပါ။ မြနှင်းဆီ အပေါ် အားလုံး ကရုဏာ သက်ခနချိန်တွင် ထို ကရုဏာကို ဖယ်ရှားပစ်၍ သူ စိတ်မကူး ပါ။

"ဟုတ်ကဲ့ တမင်သက်သက် တွန်းချတာပါ ရှင်"

"ခင်ဗျား မအော်ဘူးလား"

"ကျွန်မ အော်လိုက်မိသလား မအော်မိဘူးလား မသိပါ ဘူးရှင်"

မြနှင်းဆီသည် မျက်လွှာချလျက် သူမ၏ လက်နှစ်ဘက်ကို တစ်ခုနှင့် တစ်ခု ဆုပ်ထားသည်။

"ခင်ဗျား မြေကြီးပေါ် ဘယ်အနေအထားနဲ့ ကျသွားသလဲ ဇောက်ထိုးလား တည့်တည့်လား"

မြနှင်းဆီထံမှ ရှိုက်သံတစ်ချက်ထွက်လာသည်။ ထို ရှိုက်သံ သည် ထိန်းချုပ်ထားလျက်က ပွင့်ထွက်လာသလို တိုးတိုး အစ် အစ်ကလေး ဖြစ်၏။





"ကျွန်မ .... တစ်ကိုယ်လုံးနဲ့ ကျလိုက်တယ်လို့ ထင်တာပါပဲ ဘာမှ မသိပါဘူး"

တရားသူကြီးက မြနှင်းဆီကို စူးစိုက်ကြည့်နေသော်လည်း နှာမှာ ဘာခံစားချက်မှ မပေါ်ပါ။

"မြနှင်းဆီ .... တရားခံက ခင်ဗျားကို သတ်ဖို့ ဘယ်နှစ်ခါ မောင်းဖူးသလဲ"

"နှစ်ခါပါ"

"အဲဒီ အကြောင်း ပြောပြပါဦး"

"တစ်ခါကတော့ ကျွန်မကို တွန်းမချခင် တစ်ရက်ကပါ။ သား အဖေကို သွားပြောရဲ ပြောကြည့် ပြောပြီးတာနဲ့ ှိုင်တည်း ခင်ဗျား သေစေရမယ် တဲ့"

"နောက် တစ်ခါကရော"

www.burmeseclassic.com



"အဲဒီ အရှင် တစ်လကျော်ကျော်လောက်ကပါ၊ ...
မှာပါ။ အဲဒီနေ့က သူ ခရီးထွက်တဲ့ နေ့ပါ။ သူ့ကို ...
မန္တလေးသွားမယ့် အကြောင်း၊ မန္တလေးရောက်ရင် သူ့ ...
ဒေါက်တာ ဒေါ်တင်တင်နဲ့ ...သွားတွေ့မယ့်အကြောင်း ...
ပါတယ်။ အဲဒီတော့ သူက ကျွန်မကို လူတွေအများကြီး...
ပခုံးကနေ ဆုပ်ယမ်းပြီး ဆောင့်တွန်းလိုက်တယ်။ ...
မြေကြီးပေါ် လဲကျသွားပါတယ်။ အဲဒီအချိန်မှာ သူ ...
ပဲ၊ မာမီ့ဆီသွားရင် ခင်ဗျားကို ကျုပ်သတ်ပစ်မယ်တဲ့"

သူ စိတ်ဆင်းရဲသွား၏။ မြနှင်းဆီ လိမ်ညာနေခြင်း ...
ပါ။

—

"အဲဒီတုန်းက ဘေးနားမှာ ဘယ်သူတွေ ရှိသလဲ"

"ကျွန်မရဲ့ အိမ်ရှင် အဒေါ် ဒေါ်သုန် ရှိပါတယ်"

ဦးဖေအောင်သည် အတန်ကြာကြာ ငြိမ်သက်ပြီး မြ...
ကို ငုံ့ကြည့်နေ၏။ မေးခွန်းကို ဆနေဟန် ရှိပါသည်။





"မမြနှင်းဆီ ကျွန်တော် တစ်ခုမေးဦးမယ်နော်၊ ခင်ဗျားနဲ့ တရားခံနဲ့ ချစ်သူရည်းစား ဖြစ်ခဲ့ကြတယ်ဆိုတာ ခင်ဗျား ထွက်ချက်ထဲမှာ ထင်ရှားနေတယ်၊ ဒီတော့ အခု တရားခံအပေါ်မှာ ဘယ်လို စိတ်သဘောထား ရှိသေးသလဲ၊ ခင်ဗျား သူ့ကို မုန်းသလား"

"ကျွန်မ မုန်းလို့ မရပါဘူးရှင်"

"ကန့်ကွက်ပါတယ် ခင်ဗျား"

သူ ထိုင်ရာမှ ကမန်းကတန်းထ၍ ကန့်ကွက်လိုက်သော်လည်း သက်သေက ဖြေပြီး နေပြီ၊ တရားသူကြီးက သူ့ကို ပြုံးကြည့်၏။

"ကန့်ကွက်ချက်ကို ပယ်ပါတယ်"

သူ ဘာမျှမတတ်နိုင်ပါ။ နေရာတွင် ပြန်ထိုင်လိုက်ရ၏။

"တရားလိုဘက်က မေးစရာ မရှိတော့ပါဘူး ခင်ဗျား"

သူ ထိုင်ရာမှ ပြန်ထလိုက်ရပြန်၏။ မြနှင်းဆီသည် သူ့ကို လုံးဝ မော့မကြည့်ပါ။ မျက်လွှာချလျက် စားပွဲမျက်နှာပြင်ကို စိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမြနှင်းဆီ ခင်ဗျားတို့ တိုက်ဝရန်တာရဲ့ ဘေးမှာ တို… မျက်နှာပြင်ကနေ ရှေ့ထုတ်ထားတဲ့ အမိုးပြားကလေးတွေ … တယ် နော်"

မြနှင်းဆီ ချက်ချင်းမဖြေဘဲ သူ့ကို မော့ကြည့်သည်။ နုံး… သော မျက်နှာထားကလေး ဖြစ်သည်။

"အမိုးပြား ဟုတ်လား"

သူမ၏ မသိနားမလည်ဟန် မျက်နှာလေးကို ကြည့်ရင်း… သူ့ ခေါင်းကို ထိန်းချုပ်၍ ပြုံးလိုက်သည်။

"အုတ်အစွန်းထွက် အပြားကလေးတွေလေ၊ အောက်က… ပြတင်းပေါက်ကို မိုးရေကာထားတဲ့ အပြားကလေးတွေ… ခတ်ပုံတောင်းပြီး ပြရဦးမလား"

"ဪ …. ဟုတ်ကဲ့ ရှိပါတယ်။ နေပါစေရှင် ကျွန်မ သ… ပါပြီ"

"အဲဒီ အုတ်အမိုးပြားကလေးတွေပေါ် ခင်ဗျား မကြာခဏ… တက်ရပ်ဖူးတယ် မဟုတ်လား"





"ကျွန်မ …. ဟုတ်ကဲ့ အဲဒီ အပေါ် တက်ရပ်ဖူးပါတယ်"

"ဝရန်တာကနေကျော်ပြီး လှမ်းကူးလိုက်ဖို့ လွယ်သလား"

"ဟုတ်ကဲ့ သိပ်မခက်ပါဘူး ရှင်"

သူ အတတ်နိုင်ဆုံး လေသံကို မာအောင် ပြုပြင်လျက် နောက် မေးခွန်း တစ်ခု ဆက်မေးလိုက်သည်။

"ခင်ဗျား အဲဒီအမိုးပြားကလေးပေါ် တက်ရပ်ပြီး လက်ထပ် မှာလား၊ လက်မထပ်ဘူးလားလို့ မြတ်စုကို ခြိမ်းခြောက် အကျပ်ကိုင်ခဲ့သေးတယ် မဟုတ်လား"

"အို …. ကျွန်မ အဲဒီလို မလုပ်ခဲ့ပါဘူး ရှင့်၊ အဲဒီ ညက အုတ်အပြားပေါ် လုံးဝကို မတက်ခဲ့ပါဘူး"

မြနှင်းဆီ၏ မျက်နှာတွင် နားမလည်နိုင်သလို ဇဝေဇဝါ အမူအရာကို တွေ့ရသည်။ ရှေ့ဆက်၍ စွပ်စွဲလျှင် ဦးဖေအောင် က ကန့်ကွက်တော့မည်။ သူ အောင်မြင်စွာ နောက်ဆုတ် လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



“မမြနှင်းဆီ အရင်တုန်းက အဲဒီတိုက်ဟာ အဝါရော နော်”

“ဟုတ်ကဲ့”

“အခု အစိမ်းရောင်ပြောင်းနေပြီ မဟုတ်လား၊ အဲဒီအရော ပြောင်းသုတ်တဲ့ ကိစ္စမှာ ခင်ဗျားရဲ့ အကြံဉာဏ် ဘယ်လော အထိ ပါဝင်သလဲ”

“ကန့်ကွက်ပါတယ် ခင်ဗျား”

ဦးဖေအောင်က မတ်တတ်ရပ်၍ တရားသူကြီးရှိရာ တ တည့် လှည့်ကြည့်သည်။

“တရားခံ အကျိုးဆောင်ကြီးဟာ ထင်ရှားခြင်း မရှိသေး အကြောင်းခြင်းရာကို ထင်ရှားပြီး ဖြစ်သလို မေးနေပါတယ်”

“တရားခံ အကျိုးဆောင်ကြီးရဲ့ မေးခွန်းကို ပြင်မေး” ဟု တရားသူကြီးက ဆုံးဖြတ်ပေးသည်။ သူ စိတ်မသက်သာ ခေါင်းညိတ်ပြလိုက်ရ၏။





“တိုက် အရောင်ပြောင်းသုတ်တဲ့ ကိစ္စမှာ ခင်ဗျား အကြံ ဉာဏ် ပေးခဲ့သလား”

“ကျွန်မက အစိမ်းရောင်နဲ့တည့်လို့ အစိမ်းရောင် သုတ်ချင် ဘယ်လိုတော့ အကြံ ပေးခဲ့မိပါတယ်”

“တိုက်ကို ဆေးသုတ်ဖို့ အိမ်ရှင် ဒေါ်သုန်ကို ခင်ဗျားက ပြီး အကြံပေး တိုက်တွန်းတာ မဟုတ်လား”

ဦးဖေအောင် အေးအေးဆေးဆေး ထိုင်နေသည်။ ကိုယ့်အမှု သည်ကို ယုံကြည်စိတ်ချသော ရှေ့နေ၏ အမူအရာပင်ဖြစ်သည်။

“မဟုတ်ပါဘူး ရှင်၊ ဒေါ်သုန်က ဆေးသုတ်ဖို့ စီစဉ်နေ တာ ကြာလှပါပြီ”

“ကြာလှပြီဆိုတာ ဘယ်လောက်ကြာကြာလဲ”

“ကျွန်မ ရောက်ကတည်းကပါပဲ၊ ၆ လ ၇ လ လောက်ရှိ ရှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ၆ လ လောက်တုန်းက စီစဉ်ရုံ စီစဉ်ပြီး အဓိပ္ပာယ် ဝုန်းဒိုင်းကြီး ထ,ဆေးသုတ်တာ ခင်ဗျားရဲ့ တိုက်တွန်း ကျော် ကြောင့် မဟုတ်လား"

"မဟုတ်ပါဘူး"

သူ သက်ပြင်းချလိုက်၏။ သူမ အလွန် ခေါင်းမာသည်။

"အစိမ်းရောင် သုတ်ဖို့ ကိစ္စ ဒေါ်သုန်နဲ့ ခင်ဗျား ဘယ် သူ့က ပြောလိုက်ကြသလဲ"

"ဆေးရုံပေါ် ကျွန်မဆီ လူမမာ မေးလာရင်း ပြောကြပါ တယ်"

"ဆေး ပြင်သုတ်ဖို့ ခင်ဗျားက စပြောတာ မဟုတ်လား"

"မဟုတ်ပါဘူး၊ သူက စ,ပြောပါတယ်"

သူ မြနှင်းဆီကို မျက်နှာထား တင်းတင်းဖြင့် စိုက်ကြည့်ပြီး လိုက်၏။





"သေလုမြောပါး ဖြစ်နေတဲ့ လူမမာ တစ်ယောက်ကို လူမမာ မေး လာတဲ့ သူက တိုက် ဆေးသုတ်ဖို့ ကိစ္စကို အရေး အကြီး ဆွေးနွေးတယ်လို့ ပြောချင်တာလား"

"ကန့်ကွက်ပါတယ် ခင်ဗျား" ဦးဖေအောင် ဝုန်းခနဲ ထ,ပြော သည်။

"တရားခံ အကျိုးဆောင်ကြီးဟာ တရားလို သက်သေဆီက ရလိုချင်တဲ့ အဖြေကို မရ ရအောင် ညှစ်ထုတ်နေခြင်း ဖြစ်ပါ တယ်"

"ကန့်ကွက်ချက်ကို လက်ခံတယ်၊ အကျိုးဆောင်ကြီးရဲ့ ဆေးခွန်းကို သက်သေကလဲ ဖြေပြီးသားပါ"

သူ ဦးနှောက်ခြောက်သွား၏။ ဒေါ်သုန်ကို ပြန်လှန် မေး သည့် အခါ ဒေါ်သုန်က ကွဲလွဲ ထွက်ဆိုလျှင်တော့ ကောင်း ပါ၏။ မည်ကဲ့သို့ ထွက်ဆိုပါဟု သင်ကြားပေးထားလျှင်တော့ ခက်နေ၏။ သည်အတိုင်း ဆိုလျှင် သူ့ကို ကူညီနိုင်သူမှာ မိဘမဲ့ ကလေး ဂေဟာ၏ ဂေဟာမှူး တစ်ယောက်သာ ရှိတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးသုတ်ဖို့ ကုန်ကျစရိတ်ကိုတော့ ခင်ဗျား ထုတ်ပေးခဲ့တယ် မဟုတ်လား"

မြနှင်းဆီက သူ့ကို မျက်လွှာပင့်ကြည့်၏။ သူ မြနှင်းဆီ၏ မျက်လုံးများကို စူးရှစွာ စိုက်ကြည့်နေလိုက်သည်။ မြတ်စုကို သူမ အလိုရှိရာသို့ ဆွဲဆောင်သိမ်းသွင်းခဲ့သော မျက်လုံးများ ထို မျက်လုံးများ ရဲဝံ့လှပါသည်။

"သူတို့မှာ မရှိသေးလို့ ကျွန်မ စိုက်ထားတာပါ"

"ခင်ဗျားကို ဒေါ်သုန်တို့ လူမမာ လာမေးတာ ဘယ်နေ့က လဲ" မြနှင်းဆီ သူ့ကို မော့မကြည့်ပါ။

"ကျွန်မ သတိရပြီး တစ်ရက်ခြားဆိုတော့၊ အဲ....၂၂ ရက် နေ့ပေါ့"

"တိုက် ဆေးသုတ်ဖို့ ကိစ္စကို ခင်ဗျားက အစဖော်ပေးတာ မဟုတ်လား"

"မဟုတ်ပါဘူး သူကပဲ ပြောပါတယ်၊ သူတို့ ငွေရေးကြေးရေးနဲ့ ပတ်သက်ပြီး အခုလို လူသိရှင်ကြား ထုတ်ပြောရတာကို ကျွန်မ အားနာပါတယ်"





မြနှင်းဆီ၏ နှုတ်ခမ်းတွင် အပြုံး ရိပ်ရိပ်ကလေး ထင်ဟပ် [...]သည်။

"ဒေါ်သုန်က ပြောတယ်၊ တိုက်ကို ဆေးသုတ်ချင်နေတာ [...]ပြီ တဲ့၊ အခု ဆေးပြန်သုတ်ရင် ကောင်းမလားလို့ တဲ့၊ [...]တွေကလဲ အမှုဖြစ်တဲ့ အိမ် ဆိုပြီး လာလာကြည့်ကြ၊ ဖြတ် [...]သွားရင်း ကြည့်ကြနဲ့ မနည်းပါဘူး တဲ့၊ ဒီတော့ မြနှင်းဆီကိုလဲ [...]ားနာပါတယ် တဲ့၊ ငွေ တစ်သောင်းလောက် လွှယ်ရင် ခဏ [...]ပါတဲ့၊ လခနဲ့ နှိမ်ပေးပါ့မယ် တဲ့"

သူ တအံ့တဩ ပုံစံ မဖြစ်အောင် ထိန်းထားလိုက်ရသည်။ [...] အမှန်ကို ပြောနေခြင်းလား၊ လိမ်ညာနေခြင်းလား မခွဲ [...] တတ်ပါ။

"အဲဒီတော့ ခင်ဗျားက ဝမ်းသာအားရ ပိုက်ဆံ ထုတ်ပေး [...]က်ရောလား"

"ကန့်ကွက်ပါတယ် ခင်ဗျား"

ဦးဖေအောင် နောက်တစ်ကြိမ် မတ်တတ်ရပ်၍ ကန့်ကွက် [...]တွင် သူ မှားသွားမှန်း သူ့ဟာသူ သတိရလိုက်၏။ သို့သော် [...]ခွန်းက လွန်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



"တရားခံ အကျိုးဆောင်ကြီး အနေနဲ့ မေးခွန်းကို သ...
...ား မေးဖို့ ရုံးတော်က သတိပေးပါတယ်"

သူ့ မျက်နှာ ဖြန်းခနဲ ပူနွေးသွား၏။

မြနှင်းဆီသည် တရားသူကြီးကို ငေးနေသည်။ ရုံးခန်းထဲတွ...
ဖြစ်ပျက်သမျှ ဘာမှ မရိပ်မိသလို။

"အဲဒီတော့ ခင်ဗျား ပိုက်ဆံ ထုတ်ပေးလိုက်ရောလား"

"ဟုတ်ကဲ့၊ ငွေတစ်သောင်း ထုတ်ပေးဖို့ ကျွန်မနဲ့ စပ်တ...
လုပ်ငန်းရှင် တစ်ယောက်ဆီ စာရေးပြီး လက်မှတ်ထိုးပေးလိုက်
ပါတယ်"

"ဆေးရုံပေါ် ကနေပဲလား"

"ဟုတ်ကဲ့၊ ဆေးရုံ ခုတင်ပေါ် ကနေပါပဲ၊ ကျွန်မ ညာလက်
တစ်ခုကတော့ ဘုရားသခင် အလိုတော် အရ အကောင်း ကျန်
နေခဲ့ပါတယ် ရှင်"





သွားပြီး မြနှင်းဆီ၏ စကားပြော လည်ပတ်မှု၊ လိုရာ ဆွဲယူ
...တ်မှုကို သူ ချီးကျူးရပါတော့မည်။ သူ မချိပြုံး ပြုံးလိုက်ရ
...သည်။

"အစိမ်းရောင်နဲ့ တည့်တယ်လို့ ဘယ်လိုလုပ် သိတာလဲ"

"ဗေဒင်ဆရာက ဟောတာပါ"

"ဒါဆို ဗေဒင်ဆရာက ဆေးသုတ်ခိုင်းလို့ပေါ့ ဟုတ်လား"

"မဟုတ်သေးဘူး ရှင့်၊ ဗေဒင်ဆရာက ဆေး မသုတ်ခိုင်းပါ
...ူး၊ အစိမ်းရောင် ဆောင်ခိုင်းတာပါ၊ ဒေါ်သုန်က ဆေးသုတ်
...ာနဲ့ ဗေဒင်ဆရာ အစိမ်း ဆောင်ခိုင်းတာနဲ့ တိုက်ဆိုင်သွား
...ပါ"

သူ ချောင်ပိတ် မေးဖို့ အားယူလိုက်သည်။

"အစိမ်းရောင် ဆောင်ဖို့ဆိုရင် ကျောက်တို့ အဝတ်အစား
...တို့ကို ဆောင်လို့ မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဆီ ဆွံ့အသွားပြီးမှ အသံ တည်ငြိမ်စွာ ဖြေ၏။

"ကျောက်က လောလောဆယ် ဆေးရုံပေါ်က လက်လွှ… မမီသေးပါဘူးရှင်၊ အဝတ်အစား အစိမ်းရောင်လဲ ဆော… မှာပေါ့၊ လောလောဆယ် မရသေးလို့ပါ"

"ဒါဖြင့် ခင်ဗျားက တိုက် တစ်ခုပဲ အစိမ်းရောင် ဆော… တာပေါ့"

"ဟုတ်ပါတယ်"

"ခင်ဗျားရဲ့ ကိုယ်ပိုင်တိုက်လဲ မဟုတ်ဘဲနဲ့လေ"

မြနှင်းဆီ၏ မျက်ဝန်းများတွင် ချောင်ပိတ်ခံရသော အနိ… အငွေ့များ ပေါ်ပေါက်လာသည်။

"ဟုတ်ကဲ့၊ ဒါက.... ကျွန်မ လောလော ဆယ် နေ… တာမို့"





ကိစ္စ မရှိပါ။

"ခင်ဗျား ကိုယ်တိုင် ဗေဒင် မေးသလား"

မြနှင်းဆီ ချက်ချင်း မဖြေဘဲ ခဏ ငြိမ်သက်သွား၏။ သူ …ဉ်းစားချိန် မပေးနိုင်ပါ။

"ဖြေလေ၊ ခင်ဗျားကိုယ်တိုင် မေးတာလား၊ ဘယ်က ဗေဒင် ဆရာလဲ"

မြနှင်းဆီက အနည်းငယ် ပြုံးပြန်၏။

"ကျွန်မ ကိုယ်တိုင် မေးတာ မဟုတ်ပါဘူး၊ သက်သက်က …မေးပေးတာပါ၊ ကျွန်မ ရန်ကုန် ဆေးရုံမှာ သတိလစ်နေတုန်း …ကျွန်မ သေမလား ရှင်မလား မသိလို့ ဗေဒင် ဆရာဆီ သွားမေး …တယ်လို့ ပြောပါတယ်"

ရှုပ်ကုန်ပြီး ထို အရှုပ်ကို မြနှင်းဆီ ရှင်းနိုင်မလား သူ …သိချင်၏။



www.burmeseclassic.com

www.burmeseclassic.com



"အခုလို သေရေးရှင်ရေး ကိစ္စမှာ အိမ်ဖော်မကလော
ဗေဒင် ယတြာ အပေါ် လုံးဝ အားကိုးနေခဲ့တယ် လို့
မလား"

"ကျွန်မ အသက်ရှင်ရေး အတွက် ဆေးရုံက ဆရာဝန်
အစွမ်းကုန် ကြိုးစားနေကြပါတယ် ရှင်...ကျွန်မက အိ
ပေါ်မှာ ဘာမှ မလုပ်နိုင်တဲ့ အတူတူ လုပ်နိုင်တဲ့ လူက
ပေးတာလေးကို ကျေးဇူးတင် လက်ခံရတာ ကျွန်မ အ
ဘာမှ အပန်းမကြီးပါဘူးရှင်"

သူမက ကျွမ်းကျင်စွာ လှည့်ထွက်သွားလေသည်။ သူ မ
မချမ်း ဖြစ်သွား၏။

"ဒါဖြင့် ငွေတစ်သောင်းတောင် အကုန်ခံပြီး ယတြာ
တယ်ပေါ့ ဟုတ်လား"

ဦးဖေအောင် ထိုင်ရာမှ ထတော့မည် ဟန်ပြင်ခိုက် မြ
က ဇဝေဇဝါဟန်ဖြင့် မော့ကြည့်သည်။

"အို .... ငွေတစ်သောင်းကတော့ အစိမ်းရောင် မသု
သူတို့ တခြား အရောင်သုတ်ရှင်လဲ ကျွန်မက စျေးရမှာပဲ
မထူးခြားပါဘူး ရှင့်"





သူ မြန္နင်းဆီကို ကျိုက်၍ ချီးကျူးလိုက်ပါသည်။

"ဗေဒင် မေးတယ်ဆိုတာ မွေးသက္ကရာဇ်လိုတာပဲ၊ သတိလစ်
တဲ့ လူရဲ့ မွေးသက္ကရာဇ်ကို ဗေဒင်ဆရာက ဘယ်လိုလုပ်ပြီး
မလဲ"

"အို .... သက်သက်က ကျွန်မရဲ့ မွေးသက္ကရာဇ်ကို အလွတ်ရ
တယ် ရှင့်"

မွေးသက္ကရာဇ် ကိစ္စကလေး တစ်ခု တည်းဖြင့် သက်သက်ကို
ခေါ် သက်သေ ခေါ်ရမှာတော့ မတန်ပါ။

"ကောင်းပြီ၊ ဗေဒင်က အစိမ်းရောင်တည့်တယ်လို့ ဟော
တာကို ဆေးရုံပေါ်မှာ သတိလစ်နေတဲ့ ခင်ဗျားက ဘယ်
လုပ် သိသလဲ"

"သက်သက်ကပဲ ပြောတာပါ"

"ဘယ်တုံးက ပြောသလဲ" သူ ဆက်တိုက်မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သတိရတဲ့ နေ့ရဲ့ နောက်တစ်နေ့ ၂၁ ရက် ညနေမှာပါ၊ ဟောစာတမ်း စာရွက်ကလေးတောင် ပြပ တယ်"

"အခု ခင်ဗျားဆီမှာ အဲဒီ ဟောစာတမ်းပါသလား"

"အဲ .... မရှိတော့ဘူး ရှင့်၊ ဆေးရုံပေါ်မှာ ကျန်ခ ပေါ့"

"ဒါဖြင့် ပေဒင်စာရွက်ကို သက်သေခံ မတင်ပြနိုင် ပေါ့"

"ဟုတ်ပါတယ်"

"တရားခံ အကျိုးဆောင်ကြီး အနေနဲ့ အခု မေးနေတဲ့ ခွန်းတွေဟာ အမှုနဲ့ စပ်ဆိုင်တဲ့ အကြောင်းခြင်းရာဖြစ်ကြ သက်သေ ထူနိုင်ပါသလား"

တရားသူကြီးက ရုံးခန်းနံရံတွင် ချိတ်ထားသော တိုင် နာရီကို လှမ်းကြည့်၍ မေးတော့ သူ စိတ်ညစ်သွား၏။





"တရားသူကြီး မင်း ခင်ဗျား .... တရားလိုဟာ ဝရန်တာက နေ တွန်းချခံရတာ မဟုတ်ဘဲ တိုက်မျက်နှာပြင် အုတ်နံရံက နေ ရှေ့ထုတ်ထားတဲ့ အမိုးပြားကလေးပေါ်က ကျခြင်းဖြစ် ကြောင်း တရားခံဘက်က သက်သေထူရန် တစ်ခုတည်းသော သက်သေခံ အမှတ်အသား ဖြစ်တဲ့ လော လော လတ်လတ် ခြေဗွေရာနဲ့ လက်ဗွေရာတွေဟာ တိုက် အစိမ်းရောင် ပြောင်း သုတ်ခြင်းအားဖြင့် ဖျက်ဆီးခံလိုက်ရပါတယ် ခင်ဗျား၊ ဒါဟာ သက်သေခံ ဥပဒေပုဒ်မ ရှစ် အရ စပ်ဆိုင်သောအကြောင်းခြင်း ရာ ဖြစ်ပါတယ် ခင်ဗျား၊ တိုက်ကို အစိမ်းရောင်သုတ်ခြင်းဆိုတဲ့ တရားလို့ရဲ့ အမှုအရာဟာ အခင်းဖြစ်ပွားပြီးတဲ့ နောက်ပိုင်း အမှုအရာဖြစ်ပြီး၊ အဲဒီ အမှုအရာကြောင့် ခြေဗွေရာ လက်ဗွေရာ တွေ ပျက်စီးသွားခြင်း ဖြစ်ပါတယ် ခင်ဗျား"

"ဆက်မေးပါ" တရားသူကြီး ခေါင်းညိတ်၍ ခွင့်ပြု လိုက်၏။

"မမြနှင်းဆီ ခင်ဗျားတို့ဟာ ရဲ အရေးမိုင်တဲ့ အမှုတစ်ခုမှာ အခင်းဖြစ်ပွားတဲ့ တိုက်ကို ရဲ ခွင့်ပြုချက်မရဘဲ မိမိ သဘော ဆန္ဒအလျောက် ပြုပြင် ပြင်ဆင်မှု မလုပ်သင့်ဘူးဆိုတာ မသိ ဘူးလား"

သူမသည် ကိုခင်ဇော်ကို ငေးငေးကလေး မော့ကြည့်၍ ပြုံး ၏၊ ထို အပြုံးသည် မသိနားမလည်သူ တစ်ဦး၏ ဇဝေဇဝါ အပြုံးကလေး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အဲဒီကိစ္စကို သိပ်တော့မသိပါဘူး ရှင့်၊ ဒေါ်သုန်က ပိုက်ဆံချေးလို့ ပိုက်ဆံထုတ်ပေးရင်းနဲ့ ဖြစ်နိုင်ရင် အစိမ်းရောင် သုတ်ပေးဖို့ အကူအညီတောင်းတဲ့ သဘောပါပဲ ရှင်ဒါပေမယ့် ရဲက လက်ဗွေရာတွေ ဘာတွေ ယူဦးမလား မသိဘူးလို့တောင် ဒေါ်သုန်ကို သတိပေးခဲ့ပါသေးတယ်၊ ဒေါ်သုန့်အပြောအရ မနေ့ကပဲ လက်ဗွေရာတွေ ယူသွားပြီးပြီလို့ ဆိုလို့ပါ"

သူ ပါးစပ် အဟောင်းသား ဖြစ်မသွားအောင် စိတ်ကို ထိန်းချုပ်ထားနိုင်သော်လည်း မြနှင်းဆီကို လွယ်လွယ်ကလေး သဘောထား၍ မဖြစ်ကြောင်း ဝန်ခံလိုက်ရသည်။

သူ ဖိုင်တွဲကို လှန်လှော၍ ကြည့်လိုက်၏။ တကယ်တမ်း မေးရမည့် မေးခွန်းများကို သူ အလွတ်ရနေပြီး ဖြစ်ပါသည်။

"မမြနှင်းဆီ လွန်ခဲ့တဲ့ လေးငါးနှစ်က ခင်ဗျား ရန်ကုန်မှာ အလုပ်တွေ လုပ်ခဲ့သလဲ"





မြနှင်းဆီက နှုတ်ခမ်းတင်းတင်းစေ့၍ သူ့ကို ကြည့်သည်။ အတွင်း မျက်နှာပြန်၍ လျှော့သွား၏။ သူမ ခေါင်းငုံ့ ...ိုက်သည်။

"စတိုးဆိုင်မှာ အရောင်းစာရေး လုပ်ဖူးသလား"

"ဟုတ်ကဲ့"

မလွှဲ မရှောင်သာ၍ ဖြေလိုက်ရသော မြနှင်းဆီ၏ အသံမှာ ...းတိမ်နေ၏။

"စားသောက်ဆိုင် တစ်ခုမှာ စားပွဲထိုး လုပ်ဖူးသေးတယ် ...ဟုတ်လား"

မြနှင်းဆီ၏ နှုတ်ခမ်းက တစ်ဝက်ပြုံးလာသည်။

"စားပွဲထိုး မဟုတ်ပါဘူးရှင့်၊ ညှော်သည်ကြို ရတဲ့ အလုပ် ...ါ၊ ညှော်ကြိုမယ်လို့ ခေါ်ပါတယ် ရှင်၊ ကျွန်မ အဲဒီ အလုပ်ကို ...ခြောက်လလောက်ပဲ လုပ်တာပါ"

"အဲဒီတုန်းက ဘယ်မှာနေသလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမ ခဏ ဆွံ့အ သွားသည်။ မြနှင်းဆီ လိမ် လည်ကြိုးစားနေဟန် တူ၏။ သူမကို ထွက်ပေါက် မပေးနိုင်ပါ

"အဲဒီတုန်းက လမ်းမတော် တိုက်ခန်းမှာ နေခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ်"

"တိုက်ခန်း လခက တော်တော်များများမှာပေါ့ နော်"

သူမ မော့ကြည့်သည်။ မျက်ဝန်းများ စိမ်း မှောင်လျက် အရောင်လက်နေ၏။

"ဟုတ်ကဲ့.... အဲ...."

"တိုက်ခန်း လခကို ဘယ်သူ ပေးသလဲ"

"ရှင်...."

သူ အဖြေကို ကြာရှည်စွာ စောင့်မနေနိုင်ပါ။





"မမြနှင်းဆီ ဦးစိန်အောင်ကို သိသလား"

"ဟုတ်ကဲ့၊ သိပါတယ်"

သူမ မျက်လွှာချထား၏။

"တော်တော် ရင်းနှီးသလား"

"ရင်းနှီးပါတယ်" အသံက သတိထား ဖြေသလို နည်းနည်း ...နှဲဆုတ်နေ၏။

"သူက တိုက်ခန်း လခ ပေးတာ မဟုတ်လား"

"ဟုတ်ကဲ့"

သူမ အသံ တိုးဝင်သွားတော့ သူ ကျေနပ်သွားမိသည်။

"ဦးစိန်အောင်ဟာ ခင်ဗျား တိုက်ခန်းကို ဝင်ထွက် သွား ...ာလေ့ ရှိတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကန့်ကွက်ပါတယ် ခင်ဗျား" ဦးဖေအောင် ပြန်၍ မတ်တတ်ရပ်လိုက်၏။

"ကန့်ကွက်ချက်ကို လက်ခံတယ်"

ကိစ္စမရှိပါ။ သူ မေးချင်သော မေးခွန်းကို မေးလိုက်ရပြီ နောက်တစ်ချက် ကြိုးစားကြည့်ရဦးမည်။

"ဘိတ်ကို ပြောင်းမလာခင် ရန်ကုန် စမ်းချောင်းမှာ နေ သေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ငှားနေတာလား"

"ကျွန်မ ပိုင်တဲ့ အိမ်ပါ"

"သြော်....ဟုတ်လား" သူ အံ့သြချင်ယောင် ဆောင်လိုက် သော်လည်း မပိရိနိုင်ပါ။





"ဘိုးဘွားပိုင် အိမ်တော့ မဟုတ်ဘူးပေါ့နော်၊ ဝယ်လိုက်တာ မဟုတ်လား"

"ဟုတ်ကဲ့၊ ဦးစိန်အောင်ကနေ ငွေစိုက်ပေးပါတယ်"

မမေးရဘဲ ဖြေခြင်း ဖြစ်သည်။ သူ ကျိတ်ပြုံးလိုက်၏။

"ဘာကြောင့် စိုက်ပေးသလဲ၊ ခင်ဗျားနဲ့ ဦးစိန်အောင်ရဲ့ ရင်းနှီးမှုကို သူ့ မိသားစု မသိအောင် နှုတ်ပိတ်ခ...."

"ကန့်ကွက်ပါတယ် ခင်ဗျား" ဦးဖေအောင် မတ်တတ်ရပ်၍ ကန့်ကွက်ပြန်သည်။ သူ မျှော်လင့်ထားပြီး ဖြစ်ပါသည်။

"ကန့်ကွက်ချက်ကို လက်ခံတယ်၊ တရားခံ အကျိုးဆောင်ကြီး....မေးခွန်းတွေကို သတိထား မေးဖို့ ရုံးတော်က နောက်တစ်ကြိမ် သတိပေးလိုက်ပါတယ်"

သူ ကျေနပ်စွာ ပြုံး၍ ခေါင်းညွှတ်လိုက်လေသည်။

ထို့နောက် နောက်ဆုံး ခုခံမှု အဲဖြစ် မေးခွန်း တစ်ခုကို ပြုံးခနဲ ကောက်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမြနှင်းဆီ…ခင်ဗျား အရင်တုန်းက ကိုယ့်ကိုယ်ကို သေ
ကြောင်းကြံဖို့ ကြိုးစားဖူးတယ် မဟုတ်လား"

"ကန့်ကွက်ပါတယ် ခင်ဗျား၊ ဒါဟာ အချင်းဖြ
အကြောင်းခြင်းရာနဲ့ မစပ်ဆိုင်ပါဘူး"

ဦးဇေအောင်၏ ကန့်ကွက်ချက်ကို သူ လုံးဝ အလေ့
မပေးနိုင်တော့ပါ။ တရားသူကြီးထံမှ ဆုံးဖြတ်ချက် မရသေး
သူ အလျှင်အမြန် ရှေ့တိုးသွားလိုက်၏။

"တရားသူကြီးမင်း ခင်ဗျား၊ တရားလိုကို ဝရန်တာကနေ
တွန်းချတယ်လို့ စွပ်စွဲမှုကြောင့် ကျွန်တော့် အမှုသည်ဟာ ဒီ
တရားရုံးမှာ ရင်ဆိုင်နေရခြင်း ဖြစ်ပါတယ်၊ ကျွန်တော့် အမှု
သည်က တွန်းချတာ မဟုတ်ဘဲ တရားလို ကိုယ်တိုင် သူ့စိတ်နဲ့
သူ ခုန်ချပြီး ကိုယ့်ကိုယ်ကို သေကြောင်းကြံတယ်ဆိုတာ ပေါ်
လွင်အောင် ကျွန်တော်တို့ သက်သေထူဖို့ ကြိုးစားနေခြင်း ဖြစ်
ပါတယ်၊ တရားလိုဟာ ငယ်စဉ်က ကိုယ့်ကိုယ်ကို သေကြောင်း
ကြံစည်ဖူးတာလဲ ကျွန်တော်တို့ သိရှိပြီး ဖြစ်ပါတယ်၊ ပထမ
တစ်ကြိမ် သေကြောင်းကြံစည်ဖူးသူဟာ နောက်တစ်ကြိမ် သေ
ကြောင်းကြံဖို့ ဝန်မလေးတတ်တာကို စိတ်ရောဂါကု ဆရာဝန်
များရဲ့ ဆေးပညာ ဆောင်းပါးများ အရ ကျွန်တော်တို့ သိရှိ





ပြီး ဖြစ်ပါတယ်၊ ဒါကြောင့် တရားလိုရဲ့ ငယ်စဉ် ဘဝက
ကြောင်းကြံမှုကို ပေါ်လွင်အောင် မေးခွင့်ပြုပါ ခင်ဗျား"

တရားသူကြီး၏ အဖြေကို ရင်တထိတ်ထိတ် စောင့်နေရ၏။
သူကြီးက ခေါင်းညိတ်သည်။

"ကန့်ကွက်ချက်ကို လက်မခံပါ"

သူ သက်ပြင်းချလိုက်၏။

"ကဲ….မမြနှင်းဆီ၊ စောစောက မေးခွန်းကို ဖြေပါဦး၊
ဗျား အရင်က ကိုယ့်ကိုယ်ကို သေကြောင်းကြံဖူးတယ် မဟုတ်
လား"

"ဟင့်အင်း တစ်ခါမှ အဲလို မကြံစည်ဖူးပါဘူး"

အလွယ်တကူ ဝန်ခံလိမ့်မည် မဟုတ်ကြောင်း သူ တွက်ဆ
ထားပါသည်၊ သူ မြနှင်းဆီကို စိုက်ကြည့်သော်လည်း အချည်း
နှီးသာ ဖြစ်၏။ သူမ သူ့ကို မော့မကြည့်ပါ။ ကောင်းပြီ သူ
မေးခွန်း တစ်ခု ပြောင်းမေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒီ ဘိတ်မြို့ပေါ်က မိဘမဲ့ မိန်းကလေး ဂေဟာ... ခင်ဗျား နေခဲ့ဖူးသလား"

တရားရုံး တစ်ခုလုံး ငြိမ်သွား၏။ ဦးဖေအောင်၏ မျ... တွင် အံ့သြရိပ်ကို သေသေချာချာ မြင်လိုက်ရသည်။ မြ... သည် စက္ကန့် အတော်ကြာကြာ ငြိမ်သက်နေပြီးမှ ထ... ရှေ့နေကို မော့ကြည့်သည်။ သူမ မျက်လုံးထဲတွင် မခံ... သာ ဖြစ်မှုကို တွေ့နေရသည်။ လိမ်ညာတော့မည့် အရိပ်က... လွှစ်ခနဲ ပေါ်လာပြီး နောက် သူမ လက်လျှော့သွား၏။

"ဟုတ်ကဲ့ နေခဲ့ဖူးပါတယ်"

"ဘယ်နှစ်နှစ်ကြာအောင် နေခဲ့သလဲ"

သူမ ခဏ စဉ်းစားပြီး အမှန်အတိုင်း ဖြေဖို့ စဉ်းစား... ဟန် တူသည်။

"ကျွန်မ ဆယ်နှစ်ကနေ ဆယ့်ငါးနှစ် အရွယ်အထိ... တော့ ငါးနှစ်လောက်ပါ"





"အဲဒီ မိဘမဲ့ မိန်းကလေး ဂေဟာမှာ ခင်ဗျား နေတုန်း ...ကိုယ့်ကိုယ်ကို သေကြောင်းကြံဖူးတယ် မဟုတ်လား"

"ဟင့်အင်း မကြံဖူးပါဘူး"

သူ ဖိုင်တွဲကို လှန်ကြည့်လိုက်၏။ လွန်ခဲ့သော ၁၅ နှစ်က ဂေဟာမှူး လုပ်ခဲ့သော ဒေါ်စီစီ၏ မှတ်တမ်းမှ ကူးထားသော စာရွက်စာတမ်းများ ဖြစ်သည်။

"၁၉၇၇ ခုနှစ် နိုဝင်ဘာလတုန်းက ခင်ဗျားရဲ့ လက်ကောက်ဝတ်ကို ပုလင်းကွဲနဲ့ လှီးဖို့ ကြိုးစားခဲ့ဖူးတယ် မဟုတ်လား၊ ဒီ မှတ်တမ်းထဲမှာ ပါနေတယ်"

မြနှင်းဆီ မဖြေပါ။ ဦးဖေအောင်ကလည်း လုံးဝမကန့်ကွက်ပါ။

"ဖြေလေ မမြနှင်းဆီ၊ အားလုံး ခင်ဗျား အဖြေကို စောင့်နေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဆီ ခေါင်းယမ်း၏။

“ဟင့်အင်း အဲဒါ မဟုတ်ပါဘူး”

သူ ထောင်းခနဲ ဒေါပွသွား၏။

“ခင်ဗျားနဲ့ အိပ် ချင်း ကပ်လျက်နေတဲ့ အကြည်ဆိုင် ကောင်မလေးက ဂေဟာမှူးကို ပြေးပြောလို့ ခင်ဗျား အသ[illegible] ရှင်ရတာဆိုတာကော မှတ်မိရဲ့လား”

သူမ ငြိမ်သက်နေသည်။ သူ မညှာနိုင်ပါ။

“ဖြေလေ မှတ်မိရင်လဲ မှတ်မိတယ်၊ မမှတ်မိရင်လဲ မမှတ်မိ ဘူးပေါ့”

“မမှတ်မိပါဘူး”

“အဲဒီတုန်းက ဂေဟာမှူးက ဒေါ်စီစီဆိုတာရော ခင်ဗျား သိရဲ့လား”

“မသိပါဘူး”





ဤကိစ္စကို သူ လက်လျှော့လိုက်သည်။

“ခင်ဗျား ဂေဟာကနေ ဘာကြောင့် ထွက်ပြေးခဲ့သလဲ”

“ကျွန်မ မနေချင်တော့လို့ပါ”

“ဘာကြောင့် မနေချင်တာလဲ”

မြနှင်းဆီ ချက်ချင်း မဖြေပါ။ သူ့ စိတ်ကို ထိန်းချုပ်လျက် သက်ပြင်းချလိုက်၏။

“အဲဒီမှာနေရတာ မပျော်လို့လား”

“ဟုတ်ကဲ့”

“ထိန်းချုပ်မှုတွေနဲ့ ခင်ဗျား မနေတတ်ဘူးပေါ့ ဟုတ်လား”

မြနှင်းဆီ၏ မျက်ဝန်းများ စူးခနဲ လက်သွားပြီးမှ ပြန်၍ ဖျော့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အဲဒီမှာ နေရရင် ကြိမ်ခြင်း ရက်တာနဲ့ စက်ချ တာပဲ တတ်မှာပဲ"

"ဒါဖြင့် ခင်ဗျားဟာ အတတ်ပညာစုံလင်ချင်လို့ ထွက်ခဲ့ လာခဲ့တယ်လို့ ပြောမလား"

မြနှင်းဆီက သိသိ သာသာ သက်ပြင်းချ၏။

"ဟုတ်ကဲ့ ရှင် အဲဒီလို ယူဆမယ်ဆိုရင် ဖြစ်နိုင်ပါတယ်"

"ဂေဟာက ထွက်ပြေးတော့ ပထမဆုံး ခင်ဗျား ဘယ် သွားသလဲ"

မြနှင်းဆီက သူ့ကို မော့ကြည့်ပြီး လိမ်ရန် ကြိုးစားနေ သည်။ သူ မပြုံး မရယ် ခပ်တင်းတင်း စိုက်ကြည့်သောအကြည့် မှ သူမ ရိပ်မိသွားဟန်တူ၏။

"ကျွန်မ မွေးစား အမေဆီ ဘုတ်ပြင်းကို အရင်သွားပါ တယ်"





"အဲဒီညက ဘာဖြစ်သလဲ"

သူမ မျက်လွှာချ၍ "ဘာမှမဖြစ်ပါဘူး" ဟု ဖြေသည်။

သူ စိတ်ကို ထိန်းချုပ်ထားရပြန်၏။

"အဲဒီညမှာ ဒေါ်ချစ်တို့နဲ့ ခင်ဗျားနဲ့ ဘာဖြစ်သလဲ"

"အို .... ကျွန်မနဲ့ ဘာမှ မဖြစ်ပါဘူး၊ သူက ကျွန်မကို ရိုက် ချဲ့ လာလုပ်လို့ ကျွန်မ အော်လိုက်တော့ ဒေါ်ဒေါ် ရောက် လာပါတယ်"

"ခင်ဗျားက အဲဒီ ဒေါ်ချစ်နဲ့ သူ့ ယောကျ်ားဆီက မတရား နည်း ငွေတောင်းခဲ့တယ်ဆိုရင် ခင်ဗျား ဘာပြောမလဲ"

သူမ မဖြေဘဲ ငြိမ်သက်နေ၏။

"ပြောလေ၊ ငွေငါးထောင်တောင်းတာဟာ ငွေညှစ်တာ မဟုတ်ဘူးလား"

"ငွေညှစ်တာ မဟုတ်ပါဘူး ရှင်၊ နစ်နာကြေးတောင်းတာ



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဆီ ဖြေလိုက်သော အဖြေကြောင့် သူ အနည်း
ပြုံးမိလျက်သား ဖြစ်သွားသည်။

"ထားပါတော့ ငွေညှစ်တယ်ပဲ သုံးသုံး၊ နှစ်နာကြေ
သုံးသုံး အဓိက ကတော့ တစ်စုံတစ်ရာ ကြံစည်မှုအတွက်
ငွေငါးထောင်တော့ ရအောင်တောင်းခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်"။

"အဲဒီတုန်းက ခင်ဗျား အသက် ဆယ့်ငါးနှစ် နော်"

"ဟုတ်ပါတယ်"၊

သူ ခဏနားပြီး စာရွက်လှန်လိုက်၏။ ထို့နောက် မြနှ
၏ မျက်လုံးများကို စူးစိုက်ကြည့်လိုက်သည်။

"မမြနှင်းဆီ ခင်ဗျား တိုက်ပေါ်ကနေ ကျတုန်းက ဘယ်
အနေအထားနဲ့ ကျတယ်ဆိုတာ မသိဘူးလို့ စောစောက
ဆိုသွားတယ် နော်၊ ခင်ဗျားဟာ မြေကြီးပေါ် ဘယ်ခန္ဓာ
အစိတ်အပိုင်းနဲ့ စ ထိတယ် ဆိုတာတော့ သိမှာပေါ့"





"မသိလိုက်ပါဘူး ရှင်"

"မသိတာလား၊ သတိ မထားမိတာလား"

"သတိ မထားမိတာပါ ရှင်၊ ကျွန်မ အဲဒီတုန်းက ကြောက်
ာ နာတာကလွဲလို့ ဘာမှ မသိလိုက်ပါဘူး"

"မြေကြီးနဲ့ ခေါင်းနဲ့ ဆောင့်မိရင်တော့ သေမှာပဲ မဟုတ်
ား"

"ကန့်ကွက်ပါတယ် ခင်ဗျား"

ဦးဖေအောင်၏ ကန့်ကွက်ချက်ကို တရားသူကြီး မဆုံးဖြတ်
ရသေးမီ သူ အချိန်မီ ဆုတ်ခွာလိုက်၏။

"အခု ခင်ဗျား ခေါင်း ဘယ်နားမှာ ခိုက်မိသလဲ"

"လက်ဝဲဘက် ချိုစောင်းမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်သွားတာလား"

"ဦးခွံရိုး အက်ကွဲပြီး အတွင်းမှာ သွေးခဲ ဖြစ်သွားတယ်လို့ ဆရာဝန်တွေက ပြောပါတယ်"

"ခြေထောက်က ဘယ်လို ဒဏ်ရာမျိုး ရသလဲ"

"ခြေနှစ်ဘက်လုံး ကျိုးသွားတယ်လို့ ပြောပါတယ်"

"ခြေထောက်နဲ့ ဦးခေါင်း ဘယ်ဟာက ဒဏ်ရာပိုကြီးသလဲ"

"ကန့်ကွက်ပါတယ် ခင်ဗျား၊ တရားလို လိုက်မမီတဲ့ မေးခွန်း ဖြစ်နေပါတယ်"

သူ့ မေးခွန်းကို ပျက်ချင်း ပြင်လိုက်၏။

"အခု ခင်ဗျား ဖြေနေတဲ့ အချိန်မှာတော့ ဦးနှောက်သုံးပြီး ဖြေနိုင်တယ် မဟုတ်လား"





"ဟုတ်ကဲ့၊ ဦးနှောက်ကို မထိခိုက်ဘူးလို့ ဆရာဝန်တွေက ပြောပါတယ်"

သူမ၏ ပါးနပ် ကျွမ်းကျင်မှုကို သူ ချီးကျူးပါသည်။

"တိုက်ပေါ်က ကျတာဟာ အမှန်အတိုင်းဆိုရင် ခြေနဲ့ ကျတာ မဟုတ်လား"

"ကျွန်မတော့ မသိလိုက်ပါဘူး ရှင်"

"ဦးခေါင်းနဲ့ ကျတယ်လို့လဲ ညာလို့မရ၊ ခြေနဲ့ ကျတယ်လို့လဲ ဝန်မခံချင်တာနဲ့ အခုလို လိမ်လည်ပြီး ထွက်ဆိုနေတာ ဆိုရင် ခင်ဗျား ဘာပြောမလဲ"

"မလိမ်ပါဘူးရှင်၊ ကျွန်မ သိကို မသိတာပါ"

"ခင်ဗျား အခု ခြေထောက် ဆိုးဆိုးဝါးဝါး ကျိုးလို့ ဘီးတပ် ကုလားထိုင်နဲ့ လာရတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

သူ တရားသူကြီးထံ ဦးညွှတ်လိုက်၏။

"တရားခံဘက်က ပြန်လှန် မေးခြင်း ပြီးဆုံးပါပြီ ခင်ဗျား"

သူ ထိုင်ချလိုက်ပါသည်။

ထိုင်ရာမှ ဖြည်းညင်းစွာ ထရပ်လိုက်သော ဦးဖေအောင်သည် မျက်မှောင် မသိမသာ တွန့်လျက် ရှိသည်။ မြနှင်းဆီ၏ ထိမ်ချန်မှုကြောင့် စိတ် မသက်မသာ ဖြစ်ရကြောင်း ထင်ရှား၏။ သို့သော် ဦးဖေအောင်သည် သူ့အလုပ် သူ ကောင်းစွာ ပိုင်နိုင်သူ ဖြစ်သည်။

"မမြနှင်းဆီ ယခု အခင်း ဖြစ်ပွားတဲ့ အဖြစ်အပျက်ဟာ ဝရန်တာထောင့်ချိုးမှာ ဖြစ်ခဲ့တာလား၊ အုတ်အမိုးပြားကလေး ပေါ်မှာ ဖြစ်ခဲ့တာလား"

"ဝရန်တာ ထောင့်ချိုးမှာ ဖြစ်ခဲ့တာပါ ရှင်"





ဦးဖေအောင် ခေါင်းညိတ်၍ မှတ်စု စာရွက်ကို ငုံ့ကြည့်၏။

"တရားခံ အကျိုးဆောင်ကြီး စောစောက မေးသွားစဉ်က ...ဗျား၏ လက်ဝဲဘက် လက်ကောက်ဝတ်မှာ ပုလင်းကွဲ ...ကြောင့် ဒဏ်ရာရရှိတဲ့ ကာလဟာ ၁၉၇၇ ခုနှစ် နိုဝင်ဘာလ ...သိရတယ်၊ အဲဒီ ကာလတုန်းက ခင်ဗျား အသက် ဘယ် ...နှစ် ရှိပြီလဲ"

"၁၉၆၂ ခုနှစ်မှာ မွေးတာ ဆိုတော့ ၁၅ နှစ် ရှိပါပြီ"

"ကောင်းပြီ၊ ၁၅ နှစ် အရွယ် ကလေးမလေးတစ်ယောက် ...နေနဲ့ အဲဒီ အချိန်မှာ လူတစ်ယောက်ရဲ့ ခန္ဓာဗေဒ သွေး ...ညှိပတ်ပုံ ထိန်းချုပ်ပုံ တို့ကို ခင်ဗျား လေ့လာခဲ့ဖူးသလား"

"ကန့်ကွက်ပါတယ် ခင်ဗျား"

သူ ကမန်းကတန်း ထရပ်လိုက်၏။

"တရားလို အကျိုးဆောင်ကြီးရဲ့ မေးခွန်းဟာ ကျွန်တော့် ...နှင့်လှန် မေး ခွန်း တွေ ရဲ့ အပြင်ဘက်က အချက်အလက် ...သစ် .... ...."



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေအောင် အဖြေမပေးပါ။ တရားသူကြီး ...
စင်မြင့်ဆီသို့ တစ်လှမ်း တိုးသွား၏။

"တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော့် မေးခွန်း...
ဆယ့်ငါး နှစ် သမီး အရွယ် ကလေး ကလေးတစ်ယော...
ကိုယ့် ကိုယ် ကို သေကြောင်းကြံရာမှာ လက်ကောက်ဝတ်...
ပုလင်းကွဲနဲ့ လှီးနိုင်ဖို့ အတွက် လုံလောက်တဲ့ ခန္ဓာ...
ဗဟုသုတ ရှိမရှိ ဆိုတဲ့ အချက်ပေါ်မှာပဲ မေးမြန်းနေခြင်း...
ပါတယ် ခင်ဗျား၊ လက်ကောက်ဝတ်ကို လှီးပြီး သေကြော...
ကြံဖို့ အတွက် ဆိုရင် အရေးကြီး သွေးလွှတ်ကြော တည်နေ...
သွေးလွှန် ဆုတ်ယုတ်မှု အတိုင်းအတာ၊ အသက် အန္တရာ...
ပေးလောက်တဲ့ သွေးလွှန် ဆုတ်ယုတ်မှု ပမာဏ.... ဒါ...
လိုအပ်ပါတယ်၊ အဲဒါတွေကို ကာယကံရှင် သိနိုင် မသိ...
ဆိုတဲ့ အချက်...."

တရားသူကြီးက မျက်မှောင်ကြုတ်ရာမှ လက်ကာပြလို...
တော့ ဦးဖေအောင်၏ ဖြေရှင်းချက်များ တိခနဲ ရပ်သွား၏။

"ကန့်ကွက်ချက်ကို လက်မခံပါ"

သူ့ ရင်ထဲတွင် လှိုက်ခနဲ လှုပ်ရှားသွားသည်မှာ မခံချ...
စိတ်ကြောင့်လား၊ အရှုံး၏ အရသာကြောင့်လား သူ မဝေခွဲ...





...ပေ၊ ပြန်လှန် မေးစဉ်က သူ၏ ချောင်ပိတ်ဖမ်းမှုကို ခံနေရ
... သားကောင်သည် ဦးဖေအောင်ကြောင့် လွတ်ထွက်သွား
...မည်မှာ သေချာနေ၏။

သူ ခေါင်းငုံ့၍ ထိုင်ချလိုက်သည့် အခါ မြနှင်းဆီ၏ ရယ်
...တန် မျက်လုံးများကို ရင်ဆိုင်လိုက်ရသည်။ ထို မျက်လုံး
...သည် ဘယ်တော့မှ အရှုံး မပေးချင်သည့် မျက်လုံးများ
...သည်။ လိုချင်သည့် အရာကို မည်သည့်နည်းနှင့် မဆို
...အောင် ယူမည့် မျက်လုံးများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၆။

"ခွဲစိတ် ကုသခြင်း ဆိုင်ရာ မဟာသိပ္ပံဘွဲ့ကို ဒေါက်တာ ဘယ်နှစ်ခုနှစ်က ရခဲ့ပါသလဲ"

"၁၉၇၃ ခုနှစ်က ရခဲ့ပါတယ်"

ဖြူလေး၏ ဖေဖေသည် စားပွဲ၏ တစ်ဘက်တွင် မတ်တတ် ရပ်လျက် ရှိသည်။ ဖြူဝင်းသော ဖေဖေ့ မျက်နှာမှာ စိတ်ပင်ပန်း နွမ်းနယ်ဟန် တစ်စက်မျှ မရှိ၊ အသက် ငါးဆယ်ကျော် လူကြီး တစ်ယောက်၏ နွေးထွေး လေးလံမှုမျိုး မရှိဘဲ အသက် သုံးဆယ်ကျော် လူလတ် တစ်ယောက်၏ သွက်လက်မှုမျိုးဖြင့် ဖေဖေ မေးခွန်းများ မေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်သေ ထိုင်ခုံ၌ ထိုင်နေသည့် ဆရာဝန်သည် ဖြူ
ကို နောက်ကျော ပေးထား၏။ အသက် ၃၈ နှစ် ဆို
ကိုခင်ဇော်နှင့် မတိမ်းမယိမ်းဘဲ။ မီးခိုးနုရောင် သက္ကလတ် အ
စား အနောက်တိုင်း ဝတ်စုံကို လည်စည်းတပ်သျက် ဝ
ပြည့် ဝတ်ဆင်ထားတော့ နည်းနည်း ထူးဆန်းနေသလို ရှိ

"ရန်ကုန် ဆေးရုံကြီးမှာ ခွဲစိတ်ကု လက်ထောက် ဆရာ
အဖြစ် ဒေါက်တာ ဆောင်ရွက်ခဲ့တာ ဘယ်နှစ်နှစ် ရှိပါပြီ
ခင်ဗျား"

"အမ် အက်စ် စီ ဆာဂျရီ ရပြီး နောက်ပိုင်း ကတည်းက
ပါပဲ၊ ရှစ်နှစ်လောက် ရှိပါပြီ"

ဆရာဝန်၏ အသံမှာ သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်
ရှိသည်။ ပြတ်သားသည်။ ကိုခင်ဇော့်လို အသံမျိုး။ ဖြူလေး
သည် စားပွဲ၏ ဟိုဘက်ခြမ်းမှာ ငြိမ်သက်စွာ ထိုင်နေသော
ကိုခင်ဇော်ကို အကဲခတ် ကြည့်မိပြန်၏။ သူ့ မျက်နှာသည်
တည်ကြည်ရုံမျှမက မှုန်မှိုင်းနေသည်။ သူ့ကို မခင်မင်သေးမီက
ဤလူ ရယ်မှ ရယ်မောတတ်ပါ့မလား ဟု ဖြူလေး ထင်ခဲ့
သည်။ သူ၏ စူးရှသော မျက်လုံးများသည် ရှေ့နေတစ်ယောက်
အတွက် လက်နက်ကောင်းများ ဖြစ်သည်။ သို့သော် သူ့အား





တော်စားဆင်ယင်ပုံ သေသပ်ကျနမှုတွင် ပြိုင်ပွဲ ဝင်ခိုင်းရလျှင်
ဘော့ မိုင်းနပ် (စ်) ပဲ။ သူ့ ခေါင်းပေါင်းသည် သူနှင့် ကျယ်
ခွန်းသဖြင့် နားရွက်နှင့် တိုက်လုမတတ်။ သူ့ ဦးလေး၏
ခေါင်းပေါင်းပဲ ဖြစ်မှာ။ သူ၏ တိုက်ပုံအင်္ကျီ အနက်ရောင်
ည်ပင်းမှာ အဖြူရောင် ကော်လာ အောက်ပိုင်းတွင် အနား
ခု မညီဘဲ ရွဲ့စောင်းနေသည်။ ပခုံး တစ်ဘက်က နည်းနည်း
လျှောနေပြီး တစ်ဘက်က အထက်တက်လွန်း၏။ ပုဆိုးကို
ည်း မီးပူ အကျအန မတိုက်ခဲ့ဘူး ဟု တစ်ယောက်ယောက်
င့် ဟွန်ဒါ တစ်စီးကြေး လောင်းရဲလောက်အောင် သေချာ
၏။

"…. ခွဲစိတ်ကုသ မှတ်တမ်းရဲ့ အောက်က လက်မှတ်ဟာ
ဆရာဝန်ကြီးရဲ့ လက်မှတ် ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"အဲဒီ ခွဲစိတ်ကုသမှု အားလုံး ဆောင်ရွက်စဉ်မှာ ဆရာဝန်
ကြီးနဲ့ အတူ ဒေါက်တာပါ အစ အဆုံး ကူညီဆောင်ရွက်ခဲ့ပါ
သလား"

"ဟုတ်ကဲ့ ပထမတစ်ကြိမ် ခွဲစိတ်ကုသစဉ်က အရိုးနဲ့ ပတ်
သက်တဲ့ ခွဲစိတ်မှုကလေးတွေ ဖြစ်ပါတယ်။ ဒုတိယ တစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com

ခွဲစိတ်ကုသတာကတော့ ဦးခေါင်းဆိုင်ရာ ခွဲစိတ်ကုသမှု ဖြစ်ပါ
တယ်"

ခွဲစိတ်ကုသမှု .... ။ ထိုစကားသည် ဖြူလေး၏ အသ
အသား အရိုးထဲ အထိ စိမ့်ဝင်သွား၏။ သူမ မသိမသာ ဦး
ခေါင်းရှုံ့လိုက်မိသည်၊ ဖြူလေးကဖြင့် ဒဏ်ရာ အနာတရ
မှာ အလွန်ကြောက်ပါသည်။ သွေးထွက်သံယိုမှု များကိုလည်း
အတတ်နိုင်ဆုံး မျက်နှာလွှဲ၍ ရှောင် တိမ်းလေ့ရှိပါသည်
ပိတောက်ပင်လမ်းခွဲမှာ ဆိုင်ကယ် အက်ဆီးဒင့်ဖြစ်၍ လူ
ဒဏ်ရာရ သေဆုံးတုန်းကဆိုလျှင် ဖြူလေး အဲသည်ဘက်
တော်တော်နှင့် ဆိုင်ကယ် မစီးရဲပါ။

တွန်းချခံရသည် ဖြစ်စေ၊ ခုန်ချသည် ဖြစ်စေ သုံးထပ်တိုက်
အမြင့်ပေါ်မှ ကျရသော ဝေဒနာသည် သေလုမြောပါး ဖြစ်
လိမ့်မည်။ ကံကောင်း၍သာ အသက်ချမ်းသာရာရသော်လည်း
ဘယ်လိုနည်းနှင့်မျှ သက်သာသည့် ဝေဒနာမဖြစ်နိုင်ပါ။ သူမ
ကြက်သီးထသွား၏။

" .... လက်ဝဲဘက်မှာ ကျိုးတဲ့ အရိုးက ခြေသလုံးရိုး
[ Tibia ] တီဘီယာ ဖြစ်ပါတယ်။ ဖိ ညှပ် ကျိုးခြင်း [ De-
pressed Fracture ] ဖြစ်တဲ့အပြင် ကျိုးတဲ့နေရာကလဲ





အရိုးရဲ့ ခါးပိုင်း မဟုတ်ဘဲ ထိပ်ပိုင်းဖြစ်ပါတယ်။ အဲဒီနေရာ
ကို ခန္ဓာဗေဒ ဝေါဟာရအရ Condyle လို့ ခေါ်ပါတယ်၊
အဲဒီ အောက်နားမှာ နှစ်နေရာကျိုးသွားတယ်။ ဒီတော့ ကျွန်
တော်တို့က ကျောက်ပတ်တီးစည်းလို့ မရတော့ပါဘူး။ အဲဒါ
ကြောင့် အတွင်းက ညှပ်ထိန်းခြင်းနည်းနဲ့ အရိုး မလှုပ်ရှား
အောင် ခွဲစိတ်ကုသရပါတယ်။ အဲဒါကို [ Internal Fi-
xation ] လို့ ခေါ်ပါတယ်"

ဆေးပညာ ဝေါဟာရများကြောင့် ဖြူလေး ခေါင်းရှုပ်
သွား၏။ ဖေဖေကတော့ စိတ်ဝင်စားနေသည်။

"အခု တရားလိုဖြစ်တဲ့ လူနာကို ဒေါက်တာတို့ ကုသပေး
တဲ့ အင်တာနယ်လ် ဖစ်က်ဇေးရှင်းကို ဘယ်လိုနည်းနဲ့ ဆောင်
ရွက်ပါသလဲ"

"အရိုးထဲကို အထက်အောက် နည်းနည်း စွေစောင်းပြီး
သံချောင်း ထိုးထည့်တဲ့ နည်းပါ။ အရိုးရဲ့ အတွင်းလွှာ လိုက်
ခေါင်းကနေ ဖြတ်ပြီး သွင်းရပါတယ်"

သူမ ပခုံးလေး ကျုံ့သွားမိ၏။ ယခင် တစ်ပတ်က အားတပ်
ကုလားထိုင်ပေါ်မှ မြန်မာဆီ၏ အသွင်ကို ရုံးခန်းအပြင်ဘက်က



www.burmeseclassic.com

www.burmeseclassic.com



နေ ခဏမြင်လိုက်ရသည်။ ထို မြင်ကွင်းကို သူမ မမေ့နိုင်
ထို မိန်းမ၏ ခြေထောက်များသည် လုံးဝ အသုံးမဝင်
သလိုမျိုး။ ကိုယ်ခန္ဓာကလည်း ကုလားထိုင်ပေါ်တွင် 
လျော့ရဲ၊ ထို မိန်းမ၏ ဝေဒနာအတွက် ဖြူလေး သမ္မာ
နတ်မြတ်များကို ကျေးဇူးတင်မိပါသည်။ ထို မိန်းမ ကျ
ခဲ့သော ပြစ်မှုများအတွက် ထိုမျှမကပင် ခံထိုက်သေး၏
သော် ဖြူလေးသာဆိုလျှင်တော့ ထို ဝေဒနာကြောင့် သေ

ဖြူလေး အမှတ်တမဲ့ မြန်နှင်းဆီကို တွန်းချခဲ့သည်ဆို
ကိုကို ရှိရာသို့ မျက်လုံး ဝေ့ကြည့်မိ၏။

ကိုကို ....၊ သူ့အား ကိုကိုဟု ဖြူလေး ခေါ်ထိုက်ပါ
ရဲ့လား။ ဖြူလေး၏ မြတ်နိုးမှု ကြင်နာမှုတို့မှ ရုန်းထွက်
အခြားတစ်ပါးသော မိန်းမ၏ ရင်ခွင်ထဲသို့ အကြိမ်ကြိမ်
ရောက်ခဲ့သော သူ၊ သူ ဤအမှုမှ ကွင်းလုံးကျွတ်လွတ်ဖို့ ဖြူ
ကြိုးစားနေခြင်းသွင် တစ်ဝက်က သူ့အပေါ် ထားခဲ့သ
ချစ်ခြင်း မေတ္တာကြောင့် ဖြစ်ပြီး တစ်ဝက်က ဟို မိန်းမ ရှုံး
စေလိုသော ဆန္ဒကြောင့်သာ ဖြစ်သည်။





ကိုကိုသည် ယခင်တစ်ပတ်က အာမခံဖြင့် အချုပ်ထောင်မှ
တ်လာကတည်းက ဖြူလေးဆီ တစ်ခါမျှ လာမတွေ့ခဲ့ပါ။
တွေ့ရဲတာဖြစ်မှာ၊ ဖြူလေးကလည်း သူ့ဆီ တစ်ခါမျှ မသွား
ပါ၊ တစ်ခါတော့ ကိုခင်ဇော်၏ ရုံးခန်းသို့ ဖြူလေး အဝင်
ခန်းထဲမှာ ကိုခင်ဇော်နှင့် စကားထိုင်ပြောနေသော ကိုကို့ကို
တွေ့ရသည်။ မထင်မှတ်သော အဖြစ်ကြောင့် ဖြူလေး
ကြောင်ငေး၍ ကြည့်နေခိုက်မှာ ကိုကိုကလည်း တွေဝေစွာ
းကြည့် နေ၏။ အကြာကြီး မရဲတရဲ ငေးနေပြီးမှ ....
ဖြူလေး ....” ဟု တိုးတိုးကလေး ခေါ်သည်။

သူမ မထူးပါ။ ခဏစိုက်ငေးနေပြီး သူမ မျက်နှာချလိုက်
၏၊ ကိုကိုက ထိုင်ရာမှ မတ်တတ်ရပ်လိုက်လျှင်တော့ ဖြူလေး
ာလုပ်ရမည်ဆိုတာ သိသွားပြီ။ သူမ ရုတ်တရက် လှည့်ပြန်
ွက်ခဲ့တော့သည်။

ဖြူလေး ရင်ထဲမှာ ဟာခနဲ ဝမ်းနည်းသွားသော်လည်း
သူမ ဆိုင်ကယ်ကို စက်နှိုး၍ ညင်ညင်သာသာပင် ထွက်လာခဲ့
သည်။ ကိုကိုကလည်း နေရာတွင် တောင့်တင်းစွာ မတ်တတ်ရပ်
ကျန်ခဲ့သည်။ သူမ နောက်သို့ ခြေတစ်လှမ်းမျှပင် လိုက်
လာခဲ့ပေ။ ဤအဖြစ်အပျက်သည် ဖြူလေးနှင့် ကိုကို့ အကြား
 တံတိုင်းကို ပိုမို အားဖြည့်ပေးလိုက်သလို ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"....အဲဒါကတော့ လက်ယာဘက် ခြေဖနောင့်ရိုး ကွဲ
သွားတာကို ပြန်ပြီးကောင်းအောင် သူ့ရဲ့ ခန္ဓာဗေဒ မူရင်း
အတိုင်း တတ်နိုင်သမျှ ပြန်ရအောင် ကြိုးစားရတာပါပဲ။
ပေမယ့် ခန္ဓာဗေဒ အရ နဂိုနီးပါး ပြန်ဖြစ်ရင်တောင်
ထောက်ရဲ့ နဂိုလုပ်ငန်း တာဝန်ကိုတော့ အပြည့် ပြန်မ
တော့ပါဘူး၊ ပထမ ကျောက်ပတ်တီးစည်းပြီး မလှုပ်ရှားအော
ထိန်းပေးတယ်၊ ဂွမ်းစတွေနဲ့ ခံပြီးတော့ပေါ့။ ပြီးရင်
အရိုးအကြောဆိုင်ရာ လေ့ကျင့်ခန်း လိုအပ်ပါတယ်"

ဆရာဝန်၏ အသံက ဖြူလေး နားထဲသို့ တစ်ဝက် တစ်
ဝင်လာသည်။

"ဒေါက်တာ ဆိုလိုတာက လူနာရဲ့ ညာဘက် ခြေထော
ဟာ အကောင်းပကတိ ပြန်မဖြစ်နိုင်ဘူးလို့ ဆိုချင်တာလား"

"ခြေဖနောင့်ရိုး [ Os calcis ] ကျိုးသူတွေမှာ အ
အားဖြင့် ကျွန်တော် ပြောသလို ကြုံတွေ့ရတတ်ပါတယ်၊
လူနာရဲ့ ခြေဖနောင့်ရိုးဟာ ကြက်ဥခွံလို အက်ကွဲ သွား
တာပါ"

ဖြူလေး ထိတ်လန့်စွာ သက်ပြင်းရှိုက်လိုက်မိသည်။ ကို
က်ကြမ္မာသည် ဤ ဆရာဝန်၏ ထွက်ချက်ပေါ်မှာ အများ
မူတည်နေသည် ဟု ကိုခင်ဇော်က ဝန်ခံထားသည်။





ပုဒ်မ ၃၀၇ မြောက်ဖို့ အတွက် ဒဏ်ရာရစရာ မလိုပါတဲ့။
သော် ၃၀၇ ဖြင့် ဒဏ်ရာ ရစေခဲ့လျှင်တော့ ဒဏ်ရာ၏
ရာယ်ကို လိုက်၍ တစ်သက် တစ်ကျွန်း ဒဏ် အထိ အပြစ်
ကျနိုင်သည် တဲ့။

တ်စု စာအုပ်ထဲတွင် တစ်စုံ တစ်ခု ရေးမှတ်လိုက်သော
င်ဇော်က ဆရာဝန်ကို ကြည့်လိုက်သည်။ သူ့ အကြည့်တွင်
အရိပ်အယောင်မျှ မပါ။ သူ့ မျက်နှာမှာ ရှင်းလင်းနေ၏။
နေတွေဟာ ဒီလိုပဲလား မသိ၊ သူတို့ အတွင်းစိတ် ခံစားမှု
ည် မျက်နှာမှာ မပေါ်တတ်ကြပါ။

ဖြူလေး တွေ့သမျှ လူတွေထဲမှာတော့ အတွင်းစိတ် အကဲ
ရ အလွယ်ဆုံးမှာ ကိုကိုပါပဲ။ ကိုကိုက စိတ်ဆတ်သည်။
ယိုင်တတ်သည်။ ဒေါသဖြစ်လွယ်၍ ဒေါသပြေလွယ်သည်၊
လွယ် မုန်းလွယ်သည်။

"....လက်ဝဲဘက် ချိုစောင်း တစ်ဝိုက်က ဦးခွံရိုးဟာ
နေရာမှာ အက်သွားပါတယ်၊ ဦးနှောက်ကို မထိပါဘူး၊
နှောက် အမြှေးမှာ ကပ်နေတဲ့ သွေးကြော တစ်ခု ပေါက်
တဲ့ အတွက် ဦးခွံ အတွင်းမှာ သွေးလုံးခဲ တစ်ခု ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ဆေးပညာ ဝေါဟာရအရ **Extradural Cl...** ပါ၊ ဦးနှောက် အမြှေးနဲ့ ဦးခွံရိုး အကြားမှာ ဖြစ်နေတာ...

"အသက်အန္တရာယ် ထိခိုက်နိုင်ပါသလား ခင်ဗျာ"

"အကယ်၍ ဒီ သွေးခဲကြီးကို ထုတ်မပစ်ဘူး ဆိုရင်... ထိခိုက်နိုင်ပါတယ်"

"ဟုတ်ကဲ့၊ သွေးခဲ ထုတ်ယူတဲ့ ခွဲစိတ်ကုသမှု အကြောင်း... ဆက်ပြောပါဦး ခင်ဗျာ"

ဆရာဝန်က အနည်းငယ် ခါးဆန့်လျက် လက်မှ စာရွက်... ထပ်ကို ခဏ ငုံ့ကြည့်သေး၏။

"ဟုတ်ကဲ့၊ အတတ်နိုင်ဆုံး အကျဉ်းချုပ်ပြီး ပြောပါ့မယ်... ခင်ဗျာ၊ ကျွန်တော်တို့ ဒီ လူနာကို [ Cranioctomy ] ခေါ်... နည်းတဲ့ တမျိုး နည်း အရ ဦးခေါင်းခွံကို ဖွင့်ပြီး ခွဲစိတ်ကုသ... ပါတယ်၊ သွေးခဲ ရှိမရှိ ကျွန်တော်တို့ စမ်းစဉ်က ဖောက်ထား... ဦးခွံ အပေါက်ကို ချဲ့လိုက်တာပါပဲ၊ အချင်း ခုနစ် စင်တီမီတာ... လောက်က ပုံမှန်ပါပဲ၊ အဲဒီလို ဖွင့်ပြီးတော့ အထဲက သွေးခဲ...



...သာလေး /မ,ပြီး ဖယ်ထုတ်လိုက်တာပါပဲ ခင်ဗျာ၊ သွေးခဲ ...ထုတ်လိုက်တဲ့ အခါ သွေးခဲ အဖိခံနေရတဲ့ ဦးနှောက်ဟာ ...ခြင်းကနေ လွတ်မြောက်သွားတာပေါ့၊ ဪ...အဲဒီမှာ ...း နည်းနည်း ယိုစီးနိုင်သေးတဲ့ သွေးကြောကို လျှပ်စစ် ...ပြီး သွေး ထိန်းချုပ်ခြင်း [ Diathermy ] နည်းအရ ထိန်း ...ပ် ပေးခဲ့ပါသေးတယ်"

တိုးတိတ်ပြတ်သားသော အသံသည် ဖြူလေး နားထဲသို့ ...င်တကျ ဝင်လာသည်။ ဆရာဝန် ထွက်ချက်ကို နားနှင့် ...ားလိုသောကြောင့် တရားရုံးသို့ ထူးထူးခြားခြား လာခဲ့မိ ...ာ်လည်း ဆရာဝန်၏ နှလုံး မသာယာဖွယ် ခွဲစိတ်ကုသ ...ားများကြောင့်ပင် သူမ စိတ်ညစ်ညူး နေလေသည်။ ...ားတက္ကသိုလ် တက်ရလောက်အောင် အမှတ် မကောင်းခဲ့ ...ာကိုပဲ ကျေနပ် ပျော်ရွှင်ရသေး၏။

အခုနေ ထ ထွက်သွားလျှင် ဘယ်ကောင်းမလဲ နော်၊ ဖေဖေ ...တော့ ပြောသားပဲ၊ တရားရုံးမှာ နားထောင်ရင်း တရားခွင် ...ခင် ကိုယ် ပြန်ချင်ရင် တိတ်တိတ်ကလေး ပြန်လိုရသည်။ ...တော်ကို အရိုအသေပေး ခေါင်းညွှတ်ပြီးမှ ပြန်ပါ တဲ့။ ...သော် သူမ ပေကပ်၍ ဆက် ထိုင်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လက်ဝဲဘက် လက်ကောက်ဝတ်ရိုး ကျိုးသွားပါတ… ဒါကိုတော့ လုပ်ရတာ လွယ်ပါတယ်၊ ထပ်နေတဲ့ အ… နဂိုအတိုင်း ပြန်ဖြစ်အောင် ဆွဲဆန့်ပြီး နေရာမှန်ရအောင်… ပြီးတော့ အပေါ်ကနေ လက်ကောက်ဝတ် တစ်ခု… လက်ဖဝါး အစွန်းနား အထိ ကျောက်ပတ်တီး စည်း… လိုက်တာပါပဲ၊ နောက် တစ်နေရာက နံရိုးပါ၊ လက်ဝဲ… နံစောင်းမှာ နံပါတ် ၇၊ ၉၊ ၁၀ နံရိုးတွေ နည်းနည်း … သွားပါတယ်၊ ဒါကိုလဲ ပတ်တီးစည်း ပလတ်စတာ ကိုင်… အားဖြင့် ...."

ဘုရားရေ .... ဒီမိန်းမ ဒဏ်ရာတွေဟာ ကုန်ပဲ မကုန်နိုင်… လား။

တစ်သက် တစ်ကျွန်း။ သူမ၏ အတွေး များသည် … ကြောင့်များ အဆိုးမြင် အတွေးများ ဖြစ်နေရပါလိမ့်။ တက… ဆို ကိုကို ဤအမှုမှ လွတ်မည် ဟု တွေးနေသင့်တယ် မဟုတ်… လား။ ကိုကို လွတ်မြောက်ခြင်းသည် မြနှင်းဆီ ကျရှုံးခြင်း… မဟုတ်လား။ ထို မိန်းမ ကျရှုံးဖို့အတွက် ဖြူလေးမှာ ရှိသ… စည်းစိမ် ပုံပေးရျှရလျှင် ပုံပေးလိုက်ချင်ပါရဲ့။



"ဟုတ်ကဲ့ ဒေါက်တာ ခင်ဗျား၊ ကျွန်တော် နောက်ဆုံး …ခွန်းကလေး မေးပါရစေ၊ တကယ်လို့ ပြည့်စုံတဲ့ လက်နက် …ိုယာ၊ ကျွမ်းကျင်တဲ့ ဆရာဝန်ကြီးတွေရဲ့ ကုသမှုကို မခံရ …ဆိုပါတော့ ခင်ဗျာ၊ စီးပွားရေးအရသော် လည်းကောင်း၊ …်းပန်း ဆက်သွယ်ရေး အရသော် လည်းကောင်း အခြေ …နေ မပေးလို့ လိုလောက်တဲ့ ကုသမှုကို မခံရဘူး ဆိုရင် …ဒါဟာ အသက်ရှင်နိုင်ပါ့မလား ခင်ဗျာ"

ကြည့်စမ်း။ ဖေဖေ့ မေးခွန်းကို ဦးခင်ဇော်က ဘာလို့ …န့်ကွက်ပါလိမ့်။

"ဟုတ်ကဲ့၊ အဲလိုသာ ဆိုရင် လူနာ အသက်ရှင်နိုင်ဖို့ မျှော် …င့်ချက် နည်းပါတယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျား"

ဖေဖေက ခေါင်းပေါင်းစကလေး လှုပ်သွားအောင် ခေါင်း …တ်လိုက်ပြီးမှ ကုလားထိုင်တွင် ထိုင်ချ၏။ သူမ ကြည့်ခဲ့ဖူး …သာ နိုင်ငံခြား ရုပ်ရှင်များမှ တရားခွင်ခန်းများလို ဟိုဘက်



www.burmeseclassic.com

www.burmeseclassic.com



သည်ဘက် အထေအငေါ်ကလေးများ၊ လက်သီးလက်... တန်း၍ ကန့်ကွက် ငြင်းခုံမှုများ မရှိသော မြိတ် ... တရားရုံးသည် အေးဆေး တည်ငြိမ်နေ၏။

"ဒေါက်တာ ခင်ဗျား"

ဦးခင်ဇော်၏ အသံမှာ ဆရာဝန်နှင့် တရားသူကြီး ... နိုင်ရုံ ခပ်တိုးတိုး ဖြစ်သည်။

"ဒေါက်တာတို့ စမ်းသပ်တွေ့ရှိ ကုသချက်များ အရ ... ရဲ့ ဒဏ်ရာရပုံတွေကို ခန့်မှန်းကြည့်နိုင်ပါသလား"

"အနည်းနဲ့ အများ ခန့်မှန်းနိုင်ပါတယ်"

"တကယ်လို့ သုံးထပ်တိုက် ဝရန်တာကနေ နောက်... လန်ကျခဲ့ရင် လူနာ တစ်ယောက်ဟာ ဘယ်လို ဒဏ်ရာမျိုး ... ပါသလဲ ခင်ဗျာ"

ဆရာဝန်က ဦးခင်ဇော်ကို မော့ကြည့်သည်။





"ဒါက သူ ဘယ်လို ကျသလဲ ဆိုတဲ့ အချက် အပေါ်မှာ ...တည်ပါတယ်၊ ဦးခေါင်းနဲ့ ကျရင် ဦးခေါင်း ကြေမွသွား...ယ်၊ ဒါမှ မဟုတ် ဇက်ကျိုးပြီး သိမ်သွားမယ်၊ ကျောနဲ့ ကျရင် ...ါးဆစ်ရိုးတွေ ကြေမွ အက်ကျိုးသွားမယ်"

"ဒါဖြင့် နောက်ပြန်ကျတဲ့ လူတွေဟာ ဦးခေါင်း ကြေရင် ကြေ၊ မကြေရင် ဇက်ကျိုးပြီး ခါးဆစ်ရိုး ကျိုးမယ်ပေါ့၊ အဲဒီ လို ပြောလို့ ရမလား ခင်ဗျာ"

"အများအားဖြင့် အဲဒီအတိုင်းပါပဲ"

ဦးခင်ဇော် မျက်မှောင်ကြုတ်လိုက်၏။

"ဒါဖြင့် အမြင့်ကနေ ခုန်ချတဲ့ လူတွေဟာ ဘယ်လို ဒဏ်ရာ မျိုး ရတတ်ပါသလဲ"

"ကန့်ကွက်ပါတယ် ခင်ဗျား"

ဖေဖေ အသံက အရင်လာပြီး ကိုယ်ခန္ဓာက နောက်မှ ...တတ်ရပ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကန့်ကွက်ချက်ကို လက်မခံပါ" တရားသူကြီး၏ အသံ အရာ မပြောင်းဘဲ ပါးစပ်သာ လှုပ်သွား၏။

"ကျွန်တော့် မေးခွန်းကို ဖြေစေလိုပါတယ် ဒေါက်တာ"

"ဒါကလဲ ကျပုံကျနည်းပေါ်မှာ မူတည်ပါတယ် ခင်ဗျား တကယ်လို့ ဖင်ထိုင်လျက်ကျရင် ကျောရိုး၊ ခါးဆစ်ရိုး ကျိုးမယ် တင်ပါးဆုံရိုး ကျိုးမယ်၊ ဒါမှမဟုတ် ခြေဖနောင့် ပေါ်မှာ ကျရင် ခြေဖနောင့်ရိုး ကျိုးမယ်၊ ခြေသလုံးရိုး ဒါမှမဟုတ် ပေါင်ရိုးရဲ့ ထိပ်စွန်းပိုင်း [ Condyles ] တွေ ကျိုးကုန်မယ် ကျောနဲ့ ကျရင်လဲ ဇက်ကျိုးနိုင်ပါတယ်"

ဦးခင်ဇော် အသက် ပြင်းပြင်းရှူလိုက်၏။

"ဒေါက်တာ ခင်ဗျား၊ အခု ဒေါက်တာတို့ ကုသပေးလိုက် ရတဲ့ လူနာ မြနှင်းဆီရဲ့ ဒဏ်ရာတွေပေါ်မှာ မူတည်ပြီး သူ ဘယ်လိုကျခဲ့တယ် ဆိုတာ ခန့်မှန်းနိုင်ပါသလား"

"ဟုတ်ကဲ့ ခန့်မှန်းနိုင်ပါတယ်"





"ဒေါက်တာ့ ခန့်မှန်းချက်ကို ပြောပြပါ ခင်ဗျား၊ သူဟာ ခုန်ချခဲ့တာလား၊ တွန်းချ ခံရတာလား"

"ကန့်ကွက်ပါတယ်ခင်ဗျား" ဖေဖေ နောက် တစ်ကြိမ် ပြန်းဆို တရပ်၏။

"ကန့်ကွက်ချက်ကို လက်ခံတယ်၊ တရားခံ အကျိုးဆောင် ကြီး မေးခွန်းကို ပြင်မေးပါ"

ဦးခင်ဇော် အနည်းငယ် ပြုံး၍ ခေါင်းညှိတ်လိုက်လေသည်။

"ဟုတ်ကဲ့ ခင်ဗျား၊ ဒေါက်တာ လူနာ ဘယ်လိုကျခဲ့တယ် ဆိုတာ ခန့်မှန်းပေးပါ ခင်ဗျား"

"ကျွန်တော်တို့ အနေနဲ့ လူနာရဲ့ ဒဏ်ရာတွေ အပေါ် ခန့်မှန်းရသလောက်တော့ သူဟာ ခြေဖနောင့်နဲ့ မြေကြီးပေါ် ကျခဲ့ခြင်း ဖြစ်ပါတယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူဟာ ခြေဖနောင့် နှစ်ခုပေါ်မှာ အရင်ကျမယ်၊ တော ဘယ်ဘက်ကို ယှိုင်လဲမယ်၊ ဘယ်လက် ထောက် ကျမယ်၊ တစ်ပြိုင်တည်းမှာ ဦးခေါင်းနဲ့ လက်ဝဲဘက် နံ ဟာ မြေကြီးနဲ့ ပစ်ဆောင့်မိမယ်၊ အဲဒါဟာ ခန့်မှန်းနိုင် သူ ဒဏ်ရာ ရပုံ ရနည်း ပါပဲ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

တရားခွင်သည် ချက်ချင်း ငြိမ်သက် တိတ်ဆိတ်သွား သည်။ ခဏ ငြိမ်နေပြီး ဦးခင်ဇော် ဆက်မေးသည်။

"ဒေါက်တာ ခင်ဗျား၊ ဒေါက်တာဟာ ဆေး စိတ်ပညာ ဆိုတဲ့ ဘာသာရပ် [ Psychiatry ] ကို ရင်းနှီး ကျွမ်းဝင် သလား ခင်ဗျား"

"ဟုတ်ကဲ့ ဆိုင်ခီယာထရီကို ဆရာဝန် ဘွဲ့အတွက် မသင် မနေရ ဘာသာရပ်ခွဲ တစ်ခုအဖြစ် ပြဋ္ဌာန်းထားပါတယ်"

"ဒါဖြင့် ကျွန်တော် တစ်ခု မေးပါရစေ၊ **Suicidal Tendency** လို့ ခေါ်တဲ့ ကိုယ့်ကိုယ်ကို သတ်သေမည့် ဘက်သို့ စိတ်ယိမ်းယိုင်ခြင်း အကြောင်းကို- ဒေါက်တာ သိသမျှ ...."





"ကန့်ကွက်ပါတယ် ခင်ဗျား"

ဖေဖေ နောက်တစ်ကြိမ် မတ်တတ်ရပ်၍ ကန့်ကွက်ချိန်တွင် ဦးခင်ဇော်၏ မျက်နှာမှာ ပို၍ မှုန်သွား၏။

"တရားခံ အကျိုးဆောင်ကြီးရဲ့ မေးခွန်းတွေဟာ ခွဲစိတ်ကု ဆရာဝန်တစ်ယောက်ကို မေးရမယ့် မေးခွန်းမျိုး မဟုတ်ပါဘူး ခင်ဗျား၊ စိတ်ရောဂါ အထူးကု ဆရာဝန်တစ်ယောက်ကို မေးရမယ့် မေးခွန်းမျိုး ဖြစ်ပါတယ်"

ဖေဖေ စကားအဆုံးတွင် ဦးခင်ဇော်က ခေါင်းကို ဆတ်ခနဲ ယမ်းခါပစ်လိုက်သည်။

"ရှုံးမင်း ခင်ဗျား၊ စိတ်ရောဂါ အထူးကု ဆရာဝန် တစ်ယောက်ကို တရားခံပြု သက်သေအဖြစ် သမ္မန်စာဆင့်ပြီး ခေါ်ယူပေးပါရန် ကျွန်တော် ရှုံးတော်ကို လျှောက်လွှာတင်ထားပြီး ဖြစ်ပါတယ်။ တကယ်လို့ စိတ်ရောဂါ အထူးကု ဆရာဝန် တစ်ယောက်ကို တရားခံဘက်က မရခဲ့ဘူးဆိုရင် .... ..."



www.burmeseclassic.com

www.burmeseclassic.com



"ကန့်ကွက်ချက်ကို လက်ခံတယ်။ တရားခံ အကျိုးဆေ
ကြီးရဲ့ လျှောက်ထားချက်အရ ရန်ကုန် စိတ်ရောဂါ အထူး
ဆေးရုံကြီးမှ စိတ်ရောဂါ အထူးကု ဆရာဝန်တစ်ယော
ရုံးကနေ ဆင့်ပေးပြီးသား ဖြစ်ပါတယ်။ အကြောင်းကြော
ကြောင့် လာရောက် အစစ်ခံဖို့ မဖြစ်သေးတာကို တရာ
အကျိုးဆောင်ကြီး စိတ်ရှည်ရှည် စောင့်ဖို့ ကောင်းပါတယ
နောက်ထပ် ထပ်ဆင့်ပေးဖို့လဲ ရုံးတော်က ကြိုးစားပေးပါမယ
ဆေး စိတ်ပညာနဲ့ ပတ်သက်လို့ အခု သက်သေကို မေးတဲ့ မေ
ခွန်းမျိုးကို ဒီမြို့ပေါ်က ဆရာဝန်တွေကို မေးလို့ရပါတယ
အခု သက်သေဟာ တစ်မြို့ တစ်ရွာက တကူးတက လာပြ
အစစ်ခံနေရခြင်း ဖြစ်တယ်"

ထို့နောက် တရားသူကြီးက နံရံက နာရီဆီ လှမ်းကြည့်ပြီး
မှ ခေါင်းတစ်ချက် ညိတ်၏။

"ဒဏ်ရာနဲ့ ပတ်သက်ပြီး ခရော့စ် မေးစရာရှိသေးရင် ဆက်
မေးပါ"

ဦးခင်ဇော်၏ အသံက တိုးတိတ်စွာ ထွက်လာ၏။

"တရားခံဘက်က မေးစရာ မရှိတော့ပါဘူး ခင်ဗျား"





နောက်တစ်နေ့ နံနက်အစောကြီး ဦးခင်ဇော်၏ ရုံးခန်းသို့
လေး ရောက်သွား၏။ မြိတ်မြို့ မိဘမဲ့ မိန်းကလေးဂေဟာ
မြနှင်းဆီက ငွေတစ်သောင်း လှူကြောင်း သတင်းကို
ခင်ဇော်ဆီ သွားပြောခြင်း ဖြစ်လေသည်။ ဦးခင်ဇော်က
လေး စကားကို မယုံချင်သလိုလို။

"ဖြူလေး ဘယ်ကကြားတာလဲ၊ တကယ် အလှူငွေထည့်ရင်
စ်မြို့လုံး ချက်ချင်းသိရမှာပေါ့"

"အို .... ဆရာကလဲ၊ တိတ်တိတ်ကလေး လှူတာဥစ္စာ"

"အေးလေ .... ဒါဖြင့် ဖြူလေး ဘယ်ကကြားသလဲ"

"ဖြူလေး နားနဲ့ တိုက်ရိုက်ကြားတာ၊ မြနှင်းဆီ ဖေဖေ ဆီ
လာတယ်လေ၊ ဒီ မိန်းမက ချိုင်းထောက်နဲ့လဲ လှတာပဲ ဆရာရဲ့၊
ဆရာ ယုံတယ် မဟုတ်လား"

မြနှင်းဆီ ညနေခင်းရောက်လာတော့ ဖေဖေက သူ့ စာ
ကြည့်ခန်းထဲ ခေါ်၍ ဧည့်ခံ၏။ ဖေဖေ့ အလုပ်ကိစ္စ မှန်သမျှ



www.burmeseclassic.com

www.burmeseclassic.com



မစပ်စုတော့သော ဖြူလေးသည် မီးဖိုထဲတွင် ဖေဖေ အ ညနေစာ ထမင်း ဟင်းပြင်ဆင်နေခဲ့၏။ သို့သော် ဖေဖေ မီး ရောက်လာသည်။

"သမီးရေ ဧည့်သည်အတွက် ကိုကိုး ဖျော်ယူခဲ့ပါ"

ဖြူလေး ဖေဖေ မမြင်အောင် နှာခေါင်းလေး ရှုံ့ပစ်လိုက် သည်။ ထို မိန်းမကို မသထာပေမယ့် ဖေဖေ စကားကို နား စွာ ကိုကိုး ဖျော်ရည် တစ်ခွက် ဖျော် လိုက်ရလေ သည် တတ်နိုင်လျှင် ထို ဖျော်ရည်ပန်းကန်ထဲတွင် အဆိပ်ခတ်လိုက် သည်။ သို့သော် ဖေဖေ ကို ငွေတစ်သောင်း အမှုလိုက်ခ ပ ထားတဲ့ အမှုသည်လေ။

ငွေလင်ပန်းကလေးထဲသို့ လက်သုတ်ပဝါကလေး ခေါ် ထည့်၊ ပန်းကန်ပေါ်မှာ စတီး ပန်းကန်ပြား သေးသေးကလေး မှောက်အုပ်လျက် ဖေဖေ စာကြည့်ခန်းထဲ ဝင်သွားချိန်တွ တစ်ပိုင်း တစ်စ ကြားလိုက်ရခြင်း ဖြစ်သည်။

"ကျွန်မ လျှုတယ်ဆိုတာ လူ မသိစေချင်ဘူး ဆရာ၊ ဆရာ သွားလျှုပေးပါနော်"



ားပွဲပေါ်တွင် နှစ်ရာတန်အုပ် ပါးပါးကလေးသည် စာ ထပ်ကလေးလိုပဲ၊ ဖြူလေး လင်ပန်းကို စားပွဲပေါ်ချပေးပြီး ရှိုင်းရိုင်းပင် မတ်တတ်ဆက်ရပ်နေမိ၏။

ဖေဖေက ဖြူလေးကို ခေါင်းညိတ် ပြုံးပြပြီး ထို မိန်းမနှင့် ဆက် ပေးလိုက်သေး၏။

"ဒါ ကျွန်တော့်ရဲ့ တစ်ဦးတည်းသော သမီး ဖြူဖြူအောင် သမီး သူက ဖေဖေ့ အမှုသည် ဒေါ်မြနှင်းဆီလေ၊ မမြ ဆီတို့ အချင်းချင်း တွေ့ဖူးကြသိမ့်မယ်လို့ ထင်ပါတယ်"

"သိပ်တွေ့ဖူးတာပေါ့ ဖေဖေ" ဖြူလေး အသံက ခပ်ရှရှ သွားသည်။ မျက်နှာကိုလည်း နည်းနည်းမျှ ဟန်ဆောင်ပြုံး မရပေ။ ထို မိန်းမကတော့ ဟန်ဆောင် အလွန်ကောင်း သည်။

"ဖြူလေးကို ကျွန်မ သိပါတယ် ဆရာ၊ သိပ်အပြစ်က တဲ့ လေးမလေးပဲ၊ ဖြူလေးလို သမီးမျိုးကို ရထားတာ ဆရာ ကောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒါ သူ ဆုံးဖြတ်စရာ မဟုတ်ဘူး၊ သူ ဝေဖန်စရာလည်း မဟုတ်ဘူး။

ဖြူလေး၏ မခံချိ မခံသာ အပြောက ဦးခင်ဇော်ကို ... မောတဲ့ မနေနိုင်အောင် ဖြစ်စေခဲ့သည်။

"ထားပါတော့လေ၊ ဖြူလေး ဘာကို စိတ်ပူနေသလဲ"

"အို .... ကိစ္စက ရှင်းနေတာပဲ ဥစ္စာ၊ ဂေဟာမှူးကို တရား... သက်သေအဖြစ် ခေါ်တဲ့ အခါ အစစ်ခံချက်ဟာ သူ့ အတွက် သက်သာအောင် လာဘ်ထိုးတာလေ ဆရာရဲ့"

ဖြူလေး၏ အစိုးရိမ်ကြီးမှုသည် သူ့ ထံ မကူးစက်နိုင်ပါ။

"မဟုတ်သေးပါဘူး ဖြူလေးရာ၊ ဂေဟာကို လှူတဲ့ အလှူငွေကြောင့် ဂေဟာမှူးဟောင်း ဒေါ်စီစီက တရားလိုဘက်ကိုဖော့ပြီး ထွက်လိမ့်မယ်လို့ မထင်ပါနဲ့၊ ဂေဟာကို လှူတဲ့ ပိုက်ဆံက ဒေါ်စီစီ သုံးခွင့်ရတာလဲမဟုတ်၊ ဒေါ်စီစီကို လာဘ်ထိုးတာလဲမဟုတ်၊ လာဘ်ထိုးတယ်ပဲထား၊ စာရင်းစာအုပ်နဲ့





...ဉ်မှတ်တမ်းစာအုပ်နဲ့ အတိအကျ ရေးထားပြီးသား စာရွက် ...တမ်းတွေပဲ၊ ဘာပြင်လို့ရမှာလဲ"

ဖြူလေး တစ်စုံတစ်ခုကို မကျေနပ်သေးဘဲ ဖြစ်နေသည်။

မြနှင်းဆီ၏ အထက်စီး အပြုံးက သူမ မျက်ဝန်းထဲမှ ...ထွက်ပါ။ ဒီ မိန်းမ ရှုံးမှဖြစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၇။

အထက်ရိုး တည်ရာ သိမ်တော်ကြီးကုန်းခြေ ကတ္တရာလမ်းမှ အောက်ရိုးဆီသို့ ခါးလယ်ဖြတ်၍ ဖြတ်လမ်း လုပ်ထားသော အုတ်လှေကားထစ်များတစ်လျှောက် ဖြူလေး ခပ်သွက်သွက ပြေးဆင်းလာခဲ့၏။

ရိုးခန်းစကြံ့သို့ ဖြူလေး ရောက်တော့ တရားသူကြီး ဦးထွန်းရှိန်၏ တရားခွင်မှာ စ,နေပြီ။ နောက်ခုံတန်းမှာ ဝင်ထိုင်စရာ နေရာလွတ် ရှိသေး၏။ ဖြူလေး ဝင်သွားရကောင်းနိုး အပြင်ကပဲ စောင့် နားထောင်ရ ကောင်းနိုး ဝေခွဲမရ ဖြစ်နေသည်။ ကိုကို့ကို အမှုစစ်တာလည်း ကြည့်ချင်သေး၏။ ဝင်ရမှာလည်း ကြောင်တောင်တောင်နဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဖြူလေး အားတင်း၍ ခေါင်းညွတ် အရိုအသေ ပေး... ရုံးခန်းထဲသို့ ယို့ယို့ကလေး ဝင်သွားလိုက်၏။

နောက်ထိုင်ခုံ ခေးစွန်းမှာ ဝင်ထိုင်လိုက်တော့ စားပွဲ သ... ဘက်ခြမ်းမှာ ထိုင်နေသည့် ဖေဖေက လှည့်ကြည့်သည်။ ဖေ... မျက်နှာတွင် အပြုံးရိပ်ရိပ်ကလေးကို လှစ်ခနဲ မြင်လိုက်ရသည်... တရားခွင်တွင် ပြုံးရယ်လေ့မရှိသော ဖေဖေ၏ ဤအပြုံးသ... ဖြူလေး အတွက် သီးသန့်ဖြစ်ကြောင်း ဖြူလေး ရိပ်မိလိုက်... သည်။ အလျင်တစ်ပတ်က စွဲချက်တင်သည့် နေ့တုန်းကလည်း ဖေဖေ ဖြူလေးကို ပြုံးပြသေးသည်။

ဦးခင်ဇော် ပြောသလိုဆိုလျှင်တော့ "မြတ်စုကို သက်သေ... အဖြစ် အစစ်ခံရင် ကြိုးတန်းပေါ် လမ်းလျှောက်ခိုင်းရသလို ဖြစ်မှာပဲ" တဲ့၊ ဦးခင်ဇော်သည် ကိုကို၏ စိတ်ဆတ်မှု ဒေါသ... ဖြစ်လွယ်မှုတို့ကို စိုးရိမ်နေခဲ့သည်၊ တရားရုံးမှာ အစစ်ခံလျှင် မေးသည့် မေးခွန်းထက်ပို၍ မဖြေသင့်ကြောင်း အထပ်ထပ် သတိပေးနေရသည် တဲ့။

"ဆရာ သတိပေးတဲ့ အထဲမှာ တစ်ခုလောက်ထပ်ဖြည့်လိုက်... ပါ ဆရာ၊ တရားခွင်မှာ သက်သေအဖြစ် အစစ်ခံတဲ့အခါ... ဖေဖေ့ကို ယောက္ခမလောင်း တစ်ယောက်အနေနဲ့ မမြင်ဘဲ...





...ဆောင်ချမယ့် တစ်ဘက်ရှေ့နေ တစ်ယောက်အဖြစ် မြင်ပါလို့... နော် .... ဆရာ"

ထိုစကားကို ဖြူလေး စိုးရိမ်တကြီး ပြောတော့ ဦးခင်ဇော် ... က ခေါင်းညိတ် လက်ခံခဲ့ပါသည်။

"....အဲဒီ အုတ်အစွန်းကလေးဟာ ဘယ်လောက် ကျယ် သလဲ"

"တစ်ထွာကျော်ကျော် ရှိပါလိမ့်မယ်၊ ည အမှောင်ထဲမှာ ဆိုတော့ ကျွန်တော် သိပ် မသဲကွဲပါဘူး"

"ဝရန်တာနဲ့ ဘယ်လောက် ဝေးသလဲ"

"နီးနီးကလေးပါ၊ လက်တစ်ကမ်းလောက်ပါပဲ"

"ဟောဒီ ဓာတ်ပုံထဲက အုတ်အပြားကလေးလား"

ဦးခင်ဇော်က ဖိုင်တွဲထဲမှ ပုံကြီးချဲ့ထားသော ဓာတ်ပုံ တစ်ခု ကို စားပွဲပေါ် ချပြသည်။ ကိုကို ငုံ့စိုက်ကြည့်ပြီး "ဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



"တယ်" ဟု ဖြေလေသည်။ ဦးခင်ဇော်က ဖေဖေ့ အား ဓာတ်ပုံ ထောင်ပြပြီး နောက် တရားသူကြီးဆီ လျှောက်သွား၏။ တရားသူကြီးကို ဓာတ်ပုံပြနေသည်။ ထို့နောက် ပြန်လျှောက်သွားသည်။

"သူ အဲဒီ အပေါ် ဘယ်လိုတက်သလဲ မင်း မြင်သလား"

"မမြင်လိုက်ပါဘူး၊ ကျွန်တော် အရက်မသောက်ဘဲ ပြန်ဖြစ်မယ်လို့ စဉ်းစားပြီး အိမ်ထဲပြန်ဝင်၊ တံခါးဆီ တော လျှောက် ဆက်သွားလိုက်ပါတယ်၊ အပြင် လှေကားဆီ ထွက်မယ် လုပ်ပြီးကာမှ သူ့ကို နှုတ်ဆက်ဦးမှ ကောင်းမယ်လို့ စဉ်းစားမိတာနဲ့ ဝရန်တာဘက်ကို ပြန်သွားလိုက်ပါတယ်၊ အဲဒီ အချိန်မှာ သူ ဝရန်တာမှာ မရှိတော့ပါဘူး"

ကိုကို့ အသံက တုန်ယင်မှု အနည်းငယ်မှ အပ ချောမွေ့ နေ၏။

"အဲဒီတော့ မင်း ဘာလုပ်သလဲ"

"ကျွန်တော်က အိမ်ထဲ သူ ပြန်ဝင်သွားတယ် မှတ်လို့ ပြန်လှည့်ပြီး သူ့ အခန်းရှိရာဘက်ကို အော် နှုတ်ဆက်လိုက်ပါတယ်"





"ဘယ်လို နှုတ်ဆက်သလဲ"

"မမြနှင်းဆီ ကျွန်တော် ပြန်တော့မယ် လို့ အော် နှုတ်ဆက်ပါတယ်၊ အဲဒီတော့ သူ့ အသံကို ဝရန်တာ လက်ဝဲဘက် အပြင်ဘက်ကနေ ကြားလိုက်ရပါတယ်"

"ဘယ်လို အသံလဲ"

"စကားလှမ်းပြောတဲ့ အသံပါ"

"ဘယ်လို ပြောသလဲ"

ကိုကို ခဏ ငိုင်သွားပြီးမှ ခေါင်းမော့၍ ဖြေသည်။

"မောင်ရေ မြ ဒီမှာ တဲ့"

ထို စကားသည် ဖြူလေး၏ နှလုံးသားကို ဆုတ်ညှစ်ခြင်း ခံလိုက်ရသလို ကျုပ်ခဲ နာသွားစေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင် .... တဲ့။ ဤ အသုံး အနှုန်းသည် ဖြူလေးအ
တစ်သက်လုံး ခြိမ်းခြောက် နေပေတော့မည်။ ချစ်သူ တ
ကို မိမိလက်ထဲမှ အလုခံလိုက်ရသော အဖြစ်သည် မိ
တစ်ယောက်၏ အရည်အသွေး ညှိုးဖျင်းကြောင်း သက်
ပြချက်တစ်ခု မဟုတ်ဘူးလား။ ဖြူလေး ရင်ဆိုင်ခဲ့ရသော အ
သည် ဖြူလေး၏ တစ်သက် ဘယ်တော့မျှ ဖြေဖျောက်
တော့သည့် အရှုံးဖြစ်သည်။ ဖြူလေး အံကြိတ်၍ ကိုကို
ဝေးမောနေမိသည်။

ဤ လူကို ဖြူလေး ချစ်မြတ်နိုးစွာ မျှော်လင့်ခဲ့ဖူးသည်။

ဖြူလေး သိချင်လှပါသည်။ ကိုကိုဟာ မြနှင်းဆီကို ချစ်
တယ် မဟုတ်လား။

"သိပ်ချစ်တာပဲ မြရယ်" လို့ ရေရွတ်ခဲ့လေသလား။ ဖြူလေး
နာကြည်းကြေကွဲမှု များစွာဖြင့် ပြတင်းပေါက်ဖွင့်ပြီး မျက်ရည်
တွေတွေကျ ငုတ်တုတ် ထိုင်နေခဲ့ရသည့် ညတွေမှာ လေ
ဆောက်တည်ရာမရ ဒေါသများ နာကျင် ဆုံးရှုံးမှုများဖြင့်
တလူးလူး တလိမ့်လိမ့် ကုန်ဆုံးခဲ့ရသည့် ညတွေမှာလေ။





တကယ်တော့ ယောကျ်ားတွေ အလိုရှိတာဟာ ရိုးသား
ခြင်မှု မဟုတ်ဘူး။ ကောက်ကွေ့ လိမ်ညာမှုတွေပဲ။ ဣန္ဒြေ
ကွာ မဟုတ်ဘူး။ လျှပ်ပေါ် လော်လည်တဲ့ မြူဆွယ်မှုတွေပဲ။
အေးမြ နူးညံ့တဲ့ ချစ်ခြင်းမေတ္တာ မဟုတ်ဘူး။ ပူပြင်း လောင်
ကျွမ်းတဲ့ ရမ္မက်တွေပဲ။

ယောကျ်ား တစ်ယောက်ကို ရဖို့ အရှက်နဲ့ သိက္ခာကို ခွာချ
စ်မှ ရမယ် ဆိုရင် ဖြူလေး တစ်သက်လုံး အဲဒီ ယောကျ်ားကို
ာက်လွှတ်ခံပစ်လိုက်မယ် ဆိုတာ ကိုကို မသိလေရော့သလား
ွယ်။

"အဲဒီတော့ သူက ပြောတယ်၊ လူတွေမှာ နောက်ဆုံး
ထက်နက်တော့ ရှိကြတာပဲ တဲ့၊ ကျွန်တော်က လိမ့်ကျလိမ့်မယ်
ပြန်ဆင်းခဲ့ပါလို့ ပြောတော့"

"နေဦး၊ ပြန်ဆင်းခဲ့ပါ ဆိုတော့ အုတ်အပြားက ဝရန်တာ
ထက် မြင့်သလား၊ မင်း စောစောက ထွက်ဆိုချက် မှာတော့
ဝရန်တာထက် နိမ့်တယ်လို့ ထွက်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်ကတော့ အုတ်အပြားက ဝရန်တာထက် နိမ့်
တယ် ခင်ဗျာ၊ ကျွန်တော် အဲဒီ အချိန်တုန်းက ဘယ်လိုပြောခဲ့
သလဲ မသေချာပါဘူး၊ သူ ဝရန်တာဘက်ကို ပြန်ရောက်
စေချင်တဲ့ လုံခြုံစေချင်တဲ့ ဆန္ဒတစ်ခုပဲရှိပါတယ်၊ သူ လိမ့်ကျ
ကျွန်တော် စိုးရိမ်နေခဲ့တာပဲ ကျွန်တော် သိပါတယ်"

ဦးခင်ဇော်ကို ဖြူလေး ငေးမောနေမိသည်။ ဥပဒေ စာအု
တစ်ခုထဲမှာ ဖတ်ဖူးသည်။ ကျွမ်းကျင်တဲ့ ရှေ့နေ တစ်ယော
ဟာ သက်သေရဲ့ အဖြေကို ကြိုတင် မသိဘဲ မေးခွန်း မထု
ဘူး တဲ့။

"ကောင်းပြီ၊ ပြန်တက်ခဲ့ပါ ဖြစ်ဖြစ်၊ ပြန်ဆင်းခဲ့ပါ ဖြစ်ဖြ
အဲဒါကို ပြောတော့ တရားလိုက ဘာပြောသလဲ"

"သူက တံမင် ခုန်မချဘဲတော့ မကျပါဘူး တဲ့၊ ဒီပေါ်မှာ
သူ မကြာခဏ ရပ်ပြီး သစ်ခွပန်း ခူးခဲ့ဖူးပါတယ် တဲ့၊ အုတ်
အစွန်းက အကျယ်ကြီးပါ တဲ့"

မြနှင်းဆီသည် ကိုကို့ ကို အကျပ်ကိုင်လို စိတ်ဖြင့် ကျ
အုတ် အစွန်းပေါ် တက်ရပ်ခဲ့တာလား။ သို့မဟုတ် ကျီစယ်လို





တ်ဖြင့်လား။ တကယ်ရော သူမ အဲဒီ အပေါ်က ခုန်ချခဲ့တာ
ား။

" .... အပြန်အလှန် ပြောပြီးတော့ သူက နောက်ဆုံးအကြိမ်
မေးမယ် တဲ့၊ သူ့ကို လက်ထပ်မှာလား တဲ့"

"အဲဒီ မေးနေတဲ့ အချိန်မှာ မြနှင်းဆီရဲ့ ပုံပန်းသဏ္ဌာန်
တာ ဘယ်လို ရှိနေသလဲ နည်းနည်း ရှင်းပြပါဦး"

"မှောင်ရိပ်ကျနေတာမို့ သူ့ မျက်နှာ ပုံသဏ္ဌာန်ကိုတော့
ကျွန်တော် မမြင်ရပါဘူး၊ ဒါပေမယ့် ခြိမ်းခြောက်သလို အသံ
းပါ၊ သူ့ လေသံက သိပ်မာပါတယ်"

"ဆက်ပြောပါ၊ ဘာဖြစ်ကြသလဲ"

"ကျွန်တော်က ခင်ဗျား ရူးနေပြီလို့ ပြောမိပါတယ်၊ သူက
 ရူးတာ မရူးတာ မောင့် အလုပ် မဟုတ်ပါဘူး တဲ့၊ မောင့်
အလုပ်က ဖြေဖို့ပဲ တဲ့၊ လက်ထပ်မှာလား မထပ်ဘူးလား တဲ့"



www.burmeseclassic.com

www.burmeseclassic.com



တရားခွင်သည် တရားသူကြီး၏ ထွက်ချက်ကြောင်းပေးသ… လွဲ၍ တိတ်ဆိတ်လျက် ရှိသည်။ တရားသူကြီး၏ အသံမှာ … နှင့် ဦးခင်ဇော် နှစ်ဦးလုံး အသံထက် ပို၍ ကျယ်သည်။

တကယ်တမ်း ဤအတိုင်းသာ ဖြစ်သွားသည် ဆိုလျှင် … မိန်းမလောက် မိုက်မဲသူ လောကမှာ မရှိနိုင်။ ဤ မိန်းမ… ယောကျ်ား တစ်ယောက်၏ နှလုံးသား နူးညံ့မှု ပျော့… တို့ကို မိမိ အသက်နှင့် လောင်းကြေးထပ်လိုက်ခြင်းပင် ဖြစ်… သည်။

"နောက်ပြီးတော့ရော"

"ခုန်ချလောက်အောင် သူ ရူးသွပ်မယ်လို့ မထင်ခဲ့တော…"

"ဒီ အဖြေကို ကန့်ကွက်ပါတယ် ခင်ဗျား"

ဖေဖေ ဝုန်းခနဲ ထရပ်တော့ အဖြေထဲတွင် နစ်မျောနေသည်… ဖြူလေးပင် လန့်ဖျပ်သွား၏။ ကိုကိုလည်း ဖေဖေ့ကို ဆတ်… မော့ကြည့်၏။





တရားသူကြီးက ခေါင်းညိတ်သည်။

"သက်သေဟာ တရားလိုရဲ့ အပြုအမူနဲ့ ပတ်သက်တဲ့ ထင်… ချက် ပေးခွင့် မရှိပါဘူး၊ ထင်မြင်ချက်မပါဘဲ ဖြေပါ"

တရားသူကြီး၏ ဆုံးဖြတ်ချက် အဆုံးတွင် ဦးခင်ဇော်က… ခေါင်းတစ်ချက် ညွတ်ပြပြီးမှ ကိုကို့ကို ငုံ့ကြည့်သည်။

"ရူးလိမ့်မယ်လို့ ထင်တာတွေ မပါဘဲ ဖြေပါ" ဟု မေးပေး… သည်။

"သူ ခုန်ချမှာကို ကျွန်တော် နည်းနည်းမှ မစိုးရိမ်ခဲ့ပါဘူး"

"ဘာကြောင့် မစိုးရိမ်တာလဲ"

"သူ .... သူဟာ အရာရာကို အကွက်ချ စီစဉ်တတ်တယ်ဆို… …သူနဲ့သိကျွမ်းတဲ့ အချိန်က စပြီး ကျွန်တော် သိနေခဲ့လို့ပါ၊ …ဟာ ကျွန်တော် သူ့ကို လက်ထပ်ချင်အောင် အကျပ်ကိုင်… …နည်း တစ်ခုပဲလို့ သိနေခဲ့လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"နောက် ဘာဆက်ဖြစ်သလဲ"

ထို မေးခွန်းကို ကိုကို တော်တော်နှင့် မဖြေပါ။ အ[illegible]ကြာမှ ခပ်တိုးတိုး ဖြေ၏။

"သူ မေးတာကို မဖြေမိဘဲ အံ့ဩတကြီး ဖြစ်နေမိ[illegible] သူ ထပ်မေးပါတယ်၊ လက်ထပ်မှာလား တဲ့"

"ဒီတော့"

"ဒီတော့ ကျွန်တော်ကလဲ စိတ်ထဲ ရှိတဲ့အတိုင်း ဟင့်အ[illegible] လို့ ဖြေလိုက်ပါတယ်"

"အဲဒီနောက်ကော"

"အဲဒီနောက်"

ကိုကို ခဏ ငြိမ်သက်သွားပြန်၏။ တရားခွင် မှာ[illegible] ငြိမ်သက်နေသည်။ သူမ စိတ်ကျဉ်းကျပ်စွာ သူ့ နောက်[illegible]





[illegible] စိုက်ကြည့်နေ၏။ ဖြေလိုက်လေ ကိုကို၊ ဒီလောက် အကြာ[illegible]ကြီး ငြိမ်မနေနဲ့။

"ကျွန်တော် သိပ်ဝမ်းနည်းပါတယ် ခင်ဗျာ၊ ကျွန်တော် [illegible]လုံးဝ မထင်ထားခဲ့ပါဘူး၊ သူ အဲဒီလို လုပ်လိမ့်မယ်လို့ လုံးဝ [illegible]ထင်ခဲ့ပါဘူး၊ သူ...."

"သူ ဘာလုပ်သလဲ"

"သူ.... ခုန်ချလိုက်ပါတယ်"

ခဏ ငြိမ်သက်သွား၏။

"သူ့ကို လှမ်းဆွဲဖို့ ကြိုးစားခဲ့ခြင်း ရှိမရှိ ဖြေပါ"

ကိုကိုက ကိုခင်ဇော်ကို မော့ကြည့်သည်။ ကိုကို့ ပုံ[illegible] [illegible]ခင်ဇော် ဘယ်အဖြေကို လိုချင်ပါလိမ့် ဟု ဒွိဟ ဖြစ်နေပုံမျိုး [illegible] နောက် ဦးခင်ဇော်က အားပေးသလို မသိမသာ ပြုံးပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လှမ်းဆွဲဖို့ မကြိုးစားခဲ့မိပါဘူး ခင်ဗျာ"

"ဘာကြောင့်လဲ"

"ဘာကြောင့်လဲ ဆိုတော့ အဲ....လုံးဝ မထင်ထားလို့ လှမ်းဆွဲထားဖို့ သတိကို မရတာပါ၊ သူ အဲဒီလို ခုန်ချလိမ့်မ လို့ ကျွန်တော် လုံးဝ မထင်ထားပါဘူး"

သည်မိန်းမ ကိုကို့ ကို ရဖို့ သုံးခဲ့သော နည်းမျိုးစုံအနက် နည်းသည် အမှားယွင်းဆုံး ဖြစ်ကြောင်း သူမဘာသာ သိသွ ပါလိမ့်မည်။ ဒါဖြင့် သူမ ဘာဖြစ်လို့ ခုန်ချခဲ့ပါလိမ့်။

ဦးခင်ဇော်က အခင်း မဖြစ်ပွားမီ ဗဋိပက္ခများ အကြော မေးနေစဉ် ဖြူလေးကတော့ မြနှင်းဆီကို မြင်ယောင်နေသည်

မထီတထီ ပြုံးတတ်သော နှုတ်ခမ်းများ။ ဖြူလေးကို အထ စီးမှ ကြည့်သော မျက်ဝန်းများ.... 'မင်း ငါနဲ့ ပြိုင်ပြီး ရအော ယူနိုင်ရင် ယူလေ' ဟု စိန်ခေါ်သလို ကြည့်တတ်သေ မျက်ဝန်းများ။





"....လို့လဲ ခြိမ်းခြောက်တယ်၊ ဒါ့အပြင် သူက ပြောသေး ယ်၊ မောင့်ကို မြမှ မရရင် အဲဒီ ကောင်မလဲ မရစေရဘူး "

ဖြူလေး ကိုကို့ သက်သေ ထွက်ချက် စကားကြောင့် ကြည်း စက်ဆုပ်စွာ ငိုင်ကျသွား၏။ မြနှင်းဆီ၏ အမုန်း သည် သူမထံသို့ အရှိန်ပြင်းစွာ ရောက်လာပြီး သူမကို ပူပြင်း လောင်မြိုက်ရန် စွမ်းဆောင်နိုင်ခဲ့လေသည်။

ဟိုတုန်းကတော့ ကိုကိုဟာ အင်မတန် အပြစ်ကင်းခဲ့တယ်။ တုန်းကတော့ မြတ်စုနှင့် ဖြူဖြူအောင်ဟာ အလွန် ချစ်ခင် ခဲ့ကြတယ်။ ဟိုတုန်းကတော့ သူမ အလွန် ပျော်ရွှင်ခဲ့ရ ။

'ဗိုလ်တောင်' ရေတံခွန်သို့ အတက်လမ်း ကျောက်စရစ်ခဲ ကျောက်တုံးများ ပြန့်ကျဲနေသော မြေနီ ကုန်းမြင့် လမ်း ကျောက် ဖြူလေး၏ ရွှေအိုရောင် ဆိုင်ကယ်ကလေးဖြင့် ခဲ့ကြဖူးသည်။ အဲဒီတုန်းက ရှေ့က ဆိုင်ကယ်စီးနေသ ကို ခါးဖက်ရမှာ ဖြူလေး ရှက်ခဲ့လို့ ထိုင်ခုံ နေ က ကလေးကိုပဲ တအား ဆုပ်ကိုင်ပြီး တခစ်ခစ် ရယ်မော



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးခဲ့ရသည်။ ဘုန်းကြီးကျောင်းပေါ်မှာ ဖြူလေးကို ကိုး ရေခပ်တိုက်စဉ် ဖြူလေး၏ ဆံပင်ပျော့ကလေးများ မြေနီ များ ကပ်ငြိနေတာကို ကြည့်လျက် ကိုကို တဟားဟား ရေ မော စ,နောက်ခဲ့သည်။ တောင်ကမ်းပါးယံ အောက်မှ သစ် မြင့်ကြီးများကို နောက်ခံထားလျက် ကိုကို ဖြူလေးကို ပထ ဦးဆုံး အကြိမ် ဓာတ်ပုံ ရိုက်ပေးခဲ့သည်။ ခလုတ်ကို တော်တော် နှင့် မနှိပ်ဘဲ အကြာကြီး တမေ့တမော ချိန်နေတာ ဖြူလေ စိတ်မရှည်လို့ ခြေဆောင့်ခဲ့သေးတာ။ နှုတ်ခမ်း စူလိုက်တော့ ကိုကိုက ထိုပုံကို အမိအရ ရိုက်ခဲ့တာ။ ဘာလို့ ဒီလော အကြာကြီး ဖြစ်နေတာလဲ ဟု မေးတော့ ခလုတ်နှိပ်ရမှာ မေ့ လို့ တဲ့။ ကဲ....”

ထိုနေ့ကပဲ အပြန်မှာ ဖြူလေး ကတ်ကြေးကိုက် စားချ တယ် ပူဆာတော့ ကိုကိုက ညနေမှ ကျွေးမည် ဟု ငြင်းနေသေး သည်။ ဖြူလေး စိတ်ကောက်ချင်သလို ဖြစ်လာတော့မှ ကိုကို အလျှော့ပေးကာ ဖြူလေးတို့နားက ကတ်ကြေးကိုက် ဆိုင်မှာ ကျွေးသည်။ ကိုကို့မှာ ကြေးပြားက ကတ်ကြေးကိုက် တစ် စာပဲ ရှိတာကို ဖြူလေး မသိခဲ့ပါ။ ဖြူလေး စားသမျှ ထို ကြည့်ပြီး ဘေးနားမှာ ရေနွေးကြမ်းကိုချည်း တစ်ခွက်ပြီး တစ်ခွက် သောက်နေခဲ့သော ကိုကို့ အပြုံးကလေးကို ဖြူလေး သတိရမိသည်။





“ကိုကိုရော စားလေ” ဟု ဖြူလေး ပြောတော့ ကိုကို ဘူးတဲ့လေ။ အကြောင်းစုံ သိသွားတော့ ဖြစ်မှ ဖြစ်ရလေ ဖြူလေး အံ့ဩ စိတ်မကောင်း ဖြစ်ခဲ့ရသည်။

အရပ်တုန်းကတော့ ကိုကိုဟာ ဖြူလေးကို သိပ်ချစ်ခဲ့မှာပါ။

“မင်း ဝရန်တာကို ဘာကြောင့် ထွက်သွားတာလဲ”

ဖျတ်ခနဲ လွင့်သွားသော အာရုံကို ပြန်ထိန်းချုပ် လျက် ရားခွင်ဆီသို့ လှမ်းကြည့်လိုက်၏။ ဖေဖေသည် မတ်တတ်ရပ် က် ကိုကို့ကို ငုံ့ကြည့်နေသည်။ ဖေဖေ့ အသံမှာ ထူးခြား မာထန်နေ၏။

“ဘာကြောင့်ရယ်လို့ မဟုတ်ပါဘူး ခင်ဗျာ၊ စိတ်ညစ်ညစ်နဲ့ ဒီဘက်ကို ထွက်သွားမိတာပါ”

ဖေဖေ့ အသံနှင့် ဆန့်ကျင်လျက် ကိုကို့ အသံက တိုးတိတ် ရှိကျိုးဟန် ပါဝင်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ညစ်ဘယ် ဟုတ်သား၊ ဖြူ လေး အဖေကို မင်း ဖွင့်ပြော မယ်လို့ အယုံသွင်းတာကို တရားလိုက မယုံကြည်လို့ စိတ်ညစ် တာ မဟုတ်လား"

"မဟုတ်ပါဘူး"

ဖေဖေ့ အသံက တင်းမာသော လောက် ကိုကို့ အသံက တိမ်စွာ အားနည်းလျက် ရှိသည်။

"သက်သက်ကို အမြည်းဝယ်ခိုင်းလိုက်တယ်နော်"

"ဟုတ်ပါတယ်"

အိုး .... ကိုကိုကလည်း မြန်မြန် ဆီက ဝယ်ခိုင်းလို့ပါ လို့ ပြော လိုက်ပါတော့လား။

"အရင်တုန်းက အဲဒီ အိမ်မှာ တစ်ခါမှ အရက် မသောက် ဖူးဘူးနော်"

"ဟုတ်ပါတယ်"





"အဲဒီ နေ့ကမှ အရက်သောက်ချင်တယ်လို့ ပြောခဲ့တာ နော်"

"ဟုတ်ကဲ့"

"သက်သက်ကို ထုတ်ပေးလိုက်တဲ့ ကိုးဆယ်တန်က မင်း အိတ်ကပ်ထဲက ဆိုက်ဆံပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"တစ်အိမ်လုံး အဲ....ဝရန်တာမှာ မင်းတို့ နှစ်ယောက်တည်း ကျန်ခဲ့တာ အမှန်ပေါ့"

"မှန်ပါတယ်"

"အဲဒီလို မင်းတို့နှစ်ယောက်တည်း ရှိနေတုန်း သိပ် မကြာ ခင်မှာ တရားလို အောက်ကျသွားတဲ့ အဖြစ်အပျက် ဖြစ်ခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့်"



www.burmeseclassic.com

www.burmeseclassic.com



"မေးတဲ့ မေးခွန်းကိုပဲ ဖြေပါ"

ဖေဖေသည် ကိုကို့အား စောဒကတက်ခွင့် လုံးဝ
ပါ။

"လက်ဗွေ ပုံစံတွေဟာလဲ ဝရန်တာကပဲ ရခဲ့တယ်
ပါရဂူ ထွက်ချက်အရ မင်း သိတယ်နော်"

"သိပါတယ် ခင်ဗျာ" ကိုကို့ အသံက တိုးတိုးကလေး

"အုတ် အစွန်းပြားကလေးပေါ်က ခြေဗွေရာ ရခဲ့
သလား"

"အဲဒါ မြနှင်းဆီ ဖျက်ပစ်တာ"

"မေးတဲ့ မေးခွန်းကိုပဲ ဖြေပါ"

ကျယ်လောင်သော ဖေဖေ့ အသံက အေးစက် စူးရှ
ဓားသွားလို ထက်နေသည်။ ကိုကိုက ဖေဖေ့ကို ပထမ
အကြိမ် မော့ကြည့်၏။





"မြနှင်းဆီတို့ တိုက်ကို ဆေးမသုတ်ခင် နှစ်ပတ်တုန်းက
ဆလိုရခဲ့တဲ့ လက်ဗွေရာ ခြေဗွေရာတွေထဲမှာ အုတ်အစွန်းပြား
ပေါ်က ခြေဗွေရာ ပါသေးသလား၊ ပါရင် ပါတယ် မပါရင်
မပါဘူးပေါ့"

"မပါ ပါဘူး" ကိုကို ခေါင်းပြန်ငုံ့သွားသည်။

"အခင်းဖြစ်ပွားတဲ့ ညမှာ ကမ်းစပ်မှာ ရပ်ထားတဲ့ လှေ
တွေ စက်လှေတွေထဲမှာ တရားလိုရဲ့ စက်လှေ မပါဝင်ဘူးဆို
တာ မင်း သိသလား"

ကိုကို အကြာကြီး မော့ကြည့်နေပြီးမှ "မသိပါဘူး" ဟု
ဖြေသည်။

"တရားလိုရဲ့ ဝရန်တာကနေ ကမ်းနားဘက်ကို ကြည့်ရင်
ရပ်ထားတဲ့ စက်လှေတွေ၊ လှေတွေကို မြင်နိုင်သလား"

"ကျွန်တော် မသိပါဘူး"

"ပြည်တော်သာ တံတားဆီကို တရားလိုရဲ့ တိုက် ဝရန်တာ
ကနေ မြင်ရသလား"



www.burmeseclassic.com

www.burmeseclassic.com



"မမြင်ရပါဘူး"

"ဒါဖြင့် ရပ်ထားတဲ့ စက်လှေတွေကို မမြင်နိုင်ဘူးပေါ့"

"ဟုတ်ပါလိမ့်မယ် ခင်ဗျာ"

"ဒါဖြင့် အခင်းဖြစ်ပွားတဲ့ ညတုန်းက တစ်ခုခု ဖြစ်နေ... လို့ မင်း ပြောခဲ့တဲ့ စက်လှေဟာ ပြန်ထွက်လာတဲ့ စက်လှေ... လား"

"ကျွန်တော် .... ကျွန်တော် အဲဒီလို မပြောခဲ့ပါဘူး"

"တရားလိုဟာ ဝရန်တာ ထောင့်ချိုးမှာ ထိုင်နေခဲ့တယ်... မင်းက သူ့ကို နောက်ပြန် လှည့်ကြည့်အောင် လှည့်စားနိုင်... ခဲ့တယ်၊ သူ ပြန်လှည့် မလာခင် မင်း သူ့ကို တွန်းချလိုက်... တယ်"

"မဟုတ်ပါဘူး၊ သူ အုတ်အပြားကလေး ပေါ်ကနေ ခုန်... ချတာပါ ခင်ဗျာ"

"မြနှင်းဆီဟာ အဲဒီ ညက အုတ်အစွန်းပေါ်မှာ လုံးဝကို... တက်မရပ်ခဲ့ဘူး၊ မင်း လိမ်ထွက်ဆိုတာ"





"မဟုတ်ဘူး...." ကိုကို့ အသံက အကျယ်ကြီး၊ ဒေါသကို ...ိန်းချုပ်ထားရာက ပွင့်ထွက်သွားသည့် အသံမျိုး။

"သူ အဲဒီ အပေါ်မှာ ရပ်ခဲ့တယ်၊ အဲဒီ အပေါ်ကနေ ...န်ချခဲ့တယ်၊ ကျွန်တော် မလိမ်ဘူး၊ ကျွန်တော် ...."

ဘုရား .... ဘုရား ....။

ဦးခင်ဇော်က ကိုကို့ ပခုံးကို ခပ်ဖွဖွ လှမ်း ဆုပ်လိုက်ချိန် ...တွင် ကိုကိုက ဝုန်းခနဲ ထရပ်၏။

"အဲဒီ မိန်းမဟာ လိမ်တဲ့ညာတဲ့ နေရာမှာ ကျွမ်းကျင်ပြီး ...သား၊ ဦးလေးတို့ သူ့စကားကို ဒီမှလောက်ထိ ...."

"မောင်မြတ်စု"

တရားသူကြီး၏ မျက်နှာမှာ စိတ် ရှုပ်ထွေးနေဟန် ရှိသည်။

"ရုံးတော်ရှေ့မှာ ထွက်ဆိုနေတယ်ဆိုတာ သတိရပါ"



www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီး၏ သတိပေးချက် အပြီးတွင် ဦးခင်ဇော် ကိုကို့ကို ကုလားထိုင်ပေါ် ပြန်ထိုင်မိအောင် ပခုံးကို ဆုပ်၍ ထိန်းပေးသည်။ ဦးခင်ဇော်၏ အားပေးပြုံးကြောင့် ကိုကို ပျော့ခွေစွာ ထိုင်ချလိုက်လေသည်။

ဖေဖေက ကိုကို စိတ်ထိန်းချုပ်နိုင်သည်အထိ စောင့်နေပြီး မေးခွန်း ထပ်မေးသည်။

"မြနှင်းဆီက သူ့ကို လက်ထပ်ပါလို့ တောင်းပန်ခဲ့တယ် နော်"

"ဟုတ်ပါတယ်"

"မင်းက ငြင်းခဲ့တယ်"

"ဟုတ်ပါတယ်"

"သူနဲ့ ရင်းရင်းနှီးနှီး ဖြစ်ခဲ့ပြီးတာတောင် မင်းက ငြင်းခဲ့တယ်"

"ဟုတ်ပါတယ်"





"တရားလိုက မင်းကို အဝတ်အစားတွေ၊ လက်ဆွဲအိတ်တွေ ဝယ်ပေးခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အီတလီနဲ့ ဂျာမနီနိုင်ငံ ဒီဇိုင်းကုမ္ပဏီတွေက ထုတ်တဲ့ ပုံကြီးချဲ့ ကီရိယာနဲ့ ပုံကူး စက်တွေကို ဝယ်ပေးခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါတောင် သူ့ကို မင်း လက်မထပ်ချင်ခဲ့ဘူး နော်"

"ဟုတ်ပါတယ်"

"ဘာကြောင့် လက် မထပ်ချင်တာလဲ"

"ကျွန်တော် သူ့ကို မချစ်ဘူး"

"ဩော ...." ဖေဖေ့ အမူအရာက အလွန် အံ့ဩသွားသလို၊



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မင်းနဲ့ သူနဲ့ ရင်းရင်းနှီးနှီး နေခဲ့တာဟာ သူ့ ပစ္စည်းတွေကြောင့်လို့ ပြောရင် ရမလား"

"အဲဒီလိုလဲ မဟုတ်ပါဘူး" ကိုကို့အသံက တိုးတိမ် သွား လေသည်။

"သူနဲ့ လက်မထပ်ဖြစ်ရင် အဲဒီ ပစ္စည်းတွေ ပြန်ပေး သူက တောင်းသလား"

"မတောင်းပါဘူး"

"မင်းကရော သူ့ကို အဲဒါတွေ ပြန်ပေးဖို့ စိတ်ကူး ရှိသလား"

"ပြန်ပေးဖို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အရစ်ကျ နှုန်း နဲ့ ငွေချေသွားဖို့တော့ စိတ်ကူး ရှိပါတယ်"

"သူ့ပစ္စည်း အားလုံးပေါင်း တစ်သိန်းနီးပါး တန်တာ မင်း သိသလား"

"ဟုတ်ကဲ့ သိပါတယ်"





"ငွေ တစ်သိန်းကို အရစ်ကျ စနစ်နဲ့ ငွေချေမယ်ပေါ့"

"ဟုတ်ကဲ့"

"တစ်လ ဘယ်လောက် ငွေသွင်းမယ် စိတ်ကူးသလဲ"

ကိုကို မဖြေနိုင်ပါ။ ဖြူလေး သက်ပြင်းချလျက် ဖေဖေ့ကို ငေးကြည့် နေမိသည်။ ဖြစ်ပေါ်နေသော အခြေအနေအားလုံး ကို ဖြူလေး ရင်ထုမနာ ဖြစ်မိသည်။ တကယ်ဆို ဖေဖေနဲ့ကိုကို ဟာ တရားခွင်မှာ ရန်သူတွေလို ရင်ဆိုင်ရဖို့ မဟုတ်ပါဘူး။

"ကောင်လေးက နူးညံ့သိမ်မွေ့သားပဲ သမီးရဲ့" ပထမ ဦးဆုံး အကြိမ် ကိုကို အိမ်လာလည်စဉ်က ဖေဖေ ပြောခဲ့သော စကား။ ဖေဖေရယ် ဘာဖြစ်လို့များ မြနှင်းဆီအပ်တဲ့ အမှုကို လက်ခံ လိုက်ရတာလဲ။

"မြနှင်းဆီနဲ့ အပြိုင် မင်းမှာ နောက်ထပ် မိန်းကလေး တစ်ယောက် ပတ်သက် နေသေးတယ် နော်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မြနှင်းဆီ မရှိရင် အဲဒီ မိန်းကလေးကို အနှောင့်အယှက် ကင်းကင်းနဲ့ ပိုင်ဆိုင်ဖို့ အခွင့်အရေး ရမှာပေါ့ နော်"

"မြနှင်းဆီက ကျွန်တော်တို့ နှစ်ယောက်ကြားမှာ ဇွတ်ဝင် လာတာပါ"

"အဲဒီလို ဇွတ်ဝင်လာပြီး နှောင့်ယှက်လို့ မင်း သူ့ကို ရှင်း ပစ် ချင်နေတယ်ပေါ့"

"မဟုတ်ဘူး၊ အဲဒီလို မဟုတ်ပါဘူး"

"မင်းဟာ မျက်မြင် သက်သေ မရှိခိုက် တရားလိုကို တွန်းချ ခဲ့ပြီး အခုမှ သူ့ဘာသာသူ ခုန်ချတာပါလို့ လိမ်လည်ပြီး ထွက်ဆိုနေတာဆိုရင် မင်း ဘာပြောမလဲ"

"မဟုတ်ဘူး။ ကျွန်တော် မလိမ်ပါဘူး၊ အမှန်အတိုင်း ပြော နေတာပါ"

ဖေဖေက ခံကျော့မြိမ်သက်စွာ ကိုကို့ကို ငုံ့ကြည့်ပြန်၏။ အထဲ ထိုးဖို့ အကွက် စောင့်နေသော လက်ဝှေ့သမား တစ်ယောက်၏ မျက်နှာထားမျိုးနှင့် ဖြစ်သည်။





"ဟို မိန်းကလေးနဲ့ရော ပြတ်သွားပြီလား"

ဖေဖေ့ မျက်နှာမှာ သမီးရှင် တစ်ယောက်၏ အမူအရာမျိုး ပါ၏။

"ပြတ်တောက်လုဆဲဆဲ အခြေအနေတော့ ရောက်ခဲ့ပါတယ် ဖေဖေ"

"နှစ်ယောက်လုံး တစ်ပြိုင်တည်း တွဲခဲ့တယ်လို့ ပြောရင် ရမလား"

"ဟုတ်ကဲ့"

ဖေဖေဟာ သမီး နဲ့ တရားခံကို သဘောတူချင်ပါ့မလားဟု တွေးလေး သံသယ ဖြစ်မိသည်။

"နှစ်ယောက် ပြိုင်တူ ဆိုတော့ ပြဿနာတွေ တက်မှာပေါ့၊ တစ်ယောက်ယောက် မရှိမှ အေးမှာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

ကိုကိုက ဖေဖေ့ကို မော့ကြည့်၏။ ဖေဖေက မျက်လုံးကို ရှုံးစိုက်ရာမှ လုံးဝ မလွှဲဘဲ ကြည့်သည်။

"ကန့်ကွက်ပါတယ် ခင်ဗျား"

ဦးခင်ဇော် မြန်းခနဲ ထိုင်ရာမှ ထရပ်လေသည်။

"တရားလို အကျိုးဆောင်ကြီးဟာ သက်သေဆီက လိုချင်တဲ့ အဖြေကို မရ ရအောင် ...."

"ကန့်ကွက်ချက်ကို လက်ခံတယ်၊ အကျိုးဆောင်ကြီးရဲ့ မေးခွန်းကို ပြင်မေးပါ"

"ဟုတ်ကဲ့ ခင်ဗျား"

ဖေဖေက ခေါင်း ညွှတ်၍ ပြုံး လိုက်ပြီး ကိုကို့ ဘက်သို့ လှည့်ကြည့်သည်။





"မြန္နှင်းဆီကို ခွာချဖို့ ခက်ခဲနေတယ်ဆိုရင် မင်း ဘာပြော မလဲ ဟုတ်သလား၊ မဟုတ်ဘူးလား"

"အဲဒါတော့ ဟုတ်ပါတယ်"

ကိုကို ရယ်၊ ဘာ ဖြစ်လို့ ဒီလောက် အ,ရတာလဲ။ မိန်းမ တစ်ယောက်ကို ခွာချပစ်ဖို့ အတွက်တော့ အဲဒီ မိန်းမကို သတ် စရာ မလိုပါဘူးလို့ ဘာလို့ မဖြေတာလဲ။ အခု ဖေဖေဟာ သူလိုချင်တဲ့ အဖြေကို ကိုကို့ဆီက ရသွားပြီ ကိုကိုရဲ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၈။

မှတ်သုံလေသည် အခန်းထောင့်က ပိတောက်ပင်၏ အကိုင်းများကို ချိုးချလိုက်၏။ မှန်တံခါးများ စေ့ပိတ်ထားသော အိပ်ခန်းထဲတွင် မိုးရိပ် မိုးငွေ့ဖြင့် စိုထိုင်းနေသည်။

နောက်ကျောနေရာတွင် ပန်းပွင့်ကြီး တစ်ပွင့်တည်း အပြည့်ပါပြီး တခြားနေရာတွင် အဖြူရောင်သက်သက်ဖြစ်သော ဝိုဝ်အင်္ကျီပွပွကြီးထဲတွင် မြှုလေး၏ သေးညှက်သော ကိုယ်ခန္ဓာကလေး နစ်မြုပ်နေသည်။ မွေ့ရာပေါ်တွင် ကန့်လန့်အလျားမှောက်လျက် မွေ့ရာ၏ အစိမ်းရင့်ရောင် ပန်းခက် ဇီဇိုင်းပေါ်တွင် မျက်နှာအပ်လျက်ရှိသော်လည်း မြှုလေး အိပ်မပျော်နိုင်သေးပါ။ အခန်းခေါင်းရင်း မျက်နှာကြက်တွင် မြုပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ဖန်ချောင်း၏ ညီညာသော အလင်းရောင်သည် တစ်ခန်းလုံး ဖြာကျလျက်ရှိ၏။ စားပွဲတင်နာရီသည် ည ၁၁ နာရီနှင့် ၁၀ မိနစ်ကို ပြနေသည်။

ခဏငြိမ်သက်နေပြီးတော့ ဖြူလေးသည် ခေါင်းထောင်ကာ မွေ့ရာပေါ်ကို လက်ထောက်လျက် စားပွဲပေါ်မှ မှတ်စုစာအုပ်ကလေးကို ဆွဲယူလိုက်၏။

"မိမိ ဘာမျှမတတ်နိုင်သော အလုပ်ကိစ္စတစ်ခုဖြင့် ပူပင်သောက မရောက်ပါနှင့်" ဟူသော စကားကို ဆန့်ကျင်လျက် ဖြူလေး စာအုပ်ကို ဖွင့်ဖတ်လိုက်သည်။ တရားခွင်တွင် ဝင်ရောက် နားထောင်စဉ် မီသမျှ ဒရေးသောပါးလိုက်ရေး၍ စိတ်ဝင်စားမိသော တရားခံပြသက်သေ ထွက်ချက်များ ဖြစ်သည်။

တရားခံပြသက်သေ(၂)ဒေါ်စီစီ [ ယောကျ်ားတစ်ယောက်လို ထွားကျိုင်းသော အမျိုးသမီးကြီး ဖြစ်သည်။]

အစိက စစ်မေးခြင်း။

မေး .... မြနှင်းဟာ ဘယ်အချိန်က မိဘမဲ့ မိန်းကလေးဂေဟာကို ရောက်ပါသလဲ။





ဖြေ .... ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နံနက်ပိုင်းက ရောက်ပါတယ်။

မေး .... သူ့ အသက်ကို သိပါသလား ခင်ဗျား။

ဖြေ .... မွေးသက္ကရာဇ် အတိအကျ ပေးပါတယ်၊ ၁၉၆၂ ခု စက်တင်ဘာလ ၁၁ ရက်နေ့ပါ။

မေး .... သူ့ကို ဘယ်သူတွေက လိုက်ပို့ပါသလဲ။

ဖြေ .... ဘုတ်ပြင်း မြို့နယ်ကောင်စီက တာဝန်ရှိ ပုဂ္ဂိုလ်တစ်ယောက်နဲ့ လေးလေးဆယ် မြနှင်းကို စောင့်ရှောက်ထားတဲ့ မွေးစားအမေ ဒေါ်ချစ်တို့ လိုက်ပို့ပါတယ်။

မေး .... ဂေဟာမှာ သူ့ရဲ့ ပြုမူဆောင်ရွက်ချက်တွေကို ဒေါ်စီစီ မှတ်မိသလောက် ပြောပြပါ ခင်ဗျား။

ဖြေ .... မြနှင်းက လူမှုရေး လုပ်ငန်းတွေကို စိတ်မဝင်စားပါဘူး၊ လှုပချင်စိတ် ပြင်းထန်တယ်၊ ဘဝင်လဲ နည်းနည်းမြင့်တယ်၊ ဒေါသကြီးတယ်၊ စိတ်အပြောင်းအလဲ မြန်တတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မကြာခဏ ရန်ဖြစ်တတ်တယ်၊ မှတ်ချက် ခ
ခဏ အရေးခံရတယ်။

မေး .... ဂေဟာမှူး လုပ်သက်အတွင်းမှာ မြနှင်းနဲ့ ပတ်သက်သ
မှတ်ချက်တွေရှိရင် သိချင်ပါတယ် ခင်ဗျား။

(စာအုပ်လှန်ကြည့်လျက်)

ဖြေ .... ၁၉၇၄ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့မှာ ကျွန်မ ရုံး
ကို တစ်ခါရောက်ပါတယ်၊ သူနဲ့ တွဲပြီး ကြိမ်ရက်
မိန်းကလေးတစ်ယောက်ကို ရန်ဖြစ်ရင်း အုတ်ခဲကို
ထုလို့ပါ။

၁၉၇၅ ခုနှစ် ဧပြီလ ၉ ရက်နေ့မှာ တစ်ခါရော
တယ်၊ အိပ်ရာချင်းကပ်လျက် ကောင်မလေးရဲ့ လ
သည်းဆိုးဆေးပုလင်း ခိုးတယ်ဆိုတဲ့ တိုင်ကြားမှုကြော
ပါ။ ဒါပေမယ့် လက်သည်းဆိုးဆေးကို သူ့ လက်
ဆိုးထားတာကလွဲလို့ ပုလင်းရှာမတွေ့ခဲ့ပါဘူး။

၁၉၇၇ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့မှာ တစ်ခါ
ရောက်တယ်။ ညနေစောင်း အချိန်မှာ ခြံစည်းရိုး
မှာ အပြင်က ရှယ်တူကောင်လေးတစ်ယောက်နဲ့ စ
တွေ့လို့ပါ။





နောက်ဆုံး အကြိမ်ကတော့ ၁၉၇၇ ခုနှစ် နိုဝင်ဘာလ
၂၀ ရက် ညပဲ၊ အဲဒါကတော့ ပုလင်းကွဲနဲ့ ကိုယ့်လက်
ကို လှီးဖြတ်ဖို့ ကြိုးစားလို့ပါ။

မေး .... ပုလင်းကွဲနဲ့ ကိုယ့်လက်ကို လှီးဖို့ ကြိုးစားတယ်ဆိုတဲ့
အဖြစ်အပျက် အသေးစိတ်များ မှတ်တမ်းထဲမှာ ရေး
ထားပါသလား ခင်ဗျား။

ဖြေ .... အသေးစိတ် ရေးမထားပါဘူး။

မေး .... ဒေါ်စီစီ ခင်ဗျား၊ မြနှင်းကို အဲဒီကိစ္စနဲ့ ပတ်သက်ပြီး
စစ်ဆေး မေးမြန်းခဲ့ပါသေးသလား။

ဖြေ .... ဟုတ်ကဲ့၊ မေးခဲ့ပါတယ်။ သူက ဘာမှမဖြေဘဲ တစ်ချိန်
လုံး ငိုနေခဲ့ပါတယ်။

ပြန်လှန် စစ်မေးခြင်း။

မေး .... ဒေါ်စီစီ ခင်ဗျား၊ အဲဒီနေ့က မြနှင်း ဆီရောက်တော့
ပုလင်းကွဲကို သူ့ လက်ထဲမှာ ကိုင်ထားတာ မြင်ရပါ
သလား။



www.burmeseclassic.com

www.burmeseclassic.com



ဖြေ .... မမြင်ရပါဘူး။

မေး .... သူ့ လက်သူ လှိုးဖို့ကြိုးစားနေတာရော မြင်ရပါသလား။

ဖြေ .... မမြင်ရပါဘူး။

မှတ်စုစာအုပ်ကို လက်ဖြင့် ကိုင်ထားရင်း ဖြူလေး ပြုံးနေ စေ့ ဖြစ်နေသည်။ တော်ပါသေးရဲ့ ဒေါ်သုန်ကိုတော့ ဦးခင် ဇော် ယိုင်လဲသွားအောင် ကြိုးစားနိုင်ပေလို့၊ ဖေဖေနဲ့ ယှဉ် ဦးခင်ဇော်က နည်းနည်းမျှ အရည်အသွေး မညံ့ဘူးဟု သူမ အမှုသည်ပီပီ ကိုယ့်ရှေ့နေ ကိုယ်ပြန်၍ ချီးကျူးမိလေသည်။ ဦးခင်ဇော် မေးသော ပြန်လှန် မေးခွန်းတစ်ခုကို သူမ လိုက်မှတ် မထားပေမယ့် မှတ်မိသည်။

"သေလုမြောပါး .... နေ့သေမလား ညသေမလား မသိ လူနာတစ်ယောက်ဆီကနေ ငွေတစ်သောင်းချေးပြီး တိုက် ဆေးသုတ်ရတယ်ဆိုတော့ ဒီကိစ္စက ဒေါ်သုန်လို လူချမ်းသာ တစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်ခံရလောက်အောင် အရေး ကြီးနေပါသလား" ဟူသော မေးခွန်း။





အဲသည်တုန်းက ဒေါ်သုန် အမှုကြောင်းကြောင်းဖြစ်ပြီး မခံ ချင်စိတ်နှင့် ထွက်ချက်တွေ ရှေ့နောက်လွဲကုန်တာ သူမ သတိရ သည်။ ဖေဖေ့ သက်သေတွေထဲမှာတော့ မခိုင်မာဆုံး သက် သေပါပဲ။ ဖြူလေးတောင် ကျိတ်ပြီး ရယ်မောခဲ့သေး၏။

ဦးခင်ဇော်ကို ပြောပြတော့ ဦးခင်ဇော်က ပြုံးရယ်သည်။

"ဟုတ်တယ်၊ အဲဒါ ဦးက မေးခိုင်းတဲ့ မေးခွန်းလေ၊ ဦးနဲ့ ကျွန်တော်နဲ့က အဲဒီလိုပဲ နောက်တစ်နေ့ အမှု စစ်မယ်ဆိုရင် ရှိတဲ့ သက်သေကို ဟိုဘက် ဒီဘက် မေးခွန်းတွေနဲ့ မေးပြီး ကိုယ့်ဟာကိုယ် ဖြေကြတယ်။ သူက ဦးဖေအောင် နေရာမှာ နေတယ်၊ ကျွန်တော်ကတော့ ကျွန်တော့် နေရာမှာပဲပေါ့။ ဦးက ကျွန်တော့် ဟာကွက်တွေကို ထောက်ပြတယ်၊ ရီဟာ ဇယ်လ် သဘောမျိုးလေ"

ဦးဘအုန်းလို ရှေ့နေမျိုးကို ဦးလေး တော်ထားရတာ ဦးခင်ဇော် ကံကောင်းတာပေါ့။ ဦးဘအုန်းကြောင့်လဲ သူ့ အလုပ် လုပ်ပုံ စနစ်ကျတာ ဖြစ်မှာ။

သူ့ ရုံးခန်း၏ နောက်ဘက် ကျောက်သင်ပုန်းကြီးပေါ်၌ နေ့စဉ် အချိန်ဇယား ရေးထားသည်။ အမှုချိန်း ရှိလျှင် အမှု ချိန်းများကို နံပါတ်စဉ်လိုက် ရေးထားတတ်သည်။ သူ လုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရန် အလုပ်များလည်း ချရေး ထားတတ်၏။ အကျ ထောင်သို့ သွားရန် တရားရုံးသို့ သွားရန်ဟု ရေးထား တ သည်။ အားလပ်ချိန်ဟူ၍ သပ်သပ် ပါဝင်သေး၏။ 'အားလ ချိန်' ဟူသော ဇယားတွင် တစ်ခါတုန်းက 'တင်းနစ်စ် ရိုက်ရ ဟု တွေ့ရပြီး တစ်ခါတုန်းက '၁၉၇၄ ခုနှစ် မူးယစ်-ဆေ ဝါး ဥပဒေ' ဟူ၍ တွေ့ရသည်။ လွန်ခဲ့သည့် တစ်လကျော် နေ့စွဲဖြင့် သူ၏ အားလပ်ချိန် ဇယားသည် ကျောက်သင်ပုန်း ပေါ်မှာ ယခင်တစ်ပတ် ကိုအေးမင်းကို သက်သေတင်သည့် ရက်အထိ ရှိနေဆဲ။ ထိုဇယားတွင် 'အာဝင်စတင်ဂျယ်လ် ၏ ကိုယ့်ကိုယ်ကို သတ်သေခြင်းနှင့် သေကြောင်းကြံခြင်း' ဟု ရေ ထားဆဲ၊ သူ ဖျက်ပစ်ဖို့ မေ့နေဟန် တူပါသည်။

သူမ မှတ်စု စာအုပ်ကို ဖွင့်ဖတ်လိုက်ပြန်၏။

တရားခံပြ သက်သေ(၄) ဒေါက်တာ မြင့်ဝေ အမ် ဘီ ဘီ အက်စ် (ရန်ကုန်)၊ ဒီ ပီ အမ် (အင်္ဂလန်)။

စိတ်ရောဂါ အထူးကု ဆရာဝန်ကို တရားခံပြ သက်သေ အဖြစ် ရတုန်းက သူ အလွန် တက်ကြွနေခဲ့တာ ဖြူလေး မှတ်မိသည်။ သူ၏ တက်ကြွမှုသည် ဖြူလေးဆီသို့ ကူးစက် သွားခဲ့သည်။





ဆရာဝန်သည် ရန်ကုန် စိတ်ရောဂါ အထူးကု ဆေးရုံကြီးမှ က်ထောက် ဆရာဝန် ဖြစ်၏။ ထို ဆရာဝန်၏ သက်သေခံ က်သည့် ကိုကို အမှု အတွက် ကောင်းသော အလားအလာ နိုင်သည်ဟု ဦးခင်ဇော် ထင်မြင် အားတက်ခဲ့သော်လည်း ဖေက တန်ဖိုး လျော့သွားအောင် လုပ်နိုင်ခဲ့ပါသည်။

ထိုနေ့က ဆရာဝန်ကို ကြည့်ကာ ဖြူလေး အံ့သြနေ၏။

စိတ်ရောဂါ အထူးကု ဆရာဝန်ကြီး၏ ပုံပန်း သဏ္ဌာန်မှာ ာမန် အသက် ၄၀ အရွယ် လူကြီးလိုပဲ ဖြစ်သည်။ တစ်ဝက် ာစ်ပျက် ဖြူရောင် သန်းနေသော ဆံပင်တိုတို၊ နဖူးကျယ်ကျယ် ာ ကန့်လန့် အရေးအကြောင်း နှစ်ခုနှင့် နှာတံက ပြေလျော သော်လည်း နှာအိုးကြီးကြီး ဖြစ်သည်။ စူးရှ နက်မှောင်သော က်လုံးများ ရှိ၏။ နှုတ်ခမ်းက ထူအန်းသော်လည်း ပိရိ သေ သပ်၏။ မပြုံး မရယ် မျက်နှာထားဖြစ်သော်လည်း အကြင် ာ ကြီးမည့်သူ ဟု ခန့်မှန်းရသည်။

အစိုက စစ်မေးခြင်း။

မေး .... ဒေါက်တာ ခင်ဗျား၊ လူတွေဟာ ဘာ အကြောင်း ကြောင့် ကိုယ့်ကိုယ်ကို သေကြောင်း ကြံတတ် ကြပါ သလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖြေ .... ကိုယ့်ကိုယ်ကို သေကြောင်းကြံတဲ့ အမျိုးအစား နှစ်
ရှိပါတယ်။ နံပါတ် (၁) သာမန်လူ ဟု သတ်မှတ်
သူများ သေကြောင်းကြံခြင်းနဲ့ နံပါတ် (၂) စိတ်ရော
ဂါရှိသူ ဟု သတ်မှတ်နိုင်သူများ သေကြောင်း ကြံခြ
ဖြစ်ပါတယ်။

မေး .... သာမန်လူ ဟု သတ်မှတ်နိုင်သူများ ဆိုတာကို နည်း
နည်း ရှင်းပြနိုင်မလား ခင်ဗျား။

မေး .... သာမန်လူ ဟု သတ်မှတ်နိုင်သူများ ဆိုတာကတော
သူတို့ကို ရူးတယ်လို့ ဘယ်သူမှ စွပ်စွဲ မရလို့ပါပဲ။ သူ
နေထိုင်ပုံ၊ ပြုမူ ဆောင်ရွက်ပုံ အားလုံးဟာ သာမ
ပါပဲ။ သူတို့ကို စိတ်ရောဂါ ရှိခဲ့မယ်လို့ သံသယတော
မဖြစ်မိကြဘူး။ ဒါပေမယ့် သာမန်လူလို့ မပြော
တာကတော့ သာမန်လူ တစ်ယောက် သာမန်အ
ခံစားရတဲ့ အခက်အခဲ၊ ဝေဒနာဟာ သူ့အတွ
ကိုယ့်ကိုယ်ကို သေကြောင်း ကြံချင်လောက်အော
ထူးထူးခြားခြား ထိခိုက် ခံစား ရတတ်လို့ပါပဲ။ သူ
ဟာ အရင်က စိတ်ရောဂါကု ဆေးရုံကို တစ်ခ
လူနာ အဖြစ် မရောက်ဖူးဘူး၊ တစ်ခါမှ စိတ်ဝေဒန
ခံစားရတယ် မရှိခဲ့ဖူးဘူး၊ မထင်မှတ်ဘဲ ပြုန်း
သေကြောင်း ကြံတတ်သူများ ဖြစ်ပါတယ်။ အဲ





ကြောင့် သာမန်လူဟု သတ်မှတ်နိုင်သူများ စာရင်းထဲကို
ထည့်ထားရခြင်း ဖြစ်ပါတယ်။ စင်စစ်တော့ လူကောင်း
တွေ မဟုတ်ဘဲ လူကောင်းလို့ ထင်နေရသူတွေ များ
တတ်ပါတယ်။

မေး .... ဟုတ်ကဲ့ ခင်ဗျား၊ အဲဒီ လူမျိုးတွေဟာ ဘာအကြောင်း
ကြောင့် သေကြောင်း ကြံတတ်ကြပါသလဲ။

ဖြေ .... လူမှုရေး ချို့ယွင်းချက်၊ ကိုယ်ရေး ကိုယ်တာ ထိခိုက်
ဆုံးရှုံးမှု၊ ခန္ဓာကိုယ် ရောဂါ ဝေဒနာ၊ အဲဒီ အချက်
တွေကြောင့် သေကြောင်း ကြံတတ်ကြပါတယ်။

မေး .... လူမှုရေး ချို့ယွင်းချက် ဆိုတဲ့ ခေါင်းစဉ် အောက်မှာ
ဘာ အချက်အလက်တွေ ပါဝင်ပါသလဲ ခင်ဗျား"

ဖြေ .... အလုပ်လက်မဲ့ ပြဿနာ၊ စီးပွားကျပ်တည်းမှု ပြဿနာ၊
နိုင်ငံရေး ပြဿနာ၊ အိမ်ထောင်ကျိုး ပြဿနာနဲ့ ရှားပါး
ပေမယ့် ထည့်လို့ရတာကတော့ ဘာသာရေး ပြဿနာ
ပေါ့ ခင်ဗျာ၊ အဲဒီ အချက်အလက်တွေကို လူမှုရေး
ချို့ယွင်းချက်လို့ ယေဘုယျ သတ်မှတ် နိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေး .... အိမ်ထောင်ကျိုး ပြဿနာ အကြောင်း နည်းနည်း
လောက် ရှင်းပြနိုင်မလား ခင်ဗျာ။

ဖြေ .... အိမ်ထောင်ကျိုး ဆိုတာ လွယ်လွယ် ပြောရရင်
မိဘနှစ်ပါး မစုံလင်မှုပါ၊ 'ဘရုန်း' ဆိုတဲ့ သုတေသီ
ယောက် ယူဆချက်ကတော့ သေဆုံးလို့ပဲ ဖြစ်
အိမ်ထောင်ရေး အဆင်မပြေလို့ဘဲ ဖြစ်ဖြစ် မိဘနှစ်
ခြောက်လထက် ပိုပြီး ကွဲကွာနေတဲ့ အခိုက် သား
ကလဲ ၁၅ နှစ် အောက် အရွယ်ဖြစ်ရင် အိမ်ထော
ကျိုးနဲ့ကြီးပြင်းလာတဲ့ ကလေးလို့ သတ်မှတ်နိုင်
လို့ ပြောပါတယ်။ ဒါ့အပြင် မိဘနှစ်ဦး ကတော
ကဆတ်ဖြစ်ပြီး လူမြင်ကောင်းရုံ ပေါင်းသင်းနေ
တကျက်ကျက် ရန်ဖြစ်နေရင်လဲ ဒါဟာ စိတ်ပိုင်း
ရာ အိမ်ထောင်ကျိုးလို့ ယူဆနိုင်တယ်လို့ ပြောပါ

မေး .... ဒါဖြင့် ဥပမာ တစ်ခု ကျွန်တော် ပေးပါမယ် ခင်
မွေးပြီးပြီးချင်း မိခင်သေဆုံးမယ်၊ ဖခင် ဘယ်သူမှန်း
ဘဲ မွေးစားမိဘနဲ့ နေခဲ့ရမယ်၊ ဒီအထဲမှာမှ ၁၀
အရွယ်မှာ မွေးစားဖခင် သေဆုံးသွားမယ်၊
မိခင်က မထိန်းသိမ်း မစောင့်ရှောက် ချင်တော
မိဘမဲ့ကလေး ဂေဟာကို ရောက်သွားမယ်၊





မိန်းကလေးတစ်ယောက်ဟာ အိမ်ထောင်ကျိုးပြဿနာနဲ့
ကြီးပြင်းလာတယ်လို့ ပြောနိုင်မလား ခင်ဗျား။

ဖြေ .... ဟုတ်ကဲ့ ပြောနိုင်ပါတယ်။

မေး .... ဒါဖြင့် ဆောစောက ဒေါက်တာရဲ့ ထွက်ချက်နဲ့ ဆက်စပ်
လိုက်ရင် ဒီမိန်းကလေးဟာ ကိုယ့်ကိုယ်ကို သေကြောင်း
ကြံနိုင်တဲ့ လူမှုရေး ချို့ယွင်းချက်ရှိတယ်လို့ ပြောနိုင်ပါ
သလား ခင်ဗျား။

ဖြေ .... အဲဒီလို ပြောမယ်ဆိုရင် ပြောနိုင်ပါတယ်။

မေး .... စိတ်ရောဂါရှိသူဟု သတ်မှတ်နိုင်သူများ အကြောင်းကို
ကျေးဇူးပြုပြီး နည်းနည်းရှင်းပြပါ ခင်ဗျား။

ဖြေ .... အဲဒါက ဆိုက်ကိုးဆစ်(စ်) ရောဂါသည်တွေပါ။ အဲဒီ
အထဲမှာ မှိုင်တွေ စိတ်ဓာတ်ကျ ဝမ်းနည်းနေတဲ့
**Depressive illness** လူနာတွေမှာ ပိုဖြစ်တတ်ပါ
တယ်။ တစ်နည်းအားဖြင့် အဲဒီ ရောဂါသည်တွေကို
**Melancholics** လို့ခေါ်ပါတယ်။ သူတို့ဟာ အမြဲ
တမ်း စိတ်ညစ်ညူးမှိုင်တွေနေပြီး လောကကြီး သူတို့



www.burmeseclassic.com

ကို ဘယ်လိုမှ မျက်နှာသာ မပေးဘူးလို့ ခံစားနေကြ
ပါတယ်။ ကိုယ့်ကိုယ်ကို သေကြောင်း ကြံခြင်းအားဖြ
သေသွားရင် လူမှုဒုက္ခတွေကနေ လွတ်မြောက်လိမ့်မ
လို့ ယူဆထားသူတွေ ဖြစ်ပါတယ်။ အဲဒီလို စိတ်
ဂါသည်တွေ အပေါ် ခန့်မှန်းရလွယ်သလောက် သာမ
လို့ ထင်ရတဲ့ လူတွေအပေါ် ခန့်မှန်းရ ခက်တတ်
တယ်။

မေး.... ကိုယ့်ကိုယ်ကို သေကြောင်း ကြံသူတွေမှာ အမြဲတ
ရည်ရွယ်ချက် ရှိတတ်ပါသလား။

ဖြေ.... ဒါကတော့ ဒီကိစ္စက သိပ်ရှုပ်ထွေးပါတယ်၊ ကျွန်တေ
တို့ မြန်မာနိုင်ငံမှာ နိုင်ငံခြား တိုင်းပြည်တွေလို ဒီကိ
ပတ်သက်ပြီး ကွင်းဆင်း လေ့လာ စာရင်းပြုစုထားထ
မရှိတော့ အတိအကျ မပြောနိုင်ပါဘူး။ ကျွန်တေ
လုပ်သက် အတွေ့အကြုံ အရ ဖြေရမယ် ဆိုရင်တေ
ရည်ရွယ်ချက် အမြဲ ရှိတတ်ကြပါတယ်။

မေး.... ဘာရည်ရွယ်ချက်တွေလဲ ခင်ဗျား။

ဖြေ.... အသနားခံခြင်း ရည်ရွယ်ချက်နဲ့ လူတွေဟာ ကိုယ့်ကို
ကို သေကြောင်းကြံလေ့ ရှိကြသလို လက်တုံ့ပြန်ခြ





လဲ ကြံစည်တတ်တယ်၊ ဒါ့အပြင် အကျပ်ကိုင်တဲ့အနေနဲ့၊
ကိုယ့်ဂုဏ်သိက္ခာကို အဖတ်ဆယ်တဲ့အနေနဲ့၊ ကိုယ့်ကိုယ်
ကို ဒဏ်ခတ်တဲ့ အနေနဲ့ စသဖြင့်ပေါ့ လူအမျိုးမျိုးမှာ
ရည်ရွယ်ချက် အမျိုးမျိုး ရှိပါတယ်။ တချို့ကတော့
စွန့်စားမှုကို သဘောကျတဲ့ လူမျိုး၊ ကိုယ့်အသက်နဲ့ တစ်
စုံတစ်ခုကို လောင်းကြေးထပ်လိုက်တဲ့ သဘောမျိုးပါ၊
နောက်တစ်မျိုးက နာတာရှည် လူမမာတွေ။ သူတို့ဟာ
သူတို့အတွက် တစ်စုံ တစ်ယောက် ဒုက္ခများနေတယ်၊
သူတို့ကို ပြုစုစောင့်ရှောက်နေတယ်ထင်ရင်၊ နောက်ပြီး
ဝေဒနာကို မခံစားနိုင်တော့ရင် ကိုယ့်ကိုယ်ကို သေ
ကြောင်းကြံတတ်ကြပါတယ်။

မေး.... လက်တုံ့ပြန်တယ် ဆိုတဲ့ စကားနဲ့ အကျပ်ကိုင်ခြင်း
ဆိုတဲ့ စကားကို နည်းနည်းလောက် ရှင်းပြနိုင်မလား
ခေါက်တာ။

ဖြေ.... လက်တုံ့ပြန်တယ်ဆိုတာ အရင်ပြောပြပါမယ်၊ ကာယ
ကံရှင်ဟာ သူနဲ့ ပတ်သက် နီးစပ်သူတွေကို သူ့ခများ
ငါ့ကြောင့် ဖြစ်ရရှာတာပါလား ဆိုတဲ့ နောင်တမျိုး
တစ်သက်လုံး ခံစားသိရှိသွားရအောင် နှိပ်စက် လက်တုံ့
ပြန်တယ်လို့ သာမန်အားဖြင့် ယူဆနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မေး .... ဒါဟာဒေါက်တာရဲ့ ထင်မြင်ချက်အရပါပဲလား ခင်ဗျား။

ဖြေ .... ကျွန်တော့်ရဲ့ ၁၅ နှစ်တာ စိတ်ရောဂါကု သက်တမ်း အတွေ့အကြုံအရ အဲဒီလို ယူဆပါတယ်၊ ဒေါက်တာ ဆစ်ဂ်မန်ဖရွိုက်ဒ်ရဲ့ တပည့် စိတ်ရောဂါကု ဆရာဝန် တစ်ယောက်လဲ အဲဒီလိုယူဆတဲ့ အကြောင်း သူ့ပြုစုတဲ့ စာတမ်းတစ်ခုထဲမှာ ထည့်ရေးတာ ဖတ်ရဖူးပါတယ်။

မေး .... ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ အကျပ်ကိုင်ခြင်းဆိုတာ ကရော ခင်ဗျား။

ဖြေ .... ဒါကတော့ သေကြောင်းကြံခြင်းကို အပြင်း အထန် ကန့်ကွက်တဲ့ လူမှု အဖွဲ့ အစည်းရဲ့ စိတ်သဘောထားထဲ ကနေ အမေရိကန် စိတ်ပညာရှင်တွေ အကဲဖြတ်ထား တဲ့ ကောက်နုတ်ချက်ပါ။ သေကြောင်းကြံရန် ခြိမ်း ခြောက် အကျပ် ကိုင်မှုဖြင့် ဇွတ် လက်ထပ်ခိုင်းခြင်း၊ အိမ်ထောင်ပြိုကွဲမှုကို တားဆီးခြင်း၊ လက်မထပ်ဖြစ် အောင် တားဆီးခြင်း၊ စစ်မှုထမ်းခြင်းမှ ရှောင်တိမ်း ခြင်း၊ စစ်ထဲမှထွက်ခွင့်ရခြင်း၊ သား သမီးချင်း အဘူအဘူ အထူး အခွင့်အရေးရခြင်း စသည်ဖြင့် သူတို့ တင်ပြ ထားပါတယ်။ ဖြစ်နိုင်ခြေ အများကြီးရှိပါတယ်။





မေး .... Suicidal Tendency ဆိုတဲ့ စကားကို ကျွန်တော် တို့လို လူပြိန်းတွေ နားလည်အောင် ရှင်းပြပေးစေလို ပါတယ် ခင်ဗျား။

ဖြေ .... Suicidal Tendency ဆိုတာ ကိုယ့်ကိုယ်ကို သေ ကြောင်းကြံဖို့ နီးစပ်ခြင်း၊ သေကြောင်းကြံမည့်ဘက်သို့ ပိုမိုယိမ်းယိုင်ခြင်းလို့ အလွယ်ခေါ်နိုင်ပါတယ်။

မေး .... ဟုတ်ကဲ့၊ ဘယ်လိုလူတွေဟာဖြင့် Suicidal Ten- deney ရှိတယ်လို့ ခန့်မှန်းနိုင်ပါသလား ခင်ဗျား။

ဖြေ .... ယေဘုယျ ပြောလို့ရပါတယ်။

မေး .... ဟုတ်ကဲ့ ခင်ဗျား၊ ဒေါက်တာ့ကို ကျွန်တော် စာပိုဒ် ကလေးတစ်ခု ဖတ်ပြချင်ပါတယ် ခင်ဗျား၊ မြန်မာလို ရေးထားတဲ့ ဆောင်းပါးထဲကပါ၊ ဒေါက်တာ့ အနေနဲ့ အဲဒီ ဆောင်းပါးထဲက အချက်တစ်ခုခုကိုများ ငြင်းဆို ချင်ပါသလား သိချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ဖော်ပြပါ စိတ်ဓါတ်ပြန့်သူများတွင် မိမိကိုယ်ကို သတ်သေမှုများ ပို၍ ဖြစ်တတ်သည်။

ဂုင်းတို့မှာ ....

၁။ သက်လတ်ပိုင်း (သို့မဟုတ်) ထို့ထက်ပိုကြီးသူ

၂။ အလွန်ဝမ်းနည်းနေသူ

၃။ ထိုင်းမှိုင်းသူ (သို့မဟုတ်) နွေးကွေးနေသူ

၄။ သိသိ သာသာ ပိန်သွားသူ

၅။ အပြစ်ရှိသည်ဟု ယုံကြည်ပြီး မျှော်လင့်ချက်ကင်းမဲ့နေသူ

၆။ ပြင်းထန်သော ခန္ဓာကိုယ်ရောဂါ တစ်ခုခုဖြစ်မှာ စိုးရိမ်ကြောက်လန့်နေသူ

၇။ မကြာခင်က ဆုံးရှုံးမှုနှင့် တွေ့ကြုံရပြီး ဝမ်းနည်းပူဆွေးနေသူ

၈။ ယခင်က သတ်သေရန် ကြိုးပမ်းခဲ့ဖူးသူ





ဒေါက်တာ့ အနေနဲ့ ဘယ်အချက်ကို ငြင်းဆိုချင်ပါသလဲ ခင်ဗျား။

ဖြေ .... မငြင်းပါဘူး၊ ကျွန်တော် လက်ခံပါတယ်၊ ကျွန်တော့် အထင်တော့ အဲဒီ ဆောင်းပါးဟာ စိတ်ရောဂါကု ဆရာဝန် တစ်ယောက်ယောက် ရေးတာဖြစ်မယ်။

မေး .... ဟုတ်ပါတယ်၊ ဒေါက်တာ အုန်းမောင်ရဲ့ "အရေးပေါ် စိတ်ရောဂါ အခြေအနေများ" ဆိုတဲ့ ဆောင်းပါးပါ။ ဒါဖြင့် ဒေါက်တာ့ကို မေးပါရစေ၊ အဲဒီ ရှစ်ချက်ထဲက လေးချက်လောက်နဲ့ ကိုက်ညီနေတဲ့ သူဟာ သေကြောင်း ကြံနိုင်ပါသလား။

ဖြေ .... ဟုတ်ကဲ့၊ ကြံမယ်ဆိုရင်တော့ ကြံနိုင်ပါတယ်။ သူ့ရဲ့ အတိတ်သမိုင်းပေါ်မှာလဲ မူတည်ပါသေးတယ်။

မေး .... တစ်ကြိမ် သေကြောင်းကြံဖူးသူ တစ် ယောက် ဟာ နောက် တစ်ကြိမ် သေကြောင်းကြံဖို့ ကြိုးစားနိုင်တယ် ပေါ့နော် ဒေါက်တာ။

ဖြေ .... ဟုတ်ကဲ့ ကြိုးစားနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေး .... သေကြောင်းကြံသူတွေဟာ ကုသ ပျောက်ကင်းသွား[...] အခါမှာ သူတို့ ပြစ်မှုကို သူတို့ အမှန် အတိုင်း [...] လေ့ ရှိပါသလား။

ဖြေ .... အများအားဖြင့် ငြင်းဆိုတတ်ကြပါတယ်။

ပြန်လှန် စစ်မေးခြင်း။

မေး .... ဒေါက်တာ ခင်ဗျား၊ တစ်ကြိမ် သေကြောင်းကြံဖူး[...] တစ်ယောက်ဟာ နောက်ထပ် သေကြောင်းကြံနိုင်[...] လို့ စောစောက ထွက်ဆိုသွားပါတယ်။ ကျွန်[...] မေးချင်တာက အဲဒီလို မှုခင်းမျိုး အမြဲ ကြုံတွေ့ရ[...] ပါသလား။ ဆိုလိုတာက တစ်ကြိမ် သေကြောင်းကြံ[...] သူဟာ နောက်တစ်ကြိမ် အမြဲ သေကြောင်းကြံ[...] ရှိပါသလား။

ဖြေ .... အမြဲ ဆိုတဲ့ စကားကို ဒီနေရာမှာ သုံးလို့ မရပါ[...] တစ်ခါတစ်ရံလို့သာ သုံးနိုင်ပါတယ်။





မေး .... ဒါဖြင့် တစ်ကြိမ် သေကြောင်းကြံဖူးပေမယ့် နောက်ထပ် မကြံတော့တာလဲ ရှိတယ်ပေါ့။

ဖြေ .... ရှိပါတယ်။

မေး .... ဒါဖြင့် ရာခိုင်နှုန်းနဲ့ ပြောနိုင်မလား ခင်ဗျာ၊ တစ်ကြိမ် သေကြောင်းကြံပြီး နောက်ထပ်ကြံတဲ့ ရာခိုင်နှုန်းနဲ့ နောက်ထပ်မကြံတော့တဲ့ ရာခိုင်နှုန်း ဘယ်ဟာက များမယ် ထင်ပါသလဲ။

(ထိုမေးခွန်းကို ဖေဖေ စွန့်စားပြီး မေးခဲ့ခြင်း ဟုတ်ဟန်မတူပါ။)

(ပါလာသော စာရွက်စာတမ်းများကို ခဏ လှန်လှော ရှာဖွေလျက်)

ဖြေ .... ဒါတွေကို စနစ်တကျ ဘယ်လိုမှ စစ်တမ်း မကောက်နိုင်ပါဘူး၊ ခန့်မှန်းခြေ ပျမ်းမျှပဲ ရပါတယ်။ တစ်ခါတုန်းက လန်ဒန် မြို့က ဆေးရုံ တစ်ခုကို သေကြောင်းကြံလို့ ရောက်လာတဲ့ လူနာ ၇၆ ယောက် ရှိတယ်၊ သူတို့ နေကောင်းပြီး ပြန်ဆင်းသွားတယ်။ နောက် နှစ်နှစ် သုံးနှစ် ကြာတဲ့အခါ အဲဒီ ၇၆



www.burmeseclassic.com

www.burmeseclassic.com



ယောက်ထဲကနေ ၃ ယောက်က ကိုယ့်ကိုယ်ကို သတ်သေလိုက်ကြတယ်။ အဲဒီ ဆေးရုံရဲ့ ရာခိုင်နှုန်းအရ ၄ ရာခိုင်နှုန်းဟာ သတ်သေဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ နောက်ပြီး ဆွီဒင်နိုင်ငံက စစ်တမ်းတစ်ခုမှာလဲ ဆေးရုံကို သေကြောင်းကြံလို့ ရောက်လာတဲ့ လူနာ ၂၃၇ ယောက် အနက် ၁၀ ရာခိုင်နှုန်းဟာ နောက်ထပ် ကိုယ့်ကိုယ်ကို သေကြောင်းကြံရင်း သေသွားကြတယ်လို့ ဖော်ပြထားပါတယ်။ ဒီတော့ သေကြောင်းကြံဖူးတဲ့ သူထဲက ၁၀ ရာခိုင်နှုန်းဟာ နောက်ထပ် ကြိုးစားတယ်လို့ ပြောမယ်ဆိုရင် ပြောနိုင်ပါတယ်။

မေး .... ကျေးဇူးတင်ပါတယ် ခင်ဗျား၊ ၉၀ ရာခိုင်နှုန်းဟာ ထပ် မကြံတော့ဘူးပေါ့ နော်။

ဖြေ .... ဟုတ်ပါတယ်။

မေး .... ဒေါက်တာ ခင်ဗျား၊ ဒေါက်တာရဲ့ စိတ်ရောဂါကုဆေးရုံ လုပ်သက်အရ လူတွေ သေကြောင်းကြံကြတာတယ်အရွယ်မှာလဲ ခင်ဗျား၊ အသက် ကန့်သတ်ချက်လိုက်ပြီး တွက်ချက်လို့ ရပါသလား။





ဖြေ .... အဲဒီလို တိတိကျကျ ကန့်သတ်တာ မရှိပါဘူး၊ ဒါပေမယ့် နိုင်ငံခြား တိုင်းပြည်တွေရဲ့ စစ်တမ်းအရရော ကျွန်တော်တို့ ဆေးရုံမှာ တွေ့ရသလောက်ရော ပြောရမယ်ဆိုရင် အသက် ၂၀ အရွယ်ကနေ အသက် ၆၅ နှစ် အရွယ်အထိ သေကြောင်း ကြံနိုင် ကြတာပါပဲ။

မေး .... အသက် ၂၀ အောက်၊ အထူးသဖြင့် ၁၅နှစ် အရွယ်ကလေးတစ်ယောက် ကိုယ့်ကိုယ်ကို သေကြောင်းကြံတာ ဒေါက်တာ တွေ့ကြုံ ဖူးပါသလား။

ဖြေ .... ၁၅ နှစ် အရွယ်ကလေး သေကြောင်း ကြံတာတော့ ကျွန်တော် မတွေ့ကြုံဖူး ပါဘူး။

ပြန်ရှင်း မေးခြင်း။

မေး ... ဒေါက်တာ ခင်ဗျား၊ နည်းနည်းကလေး မေးခွင့်ပြုပါဦး၊ သေကြောင်းကြံဖို့ ကြိုးစားသူတိုင်းဟာ ဆေးရုံကို ရောက်ပါသလား။



www.burmeseclassic.com

www.burmeseclassic.com



ဖြေ .... မရောက်ပါဘူး၊ တချို့ကျတော့လဲ အပြင်ဆေးခန်း... ပဲ ဖုံးဖုံး ဖိဖိ ကုကြရပါတယ်။

မေး .... ဆေးရုံကိုရောက်တဲ့ လူတိုင်းရော စိတ်ရောဂါ အထူး... ဆေးရုံမှာ ဆေးစစ်ဖို့ အခွင့်အရေး ရကြပါသလား။

ဖြေ .... မရပါဘူး၊ မန္တလေးနဲ့ ရန်ကုန် ပြည်သူ့ ဆေးရုံကြီး... သေကြောင်းကြံ လူနာတွေကတော့ စိတ်ရောဂါ... ဆေးရုံတွေရှိတဲ့အတွက် ဆေးစစ်ဖို့ အခွင့်ရပါတယ်... တခြား မြို့နယ်ကလေးတွေက ဆေးရုံ လူနာတွေ ... အခွင့်အရေး မရကြပါဘူး။

မေး .... ဒါဖြင့် စောစောက ဒေါက်တာ ထွက်ဆိုသွားတဲ့ ... နှစ်အရွယ်ကလေး သေကြောင်းကြံတာ မတွေ့ကြ... ဘူးဆိုတာ ဒေါက်တာတို့ဆီ ရောက်လာသမျှ ... ဇယားထဲကနေ ကောက်ချက်ချတာလို့ ယူဆရမ... ခင်ဗျား။

ဖြေ ... ဟုတ်ပါတယ်၊ ကျွန်တော်တို့ဆီ ရောက်လာသမျှ... ပေါ့။



မေး .... ဒေါက်တာတို့ဆီ မရောက်နိုင်တဲ့ လူနာတွေ မပါနိုင်ဘူး ပေါ့။

ဖြေ .... ဟုတ်ပါတယ်။

ဤအစစ်ခံချက်တွင် တရားလိုဘက်နှင့် တရားခံဘက် သိပ် အမှတ် မကွာပေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၉

တရားရုံး၏ မှန်ပြတင်းပေါက်မှ ဖြတ်လျက် မြင်နေရသော
တ်ဝန်းကျင်တစ်ခုလုံး အုံ့မှိုင်းလျက်ရှိသည်၊ ပြတင်းမှန်ကို လာ
ပက်ဖျန်းသောမိုးစက်များသည် တစ်ချက် တစ်ချက်တွင် သဲမဲ
ခ်ါးသဖြင့် ရုံးခန်း၏ ဆိတ်ငြိမ်မှုကို နှောင့်ယှက်တော့မလို ထင်
၊ သို့သော် တရားရုံးတစ်ခုလုံးသည် မှုတ်သုံမိုးနှင့် မုတ်သုံ
သတို့ကို အန်တုလျက် ငြိမ်သက်ဆဲဖြစ်သည်။ ပြတင်းပေါက်
းနှင့် တံခါးပေါက်ကြီးကိုပါ ပိတ်စေ့ထားသော အခန်းထဲ
င်တော့ မိုးဥတု၏ စိုစွတ်မှုကို အလေးမထားဘဲ တရားခွင်
င် လာရောက်နားထောင်နေသော ပရိသတ်ဖြင့် ပြည့်လျက်
သည်။



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာကြက်ပန်ကာသည် ဖြည်းညင်းစွာ လည်နေ၏။

အထူး အာဏာရ မြို့နယ်တရားသူကြီး ဦးထွန်းရှိန်သည် သူ၏ စင်မြင့်ရှိ ကုလားထိုင်အမြင့်ကြီးပေါ်တွင် မတ်မတ်ထိုင် ကာ မျက်နှာချင်းဆိုင်က ပရိသတ်ကို စူးစိုက်ကြည့်နေသည်။

တရားခွင်တွင် တရားခံ၏ အကျိုးဆောင်ရှေ့နေ ဦးခင်ဇော် တစ်ယောက်သာ မတ်တတ်ရပ်လျက်ရှိသည်။

"လေးစားအပ်တဲ့ တရားသူကြီးမင်း ခင်ဗျား"

ဦးခင်ဇော်၏ အသံမှာ နည်းနည်းတိုးပြီး ပန်ကာသံထ ပို၍ ကျယ်ရုံကလေးသာဖြစ်၏။

"အခု ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ အမှုဟာ ဘိတ် ကမ်းနားလမ်း အဆုံးမှာရှိတဲ့ သုံးထပ်တိုက် ဝရန်တာက တရားလို မြနှင်းဆီကို တွန်းချပြီး လူသတ်မှု ကျူးလွန်ရန် အာ ထုတ်မှုဆိုတဲ့ စွပ်စွဲချက်နဲ့ တရားခံ မြတ်စုအပေါ် ပြစ်မှုဆိုင်





ပဒေပုဒ်မ ၃၀၇ အရ အရေးယူပေးဖို့ တရားစွဲဆိုထားတဲ့ အမှု ဖြစ်ပါတယ်။ အမှုဖြစ်ပွားချိန်ဟာ ၁၉၉၀ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်၊ ည ၇ နာရီ ၁၅ မိနစ်ခန့် အချိန်ဖြစ်ပြီး တရားလိုနဲ့ တရားခံ နှစ်ယောက်တည်းသာ ဝရန်တာမှာ ရှိနေခဲ့စဉ်မှာ ဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။ နှစ်ယောက်တည်းရှိတယ် ဆိုပေမယ့် ဝရန်တာဆိုတာ အများမြင်ကွင်းတစ်ခု ဖြစ်ပါတယ်။ ည ရှစ် နာရီ ဆိုတာတာလဲ ကမ်းနားလမ်းတစ်လျှောက် ရေတာမာပင် အောက်က ထိုင်ခုံ တစ်ခုတလေပေါ်မှာ လူတစ်ဦးတစ်ယောက် မရှိအောင် တိတ်ဆိတ် ခြောက်သွေ့နေတဲ့ အချိန်လဲ မဟုတ် ပါဘူး၊ အနည်းဆုံး ပင်လယ်ကမ်းစပ်က စက်လှေတွေပေါ်မှာ၊ လှေတွေပေါ်မှာ လူတစ်ယောက်ယောက် ရှိနေနိုင်တဲ့၊ ပတ်ဝန်း ကျင်ကို ကြည့်ရှုနေနိုင်တဲ့ အချိန်ဖြစ်ပါတယ်၊ ဒီအချိန် ဒီနေရာ မှာ လူသတ်မှု ကျူးလွန်ဖို့ အားထုတ်ကြောင်း စွပ်စွဲထားတာ ဟာ ယုတ္တိယုတ္တာ ကင်းမဲ့နေတယ်ဆိုတာ ကျွန်တော့် အနေနဲ့ တရားခံကိုယ်စား ပဏာမ တင်ပြပါရစေ ...."

ဤအချက်ကိုတော့ သူ သဘောမကျပါ။ လူမြင်ကွင်း သော အချက်ဖြင့် ပြစ်မှုကျူးလွန်ခြင်းကို ကာကွယ်၍မရပါ။ ကာသေးမီ ကာလတစ်ခုက ဤမြို့တွင် ဈေးကြီးရှေ့ တိုက် း ပလက်ဖောင်းပေါ်မှာ နေ့ခင်းကြောင်တောင် လူသတ်မှု ခဲ့သည်။ လူသတ်သမားသည် လူအုပ်ထဲမှာပင် ဗြုန်းခနဲ ကယ်ကို စက်သတ်လျက် ပလက်ဖောင်းပေါ်မှ လူ


www.burmeseclassic.com

www.burmeseclassic.com



သေနတ်ဖြင့် ပစ်ပြီး ဖြုန်းခနဲ ပြန်လည် မောင်းထွက်သွားခဲ့သည်၊ ထိုအမှုသည် လူမြင်ကွင်းမှာ ရဲတင်းစွာ လူသတ်သွားခြင်းပဲ မဟုတ်ပါလား။

"ကျွန်တော့် အမှုသည် မြတ်စု ကျူးလွန်တယ်လို့ အစွပ်စွဲခံရတဲ့ ဟောဒီ ပြစ်မှုကြီးဟာ ဘိတ်မြို့ တစ်မြို့လုံးကို တုန်လှုပ်အံ့သြစေခဲ့တာ အမှန်ပဲ ဖြစ်ပါတယ်။ ဒီစွပ်စွဲမှုဟာ ကျွန်တော့် အမှုသည်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက် နစ်မွန်းစေတဲ့ စွပ်စွဲမှုပဲ ဖြစ်နေပါတယ် ခင်ဗျာ။ ဒါပေမယ့် လောကမှာ လူ ပုဂ္ဂိုလ် ဂုဏ်သိက္ခာထက် အရေးကြီးတာ ရှိပါသေးတယ်၊ အဲဒါကတော့ တရားမျှတမှုပဲ ဖြစ်ပါတယ်၊ ဒီနေ့ ကျွန်တော်ဟာ ကျွန်တော့် အမှုသည်ရဲ့ ဂုဏ်သိက္ခာအတွက် လျှောက်လဲမှာ မဟုတ်ဘဲ တရားမျှတမှုရဲ့ ဂုဏ်သိက္ခာအတွက် လျှောက်လဲမှာ ဖြစ်ပါတယ် ခင်ဗျား"

သူသည် ဦးခင်ဇော်၏ ဦးလေး ဦးဘအုန်းနှင့် လုပ်ငန်း သဘောအရ ခင်မင်သော်လည်း မရင်းနှီးပါ။ ဦးဘအုန်းနှင့် သိပ်အစေးမကပ်သည်မှာ အစစ အရာရာ ဦးဘအုန်းက ဒေါ်





ကြီးလွန်း၊ ထိန်းချုပ်လွန်း၍ ဖြစ်၏။ ဤရွှေ့နေကလေးသည် ဦးဘအုန်းလို လူ့ခွစာ၏ ဒဏ်ကို ဘယ်လောက်တောင် ခံခဲ့ရပြီနည်း၊ ရွှေ့နေကလေး၏ မျက်နှာမှာ ခပ်မှုန်မှုန်၊ အရာရာကို အလို မကျသူ၏ မျက်နှာထားဖြစ်သည်။ ဦးဘအုန်းနှင့် နှစ်ပေါင်းများစွာ အတူနေပြီးသည့်အခါ လူတစ်ယောက်သည် သည်လို မျက်နှာထားပဲ ဖြစ်ရမည်။

"ရုံးတော်မှ သက်သေခံချက်ပေါင်းများစွာကို အချိန်တိုတို ကာလအတွင်း စစ်ဆေးခဲ့ပြီး ဖြစ်ပါတယ်။ စစ်ပြီးသွားသမျှ သက်သေတွေရဲ့ ထွက်ချက် အားလုံးလိုလိုဟာ လိမ်လည်မှု မပါဝင်ပါဘူး။ သက်သေအားလုံးဟာ အမှန်ကိုပြောရစ်း သူတို့နည်း သူတို့ဟန်နဲ့ ရုံးတော်ကို ကူညီသွားကြပါတယ်။ သူတို့ဟာ သူတို့ သိသမျှပဲ ထွက်ဆို သွားကြပါတယ်။ ဒါကို ကျွန်တော့် အနေနဲ့ ကျေးဇူးတင်စွာ ဂုဏ်ယူမိပါတယ် ခင်ဗျား"

တရားလို မိန်းကလေးကို သူ မမြင်မိသဖြင့် ယောချောက် နား ထောင်ခြင်း မပြုနိုင်လို့ဟု ယူဆလိုက်ရ၏။ သူမကို တရားလို စစ်ဆေးသည့်ရက်က သာ တွေ့ရ၏။ လျှောက်လဲချက် နေ့မှာပင် ရုံးသို့မလာလျှင် စီရင်ချက်ချသည့်နေ့ရော လာနိုင်ပါမည်လား။ ထိုမိန်းကလေး၏ ဖူးရဲတောက်ပသော မျက်ဝန်းများကို သူ သဘော ကျသည်။ မှန်သည်ထင်သမျှ မဆုတ်မနစ်လုပ်သည့် မျက်ဝန်းများပေတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ရုံးတော်မှ စစ်ဆေး ပေါ်ပေါက်ချက်များ အရ အဓိက ကွဲလွဲဆန့်ကျင် နေတာဟာ တရားလိုနဲ့ တရားခံရဲ့ ထွက်ချက် တွေပါပဲ၊ တရားလိုက တွန်းချခံရတာလို့ ပြောတယ်။ တရားခံက တရားလိုဟာ သူ့ဟာသူ ခုန်ချတဲ့ အကြောင်း ခုခံငြင်းဆိုတယ်။ သူတို့နှစ်ယောက်ရဲ့ အစစ်ခံချက်တွေ တူညီလာအောင် ဘယ်လို ညှိ တတ်နိုင်မှာ မဟုတ်ပါဘူး၊ သေချာတာကတော့ တစ်ယောက်က မှန်ပြီး တစ်ယောက်က မှားနေပြီဆိုတာပါပဲ၊ သဘောကတော့ ဒီနှစ်ယောက်တည်းက တစ်ယောက်ယောက်ဟာ ရုံးတော်ရှေ့မှာ ကျမ်းကျိန်ပြီးတော့ လိမ်လည် ထွက်နေတယ်ဆိုတာပါပဲ။ ဒီမှာ အရေးကြီးလာတာက သူတို့နှစ်ယောက်မှာ ဘယ်သူ့ကို ယုံရ မလဲဆိုတဲ့ ပြဿနာပါပဲ ခင်ဗျား....

"သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်ကိုယုံကြည်မှ ဒီအမှုဟာ ဆုံးခန်းတိုင် ရောက်မှာဖြစ်ပါတယ်၊ ဒီအချိန်မှာ လူပုဂ္ဂိုလ် ဂုဏ်သိက္ခာဟာ အမှုထဲကို ပြန်ဝင်လာပါတယ်။ ဘယ်သူဟာ ဂုဏ်သိက္ခာရှိရှိ အမှန်တရားဘက်က ရပ်တည်ပြီး ဘယ်သူဟာ ကလိမ်ကကျစ်ဉာဏ်နဲ့ လီဆယ်ထွက်ဆိုနေပါသလဲ ဒါကိုဆုံးဖြတ်ဖို့က ရုံးတော်ရဲ့တာဝန်ဖြစ်ပါတယ်။ ကျွန်တော် ဟာ ကျွန်တော့်အမှုသည်ကို ယုံကြည်ပါလို့ မတောင်းဆိုပါဘူး။ အဲဒီလိုပဲ တရားလိုကို မယုံကြည်ပါနဲ့လို့လဲ မတောင်းဆိုပါဘူး။ ကျွန်တော် တောင်းဆိုမှာက အမှန်တရားသာ ဖြစ်ပါတယ် ခင်ဗျား"





မှန်၏။ သူ လျှောက်လဲသလိုပင် ဤကိစ္စသည် တစ်ယောက် ယောက်၏ ထွက်ချက်ကို ယုံကြည်မှသာ ဖြစ်တော့မည်။ အဓိက အရေးကြီးသည်မှာ မည်သူ့ကို ယုံကြည်ရမည်နည်း။

တရားသူကြီး အနေနှင့် တရားလိုအပေါ်ရော တရားခံ အပေါ်ပါ ဘက်လိုက်စရာ မလိုပေ။ နှစ်ယောက်လုံးကိုလည်း တစ်ခါမျှ မမြင်ဘူးပေ။ ဆုံးဖြတ်ချက် မမှားဖို့ အရေးကြီးသည်။

"ပထမဆုံးအချက်ကတော့ တရားလိုပြသက်သေ(၃)ဖြစ်တဲ့ သက်သက်ရဲ့ ထွက်ချက်အရရော၊ တရားလို ကိုယ်တိုင်ရဲ့ထွက်ချက် အရရော မိုးကာအုတ်မြား အစွန်းကလေးပေါ် မကြာခဏ တက်ရပ်ဖူးကြောင်း ဝန်ခံသွားခြင်းပါပဲ။ အဲဒီ ညတုန်းက တရား လိုဟာ အဲဒီ အုတ် အပြားကလေး ပေါ်ကနေ ခုန်ချခဲ့တာ ဖြစ်ကြောင်း ထင်ရှားစေမယ့် ခြေဗွေရာ၊ လက်ဗွေရာ မှန်သမျှ ကို တရားလိုကပဲ တိုက်ကို ဆေးသုတ်ခိုင်းပြီး ဖျက်ဆီးပစ်လိုက် ပါတယ်။ တရားလိုပြ သက်သေ (၇) ဒေါ်သုန်ရဲ့ ထွက်ချက် တွေ ရှေ့နောက်ကွဲလွဲနေတာကို ကြည့်ခြင်းအားဖြင့် ဒါဟာ တရားလိုရဲ့ လုပ်ကြံမှု စီစဉ်အားထုတ်မှု တစ်ခုသာ ဖြစ်တယ် ဆိုတာ ရုံးတော်က သိရှိနိုင်ပါတယ်။ ဘယ်လောက် ကောက်



www.burmeseclassic.com

www.burmeseclassic.com



ကျစ်တဲ့ လုပ်ကြံမှုတစ်ခုလဲဆိုတာ စဉ်းစားစရာမလိုဘဲ ပေါ်လွင်နေပါတယ် ခင်ဗျား၊ ဒါဟာ သက်သေခံပစ္စည်း ဖျောက်ဖျက်ခြင်းပဲ မဟုတ်ဘူးလား ခင်ဗျား၊ ဒါဟာ ရဲအဖွဲ့ကို စော်ကားရာရောက်သလို ရုံးတော်ကို မထီမဲ့မြင် စော်ကားရာရောက်ပါတယ်"

ဦးခင်ဇော်သည် တိုက်အရောင်ပြောင်းလဲသွားသည့် ကိစ္စနှင့် ပတ်သက်၍ ရှေ့နေ့ောက်ကွဲလွဲသော သက်သေထွက်ချက်များကို တစ်ခုချင်း ပြန်ထုတ် ဖြေပြနေသည်။ သေတမ်းစစ်ချက်ပေးသည့် နေ့၏ နောက်တစ်နေ့တွင် ရဲက ရိုက်ယူထားသော ဓာတ်ပုံတွင် တိုက်၏ အရောင်မှာ အဝါရောင်၊ တရားခံဘက်မှ သက်သေခံ (က) အဖြစ် တင်သွင်းသော ဓာတ်ပုံတွင် တိုက်၏ အရောင်မှာ အစိမ်းရောင်၊ တရားလိုကို စစ်ဆေးစဉ်က တိုက်ဆေးသုတ်ရန် စ,ပြောသူမှာ ဒေါ်သုန်ဖြစ်ပြီး ဒေါ်သုန်ကို စစ်ဆေးပြန်တော့ တိုက်ဆေးသုတ်ရန် စ,ပြောသူမှာ တရားလိုဖြစ်နေပြန်သည်။

သူ လျှောက်လဲချက်ကို နားထောင်ရင်း ထိုအချက်များကို ခပ်သွက်သွက် ရေးမှတ်လိုက်၏။

"တရားခံပြ သက်သေ (၂) ဂေဟာမှူး ဒေါ်စီစီရဲ့ ထွက်ချက်အရ မြနှင်းဆီဟာ ငယ်စဉ်က အနည်းဆုံး တစ်ကြိမ် သော





ကြောင်းကြံစည်ဖို့ ကြိုးစားဖူးတဲ့ အချက်ဟာ ဘယ်လိုမှ ငြင်းပယ်ရှောင်လွှဲမရတဲ့ အချက်တစ်ခုဖြစ်ပါတယ်။ အဲဒီအချက်ဟာ အမှုရဲ့ အရေးပါတဲ့ ထွက်ချက်တစ်ခု ဖြစ်ပါတယ်။ တရားလိုရှေ့နေကြီးကတော့ အသက် ၁၅ နှစ်အရွယ် ကလေးမကလေးတစ်ယောက်ဟာ ခန္ဓာဗေဒ သွေးထိန်းချုပ်ပုံကို မသိနိုင်တော့အတွက် လက်ကောက်ဝတ်ကို လှီးပြီး သေကြောင်းမကြံစည်နိုင်ဘူးလို့ ကြောက်ကြောက် လန့်လန့်နဲ့ ကာကွယ် သွားပါတယ် ....

"တရားသူကြီးမင်း ခင်ဗျား၊ အသက် ၁၅ နှစ်အရွယ်မှာ ငွေညှစ်ဖို့အထိ ဉာဏ်များတဲ့ ဗဟုသုတများတဲ့ မိန်းကလေးတစ်ယောက်ဟာ ခန္ဓာဗေဒ သွေးထိန်းချုပ် လှည့်ပတ်ပုံကို မသိနိုင်ဘူးလို့ ကျွန်တော်တို့ ဘယ်လိုလုပ်ပြီး ယုံကြည်ရမလဲ ခင်ဗျာ"

မည်မျှ တရားမျှတ ဖြောင့်မှန်သည်ဟု ကြွေးကြော်နေစေကာမူ ရှေ့နေ တစ်ယောက်အတွက် မိမိအမှုသည် အနိုင်ရလိုစိတ်က ပထမ၊ အမှန်တရားက ဒုတိယ နေရာမှာ ရှိသည်။

သူ၏ တရားသူကြီး သက်တမ်းတွင် တိတ်တခိုး လက်ခံထားသော ခံယူချက်တစ်ခု ဖြစ်သည်။ အမှန်တရားကို တကယ် မြင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြသော သူများမှာ မိမိတို့ တရားသူကြီးများသာ ဖြစ်သည်ဟု သူက သာသာ ထိုးထိုး တွေးမိ၏။

ဤခုံမြင့်ပေါ်မှ တရားခွင်တစ်ခုလုံး စီးကြည့်ရင်းက သူ မှတ်သားဖွယ်ရာ အချက်တစ်ခု ရလာခဲ့သည်မှာ ရှေ့နေများ၏ ဆွဲဆောင်မှုနောက်သို့ မပါရန် စိတ်ခံတတ်ကြွခိုင်ရေး အရေးကြီးကြောင်းပင် ဖြစ်သည်။

"....နောက်တစ်ချက်က ခြေဖနောင့်နဲ့ ကျပါတယ်လို့ တွက်ဆိုသွားတဲ့ တရားလိုပြ သက်သေ (၆) ဒေါက်တာ နေလွန်းရဲ့ တွက်ဆိုချက်အရ ထင်ရှားနေပါတယ်၊ တရားလိုဟာ ဝရန်တာကနေ နောက်ပြန် တွန်းချခံခဲ့ရရင် ဒေါက်တာ နေလွန်း ပြောသလို ခေါင်းနဲ့ ဖြစ်စေ၊ ကျောနဲ့ဖြစ်စေ၊ အလွန်ဆုံး တင်ပါးနဲ့ ဖြစ်စေ ကျဖို့ပဲရှိပါတယ် ခင်ဗျား။ ဆေးဘက်ဆိုင်ရာ ပါရဂူရဲ့ ထင်မြင်ယူဆချက်ဖြစ်တဲ့ ခြေဖနောင့်နဲ့ ကျခြင်းဆိုတဲ့ အချက်ဟာ တရားလိုရဲ့ နောက်ပြန် တွန်းချခံရတာ ဆိုတဲ့ စကားနဲ့ လုံးလုံး ကွဲလွဲ ဆန့်ကျင်နေပြီး တရားခံရဲ့ ခုန်ချတာပါ ဆိုတဲ့ စကားနဲ့ ကိုက်ညီနေတာကို လူကြီးမင်း သတိပြုနိုင်မှာ ဖြစ်ပါတယ်"





အမှုတစ်ခုကို စစ်ဆေး စီရင်ရာတွင် သံသယဟူသော စကားလုံးသည် တရားသူကြီးကို အမြဲ စိတ်ရှုပ်ထွေးစေခဲ့၏။ ပန်ကာအောက်တွင် ထိုင်နေရင်းကပင် သူ ချွေးပြန်လာသလို၊ ပူလောင်အိုက်စပ်လာသလို ခံစားလိုက်ရသည်။

" .... ဒီလို ကွဲလွဲတွက်ဆိုမှု၊ ရှေ့နောက် မညီညွတ်မှုတွေနဲ့ အတူ တွေ့ရတာကတော့ တစ်ခုနဲ့ တစ်ခု ဆက်စပ်ကိုက်ညီခြင်း မရှိတဲ့ တရားလိုပြ သက်သေ တွက်ချက်တွေပါပဲ။ ဒါတွေကြောင့် တရားလိုကို တရားခံက တွန်းချတယ်ဆိုတဲ့ စွပ်စွဲချက်အပေါ်မှာ သံသယတစ်ခု ဝင်ရောက်လာပါတယ်။ ဒီသံသယဟာ ကျိုးကြောင်းဆီလျော်သော သံသယ [ Reasonable Doubt ] ဖြစ်ပါတယ် .... ....

"၁၉၅၁ ခုနှစ် မြန်မာနိုင်ငံ စီရင်ထုံး စာမျက်နှာ ၂၇၉ မှာ ဖော်ပြထားတဲ့ 'စိန်လှနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ' ဆိုတဲ့ စီရင်ထုံးအရ 'တရားခံ အပြစ်ရှိကြောင်း သက်သေထွက်ဆိုထားဝန်သည် အမှုတစ်လျှောက်လုံး တရားလို အပေါ်တွင်သာ ကျရောက်သည်၊ သက်သေပြရာတွင်လည်း ကျိုးကြောင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



လျော်သည့် သံသယများမှ လွန်မြောက်နိုင်သည်အထိ သက်သေပြရမည်' လို့ ထုံးဖွဲ့ထားပါတယ် ....

"ကျွန်တော့်အမှုသည် တရားခံ မြတ်စု သာလျှင် အပြစ်ကျူးလွန်သူ ဖြစ်ကြောင်း ထင်ရှားအောင် သက်သေပြဖို့ တာဝန်ဟာ တရားလိုဘက်မှာရှိပြီး အဲဒီတာဝန် [Burden of Proof] ကို တရားလိုဘက်က ပျက်ကွက်လို့သာ ဒီလိုကျိုးကြောင်းဆီလျော်တဲ့ သံသယတွေ ပေါ်ပေါက်လာပါတယ်။ တာဝန် ပျက်ကွက်တယ် ဆိုတာလဲ ကျွန်တော့် အမှုသည် မကျူးလွန်လို့သာ ဖြစ်ပါတယ် ခင်ဗျား။ တရားလို အနေနဲ့ ဘယ်လိုမှ သက်သေပြလို့မရအောင် ကျွန်တော့် အမှုသည်က အပြစ်ကင်းနေလို့ဖြစ်ပါတယ် ....

"ဒါကြောင့် ကျွန်ုပ်တော့် အမှုသည်ဟာ အပြစ်ကျူးလွန်ကြောင်း မထင်ရှားတဲ့အတွက် တရားသေ လွှတ်ပေးပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား"

အပြီးသတ် လျှောက်လဲခြင်းဖြစ်၍ တရားခံ အကျိုးဆောင် ရှေ့နေသည် ပထမအကြိမ် လျှောက်လဲခြင်းကို မိနစ် ၂၀ နှင့် ရပ်နားလိုက်လေသည်။ တရားလိုအကျိုးဆောင် ရှေ့နေ





ဦးဖေအောင် မတ်တပ်ရပ်လိုက်ချိန်တွင် တရားခွင်၏ နောက်ဆုံးတန်းမှာ ထိုင်နေသော ဦးဖေအောင်၏ သမီးကလေးသည် သူ့ဖအေကိုငေးမောနေ၏။ကောင်မလေး၏ ဆံပင်တိုများသည် ခုံးပေါ် မထိတထိ အုပ်စင်းကျနေသည်။ ဖြူဖြူနွဲ့နွဲ့သေးသေး ကလေး ချစ်စရာသမီးကလေးဖြစ်သည်။

"လေးစားအပ်တဲ့ တရားသူကြီးမင်း ခင်ဗျား"

ဦးဖေအောင်၏ အသံသည် ပန်ကာလည်ပတ်သံ၊ အပြင်မှ မိုးစက်များ အသံကို ဖုံးလွှမ်းလျက် ကြည်လင်ပြတ်သားနေသည်။

"ရာဇဝတ်ပြစ်မှုကြီး ဖြစ်တဲ့ လူတစ်ယောက်က တခြားလူတစ်ယောက်ရဲ့ အသက်ကို ရန်ရှာမှု၊ တနည်းအားဖြင့် လူသတ်မှု ကျူးလွန်ရန် အားထုတ်မှုဆိုတာ ကျွန်တော်တို့ရဲ့ ယဉ်ကျေးတဲ့ မြန်မာနိုင်ငံ၊ ဗုဒ္ဓဘာသာ တရား ထွန်းကားတဲ့ မြန်မာနိုင်ငံမှာ ဖြစ်နေကျမဟုတ်တဲ့ ပြစ်မှုတစ်ခုဖြစ်ပါတယ်။ဖြစ်နေကျ မဟုတ်တဲ့ ပြစ်မှုတစ်ခုဖြစ်ရုံမျှမက ပိုမိုထူးခြားတာကတော့ အခုပြစ်မှုမှာ ကျူးလွန်သူနဲ့ အကျူးလွန်ခံရသူဟာ ရင်းနှီးချစ်ခင်သူတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေခြင်းပါ ခင်ဗျား။ ဒါထက်ပိုမိုထူးခြားတာက ကျူးလွန်ဖို့ကြိုးစားတဲ့ တရားခံဟာ ယောကျ်ားဖြစ်နေပြီး ကျူးလွန်ခံရတဲ့သူဟာ အားနွဲ့တဲ့ မိန်းမသား၊ ရန်ကိုခုခံနိုင်စွမ်းမရှိတဲ့ မိန်းမသား ဖြစ်နေခြင်းပါပဲ ခင်ဗျား ....

"သမားရိုးကျ မဟုတ်တဲ့ မှုခင်းမျိုး ဖြစ်ပေါ်လာတိုင်း မြင်နေလူထု ပရိသတ်က အထူး စိတ်ဝင်စားတာဟာ ဒီ ရုံးတော်ရဲ့ တရားခွင်အတွက် အသစ်အဆန်း မဟုတ်ပါဘူး၊ ထူးဆန်းနေတာက ကျွန်တော်ဟာ တရားလို အစိုးရ ရှေ့နေ ဖြစ်နေခြင်းပါပဲ၊ တရားခံတစ်ယောက် တရားမျှတစွာ အပြစ်မှလွတ်မြောက်ဖို့ အမြဲကြိုးစား တာဝန်ယူဆောင်ရွက်ခဲ့တဲ့ ကျွန်တော်ဟာ အခုတော့ တရားခံတစ်ယောက်ကို တရားမျှတစွာ အပြစ်ပေးဖို့အတွက် သံသယ ကင်းကင်းနဲ့ အထောက်အထား ခိုင်လုံစွာ အပြစ်ပေးဖို့အတွက် ကြိုးစားနေရပါပြီ ...

"ကျွန်တော်နဲ့ တရားခံအကြားမှာ ရန်ငြိုး ရန်စ အာဃာတဆိုတာ လုံးဝမရှိခဲ့ပါဘူး"

ဒါပေမယ့် ခင်ဗျားတို့ နှစ်ယောက်ဟာ ပုဂ္ဂိုလ်ရေး ဆက်သွယ်မှု မဆိုစလောက်တော့ ရှိခဲ့တယ်။





တရားသူကြီးက ဦးဖေအောင်ကို စူးစိုက်စွာ လှမ်းကြည့်ရင်း စိတ်ထဲမှ စွပ်စွဲလိုက်၏။ တရားခံ ကောင်လေးနှင့် သူ့ သမီးအကြားက ရင်းနှီးချစ်ခင်မှုကို အတော်များများ ရိပ်မိထားကြပါသည်။ သူ ဘာကြောင့် ဤအမှုတွင် တရားလိုဘက်မှ လက်ခံဆောင်ရွက်လိုက်သနည်း ဆိုသော မေးခွန်းမှာ တရားရုံးတွင် ခေတ်စားသော မေးခွန်းတစ်ခု ဖြစ်နေ၏။ မည်သူမျှ အတိအကျ မသိပါ။ ကာယကံရှင်သာ ဖြေနိုင်မည့် မေးခွန်းဖြစ်သည်။

"တရားခံအပေါ် ထိခိုက်နစ်နာဖို့လဲ ဘယ်တုန်းကမှ မရည်ရွယ်ခဲ့ပါဘူး၊ ဒါပေမယ့် ဘယ်လို မှုခင်းမှာပဲ ဖြစ်ဖြစ်၊ တရားခံဟာ ဘယ်သူပဲ ဖြစ်ဖြစ် အမှန်တရား အတိုင်း တရားဥပဒေအမှုတစွာ ဆုံးဖြတ်ပြီး ထိရောက်စွာ အပြစ်ပေးဖို့အတွက် ကျွန်တော် ရည်ရွယ်ပါတယ် ....

"ဒါကြောင့် ထိတ်လန့်စရာကောင်းတဲ့ ဖြစ်မှုကြီးကို ရက်စက် ယုတ်မာမှုနဲ့ အဘူ ကျူးလွန်ဖို့ ကြိုးစားခဲ့တဲ့ တရားခံရဲ့ အားထုတ်မှုတွေကို ဒီ တရားခွင်မှာ တိတိ ကျကျ ဖော်ထုတ်ခင်ဆေးပြီး အပြစ်ပေးဖို့ ကြုံလာတဲ့ အခါမှာ ကျွန်တော် ကျကျ နပ်နပ် တာဝန်ယူလိုက်ခြင်း ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နံနက်က ကော်ဖီနှင့် ပေါင်မုန့်ရော၊ ကတ်ကြေးကိုက်ဒေ သူ့ဗိုက်ထဲမှာ မရှိတော့ပါ။ သူသည် ယခု ဆာလောင်နေ နှစ်ဘက် ရှေ့နေများ ဆာ မဆာတော့ သူတို့မှ သိနိုင်ပေမည်

“အခု ဖြစ်ပွားတဲ့ အမှုဟာ လူကြီးမင်း သိပြီးဖြစ်တဲ့ အတိုင် ၁၉၉၀ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့ ညမှာ တရားခံဟာ တရားလိုကို သုံးထပ်တိုက် ဝရန်တာကနေ တွန်းချပြီး သတ် ကြိုးစားအားထုတ်ခဲ့တဲ့ ဖြစ်မှု ဖြစ်ပါတယ်။ ဒီ အားထုတ် ကြောင့် တရားလိုဟာ သေလုမြောပါး ဒဏ်ရာရခဲ့ပါတယ် ဦးခေါင်းရဲ့ အပြင်ပိုင်း ဦးရေခွံမှာ ကွဲသွားတဲ့အတွက် ချုပ်ချုပ်ခဲ့ပါတယ်။ အတွင်းမှာတော့ ဦးခွံရိုး အက်ကွဲ အတွင်း သွေးကြောတစ်ခု ပေါက်သွားတဲ့ အတွက် ခွဲစိ အထူးကု ဆရာဝန်ကြီးတွေက ခေါင်းခွံကို ဖောက်ပြီး သွေးခဲ ကျွမ်းကျင်စွာ ခွဲစိတ် ဖယ်ထုတ်ပေးခဲ့လို့ အသက်ရှင်ခဲ့ရပါတယ် နံရိုးသုံးချောင်း အက်သွားပါတယ်။ ဘယ်ဘက်လက်ကျိုးသွ ပါတယ်၊ ခြေထောက်နှစ်ဘက်စလုံး ပြင်းပြင်း တန်ထန် ကျ သွားလိုက်တာ အခု ဆိုရင် တရားလိုဟာ ခြောက်လကြာတဲ့ အထိ ချိုင်းထောက် အသုံးပြုနေရဆဲပါပဲ ခင်ဗျာ ....

“ဒီဖြစ်ရပ်ဟာ စိတ်လှုပ်ရှားမှုကြောင့်၊ မချုပ်တည်းနိုင်တဲ့ ဒေါသကြောင့် ရုတ်တရက် ကျူးလွန်လိုက်ခြင်းမျိုးတော မဟုတ်တာ လူကြီးမင်း အသိပဲ ဖြစ်ပါတယ်။ တရားခံဟာ မိန်း





ကလေးရဲ့ အိမ်ကို ကြိုတင် ကြံစည်မှုနဲ့ ရောက်သွားပါတယ်။ သူ့ကို ယုံကြည်ရှာတဲ့ မိန်းကလေးကို ဝရန်တာမှာ ရောက်လာ အောင် ကြိုးစားပါတယ်။ အဲ .... မျက်မြင်သက်သေဖြစ်နိုင်မယ့် အိမ်ဖော်မလေးကို တစ်ဘက်လှည့်နဲ့ အိမ်ထဲကထွက်သွားအောင် လုပ်လိုက်ပါတယ်၊ ဒီ အချက်ဟာ တရားလိုပြ သက်သေ (၃) သက်သက်ရဲ့ ထွက်ချက်အရရော၊ တရားလိုရဲ့ ထွက်ချက်အရရော ထင်ရှားပြီး ဖြစ်ပါတယ်။ သူဟာ ဒီပြစ်မှုကို သွေးအေးအေးနဲ့ ကျူးလွန်ဖို့ အားထုတ်ခဲ့ခြင်းသာ ဖြစ်ပါတယ် ခင်ဗျား၊ သူဟာ မီးမထွန်းလို့ မှောင်ရိပ်ကျနေတဲ့ ဝရန်တာမှာ နှစ်ယောက်တည်း ဖြစ်တဲ့ အချိန်မှာ ဒီပြစ်မှုကို အေးအေးကလေး ကျူးလွန်လိုက် ခြင်း ဖြစ်ပါတယ်”

ဦးဖေအောင်သည် ခဏနားပြီး တရားခံရှိရာသို့ လှမ်းကြည့် ၏။ တရားခံကောင်လေးကတော့ တရားရုံး၏ ထောင့်စွန်းခုံတွင် လျှော့ခွေစွာ ထိုင်နေသည်။ တရားခံများသည် အခြား အချိန် တွင် မသိသာလှသော်လည်း လျှောက်လဲချက် ပေးချိန်၊ စီရင် ချက်ချခါနီးအချိန်တို့တွင် တုန်လှုပ် ကြောက်ရွံ့တတ်ကြမြဲ ဖြစ် သည်။ အဖြူရောင် ရှပ်အင်္ကျီပွပွကြီးအောက်မှ ကျစ်လျစ် သွယ် လျသော ကောင်ကလေး၏ ခန္ဓာကိုယ်မှာ ချောက်ချားမှုကြောင့် တုန်ယင်နေကောင်း နေပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"မျက်မြင်သက်သေမရှိအောင် ပိမိ ရိရိ ကြံစည်ပြီး လူသတ်ကျူးလွန်ဖို့ အားထုတ်ခဲ့ပေမယ့် အကြောင်း တစ်စုံတစ်ရာကြောင့် လူသတ်မှု ဖြစ်မသွားပါဘူး၊ သူ ထင်ထားသလို မိန်းကလေး သေမသွားလို့ပါဘဲ၊ မျက်မြင်သက်သေမရှိဘူး ဆိုတဲ့ယုံကြည်ချက်နဲ့ ပြစ်မှုကြီးတစ်ခုကို လျှို့ဝှက်စွာ သူ ကျူးလွန်ကြံစည်လိုက်ပေမယ့် တကယ်တမ်းတော့ လျှို့ဝှက်မှုဆိုတာက လောကကြီးမှာ မရှိပါဘူး ခင်ဗျာ၊ ဆိတ်ကွယ်ရာဆိုတာလောကမှာ မရှိပါဘူး၊ မသေရုံတမယ် ဒဏ်ရာတွေနဲ့ သတိပြန်လည်လာတဲ့ တရားလိုဟာ ဒီပြစ်မှုမှာ အကောင်းဆုံး မျက်မြင်သက်သေ ဖြစ်နေပါပြီ ခင်ဗျား ....

"တရားလိုပြ သက်သေ(၆) ဒေါက်တာ နေလွင်း၏ထင်မြင်ချက်က တရားလိုဟာ ခြေဖနောင့်ပေါ်မှာ ကျခဲ့တယ်လို့ ဆိုပါတယ်။ ဒေါက်တာ နေလွင်း၏ အဲဒီထွက်ဆိုချက်ဟာ မျက်မြင်သက်သေဖြစ်တဲ့ တရားလို၏ နောက်ပြန်ကျသွားပါဆိုတဲ့ ထွက်ချက်နဲ့ကွဲလွဲနေတာကို ကြည့်ပြီး တရားလိုဟာလီဆယ်တယ်လို့ သတ်မှတ်ရတော့မှာလား ခင်ဗျား။ ဒီအခါမှာက သေလုမြောပါး ခံထားရတဲ့လူနာ၊ အဲဒီ လူနာဟာတစ်ယောက်တည်းသော မျက်မြင် သက်သေ ဖြစ်ပါတယ်။ ဒီမျက်မြင်သက်သေဖြစ်တဲ့တရားလို၏ ထွက်ချက်ကို ဆရာဝန်၏ထင်မြင်ချက်က မလွှမ်းမိုးနိုင်ပါဘူး ခင်ဗျား ....





"ဒါနဲ့ပတ်သက်လို့ ၁၉၆၆ ခု မြန်မာနိုင်ငံစီရင်ထုံးထဲက 'မောင်ကျော်လှနှင့်ပြည်ထောင်စုမြန်မာနိုင်ငံ' ဆိုတဲ့ စီရင်ထုံးမှာ ဖော်ပြထားတာရှိပါတယ်။ '....သို့ရာတွင် ပုထုဇဉ်တို့မည်သည် မမှားဟူ၍ မရှိနိုင်။ သို့ဖြစ်ရာ ဆရာဝန်၏ ထင်မြင်ချက်သည် အခါခပ်သိမ်း မှန်ရမည်ဟု မဆိုနိုင်ပေ၊ ဆရာဝန်၏ ထင်မြင်ယူဆချက်သည် ယုံကြည် စိတ်ချရသော မျက်မြင် သက်သေတစ်ဦး ၏ အမှန်တကယ် တွေ့မြင်ခဲ့ရသော ဖြစ်ရပ်မှန်ကို လွှမ်းမိုးခြင်းမပြုနိုင်။ မျက်မြင်သက်သေ၏ ထွက်ချက်မှာ ယုံကြည်စိတ်ချရပါမူ ထိုထွက်ချက်များအား ဆန့်ကျင်နေသည့် ဆရာဝန်၏ ထင်မြင်ချက်ကို ပယ်ရမည်....' အဲဒီလို ထုံးဖွဲ့ထားတာပါရှိပါတယ် ခင်ဗျား"

နောက်ဆုံး ခုံတန်း မှ မိန်းမကြီး တစ် ယောက် သည် တရားခံကို တစ်လှည့် တရားလိုရှေ့နေကြီးကို တစ်လှည့် ပါးစပ်အဟောင်းသားနှင့် အကဲခတ်နေ၏။

"တရားသူကြီးမင်းခင်ဗျား၊ တရားခံဟာ လူလူချင်း ညှာတာထောက်ထားမှု ကင်းမဲ့သူဖြစ်ပါတယ်။ အားနွဲ့တဲ့မိန်းမသားအပေါ်မှာတောင် အကြင်နာတရား ကင်းမဲ့စွာ သတ်ဖြတ်ဖို့ကြံစားတဲ့ တရားခံဟာ လူ့လောကထဲက ဘယ်လူသားအပေါ်မှာ ညှာတာထောက်ထားနိုင်မလဲဆိုတာ စဉ်းစားစရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါတယ်။ သူဟာအကြိမ်များစွာ မိန်းကလေးကို မျက်[illegible] သက်သေတွေရှေ့မှာ ကြိမ်းမောင်းတွန်းထိုးခဲ့တာကို တရား[illegible] သက်သေ (၃) နဲ့ (၇) ရဲ့ ထွက်ဆိုချက်တွေအရ ပေါ်လွင်[illegible] ဖြစ်ပါတယ်။ သတ်ပစ်မယ်ဆိုတဲ့စကားကို သူဟာ အနည်း[illegible] နှစ်ကြိမ်ပြောခဲ့ပါတယ်၊ ပြောခဲ့တဲ့အတိုင်းလဲ သူ သတ်ဖို့ကြိုး[illegible] ခဲ့ပါတယ် ....

"နောက်ပြီး သူ့ အပြစ်သူ ဝန်မခံတဲ့အပြင် ယုတ်မာ[illegible] စက်တဲ့ အကြံနဲ့ တရားလိုဘက်ကို ပြန်စွပ်စွဲ လိုက်ပါသေးတ[illegible] တရားလိုကို သူက သတ်ဖို့ ကြိုးစားတာ မဟုတ်ဘဲ တရား[illegible] ကိုယ်တိုင် မိမိသဘောအလျောက် ခုန်ချ သေကြောင်းကြံ[illegible] ပါတဲ့ ခင်ဗျာ၊ ဘယ်လောက်များ ရယ်စရာကောင်းလိုက်ပါလိ[illegible] ဘယ်လောက်များ ယုတ်တီးယုတ်တာ ကင်းမဲ့တဲ့ ချေပချက် တစ်ခု[illegible] လိမ့်၊ တရားသူကြီးမင်း ခင်ဗျား မြန်နှင်းဆီလို လှ့ လောက[illegible] အစစ အရာရာ အဆင်ပြေ ချောမွေ့နေတဲ့ မိန်းကလေး၊ ဘ[illegible] မဆို လိုချင်တာ ရနိုင်စွမ်းရှိတဲ့ မိန်းကလေး၊ ငယ်ရွယ်တက်[illegible] ဖျတ်လတ်တဲ့ မိန်းကလေးတစ်ယောက်ဟာ ရူးသွပ်နေပါသ[illegible] အဲဒီလို မဖြစ်နိုင်တဲ့ အကြောင်းပြချက်နဲ့ ခုခံ ချေပခဲ့[illegible] တယ် ....

"တစ်ခါ သေကြောင်းကြံဖူး သူဟာ နောက်တစ်ကြိမ် သေ[illegible] ကြောင်းကြံဖို့ ဆယ်ရာခိုင်နှုန်းသာ ရှိတယ်ဆိုတာကို တရား[illegible]





သက်သေ (၄) ဒေါက်တာ မြင့်ဝေရဲ့ ထွက်ချက်အရ ပေါ် လွင်ပါတယ်။ တရားလိုရဲ့ ငယ်စဉ်ဘဝ သေကြောင်းကြံမှုဆိုတာ ကို ယုံကြည် လက်ခံခဲ့ရင်တောင်မှ ယခု အဖြစ်အပျက်ဟာ သေကြောင်းကြံမှု ဖြစ်တယ်လို့ ဘယ်အချက်အလက်အရ ပြော နိုင်ပါသလဲ ခင်ဗျာ။ ဒါပဲဖြစ်ဖြစ် ဆရာဝန်ရဲ့ ထွက်ချက်ဟာ လဲ ထင်မြင်ချက်မျှသာ ဖြစ်ပါတယ်။ ဒေါက်တာ မြင့်ဝေ ထွက်ဆိုသွားသမျှ အချက်အလက်တွေဟာလဲ 'ဖြစ်နိုင်ခြေ' တွေ ချည်း ဖြစ်ပါတယ် ခင်ဗျား"

အပြင်ဘက်တွင် မိုးအနည်းငယ် စဲသွားပြီ။

တရားသူကြီးသည် လျှောက်လဲချက်ထဲမှ အချက်တချို့ကို လိုက်မှတ်နေရင်း အနည်းငယ် ခါးဆန့်လိုက်မိ၏။ တစ်ခါ တစ်ခါကျတော့ တစ်ဦးထိုင် တရားသူကြီးနှင့် အမှုစစ်ဆေး သော စနစ်တွင် လျှောက်လဲချက်ပေးဖို့ လိုရဲ့လားဟု သူ သံသယဖြစ်မိသည်။ လျှောက်လဲချက်ကို စာဖြင့်ရေး၍ တင် လိုက်လျှင် တရားသူကြီးအတွက်ရော နှစ်ဘက် ရှေ့နေများ အတွက်ရော အချိန်ကုန် လုပ်ငန်း သက်သာမည်။ သို့သော် ပြည်သူ၏ ရှေ့မှောက်တွင် စစ်ဆေးသော ဥပဒေ စနစ်အရ



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူ့ ရှေ့မှောက်တွင် ထွေ့ာက်လဲချက်ပေးဖို့ ပို၍ လိုအပ်ပေ လိမ့်မည်။

" .... ဒါဟာ တရားသူကြီးမင်းနဲ့ တကွ လုပ်သား ပြည်သူ တစ်ချပ်လုံးကို လက်တစ်လုံးခြား လှည့်စားလိုက်တာ ဖြစ်ပါ တယ်။ နောက်ထပ် ယုတ္တိမရှိတဲ့ အချက်ကတော့ အခင်းဖြစ်ပွား တဲ့ နေ့က တရားလိုရဲ့ အိမ်ကို တရားခံလာရခြင်း အကြောင်း ပြချက်မပါပဲ၊ 'ဖြူလေး အဖေကို သွားပြောချင် ပြောပါတော့ ကျွန်တော် မတားတော့ပါဘူး' ဆိုတဲ့ စကားလေး တစ်ခွန်း ပြောဖို့ လာတယ်လို့ တရားခံက ကာကွယ်ပါတယ်။ တရားသူ ကြီးမင်း ခင်ဗျား၊ ဒီလို အကြောင်း အချက်ကလေးကြောင့် သူ လက်မထပ်ချင်တဲ့ မိန်းမတစ်ယောက်ဆီ ရောက်လာဖို့ ရှိပါ သလား၊ တကယ်ပဲ အဲဒီလို ဝန်ခံလိုက်ဖို့ ဆုံးဖြတ်တယ်ပဲထား ဒီအိမ်ကို သူ ဘာများ လာစရာလိုလို့လဲ ခင်ဗျား။ ဖြူလေး အဖေဆီသွားဖို့သာ ရှိတယ်မဟုတ်ပါလား၊ ဒါဟာ သက်သက် ဆင်သေကို ဆိတ်ရေနဲ့ဖုံးဖို့ ကြိုးစားခဲ့တာပါ။ ထားပါတော့.... ပြောချင်လွန်းလို့ လာတယ်ဆိုရင်လဲ ရှိပါစေတော့၊ ပြောပြီးရင် ပြန်ပေါ့၊ ဝရန်တာမှာ ဘာ ထွက်ရပ်စရာလိုမလဲ၊ တရားလို ရောက်လာတဲ့အထိ အဲဒီမှာ ဘာလို့ ရပ်စောင့်နေမလဲ ခင်ဗျား





ဒါဟာ ဖြစ်မှုကျူးလွန်ဖို့ အားထုတ်ခြင်းရဲ့ မငြင်းနိုင်တဲ့ အင်္ဂါ ရပ်များသာ ဖြစ်ပါတယ် ခင်ဗျား"

တရားခံ ကောင်ကလေးသည် ဦးဖေအောင်ကို ငေးကြည့်နေ၏။ ယခုခေတ် ကောင်လေးတွေသည် ဟိုးခေတ်တုန်းက လူ ငယ်တွေလို ဝတ်စားဆင်ယင်မှု ပြန်လည် ပြောင်းလဲလာ၏။ ရှေးခေတ်တုန်းက ဆံပင်ကို ကော့စမက်တစ်အတောင့်ဖြင့် ပိနေ အောင် နောက်ပြန်လှန်ဖြီးခဲ့ကြသည်။ ယခုရော ဘာထူးသနည်း။ တရားခံကောင်လေးသည် ဆံပင်ကို နောက်ပြန်လှန်၍ ပိနေ အောင် ဖြီးထားသည်မှာ နက်မှောင်သော ဆံပင်များ တစ်ပင် တလေမျှ နဖူးပေါ် ပြန်ကျနေခြင်း မရှိပေ။ မဟာနဖူးအပြန့် ကျယ်ကျယ်သည် ဖြူ၍ ဝင်းနေသည်။

ဖြူဖြူအောင်က ဆံပင်အလှပြင်ဆိုင် ပိုင်ရှင်ဆိုပဲ။ ဒီ မိန်း ကလေးဟာ သူ့ ရည်းစားကို ဆံပင်ပုံစံ ပြုပြင်ပေးလေသလား။ သူ့ အတွေး သူ သဘောကျသွား၏။ ဒါကြောင့် အိမ်က အမျိုး သမီးက စွပ်စွဲတာ ရှင်ဟာလေ အသက်ကြီးလေ သူများကို ထိ ဝင်ပြီး စပ်စုချင်လေပဲ တဲ့။



www.burmeseclassic.com

ထူးဆန်းနေသည်မှာ ကောင်ကလေးနှင့် ဖြူဖြူအော တစ်ခါမျှ မျက်လုံးချင်းမဆုံကြခြင်း ဖြစ်၏။ ဖြူဖြူအောင် မျက်နှာထားကလေးက တင်းကျပ် စိတ်စောမှုကြီးကိုသာ လိုက်လျှင် အတော် အေးချမ်း မယ့် မျက်နှာထားကလေး အင်း .... ရုံးခန်းထဲမှာတော့ အဖေတစ်ယောက်လုံး ရှိနေ ဆိုတော့ ဘယ်မျက်လုံးချင်း ဆုံမလဲလေ။ ဟော .... အခု က သူများကိုစွတွင် ဝင် စပ်စုမိပြန်ပြီ။

တရားခံ ကောင်လေး၏ မျက်လုံးများသည် သူ၏ ယော လောင်းကို ကြည့်နေခြင်းလား၊ သူ့ကို ထောင်ကျအော လျှောက်လဲနေသည့် တရားလို ရှေ့နေကို ကြည့်နေခြင်းလ သူ ဘယ်လိုမျှ မဝေခွဲတတ်ပါ။

"ကမ္ဘာပေါ်မှာရှိသမျှ လူသား အားလုံး လက်ခံထား တာကတော့ တရားဥပဒေဆိုတာ အပြစ်ရှိသူကို အပြစ်ပေး အားဖြင့် အပြစ်ကင်းသူကို ကာကွယ်ဖို့ ပြုလုပ်ထားတာ ပါတယ် ....

"မိန်းမသားတွေချည်း နေရတဲ့ အိမ်မှာ လုံခြုံမှုဆိုတာ ဆိုအပ်ပါတယ်၊ အဲဒီ လုံခြုံမှုကို တရားဥပဒေက ပေး ဖြစ်ပါတယ် ခင်ဗျား၊ အပြစ် ကျူးလွန်သူတွေဟာ သူ့ နည်း





သူ့ဟန်နဲ့ ယုံကြည်မှုကို ရယူပြီးတော့ ပြစ်မှု မြောက်သွားတဲ့ အခါ ဒီပြစ်မှု ဖြစ်ပေါ်လာရခြင်းဟာ ယုံကြည်မိသူကြောင့် လား၊ ပြစ်မှု ကျူးလွန်သူကြောင့်လား ဒါကို ရုံးတော်က ဆုံး ဖြတ်ရမှာ ဖြစ်ပါတယ်"

ဦးဖေအောင်သည် မွေးရာပါ ရှေ့နေတစ်ဦး ဖြစ်သည်။ ဦးဖေအောင် စကားပြောလျှင် အသံအနိမ့်အမြင့်ကိုက စိတ်ဝင် စားစဖွယ် ဆွဲဆောင်နိုင်၏။ အမှန်တရားနှင့် စကားပြော ကောင်းခြင်းတို့ ပူးပေါင်းလိုက်သောအခါ ကြောက်မက်ဖွယ် အောင်မြင်မှုရတတ်သည်။

"လေးစားအပ်တဲ့ တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော်ဟာ ဒီအမှုမှာ သက်သေခံ အထောက်အထားတွေကို တင်ပြခဲ့ပြီး ပါပြီ၊ တရားလိုကို တွန်းချတယ် ဆိုတဲ့ တရားခံရဲ့ ပြစ်မှုကျူးလွန် ခြင်း အပေါ် လူကြီးမင်း အနေနဲ့ သံသယ မရှိနိုင်လောက် အောင် ကျွန်တော် ကြိုးစားခဲ့ပြီးပြီ ဖြစ်ပါတယ်။ လူသတ်ဖို့ ကြိုတင် ကြံစည်ပြီး၊ ည ရှစ်နာရီမှာ တရားလိုရဲ့ အိမ်ကို ရောက် လာတဲ့ အကြောင်း၊ ဘယ်တုန်းကမှ အရက် မသောက်ခဲ့ဖူးပဲနဲ့ အဲဒီနေ့ညကျမှအရက်သောက်ချင်တယ်ပြောပြီး အမြည်းဝယ်ဖို့

ဆိုတဲ့ အကြောင်းပြချက်နဲ့ အိမ်ဖော်မလေးကို ပ ့ထုတ်လိုက်
အကြောင်း၊ ဒီအကြောင်းတွေကို လူကြီးမင်း အနေနဲ့ သံသ
လုံးဝ မရှိနိုင်တော့ဘူးလို့ ထင်ပါတယ်....

"တရားသူကြီးမင်း ခင်ဗျား၊ နောက်ဆုံး စိစစ်ရမ
ပြဿနာကတော့ တရားခံရဲ့ ကိုယ်တိုင် အစစ်ခံချက်ဟာ သ
ဖြစ်မှုအတွက် ခိုင်လုံတဲ့ သက်သေ ထွက်ချက်တွေကို ချေဖျ
နိုင်လောက်အောင် တန်ဖိုး ရှိ မရှိ ဆိုတာပါပဲ၊ တရားခံဟာ
အပြစ် မရှိဘူးလို့ ဆုံးဖြတ်ဖို့ ဆိုရင် သေလု မြောပါး ခံစာ
နာကျင် ခဲ့ရတဲ့ တရားလို မြနှင်းဆီရဲ့ ဒဏ်ရာတွေကို ကျွန်တော်
တို့ မေ့ထားနိုင်မှသာ ဖြစ်နိုင်ပါလိမ့်မယ် ....

"လူကြီးမင်းရဲ့ ဆုံးဖြတ်ချက်ဟာ တရားခံရဲ့ အနာဂ
ကာလကို တစ်သက်လုံးမှောင်ချမယ့် ဆုံးဖြတ်ချက် ဖြစ်ကော
ဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် ဒီဆုံးဖြတ်ချက်ဟာ အပြစ်မဲ့ ပြည်
တွေကို ကာကွယ်ဖို့၊ လုံခြုံစေဖို့အတွက်သာ ဖြစ်ပါတယ်။ တရ
ဥပဒေဟာ ပြစ်မှုကျူးလွန်သူတွေရဲ့ လွတ်လပ်မှုကို ချုပ်နှေ
ရပါတယ်၊ ဒါဟာ အပြစ်မကျူးလွန်သူ လူအများကြီးကို သ
လွတ်လပ်မှု ခံစားနိုင်ရေးအတွက် ပြုလုပ်ရတာသာ ဖြစ်ပ
တယ် ....





"ဒါကြောင့် ပြစ်မှု ဥပဒေပုဒ်မ ၃၀၇ ကို ကျူးလွန်ခဲ့တဲ့ အပြင် တရားလို မြနှင်းဆီကို အသက်အန္တရာယ် ထိခိုက်စေမယ့် ဒဏ်ရာ မျိုး ရသည်အထိ နာကျင်စေ ခဲ့တဲ့ တရားခံ မြတ်စုကို ထောင်ဒဏ် တစ်သက်တစ်ကျွန်း အထိ ပြစ်ဒဏ် ချမှတ်ပါရန် လေးစားစွာ လျှောက်ထားအပ်ပါတယ်ခင်ဗျား"

ဦးဖေအောင်၏ လျှောက်လဲချက် ပြီးဆုံး သွားသည့် အခါ တရားရုံးသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်၊ စကား ပြော သံ တီးတိုးသံ တစ်ခုတလေမျှ မကြားရပုံ ထောက်တော့ ဤ အမှုကို ဘယ်လို အဆုံးသတ်မလဲ ဆိုတာ ပြည်သူ အများ တော်တော် စိတ်ဝင်စားကြပုံ ပေါ်ပါသည်။

"တရားသူကြီးမင်းခင်ဗျား၊ တရားလို အကျိုးဆောင်ကြီးရဲ့ လျှောက်လဲချက်ထဲက ကျွန်တော်ဆွေးနွေးချင်တဲ့ အချက်တစ်ခု ကတော့ သူ ကိုးကားသွားတဲ့ 'မောင်ကျော်လှနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ' စီရင်ထုံးပါ အချက်ပဲ ဖြစ်ပါတယ်"

ဒုတိယ တစ်ကြိမ် လျှောက်လဲချက် ပေးသောအခါ ဦးခင် ဇော်၏ အသံမှာ ပို၍ ကျယ်လောင်လာ၏။

www.burmeseclassic.com



"အဲဒါကတော့ .... အဲဒီ စီရင်ထုံးမှာ ပါဝင်နေတဲ့ 'ယုံကြည်စိတ်ချ ရသော မျက်မြင် သက်သေ' ဆိုတဲ့ စကား ပါပဲ ခင်ဗျား။ တရားလို ရှေ့နေကြီး လျှောက်လဲသွားတာကတော့ ဆရာဝန် ဒေါက်တာ နေလွန်း ရဲ့ ထင်မြင်ချက်ဟာ တရားလို မြနှင်းဆီ အမှန်တကယ် ကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်မှန်ကို လွှမ်းမိုးခြင်း မပြုနိုင်ပါဘူးတဲ့၊ ဒီနေရာမှာ ကျွန်တော်တို့ ချိန်ဆရမှာက တရားလို မြနှင်းဆီဟာ ယုံကြည် ရသော မျက်မြင် သက်သေ ဟုတ်ပါရဲ့လား၊ တရားလိုဟာ ယုံကြည်စိတ်ချရတဲ့ မျက်မြင် သက်သေ တစ်ဦး ဟုတ် မဟုတ် ဆိုတာ သက်သေခံ လက်ဗွေရာ ခြေဗွေရာ များ ဖျောက်ဖျက်ခြင်းအရရော၊ တရားလိုပြ သက်သေ (၇) ဒေါ်သန့်ရဲ့ ရှေ့နောက် ကွဲလွဲထွက်ဆိုချက်အရရော ထင်ရှား နေပြီ ဖြစ်ပါတယ်....

"အဲဒီ စီရင်ထုံးမှာ ဖော်ပြထားတာက မျက်မြင်သက်သေ၏ ထွက်ချက်မှာ ယုံကြည် စိတ်ချ ရပါမူ ထို ထွက်ချက်များအား ဆန့်ကျင်နေသည့် ဆရာဝန်၏ ထင်မြင်ချက် ကို ပယ်ရမည်လို့သာ ဖြစ်ပါတယ်။ တရားလို မြနှင်းဆီ ဟာ ယုံကြည် စိတ်ချ ရတဲ့ မျက်မြင် သက်သေ မဟုတ်တဲ့ အတွက် ဆရာဝန် ဒေါက်တာ နေလွန်း ရဲ့ ထင်မြင်ချက်ကိုပယ်ဖို့ လုံးဝ မဖြစ်နိုင်ပါဘူး ခင်ဗျာ"

သူ မှတ်စုထဲသို့ ခပ်သွက်သွက် ရေးချလိုက်သည်။





"အခု အမှုမှာ သွယ်ဝိုက် ပတ်သက် နေတဲ့ စဉ်းစား စရာ အချက် တစ်ခုကတော့ သိမ်မွေ့တဲ့ ချစ်ခြင်း မေတ္တာပဲ ဖြစ်ပါ တယ်။ လူသားတိုင်း အတွက် ဂုဏ်သိက္ခာ ရှိတဲ့ အိမ်ထောင်ရေး တစ်ခု တည်ဆောက်ရာမှာ အချစ်ဟာ အရေးအကြီးဆုံးလိုအပ် ချက် ဖြစ်ပါတယ်။ အချစ်ကို ငွေကြေးနဲ့ ပစ္စည်းနဲ့ လဲလှယ်လို့ မရပါဘူး။ ဒါကို မြနှင်းဆီ မသိခဲ့တာ သနားထိုက်မယ် ဆိုရင် သနားစရာ ကောင်းပါတယ်၊ ရမ္မက်နဲ့ အချစ်ကိုတောင် ခွဲခြား သိတဲ့ မိန်းမ တစ်ယောက်အဖြစ် သူ့ရဲ့ ကိုယ်ခန္ဓာ တစ်ခုလုံး အပ်ပေးခဲ့ပေမယ့် မြတ်စုရဲ့ အချစ်ကို မရခဲ့တာဟာ မထူးဆန်း ပါဘူး၊ ဒါ့အပြင် သူ့ရဲ့ အကျင့်ဂုဏ်သိက္ခာဟာ အနုတ်သက္ခ ဏာ ဖြစ်သွားပြီး နိဂုံးချုပ်လိုက်တော့ အကျင့်ပျက် မိန်းမတစ် ယောက်သာ ဖြစ်ခဲ့ရပါတယ် ခင်ဗျား ....

"ဒါကို သူ့ မကောင်းမှုတွေကြောင့် ဒဏ်ခတ်ခံရတာလို့ သိတဲ့ မြနှင်းဆီ ဟာ မြတ်စု အပေါ် အကျပ်ကိုင်ဖို့ နည်းမျိုး နဲ့ အသုံးပြုခဲ့ပါတယ်။ ကိုယ်ဝန်မရှိဘဲ ရှိတယ်လို့ညာပြောနည်း၊ မြတ်စုရဲ့ မကောင်းတဲ့ အတိတ် ဘဝပေး ကုသိုလ်ကို ပြိုင်ဖက် မိန်းကလေး ရဲ့ ဖခင်ဆီ သွားပြောမယ်ဆိုတဲ့ ယုတ်မာနည်း (တရားလိုပြ သက်သေ ၃-ထွက်ချက် အရ ထင်ရှားပါတယ်) အဲဒီ နည်းတွေနဲ့ မအောင်မြင်တဲ့အခါ နောက်ဆုံး လက်နက်ကို သူ အသုံးပြုခဲ့ပါတယ်။ အဲဒီနောက်ဆုံးလက်နက်ကတော့ အုတ်



www.burmeseclassic.com

www.burmeseclassic.com



အစွန်းပြားပေါ်မှာ တက်ရပ် ခြိမ်းခြောက်တဲ့နည်းပါ။ ကုံဆိုးချ
တော့ သူ့ အသက်နဲ့ထပ်ပြီး လောင်းကစားတဲ့ပွဲမှာ သူ ရှုံးသွား
ခဲ့ပါတယ် ခင်ဗျား"

ဦးခင်ဇော် ၏အသံက ဦးဖေအောင် နှင့် ယှဉ်လျှင် အနည်း
ငယ် တိုးသော်လည်း စကားလုံး ရွေးချယ်မှု မှန်ကန်ပြီး
ဖြတ်တောက်ပုံ မှန်ကန်သည်။စိတ်ဝင်စားဖွယ်ကောင်းပါသည်။

"သူ ဘာကြောင့် ခုန်ချပစ်လိုက်သလဲ။ အဲဒီ အချိန်မှာ
ဖြစ်နေတဲ့ တရားလို ရဲ့ စိတ်ကို သိဖို့ဆိုတာကတော့ ဘေးလူ
အနေနဲ့မဆိုထားနဲ့ ကာယကံရှင်တောင် အတိအကျ သိလိုက်မှာ
မဟုတ်ပါဘူး ခင်ဗျာ။ ကလဲ့စားချေခြင်း ဖြစ်နိုင်ဖွယ်ရှိပါတယ်။
တရားခံပြ သက်သေ(၄) ဒေါက်တာ မြင့်ဝေရဲ့ ထွက်ချက်အရ
အဲဒီအချိန်မှာ သူ စိတ်ခံစားချက် အမျိုးမျိုး တစ်ပြိုင်တည်း
ဖြစ်ပေါ်နေခဲ့ပါတယ်။ ဆယ် ရာခိုင်နှုန်းပဲ ဖြစ်ဖြစ် ကိုးဆယ်
ရာခိုင်နှုန်းပဲ ဖြစ်ဖြစ်၊ပထမအကြိမ် သေကြောင်းကြံဖို့ ကြိုးစားဖူး
သူ တစ်ယောက်ဟာ ဒုတိယအကြိမ် သေကြောင်းကြံဖို့ ပိုမိုလွယ်
ကူတယ်ဆိုတဲ့ အချက်ကို ကျွန်တော်တို့ ထည့်စဉ်းစားရမှာဖြစ်
ပါတယ်။ သူ ခုန်ချလိုက်တဲ့ အချိန်မှာတော့ သူဟာ သေချင်စိတ်
(Death Instinct) ကြောင့်ဆိုတာ အငြင်းပွားစရာ မလို
ပါဘူး ....





"သူ သတိပြန်လည်လာတဲ့ အခါမှာတော့ သူ့ အရှုံးဟာ
သူ့ကို အရှက်ရစေပါလိမ့်မယ်။ မြတ်စုကို အမုန်းကြိတ်ပစ်ချင်
လောက်အောင် နာကြည်း မုန်းတီးစေပါလိမ့်မယ်။ ပုဒ်မ ၃၀၉
လို့ သူ မသိနိုင်ပေမယ့် ကိုယ့်ကိုယ်ကို သေကြောင်းကြံခြင်းကို
တရားဥပဒေက အပြစ်ပေးပြီး ထိန်းသိမ်း ကာကွယ်ထားတယ်
ဆိုတာ သူ သိပါလိမ့်မယ်။ အဲဒီ အခါမှာ သူ့ကိုယ်သူ ကာ
ကွယ်ဖို့အတွက်ရော သူ မုန်းတီး နာကြည်းသူကို ကလဲ့စားချေ
ဖို့အတွက်ရော သူဟာ တစ်ခုတည်းသော နည်းလမ်းကို တွေ့
သွားပါတယ်။ ငှက်နှစ်ကောင်ကို မြားတစ်စင်းတည်းနဲ့ ပစ်
သလို လုပ်ကြံမှုတစ်ခုကို ချက်ချင်း အကောင်အထည် ဖော်
လိုက်ပါတယ်။ အဲဒီ နည်းအားဖြင့် တရားလိုဟာ အများအမြင်
မှာ သနားဖွယ်ရာ မိန်းကလေးတစ်ဦး ဖြစ်ခဲ့ပြီး မြတ်စုကတော့
လီဆယ်မှုရဲ့ သားကောင် ဖြစ်ခဲ့ရပါတယ် ခင်ဗျား"

အချိန်သည် ပျင်းရိငြီးငွေ့ဖွယ်ရာ မှန်မှန်ကြီး ကုန်ဆုံးလျက်
ရှိသည်။ နံရံထက်က တိုင်ကပ်နာရီကို မသိမသာ မျက်လုံးဝေ့
ကြည့်ရှင်း ၁၈၁၈ ခုနှစ် တုန်းက အမေရိကန် နိုင်ငံကျော်
တရားသူကြီး ဂျွန်မာရှယ်၏ ဟာသစကား တစ်ခုကို သတိရမိ
သည်။



www.burmeseclassic.com

www.burmeseclassic.com



"တရားသူကြီးများအဖို့ အထွတ်အထိပ်ဆုံး အင်္ဂါရပ်တစ်ခုဟာ ရှေ့နေရဲ့ မျက်နှာကို နှစ်နာရီကြာကြာ စူးစူး စိုက်စိုက်ကြည့်ပြီး သူပြောတဲ့ စကားကို တစ်လုံး တစ်ပါဒမျှ မကြားအောင် နေတတ်ခြင်းပါပဲ" တဲ့။ ထိုအမှုတွင် ရှေ့နေဖြစ်သူက လျှောက်လဲချက်ကို လေးနာရီကြာမျှ ပေးခဲ့သည် ဟူ၏။

"၁၉၆၈ ခုနှစ် မြန်မာနိုင်ငံ စီရင်ထုံး စာမျက်နှာ ၅၂ မှာပါတဲ့ 'မောင်ကြီးမောင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ' စီရင်ထုံးမှာ ဖော်ပြထားတာကတော့ 'တရားခံပြစ်မှု ကျူးလွန်သည်ဟု စွပ်စွဲပြီးလျှင် တာဝန်ပြီးဆုံးပြီ၊ စွပ်စွဲခံရသူက မဟုတ်လျှင် ခိုင်လုံစွာ ချေပရမည်ဟု တာဝန်ပခုံးပြောင်း၍ မရချေ။ ပြည့်စုံစွာ စုံစမ်းပြီး ခိုင်လုံစွာ သက်သေထူရန် တာဝန်သည် တရားလိုအပေါ်တွင် တည်နေသည်။ ထိုသို့မဟုတ်လျှင် မသမာသူတို့က လွယ်လွယ် စွပ်စွဲကာ အပြစ်မဲ့သူတို့က ခုခံ ချေပရခြင်းဖြင့် ပင်ပန်း ဆင်းရဲ ဖြစ်ကြရပေလိမ့်မည်' တဲ့။ တရားသူကြီးမင်းခင်ဗျား ....

"အပြစ်ကင်းစင်တဲ့ သာမန် နိုင်ငံသား တစ်ယောက်ဖြစ်တဲ့ ကျွန်တော့် အမှုသည်ဟာ လီဆယ် စွပ်စွဲမှုကြောင့် အကျဉ်းထောင်ထဲမှာ လေးလကျော်ကျော် ဒုက္ခမျိုးစုံ ခံစားခဲ့ရပြီး ဖြစ်





ပါတယ်။ ဒီလိုသာ လီဆယ်စွပ်စွဲတိုင်း ထောင်ကျခံရစတမ်းဆိုရင် ပြည်သူတွေရဲ့ လုံခြုံမှုဆိုတာရော ဘယ်မှာပါလဲ ခင်ဗျား၊ တရားမျှတမှုဆိုတာ ကလို့စားချေမှုအောက်မှာ ပျောက်ကွယ်ရတော့မှာလား ခင်ဗျာ"

ရှေ့နေတွေဟာ သေရင် လျှာကို မီးမလောင်ဘူး ဟူ၏။ ဤလှောင်ပြောင် သရော်သော ဟာသစကားတစ်ခု မည်မျှ ထိရောက်သည်ကို မသိရသော်လည်း ရှေ့နေများသည် အမှန်ကို အမှားဖြစ်အောင်၊ အမှားကို အမှန်ဖြစ်အောင် ဆွဲဆောင်ဖို့ စကားတတ်ကျွမ်းပြီး ပရိယာယ် ကြွယ်ဝသူများဟု သူလက်ခံသည်။

"၁၉၆၆ ခုနှစ် မြန်မာနိုင်ငံ စီရင်ထုံး စာမျက်နှာ ၆၇၃ မှာပါတဲ့ 'မောင်တိုက်ဖြူနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ' စီရင်ထုံးမှာ ဖော်ပြထားတာကလဲ 'ပြစ်မှုများတွင် တစ်ဦးတည်းသော သက်သေထွက်ချက်ဖြင့် အပြစ်မပေးရဟု တားမြစ်ထားခြင်း မရှိသော်လဲ ထိုသက်သေအပေါ် အပြန်အလှန် စစ်ဆေးချက်ရှိနေလျှင် ယင်း၏ ထွက်ချက်တစ်ခုတည်းဖြင့် အပြစ်ပေးသင့်။



www.burmeseclassic.com

www.burmeseclassic.com



ယင်း၏ စွပ်စွဲချက်အား ထောက်ခံသည့် အထောက် အထား ရှိမှသာ စိတ်ချ လက်ချ အပြစ်ပေးနိုင်မည် ဖြစ်သည်' လို့ ဖြစ်ပါတယ် ခင်ဗျား ....

"တရားသူကြီးမင်း ခင်ဗျား၊အပြစ်ရှိတဲ့ တရားခံတစ်ယောက် လွတ်သွားတာထက် အပြစ်မဲ့တဲ့ တရားခံ တစ်ယောက် မှားယွင်းစွာ ပြစ်ဒဏ်ချခံရတာက ပိုပြီး ရင်နာဖွယ်ရာ ကောင်းပါတယ်၊ တရားမျှတမှုဆိုတဲ့ ချိန်ခွင်မှာ ညာတာမှုဆိုတဲ့ အလေးကို တင်းပေးရမယ်ဆိုတဲ့ ဆိုရိုးစကားလဲ ရှိပါတယ်။ ဒါကြောင့် ကျိုးကြောင်းဆီလျော်သော သံသယတစ်ခု ပေါ်ပေါက်လာပြီ ဖြစ်တဲ့အတွက် ဒီသံသယရဲ့ အကျိုးကို တရားခံအား ခံစားခွင့် ပေးပါရန် လျှောက်ထားပါတယ် ခင်ဗျား"

ယခု ပွဲသည် ဘောလုံးပွဲ စကားနှင့်ဆိုလျှင် သရေပွဲတစ်ခု ဖြစ်နေသည်။ မျက်မြင်သက်သေ (တရားလိုမှ တစ်ပါး) မရှိသော အမှုဖြစ်၍ ရုံးတော်၏ ဆင်ခြင်တုံ တရား အရေးကြီးလေသည်။

"တရားသူကြီးမင်း ခင်ဗျား .... ဆိုခဲ့တဲ့ အချက်တွေအရ စွဲဆိုထားတဲ့ ပြစ်မှု ဥပဒေပုဒ်မ ၃၀၇ နဲ့ ပတ်သက်လို့ တစ်ခု တလေမှတောင် ကျွန်တော့် အမှုသည် ငြိစွန်းခြင်း မရှိပါဘူး —





"ကျွန်တော့် အမှုသည် မြတ်စုဟာ အပြစ်တစ်ခုခု ရှိခဲ့မယ် ဆိုရင် အဲဒီ အပြစ်ဟာ ကိုယ့်ကိုယ်ကို သေကြောင်းကြံမှုတစ်ခု ကို ဘယ်လိုမှ မတားဆီးနိုင်ခဲ့တဲ့ အပြစ်သာဖြစ်ပါတယ်၊ တရား ပြိုင် မြနှင်းဆီရဲ့ အကျိုးအရ သေကြောင်းကြံမှုကို ဘယ်သူ့ကိုမှ ခွင့်မပြောဘဲ ရေငုံနှုတ်ပိတ် နေပေးခဲ့မိတဲ့ အပြစ်သာ ဖြစ်ပါ တယ် ခင်ဗျား။ ဒါကြောင့် ပြစ်မှုဥပဒေပုဒ်မ ၃၀၇ အရ စွဲဆို မှုကို ကျူးလွန်ခြင်းမရှိတဲ့ ကျွန်တော့် အမှုသည် မြတ်စုအား တရားသေလွှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား"

နှစ်ဘက် ရှေ့နေများ လျှောက်လဲချက်ပြီးဆုံးချိန်သည် နေ့ လယ် ၂ နာရီ ဖြစ်သည်။ တကြုတ်ကြုတ် ဆာလောင်လျက် ရှိသော တရားသူကြီးသည် စီရင်ချက်အတွက် ရုံးချိန်းကို သီး ခြားခြား၍ ချိန်းလိုက်၏။

ကောင်းကင်သည် အနည်းငယ် အုံ့မှိုင်းသည်မှအပ မိုးတိမ် ကင်းစင်လျက်ရှိပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၀။

တရားသူကြီး ဦးထွန်းရှိန် သည် တတိယမြောက် ကော်ဖီ
ာ်ကို ဘေးမှာ ချထားရင်း လက်နှိပ်စက်ပေါ် လက်တင်
ာ ငြိမ်သက်နေ၏။

အချိန်မှာ ည ၁၂ နာရီခွဲဖြစ်၍ သူ အိပ်ချိန် လွန်နေပြီ။ နှိ
ါသော ကော်ဖီ၏စွမ်းအားကြောင့် သူ့ မျက်လုံး များ သည်
ိန်းစပ်သည်မှ အပ ကြည်လင်သျက် ရှိသည်။ လက်နှိပ်စက်
ာ်ထားပြီးသော သက်သေ ထွက်ချက် များကို ခဏ ငုံ့ကြည့်
ာ်၏။ သူ အလွန် စိတ် ရှုပ်ထွေးလျက် ရှိသည်။ ရုံးတော်၏
သပ်ချက်အပိုင်းတွင် သူ၏ စီရင်ချက် ထစ်ငေါ့နေသည်။

အင်ကြင်းမြိုင် ၈၇၈၆

www.burmeseclassic.com

www.burmeseclassic.com



ယခုအမှုမှာ တရားလိုနှင့်တရားခံ နှစ်ဦးမှတစ်ပါး အခြား မျက်မြင် သက်သေ မရှိသော အမှုဖြစ်၍ တစ်ဦး တစ်ယော အပေါ် ယုံကြည် စိတ်ချရန် ရုံးတော်၏ ဆင်ခြင်တုံ တရ အတူး အရေးကြီးနေ၏။ တရားလိုပြ သက်သေ (၃) သက်သ ၏ ထွက်ချက်အရ တစ်ခါမျှ အရက်မသောက်ဘူးသူ တရားခံ ရင်းအား အမြည်းဝယ်ရန် ငွေ ကိုးဆယ် ထုတ်ပေးခြင်းကို စ စားရန် လိုသည်။ တစ်ဦးတည်းသော မျက်မြင်သက်သေဖြစ် သည့် လိုပြ (၃) ကို ထွက်သွားစေခြင်းဖြင့် တရားခံ၌ တ တစ်ရာသော ကြိုတင် ကြံစည်မှု တစ်ခု ရှိနိုင်ကြောင်း ကော ချက် ချရန်မှာ အချိန်လုံလောက်မှု အရေးကြီး၏။ သတ်ပစ်မ ဟု ကြိမ်းမောင်းသော အဖြစ်အပျက်သည် အချင်း မဖြစ်ပွ နေ့ ညနေ ၆ နာရီခန့်တွင် ဖြစ်ခဲ့ပြီး အချင်း ဖြစ်ပွား ချိန် နောက်တစ်နေ့ ည ၇ နာရီခန့် ဖြစ်သည်။ အချိန် ၂၆ နာ ကြာမြင့်သည် ဖြစ်ရာ ထို အချိန်သည် ကြိုတင်ကြံစည်မှု ရှိ လုံလောက်သော အချိန်ဖြစ်သလား။

ဖြစ်မှုတစ်ခုဖြစ်ပေါ်ရန် ကြံစည်ခြင်း၊ ပြင်ဆင်ခြင်း၊ အာ ထုတ်ခြင်း၊ ကျူးလွန်ခြင်း ဟူ၍ အဆင့်လေးဆင့်ရှိရာ ကြံ ပြီးလျှင် ကာယကံရှင်သည် ပြင်ဆင်ခြင်းကို ပြုလုပ်လိမ့် ဖြစ်သည်။ ဤအမှုတွင် သတ်ရန် ကြံစည်ခြင်း၏ နောက်တ ပြင်ဆင်မှု ရှိ မရှိ သုံးသပ်လျှင် တရားလို၏ အိမ်ကို လာ





အား ပြင်ဆင်မှု အဖြစ် မှတ်ယူ၍ မရပေ။ ပြင်ဆင်ခြင်းဖြစ်ရန် ဝရန်တာသို့ ထွက်သွားပြီးသည့်နောက် တရားလိုအား လာ ရောက်ရန် လှမ်းခေါ်ဖို့လိုသည်။ လိုပြ (၃) ထွက်ချက်၊ တရား လို၏ ထွက်ချက်နှင့် တရားခံ (ခံပြ–၁) ၏ ထွက်ချက် များတွင် ဝရန်တာကို လာရန် လှမ်းခေါ်ခဲ့ခြင်း မရှိပေ။ ထွက်ချက် အား လုံးကို သုံးသပ် သမျှတော့ တရားခံက တရားလိုကို ထွန်းချခဲ့ ကြောင်း ထင်ရှားစွာ ဖော်ထုတ်နိုင်သည့် သက်သေခံချက် မပါ ရှိပေ။

သူသည် စဉ်းစား၍ရသမျှထဲက အချက်နှစ်ခုကို ထည့်ရိုက် ရန် စာကြောင်းစီစဉ်နေစဉ် သူ၏ အတွေးထဲသို့ စီရင်ထုံးတွေ ဝင်ရောက်လာပြန်၏။ 'စိန်လှနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ' စီရင်ထုံးတွင် အသေအချာ ဖော်ပြထားသည်မှာ ....

"စွပ်စွဲခံရသူတရားခံတစ်ဦးသည် မည်သူတစ်ဦးတစ်ယောက် အပေါ်မှာမှ (မိမိအပြစ် မကျူးလွန်ကြောင်း သက်သေတင်ပြ ရန်) တာဝန်မရှိ။ တရားခံအပြစ်ရှိကြောင်း သက်သေထူရန် တာဝန်သည် အမှုတစ်လျှောက်လုံး တရားလို အပေါ်တွင်သာ ကျရောက်သည်။ သက်သေ ပြရာတွင်လည်း ကျိုးကြောင်း ဆီလျော်သည့် သံသယများမှ လွန်မြောက်နိုင်သည်အထိ သက် သေပြရမည်" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ယခုအမှုတွင် တရားလိုက တရားခံကို လီဆယ်ခြင်း ဖြစ်နိုင်သလား။ တရားခံပြုသက်သေ (၄) ဒေါက်တာ မြင့်ဝေ (စိတ်ရောဂါ အထူးကု ဆရာဝန်) ၏ ထွက်ချက်နှင့် တရားခံပြ (၂) ဒေါ်စီစီ၏ ထွက်ချက်ကို ပေါင်း၍ စဉ်းစား သုံးသပ်သေးသည်။ မိမိကိုယ် မိမိ သတ်သေရန် ကြံစည်ခြင်းရော မဖြစ်နိုင်ဘူးလား။

လိုပြုသက်သေ (၆) ဒေါက်တာ နေလွန်း၏ ထွက်ချက်အရ တရားလိုသည် ခြေဖနောင့်ပေါ်တွင် ကျရောက်ခဲ့သည်ဟူသော ထင်မြင်ချက်ကို စဉ်းစားရာတွင် ၎င်း ထင်မြင်ချက်သည် တရားခံ၏ ထွက်ချက်ကို ထောက်ခံသောကြောင့် တရားလို သည် လီဆယ်ထွက်ဆိုသည်ဟု ပြောနိုင်သလား။ တရားလို သည် မည်သည့် အစိတ်အပိုင်းဖြင့် ကျခြင်း ဖြစ်ကြောင်း ကိုယ်တိုင်မသိပါဟု ဝန်ခံထား၏။ နောက်ပြန် ကျသူများသည် ကံကောင်းထောက်မစွာ ခြေဖနောင့်နှင့် ကျနိုင်ပါသလား။

မောင်ကြီးမောင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ စီရင်ထုံး တွင် ....

"တရားခံ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲပြီးလျှင် တာဝန် ပြီးဆုံးပြီ၊ စွပ်စွဲခံရသူက မဟုတ်လျှင် ခိုင်လုံစွာ ချေပရမည်ဟု တာဝန်ပခုံးပြောင်း၍ မရချေ။ ပြည့်စုံစွာ စုံစမ်းပြီး ခိုင်လုံစွာ





သက်သေထူရန် တာဝန်သည် တရားလိုအပေါ်တွင် တည်နေသည်။ ထိုသို့မဟုတ်လျှင် မသမာသူတို့က လွယ်လွယ် စွပ်စွဲကာ အပြစ်မဲ့သူတို့က ခုခံချေပရခြင်းဖြင့် ပင်ပန်းဆင်းရဲ ဖြစ်ကြရပေလိမ့်မည်" ဟု ဖော်ပြထားသည်။

ယခု အမှုတွင် တရားလိုသည် တရားခံသာ ဤပြစ်မှုကို ကျူးလွန်ကြောင်း သံသယမရှိအောင် သက်သေမပြနိုင်။ ဤပြစ်မှုကို တရားခံကလည်း ပြုလုပ်နိုင်သည်၊ တရားလိုက မိမိဘာသာ ခုန်ချပြီးမှ မဟုတ်ဘဲ စွပ်စွဲတာလည်း ဖြစ်နိုင်သည်။ ဤသံသယသည် အမှုတစ်လျှောက်လုံး သူ့တွင် အနည်းနှင့် အများ ရှိနေခဲ့၏။

သို့သော် ဤအမှုတွင် ဖြစ်ပေါ်နေသော သံသယသည် ကျိုးကြောင်း ဆီလျော်သော သံသယမှ ဟုတ်ရဲ့လား။

သူ လက်နှိပ်စက်ရိုက်နေရင်း သူ့ခေါင်းထဲသို့ စီရင်ထုံး တစ်ခုက ဝင်ရောက်လာပြန်၏။ သူ ခဏရပ်ပစ်လိုက်ရပြန်သည်။

"သံသယသည် လွယ်လွယ်ဖြစ်စေသော သံသယမဟုတ်ရ၊ မည်သည့်အရာမျိုး၌မဆို ဒွိဟ ဖုံးအုပ်တတ်သော စိုးရိမ်မှုတွင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သည့် သံသယမျိုး မဖြစ်စေရ။ ဖြစ်တတ်သော သဘာဝနှင့် နှိုင်းယှဉ်၍ ဖြစ်ပေါ်သည့် သံသယမျိုးသာ ဆိုလိုပေသည်"

သူ စိတ်ရှုပ်ထွေးလာသောအခါ အေးစက်နေပြီဖြစ်သော ကော်ဖီခွက်ကို အသက်မရှူဘဲ မော့သောက် ချပစ်လိုက်၏။ အပြင်ဘက်တွင် မိုးသည်းထန်စွာ ရွာနေသည်။ လေပြင်းသည် သစ်ရွက် သစ်ခက်များကို ကျိုးပြတ်စေလောက်အောင် သူ့အိမ်ပြတင်းပေါက်များကို တိုက်ခတ်လျက်ရှိရာ သူ အနည်းငယ် ချမ်းစိမ့်စိမ့် ဖြစ်လာ၏။

အပြစ်ရှိသူတစ်ယောက် လွတ်သွားလျှင် ဘယ်လိုဖြစ်သွားမည်နည်း။ တရားလိုအတွက် လုံခြုံမှုကို အသာထားဦး၊ တရားဥပဒေ၏ ဟာကွက် ပျော့ကွက်သည် ရယ်မောစရာ ရှုတ်ချစရာ ဖြစ်သွားပေလိမ့်မည်။ တရားခံကို သူ အပြစ်ပေးလိုက်သော်ကော ....။ သူ ဤအမှုတွင် တကယ်အပြစ်မရှိခဲ့လျှင် မှားယွင်းစွာ အပြစ်ပေးမိခြင်းဖြင့် တရားဥပဒေ၏ ပျော့ကွက်သည် နာကြည်းစရာ ဖြစ်သွားပေလိမ့်မည်။ မယုံကြည်စရာ ဖြစ်သွားပေလိမ့်မည်။





"ကြင်နာမှုဖြင့် မှားယွင်းရခြင်းက ဘေးကင်းသေး၏" ဟူသော စကားတစ်ရပ်ရှိသည်။

အစိုးရနှင့် ဦးမေမ့ပါလ စီရင်ထုံးတွင် 'ရာဇဝတ်မှုများတွင် တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း သက်သေထင်ရှား ပြသရန် တာဝန်မှာ အစဉ်တစိုက် တရားလိုအပေါ်တွင် ကျရောက်သည်။ ထိုတာဝန်သည် မည်သည့်အခါမျှ တရားခံအပေါ်သို့ ကျရောက်ခြင်းမရှိ။ သက်သေခံချက်များကို နှစ်ဦး နှစ်ဖက် တင်သွင်းပြီး နောက် တရားခံ ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဆီလျော်သော သံသယရှိလျှင် တရားခံအား တရားသေလွှတ်ရမည်' ဟု ထုံးဖွဲ့ထားလေသည်။

သို့သော် တရားလိုဘက်ကို ငုံ့ကြည့်လျှင် သူ့ခမျာ မသေရုံတမည် ဆိုးဆိုး ဝါးဝါး ဒဏ်ရာရခဲ့ရှာသည်။ ဤဒဏ်ရာများကို ပြုလုပ်သူသည် တရားခံ အမှန်ဖြစ်ပါက တရားခံကို လွှတ်ပစ်ခြင်းသည် တရားလို၏ နစ်နာဆုံးရှုံးမှုများကို မထောက်ထားရာ ကျပေလိမ့်မည်။

သည်းထန်စွာ ရွာနေသော မိုး၏ အသံအောက်တွင် သက်နှိပ်စက်ရိုက်သံသည် ပြတ်တောက် ပြတ်တောက် ဖြစ်နေ၏။ ခေါ်ခွဲမရ ရှုပ်ထွေးနေသော စိတ်အာရုံထဲတွင် တရားလို၏



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများ ပေါ်လာပြန်၏။ လှပစူးရှသော မျက်လုံးများ မနက်ဖြန် စီရင်ချက်ကို တရားလို လာနားထောင်ပါ့မလားဟု စဉ်းစားမိလိုက်သေးသည်။

ယနေ့ မှတ်သုံအားပျော့သော နေ့တစ်နေ့ဖြစ်၍ ရာသီဥတု အနည်းငယ် သာယာသည်။

အထူး အာဏာရ မြို့နယ် တရားသူကြီး ဦးထွန်းရှိန် သည် သူ၏ တရားခွင် ကုလားထိုင် အမြင့်ကြီးပေါ်တွင် မတ်မတ်ထိုင် လျက် စီရင်ချက် စာရွက် တစ်ထပ်ကြီးကို ဖြည်းလေးစွာ ဖတ် နေ၏။

မျက်နှာကြက် ပန်ကာ လည်ပတ်သံနှင့် တစ်ချက် တစ်ချက် အောက်ဘက်လမ်းမပေါ်မှ ဖြတ်သွားသော ဆိုင်ကယ်ဟွန်းသံ တို့က လွဲလျှင် တရားရုံး တစ်ခုလုံး တိတ်ဆိတ်နေသည်။ ထို တိတ်ဆိတ်မှုထဲမှ ဖောက်ထွင်းထွက်ပေါ်လာသော တရားသူကြီး ၏ အသံမှာ လိုအပ်သည်ထက် ပို၍ ကျယ်လောင်နေသည်။

တရားသူကြီး၏ ရှေ့မှောက်တွင် မတ်တတ် ရပ်နေသော မြတ်စုသည် တစ်သက်တာတွင် ပထမဦးဆုံးအကြိမ် ကိုယ့်ကိုယ်





ကို ယုံကြည်မှု ကင်းမဲ့လျက်ရှိသည်။ မိမိ၏ဘဝ မည်သို့ အဆုံး သတ်မည်ဆိုတာ တရားသူကြီး၏ စာရွက်ထဲတွင် ပါပြီး ဖြစ် လိမ့်မည်။ ရင်တထိတ်ထိတ်နှင့် တုန်လှုပ်ချောက်ချားနေရသော လူတစ်ယောက်ကို ဘာကြောင့်များ အဖြစ်အပျက်တွေ၊ တွေးဆ ချက်တွေ စီကာပတ်ကုံး ဖတ်ပြ ရွတ်ပြ နေမည်နည်း။ ယူဆချက် များ၊ ကြံဆချက်များ၊ ဖြစ်နိုင်ခြေများဖြင့် သူ့ ဦးနှောက်သည် တဒိန်းဒိန်း သွေးတိုးလျက် သူ့ ခြေဖျားများ အေးစက်တုန်ယင် လျက် ရှိသည်။

"ယခု အမှုတွင် နှစ်ဘက်သက်သေခံချက်များကို သုံးသပ်ရာ တရားခံ မောင်မြတ်စုက တရားလို မြနှင်းဆီအား သုံးထပ်တိုက် ဝရန်တာမှ သေစေလိုသော အကြံဖြင့် တွန်းချသည်ဟု ဆိုရာ တွင် အချင်းဖြစ်ပွားမှုကို မြင်တွေ့ရသော မျက်မြင်သက်သေမှာ တရားလို ကိုယ်တိုင်က လွဲ၍ ........"

နောက်ဆုံး ခုံတန်းလျား၏ ထောင့်တွင် ငြိမ်သက်စူးစိုက်စွာ ထိုင်နေသော ဖြူလေးသည် တရားသူကြီး၏ မျက်လုံးများကို ဘယ်လိုမှ အကဲဖြတ်၍မရဘဲ ဖြစ်နေသည်။ ထို မျက်လုံးများ သည် စာရွက်ကို ငုံ့စိုက်ကြည့်လိုက် ပရိသတ်ကို လှမ်းအကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်နှင့် တည်ကြည်လျက်ရှိသည်။ ထို မျက်လုံးများသည် မိမိ အတွင်းစိတ်ကို အပြင်သို့ မပေါ်အောင် ထိန်းချုပ်နိုင်သော မျက်လုံးများဖြစ်သည်။

ဟို မိန်းမ လာ နားမထောင်သောကြောင့် ဖြူလေး စိတ်သက်သာရာ ရသွား၏။ အကယ်၍ ထို မိန်းမနှင့် မျက်လုံးချင်းဆုံမိလျှင် မိမိ စိတ်ကို ထိန်းချုပ်နိုင်မည် မထင်ပါ။ ထို မိန်းမရှေ့တွင် ကိုကို့ကို ဖမ်း၍ ခေါ်သွားမှာကို ဖြူလေး ဘယ်လိုမှ ရင်ဆိုင်နိုင်မည် မဟုတ်ပါ။ သူမသည် နှုတ်ခမ်း တင်းတင်း စေ့၍ မျက်လုံးများကို တရားသူကြီး မျက်နှာမှ နည်းနည်းမှ မရွေ့စေဘဲ စူးစိုက်ထားသည်။ နောက်ဆုံး စာမျက်နှာတွင် အဒိန့်ပါပြီးသားပဲ၊ အဲဒီ အမိန့်ဟာ ဘယ်လိုပါလိမ့်။ အို .... ကိုကိုဟာ တရားသေ ●ွတ်ကို လွတ်မှာပါ။ ဖြူလေး သိသည်။ စိတ် မပူစမ်းနဲ့ စိတ်ကိုထိန်းထားစမ်း၊ မြန်နှင်းဆီဟာ ရှုံးကို ရှုံးစေရမယ်။

"ခံပြ (၂) ဒေါ်စီစီ ၏ ထွက်ချက်တွင် တရားလို သည် အသက် ၁၅ နှစ် အရွယ်က မိဘမဲ့ မိန်းကလေး ဧဟာ တွင် ပုလင်းကွဲဖြင့် လက်ကောက်ဝတ်ကို လှီးဖြတ်၍ သေကြောင်း ကြံရန် ကြိုးစားဖူးသည်ဟု ပါသော်လည်း ၎င်းသက်သေသည်





ထိုကိစ္စတွင် တိုက်ရိုက် မျက်မြင် သက်သေ မဟုတ်ပေ။ ထို သေကြောင်းကြံရန် အားထုတ်မှုသည် အမှန်တကယ် ဖြစ်ခဲ့သည်ဟု လက်ခံယုံကြည်ပြီးလျှင် ၁၃ နှစ် ကြာပြီးနောက်၊ နောက်တစ်ကြိမ် သေကြောင်း ကြံဖို့ တရားလို တွင် လုံလောက် သော အကြောင်းပြချက် ရှိ မရှိ သုံးသပ်ကြည့်ရာ ....''

ဤ တရားသူကြီး သည် စီရင်ချက် ချတိုင်း တရားဥပဒေကို လူအများ နားလည် သဘောပေါက်လာစေရန် ရှင်းလင်း ဖြေပြလေ့ ရှိသည်။ သူ၏ အမိန့် ဘာကြောင့် ဤကဲ့သို့ ဆုံးဖြတ်ရကြောင်း တရားခံနှင့် တကွ ပြည်သူလူထုကို ရှင်းလင်း ဖြေပြလေ့ ရှိသည်။ ထို့ကြောင့် သူ၏ စီရင်ချက်သည် အခြား တရားသူကြီးများထက် ရှည်လျားလေ့ရှိသည်။ သက်သေခံချက်များကို သူ ဖတ်နေစဉ်တုန်းက ပျင်းရိငြီးငွေ့နေသော ဦးခင်ဇော် သည် သုံးသပ်ချက် အပိုင်းတွင် အနည်းငယ် ရင်ခုန်စွာ နားထောင်နေမိ၏။ တရားသူကြီးသည် ဦးဖေအောင် နှင့် ပို၍ ရင်းနှီးသည်။ သူ တရားသူကြီးကို ငေးမော စူးစိုက်နေလေသည်။

မြတ်စု၏ နောက်ပစ်ထားသော လက်နှစ်ဘက်သည် အနည်းငယ် တုန်ယင်နေ၏။ ဤ လူငယ်ကလေး သည် စိတ် လှုပ်ရှားမှုဒဏ်ကို ခံနိုင်ရည် မရှိပေ။ သို့သော် သူ ကိုယ်တိုင်ပင်လျှင် ခံစားချက် မျိုးစုံဖြင့် ရင်ခုန်နေသေးလျှင် ကာယကံရှင် အဖို့ မည်သို့



www.burmeseclassic.com

www.burmeseclassic.com



ရှိမည်နည်း။ ထောင်ဒဏ် ၁၀ နှစ် ဆိုသည်မှာ- အပြစ်မဲ့ လူငယ် တစ်ဦးအတွက် မတွေးဝံ့စရာ ငရဲတစ်ခုပင် ဖြစ်သည်၊ သူသည် သူ့အတွေး သူပြန်အံ့ဩသွား၏။ အပြစ်မဲ့ဟူသော စကားသည် သူ့ရင်ထဲသို့ ဘယ် အတိုင်းအတာအထိ မှန်ကန်စွာ ဝင်ရောက် လာသနည်း။

"သုံးထပ်တိုက် ဝရန်တာမှ မည်ကဲ့သို့ ကျသည် ဆိုခြင်း သုံးသပ်လျှင် လိုပြ(၆) ဆရာဝန်၏ ထွက်ချက်မှာ ခြေဖနော် နှင့် ကျသည်ဟု ထင်မြင်ချက် ပါဝင်၏။ ထို ထင်မြင်ချက်သည် တရားခံ၏ ခုခံချေပချက်နှင့် ကိုက်ညီနေသည်၊ တရားလိုသည် နောက်ပြန် တွန်းချခံရသည်ဟု ဆိုရာ နောက်ပြန် တွန်းချ ခံရသူ တစ်ဦးသည် မည်သည့် နည်းနှင့်မျှ ခြေဖနောင့်နှင့် မကျနိုင်

ဖြူလေးသည် လှိုက်ခနဲ တုန်ယင် ဝမ်းသာစိတ်ဖြင့် လက် ဖျားများ အေးစက်သွားသည်၊ ဖြူဖွေးသော မျက်နှာကလေး သည် ပန်းနုသွေး ဖြန်းသွားရာ ဝတ်ထားသော ပန်းနုရောင် ရှပ်အင်္ကျီနှင့် တစ်ဆင်တည်း ဖြစ်နေသည်၊ ယခင်က သာတိဖြူ မတ်နေသော ခန္ဓာကိုယ်ကလေးသည် စိတ်သက်သာရာ ရမှုဖြင့် ပျော့ပျောင်းသွား၏။ သူမ နှင့် ခပ်လှမ်းလှမ်း ထိုင်ခုံ ဟိုဘက် စွန်းတွင် မြနှင်းဆီ၏ အိမ်ဖော်မကလေး ထိုင်နေသည်၊ အဲသည် ကောင်မလေး ဖြူလေးကို ကြည့်သည့် အကြည့်တွင် အံ့ဩမှု ပါဝင်နေ၏။ ဖြူလေး တရားခွင်တွင် ရှိနေခြင်းကို အံ့ဩသလား





မပြောတတ်ပါ။ ဖြူလေးသည် ဘယ်အရာကိုမဆို ချုပ်တည်း နိုင်စွမ်း ရှိကြောင်း မကြာခင် ဒီ ကောင်မလေး သိခွင့် ရစေရ မည်။

ရင်တလှပ်လှပ် ခုန်နေသော ဖြူလေးသည် ကိုကို၏ စူးစိုက် သော မျက်ဝန်းနက်များကို ဖျတ်ခနဲ မြင်ယောင် သွား၏။ စိတ် လှုပ်ရှားလွယ်သော အပြောင်းအလဲ မြန်ဆန်သော မျက်ဝန်း များ အကြောင်းကို သူမ မသိမီက ထို မျက်ဝန်းများအောက် တွင် သူမ ညွတ်နူးစွာ ပျော့ကျခဲ့ဖူးသည်။ သူ့ကို ကြိမ်ဖန် များ စွာ နာကြည်း ခဲ့၍ ကြိမ်ဖန် များစွာ ခွင့်လွှတ် ခဲ့ဖူးသည်။ လူ တစ်ယောက်တွင် ခံနိုင်ရည် အတိုင်းအတာဟူ၍ ရှိပါလိမ့်မည်။ ဖြူလေးရဲ့ ခံနိုင်ရည်အတိုင်းအတာဟာ ကော်ရုံ တန်ရုံ မဟုတ် ပါဘူး ကိုကိုရဲ့၊ အဲဒီလို မိန်းမတစ်ယောက်ရဲ့ ခံနိုင်ရည် ကျော် လွန်သွားပြီ ဆိုရင် ကိုကို့ဘက်က ချွတ်ယွင်းမှု များလို့သာ ဖြစ် တော့မှာပေါ့။

သို့သော် ဖြူလေး သူ့ကို တကယ်ကို ချစ်မြတ်နိုးခဲ့တာပါ။

"အထက် ဖော်ပြပါ သက်သေခံချက်များအရ တရားလို မြနှင်းဆီသည် မိမိ၏ ဖြစ်မှုကို ကာကွယ်ရန်နှင့် မိမိနာကြည်း မုန်းတီးသော တရားခံကို အပြစ်ရစေရန် လီဆယ်တိုင်တန်းခြင်း သာ ဖြစ်သည်ဟု ယူဆနိုင်စရာ အကြောင်းရှိပေသည်"



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်ဇော်၏ မျက်နှာတွင် စိတ်လှုပ်ရှားပျော်ရွှင်မှုကို ရှာ မတွေ့ရသလို၊ ဖေဖေ့ မျက်နှာတွင်လည်း စိတ် ညစ်ညူး အခံ ခက်မှုကို ရှာမတွေ့သော အခါ ဖြူလေးသည် တရားခွင်တွင် စိတ် အလှုပ်ရှားဆုံးမှာ မိမိ ဖြစ်လေသလားဟု ထင်နေတော သည်။ သို့သော် ထို စိတ်လှုပ်ရှားမှုကို ဘယ်သူမျှ မသိအောင် သူမ ထိန်းချုပ်နိုင်ပ လိမ့်မည်။

"အမိန့်"

တရားသူကြီး၏အသံမှာ စောစောကထက် ပို၍ လေးနက် ညည်ကြည်လာ၏။ ထိုအသံကြောင့် ကိုကို့ ခန္ဓာကိုယ်မှာ မဆ စလောက် တုန်လှုပ် သွားသည်ဟု ဖြူလေး ထင်လိုက်သည် အင်း.... သနားတော့ သနားစရာပဲ။ မြနှင်းဆီ၏ ကိစ္စတွင် ကိုကို့မှာ အပြစ်ရှိတယ်ဆိုရင် အဲဒီအပြစ်ဟာ ပျော့ညံ့မှုပဲ ဖြစ် မှာပါ။ သူမသည် ပထမဦးဆုံးအကြိမ် ကိုကို့ကို ဘေးလူ တစ် ယောက်၏ အမြင်ဖြင့် မြင်နိုင်လာလေသည်။ သူမ၏ ဝိညာဉ် သည် ကိုကို့၏ ဝိညာဉ်နှင့် ကွဲကွာနေကြောင်း သတိထားလိုက် မိသည်။

"ဦးဝင်းအောင်၏သား တရားခံ မောင်မြတ်စု သည် ပြစ် ဆိုင်ရာဥပဒေပုဒ်မ ၃၀၇ အရ ပြစ်မှုကို ကျူးလွန်ကြောင်း မထင် ရှားသဖြင့် တရားခံ မောင်မြတ်စုအား အပြီးအပြတ် လွှတ်လိုက် သည်"





ဖြူလေးသည် မျက်ရည် ဝဲစိမ့်လာသော မျက်လုံးများကို ခဏကလေး မှိတ်ထားလိုက်၏။ သူမ မပြုံးမိအောင် သတိ ထား နေရသည်။

"လီဆယ်မှု ဟု သတ်မှတ်သည်"

အိုး .... ဖြူလေး ပျော်ရွှင်စွာ မျက်လုံး ပြန်ဖွင့်လိုက်သည်။ ပန်ကာသည် ဖြည်းညင်းစွာ လည်ပတ်နေ၏။ တရားသူကြီး သည် သူ၏ စင်မြင့်ပေါ်မှ ဆင်း၍ သူ့ အခန်းရှိရာသို့ လျှောက် သွားပြီ။ တရားခွင် တစ်ခုလုံးမှာ လှုပ်လှုပ်ရှားရှား ဖြစ်နေ၏။ ဦးခင်ဇော်နှင့် ကိုကိုသည် နီးကပ်စွာရပ်လျက် ပြုံးရယ်နေကြ သည်။ ဦးခင်ဇော်၏ အပြုံးသည် အောင်နိုင်သူ တစ်ယောက်၏ အပြုံးအစစ်ဖြစ်၍ ကိုကို့ အပြုံးမှာ ချက်ချင်းပို့ချလိုက်တော့မည့် ကလေးငယ် တစ်ဦး၏ ဝမ်းနည်း ဝမ်းသာ အပြုံးမျိုးဖြစ်သည်။ သူမ ရှေ့မှ ခပ်သွက်သွက် ဖြတ်လျှောက်သွားသော သက်သက် ကို မြင်မှ ၊ သူမ ဝုန်းခနဲ ထရပ်လိုက်၏။ ဖေဖေ ........။

ဖေဖေသည် ဥပဒေအရာရှိ ဦးအောင်ကျော်ဦးနှင့်အတူ ရပ် စကားပြောပြီးနောက်၊ ရုံးခန်း အပြင် ဘက်သို့ ထွက်သွား သည်။

"ဖေဖေ ........"



www.burmeseclassic.com

www.burmeseclassic.com



သူမ မတိုးမကျယ် ခေါ်၍ ဖေဖေ့ နောက်သို့ အပြေးအလွှား လိုက်သွား၏။ စကြံ့တွင် ဖေဖေ ရပ်စောင့် နေသည်။ ဖေဖေ့မျက်နှာတွင် အပြုံးမရှိ၊ စိတ် တိုတောင်း ညစ်ညူးဟန်လည်း မရှိ။ သူမ လျှောက်လာနေသည်ကို စောင့်ကြည့်နေသော ဖေဖေ၏ မျက်လုံး များတွင် နူးညံ့မှုကို တွေ့ရသည်။ သူမ လျှောက်သွားပြီး ဖေဖေ့ ရှေ့မှာ ကပ်ကပ် ကလေး ရပ်လိုက်သည်။

"အစကတည်းက သမီးမပြောဘူးလား ဆိုတဲ့ စကားမျိုး ဖေဖေ့ကို လာမပြောနဲ့နော် သမီး"

ထို့နောက် သူမ အနည်းငယ် ကြောင်သွားစဉ် ဖေဖေ ဖြုန်းခနဲ ရယ်ချလိုက်၏။ သူမ တစ်ကိုယ်လုံး နွေးထွေး သွားသည်မှာ ဖေဖေ၏ ချစ်ခင်ရင်းနှီးသော ရယ်သံကြောင့် ဖြစ်လေသည်။ ဖြူလေး ခစ်ခနဲ ရယ်လိုက်၏။

"မပြောပါဘူး ဖေဖေရဲ့၊ ဖေဖေအိမ်ပြန်ရင် သမီးလဲ လိုက်မယ်လို့ ပြောမလို့ပါ"

ထိုအခိုက် ရုံးခန်းထဲမှ ဦးခင်ဇော်နှင့် ကိုကို ယှဉ်တွဲ၍ ထွက်လာသည်။ သူမ ရပ်စောင့်လိုက်၏။ ကိုကို့ မျက်နှာတွင် အပြုံးက ရိပ်ရိပ်ကလေးကျန်နေဆဲ။ ဖေဖေနှင့် ဖြူလေးကို ယှဉ်လျက် တွေ့မြင်လိုက်တော့ သူ့ အပြုံးက ပျောက်သွားသည်။ သူ့





မျက်နှာတွင် မိမိကိုယ်ကို မလုံမလဲ ဖြစ်မှုကို တွေ့လိုက်ရလေသည်။

"ဆရာ .... ဆရာ့ရဲ့ အောင်မြင်မှုအတွက် ဖြူလေး ချီးကျူးပါတယ်"

ဦးခင်ဇော်က မရယ် မပြုံး ခေါင်းယမ်း၏။

"အဲဒီ အောင်မြင်မှုဟာ ကျွန်တော် တော်လို့ မဟုတ်ဘူးလေ ဖြူလေးရဲ့၊ ကံကောင်းသွားလို့ပါ"

ဖေဖေ ပြုံးသည်။

"ခင်ဗျားက ကံကောင်းတယ်၊ ကျွန်တော်က ညံ့တယ်" ဦးခင်ဇော်ကို ပြောပြီး အသံထွက် ရယ်မော၏။ ထို ရယ်သံသည် ဖြူလေးဆီ ကူးစက်သွားသည်။ ဖြူလေး ရယ်မောတာကို ငေးကြည့်နေသော ကိုကိုသည် ရုတ်တရက် မျက်လွှာ ချထားလိုက်လေသည်။

ဖြူလေး ဖေဖေ့လက်ကို တွဲချိတ်လိုက်၏။

"ဖြူလေးတို့ကို ခွင့်ပြုပါဦး ဆရာ" ဖြူလေး နှုတ်ဆက်သည့် အထဲတွင် သူ မပါဝင်ကြောင်း ကိုကို သိပါလိမ့်မည်။

*



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၊ လေး ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁။

မြနှင်းဆီ၏ ကျဆုံးမှုအထိမ်းအမှတ်၊ မိမိ၏ အောင်မြင်မှု အထိမ်းအမှတ်တို့ဖြင့် ညှိခန်း စားပွဲပေါ်တွင် ပန်းစိုက်အိုး ကလေး ပြင်ဆင်ရန် ဖြူလေး စီစဉ်နေ၏။ သူမ၏ နှလုံးခုန်နှုန်း သည် ညင်သာသိမ်မွေ့နေသည်။ အောင်မြင်မှု၏ အရသာကို တစ်နေ့လုံး ခံစားပြီးသောအခါ ညနေခင်းသည် ဖြူလေးအတွက် သာယာလှပမှု အတိ ဖြစ်တော့သည်။

အနီရောင် ဆေးခြယ်ထားသော တရုတ်ကြွေပန်းအိုးဝပုပု ကလေးထဲသို့ ဒန့်ဇင်းလေဒီသစ်ခွ နှစ်ခက်ကို မကြာခဏ အနေ အထား ပြင်ဆင်နေမိလျက်က သူမ၏စိတ်တွင် တစ်စုံတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



လစ်ဟာလျက် ရှိနေကြောင်း ဖြူလေး သတိပြုမိ၏။ ထို လစ်ဟာမှုသည် ရုတ်တရက်ကြီး ဖြစ်ပေါ်လာခြင်း မဟုတ်ဘဲ လပေါင်းများစွာ တရိပ်ရိပ် ကုန်ဆုံးခြင်းကြောင့် ဖြစ်သည်။

အဝါရောင် ဂါဝန်ကလေးတွေ ခါးသိမ်သိမ်မှာ ဝဲနေအောင် ကဆောပုံသဏ္ဍာန်နှင့် အပွင့်များစွာတန်းနေသော သစ်ခွခက်ကလေးနှစ်ခုမှာ ဟိုတက်သည်ဘက် ပြောင်းရွှေ့ရလွန်းသဖြင့် နည်းနည်းတောင် ညိုးမှိန်သွားသလိုပဲ။ အစိမ်းပုပ်ရောင် ပိန်းရွက်သေးသေးနှစ်ရွက်မှာ ပန်းအိုးထဲသို့ ယခုတိုင် မရောက်နိုင်သေးဘဲ စားပွဲပေါ်မှာပက်လက်။

သစ်ခွနှစ်ခက်ကို တစ်ခုနှင့်တစ်ခု ကြက်ခြေခတ် ပုံသဏ္ဍာန် ငိုက်ကျနေအောင် သူမ ပြင်ဆင်မိပြန်၏။

“ဒါပါနဲ့ဆိုရင် ငါးကြိမ်ရှိပြီ .... ကိုယ်ကြည့်နေတာ”

အပေါက်ဆီမှ ကြားဖူးနေကျအသံ တိုး တိုး ညက် ညက်ကလေး ဝင်ရောက်လာသည်။ သူမ ဖြုန်းခနဲ လှည့်ကြည့်လိုက်၏။





ကိုကို....။ သူမ၏အသံသည် လည်ချောင်းထဲတွင်ပင် နစ်မြုပ်ဝင်သွား၏။

ဖြူလေး ငေးငေးကလေး ကြည့်နေမိစဉ် ကိုကို နည်းနည်းမှ ပြုံးဘဲ သူမကို စိုက်ကြည့်နေသည်။ ညှော်ခန်းတံခါးပေါက်၏ ပေါင်ကိုကိုယ်တစောင်းမှီလျက် မတ်တတ်ရပ်နေသောခန္ဓာကိုယ်မှာ သူမ အလွန်မတန် ချစ်မြတ်နိုးခဲ့ရသော ယောကျ်ားတစ်ယောက်ဖြစ်ကြောင်း သူမ မယုံကြည်နိုင်သလို ခံစားရသည်။ သူမ ငုံ့ကိုင်းထားသောကိုယ်ကို မတ်မတ်ရပ်လိုက်သည်။ သူ့ကိုတွေ့တိုင်း နင့်သီးစွာ နာကျင်ရမှုများသည် ယခုအချိန်တွင် လုံးဝပျောက်ကွယ်လျက်ရှိ၏။

“ကိုယ် ဝင်လာခဲ့ရမလား ဟင်”

ထိုစကားသံထဲတွင် မိမိကိုယ်ကို နှိမ်ချမှု များစွာပါဝင်ကြောင်း ဖြူလေးသိသည်။ ဖြူလေး စာကြည့်ခန်းရှိရာသို့ မျက်လုံးချကြည့်လိုက်သည်။ ဖေဖေသည် ဖြူလေးတို့ညှော်ခန်းမှ စကားသံများကို အာရုံစူးစိုက်ဖို့မလိုဘဲ ပြတ်သားစွာ ကြားနိုင်ပါလိမ့်မည်။

“ဝင်ခဲ့လို့ ရပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဖြူလေးနှုတ်ခမ်းမှ ထွက်သောအသံမှာ ဖြူလေး မမှတ်မိသော အသံစိမ်းတစ်ခုဖြစ်သည်။ ဤအသံတွင် နွေးထွေးလှိုက်လှဲမှုကင်းမဲ့ နေလေသည်။

သူ တွန့်ဆုတ်စွာ ဝင်ရောက်လာပုံက မဝံ့မရဲ ရှိလှသည်။ သူ့အင်္ကျီမှာ နံ့သာနုရောင်ပွရောင်းရောင်း၊ ပုဆိုးက ရှားညိုရောင် ရခိုင်ဆင်ဖြစ်သည်။ ထိုဝတ်စုံသည် ဖြူလေးနှင့်သူ အတီအလင်း ချစ်သူဘဝရောက်ခဲ့သော နံနက်ခင်းက သူဝတ်ထားသောဝတ်စုံဟု ဖြူလေးမှတ်မိသည်။ လွန်ခဲ့သော ကာလများစွာက အဖြစ်အပျက်ကို ပြန်စဉ်းစားရသည်မှာ မှုန်ဝါးဝါး ရုပ်ရှင်ကားတစ်ခုကို ကြည့်နေရသလိုပဲ။

"ထိုင်ပါ"

သူမ၏အသံက တုံးတုံးတိတိကြီး ဖြစ်သွားတော့ ကိုကိုက မချိပြုံး ပြုံးလေသည်။ ဆက်တီခုံတစ်ခုတွင် ဝင်ထိုင်လိုက်သော ကိုကို၏ အမူအရာမှာ ရည်းစားဆီလာသော လူငယ်တစ်ယောက်၏ ပုံစံမျိုးမဟုတ်ဘဲ အလုပ်လာလျှောက်သည့် ပုံစံမျိုး။ သူ့ကိုယ်ခန္ဓာက အနံ့ သင်းသင်း မွှေးမွှေးကလေးမှာ ရေမွှေးနံ့လား၊ ပေါင်ဒါနံ့လား ဖြူလေး မခွဲခြားနိုင်ပါ။





"ဖြူလေးနဲ့ စကားပြောစရာအကြောင်း ရှိလို့လား ဟင်"

တိုးတိတ်သော ဖြူလေး၏ မေးခွန်းအဆုံးတွင် သူ ဖြူလေးကို ငေးမောကြည့်နေတာ အကြာကြီး။ ထို့နောက် ပင့်သက်တစ်ချက်ရှိုက်ကာ မျက်လွှာချလိုက်၏။ သူ့ လက်ချောင်းများကို တစ်ခုနှင့်တစ်ခု ဆုပ်ကိုင်အားယူလျက် တစ်ပိုင်းတစ်စ ထိုးလက်စ သစ်ခွပန်းအိုးကလေးကို စိုက်ကြည့်နေသည်။

"ကိုယ့်ကျေးဇူးရှင်တစ်ယောက်ကို ဘယ်လို ကျေးဇူးဆပ်ရမှန်း မသိသေးခင် ကျေးဇူးတင်စကား လာပြောတာပါ ဖြူလေးရယ်။ နောက်ပြီး .... ယောကျ်ားတစ် ယောက် အောက်ကျနောက်ကျအနိုင်ဆုံး အခြေအနေကို မြင်ရရင် ဖြူလေး ပျော်နိုင်မလားလို့ပါ"

သူ ဖြူလေး၏စိတ်ကို နားမလည်သေးပါ။ ဖြူလေးတွင် သူနှင့်ပတ်သက်၍ နာကြည်းမှု၊ ပျော်ရွှင်မှု၊ နစ်နာမှု၊ မုန်းတီးမှု ဘာဆို ဘာမှမရှိတော့ကြောင်း သူ သိဟန်မတူပါ။

"ဖြူလေးမှာ ကိုကိုနဲ့ပတ်သက်လို့ ပျော်ရွှင်မှုဆိုတာ ကျွန်စရာများ ရှိသေးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ကိုကိုက ဖျတ်ကနဲ မော့ကြည့်၏။ စကားတစ်ခွန်း ပြောမည်ပြုပြီးနောက် နှုတ်ခမ်းများသာလှုပ်လျက် အသံထွက်မလာခဲ့ပေ။ သူ မျက်လွှာပြန်ချလိုက်သည်။

"အကြိမ်ကြိမ် ကတိပျက်တဲ့ သစ္စာမတည်တဲ့ ယောကျ်ားတစ်ယောက်ဆီက ဖြူလေးဘာများ မျှော်လင့်နိုင်သေးလို့လဲ"

ဖြူလေး၏ အသံသည် ထင်ထားသည်ထက် ပို၍ တည်ငြိမ်နေသဖြင့် ကိုယ့်ကိုယ်ကို အံ့သြရသေး၏။ ဖြူလေး စကားကြောင့် ထိခိုက်နာကျင်သွားသော မြတ်စုသည် ပြုံးရယ်ရန်ကြိုးစားလျက် မပြုံးနိုင်ဘဲ နှုတ်ခမ်းတင်းစေ့ထားသည်။

"ကမ္ဘာလောက တစ်ခုလုံးမှာ ဖြူလေးကို ကိုယ်အချစ်ဆုံးဆိုတာ ကမ္ဘာမြေကြီးနဲ့ တိုင်တည်ပြီး သစ္စာဆိုရဲတယ်"

သူ ရုတ်ခနဲ မျက်လွှာပင့်လျက် ဖြူလေးကို စူးစိုက်စွာကြည့်၏။

"ဖြူလေး မယုံဘူးမဟုတ်လား ဟင်"





"ယုံကြည်မှုဆိုတာ တန်ဖိုးသိပ်မြင့်တယ် ကိုကို၊ ကိုကိုနဲ့ မထိုက်တန်လောက်အောင် တန်ဖိုးကြီးပါတယ်၊ ဒီတော့ ဒီမေးခွန်းကို ကိုကိုမေးစရာ မလိုဘူး"

"ဩော်...."

သူ ကြိုးစားပမ်းစား ရယ်ချလိုက်၏။ ရယ်သံသည် ချက်ချင်းပြတ်တောက်ကာ ဝေလည်လာသော မျက်ရည်များကို ဖြူလေးမမြင်နိုင်ရန် လက်ဖဝါးနှစ်ဘက်ထဲသို့ မျက်နှာမှောက်ချလိုက်မိသည်။ တိုင်ကပ်နာရီ တစ်ချက်ချက်မြည်သံက လွဲ၍ ညခန်းတစ်ခုလုံးတိတ်ဆိတ်နေ၏။ ဖြူလေး ထိုင်ရာမှ တောင့်တောင့်ကလေး ငြိမ်သက်နေလိုက်သည်မှာ လုံးဝမလှုပ်ရှားမိလောက်အောင်ပင် ဖြစ်သည်။ စက္ကန့်များစွာ ကုန်လွန်သွား၏။

"ဖြူလေးကို ကိုယ်ပေးခဲ့သမျှ ကတိတွေအားလုံး ပျက်ခဲ့တယ်"

ဖြူလေးကို သူမော့မကြည့်ပါ။ လက်ဖဝါးထဲတွင် မျက်နှာမှောက်ချထားရာမှ ထိုလက်ချောင်းများကို ဆံပင်ကြားထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ထိုးသွင်းလိုက်၏။ သူ့ အသံမှာ နည်းနည်းကလေး အက်ကွဲနေ သည်။

"ကိုယ် နောက်ဆုံးပေးခဲ့တဲ့၊ ဘဝမှာ တန်ဖိုးအထားဆုံး ကတိ တစ်ခု ပျက်ခဲ့ရတဲ့ အတွက် ကိုယ့်ကိုယ်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး၊ဖြူလေး ခွင့်လွှတ်ဖို့လဲ ကိုယ် မတောင်းပန်ရ တော့ပါဘူး"

တောင်းပန်လို့လည်း မရဘူးဆိုတာ ကိုကို သိလောက်ပြီပေ

သူခေါင်းငုံ့ထားရာမှ မော့၍ ကြည့်လိုက်သော အခါ အေးစက်စိမ်းကားသော ဖြူလေး၏ မျက်ဝန်းများကို ရင်ဆိုင် လိုက်ရသည်။ထို မျက်လုံးများသည် သူ့ ကိုစူးစူးရှရှ ကြည့်နေ၏ အပြစ်တင်မှုလည်းမတွေ့ရ၊ ခွင့်လွှတ်မှုလည်းမတွေ့ရ။ ရင်းနှီးမှု လည်းမတွေ့ရ။ ဗလာသက်သက်မျက်လုံးများ ဖြစ်သည်။ ထိုမျက်လုံးများအောက်တွင် သူ့ ကိုယ်ခန္ဓာမှာ သေးသေးက လေးကျုံ့ဝင်သွားသလို ခံစားလိုက်ရသည်။

"ဒီကိစ္စကြောင့် ကိုယ့်ကို ဖြူလေး ဒဏ်ခတ်သင့်တယ်ဆိုတာ ကိုယ် နားလည်ပါတယ်"





"ဟင့်အင်း....ဒါဟာ ဒဏ်ခတ်တာမဟုတ်ဘူး ကိုကို။ ဒါဟာ ပြီးဆုံးသွားတာပါ"

စကားသံမှာ လှုပ်ခတ်မှု မဆိုစလောက်သာပါပြီး တည်ငြိမ် နေ၏။ ရှစ်လအတွင်း ဖြူလေး အဆပေါင်းများစွာ ရင့်ကျက် လာခဲ့ပြီ ဖြစ်ကြောင်း မြတ်စု သတိထားလိုက်မိသည်။ ထိုစကား သည် သူ့ရင်ထဲက တစ်စုံတစ်ခုကို ဆုတ်ညှစ်ခြေပြီး ထုတ်ယူ လိုက်သလို နာကျင်စွာ လှိုက်ဟာသွားစေသည်။ နှောင်တ များစွာဖြင့် ကြေကွဲရှက်ရွံ့သွားသော မြတ်စုသည် ပါးပြင်များ နီရဲလျက် ရှိလေသည်။

ဖြူလေး၏ ဖြူစင်သော မျက်ဝန်းများကို ရင်မဆိုင်နိုင်ဘဲ သူ ခေါင်းငုံ့ချလိုက်သည်။

"ယောက်ျားတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို လက် ထပ်ယူဖို့ဆိုရင် အဲဒီမိန်းမရဲ့ မျက်လုံးအောက်မှာ သူ့ ကိုယ်သူ လိပ်ပြာသန့်ဖို့ လိုအပ်တယ်ဆိုတာ ကိုယ်သိခဲ့ပြီးသားပါ ဖြူလေး ရယ်"

ဖြူလေးက ဘာမျှပြန်မပြောဘဲ တိတ်ဆိတ်နေသောအခါ သူ ပြုံးလိုက်၏။ မချိတရိအပြုံးမှန်း ဖြူလေး သိသည်။



www.burmeseclassic.com

www.burmeseclassic.com



"လိပ်ပြာသန့်တယ်ဆိုတာ ချစ်ခြင်းမေတ္တာရဲ့ အပြင်ဘက်အပြဿနာပါ၊ အဲဒါကို ဖြူလေးနားလည်အောင် ကိုယ် ရှင်းပြတတ်မှာမဟုတ်ဘူး"

ဖြူလေး စိတ်လိုက်မာန်ပါ ပြုံး၍ ခေါင်းယမ်းလိုက်သည်။

"သိပ်နားလည်တာပေါ့ ကိုကိုရဲ့၊ ယုံကြည်ကိုးစားမှုဆိုတာလဲ ချစ်ခြင်းမေတ္တာရဲ့ အပြင်ဘက်က ပြဿနာပဲလေ"

မြတ်စု မျက်နှာမော့လာသည်။ ဒါဖြင့် ဖြူလေး ကိုယ့်ကို ချစ်နေတုန်းပဲလို့ ကိုယ် ယူဆနိုင်မလား။ ထိုမေးခွန်းကို သူ မမေးဝံ့ပါ။ သူ ခေါင်းညိတ်လိုက်၏။

"ဖြူလေးက မပြောနဲ့ဆိုပေမယ့် ကိုယ် ပြောချင်သေးတယ်။ ကိုယ် ဖြူလေးကို ချစ်မြတ်နိုးနိုင်သမျှ အတိုင်းအဆအကုန်နဲ့ ချစ်နေဆဲပဲဆိုတာ ဖြူလေး ယုံမှာမဟုတ်ဘူး၊ ယုံပါလို့ ပြောခွင့်လဲ ကိုယ့်မှာမရှိတော့ပါဘူး။ လိပ်ပြာလဲ မသန့်တော့ပါဘူး။ ကိုယ့်လိပ်ပြာသန့်လာဖို့ ဘယ်လောက်ကြာကြာ အားယူပြီး စောင့်ရမလဲဆိုတာ ကိုယ်မသိဘူး။ တစ်လဖြစ်ချင်ဖြစ်မယ်၊ တစ်နှစ် ဖြစ်ချင်ဖြစ်မယ်"





အနည်းငယ် တုန်ယင်နေသော နှုတ်ခမ်းပါးကလေးများကို ထိန်းချုပ်လျက် ဖြူလေးက ဖြည့်စွက်ပေးလိုက်သည်။

"တစ်ဘဝ ဖြစ်ချင်လဲ ဖြစ်မယ်"

သူ တအံ့တဩ ငေးမောကာ ဆွံ့အသွား၏။ သူ ဖြူလေးကို အပြီးတိုင် ဆုံးရှုံးလိုက်ရပြီဖြစ်ကြောင်း သေချာသွားလေသည်။ သူ့ဘဝတွင် မိုခိုတွယ်တာမှု ကင်းမဲ့သွားပြန်သည်မှာ ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်သည်။ အော်ဟစ် ငိုကြွေးပစ်လိုက်ချင်စိတ်ဖြင့် ငြိမ်သက်နေသည့်အခိုက် နာရီစက်သံက စိတ်ထိခိုက်ဖွယ်ရာ နှိုးဆွလျက်ရှိသည်။ တစ် ချက် တစ် ချက် ဝေ့ယမ်းလာသော လေထဲတွင် ခြံထောင့်က စွန်ပန်းရနံ့ကလေးမှာ လွမ်းဆွတ်ဖွယ်ရာ ဖြစ်သည်။ တစ်ယောက်ကိုတစ်ယောက် မော့မကြည့်ကြဘဲ စားပွဲပေါ်မှ သစ်ခွပန်းအိုးကလေးကိုသာ ကြည့်နေကြ၏။

မြတ်စု၏ရင်ထဲတွင် ခါးသက်စွာ နာကျင်လာသည်မှာ အရှုံး၏ အရသာပဲဖြစ်ရမည်။ လူတွေဟာ ဆုံးရှုံးမှုနဲ့ရင်ဆိုင်ရတဲ့အခါ ဘယ်လို အားတင်းကြပါလိမ့်။

သူ့မျက်ဝန်းများတွင် မြနှင်းဆီ၏ ပန်းနုဖျော့ဖျော့ ဝတ်စုံကလေး လေမှာ တဖြတ်ဖြတ် လွင့်နေတာကို မြင်ယောင်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ မျက်စိကိုမှိတ်ပစ်လိုက်၏။ သူ ဒုတိယအကြိမ် မြို့တင် မြို့ကို စွန့်ခွာပြေးရပေဦးတော့မည်။

"ဩော်....ဒါနဲ့ မနက်ဖြန်ညကျရင် ဖြူလေးတို့ ဦးခင်ဇော်ကို ညစာကျွေးကြဖို့ စီစဉ်ထားတယ်။ တင်းနစ်(စ်) ကလပ်(ဘ်)မှာ ဆုံကြလိမ့်မယ်။ နီလာတို့ရောလေ"

ပေါ့ပေါ့ပါးပါးကလေး ပြောချလိုက်သော ဖြူလေးစကားကြောင့် သူ မျက်စိပြန်ဖွင့်ကြည့်လိုက်သည်။ အလုပ်ဝတ္တရားတိုင်ပင်သလို မျက်နှာထားဖြင့် ဖြူလေးမျက်နှာမှာ တည်ငြိမ်လျက်ရှိလေသည်။ သူ အဆမတန် နာကျင်နင့်သီးစွာ ပြုံးမိပြန်သည်။

"ဦးခင်ဇော်ရဲ့ အောင်မြင်မှုအတွက်လေ။ ကိုအေးမင်း ပြောပြတယ် မဟုတ်လား"

သူ တည်ငြိမ်သော မျက်ဝန်းများကို ချိုးကျူးငေးမောမိရင်း ခေါင်းညိတ်လိုက်၏။

သူတို့နှစ်ယောက်အကြားမှာ ပြောစရာစကား မရှိတော့ကြောင်း သူ သတိထားလိုက်မိသည်။ ပြောဆိုခွင့်၊ တောင်း[illegible]ခွင့်၊ အခွင့်အရေးဟူသမျှ သူ ဆုံးရှုံးခဲ့ရပြီ။ ဖြူလေးရှေ့မှာ ထိုင်နေရတာ စိတ်ကျဉ်းကျပ်လာ၏။





"တစ်ခုခုသောက်မလားဟင်၊ ဖြူလေး မေ့နေလိုက်တာ၊ ကော်ဖီ...."

"ဟင့်အင်း.... ကိုယ် ပြန်တော့မယ်"

သူ ဖြုန်းခနဲ ထိုင်ရာမှ ထရပ်လိုက်သည်ကို ဖြူလေးသည်အတိုင်း ထိုင်ကြည့်နေမိသည်။ သူ ချာခနဲ လှည့်ထွက်သွားသည်။ တံခါးပေါက်နားရောက်တော့မှ ဖြူလေးကိုယ်တိုင် သူ့ကို ညစာစားပွဲသို့ ဖိတ်ခေါ်သင့်ကြောင်း သတိရမိ၏။ လိပ်ပြာသေန့်ဘူးဆိုတဲ့လူဟာ သတ္တိရောရှိပါ့မလား ဖြူလေး စဉ်းစားကြည့်သည်။ သူမ လှမ်းအော်လိုက်၏။

"မနက်ဖြန်ညကျတော့ လိုက်ခဲ့မှာမဟုတ်လား ဟင်"

သူ နောက်ပြန် လှည့်ကြည့်သည်။

"လာခွင့်ရှိရင် လာမှာပေါ့"

ဖြူလေး လေးပင်စွာ ခေါင်းညိတ်လိုက်၏။

"အဲဒီလောက်တော့ အခွင့်ရှိပါတယ်" အတတ်နိုင်ဆုံး [illegible]စွာ ပြောလိုက်သော စကား၏အဆုံးတွင် သူ ဖြူလေးကို [illegible]နေ၏။ ထို့နောက် သူ မဲ့မဲ့ကလေး ပြုံး၍ ခေါင်းညွှတ်လိုက်[illegible]သည်။

"ကျေးဇူးတင်ပါတယ် ဖြူလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂။

အစိမ်းပုပ်ရောင် သုံးထပ်တိုက်ကြီးသည် မိုးသားမိုးရိပ်များဖြင့် မည်းမှောင်အုံ့ဆိုင်းသော ကောင်းကင်ပြင်ကြီး၏ အောက်တွင် အေးစက်မှုန်မှိုင်းစွာ တည်ရှိနေ၏။

မိုးခိုးနုရောင်သက္ကလတ် ပျော့ပျော့ပွပွ ဘောင်းဘီအိတ်နှစ်ဘက်ထဲသို့ လက်နှိုက်ထိုးသွင်းကာ မြတ်စု လမ်းလျှောက်လာခိုက်တွင် မိုးဖွဲဖွဲနှင့်အတူ လွင့်ကြွေလာသောရေစေးမာရွက် အပိုင်းအစများကို နင်းခြေမိလျက်ရှိသည်။ သုံးထပ်တိုက်



www.burmeseclassic.com

www.burmeseclassic.com



အောက်ဆုံးထပ် အဒပါက်ဝတွင် သူ ခဏရပ်လိုက်၏။ ညနေခင်း၏ အေးမြစိုထိုင်းသော မုတ်သုံလေသည် ရှပ်အင်္ကျီပွပွ၏ လက်များကို တဖျပ်ဖျပ်လှုပ်ခတ်အောင်တိုက်နေသည်။

ဤနေရာသို့ သူလာစရာအကြောင်း မရှိပါ။

သူ တိုက်ခန်းထဲ ဝင်လိုက်တော့ တစ်ယောက်တစ်ပေါက် ဆူညံစွာ စကားပြောနေသော အမျိုးသမီး လေး–ငါး ယောက်၏ အသံများ တီခနဲရပ်၍ ငြိမ်သက်သွား၏။ ထိုအုပ်စုထဲတွင် မြနှင်းဆီ မရှိပါ။ သူ တိုက်ခန်းထဲမှ ဖြတ်လျှောက်လျက်လှေကားဆီသို့ လှမ်းလာသမျှ ဘာသံမျှ မထွက်လာသေးပါ။ သူ မသိမသာ ပြုံးလိုက်ပြီး အုတ်လှေကားထစ်များအတိုင်း တွန့်ဆုတ်မှုကင်းမဲ့စွာ တက်လာခဲ့သည်။

အပေါ်ဆုံးထပ် ဧည့်ခန်းတွင် ကောင်မလေး ကော်ဖီလင်ပန်းတစ်ချပ်ဖြင့် အလုပ်ရှုပ်နေသည်။

"အို..."





မျှော်လင့်မထားသော လူကို မြင်လိုက်ရသည့်အခါ ကောင်မကလေး တအံ့တဩ တုန်လှုပ်သွား၏။

"ကိုမြတ်စု"

"ရှိတယ်မဟုတ်လား"

သူ ဧည့်ခန်းအလယ်တွင် မတ်မတ်ရပ်လျက် ဘောင်းဘီအိတ်ထဲ လက်နှိုက်ထားဆဲ။

"ဟုတ်ကဲ့ ဒါပေမယ့်"

"ငါရောက်နေတယ်လို့ သွားပြောချည်"

သက်သက်က နှာခံစွာပင် မြနှင်းဆီ၏ အခန်းရှိရာသို့ ခပ်ဖြည်းဖြည်း လျှောက်သွားသည်၊ တရားရုံး၏ စီရင်ချက်ကို သက်သက် လာနားထောင်တာ သူ ရိပ်ခနဲ မြင်ခဲ့လိုက်၏။ ယခုဆိုလျှင် မြနှင်းဆီသည် သူမ၏ အရှုံးအတွက် ဒေါသတကြီး ထိခိုက် ဝမ်းနည်းနေပေလိမ့်မည်။ ခေါတ်ပုံ၊ ပန်းချီ၊ ပိုစတာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတလေမျှ ချိတ်မထားသော ရှင်းလင်းနေသည့် ညှော်ခန်းပတ်ပတ်လည် အုတ်နံရံများကို လှည့်ပတ်ကြည့်ရင်း မြနှင်းဆီကို သူ ဘယ်လို မျက်နှာချင်းဆိုင်မလဲဟု ကြိုတင် တွေးကြည့်နေ၏။ ရှုံးနိမ့်သော မိန်းမတစ်ယောက်ကို အောင်နိုင်သူ၏ အထက်စီး အပြုံးမျိုးဖြင့် သူ ကြည့်လိုက်ချင်သည်။ သို့သော် သူကိုယ်တိုင်က ကြေကွဲစွာ ရှုံးနိမ့်သူ တစ်ယောက် ဖြစ်နေသောအခါ ....

"မမမြက အခန်းထဲ ဝင်ခဲ့ပါ တဲ့"

ဖြည်းညင်းစွာ တံခါးဖွင့်၍ ဝင်သွားသောအခါ အမှောင်နှင့် ရုတ်ခြည်း ရင်ဆိုင်လိုက်ရ၏။ အမှောင်ကြောင့် မျက်စိများ ပြာဝေသွားသော မြတ်စုသည် ရင်းနှီးနေကျ မီးခလုတ်ဆီသို့ လက်လှမ်းလိုက်၏။

"မဖွင့်နဲ့"

တိုးတိတ်သော သူမ အသံကြောင့် သူ့ လက်ကို ပြန်ချလိုက်သည်။ တစ်ခဏမျှ ရပ်နေလိုက်သောအခါ သူ့ မျက်စိသည် အမှောင်ကို ကျင့်သားရသွား၏။ မှန်ပြတင်းပေါက်များ အား





လုံး ပိတ်ထားပြီး အဝါရောင် ဇာခန်းဆီးများ ရင်းလင်းထားသဖြင့် အခန်းတစ်ခုလုံးတွင် အလင်းရောင် ရစ်သိုင်းခြင်း ဖြစ်သည်။ ဇာခန်းဆီးကို ဖြတ်လျက် အပြင်ဘက်၊ ရောက်လာသော ဖျော့တော့သည့် အလင်းမှိန်မှိန် အောက်တွင် တစ်ခန်းလုံးကို သူ မြင်ရပြီ။

အိပ်ရာပေါ်တွင် ရှိလိမ့်မည်ဟု သူ ထင်ထားခဲ့သော မြနှင်းဆီသည် စားပွဲရှေ့က မတ်တတ်ကုလားထိုင်တွင် အပေါက်ဝကို ဘေးတိုက် အနေအထားပေး၍ တည့်မတ်စွာထိုင်နေ၏။ သူမ၏ ဦးခေါင်းပေါ်တွင် ကပိုကယို တင်ထားသည်မှာ ချော့စောင် တစ်ထည်လား၊ ပုဝါပါး တစ်ထည်လား သူ လုံးဝ မသဲကွဲပဲ ဖြစ်နေသည်။ ဖျော့လွလွ အရောင်ရှိသော ထိုအဝတ်စကလေး တစ်ဖက်ကို သူမ၏ မေးစေ့အောက်မှ ပြန်ရစ်သိုင်းလျက် နောက်ကျောဆီသို့ ချထားသောအခါ မြနှင်းဆီ၏ အသွင်သဏ္ဌာန်မှာ ခါတိုင်းထက် ပိုမို ငြိမ်သက် တိတ်ဆိတ်နေဟန် ရှိ၏။

သူ့ ဘက်သို့ လှည့်ကြည့်မလားဟု ရပ်စောင့်နေသော်လည်း သူမ လုံးဝ လှည့်မကြည့်သောအခါ သူ ရှေ့သို့ ခပ်ဖြည်းဖြည်း တိုးကပ်လာခဲ့သည်။ မွှေးပျံ့သော ရနံ့မှာ မြနှင်းဆီ၏ ကိုယ်ခန္ဓာဆီမှလား၊ ဝတ်စုံဆီမှလား သူ မခွဲခြားနိုင်ပါ။ မြနှင်းဆီ၏ ဝတ်စုံမှာ မီးခိုးရောင်လား အညိုနုရောင်လား သူ မခွဲခြားနိုင်ပါ။



www.burmeseclassic.com

အေးစက်သော အသံသည် ခြောက်ကပ်လျက်ရှိသည်။ သူ့ရှေ့သို့ တစ်လှမ်းထပ်တိုးလိုက်၏။ ဖြောင့်စင်းသော နှာတံသည် အမှောင်ထဲတွင် အနားရစ်များ ထင်ရှားသော ပုံရိပ်တစ်ခုလို ဖြစ်နေသည်။ သူမ၏ လက်များကို စားပွဲပေါ်တွင် တင်ထားပြီး ထို လက်ချောင်းများ အနည်းငယ် လှုပ်ရှားနေ၏။ သေသေချာချာ ကြည့်သောအခါမှ အမှောင်ထဲတွင် သတ္တုရောင်ပြောင်လက်နေသော ချွန်မြသည့် အရာတစ်ခုကို သူမ၏ လက်ချောင်းများထဲတွင် တွေ့လိုက်ရသည်။ ခဲတံ ခပ်ရှည်ရှည် နှစ်ချောင်း သုံးချောင်းကိုလည်း သူ သတိပြုမိ၏။ ထို ချွန်မြသည့် အရာမှာ ဓားဦးချွန်ကလေးတစ်ချောင်း ဖြစ်ကြောင်း သိလိုက်သောအခါ သူ အနည်းငယ် မျက်မှောင်ကြုတ်လိုက်မိလေသည်။

"စီရင်ချက်ကို ခင်ဗျား သိပြီးပြီ မဟုတ်လား"

"သိတယ်"

"တရားရုံးရဲ့ မှတ်ချက်ကိုရော ခင်ဗျား သိရဲ့လား"





သူမ ဘာမျှ ပြန်မပြောဘဲ ငြိမ်နေ၏။

"ဒါဟာ လီဆယ်မှုလို့ ရုံးက မှတ်ချက်ချလိုက်တယ်"

အမှောင်ထဲတွင် သူမ မျက်နှာဘယ်လိုနေမလဲဟု သိချင်လှသည်။ သူမ၏ နှုတ်ခမ်း ပြည့်ပြည့် ဖောင်းဖောင်းကလေးမှာ တင်းကျပ်စွာ စေ့ထား၏။

"ခင်ဗျားဟာ ရုံးတော်ကို လီဆယ်မှု ကိုယ့်ကိုယ်ကို သေကြောင်းကြံမှုတွေနဲ့ တရားစွဲခံရပြီး ပြစ်ဒဏ်ကျခံရမယ်ဆိုတာ သေချာနေပြီ။ အဲဒီ ဆုံးရှုံးမှု သတင်းဆိုးကို ကျွန်တော် အားရဝမ်းသာ ပြောချင်လို့ ဒီကိုလာခဲ့တာ"

သူမထံမှ ခပ်သဲ့သဲ့ ရယ်မောသံ ထွက်လာ၏။

"သေခြင်းတရားအထိ အရှုံးပေးပြီးသား ကိုယ့်အတွက် နောက်ထပ် အရှုံးဆိုတာ မရှိတော့ပါဖူး"

"ခင်ဗျား ခဲတံချွန်တဲ့ ဓားက မကြီးလွန်းဘူးလား"

www.burmeseclassic.com



ထိုစကားသည် နာကြည်းမုန်းတီးမှုများနှင့် မသက်ဆိုင်စွာ လွှတ်ခနဲ ထွက်သွား၏။

"မင်းရဲ့ ရှေ့နေက တော်ပော်ညံ့တာပဲ"

သူ ဦးခင်ဇော်ကိုယ်စား ထောင်းခနဲ ဒေါသထွက်သွား၏။

"ခင်ဗျား ...."

"ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာ သမိုင်းကြောင်းကို သူ အစအဆုံး မသိရှာဘူး၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က လူတစ်ယောက်ကို ဒီလို ဓားမျိုးနဲ့ထိုးလို့ ထောင်ကျခဲ့ဖူးတယ်၊ အမှုစစ်နေတုန်း အဲဒီ အကြောင်းမေးမလားလို့ ကိုယ် စိုးရိမ်နေခဲ့တာ၊ အဲဒါက ကော့သောင်းမှာ ဖြစ်ခဲ့တာလေ၊ ဘာကြောင့် ထိုးခဲ့လဲ မင်း သိလား"

သူ့ လက်နှစ်ဘက်ကို လက်ချောင်းများ ဖြန့်ကြည့်သည်။ သူမ နှာကျင် ကြောက်လန့်သွားအောင်တော့ သူမ၏ လည်ပင်းကို ညှစ်ပစ်လိုက်ချင်သေး၏။ သူ လုပ်သင့်သလား။





"ကိုယ့်ကို လက်မထပ်ဘဲ ကျောရရှိတွဲလို့လေ"

သူ ကျောထဲက စိမ့်ခနဲ အေးစက်သွား၏။ ဘာအဓိပ္ပာယ်နှင့် ဒီစကားကို ပြောလိုက်တာပါလိမ့်။ သူ နောက်သို့ ကမန်းကတန်း ဆုတ်လိုက်တော့ မြနှင်းဆီက အသံထွက် ရယ်မောသည်။ မကြားရတာ ကြာပြီဖြစ်သော လှောင်ပြောင် သရော်သံ ဖြစ်လေသည်။

"မစိုးရိမ်ပါနဲ့ မောင်ရဲ့၊ အဲဒီလူကို ကိုယ်ကမချစ်ဘူးလေ"

သူ သူမကို သတိလက်လွတ် ငေးမောကြည့်မိသည်။ သူ့ကို ဘေးစောင်း အနေအထားဖြင့် တည့်မတ်စွာ ထိုင်နေသော အမျိုးသမီးသည် သူနှင့် အကြိမ်ပေါင်းများစွာ ရင်းနှီးခဲ့သူဖြစ်သည်။ ထိုအမျိုးသမီး၏ သွယ်ပျောင်းကျင်သော လက်ချောင်းကလေးများ၊ ညို့ဝင်တတ်သော မျက်လုံးများ၊ ချိုမြ နွေးထွေးသော နှုတ်ခမ်းများအောက်တွင် သူ လောကတစ်ခုလုံး မေ့လျော့သွားခဲ့ဖူးသည်။ သူ့ကို သူမ အလွန်ချစ်သည်ဟု သူ ထင်ခဲ့ဖူးသည်။

"မိန်းမတစ်ယောက်ဟာ သူချစ်တဲ့လူကို တစ်သက်တစ်ကျွန်း ကျအောင် မလုပ်ဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



သူ ခပ်ကျယ်ကျယ် အော်ဟစ်လိုက်၏။

"မိန်းမ တစ်ယောက်ဟာ ယောကျ်ား တစ်ယောက်အပေါ် တစ်ပြိုင်တည်းမှာ ချစ်လဲချစ်ပြီး မုန်းလဲမုန်းနေတတ်တယ်၊ အဲဒါကို မင်း ဘယ်တော့မှ လက်ခံမှာမဟုတ်ဘူး"

မြနှင်းဆီ၏အသံမှာ ပထမဦးဆုံးအကြိမ် ပုံမှန်ပြန်ဖြစ်သွား၏။ တည်ငြိမ်အေးဆေးသောအသံ ဖြစ်သည်။ သူမ၏အသံမှာ နာကြည်းမှုမပါ၊ လှောင်ပြောင်သရော်မှုမပါ၊ အသနားခံမှုမပါ။

နှစ်ယောက်လုံး တိတ်ဆိတ် ငြိမ်သက်နေကြသည်။ ဒီရေအကျကိုစောင့်နေသော ကမ်းစပ် စက်လှေများဆီမှ စကားသံ၊ ရယ်မောသံသဲ့သဲ့ကလေးများ တစ်ချက်တစ်ချက် အခန်းထဲသို့ ဝင်ရောက်လာတတ်သည်မှ လွဲ၍ တစ်ခန်းလုံး တိတ်ဆိတ်နေသည်။ ပြတင်းမှန်များကိုလာပက်သော မိုးစက်ဖွဲဖွဲများ၏ အသံကိုပင် မကြားရပါ။

သူ မနေတတ်သလို ဖြစ်လာ၏။ ငါ ဒီမှာ ဘာလာလုပ်နေမိ





ပါလိမ့်။ ငါ့ကို အကျဉ်းထောင်ထဲမှာ ဒုက္ခမျိုးစုံ၊ အရှက်မျိုးစုံ ခံစားစေခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ အခန်းထဲမှာ လေ။

"ကျွန်တော် ပြန်တော့မယ်"

နာကြည်း မုန်းတီးမှုများကို ထိန်းချုပ်၍ တစ်သက်တာ၏ နောက်ဆုံးနှုတ်ဆက်ခြင်းအဖြစ် သူ သူမကို အကြာကြီးစိုက်ကြည့်နေခိုက် မြနှင်းဆီ မလှုပ်ရှားပါ။ သူ့အား ပြန်နှုတ်ဆက်ဖို့ မလိုအပ်သလိုပင် ဖြစ်သည်။

သူ ဓေါသကို ချုပ်တည်းလျက် ချာခနဲ လှည့်ထွက်လာခဲ့သည်။ တံခါးဆီ ဖြည်းဖြည်းလျှောက်သွားပြီး တံခါးလက်ကိုင်ကို ဆွဲလှည့်ဖွင့်လိုက်ပြီးမှ နောက်ပြန် လှည့်ကြည့်လိုက်၏။ သူမ စားပွဲကို စိုက်ကြည့်နေဆဲ၊ မျက်လွှာချထားသော မျက်တောင်ကော့ကော့များသည် အမှောင်ထဲတွင် အနက်ရောင်အရိပ်ဖြင့် ငြိမ်သက်နေကြသည်။

"ခင်ဗျားပေးထားတဲ့ ဖဲစည်းတွေကို ကျွန်တော် မပြန်ခင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မှာ အသေအချာ ပြန်ပို့ခိုင်းလိုက်မယ်။ တစ်ယောက်ယောက်နဲ့"

မြနှင်းဆီသည် ပထမဆုံးအကြိမ် သူ့ဘက်သို့ လှည့်ကြည့်၏။ လွှတ်ခနဲ ပြောပြီးကာမှ သူ စိတ်အနှောင့်အယှက် ဖြစ်သွားကာ ဘာမှဆက်မပြောတော့ဘဲ ပါးစပ်ပိတ် နေလိုက်မိသည်။

သို့သော် အမှောင်ထဲက မြနှင်းဆီသည် အားပါးတရ ပြုံးရယ်လိုက်လေသည်။

"မပြန်ခင် .... ဟုတ်လား" သူမအသံက ကြည်လင်လျက်ရှိသည်။ သူ အံ့ကြိတ်၍ ငြိမ်သက်နေလိုက်သည်။ မပြန်ခင် ....။ ဤမြို့မှ အပြီးအပိုင် ထွက်ခွာမပြေးခင် ....။

"ဘုရားသခင် အလိုတော်အရ မင်းတို့နှစ်ယောက် ကွဲကြဖို့ပေါ့"

သူ ဝန်မခံချင်၍ တိတ်ဆိတ်စွာ ရပ်နေမိသည်။

"ဒီစကားကြားရတာ ကိုယ် သိပ်ဝမ်းသာပါတယ်"





သူ တိုးတိုးကလေး ဆဲရေးလိုက်တော့ မြနှင်းဆီ နောက်တစ်ကြိမ် ရယ်မောပြန်သည်။

သူ တံခါးကိုဆွဲဖွင့်ပြီး အပြင်ထွက်လိုက်သည်။ တံခါးသည် သူ့နောက်တွင် ညင်သာစွာ ပြန်ပိတ်သွား၏။

ဂျူး

www.burmeseclassic.com

## ဂျူး ၏ ပရိသတ်များသို့ ဂျူး ၏ အမှာစာ

ကျွန်မသည် အမှာစာ ရေးလေ့ရှိသူ တစ်ယောက် မဟုတ်ပါ။ ဂျူး၏ ဝတ္ထုများကို နှစ်သက်သော စာဖတ်သူများနှင့် ဂျူး၏ အကြားတွင် နားလည်မှု အမြဲတမ်းရှိကြောင်း ကျွန်မ ယုံကြည်ထားပါသည်။

သို့သော် ယခု တစ်ကြိမ်တွင်တော့ အမှာစာ မရေးလျှင် မဖြစ်တော့ပါ။

နံပါတ် (၁) အချက် ပြောစရာရှိသည်မှာ ‘ကြေမွသွားသော တိမ်စိုက်များ’ နှစ်အုပ်ခွဲ ရသည့် ကိစ္စ ဖြစ်ပါသည်။

ဤဝတ္ထုကို ကျွန်မ လုံးချင်းအဖြစ် ရည်ရွယ်၍ ရေးခဲ့ပါသည်။ သို့သော် တကယ်တမ်း ရေးသား ပြီးစီးသည့်အခါ ဖောင် ၃၀ ကျော်နေပါသည်။ မြစ်တို့၏မာယာ ထက်ပင် ထူထဲလေးပင်မည်မှာ သံသယဖြစ်စရာ မလိုပါ။ စက္ကူဈေးနှုန်းနှင့် အတူ လိုက်ပါမြင့်မားမည့် စာအုပ်တန်ဖိုးမှာ စိုးရိမ်ဖွယ်ရာ ဖြစ်နေသည်။ ‘ကြာတော့သည်လည်း မောင့်စကား’ နှစ်အုပ်ခွဲရပြီးကတည်းက ကျွန်မအနေဖြင့် နှစ်အုပ် ခွဲထွက်ဖို့ အလွန် ဝန်လေးခဲ့ပါသည်။ ကျွန်မဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com

များကို ချစ်ခင်နှစ်သက်စွာ ဝယ်ယူစုဆောင်းသူများအားလည်း ကျွန်မ ကိုယ်ချင်းစာပါသည်။ ကျွန်မ အနေဖြင့် ရေးချင်သလောက်ရေး၍ ထုတ်ချင်သလို ထုတ်ဝေရန် မဖြစ်နိုင်ပါ။ ကျွန်မမှာ ပရိသတ်က နှစ်မျိုးရှိပါသည်။ တစ်မျိုးမှာ ဝယ်ယူစုဆောင်းသူ ပရိသတ်၊ နောက်တစ်မျိုးမှာ စာအုပ်အငှားဆိုင် ပရိသတ် ဖြစ်ပါသည်။ ကျွန်မ အနေဖြင့် နှစ်မျိုးလုံး အပေါ် တာဝန်ကျေသော စာရေးသူ ဖြစ်ချင်ပါသည်။

အခြေအနေအရ နောက်တစ်ကြိမ် နှစ်အုပ်ခွဲလိုက်ရသည်ကို ကျွန်မ၏ စာဖတ်သူများ ခွင့်လွှတ်ပါရန် အနူးအညွတ် တောင်းပန်ပါသည်။

နံပါတ် (၂)အချက် ပြောစရာရှိသည်မှာ ဂျူး၏ လိုးချင်းဝတ္ထုများအတွက်ကျဲရခြင်းကိစ္စဖြစ်ပါသည်။

ကျွန်မသည် စိတ်အားထက်သန် လွန်းသောကြောင့် ဝတ္ထုများ ရေးသားနေရသော်လည်း ကျွန်မ၏ ဆန္ဒနောက်သို့ စိတ်ရောကိုယ်ပါ မလိုက်နိုင်အောင် ကျွန်မ၏ အလုပ်တာဝန်များက ထိန်းချုပ်ထားပါသည်။ သို့သော် ကျွန်မကို ချစ်ခင်လေးစားသူများ၊ နှစ်သက်အားပေးသူများကို တတ်နိုင်သမျှ လိုက်လျောရန် ကျွန်မ ကြိုးစားပါသည်။ သည့်ထက် ပို၍ လိုက်လျောနိုင်ရန်လည်း ကျွန်မ ကြိုးစားနေပါသည်။

'ကြေမွသွားသော တိမ်တိုက်များ' ဝတ္ထုကို ၁၀–၅–၉၁ နေ့တွင် ရေးသားပြီးစီးပြီးနောက် ထုတ်ဝေသူ၏ လက်သို့ အပ်ခဲ့ပါသည်။ သို့သော် အကြောင်းကြောင်းကြောင့် ဤဝတ္ထု ပုံနှိပ်ထုတ်ဝေခွင့် ကြန့်ကြာခဲ့ရပါသည်။ မည်သည့် အကြောင်းကြောင့်ဖြစ်စေ ကျွန်မနှင့် ကျွန်မပရိသတ် ဤမျှ ကွာဝေးရသည့် အတွက် ကျွန်မ တောင်းပန်ပါသည်။

နောက်ဆုံး တစ်ချက် ပြောစရာရှိသည်မှာ ဂျူးထံမှ မျှော်လင့်မှု များပြားသော ပရိသတ်များ အတွက် ဖြစ်ပါသည်။

ဂျူးသည် ဂျူး ဖြစ်နေသောကြောင့် ပရိသတ် က ချစ်ခင် နှစ်သက်ကြခြင်း ဖြစ်သည်။ ဂျူး ပရိသတ်က မျှော်လင့်သည်ကလည်း ဂျူး ဖြစ်နေဖို့သာ ဖြစ်ကြောင်း ကျွန်မ သိပါသည်။

ကျွန်မ၏ စာဖတ်သူများ အတွက် အမြဲတမ်း ဂျူး ဖြစ်နေအောင် ကြိုးစားသွားပါမည်ဟု ကျွန်မ ကတိပေးပါသည်။

ချစ်ခင်လေးစားစွာဖြင့်

ဂျူး

www.burmeseclassic.com